xkwfaymy

rsufymy

vlYcifu a&;qkH&m upkyfsm;uk
owif;ay;ykHi;fv ufpmapmif

Internews
Local voices. Global change.

ÞpmtykA rlvZmpjfrpf

ဤလက်စွဲစာအုပ်ကို လူ့အခွင့်အရေးဆိုင်ရာ အရေးအရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ မီဒီယာများက သတင်းပေးပို့မှုစွမ်းရည် တိုးတက်လာစေရန် အားထုတ်ကြိုးပမ်းလျက်ရှိသော Internews ၏ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးအစီအစဉ်မှ စီစဉ်ထုတ်ဝေခြင်းဖြစ်သည်။

တည်းဖြတ်သူနှင့် ထုတ်လုပ်သူ - မာနီရှာအာရယ်လ်

ပင်မစာရေးသူနှင့် သုတေသီ - ယန်းဖယ်ယာဘိုင်ယန်

ဒစ်ဂျစ်တယ် လုံခြုံရေးအပိုင်းကို ပြုစုသူ - ဂျန်နီဟုမ်းလ်

ထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးမှူးနှင့် ကော်ပီစာတည်း - ဂျန်နီဟုမ်းလ်

လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်များ စစ်ဆေးသူ - ဂျူလီအာရိုစတေဂူယီ

ဒီဇိုင်းနှင့် အတွင်းအပြင်အဆင် - ဆစ်ထရင်းစကိုင်း ဒီဇိုင်း

စာစောင် စစ်ဆေးသုံးသပ်သူများ - ဂျိုရှာမာရှယ်လ်ဒါနှင့် အီဗာကွန်စတန်တီရာစ့်

Internews အဖွဲ့အနေဖြင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ Internews ၏ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး အစီအစဉ်ကို ဆောင်ရွက်ခဲ့စဉ်က လူ့အခွင့်အရေးနှင့် ဂျာနယ်လစ်ဇင် သင်တန်းပေးသူများအဖြစ် ဆောင်ရွက်ပေးခဲ့ကြသည့် တောင်အာဖရိက လူ့အခွင့်အရေး အကျိုးဆောင်ရှေ့နေလည်း ဖြစ်၊ အတင်းအကျပ် ဆန္ဒမရှိဘဲ ပျောက်ဆုံးမှုဆိုင်ရာ အလုပ်အဖွဲ့ (ကုလသမဂ္ဂ) ၏ ဥက္ကဋ္ဌလည်းဖြစ်သည့် ဂျာရမီဆာကင်နှင့် ဆုရ အိန္ဒိယစာနယ်ဇင်းသမားလည်း ဖြစ်၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးလည်းဖြစ်သည့် ဂျာယသ္ဘျရီဒါဟ်တို့ကို ကျေးဇူးတင်ရှိရပါသည်။

လက်စွဲစာစောင်၏ ဖွဲ့စည်းပုံနှင့်ပတ်သက်၍ အကူအညီပေးစွမ်းခဲ့သော ဒီဘိုရာအင်နာ်ဆာနှင့် ထုတ်လုပ်မှုဖြစ်စဉ်တစ်လျှောက် စီမံကြီးကြပ်မှုနှင့် စိတ်ဓာတ်ပိုင်း အထောက်အပံ့များကို ပေးစွမ်းခဲ့သော ဂျမ်မီလျာအဗ္ဗဒူရာမာနိုဗာတို့အား ထုတ်လုပ်ရေးအဖွဲ့မှ ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

ထုတ်လုပ်ရေးအဖွဲ့သည် နိုင်ငံအလိုက်၊ ပရောဂျက်အလိုက် ဒါရိုက်တာများ၊ နယ်မြေခံ စာနယ်

ဇင်းသမား အကြံပေးပုဂ္ဂိုလ်များ၊ လေ့ကျင့်သင်ကြားသူများ၊ သင်တန်းသားများအပါအဝင် Internews နိုင်ငံအလိုက် အစီအစဉ်များစွာနှင့်လည်း တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ သင်တို့၏ ပေးစွမ်းမှုများ၊ တုံ့ပြန်မှုများသည် တန်ဖိုးမဖြတ်နိုင်အောင်ပင် ဖြစ်ရပါသည်။ Internews က သင်တို့အားလုံးကို ကျေးဇူးတင်ရှိနေပါသည်။

မျက်နှာဖုံးအပါအဝင် စာစောင်အတွင်း အသုံးပြုထားသော ဓာတ်ပုံများသည် Internews လုပ်ကိုင်ဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိသော နိုင်ငံအသီးသီးမှ ရရှိခဲ့ခြင်းဖြစ်သည်။ သီးသန့်မှတ်တမ်းရေးထိုးထားခြင်း မရှိသည့်ပုံများမှအပ ဓာတ်ပုံများအားလုံးသည် Internews အပိုင် မှတ်တမ်းများထဲမှ ဖြစ်သည်။

ဤစာစောင်ကို Internews က ပြုစုထားခြင်းဖြစ်သည့်တိုင် စာနယ်ဇင်းပညာ လေ့ကျင့်သင်ကြားမှုနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်းများမှ ပြုစုထားခဲ့သော သင်တန်းသုံး သင်ကြားရေးပစ္စည်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားပါသည်။ လူ့အခွင့်အရေးအစရှိသည်တို့နှင့် ပတ်သက်၍ ရည်ညွှန်းကိုးကားစရာ စာအုပ်စာတမ်းများ၊ သင်ကြားရေးသုံးပစ္စည်းများကို အထူးကောင်းမွန်စွာ ပြုစုခဲ့ကြသည့် ကုလသမဂ္ဂ၊ စစ်နှင့် ငြိမ်းချမ်းရေးသတင်းပေးပို့ခြင်း အင်စတီကျူနှင့် များစွာသော အရပ်ဘက် အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကိုလည်း အထူးတလည် ကျေးဇူးတင်ရှိကြောင်း တင်ပြလိုပါသည်။

(မူပိုင် - Internews၊ ၂၀၁၂)

ဤစာအုပ်သည် Creative Commons အဖွဲ့၏ Attribution Non Commercial-No Derivs 3.0 Unported License အမျိုးအစားအဖြစ် လိုင်စင်ပြုလုပ်ထားပါသည်။ ဤစာစောင်ကို ပညာရေးအတွက်၊ ရောင်းချမှုမပြုလုပ်ဘဲ၊ အကျိုးအမြတ်ရှာခြင်းမရှိဘဲ Internews ၏ ပြုစုထုတ်လုပ်မှုဖြစ်ကြောင်း ဖော်ပြကာ အသုံးပြုဝေမျှနိုင်ပါသည်။ ပါဝင်သည့် အချက်အလက်များကို ပြင်ဆင်ကာ ပြန်လည်ဝေငှမှု ပြုလုပ်ဖြန့်ချိခွင့်မရှိပါ။

ဤလက်စွဲစာစောင်ကို ရည်ညွှန်းကိုးကားစာအုပ်တစ်ခုအဖြစ် လည်းကောင်း၊ သင်တန်းသုံးစာအုပ်တစ်ခုအဖြစ်လည်းကောင်း အသုံးပြုရန် ရည်ရွယ်ထားပါသည်။ တစ်ကိုယ်ရေအတွက်လည်းကောင်း၊ လုပ်ငန်းဆိုင်ရာ စွမ်းရည်မြင့်မားမှုအတွက်လည်းကောင်း လမ်းညွှန်ချက်တစ်ခုအဖြစ် အသုံးပြုသည့် ပုဂ္ဂိုလ်များ၏ လုံခြုံဘေးကင်းမှုအတွက် Internews တွင် တာဝန်မရှိပါ။

❒

Internews [bnfS

Internews သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ဒေသအခြေစိုက်မီဒီယာများမှ လူအများလိုအပ်လျက်ရှိသည့် သတင်းနှင့် အချက်အလက်များကို ပေးစွမ်းနိုင်လာစေရန်နှင့် လူတို့၏အသံများကို အားလုံး ကြားသိနိုင်စွမ်းရှိစေမည့် နည်းလမ်းများနှင့် ချိတ်ဆက်မှုများ ဖန်တီးနိုင်စွမ်းရှိလာစေရန် စွမ်းရည်ဖြည့်တင်းပေးမည့် ရည်မှော်ချက်နှင့် လျှောက်လှမ်းလျက်ရှိသည်။ ဒေသအခြေစိုက်သတင်းများနှင့် အချက်အလက်များကို ဂုဏ်သိက္ခာရှိစွာနှင့် လွတ်လပ်စွာထုတ်လုပ်နိုင်စေရန်အတွက် သက်ဆိုင်ရာ အသိုင်းအဝိုင်းများသို့ ရင်းမြစ်များကို Internews က ထောက်ပံ့ပေးလျက်ရှိသည်။

ကမ္ဘာအနှံ့ဆောင်ရွက်မှုနှင့် ဖြန့်ကျက်မှုတို့နှင့်အတူ ဖန်တီးဆန်းသစ်သော မီဒီယာဖြေရှင်းမှုများ ပေါ်ထွက်လာစေခြင်း၊ အသက်သွေးကြောတမျှဖြစ်သော အရေးကိစ္စများကို သတင်းရယူနိုင်မှုနယ်ပယ် အကျယ်အဝန်း ကြီးမားလာစေခြင်း၊ သတင်းအချက်အလက်များကို လွတ်လပ်စွာ ရရှိအသုံးပြုနိုင်မှု မြင့်မားလာစေရန် လိုအပ်လျက်ရှိသည့် မူဝါဒများ ထူထောင်ချမှတ်နိုင်ရန် ကူညီခြင်းတို့ကို ကျွမ်းကျင် မီဒီယာသမားများနှင့် နိုင်ငံသား သတင်းထောက်များအား လေ့ကျင့်ပျိုးထောင် သင်ကြားပေးလျက်ရှိသည်။

လူမှုရေးနှင့် စီးပွားရေးတိုးတက်မှုများ ဖြစ်ပေါ်လာစေရန် အပြန်အလှန်စေ့စပ်ညှိနှိုင်းမှု၊ သတင်းအချက်အလက်ပေးစွမ်းနိုင်သည့် ပြန်လှန်ငြင်းခုံမှုများ ဖြစ်ပေါ်လာစေရန် Internews ၏ အစီအစဉ်များက စင်မြင့်တစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိသည်။ မည်သို့စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည့် ဝန်းကျင်များတွင် ဖြစ်စေကာမူ ထိရောက်မှုရှိပြီး အရှည်တည်တံ့မည့် အစီအစဉ်များကို ဖန်တီးကာ သုတေသနပြုလုပ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်မည်ဟု Internews က ခံယူထားသည်။

၁၉၈၂ ခုနှစ်တွင် (အမေရိကန်ပြည်ထောင်စု) ကယ်လီဖိုးနီးယား၌ ရုံးချုပ်ကို ၅၀၁။ ဂ - ၃ ဖြင့် ဖွဲ့စည်းထူထောင်ခဲ့သည်။ နိုင်ငံပေါင်း ၇၀ကျော်တွင် လှုပ်ရှားဆောင်ရွက်လျက်ရှိပြီး အာဖရိက၊ အာရှ၊ ဥရောပ၊ အရှေ့အလယ်ပိုင်း၊ လက်တင်အမေရိကနှင့် မြောက်အမေရိကတို့တွင် ရုံးများဖွင့်လှစ်ထားသည်။

Internews Washington, DC Office
1640 Rhode Island Ave. NW Suite 700
Washington, DC 20036 USA
+ 1 202 833-5740
Internews Administrative Headquarters
PO Box 4448 Arcata, CA 95518 USA
+1 707 826-2030
E-mail: info@internews.org
www.internews.org
Twitter: @internews
facebook.com/internews

❐

twGuf&Sdu©Ok;kH;pm&if;

AU - အာဖရိကသမဂ္ဂ - African Union (ယခင် အာဖရိကညီညွတ်ရေးအဖွဲ့ - OAU)
CAT - ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော (သို့မဟုတ်) နှိမ်ချသောပြုမူမှု (သို့မဟုတ်) အပြစ်ပေးမှုဆိုင်ရာ သဘောတူစာချုပ်
CED - အားလုံးအတွက် အတင်းအကျပ်ဆန္ဒမပါဘဲ ပျောက်ဆုံးမှုမှကာကွယ်သော နိုင်ငံတကာ သဘောတူစာချုပ်
CEDAW - အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ဖျက်သိမ်းရေးသဘောတူစာချုပ်
CERD - လူမျိုးရေးခွဲခြားဖိနှိပ်ဆက်ဆံမှု ပုံစံအားလုံး ဖျက်သိမ်းခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်
CMW - ရွှေ့ပြောင်းလုပ်ကိုင်သူများနှင့် ယင်းတို့၏ မိသားစုဝင်အားလုံး၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်
CRC - ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်
CRPD - မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်
ECHR - ဥရောပ လူ့အခွင့်အရေး သဘောတူစာချုပ်
ECOSOC - ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ
FAO - စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး
IACHR - အမေရိကတိုက်နိုင်ငံများ၏ လူ့အခွင့်အရေးကော်မရှင်
ICC - အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး
ICCPR - အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ သဘောတူစာချုပ်
ICESCR - အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်

ICJ - အပြည်ပြည်ဆိုင်ရာ တရားရုံး
ICT - သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ
ICTR - အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ရဝမ်ဒါ)
ICTY - အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ယခင် ယူဂိုဆလားဗီးယား)
NGO - အစိုးရမဟုတ်သောအဖွဲ့အစည်းများ
OAS - အမေရိကန်နိုင်ငံများအဖွဲ့ - Organization of American States
OAU - အာဖရိကညီညွတ်ရေးအဖွဲ့ - Organization of African Unity (ယခု အာဖရိကသမဂ္ဂ - AU)
OHCHR (UN) - လူ့အခွင့်အရေးကော်မရှင်မင်းကြီးရုံး
UDHR - အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း
UK - ယူနိုက်တက်ကင်းဒမ်း
UN - ကုလသမဂ္ဂ
UNESCO - ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ကြီး (ယူနက်စကို)
UNHRC - ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ - UN Human Rights Council
UNICEF - ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ - UN Children's Fund
UNHCR - ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး - UN High Commissioner for Refugees
UPR - အပြည်ပြည်ဆိုင်ရာ ပုံမှန်သုံးသပ်ချက် - Universal Periodic Review
US or USA - အမေရိကန်ပြည်ထောင်စု - United States/United States of America
USSR - ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု - Union of Soviet Socialist Republics (ယခင်ဆိုဗီယက်ပြည်ထောင်စု)
WHO - ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး - World Health Organization

❒

rmwdm

- နိဒါန်း

tykd1/ vlYcGHa&;qkdmA[kwrsm;

၁။	လူ့အခွင့်အရေးဆိုသည်မှာ	၂၇
၂။	စာရွက်စာတမ်းများပေါ်မှ လူ့အခွင့်အရေး - စာချုပ်များ၊ ကတိကဝတ်များနှင့် ပဋိညာဉ်များ	၃၉
၃။	အဓိက လူ့အခွင့်အရေးစာချုပ်များ	၄၇
၄။	ကုလသမဂ္ဂ မိတ်ဆက်	၅၉
၅။	အမျိုးသမီးများအတွက် အခွင့်အရေးများ	၇၇
၆။	နိုင်ငံတကာ တရားမျှတမှုနှင့် အထူးခုံရုံးများပေါ်ပေါက်လာခြင်း	၉၁
၇။	စစ်မက်ဖြစ်ပွားချိန်နှင့် ပဋိပက္ခကာလများအတွင်း လူ့အခွင့်အရေး	၁၀၅
၈။	အပိုဒ် ၁၉ နှင့် လင်းလင်းချင်းချင်း ဥပဒေများ	၁၁၅

tykd2/pme,Zifynmukdm;vnfcifpGJ&nEdkifvrfrsm;

၁။	မီဒီယာ၊ စာနယ်ဇင်းပညာနှင့် လူ့အခွင့်အရေး	၁၃၃
၂။	သတင်းခန်းထဲမှ လူ့အခွင့်အရေး	၁၄၁
၃။	လူ့အခွင့်အရေးနှင့် လူမှုလိုင်ကိစ္စ ဂရုတစိုက် သတင်းပေးပို့မှု	၁၅၅
၄။	လူ့အခွင့်အရေး အငြင်းပွားဖွယ်ရာများ	၁၆၅
၅။	တွေ့ဆုံမေးမြန်းမှု(အင်တာဗျူး)ဘယ်လိုလုပ်ရမလဲ	၁၇၇
၆။	အစိုးရတာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခြင်း	၁၈၉
၇။	တက်ကြွလှုပ်ရှားသူများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကို တွေ့ဆုံမေးမြန်းခြင်း	၁၉၉
၈။	အမည်မဖော်လိုသည့် သတင်းရင်းမြစ်များကို အသုံးပြုခြင်း	၂၀၇

၉။	နှိပ်စက်ညှဉ်းပန်းခံရသူများကို တွေ့ဆုံမေးမြန်းခြင်း	၂၁၃
၁၀။	ဗလက္ကာယပြုလုပ်ခံရသူများကို တွေ့ဆုံမေးမြန်းခြင်း	၂၁၉
၁၁။	ရွေးကောက်ပွဲသတင်းလိုက်ခြင်း	၂၃၁
၁၂။	လူ့အခွင့်အရေး သတင်းပေးပို့သူများအတွက် ဒစ်ဂျစ်တယ်လုံခြုံရေး	၂၃၇

tykd3/vufwGokrlvrfñaf

၁။	သတင်းကို လေ့လာအကဲဖြတ်ခြင်း	၂၅၁
၂။	သတင်းရေးသားတင်ပြမှု အဆင့်ဆင့်	၂၆၁
၃။	ပြန်လည်သုံးသပ်ချက်	၂၇၅

tykd4/aemufqufwGif;

က-၁။	အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း	၂၈၇
က-၂။	အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်	၂၉၅
က-၃။	စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်	၃၀၃
က-၄။	ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော သို့မဟုတ် နှိမ်ချသောပြုမူမှု သို့မဟုတ် အပြစ်ပေးမှုဆိုင်ရာ သဘောတူစာချုပ်	၃၀၉
က-၅။	မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်	၃၁၃
က-၆။	ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်	၃၂၁
က-၇။	လူမျိုးရေးခွဲခြားဖိနှိပ်ဆက်ဆံမှု ပုံစံအားလုံးဖျက်သိမ်းခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်	၃၃၁
က-၈။	အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ဖျက်သိမ်းရေး သဘောတူစာချုပ်	၃၃၅
က-၉။	ရွှေ့ပြောင်းလုပ်ကိုင်သူများနှင့် ယင်းတို့၏ မိသားစုဝင်အားလုံး၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်	၃၃၉
က-၁၀။	အားလုံးအတွက် အတင်းအကျပ် ဆန္ဒမပါဘဲ ပျောက်ဆုံးမှုမှ ကာကွယ်သော နိုင်ငံတကာ သဘောတူစာချုပ်	၃၄၇
ခ-၁။	အသုံးတည့်မည့် ကျမ်းကိုးများ - စာအုပ်များ၊ စာရွက်စာတမ်းများ၊ လက်စွဲများနှင့် အစီရင်ခံစာများ	၃၅၁
ခ-၂။	အသုံးတည့်မည့် အင်တာနက်စာမျက်နှာများနှင့် အွန်လိုင်းရင်းမြစ်များ	၃၅၇
ဂ။	သင်တို့နိုင်ငံမှ လက်မှတ်ရေးထိုးပြီးပြီလား	၃၆၃
ဃ။	လူ့အခွင့်အရေးနေ့များ	၃၇၁
င။	ကျမ်းကိုးများနှင့် ရည်ညွှန်းချက်များ	၃၇၉

e0ef

လူအခွင့်အရေး အလွဲသုံးစား ပြုလုပ်မှုများကို နိဂုံးကမ္ဘတ် အဆုံးသတ်စေရန် ဆောင်ရွက်နိုင်မည့် ပထမဆုံး အရေးပါသည့် ခြေလှမ်းတစ်ခုမှာ ယင်းတို့ကို မီဒီယာမျိုးစုံ အသုံးပြုကာ ပြည်သူလူထုကြား ချပြရန်ဖြစ်သည်ဟု အင်တာနယူးစ်က ယုံကြည်လျက် ရှိပါသည်။ သို့သော် ပဋ္ဌိပက္ခ သို့တည်းမဟုတ် ဆယ်စုနှစ်များချီကာ ကြာမြင့်သည့် အာဏာရှင်များ၏ အုပ်ချုပ်မှုတို့ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသော နိုင်ငံများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် စာနယ်ဇင်းသမားများ၏ အတွေ့အကြုံအရ လူ့အခွင့်အရေးနှင့် ပတ်သက်၍ တင်ပြအစီရင်ခံခြင်းသည် များစွာ စိန်ခေါ်မှုရှိကြောင်း ကျွန်ုပ်တို့အနေဖြင့် သိရှိထားရသည်။ ထိခိုက်နစ်နာကာ သားကောင်ဘဝ ရောက်ရှိခဲ့ကြရသူများနှင့် ထိလွယ်ရှလွယ်သည့် လူအုပ်စုတို့ကို အကာအကွယ်ပေးရန် များစွာ ကြိုးစားသည့်ကြားကပင် အကဲဆတ်သည့် ကိစ္စရပ်များကို သတင်းအဖြစ် တင်ပြအစီရင်ခံခြင်းတွင် အန္တရာယ်များကိုလည်း ကြုံတွေ့လာရနိုင်သည်။

ပြီးခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်အတွင်း Internews သည် မီဒီယာကျွမ်းကျင်သူများနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ရာ ထိုသူတို့ထဲတွင် မီဒီယာမန်နေဂျာများ၊ တည်းဖြတ်သူ အယ်ဒီတာများနှင့် အစဉ်အလာ မီဒီယာများ (ပုံနှိပ်၊ ရေဒီယို၊ ရုပ်မြင်သံကြား)နှင့် အွန်လိုင်းမီဒီယာ (ဝက်ဘ်အခြေစိုက်၊ လူမှုကွန်ရက် အခြေပြု) တို့မှ စာနယ်ဇင်းသမားများလည်း အပါအဝင်ဖြစ်သည်။ အာဖရိက၊ အာရှ၊ လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပတို့တွင် ကျွန်ုပ်တို့ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး အထွေထွေ အကြောင်းအရာများရော ကျန်းမာရေး၊ သဘာဝဝန်းကျင်၊ လူသားချင်းစာနာမှု အရေးကိစ္စများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ(ICT)၊ အုပ်ချုပ်ရေးနှင့် ပွင့်လင်းမြင်သာမှု စသည်တို့ပေါ် အဓိက ထားသည့် ကမ္ဘာလုံးဆိုင်ရာပရောဂျက်များကို လေ့ကျင့်သင်ကြား ပေးသည့် သင်တန်းများကိုပါ ပြုလုပ်ခဲ့ပါသည်။

ဤလက်စွဲစာအုပ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ စာနယ်ဇင်းသမားများအား ကျွမ်းကျင်မှု၊ အသိသုတနှင့် လုပ်နည်းကိုင်နည်းများကို ပံ့ပိုးပေးခြင်းအားဖြင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဖန်တီး

ထိုးထွင်းမှုရှိသော ဖြန့်ကျက်မှုဖြင့် သတင်းပေးပို့ အစီရင်ခံတတ်စေရန် ရည်ရွယ်ပြီး Internews ကမ္ဘာ လုံးဆိုင်ရာ လူ့အခွင့်အရေးအစီအစဉ်မှ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

ထိုအစီအစဉ်တွင် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကင်ညာ၊ ဆူဒန်တောင်ပိုင်း၊ ချက်ဒ်၊ ဗဟိုအာဖရိက၊ ဧင်ဘာဘွေနှင့် အီဂျစ်နိုင်ငံများရှိ သတင်းသမားများ၊ နိုင်ငံသားသတင်းထောက်များ သီတင်းပတ် နှစ်ပတ်၊ သုံးပတ်မျှ ကြာမြင့်အောင် ကျင်းပခဲ့ကာ စာနယ်ဇင်းအတတ်ပညာ၊ အကြောင်းအရာနယ်ပယ်ဆိုင်ရာ ပညာ ရပ်၊ နည်းပညာနှင့် အွန်လိုင်းအသုံးပြုမှုတို့ကိုပါ သင်ကြားပေးခဲ့သည်။

ထိုနိုင်ငံအသီးသီးရှိ နိုင်ငံသားများ (နှင့် အင်တာနယူးစ် လုပ်ကိုင်ဆောင်ရွက်မှုရှိခဲ့သော အခြား နိုင်ငံအမြောက်အမြား)သည် လူ့အခွင့်အရေး အလွဲသုံးစား ပြုလုပ်မှုများကို တွေ့ကြုံခဲ့ရသည့် နောက်ခံ သမိုင်းများ ရှိနေခဲ့ကြသည်။

ထိုသို့ ရာဇဝတ်မှုများကို ကျူးလွန်သူများထဲတွင် အစိုးရကိုယ်တိုင်၊ ဘာသာရေးအဖွဲ့အစည်းများ၊ စီးပွား ရေး ကော်ပိုရေးရှင်းများ သို့တည်းမဟုတ် လူ့အဖွဲ့အစည်းအတွင်းမှ လူတစ်ဦးတစ်ယောက်ချင်း ပါဝင်ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် မီဒီယာသမားများသည် သူတို့ရေးသားဖော်ပြခဲ့ကြ သည့် သတင်းအချက်အလက်များကြောင့် နှောင့်ယှက်ခံရဆဲ၊ နိုင်ထက်စီးနင်း ပြုကျင့်ခံရဆဲ၊ နှိပ်စက်ခံရဆဲ၊ ပါးစပ်ပိတ်ခံရဆဲဖြစ်သည်။ သို့ဖြစ်ရာ စာနယ်ဇင်းသမားများသည် လူ့အခွင့်အရေးနှင့် ပတ်သက်၍ အပေါ်ယံမျှသာ သတင်းဖော်ပြမှုများ ပြုလုပ်ခြင်း၊ သတင်းဖော်ပြရန် လက်ရှောင်ခဲ့ကြခြင်းတို့မှာ အံ့သြ စရာတစ်ခု မဟုတ်ပါ။ လူ့အခွင့်အရေးထွန်းကားမှုရှိစေရန် ဆော်သြမှုအတွက် စာနယ်ဇင်းပညာကို ကျင့် သုံးလျက်ရှိကြသည့် စာနယ်ဇင်းသမားဘဝကို သက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် ရွေးချယ်ထား ကြသူများ၊ နိုင်ငံသားသတင်းထောက်များနှင့် လူ့အခွင့်အရေးလှုပ်ရှားတက်ကြွသူများသည် လူ့အခွင့် အရေးချိုးဖောက်မှုများကို မီးမောင်းထိုးပြနိုင်ရန် သူမတူထူးကဲ သည့်နေရာတွင် ရှိနေကြသည်။ ယင်းတို့၏ သတင်းဖော်ပြအစီရင်ခံမှုများကြောင့် အစိုးရများကို ဖိအားပေးနိုင်ပြီး နိုင်ငံတကာအဖွဲ့အစည်းများကို အရေးယူမှုများ ပြုလုပ်လာစေသည်။ ထို့ပြင် ပြည်သူလူထုအား လူ့အခွင့်အရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပေးကာ ကူညီနိုင်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကြုံရပါက မည်သို့ ကုစားမှုရရှိနိုင်ကြောင်းကိုလည်း သိရှိစေသည်။

Internews နှင့် ပူးပေါင်းဆောင်ရွက်ခွင့် ရရှိခဲ့သည့် ရဲဝံ့သော စာနယ်ဇင်းသမားများသည် ထိုသို့ သော အဖြစ်အပျက်သတင်းများကို ပြန်ပြောပြခွင့် ရရှိရန် နေ့စဉ် ရုန်းကန်ကြိုးပမ်းနေကြရပြီး ထို့အတွက် ရံဖန်ရံခါတွင် သူတို့ကိုယ်တိုင်ပင် သားကောင်များအဖြစ်သို့ ရောက်ရှိတတ်စေသည့် အသက်အန္တရာယ်ကို ပင် ပေးနိုင်သော စွန့်စားမှုများကို ပြုလုပ်ကြရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများမှ အစိုးရများသည် နိုင်ငံတကာ ကတိကဝတ်စာချုပ်များ၊ ကုလသမဂ္ဂ၏ ပဋ္ဌိ ညာဉ်များစွာတို့ကို လက်မှတ်ရေးထိုးထားခဲ့ကြသည့် တစ်ချိန်တည်းမှာပဲ လွတ်လပ်သော အဖွဲ့အစည်းများ ဖြင့် စောင့်ကြည့်အကဲဖြတ်ရန်ကိုလည်းကောင်း၊ တွေ့ရှိချက်များအား လူသိရှင်ကြား ထုတ်ပြန်ကြရန်ကို လည်းကောင်း အားထုတ်မှုနည်းပါးကြသည်။ ပဋ္ဌိပက္ခဖြစ်ပွားသည့် နေရာများတွင် ဆောင်ရွက်လှုပ်ရှားနေ ကြရသည့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို သတင်းပေးပို့အစီရင်ခံသူ စာနယ်ဇင်းသမားများသည် ထိုသို့သော သတင်းများ ရရှိရန် တားမြစ်ပိတ်ပင်မှုများ ခံရကြောင်း တွေ့ရှိကြရသည်။ အများစုသည် မတတ်သာသည့်အဆုံး အစိုးရ၏ ပြည်သူ့ဆက်ဆံရေးအရာရှိများက ပုံပိုးသော အချက်အလက်များ၊ ရင်း မြစ်များနှင့် အမြင်များကိုသာ အားကိုးတည်မှီနေရသည်။ သို့ဖြစ်ရာ သူတို့တင်ပြသော လူ့အခွင့်အရေး သတင်းအကြောင်းအရာများမှာ တစ်ဖက်သတ်ဖြစ်ကာ ချီးမွမ်းအသိအမှတ်ပြုဖွယ် မဖြစ်တော့ချေ။

ဖွံ့ဖြိုးဆဲနိုင်ငံများစွာတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အထူးတလည် စောင့်ကြည့်လေ့လာ သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ များစွာ ပေါ်ထွန်းလာခဲ့သည်။ ယင်းတို့ကို အနောက်ဒီမိုကရေစီ နိုင်ငံများမှ ရန်ပုံငွေထောက်ပံ့ကြသည်ဖြစ်ရာ ပိုမိုကောင်းမွန်သည့် ရင်းမြစ်များ ရှိနေခြင်း၊ ဝန်ထမ်းအင်အား

ကောင်းမွန်ခြင်းတို့က အစိုးရနှင့် မီဒီယာအဖွဲ့အစည်းများထက် သာလွန်လျက်ရှိသောကြောင့် သတင်းအချက်အလက် ဈေးကွက်တွင် အရေးကြီးသော ပါဝင်လှုပ်ရှားသူများအဖြစ် အချက်အလက်များကို ပိုမိုပြုစုထုတ်ပြန်နိုင်လာကြသည်။ ယင်းတို့နှင့်ယှဉ်လျှင် Internews သို့ သင်တန်းတက်ရန် ရောက်ရှိလာကြသူအများစုမှာ လူ့အခွင့်အရေးနှင့် ပတ်သက်၍ အသိသုတနည်းပါးကင်းမဲ့သူများဖြစ်လေ့ရှိပြီး စိတ်ချရကာ စဉ်ဆက်မပြတ်သတင်းရယူနိုင်မှု မရှိကြချေ။

ထိုသို့ သတ်သတ်မှတ်မှတ် အကြောင်းအရာ ပညာရပ်တစ်ခုနှင့် ပတ်သက်၍ အကန့်အသတ်ရှိနေ ခြင်းအပြင် နောက်ထပ် စိန်ခေါ်မှုတစ်ရပ်မှာ အခြေခံ စာနယ်ဇင်းပညာ စွမ်းရည်များ မတွေ့ရခြင်းပင်ဖြစ်သည်။ သေးငယ်သည့် ကျေးလက်ဒေသ ရေဒီယိုထုတ်လွှင့်မှု အစီအစဉ်မှအစ သတင်းစာကြီးများ၊ အများပြည်သူဆိုင်ရာ ရုပ်သံထုတ်လွှင့်လုပ်ငန်းများ၊ အွန်လိုင်းနှင့် မိုဘိုင်းလ်မီဒီယာများ စသည့် ကွဲပြားသည့် မီဒီယာပုံစံများမှ စာနယ်ဇင်းသမားများကို Internews က လေ့ကျင့်သင်တန်းပေးခဲ့ရပါသည်။ သင်တန်းသားများကို လေ့ကျင့်သင်ကြားပေးနိုင်ရန် ကျေးလက်ဒေသများသို့ သွားရောက်ရသည့်အခါ အရည်အချင်းနှင့် စွမ်းရည်ပြည့်ဝမှုကို မဆိုထားနှင့်၊ မီဒီယာလုပ်ငန်းများ ကိုယ်တိုင်ကပင် ရင်းမြစ်အထောက်အပံ့ ချို့တဲ့ကြသည်ကို တွေ့ရှိရပါသည်။

ကိရိယာတန်ဆာပလာနှင့် ငွေကြေးထောက်ပံ့မှုမရှိခြင်း လုံလောက်သော ကျွမ်းကျင်မှုမရှိခြင်းတို့ ပေါင်းမိသောအခါ စာနယ်ဇင်းသမားများအတွက် အရှုံးနှင့် ရင်ဆိုင်ရဖို့ရန် သေချာသွားပြီး ထိုအတိုင်းဆက်ဖြစ်နေပါက ဒီမိုကရေစီကျင့်သုံးမှုကို မဏ္ဍိုင်တစ်ခုအနေဖြင့် တည်ငြိမ်စွာ ထောက်ကန်ပေးနိုင်မည့် စွမ်းရည်မရှိတော့သည်မှာလည်း သေချာလာပါသည်။ Internews သည် မီဒီယာ၏ အရှိန်အဟုန်မြင့်စွာ ဆင့်ကဲတိုးတက်လာမှုကို အမီလိုက်နိုင်ရန်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အင်တာနက်နှင့် မိုဘိုင်းလ်မီဒီယာများ သိသိသာသာပြောင်းလဲလာခဲ့ပြီး နှစ်စဉ်အသစ်ပေါ်ထွက်လာသော သတင်းမီဒီယာ ထုတ်လုပ်မှုနှင့် အသုံးပြုမှု စက်ပစ္စည်းများသည် သတင်းရယူသူများနှင့် သတင်းအချက်အလက်ကြား ဆက်ဆံရေးကို ပြန်လည်သတ်မှတ်လျက်ရှိသည်။

လက်လှမ်းမီခြင်းနှင့် သုံးစွဲရအဆင်ပြေခြင်းတို့ကြောင့် ထိုပစ္စည်းကိရိယာများသည် အရေအတွက်အရ မြင့်မားလာပြီး လူများအနေဖြင့် သတင်းဦး၊ သတင်းထူးများကို ကိုယ်တိုင်ထုတ်လုပ်နိုင်မှုနှင့် ဖြန့်ချိနိုင်မှုတို့ဆီ ဦးတည်သွားခဲ့သည်။ နိုင်ငံသား သတင်းထောက်များ၊ လမ်းထဲမှ သတင်းထောက်များ၊ အွန်လိုင်းသတင်းထောက်များ၊ လူမှုမီဒီယာ တက်ကြွလှုပ်ရှားသူများ စသည်တို့သည် သူတို့ကိုယ်တိုင် ရရှိသည့် အချက်အလက်များကို နေ့စဉ် နာရီပေါင်းများစွာ အွန်လိုင်းပေါ်သို့ တင်ပို့ဖော်ပြလျက်ရှိကြသည်။ သို့ဖြစ်ရာ သတင်းအချက်အလက်များ ပိုမိုရရှိရန် လက်လှမ်းမီလာသော်လည်း အမြဲတမ်း ယုံကြည်စိတ်ချရသည့် သတင်းများတော့ ဖြစ်မလာတတ်ချေ။

ထိုသို့သော အပြောင်းအလဲများကြောင့် နေရာဒေသအနှံ့အပြားမှ စာနယ်ဇင်းသမားများသည် မေးခွန်းပေါင်းများစွာကို ရင်ဆိုင်လာကြရသည်။ လူ့အခွင့်အရေးနှင့် ပတ်သက်သည့်ကိစ္စများကို စဉ်ဆက်မပြတ် သတင်းရယူနိုင်အောင် သတင်းပေးရန် မည်သို့ပြုရပါမည်လဲ။ သတင်းအချက်အလက် ရင်းမြစ်အတွက် အင်တာနက်ကို မည်သို့ အသုံးပြုရပါမည်လဲ။ အသုံးပြုသူများက ပေးပို့လာသော အကြောင်းအရာ အချက်အလက်များကို မည်သို့ အသုံးပြုရပါမည်လဲ။ အကြောင်းအရာအချက်အလက်များ၏ အရည်အသွေး၊ မှန်ကန်မှု၊ ဂုဏ်သိက္ခာရှိမှုတို့ကို မည်သို့ မြှင့်တင်ရပါမည်လဲဟူသော မေးခွန်းများပင်ဖြစ်သည်။

ဤသို့သော မီဒီယာဝန်းကျင် အခင်းအကျင်းသစ်တွင် Internews သည် စာနယ်ဇင်းသမားအဖြစ် သက်မွေးဝမ်းကျောင်းပြုကာ ကျွမ်းကျင်စွာ ဆောင်ရွက်နေကြသူများနှင့် လူမှုမီဒီယာ တက်ကြွလှုပ်ရှားသူများနှင့်ပါ တိုးမြှင့်၍ ပူးပေါင်းကာ မျှတသော၊ ဘက်မလိုက်သော၊ တိကျသော၊ လွတ်လပ်သော သတင်းများကို ပိုမိုကောင်းမွန်စွာ ပြုလုပ်နိုင်ရန် လိုအပ်သည့် စွမ်းရည်များကို ကူညီတည်ဆောက်နိုင်ရန် အထူးသဖြင့် အကူအညီ လိုအပ်နေသော မီဒီယာများတွင် လုပ်ဆောင်ခဲ့ရသည်။

ထိုသို့သော အရေးကိစ္စများနှင့် လိုအပ်ချက်များကို ဤလက်စွဲစာစောင်က ကူညီဖြေရှင်းနိုင်မည်ဟု မျှော်လင့်ပါသည်။ ဤစာစောင်ကို ပြုစုရာတွင် လူ့အခွင့်အရေးဆိုင်ရာ သတင်းလိုက်မည့် စာနယ်ဇင်းသမားများ အတွက် အကိုးအကားပြုစရာဖြစ်ရန် ဒီဇိုင်းပြုလုပ်ထားပါသည်။ ထို့ပြင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားရာ စစ်ပွဲသို့မဟုတ် ပဋိပက္ခများ ဖြစ်ပွားနေသောနေရာများ၊ ပဋိပက္ခလွန်ဒေသများတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအတွက်လည်း အထူးအသုံးဝင်မည်ဟု ယုံကြည်ပါသည်။

þvufpGapmifESHb}ajcmufvkH

လက်စွဲစာအုပ်တစ်အုပ်ကို အားလုံးအတွက် အသုံးတည့်အောင် ပြုစုထုတ်လုပ်နိုင်ရန်မှာ စိန်ခေါ်မှု တစ်ရပ်သာ ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးရှုမျှော်ခင်းကြီးအတွင်း အပြောင်းအလဲများက တစ်ရံမလပ်ဖြစ်ပွားလျက်ရှိသည်။ အကောင်းဆုံးသင်ထောက်ကူလက်စွဲတစ်ခု ရရှိနိုင်ရန်မှာ သတ်မှတ်ထားသော အကြောင်းအရာတစ်ခုခုပါဝင်ရပြီး စာနယ်ဇင်းပညာစွမ်းရည်များကိုလည်း ပျိုးထောင်နိုင်ရသည်။ ထို့ပြင် အကြောင်းအရာအလိုက် ပညာရပ်နယ်ပယ်ဆိုင်ရာ အသိသုတ၊ နည်းလမ်းကို အသုံးပြုနိုင်မှု၊ အသုံးပြုမည့် နေရာနှင့် ရင်းမြစ်များကိုလည်း ထည့်သွင်းစဉ်းစားရပြန်သည်။ ဒေသတွင်း အတွေ့အကြုံများထဲမှ နမူနာဖြစ်ရပ်များကို ယူရသလို နိုင်ငံတကာတွင် အသုံးပြုနိုင်ရန်ကိုပါ ထည့်သွင်းရသည်။

ဤလက်စွဲအုပ်သည် Internews က ကြိုးစားစမ်းသပ်ခဲ့သော သင်ကြားရေးနည်းနာဗေဒများ အတိုင်းဖြစ်ပြီး နားလည်ရလွယ်ကာ လက်တွေ့ကျစေသည်။ တစ်စုံတစ်ခုသော အခြေအနေအတွင်း အကြောင်းအရာဆိုင်ရာ အသိကို စာနယ်ဇင်းပညာ စွမ်းရည်များနှင့် ချိတ်ဆက်ကာ နည်းနာများကို အသုံးပြု၍ ချိတ်ဆက်ရင်ဆိုင်နိုင်စေသည်။ သင်တန်းများ ပြီးဆုံးတိုင်း သင်တန်းသားများသည် သူတို့ရွေးချယ်သည့် သတင်းမီဒီယာပုံစံကို ရွေးချယ်၍ ပုံနှိပ်မီဒီယာတွင်ဖြစ်စေ၊ ရေဒီယိုအစီအစဉ်တွင်ဖြစ်စေ၊ မှတ်တမ်းရုပ်ရှင်ကား ရိုက်ကူးခြင်းဖြင့် ဖြစ်စေ၊ အွန်လိုင်းမှ မာလ်တီမီဒီယာပုံစံဖြင့်ဖြင်စေ သတင်းကို တင်ပြနိုင်ရန် ထုတ်လုပ်ကြရသည်။

ဤလက်စွဲစာအုပ်သည် အရာခပ်သိမ်း နားလည်မှုပေးစွမ်းနိုင်မည်ဟု မရည်ရွယ်ပါ။ သင်တန်းဆရာများနှင့် သင်တန်းသားများအတွက် လက်စွဲအနေဖြင့် အသုံးပြုနိုင်ပါသည်။ ဖော်ပြထားသည့် သာဓကဖြစ်ရပ်အများစုမှာ အာဖရိကမှဖြစ်ပြီး ထိုမှရရှိသည့် သင်ခန်းစာများကို ကမ္ဘာတစ်ဝန်း နေရာအနှံ့တွင် အသုံးပြုနိုင်ပါသည်။ ပိုမိုထိရောက်စေရန် သတင်းအချက်အလက်များနှင့် လေ့ကျင့်ခန်းများကို ဒေသန္တရ နောက်ခံဆက်စပ်အခြေအနေနှင့် ယှဉ်တွဲကာ အသစ်အသစ် ဖြစ်ထွန်းလာသော နမူနာဖြစ်ရပ်များနှင့် ချိတ်ဆက် အသုံးပြုသင့်ပါသည်။

b,fOHYwGefvJ

ဤလက်စွဲစာအုပ်ကို ပင်မအားဖြင့် လက်စွဲပြုရမည့်သူများမှာ မီဒီယာတို့နှင့် လုပ်ကိုင်ဆောင်ရွက်ရသည့် အတွေ့အကြုံအချို့ရှိသော၊ သတင်းရယူမှုနှင့် သတင်းတင်ပြမှုစွမ်းရည် မြင့်မားတိုးတက်လိုသော စာနယ်ဇင်းသမားများဖြစ်သည်။ သူတို့သည် သမားရိုးကျပြုလုပ်သည့် သင်တန်းများအတွင်းတွင်လည်းကောင်း၊ လွတ်လပ်စွာဖြင့် အွန်လိုင်းမှ ဒေါင်းလုပ်ဒဲပြုလုပ်ခြင်း အားဖြင့်လည်းကောင်း ရယူအသုံးပြုနိုင်သည်။

စာနယ်ဇင်းသမားများသည် ထီးတည်းရပ်တည်နေကြသူများ မဟုတ်ကြချေ။ Internews က မီဒီယာပိုင်ရှင်များ၊ အကြီးတန်းဝန်ထမ်းများအား ဤလက်စွဲစာစောင်ကို စာနယ်ဇင်းသမားများ အသုံးပြုလာကြစေရေး အားပေးရန်လည်း ဖိတ်မန္တ္တက ပြုအပ်ပါသည်။ ထို့ပြင် မီဒီယာပိုင်ရှင်များ၊ အယ်ဒီတာများနှင့် ထုတ်လုပ်သူများအနေဖြင့် မီဒီယာများတွင် လူ့အခွင့်အရေးနှင့် ပတ်သက်၍ သတင်းဖော်ပြခြင်း၏ တန်ဖိုးကို နားလည်မှု မြင့်မားလာမည်ဟုလည်း မျှော်လင့်ပါသည်။

နောက်ဆုံးတွင် သင်တန်းပို့ချသူများနှင့် တွဲဖက်သင်တန်းဆရာများသည် ဤလက်စွဲစာအုပ်ကို ကိုးကားလျက် စာနယ်ဇင်းသမားများတွင် လူ့အခွင့်အရေးနယ်ပယ်အတွင်း သတင်းတင်ပြမှု စွမ်းရည်များ မြင့်မားလာစေရန်လည်း ပံ့ပိုးနိုင်ပါသည်။ ယင်းတို့အနေဖြင့် ဖော်ပြပါရှိသော သတင်းအချက်အလက်များကို ဒေသတွင်း ဖြစ်ပျက်လျက်ရှိသည့် အခြေအနေများ၊ မျက်မှောက်အဖြစ်အပျက် သာဓကများနှင့် ဖြည့်စွက်နား လည်သင့်ပါသည်။

'kwdtykdpmbmvJ

ဤလက်စွဲစာအုပ်သည် လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများအတွက် ရည်ညွှန်းစာအုပ် တစ်အုပ်အဖြစ် လက်စွဲအသုံးပြုနိုင်သလို လေ့ကျင့်စရာ သင်တန်းသုံးစာအုပ်အဖြစ် အသုံးပြုနိုင်ပါသည်။ ပါဝင်သည့်အချက်အလက်များမှာ အသစ်အဆန်းများ မဟုတ်ကြပါ။ အထူးသဖြင့် ကုလသမဂ္ဂနှင့် စစ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာ သတင်းတင်ပြမှု၊ နိုင်ငံတကာစင်တာတို့၏ သုတေသနပြု လေ့လာမှု၊ သင်တန်းပေးမှု နှင့် အတွေ့အကြုံဟူသည်များအပေါ် အခြေခံပြုစုထားခြင်းဖြစ်ပါသည်။ (အသုံးတည့်မည့် ကျမ်းကိုးများနှင့် ရည်ညွှန်းစာအုပ်များစာရင်းကို စာမျက်နှာ ..... တွင် တွေ့ရနိုင်ပါသည်။)

လူ့အခွင့်အရေးနှင့် စပ်လျဉ်းသော အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အခြေခံ အသိသုတကို လိုအပ်ပါသည်။ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အချက် အလက်များစွာကို အွန်လိုင်းမှ ရရှိနိုင်ပါသည်။ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် အင်တာနက်ကို အားကိုးရန် မလွယ်ကူပါချေ။ ကမ္ဘာတစ်ဝန်းမှ မီဒီယာများတွင် ဖော်ပြထားသည့် လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်များကို သုံးသင့်သလောက် မသုံးတတ်ကြသလို ဥပဒေမူဘောင်များနှင့် နိုင်ငံတကာ စာချုပ်စာတမ်းများမှာ နားလည်ရခက်ခဲတတ်စမြဲ ဖြစ်သည်။ ထို့ကြောင့် လူ့အခွင့်အရေး အဓိကမူများ၊ စာချုပ်စာတမ်းများနှင့် စောင့်ကြည့်အဖွဲ့များကိုပါ ဖြန့်ကျက်လေ့လာသိရှိနိုင်ရန် ထည့်သွင်းထားပါသည်။

ဤလက်စွဲစာအုပ်ကို သင်တန်းသုံးစာအုပ်တစ်ခုအဖြစ် ပြင်ဆင်ထားပါသည်။ သင်တန်းအတွင်း သင်တန်းသားများသည် ဆက်သွယ်နိုင်မည့် အချက်အလက်များကို စုဆောင်းခြင်း၊ သတင်းရင်းမြစ်အသစ် များကို ရှာဖွေခြင်း၊ အဖြစ်အပျက်များကို စပ်ဟပ်ကြည့်ခြင်း၊ ကျောရိုးအကြမ်းရေးခြင်းတို့ကို ပြုနိုင်ရပါလိမ့် မည်။ ထိုသို့ အနာဂတ်တွင် လိုအပ်လာမည့် ရည်ညွှန်းချက်များကိုပါ ချရေးမှတ်သားထားနိုင်ရန် နေရာ လွတ်များကိုပါ ထည့်သွင်းပေးထားပါသည်။

b,ftcsdefSTolykdEikdfvJ

သင်တန်းအတွင်းဖြစ်စေ၊ သင်တန်းများပြီးနောက်ဖြစ်စေ အသုံးဝင်နေသမျှ ကာလပတ်လုံး သုံး နိုင်ပါသည်။

b,fae&mrSTolykdEikdfvJ

ကမ္ဘာအနှံ့တွင် အသုံးပြုနိုင်ပါသည်။ ဤလက်စွဲစာအုပ်သည် ထိုင်း၊ အီဂျစ်၊ ဆူဒန်တောင်ပိုင်း၊ ချက်၊ ကင်ညာ၊ ဇင်ဘာဘွေ၊ ဗဟိုအာဖရိက၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့တွင် ကျင်းပခဲ့သည့် သင်တန်း များပေါ်တွင် အခြေခံထားသော်လည်း ထိုလေ့ကျင့်ခန်းများကို မည်သည့်နေရာတွင်မဆို အသုံးပြုနိုင်ပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများပေါ်တွင် အထူးဂရုတစိုက် ပြုစုထားခြင်းဖြစ်သည်။ သင်တန်း များအတွင်းတွင် သင်တန်းသားများသည် မိမိတို့နိုင်ငံ၏ အခြေအနေများပေါ်တွင် မူတည်ကာ လူ့အခွင့် အရေးနှင့်ပတ်သက်သည့် သုတေသနများကို ပြုလုပ်ရန်လည်း တိုက်တွန်းအပ်ပါသည်။

bmalumifha&;uJOvJ

သတင်းသမားတစ်ဦး၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စွမ်းရည်တို့ကို ဖြည့်ဆည်းနိုင်ခြင်းအားဖြင့် ပြည်သူလူထုအကြား တိကျသော၊ ယုံကြည်ထိုက်သော၊ မှန်ကန်သော၊ အသုံးကျသော၊ မျှတသော လူ့အခွင့်အရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဆောင်ကြဉ်းပေးလာနိုင်မည်ဖြစ်သော ကြောင့်ပင် ဖြစ်သည်။

bmawGUvJ

tykd1/vlYcGHa&;qkdkmA[kwrsm;

လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး သတင်းထောက်လှမ်းဖော်ပြလိုသော စာနယ်ဇင်းသမားများအတွက် ပထမဦးဆုံးနှင့် အရေးကြီးဆုံးလိုအပ်သည်မှာ လူ့အခွင့်အရေးအကြောင်း၊ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် မိမိနိုင်ငံ၏ ဥပဒေများအကြား ဆက်နွယ်မှု၊ လူ့အခွင့်အရေးကို ဖန်တီးပေး၊ မြှင့်တင်ပေး၊ စောင့်ကြည့်ကြပ်မတ်ပေးမည့် စနစ် စသည်တို့နှင့် ပတ်သက်သည့် အသိသုတများ ဖြစ်ပါသည်။ သို့ဖြစ်ရာ အပိုင်း (၁) သည် လူ့အခွင့်အရေး၊ ကုလသမဂ္ဂ၏ စနစ်ပုံစံနှင့် နိုင်ငံတကာ တရားရေးစနစ်တို့ကို မိတ်ဆက်ဖော်ပြထားပါသည်။

tykd2/pmeZifynmukd;vnfcifpGJ&nfESifhnfvrfrsm;

ဤအပိုင်းတွင် လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာကိစ္စများကို ကိုင်တွယ်နိုင်ရန် ကျွမ်းကျင်ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ရှိထားရမည့် တန်ဖိုးထားမှုများ၊ ကျွမ်းကျင်ပိုင်နိုင်မှု စွမ်းရည်တို့အပြင် အထူးတလည် တတ်ကျွမ်းထားရမည့် စွမ်းရည်များနှင့် ပတ်သက်၍ပါ ထည့်သွင်းဖော်ပြထားပါသည်။

tykd3/vufawGUokdrvrfñeff

လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အဖြစ်အပျက်များကို ကောင်းမွန်စွာ ရေးသားဖော်ပြနိုင်မည့် အဆင့်အလိုက် လမ်းညွှန်များကို ဖော်ပြထားပါသည်။

tykd4/aemufqufwGJ;

နောက်ဆုံးအပိုင်းတွင် အရေးကြီးသည့် လူ့အခွင့်အရေး ကတိကဝတ်စာချုပ် ကိုးခုကိုလည်းကောင်း၊ ယင်းတို့ကို လက်မှတ်ထိုးထားကြသည့် နိုင်ငံများစာရင်းကိုလည်းကောင်း၊ သတင်းများတွင် ချိတ်ဆက်တင်ပြနိုင်စေရန်အတွက် လူ့အခွင့်အရေးအကြောင်းအရာများနှင့် ပတ်သက်သည့် နေ့ထူးသတ်မှတ်ချက်များကိုလည်းကောင်း၊ လူ့အခွင့်အရေးနှင့်ပတ်သက်၍ တင်ပြလိုသည့် စာနယ်ဇင်းသမားများအတွက် အသုံးဝင်သော ကျမ်းကိုးနှင့် ရည်ညွှန်းများကိုလည်းကောင်း ထည့်သွင်းပေးထားပါသည်။

rSwfpkwm;

"mwfykd;

မှတ်ချက်ဖော်ပြထားသည်မှအပ အခြားဓာတ်ပုံများအားလုံးသည် Internews၏ ဓာတ်ပုံမှတ်တမ်းများထဲမှ ရယူထားခြင်းသာ ဖြစ်သည်။

မျက်နှာဖုံး - (အထက်၊ ဝဲမှ ယာ) ကာဂျစ္စတန်၊ နီပေါ၊ ကင်ညာ၊ (အောက်၊ ဝဲမှယာ) ကာဂျစ္စတန်၊ အီသီယိုးပီးယား၊ ဘော့စနီးယား၊ ဟာဇီဂိုဗီးနား

စာမျက်နှာ ၁၁ - လိမ္မော်ရောင်တော်လှန်ရေးအတွင်း လွတ်လပ်ရေးရင်ပြင်တွင် ဓာတ်ပုံရိုက်ကူးနေကြသည့် သင်တန်းသားများ၊ ယူကရိန်း၊ ၂၀၁၄

စာမျက်နှာ ၈ - ဒါဒက်ဘ် ဒုက္ခသည်စခန်း၊ ကင်ညာ

စာမျက်နှာ ၈ - အာဖဂန်လူငယ်ပွဲတော်၊ အာဖဂန်နစ္စတန်

❒

Photo : UN

Internews
Local voices. Global change.

t ykd(1)

vlYcGHa&;qkdif A[kwrsm;

vlYcGHa&;qkdif A[kwrsm;

လူ့အခွင့်အရေးလောကသည် ရှုပ်ထွေး ထွေပြားသည့်အပြင် ကိစ္စများမြောင်တို့နှင့် ပြည့်နှက်လျက်ရှိသည်။ လူ့အခွင့်အရေးကို မည်သို့မည်ပုံ အသုံးပြုရမည်ဖြစ်ကြောင်း သိသူများအကြားတွင် ကုလသမဂ္ဂသည် သတင်းအချက်အလက်များ၊ သင်ယူလေ့လာစရာများနှင့် ချိတ်ဆက်ဆောင်ရွက်စရာများ ပေါကြွယ်ဝသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ အပိုင်း ၁ အတွင်းတွင် လူ့အခွင့်အရေး နယ်ပယ်လောကအကြောင်းနှင့် ကုလသမဂ္ဂအကြောင်းတို့ကို ထုတ်ဖော်မိတ်ဆက်ထားပါသည်။

လူ့အခွင့်အရေးနယ်ပယ်လောကသည် ရှုပ်ထွေးထွေပြားသည့်အပြင် ကိစ္စများမြောင်တို့နှင့် ပြည့်နှက်လျက်ရှိသည်။ လူ့အခွင့်အရေးကို မြှင့်တင်ရန်နှင့် လူ့အခွင့်အရေး အလွဲသုံးစား ပြုလုပ်မှုများမှ အကာအကွယ်ပေးနိုင်ရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းပေါင်း ထောင်သောင်းချီအောင် များပြားသည်။ လူ့အခွင့်အရေးနှင့်ပတ်သက်၍ ချုပ်ဆိုထားသော ပဋိညာဉ်များ၊ သဘောတူညီချက်စာချုပ်များ၊၊ ဥပဒေများ ရာနှင့်ချီ၍ ရှိနေသည်။ ယင်းတို့သည် အပြန်အလှန် ရည်ညွှန်းချက်များဖြင့် အပြန်အလှန်ချိတ်ဆက်နေအောင်၊ ဆက်ဆိုင်နေအောင် လုပ်လုပ်ထားကြသည်။ ခပ်သိမ်းသောသူတို့နှင့် ဆက်ဆိုင်သည့် ရပိုင်ခွင့်များရှိသလို သီးသန့်သတ်မှတ်ထားသည့် အခွင့်အရေးများလည်း ရှိသည်။ အပေါင်းလက္ခဏာဆောင်သည့် အခွင့်အရေးများရှိသလို အနုတ်လက္ခဏာဆောင်သည့် အခွင့်အရေးများလည်း ရှိသည်။ ပထမမျိုးဆက်၊ ဒုတိယမျိုးဆက်နှင့် တတိယမျိုးဆက် အခွင့်အရေးများဟုလည်း ရှိသည်။ ယင်းတို့အားလုံးသည် ကျွန်ုပ်တို့၏ဘဝများကို ပြည့်ပြည့်ဝဝ ရှင်သန်နေထိုင်နိုင်ရန်နှင့် လွတ်လပ်သောဘဝများကို ရရှိကြစေရန် အာမခံချက်ပေးသည်။

သို့စေကာမူ တစ်ချိန်တည်းတွင် ကျယ်ပြန့်လျက်ရှိနေသည်က လူ့အခွင့်အရေးများနှင့် ပတ်သက်၍ မသိကြခြင်းပင်ဖြစ်သည်။ လူ့အခွင့်အရေးဟူသည်မှာ ဘာတွေဖြစ်သလဲ၊ ဘယ်သို့ဘယ်ပုံ ပေါ်ထွန်းလာသလဲ၊ ဘယ်လိုရနိုင်မလဲ စသည်တို့ကို လူအများစုက မသိကြ။ ထို့ပြင် အငြင်းပွားဖွယ်များကလည်း ရှိနေပြန်သည်။ မတူညီသည့် ယဉ်ကျေးမှုများ၊ ရိုးရာဓလေ့များ၊ ဘာသာရေးကိုးကွယ်မှုများက လူ့အခွင့်အရေးတို့ကို မတူ

မတူကွဲပြားစွာ အဓိပ္ပာယ်ကောက်ယူကြသည်။ လူ့အခွင့်အရေးကိုအသုံးပြုကာ လူ့အသိုက်အဝန်းကို သွေးကွဲအောင်ပြုနိုင်သလို ကုစားမှုကို ပေးနိုင်သည်။

အဓိက နိုင်ငံတကာအဖွဲ့အစည်းကတော့ ကုလသမဂ္ဂ ဖြစ်သည်။ လူ့အခွင့်အရေးကို မည်သို့မည်ပုံ အသုံးပြုရမည်ဖြစ်ကြောင်း သိသူများအကြားတွင် ကုလသမဂ္ဂသည် သတင်းအချက်အလက်များ၊ သင်ယူလေ့လာစရာများနှင့် ချိတ်ဆက်ဆောင်ရွက်စရာများ ပေါကြွယ်ဝသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အပိုင်း ၁ အတွင်းတွင် လူ့အခွင့်အရေး နယ်ပယ်လောကအကြောင်းနှင့် ကုလသမဂ္ဂ အကြောင်းတို့ကို ထုတ်ဖော်မိတ်ဆက်ထားပါသည်။

tykd1vrfñaff

၁။ လူ့အခွင့်အရေးဆိုသည်မှာ
၂။ စာရွက်စာတမ်းများပေါ်မှ လူ့အခွင့်အရေး - စာချုပ်များ၊ ကတိကဝတ်များနှင့် ပဋိညာဉ်များ
၃။ အဓိက လူ့အခွင့်အရေးစာချုပ်များ
၄။ ကုလသမဂ္ဂ မိတ်ဆက်
၅။ အမျိုးသမီးများအတွက် အခွင့်အရေးများ
၆။ နိုင်ငံတကာ တရားမျှတမှုနှင့် အထူးခုံရုံးများ ပေါ်ပေါက်လာခြင်း
၇။ စစ်မက်ဖြစ်ပွားချိန်နှင့် ပဋိပက္ခကာလများအတွင်း လူ့အခွင့်အရေး
၈။ အပိုဒ် ၁၉ နှင့် လင်းလင်းချင်းချင်း ဥပဒေများ

❒

t"dadOg[m&rsm;

- အပိုဒ် (Article) - သဘောတူညီချက်စာချုပ်ပါ စာပိုဒ်တစ်ပိုဒ်၊ အပိုင်းတစ်ပိုင်း (သို့မဟုတ်) အစိတ်အပိုင်းတစ်ခု
- ရပိုင်ခွင့်ကြေညာချက် (Bill of rights) - အခွင့်အရေးနှင့် လွတ်လပ်မှုများအား တရားဝင် ထုတ်ပြန်ကြေညာချက်
- ပဋ္ဌာန်ဉ် (ဃမေအနမ) - အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့အစည်း၏ လက်တွေ့ဆောင်ရွက်မှုများ၊ မူဝါဒများကို ရေးဆွဲလမ်းညွှန်ထားသော စာရွက်စာတမ်း
- သဘောတူညီချက်၊ သဘောတူစာချုပ်၊ စာချုပ် (Covenant, Convention, Treaty) - နိုင်ငံ(အစိုးရ)များအကြား ဥပဒေအရ ချုပ်ဆိုထားသော တရားဝင်သဘောတူညီချက်များကို ဆိုလိုသည့် အသုံးအနှုန်းများဖြစ်သည်။ ဤလက်စွဲစာအုပ်အတွင်းတွင် ထိုသို့သော စာချုပ်စာတမ်းများကို "သဘောတူစာချုပ်" ဟူသော အသုံးအနှုန်းဖြင့်သာ ယေဘုယျ ဖော်ပြသုံးနှုန်းသည်။
- လူမှုလိင် (Gender) - အမျိုးသားနှင့် အမျိုးသမီးများကြား ကွဲပြားမှုကို လူမှုရေးအရ တည်ဆောက်ပုံဖော်မှု
- လူ့အခွင့်အရေးကာကွယ်သူ (Human Rights Defender) - လူပုဂ္ဂိုလ်တစ်ဦးချင်းအားဖြင့် ဖြစ် စေ၊ အခြားသူများနှင့် ပူးပေါင်း၍ဖြစ်စေ လူ့အခွင့်အရေးနှင့် ပတ်သက်၍ မြှင့်တင်ကာကွယ် ဆောင်ရွက်သူများကို ခေါ်ဆိုသည့် ဝေါဟာရဖြစ်သည်။
- အပြစ်ပေးခံရမှုမှ လစ်လပ်ခြင်း - အပြစ်ပေးခံရခြင်းမရှိဘဲ ဖြစ်နေသည့် အခြေအနေကို ဆိုလိုသည်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ လူ့အခွင့်အရေး အလွဲသုံးစားပြုသူများ၊ ကျူးလွန် ဖောက်ဖျက်သူများကို အရေးယူရန် ပျက်ကွက်ခြင်းကို အပြစ်ပေးခံရမှုမှ လစ်လပ်ခြင်းဖြစ်သည်။ အပြစ်ပေးခံရမှုမှ လစ်လပ်နေခြင်းသည် ထိခိုက်နစ်နာသူဘက်မှ တရားမျှတမှု ရပိုင်ခွင့်ကို ငြင်းဆိုခံရခြင်းလည်း ဖြစ်သည်။
- နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ (International Human Rights Law) - လူ့အခွင့်အရေးကို မြှင့်တင်ရန်၊ အကာအကွယ်ပေးရန် ပုံဖော်ထားသည့် နိုင်ငံတကာဥပဒေ

- နိုင်ငံတကာဥပဒေ (International Law) - နိုင်ငံများအကြား အုပ်ချုပ်ရေးနှင့် ကွပ်ကဲထိန်းညှိမှုတို့ကို ဖော်ပြသတ်မှတ်ထားသည့် ဥပဒေ
- နိုင်ငံစုံပါဝင်သော (Multilateral) - သုံးဘက် (သို့မဟုတ်) ထို့ထက်ပိုသည့် အဖွဲ့အစည်းများ ပါဝင်သည်။ နိုင်ငံစုံပါဝင်သော သဘောတူစာချုပ်ဆိုသည်မှာ သုံးနိုင်ငံ (သို့မဟုတ်) ထို့ထက်ပိုသော နိုင်ငံများ ချုပ်ဆိုသည့် စာချုပ်ကို ဆိုလိုသည်။
- စံနှုန်း (Norm) - အစဉ်အလာ၊ နှုန်းစံ၊ စံချိန်စံညွှန်းတစ်ရပ်ရပ်နှင့် လျော်ညီမှု
- လက်မှတ်ရေးထိုးမှု ရုပ်သိမ်းခြင်း (Nullify) - လက်မှတ်ရေးထိုးမှု ရုပ်သိမ်းခြင်းဆိုသည်မှာ သဘောတူညီချက်ကို ပယ်ချခြင်း၊ လက်မှတ်ရေးထိုးမှုကို ပြန်လည်ပယ်ဖျက်ခြင်းကို ဆိုလိုသည်။
- ရွေးချယ်နိုင်သည့် နောက်ဆက်တွဲစာချုပ် (Optional Protocol) - သဘောတူစာချုပ်တစ်ရပ်ကို ထပ်ဖြည့်စွက်ထားပြီး လက်မှတ်ရေးထိုးခြင်း ပြု၊ မပြုကို နိုင်ငံ (အစိုးရ) အနေဖြင့် ရွေးချယ်နိုင်သည့် စာချုပ်မျိုးဖြစ်သည်။
- အတည်ပြုလက်မှတ်ရေးထိုးခြင်း၊ လက်ခံခြင်း၊ အတည်ပြုခြင်း၊ အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်း (Ratify, Accept, Approve or Accede) - ယင်းစကားလုံးများမှာ ဝေါဟာရအားဖြင့် များစွာကွာခြားခြင်း မရှိချေ။ နိုင်ငံတစ်နိုင်ငံသည် သဘောတူစာချုပ်တစ်ရပ်ကို အတည်ပြုလက်မှတ်ရေးထိုး၊ လက်ခံ၊ အတည်ပြု၊ အဖွဲ့ဝင်ဖြစ်ပါက စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် ပါဝင်ရန် သဘောတူခြင်းပင်ဖြစ်သည်။
- လူ့အခွင့်အရေး အခြေခံချဉ်းကပ်မှု (Rights-based Approach) - လူ့အခွင့်အရေးကို အခြေခံ၍ ဖြစ်စေ၊ လူ့အခွင့်အရေးကို မြှင့်တင်ရန် ဖြစ်စေ ဆောင်ရွက်လုပ်ကိုင်မှုများကို ဆိုလိုသည်။
- အချုပ်အခြာအာဏာ (Sovereignty) - သတ်မှတ်ထားသည့် ပထဝီနယ်နိမိတ် ဧရိယာတစ်ခုအတွင်း အုပ်စိုးလျက်ရှိသော အစိုးရတစ်ခုရှိသည့် လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံကို အချုပ်အခြာပိုင်နိုင်ငံဟု သတ်မှတ်သည်။
- အဖွဲ့ဝင်နိုင်ငံ (States Party) - နိုင်ငံတစ်ခုသည် သဘောတူညီချက် (ဝါ) စာချုပ်တစ်ခုကို လိုက်နာပါမည်ဟု လက်မှတ်ရေးထိုးချိန်မှစ၍ ထိုနိုင်ငံသည် စာချုပ်ကိုသဘောတူသည့် အဖွဲ့ဝင်နိုင်ငံအဖြစ်သို့ ရောက်ရှိသည်။
- စတက်ကျူးဥပဒေ (Statute) - ဥပဒေတစ်မျိုး။
- သဘောတူစာချုပ် (Treaty) - သဘောတူညီချက်၊ ပဋိညာဉ်စာချုပ် စသည့်စကားလုံးများအတွက် ယေဘုယျ အစားထိုးအသုံးပြုသည့် ဝေါဟာရဖြစ်ပြီး နိုင်ငံများအကြား တရားဝင် သဘောတူညီချက်ဖြစ်သည်။
- သဘောတူစာချုပ်အခြေခံ (Treaty-based) - နှစ်နိုင်ငံ သို့မဟုတ် ယင်းထက်ပိုသည့် နိုင်ငံများမှ သဘောတူညီချက်များပေါ် အခြေခံ၍ ထူထောင်ထားသော အဖွဲ့အစည်းများနှင့် စနစ်ယန္တရားများကို ဆိုလိုသည်။
- ကုလသမဂ္ဂစနစ်ယန္တရား (UN System) - ကုလသမဂ္ဂ၏ စီမံခန့်ခွဲမှုနှင့် စေ့ဆော်မှုတို့အရ ပြုလုပ်ဖွဲ့စည်းထားသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များအားလုံး
- အပြည်ပြည်ဆိုင်ရာ (Universal) - လူသားအားလုံး ပိုင်ဆိုင်သော၊ လူသားတို့အားလုံးနှင့် သက်ဆိုင်သော။

❒

Photo : Michael Pan

Internews
Local voices. Global change.

t ykd,f1? t cef,f1

vlYcGHa&;qkdnfS

မိမိတို့ဘဝကို ပြည့်ဝစွာရှင်သန်နေထိုင်နိုင်ရန်၊ ကြောက်ရွံ့ခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့မှ ကင်းပလွတ်လပ်ခွင့်ရစေရန် ရည်ရွယ်ပြီး ကျွန်ုပ်တို့အား အကာအကွယ်ပေးသည့် စံနှုန်း၊ စံချိန်စံညွှန်းနှင့် အပြုအမူများ၏ အပေါင်းအစုကို လူ့အခွင့်အရေးဟု ခေါ်သည်။

vbm;tm;vkHwGJ&rf;&Sdy,f tcGHa&;rsm;

'ကျွန်ုပ်တို့၏ လူမျိုး၊ နေရပ်၊ လိင်၊ အမျိုးသား/တိုင်းရင်းသား ဇာစ်မြစ်၊ အသားအရောင်၊ ကိုးကွယ်ရာဘာသာ (သို့မဟုတ်) မည်သည့်အဆင့်အတန်း သတ်မှတ်ချက်များ ရှိကြသည်ဖြစ်စေ လူသားများ အားလုံးအတွက် လူ့အခွင့်အရေးများမှာ မွေးရာပါအခွင့်အရေးများဖြစ်သည်။ မည်သို့ခွဲခြားဆက်ဆံမှုများမှ မခံရဘဲလူ့အခွင့်အရေးများကို ကျွန်ုပ်တို့အားလုံး တန်းတူရည်တူ ထိုက်တန်ခံစားခွင့်ရှိသည်။ အခွင့်အရေးများအားလုံးသည် အပြန်အလှန် ဆက်နွယ်လျက်ရှိကြကာ အပြန်အလှန်တည်မှီလျက်ရှိပြီး ခွဲခြမ်းမရအပ်'

ukor*3/HYcGHa&;aumf&SifuD,k(OHCHR) မှ ဖွင့်ဆိုချက်

မိမိတို့ဘဝကို ပြည့်ဝစွာရှင်သန်နေထိုင်နိုင်ရန်၊ ကြောက်ရွံ့ခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့မှ ကင်းပလွတ်လပ်ခွင့်ရစေရန် ရည်ရွယ်ပြီး ကျွန်ုပ်တို့အား အကာအကွယ်ပေးသည့် စံနှုန်း၊ စံချိန်စံညွှန်းနှင့် အပြုအမူများ၏ အပေါင်းအစုကို လူ့အခွင့်အရေးဟု ခေါ်သည်။ လူသားဖြစ်ခြင်းဟူသော အချက်နှင့် ပြည့်စုံသည်နှင့် လူ့အခွင့်အရေးများသည် လူအားလုံးနှင့် သက်ဆိုင်သည့် အခွင့်အရေးများဖြစ်သည်။

၁၇ ရာစုနှစ်များက ဥရောပတိုက်တွင် 'လူ့အခွင့်အရေး' ဟူသောအသုံးအနှုန်းကို ကျယ်ပြန့်စွာ စတင်သုံးစွဲခဲ့သော်လည်း ထိုအခွင့်အရေးများသည် ယင်းမတိုင်မီ ရှေးကာလများက စတင်ခဲ့သည့် အရင်းခံများ ရှိခဲ့သည်။ လူ့အဖွဲ့အစည်းအများစုသည် လူသတ်မှု၊ မုဒိမ်းမှု၊ ခိုးမှု စသည့် ဥပဒေနှင့်မညီသော

ရာဇဝတ်ပြစ်မှုများမှ လူတစ်ဦးချင်းစီကို အကာအကွယ်ပေးနိုင်ရန်နှင့် ကျန်းမာသန်စွမ်းသည့် လူ့သိုက်မြုံ့များကို တည်ဆောက်နိုင်ရန် အစဉ်အလာများ၊ တာဝန်ရှိမှုများကို တည်ဆောက်ထားခဲ့ကြသည်။ ထိုအကြောင်းအရာများနှင့် ပတ်သက်၍ နှုတ်ပြောသမိုင်းများတွင်လည်းကောင်း၊ ရေးသားပြုစုထားသည့် သမိုင်းများမှလည်းကောင်း တွေ့ရှိရသည်။ ယင်းတို့ အနက် အစောဆုံးရေးသားထားသည့် မှတ်တမ်းများကို ကမ္ဘာ့ဘာသာကြီးများဖြစ်သည့် မွတ်စလင်တို့၏ ကိုရန်ကျမ်းစာ၊ ခရစ်ယာန်ဘာသာဝင်တို့၏ သမ္မာကျမ်းစာ၊ ဂျူးဘာသာဝင်များ၏ တိုရာကျမ်းစာ၊ ဟိန္ဒူဘာသာဝင်များ၏ ဝေဒကျမ်းစာများတွင် တွေ့မြင်ရသည်။ ထို့ပြင် ရှေးခေတ် ဂရိ၊ အာရပ်နှင့် တရုတ်တွေးခေါ်ရှင်များ၏ စာမှန်များ၊ ရောမ ဥပဒေများတွင်လည်း တွေ့ရသည်။

]vwfvyfhqkdwm zEdkfxm;olawu apwem&SdKiy;wwfvmrsdr[kwfbl/ tzEdkfcsawu awmifqkdlu&r,f

(ewfvbuufcsdefqlEdwm
1928-1968)

မာတင်လူသာကင်းဂျူနီယာသည် အာဖရိကန္တယ်ဖွား အမေရိကန်များအတွက် နိုင်ငံသားရပိုင်ခွင့်များ ရရှိရေးလှုပ်ရှားမှုတွင် ခေါင်းဆောင်ပါဝင်ခဲ့ပြီး နိုင်ငံသားအခွင့်အရေး လှုပ်ရှားတက်ကြွသူဖြစ်သည်။

လူ့အခွင့်အရေးဟူသော အသုံးအနှုန်းမျိုး နိုင်ငံရေးတွင် ပါဝင်လာခဲ့သည်မှာ ၁၆၈၉ ခုနှစ် အင်္ဂလိပ် နိုင်ငံသားအခွင့်အရေး ထုတ်ပြန်ချက်၊ ၁၇၈၉ ခုနှစ် ပြင်သစ်မှ လူနှင့် နိုင်ငံသား အခွင့်အရေးများ ကြေညာစာတမ်း၊ ၁۷၉၁ ခုနှစ် အမေရိကန် ဖွဲ့စည်းပုံနှင့် နိုင်ငံသားအခွင့်အရေး ထုတ်ပြန်ချက်တို့ ဖြစ်သည်။

သို့သော် ယင်းတို့မှာ လူသားခပ်သိမ်းတို့နှင့် သက်ဆိုင်သည့် ဥပဒေများ မဟုတ်ကြချေ။ ထိုခေတ်ထိုအခါက သူတို့နိုင်ငံအသီးသီး၏ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ တန်ဖိုးထားမှုတို့ကို ထင်ဟပ်စေသည့် နိုင်ငံတော်ဥပဒေများသာ ဖြစ်ကြသည်။ ထိုဥပဒေများသည် အမျိုးသမီးများ၊ အချို့သော ဘာသာရေးအုပ်စုများနှင့် လူမျိုးစုများကို ခွဲခြားဆက်ဆံထားခဲ့ပြီး ကျွန်စနစ်ကိုလည်း လက်သင့်ခံထားခဲ့သည်။

ယနေ့ ကျွန်ုပ်တို့ သိရှိရသော လူ့အခွင့်အရေးသည်ကား လူတိုင်းနှင့် သက်ဆိုင်သည့်အပြင် ရုန်းကန်လှုပ်ရှားမှုများကိုလည်း သမိုင်းတစ်လျှောက်တွင် ကြုံတွေ့ခဲ့ရသည်။ ထိုသို့ ရုန်းကန်လှုပ်ရှားမှုများတွင် ၁၈ ရာစုနှင့် ၁၉ ရာစုအတွင်း အမေရိကန်ပြည်ထောင်စုမှ ကျွန်စနစ် ဖျက်သိမ်းခြင်း၊ ၁၉ ရာစုနှင့် ၂၀ ရာစုတို့အတွင်း အမေရိကန်နှင့် ဥရောပနိုင်ငံများ၌ ကြုံတွေ့ခဲ့ရသော အမျိုးသမီးများအား တန်းတူရည်တူသတ်မှတ်ကာ မဲပေးခွင့်ရရှိစေခြင်း၊ ၁၈ ရာစုအတွင်း အမေရိကတိုက်နှင့် ၁۷ ရာစုနှင့် ၂၀ ရာစုတို့အတွင်း အာရှနှင့် အာဖရိကတိုက်များရှိ ကိုလိုနီနယ်ချဲ့စနစ် ဆန့်ကျင်တော်လှန်ခြင်း၊ ယနေ့ထက်တိုင် ဆုံးခန်းတိုင်ခြင်း မရှိသေးသော အလုပ်သမားများ ပိုမိုကောင်းမွန်သော လုပ်ခလစားခွင့်နှင့် ပိုမိုလုံခြုံသော လုပ်ငန်းခွင်များ ဖန်တီးမှုအတွက် တောင်းဆိုခြင်းများအထိ ပါဝင်သည်။

ထိုသို့ ရုန်းကန်လှုပ်ရှား တော်လှန်အုံကြွမှုများသည် အကြမ်းဖက်မှုများဆီ မကြာခဏ ဦးတည်သွားတတ်ပြီး လူများစွာတို့သည် သူတို့၏ အခွင့်အရေးများအတွက် တိုက်ခိုက်ရင်း သေဆုံးကြရသည်။ သို့သော် ယနေ့ ကျွန်ုပ်တို့ သိရှိနေကြသော လူ့အခွင့်အရေးများ မပေါ်ပေါက်မီ ကမ္ဘာစစ်ကြီးနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို ကြုံခဲ့ရသေးသည်။ ၁۷၁۷ ခုနှစ်မှ ၁۷၁၈ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ပထမကမ္ဘာစစ်အတွင်း နှစ်ဖက်စလုံးမှ သေဆုံးသူ စစ်သားနှင့် အရပ်သားပေါင်း သန်းလေးဆယ်ရှိခဲ့ပြီး ယင်းနောက် နိုင်ငံပေါင်းချုပ်အသင်းကြီး ပေါ်ထွက်လာခဲ့သည်။ နိုင်ငံပေါင်းချုပ်အသင်းကြီးသည် နိုင်ငံများအကြား အပြန်အလှန်ဆက်ဆံရေးကို ထိန်းညှိနိုင်ရန် လူသားနှင့် လူနည်းစုများ၏ အခွင့်အရေးကိစ္စများကို ပြေလည်

အောင် ဆောင်ရွက်နိုင်ရန် ကြိုးစားရင်း စစ်ပွဲ ထပ်မံဖြစ်ပွားခြင်းမရှိအောင် တားဆီးခဲ့သည်။ မည်သို့ပင် ဆိုစေကာမူ အင်အားကြီးနိုင်ငံများ ပါဝင်ရန် ပျက်ကွက်သည့် အဓိကအကြောင်းကြောင့် အသင်းကြီး ပြိုကွဲခဲ့ရသည်။

၁၉၃၉ ခုနှစ်နှင့် ၁၉၄၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်သည် နောက်ထပ် မျိုးတုံးသတ်ဖြတ်ပွဲကြီးတစ်ခုအဖြစ် ထပ်မံပေါ်ပေါက်လာခဲ့သည်။ ထိုစစ်အတွင်း ဥရောပသား ဂျူးလူမျိုးနှင့် ရိုးမားလှည့်လည်အခြေချသူများကဲ့သို့ အခြားမျိုးနွယ်စုငယ်များထဲမှ လူဦးရေ ခြောက်သန်းကျော်ကို အာဏာရှင် အဒေါ့ဖ်ဟစ်တလာ ဦးဆောင်သည့် ဂျာမန်နာဇီအစိုးရက သတ်ဖြတ်ခဲ့ရသည်။ ကျူးကျော်သူများ၏ စစ်တပ်များက ဥရောပ၊ တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံများတွင် အစုလိုက်အပြုံလိုက် မုဒိမ်းပြုကျင့်မှုများ၊ ဂျာမန်၊ ယူကေ၊ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်လေတပ်များ၏ လေကြောင်းတိုက်ခိုက်မှုများ၊ စစ်အကျဉ်းသား ထောင်သောင်းချီ၍ နှိပ်စက်ညှဉ်းပန်းမှုများ၊ အစာရေစာ ပြတ်လပ်ငတ်မွတ်မှုများလည်း ရှိခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် စစ်ကြီးပြီးဆုံးသည့်အခါ အမေရိကန်၊ ယူကေနှင့် ယခင် ဆိုဗီယက်ပြည်ထောင်စုတို့ ဦးဆောင်ပါဝင်သည့် စစ်နိုင် မဟာမိတ်အင်အားကြီးနိုင်ငံများသည် နိုင်ငံတကာ အသိုင်းအဝိုင်းကို စုစည်းလျက် ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးတို့ကို မြှင့်တင်မည့် အဖွဲ့အစည်းတစ်ခုကို ထပ်မံထူထောင်ခဲ့သည်။ ထိုအဖွဲ့ကြီးမှာ ကုလသမဂ္ဂအဖွဲ့ကြီးပင် ဖြစ်သည်။

ကုလသမဂ္ဂ၏ အဓိကရည်ရွယ်ချက်ကြီး လေးခုမှာ...

- ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်
- နိုင်ငံများအကြား ရင်းနှီးသော အပြန်အလှန်ဆက်ဆံရေးကို ထွန်းကားစေရန်
- ဆင်းရဲနွမ်းပါးသူများ၏ ဘဝများ တိုးတက်လာစေရန်၊ အငတ်ဘေး၊ ရောဂါဘယနှင့် စာမတတ်မှုတို့ကို တိုက်ဖျက်ရန်၊ လူများအကြား အခွင့်အရေးနှင့် လွတ်လပ်မှုတို့ကို အပြန်အလှန်လေးစားကြစေရန်
- ထိုရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိစေရန်အတွက် လုပ်ငန်းဆောင်ရွက်မှုများ ဟန်ချက်ညီစေမည့် ဗဟိုချက်တစ်ခု ဖြစ်ပေါ်လာစေရန် တို့ဖြစ်သည်။

vlYcifha&;EdkifiHukor*¾dkmOf

ကုလသမဂ္ဂပဋ္ဌာန်းသည် ကုလသမဂ္ဂ ဖွဲ့စည်းနိုင်စေသည့် စာတမ်းတစ်ခုဖြစ်သည်။ ယင်းကို ၁၉၄၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် ဆန်ဖရန်စစ္စကိုမြို့၌ လက်မှတ်ရေးထိုးခဲ့သည်။ ကုလသမဂ္ဂပဋ္ဌာန်းသည် နိုင်ငံတကာဥပဒေတွင် အမြင့်ဆုံး အာဏာသက်ရောက်မှုရှိသည့် အများပါဝင်မှုရှိသော ကတိကဝတ် စာချုပ်တစ်ခုဖြစ်သည်။ ဆိုလိုသည်မှာ ကုလသမဂ္ဂပဋ္ဌာန်းသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ လက်မှတ်ရေးထိုးထားသည့် အခြား သဘောတူညီချက် စာချုပ်စာတမ်းများထက်ပို၍ အာဏာသက်ရောက်မှုရှိသည်။ ယင်းကို အပိုဒ် ၁၀၃ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

]þy#dkmOfpmwrfatmufi ukvor*¾tzUlEkifiHh;\ aqmif&ufz,f&Gufsm; y#dyu© jzpfym;onfhcsEdkifiHtjcm;Edkifiwum oabmwhnDufsm;t&aqmif&ufz,f&Gufsm; y#dyu©pfym; onfhcsþy#dkmOfpmwrfysaqmif&ufz,fyl|mefcsufsm;uomtwnfzpfap&rnf

(ukvor*¾#dkmOftwGif;ESifh 103)

၁၉၄၅ ခုနှစ်တွင် နိုင်ငံပေါင်း ၅၁ နိုင်ငံက ကုလသမဂ္ဂ ပဋ္ဌာန်းစာတမ်းကို လက်မှတ်ရေးထိုးခဲ့သည်။ ယနေ့တွင် ဗာတီကင်စီးတီးမှလွဲ၍ ကမ္ဘာ့နိုင်ငံအားလုံး ပါဝင်ခဲ့ကြပြီးဖြစ်ကာ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံ ရှိပြီဖြစ်သည်။ ထိုနိုင်ငံများအားလုံးသည် ကုလသမဂ္ဂပဋ္ဌာန်းစာတမ်းပါ ပြဋ္ဌာန်းချက်များကို တရားဝင်လိုက်နာရန် တာဝန်ရှိပြီး နိုင်ငံတကာဥပဒေအရလည်း ကုလသမဂ္ဂပဋ္ဌာန်းစာတမ်း၏ အမြင့်ဆုံး

အာဏာသက်ရောက်မှု လက်ခံရမည်ဖြစ်သည်။

[ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများစာရင်းကို စာမျက်နှာ ၂၁ တွင် ဖတ်ရှုနိုင်ပါသည်။]

vlwkdftwGuftcGifhaa&;

ကုလသမဂ္ဂပဋ္ဌာန်းစာတမ်းသည် လူအားလုံးအတွက် လူ့အခွင့်အရေးကို နိုင်ငံတကာတွင် ပေါ်ထွန်းလာစေမည့် အခြေခံများကို ချမှတ်ပေးခဲ့သည်။

- အပိုဒ် ၅၅ တွင် အားလုံးအတွက် လူ့အခွင့်အရေးကို မြှင့်တင်ရန် ဖော်ပြသည်။
- အပိုဒ် ၅၆ တွင် ရည်မှန်းချက်ပန်းတိုင်များသို့ ပေါက်မြောက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံတိုင်းမှ ကုလသမဂ္ဂကို ကူညီရန် ဖော်ပြသည်။
- ထို့ပြင် အပိုဒ် ၆၈ တွင် လူ့အခွင့်အရေး မြှင့်တင်ရန်အတွက် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူမှုရေးကောင်စီမှ ဆောင်ရွက်ရန် ဖော်ပြထားသည်။

tjynfynfqHkvlYcGifhaa&;aumpmwrf\ cufaomeDqeftp

၁၉၄၇ ခုနှစ်တွင် ကုလသမဂ္ဂပဋ္ဌာန်းစာတမ်း အပိုဒ် ၆၈ နှင့်အညီ လူ့အခွင့်အရေးကော်မရှင်ကို ကုလသမဂ္ဂမှ ဖွဲ့စည်းလိုက်သည်။ အယ်လီနာရုစဗဲ့ခေါင်းဆောင်သော ကော်မရှင်၏ ပထမဦးဆုံးသော လုပ်ငန်းမှာ နိုင်ငံအားလုံးမှ လက်ခံနိုင်မည့် လူ့အခွင့်အရေးမူတစ်စုံကို ချမှတ်ကာ သဘောတူညီမှု ရရှိအောင် ဆောင်ရွက်ရေးပင် ဖြစ်သည်။

မူကြမ်းရေးဆွဲခြင်းလုပ်ငန်းစဉ်သည် သဘောမတူညီမှုများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ ကော်မရှင်သို့ သံတမန်အဖြစ် စေလွှတ်ခြင်းခံရသူများမှာ မတူညီသည့် နောက်ခံ၊ ဘာသာစကား၊ ဘာသာရေးနှင့် ယဉ်ကျေးမှုများမှ ဆင်းသက်လာကြပြီး နိုင်ငံများအားလုံးကို ကိုယ်စားပြုကြရမည်ဖြစ်သည်။ သူတို့တွင် နိုင်ငံရေးနှင့် စီးပွားရေးအကျိုးစီးပွားများ၊ ဝါဒရေးရာများအရ ကြီးမားစွာ ကွာခြားနေခဲ့ကြသည်။ သူတို့သည် အစိုးရအရာရှိများ ဖြစ်ကြသည့်အားလျော်စွာ သူတို့နိုင်ငံများ၏ မူဝါဒများကိုသာ ကိုယ်စားပြုခဲ့ကြသည်။

0ef'a&;&mwkdyfGifh

ကော်မရှင်က အဓိကရင်ဆိုင်ရသည့် သဘောထားကွဲလွဲမှုမှာ ကုလသမဂ္ဂကို လွှမ်းမိုးလျက်ရှိသော အဓိက အင်အားကြီးအုပ်စုနှစ်ခုကြားတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ယင်းတို့မှာ အမေရိကန်ပြည်ထောင်စုနှင့် ယူကေတို့ ဦးဆောင်သော အနောက်အုပ်စုနှင့် ဆိုဗီယက်ပြည်ထောင်စုက ဦးစီးသော ဆိုဗီယက်အုပ်စု ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အပြီးကာလသည် အမေရိကန်ပါဝင်သည့် အရင်းရှင်နိုင်ငံများနှင့် ဆိုဗီယက်ကိုယ်စားပြုလျက်ရှိသော ဆိုရှယ်လစ်နိုင်ငံများအကြား စစ်အေးတိုက်ပွဲခေါ် အယူဝါဒတိုက်ပွဲများ စတင်ချိန်လည်းဖြစ်သည်။ ထိုအုပ်စုကြီးနှစ်ခုသည် မတူညီသည့် ဝါဒရေးရာ ရပ်တည်ချက်များကို ကိုင်စွဲထားခဲ့ကြသည်။

အငြင်းပွားဖွယ် အဖြစ်ခဲ့ရဆုံး အကြောင်းအရာများမှာ...

(က) နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးများ

(ခ) လူမှုရေးနှင့် စီးပွားရေးအခွင့်အရေးများနှင့်

(ဂ) နိုင်ငံတကာဥပဒေအရ လူ့အခွင့်အရေးများကို တရားဝင်လိုက်နာ သင့်ပါ၏လောဟူသည့် ဥပဒေသက်ရောက်မှုတို့ ဖြစ်သည်။

ဆိုဗီယက်အုပ်စုက စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများကို ထောက်ခံသည်။ သို့သော် လူနည်းစုလူမျိုးစုများက လွှမ်းမိုးခြယ်လှယ်မှု ပါဝင်နေသည့် ဗဟိုချုပ်ကိုင်သော နိုင်ငံတော်တည်ဆောက်

ပုံရိုကြသောကြောင့် သူတို့အနေဖြင့် နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးများကိုမူ စိတ်အားထက်သန်ခြင်း မရှိခဲ့ကြချေ။

အနောက်အုပ်စုကမူ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ပိုမိုလိုလားသည်။ သို့ရာတွင် ယင်းတို့ထဲတွင် ယူကေနှင့် အခြားဥရောပ နိုင်ငံများသည် မဲပေးခွင့်အပါအဝင် အခြေခံ လူ့အခွင့်အရေးများကို နိုင်ငံသားများထံ အပ်နှင်းရန် ငြင်းဆန်ပြီး ကိုလိုနီပြုထားခဲ့ကြသည်ဖြစ်ရာ ယင်းအခွင့်အရေးများကို မပေးဘဲထားရန် သဘောတူညီနေခဲ့ကြသည်။

အမေရိကန်သည်လည်း လူမည်းအမေရိကန်များကို မဲပေးပိုင်ခွင့် မပြုဘဲ ဥပဒေအရာတွင် ခွဲခြားဆက်ဆံမှုများ ဆက်ရှိနေသေးသည်ဖြစ်ရာ အားနည်းနေခဲ့သည်။

]vlYcifha&;onfvlom;tm;vkHwujzpfonf

(1998 [illegible]
[illegible]
[illegible])

ဥပဒေသက်ရောက်မှုနှင့် ပတ်သက်လျှင်တော့ လူ့အခွင့်အရေးများကို အကောင်အထည်ဖော်ခြင်းနှင့် လေးစားလိုက်နာခြင်း ရှိ၊ မရှိကို စစ်ဆေးမည့် အဖွဲ့အစည်းတစ်ရပ်ထူထောင်ရေးနှင့် ပတ်သက်လျှင် အုပ်စုကြီးနှစ်ခုစလုံးက ပြင်းထန်စွာဆန့်ကျင်ကြောင်း တစ်သံတည်း ထွက်ခဲ့ကြသည်။ ထိုသို့ စောင့်ကြည့်စစ်ဆေးမည့် အဖွဲ့တစ်ဖွဲ့ကို ထားရှိရန်နှင့်ပတ်သက်၍ လူ့အခွင့်အရေးကို အကောင်အထည်ဖော်မှုသည် နိုင်ငံတစ်ခုချင်းစီ၏ ပြည်တွင်းရေးသာ ဖြစ်သည်ဟု အခိုင်အမာ ငြင်းဆိုခဲ့ကြခြင်းဖြစ်သည်။ အကယ်၍ စောင့်ကြပ်စစ်ဆေးမှုများ ပြုလုပ်ပါက နိုင်ငံ့အချုပ်အခြာအာဏာကို ထိပါးရာရောက်မည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

ကုလသမဂ္ဂတွင် နောက်ထပ်ရှိနေသည့် တတိယအုပ်စုတစ်ခုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည်။ ထိုအုပ်စုသည် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကိုလည်းကောင်း၊ စီးပွားရေးနှင့် လူမှုရေးအခွင့်အရေးများကိုလည်းကောင်း၊ ထို့ပြင် အာဏာသက်ရောက်မှုနှင့် ပတ်သက်၍လည်းကောင်း ထောက်ခံခဲ့ကြသော်လည်း စုစည်းညီညွတ်စွာတည်ရှိနေခဲ့ကြခြင်း မဟုတ်ချေ။

tjynfjynfqHkvlYcifha&;aunmpmwrfarG,fif

ရှေ့မတိုး နောက်မဆုတ် ဖြစ်နေသော အခြေအနေကို ကာကွယ်နိုင်ရန်အတွက် ကော်မရှင်ဥက္ကဋ္ဌ ဖြစ်သူ အယ်လီနာရုစဗဲ့သည် နိုင်ငံတကာဥပဒေတစ်ရပ်အဖြစ် မဟုတ်တော့ဘဲ ယေဘုယျအားဖြင့် လိုက်နာရန် လိုအပ်သည့် လူ့အခွင့်အရေးမူများကို ကြေညာချက်တစ်ရပ်အဖြစ် ထုတ်ပြန်နိုင်ရန် စိတ်ကူးကို အဆိုပြုခဲ့သည်။ နောက်ဆုံးတွင် သဘောတူညီမှု ရရှိသွားပြီး ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၌ ကျင်းပသော အထွေထွေညီလာခံတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) အဖြစ် အတည်ပြု ထုတ်ပြန်နိုင်ခဲ့သည်။

UDHRကိုအတည်ပြုရာတွင် အဖွဲ့ဝင်နိုင်ငံများအားလုံးသည် မည်သည့်နိုင်ငံရေး အဆင့်အခြေအနေသို့ ရောက်ရှိနေသည်ဖြစ်စေ ကျောင်းများနှင့် အခြားပညာရေးအဆောက်အအုံများအတွင်း ဖြန့်ဝေရန်၊ ခင်းကျင်းပြသရန်၊ ဖတ်ပြရန်နှင့် ပုံ့နှံ့စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အထွေထွေညီလာခံက တိုက်တွန်းခဲ့သည်။

[အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ သမိုင်းမှတ်တမ်းများကို www.un.org/en/documents/udhr/history.shtml တွင် ဖတ်ရှုနိုင်ပါသည်။]

လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များသည် မည်သည့်နေရာဒေသတွင်မဆို လူတိုင်းနှင့် သက်ဆိုင်သည်ဟု UDHR ကို နိုင်ငံတကာက ပထမဆုံးအကြိမ် အသိအမှတ်ပြုခဲ့ခြင်းပင် ဖြစ်သည်။ ဒီဇင်ဘာ ၁၀ ရက်ကိုလည်း နိုင်ငံတကာလူ့အခွင့်အရေးနေ့အဖြစ် ကမ္ဘာအနှံ့တွင် နှစ်စဉ်ကျင်းပခဲ့ကြသည်။ အချို့နိုင်ငံများတွင် ထိုနေ့ကို နိုင်ငံတော်အားလပ်ရပ်အဖြစ် သတ်မှတ်ကြသည်။

နိုင်ငံအများအပြားတွင် UDHR ကိုအခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် အခြားဥပဒေများတွင် လူ့အခွင့်အရေးအဖြစ် သတ်မှတ်ထည့်သွင်းထားကြသည်။ သို့သော် လက်တွေ့တွင်မူ လူ့အခွင့်အရေး ချိုးဖောက်မှုများက ကမ္ဘာအနှံ့အပြားတွင် ဆက်လက်ဖြစ်ပွား ပေါ်ပေါက်နေဆဲသာဖြစ်သည်။ ဥပဒေတစ်ခုအနေဖြင့် အာဏာသက်ရောက်မှုသည်လည်း အငြင်းပွားဖွယ်အခြေအနေတွင်သာ ရှိနေဆဲဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းကြောင့် လူ့အခွင့်အရေးနှင့် ပတ်သက်လျှင်ကုလသမဂ္ဂသည် "သွား" မပါ (သဖြင့် နာကျင်ထိခိုက်အောင်လုပ်နိုင်ခြင်းမရှိဟု မခန့်ညားဘဲ ရှိ)နေသဖြင့် အဓိကဝေဖန်မှုကိုလည်း ခံရလျက်ရှိသည်။ သို့သော် ပြီးခဲ့သည့်နှစ်များအတွင်း ကုလသမဂ္ဂသည်လည်း "သွားပေါက်" လာခဲ့ကြောင်း တွေ့ရသည်။

[ယင်းကို စာမျက်နှာ - ၂၃ တွင်ရှု]

UDHR

UDHR သည် နိုင်ငံတကာသဘောတူစာချုပ်ပေါင်း ၆၀ ကျော်တို့၏ အခြေခံဖြစ်ပြီး ဘာသာစကားပေါင်း ၃၃၀ ကျော်သို့ ဘာသာပြန်ဆိုခြင်းခံခဲ့ရကာ ကမ္ဘာပေါ်တွင် အများဆုံး ဘာသာပြန်ဆိုခြင်းခံရသည့် စာရွက်စာတမ်းတစ်ခု ဖြစ်ခဲ့သည်။

UDHR သည် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် ကမ္ဘာ့စံချိန်စံညွှန်းပင် ဖြစ်သည်။ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအခွင့်အရေးများ၊ ဘဝရှင်သန်ရပ်တည်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံခွင့်၊ အကြမ်းဖက်မှု၊ နှိပ်စက်ညှဉ်းပန်းမှုနှင့် မတော်မတရား ထောင်သွင်းအကျဉ်းချမှုတို့မှ လွတ်လပ်ခွင့်၊ လွတ်လပ်စွာ လူပ်ရှားသွားလာခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့် စသည့် ကျယ်ပြန့်သော အကြောင်းအရာများကို ခြုံငုံမိစေသည့် အပိုဒ်ပေါင်း ၃၀ ပါဝင်သည်။

UDHR သည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအတွက် အုတ်မြစ်ချပေးနိုင်ခဲ့ပြီး မည်သည့်နိုင်ငံတွင်ဖြစ်စေ လူတိုင်းသည် "မွေးရာပါအခွင့်အရေး" အဖြစ် အခြေခံလူ့အခွင့်အရေးများကို ပိုင်ဆိုင်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။ ထိုအပိုဒ် ၃၀ ကို ရှင်းလင်းလွယ်ကူစွာ ဖော်ပြထားပြီး ထိုကြေညာစာတမ်း၏ အဓိကလုပ်ငန်းဆောင်တာမှာ လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပိုမို သတိမူမိလာကြစေရန် ဖြစ်စည်း။ UDHR အပြည့်အစုံကို စာမျက်နှာ ၁၃၆ တွင် ဖတ်ရှုပါ။

]UDHR [m ynma&;pmwrfwpfckyf/ bmjzpfvkwfqkdwmhuefwkd&rf;Spf ,ft&mawukdc:a&;lyDpHkHjzpf owfwfSwfxm;wmrkdy/ Oya' tmeodifYxefcsyfEkdifrfawmhr&Sdbl/ 'gayrhaemifay:ayguf,mr ,fhEkdifbm;&ykdifiawtwufawmhjyifqifay;xm;&m a&mufw ,f y#dmOfa&;om;Ekdifwhtcsufu&ifuefwkdifaeeYtzOJEkdifawukd#dmOfy tcsufaw Oya' tmeodif&Sm atmiftwnfyzkdifwmifqkdif ,f

(t,Sf8D½kAh
1949 cEkdif,lusf,l8"kwd,t&Sdif
t,ldb:8Dcwf&ufyg8kwf)

[ထိုမိန့်ခွန်းကို အစအဆုံးဖတ်ရှုနိုင်ရန် www.udhr.org/history/biographies/bioer.htm တွင် ကြည့်ပါ။]

vlYcifha&;ukd"ydÜ,fzGwfkif ukodor*¾vGwfkuf

]u|EÅkfvkdY EÅkdifhlhlwm;jzpfl ae&yfa'o? vdif trsdom; okdY[kwf rsdE,fpkif Zmpfirpf tom;ta&mif ukdu,f&m bmomw&m;? bmompum; okdY[kwf tjcm; rnfonfhqifhwef cjcm;r&Sdnjzpfap vlom;tm;vkdwuf vlYcifha&;rsm;rnS ar;&my tcifha&;rsm;jzpfonf u|EÅkfvkdY vlYcifha&;rsm;ukdcjcm;qufqkdif tvSOfr&Sdwhnf &&Sdhl;u&rnf xkdcifh ta&;rsm;onf tjyeftvSdqufpyfcif? tjyeftvSdwnfpifESHcjcrfykdifzwfl rjyEÅkdcifwkdY &Sdonf}

(OHCHR t&ffwnf&SdrsufESmESifh www.ohchr.org/ EN/Issues/Pages/WhatareHuman Rights.aspx)

ဤသည်မှာ လူ့အခွင့်အရေးကို ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်မင်းကြီးရုံး(OHCHR)မှ ဖွင့်ဆိုပုံဖြစ်သည်။ OHCHR သည် လူ့အခွင့်အရေးကို မြှင့်တင်ရန်နှင့် အကာအကွယ်ပေးရန် ကုလသမဂ္ဂ၏ လွှဲအပ်ခြင်းခံရသည့် အဖွဲ့အစည်းဖြစ်သည်။ OHCHR သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စောင့်ကြည့်လေ့လာလျက်ရှိပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း လူ့အခွင့်အရေး ပိုမိုကျင့်သုံးလာစေရန် တိုက်တွန်းမှုများ ပြုလုပ်ပိုင်ခွင့်အာဏာ ရှိသည်။

tjynfjynfqkdkdwm vGwfvGwfcsufrsufomcGwfzGwfD zGwfkuf

]vlYcifha&;[lonfESEÅkdifhlhlwm;jzpfl ae&yfa'o? vdif trsdom; okdY[kwf rsdE,fpkif Zmpfirpf tom;ta&mifukdu,f&m bmomw&m;? bmompum; okdY[kwf tjcm; rnfonfhqifhwef cjcm;r&Sdnjzpfap ,ifwkdkdufu&mrvkdo vlom;tm;vkdESHxkdwefonfhtajccHcifha&;rsm; jzpfonf vlYcifha&;[kqkdwifbO&Sdoefaexkdcifhvwfvyfcifhvwfvyfpmxkwfazmfajymqkdif ponfEÅkdifhlhlwm;ESHEÅkdifhl&;qkdkdwm tcifha&;rsm;? ,Ofaus;rltwifyOifqifEÅifhtpma&pm &&Sdifh tvkdvkdykdcifhynma&;&&Sdkdcifponfhvrha&;? ,Ofaus;rESHpDwm;a&;qkdkdwm tcifha&;rsm; tyOifzpfonf vlYcifha&;rsm;ukdEÅkdifwumOya'?EÅkdifwpfckif\Oya'rsm;ESHoabmwhnDuf pmcsufrsm;u tumtu,fay;jcif? tavxm;jcif&Sdrnf}

([illegible] www.amnestyusa.org/research/human-rights-basics)

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးသည် လူ့အခွင့်အရေးကို မြှင့်တင်လျက် လူ့အခွင့်အရေးအလွဲသုံးစားပြုမှုများကို တိုက်ဖျက်လျက်ရှိသည့် ဦးစီးဦးဆောင် အရပ်ဘက်အဖွဲ့အစည်းကြီးတစ်ခု ဖြစ်သည်။

လူ့အခွင့်အရေးနှင့် ပတ်သက်လျှင် ဖွင့်ဆိုချက်၊ ဖော်ပြချက်များစွာ ရှိပါသည်။ ဖွင့်ဆိုချက်တစ်ရပ်ချင်းသည် သက်ဆိုင်ရာ ရည်စူးမှုများနှင့် ရည်သန်မှုများကို ထင်ဟပ်လျက်ရှိသည်။ သို့သော် အများဆုံးမှာ အောက်ပါအင်္ဂါရပ်လေးချက်နှင့် တစ်နည်းတစ်ဖုံ ဆက်စပ်ပါဝင်နေသည်သာ ဖြစ်သည်။

- လူ့အခွင့်အရေးဟူသည် လူခပ်သိမ်းအတွက် ဖြစ်သည်။ ကျွန်ုပ်တို့သည် လူသားများ ဖြစ်လျက်ရှိသည့် အချက်နှင့်ပင် လူ့အခွင့်အရေးနှင့် ထိုက်တန်သည်။
- အာဏာရရှိထားသူများ၏ (လူ့အခွင့်အရေး) အလွဲသုံးစားပြုမှုများမှ ကာကွယ်ရန်ဖြစ်သည်။ လူများသည် လွတ်လပ်မှုနှင့် လုံခြုံမှုတို့ဖြင့် နေထိုင်ရှင်သန်နိုင်ရန် လူ့အခွင့်အရေးက အာမခံနိုင်သည်။

- ညီမျှမှုရှိရမည်။ လူတိုင်းသည် လူ့အခွင့်အရေးကို ညီမျှစွာ ရရှိပိုင်ဆိုင်သည်။ မည်သူမျှ မိမိထက် လူ့အခွင့်အရေး ပိုမရ။ မိမိသည်လည်း အခြားသူများထက် လူ့အခွင့်အရေး ပိုမရ။
- လူ့အခွင့်အရေးသည် နိုင်ငံတကာအတွက်ဖြစ်သည်။ နိုင်ငံများ၊ အုပ်စုအဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလ လူများအတွက် စံချိန်စံနှုန်းများ သတ်မှတ်ထားရမည်။

vlY&cGHa&;rsm;ydkufbk&ef;uf

UDHR တွင် လူ့အခွင့်အရေး မျိုးဆက်သုံးလွှာ (အမျိုးအစားသုံးရပ်) ကို ထည့်သွင်းထားသည်။ ယင်းတို့ကို ပထမမျိုးဆက်၊ ဒုတိယမျိုးဆက်နှင့် တတိယမျိုးဆက် လူ့အခွင့်အရေးများအဖြစ် ခေါ်ဆိုနိုင်သည်။ ယင်းမျိုးဆက်သတ်မှတ်မှုများသည် ၁၇၈၉ ခုနှစ်မှ ၁၇၉၉ ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့ပြီး ပြင်သစ်နိုင်ငံကို ပြည်သူ့သမ္မတနိုင်ငံအဖြစ် ပေါ်ထွန်းလာစေသည့် ပြင်သစ်တော်လှန်ရေးအတွင်းမှ ကြွေးကြော်သံဖြစ်သည့် "လွတ်လပ်မှု၊ ညီမျှမှုနှင့် စာနာကူညီမှု" ဟူသည်တို့ပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။

ပထမမျိုးဆက်လူ့အခွင့်အရေးများသည် လွတ်လပ်မှုနှင့် နိုင်ငံရေးတွင် ပါဝင်မှုတို့နှင့် ပတ်သက်သည်။ ယင်းတို့သည့် သဘာဝအရ အခြေခံအားဖြင့် နိုင်ငံသားနှင့် နိုင်ငံရေးကိစ္စရပ်များ ဖြစ်ကြသည်။ ထိုအခွင့်အရေးများအရ နိုင်ငံတော်(အစိုးရများ)၏ အာဏာစက်သည် ပြည်သူတို့၏ အာဏာစက်ကို မကျော်ရန် ကန့်သတ်ထားပြီး ယင်းတို့၏ အာဏာအလွဲသုံးစားပြုမှုများကို ကာကွယ်ပေးသည်။ ယင်းတို့ကို UDHR ၏ အပိုဒ် ၂ မှ ၂၁ အထိတွင် ထည့်သွင်းထားသည်။ ပထမမျိုးဆက် လူ့အခွင့်အရေးများတွင် အောက်ပါတို့ပါဝင်သည်။

- ဥပမာအားဖြင့် လူမှုလိင်နှင့် လူမျိုးစသည်တို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းများမှ လွတ်လပ်ခွင့်
- ဘဝရှင်သန်နေထိုင်ခွင့် လွတ်လပ်ခွင့်နှင့် လုံခြုံခွင့်
- ကျွန်အဖြစ် စေခိုင်းမှုနှင့် အမွှေ လုပ်အားခိုင်းစေမှုများမှ လွတ်လပ်ခွင့်
- နှိပ်စက်ညှဉ်းပန်းမှု၊ ရက်စက်မှု၊ လူမဆန်မှု၊ လူသားဂုဏ်သိက္ခာကို ပျက်ပြားညှိုးနွမ်းအောင် ပြုမူဆက်ဆံမှု၊ အပြစ်ပေးမှုတို့မှ လွတ်လပ်ခွင့်
- တရားစီရင်မှုလုပ်ဆောင်ချက် တရားစွဲဆိုမှုမရှိဘဲ ဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်းနှင့် နယ်နှင်ခံရခြင်း
- တရားမျှတစွာဖြင့် အများသူငါရှေ့မှောက် တရားရင်ဆိုင်ခွင့်
- ပုဂ္ဂလိက လွတ်လပ်ခွင့်
- ခရီးသွားလာခြင်းနှင့် အခြေချနေထိုင်ခြင်းဆိုင်ရာ လွတ်လပ်ခွင့်
- တရားစွဲဆို ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ လွတ်ငြိမ်းချမ်းသာမှု တောင်းခံပိုင်ခွင့်
- အသိဉာဏ်၊ ဘာသာရေးကိုးကွယ်မှုနှင့် အတွေးအခေါ် လွတ်လပ်ခွင့်
- တွေးခြင်ယူဆမှုနှင့် ထုတ်ဖော်ပြောဆိုမှု လွတ်လပ်ခွင့်
- ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် သင်းပင်းဖွဲ့စည်းခြင်း လွတ်လပ်ခွင့်
- အစိုးရအဖွဲ့အစည်းတွင် ပါဝင်ခွင့်နှင့် မဲဆန္ဒပေးပိုင်ခွင့်
- ပုဂ္ဂလိကပိုင်ဆိုင်ခွင့်နှင့် မိမိအလိုဆန္ဒမပါဘဲ ဆုံးရှုံးရခြင်းမှ ကင်းလွတ်ခွင့်တို့ဖြစ်သည်။

ဒုတိယမျိုးဆက် လူ့အခွင့်အရေးများကမူ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်းတူညီမျှရှိမှုများနှင့် သက်ဆိုင်သည်။ ထိုအပိုင်းတွင် လူတိုင်း၏ ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ်အခြေချနေထိုင်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်ချက်များတွင် တန်းတူညီမျှ အခွင့်အရေးရှိသည်ဟု ပါဝင်သည်။

ထိုသို့သောအခွင့်အရေးများ ရရှိစေရန် အစိုးရများသည် အပြည်သဘော ဆောင်ရွက်ချက်များ ပြုလုပ်ပေးရမည် ဖြစ်သည်။ သို့ရာတွင် အစိုးရတိုင်းသည် နိုင်ငံသားအားလုံး၏ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အိုးအိမ်အခြေချမှုတို့နှင့်ပတ်သက်၍ မခြွင်းမလှပ် ဆောင်ရွက်ပေးနိုင်ကြသည်မဟုတ်ရာ တစ်စတစ်စ တိုးမြှင့်ရယူနိုင်ရမည့်သဘောသာ ဖြစ်လေသည်။ ဆိုလိုသည်မှာ အစိုးရများသည် ထိုကဏ္ဍများနှင့် ပတ်သက်

၍ အပြုသဘောဆောင်ရွက်ချက်များ ပြုလုပ်ကြောင်း ပြသခြင်းအားဖြင့် အခြားအစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် သဘောတူညီချက်များရယူကာ ထိုအရေးကိစ္စများအတွက် အကူအညီအထောက်အပံ့များ ရယူနိုင်မည်ဖြစ်သည်။

ဒုတိယမျိုးဆက်အခွင့်အရေးများကို UDHR အပိုဒ် ၂၂ မှ ၂၇ အတွင်း ဖော်ပြထားပြီး အောက်ပါတို့ ပါဝင်သည်။

- လူမှုဖူလုံရေး ရရှိခွင့်
- အလုပ်လုပ်ကိုင်ပိုင်ခွင့်နှင့် အလုပ်လက်မဲ့ဖြစ်ခြင်းမှ အကာအကွယ် ရယူခွင့်
- အများပြည်သူရုံးပိတ်ရက်များတွင် လုပ်ခလစာ ခံစားလျက် နားနေခွင့်
- ထိုက်တန်သည့် အဆင့်အတန်းနှင့် နေထိုင်နိုင်ခွင့်
- ပညာရေး သင်ကြားပိုင်ခွင့်
- ယဉ်ကျေးမှုနှင့် သိပ္ပံပညာဆိုင်ရာ ဆောင်ရွက်ချက်များတွင် ပါဝင်ခွင့်နှင့် သိပ္ပံပညာဆိုင်ရာ၊ အနုပညာဆိုင်ရာ ဖန်တီးမှုများတွင် အကာအကွယ် ရရှိခံစားခွင့်

တတိယမျိုးဆက် လူ့အခွင့်အရေးများသည် စာနာရိုင်းပင်းကူညီမှုနှင့် ပတ်သက်သည်ဖြစ်ရာ လူသားချင်း ညီအစ်ကိုမောင်နှမသဖွယ် စည်းလုံးမှုတို့အတွက် ရည်ရွယ်သည့် အခွင့်အရေးများဖြစ်သည်။ ယင်းတို့တွင် အရှည် တည်တံ့သန့်ရှင်းသန့်စွမ်းသည့် ဝန်းကျင်တစ်ခု ရရှိခွင့်များ ပါဝင်သည်။ တစ်ဦးတစ်ယောက်ချင်းဆိုင်ရာ အခွင့်အရေးများထက် လူမှုဖွံ့ဖြိုးတိုးတက်မှုနှင့် စုဖွဲ့မှု အုပ်စုသင်းပင်းပြုမှုတို့အတွက် အခွင့်အရေးများဖြစ်သည်။ ယင်းတို့ကို UDHR အပိုဒ် ၂၈ နှင့် ၂၉ တို့အရ ချမှတ်ထားသည်။

tayif;vuef&m tcGifha&;rsm;EdkifiHEkwf;vuef&m tcGifha&;rsm;

လူ့အခွင့်အရေးသီဝရီအရ အပေါင်းလက္ခဏာအခွင့်အရေးများနှင့် အနုတ်လက္ခဏာ အခွင့်အရေးများ ဟု ခွဲခြားထားသည်။ အနုတ်လက္ခဏာအခွင့်အရေးဟူသည်မှာ မိမိ၏ ရပိုင်ခွင့်အခွင့်အရေးများ ထိပါးမခံရခြင်းဖြစ်သည်။ ဥပမာအားဖြင့် အစိုးရသည် မိမိ၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၊ မိမိရွေးချယ်ထားသူကို လက်ထပ်ခွင့် (သို့မဟုတ်) မိသားစုရရှိခွင့်တို့ကို မရပ်သိမ်းရချေ။ ပထမမျိုးဆက် အခွင့်အရေးများသည် လူတစ်ဦးချင်းစီက ရရှိအပ်သော လွတ်လပ်ခွင့်များကို နိုင်ငံတော်(အစိုးရ)က ထိပါးလာခြင်းမရှိစေရန် ကာကွယ်ထားရသည့် အနုတ်လက္ခဏာအခွင့်အရေးများဖြစ်သည်။ အပေါင်းလက္ခဏာ အခွင့်အရေးကမူ ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ဥပမာအားဖြင့် လူမှုဖူလုံရေး အထောက်အပံ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် နေရာတစ်နေရာတွင် နေထိုင်ပိုင်ခွင့်တို့ကို ဆိုလိုသည်။ ဒုတိယနှင့် တတိယမျိုးဆက် အခွင့်အရေးများမှာ အပေါင်းလက္ခဏာ အခွင့်အရေးများ ဖြစ်သည်။

em;vnfrvnfpdkif;q;y

အောက်ဖော်ပြပါအချက်များသည် လူ့အခွင့်အရေးနှင့်ပတ်သက်လျှင် မှားသလား၊ မှန်သလား၊ တွေးတောထင်မြင်ချက်ပေးစရာ ဖြစ်သလား။

(၁) ကလေးများသည် အရွယ်ရောက်ပြီးသူများနှင့် အခွင့်အရေးချင်းတူတူပင် ဖြစ်သည်။

(၂) ကျန်းမာရေးရရှိပိုင်ခွင့်သည် ပညာရေးရရှိပိုင်ခွင့်ထက် အရေးပိုကြီးသည်။

(၃) ကုလသမဂ္ဂတွင် ပါဝင်သောနိုင်ငံများသည် လူအားလုံးအတွက် လူ့အခွင့်အရေးများ ပိုမိုရရှိခံစားရစေရန် ကူညီအားပေးသင့်သည်။

(၄) အင်္ဂလန်ဘုရင်မကြီးသည် အမေရိကန်သမ္မတကြီးထက် လူ့အခွင့်အရေး ပိုမိုရရှိသည်။

(၅) နိုင်ငံသားတစ်ဦးသည် အသက် ၁၈ နှစ်အရွယ် ပြည့်မြောက်သည့်အချိန်မှစ၍ လူ့အခွင့်အရေးများကို ခံစားရရှိကြရမည်။

(၆) ကျွန်ပ်၏ကလေးကို သင်သတ်လျှင် သင့်ကလေးကိုလည်း ကျွန်ပ်သတ်ခွင့်ရှိသည်။
(၇) လူ့အခွင့်အရေးဥပဒေသည် အစိုးရများသို့သာ သက်ရောက်သည်။
(၈) ပထမမျိုးဆက်လူ့အခွင့်အရေးများသည် ဒုတိယမျိုးဆက် လူ့အခွင့်အရေးများထက်ပို၍ အရေးကြီးသည်။
(၉) UDHR ကို နိုင်ငံတကာဥပဒေတွင် တရားဝင်ထည့်သွင်းချုပ်ဆိုထားသည်။
(၁၀× ဒီဇင်ဘာလ ၁၀ ရက်နေ့သည် နိုင်ငံတကာ လူ့အခွင့်အရေးနေ့ဖြစ်သည်။

OHCHR ၏ အင်တာနက်စာမျက်နှာ www.ohchr.org ကို ဖတ်ရှုပြီး လူ့အခွင့်အရေးအကြောင်း ပို၍ လေ့လာနိုင်ပါသည်။

r&Sdk;

❒



Photo : UN - Greg Kinch

Internews
Local voices. Global change.

t ykd,f1? t cef,f2

pm&Cf,fpmwrf,fr,fr,fsm;ay:rS,ftYcCHpm&a&;

ပဋ္ဌာန်ဥပဒေစာရွက်စာတမ်းများ မည်သို့ပေါ်ပေါက်ခဲ့သည်၊ အခွင့်အရေးများနှင့် တာဝန်များသည် နိုင်ငံတော်၊ လူတစ်ဦးချင်းတို့နှင့် မည်သို့ဆက်နွယ်နေသည်ကို ဖော်ပြထားပါသည်။

pmcsKyfrsm;?uwdl0wfrsm;EkSyf#dm0frsm;

လူ့အခွင့်အရေးနှုန်းစံများကို နိုင်ငံတကာပဋ္ဌာန်ဥပဒေများ၊ သဘောတူစာချုပ်များနှင့် စာချုပ်များတွင် ချမှတ်ထားသည်။ (အစိုးရများက ကိုယ်စားပြုထားသည့်) နိုင်ငံအစိုးရများ၊ တစ်သီးပုဂ္ဂလလူပုဂ္ဂိုလ်များသည် မည်သို့ ပြုမူကျင့်ကြံသင့်ကြောင်း နိုင်ငံများအကြား သမားရိုးကျ သဘောတူညီမှုများ ရှိကြသည်။

နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူညီမှု စာချုပ်စာတမ်းများထဲမှ အများစုအတွက် တာဝန်ရှိသည့် အဖွဲ့အစည်းမှာ ကုလသမဂ္ဂအထွေထွေညီလာခံဖြစ်သည်။ စာချုပ်စာတမ်းတစ်ခုကို မူကြမ်းရေးဆွဲသည်နှင့်တစ်ပြိုင်နက် နိုင်ငံအစိုးရများသည် ယင်းကို သဘောတူညီရန်သာ ရှိသည်။ သို့သော် နိုင်ငံအစိုးရများအနေဖြင့် သဘောတူညီချက်များကို သဘောမတူမနေရ အခြေအနေမျိုးမှ မဟုတ်ချေ။ သို့သော် နိုင်ငံအစိုးရများက ယင်းသို့ သဘောတူလက်မှတ် ရေးထိုးသည်နှင့် ယင်းကို နိုင်ငံအစိုးရက လိုက်နာရန် ဥပဒေအာနိသင်ရှိသည်။

လူ့အခွင့်အရေး သဘောတူစာချုပ်အများစုတွင် လူ့အခွင့်အရေးကိုဖော်ပြနိုင်ရန် အောက်ပါပမာဏ ဝေါဟာရများကို အသုံးပြုကြသည်။

မွေးရာပါ - လူ့အခွင့်အရေးများသည် လူသားတိုင်းနှင့် ပင်ကိုသဘာဝအားဖြင့် (တစ်နည်း) မွေးရာပါသက်ဆိုင်သည်။

အားလုံးနှင့် ဆိုင်သော - လူတိုင်းတွင် တူညီသော အခွင့်အရေးများ ရှိကြသည်။

သွေဖည်ခြင်းမပြုနိုင်သော - ယင်းအခွင့်အရေးများကို (မျှတသည့် တရားစီရင်ရေးစနစ်အရ သတ်မှတ်ထားသည့် အခြေအနေအချို့မှအပ) ရုပ်သိမ်းမှုမပြုနိုင်။ ဥပမာအားဖြင့် တရားရုံးတစ်ခုက ရာဇဝတ်မှုဖြင့် အပြစ်ရှိသည်ဟု တွေ့ရှိထားပါက လွတ်လပ်စွာ သွားလာနေထိုင်ခွင့်ကို ကန့်သတ်နိုင်သည်။ သို့သော် တရားစစ်ဆေးရင်ဆိုင်ခြင်း မရှိဘဲ အကျဉ်းချခြင်းကမူ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းသာဖြစ်သည်။

ခွဲခြားခံစားစေခြင်းမပြုနိုင်သော - အခွင့်အရေးတစ်ခုနှင့် နောက်အခွင့်အရေးတစ်ခုတို့ကို ခွဲခြားခြင်း မပြုနိုင်ပါ။ အခွင့်အရေးတစ်ခုကို အခြားအခွင့်အရေးတစ်ခုထက် ဦးစားပေးခြင်းမျိုး မပြုနိုင်ပါ။ ဥပမာအားဖြင့် မျှတသည့် တရားရေး အဆုံးအဖြတ်ခံယူပိုင်ခွင့်နှင့် ပညာရေးရရှိပိုင်ခွင့်တို့သည် တန်းတူညီမျှသာ ဖြစ်သည်။ မျှတသည့် တရားရေး အဆုံးအဖြတ် ခံယူပိုင်ခွင့်သည် ပညာရေးရရှိပိုင်ခွင့်ထက် ပိုမိုအရေးကြီးသည်ဟု မဆိုနိုင်ချေ။

အပြန်အလှန်ဆက်နွယ်လျက်ရှိသော - လူ့အခွင့်အရေးများအားလုံးသည် အပြန်အလှန် ချိတ်ဆက်လျက်ရှိကြသည်။ အခွင့်အရေးများကို တူရာစုဖွဲ့မှုပြုနိုင်သည်။ သဘောတူစာချုပ်များစွာတို့သည် တူမျှသော အခွင့်အရေးများနှင့် ဘုံသဘောဆောင်သော အင်္ဂါရပ်များ၊ စည်းမျဉ်းများရှိကြသည်။

အပြန်အလှန်တည်မှီလျက်ရှိသော - အခွင့်အရေးများအားလုံးသည် အပြန်အလှန် တည်မှီလျက်ရှိသည်။ ဥပမာအားဖြင့် လွတ်လပ်စွာ မဲဆန္ဒပေးပိုင်ခွင့်သည် လွတ်လပ်စွာရွှေ့လျားသွားလာခွင့်ပေါ် မူတည်လျက်ရှိသည်။ ဘဝရှင်သန်ရပ်တည်ပိုင်ခွင့်သည်လည်း ကျန်းမာရေးစောင့်ရှောက်မှု ရရှိပိုင်ခွင့်တွင် မူတည်လျက်ရှိသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်သည် လွတ်လပ်စွာ သတင်းအချက်အလက် ရရှိပိုင်ခွင့်တွင် တည်မှီလျက်ရှိသည်။

E&kdwLumoabmwpmcsyfsm;EdkifiHa'owCÆoabmwpmcsyfsm;

ပဋ္ဌိညာဉ်စာတမ်းများ၊ သဘောတူစာချုပ်များသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည်အထိ ဖြစ်နိုင်သည်။ ဥပမာအားဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ဖျက်သိမ်းရေး သဘောတူစာချုပ်သည် နိုင်ငံတကာနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်တစ်ခုဖြစ်သည်။ သို့မဟုတ် ဒေသတွင်းချုပ်ဆိုသည့် သဘောတူစာချုပ်များလည်း ရှိသည်။ ဥပမာအားဖြင့် (ဘန်ကောပဋ္ဌိညာဉ်ဟုသိကြသော) အာဖရိကလူသားနှင့် ပြည်သူများ၏ အခွင့်အရေးများဆိုင်ရာ ပဋ္ဌိညာဉ်စာတမ်းသည် အာဖရိကတိုက်အတွင်းရှိ လူ့အခွင့်အရေးနှင့် လွတ်လပ်မှုတို့ကို တိုးမြှင့်ရန်နှင့် အကာအကွယ်ပေးရန် ချုပ်ဆိုခြင်းဖြစ်သည်။

(ပင်မဖြစ်သည့် နိုင်ငံတကာ သဘောတူစာချုပ်များနှင့် ဒေသတွင်း စာချုပ်များအကြောင်း အပိုင်း ၃၊ စာမျက်နှာ ၁၃ တွင် လေ့လာနိုင်သည်။)

vlwpfcHpdwfpD;yGm;&Sif;vkH;&Hkwf(Hpkdrsm;)\ tcGifha&;?wm0efrsm;EdkifiHwm0ef,lrsm;

လူ့အခွင့်အရေးများသည် နိုင်ငံအစိုးရများရော လူပုဂ္ဂိုလ်တစ်ဦးချင်းတို့အတွက်ပါ တာဝန်များနှင့် ဝတ္တရားများကို အပ်နှင်းသည်။ နိုင်ငံများ(အစိုးရများ)သည် ယင်းတို့၏ နိုင်ငံသားများကိုလည်းကောင်း၊ အခြားနိုင်ငံများမှ နိုင်ငံသားများကိုလည်းကောင်း လူ့အခွင့်အရေးနှင့်ပတ်သက်၍ နှောင့်ယှက်ခြင်း မပြုကြရချေ။ ယင်းတို့၏ နိုင်ငံသားများကို အခြားနိုင်ငံများ၊ အခြား လူ၊ လူပုဂ္ဂိုလ်အများတို့က လူ့အခွင့်အရေး အလွဲသုံးစား ပြုကျင့်မှုများမှလည်း ကာကွယ်ပေးရမည်ဖြစ်သည်။ လွန်စွာအရေးကြီးသည့်အချက်မှာ လူ့အခွင့်အရေးသဘောတူစာချုပ်များသည် နိုင်ငံသားများအားလုံးက လူ့အခွင့်အရေး၏အရသာကို ခံစားနိုင်ကြစေရန် အပြုသဘော ပြုလုပ်ဆောင်ရွက်ပေးပါမည်ဟု အာမခံကတိခံခြင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ လိုအပ်ပါက ယင်းတို့၏ နိုင်ငံတော်အဆင့်ဥပဒေရေး စနစ်ယန္တရားကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲပေးပါမည်ဟု ဆိုလိုခြင်းလည်းဖြစ်သည်။ လူပုဂ္ဂိုလ်များသည် ယင်းတို့၏ တစ်သီးပုဂ္ဂလအနေဖြင့် ဖြစ်စေ၊ ဖွဲ့စည်းသင်းပင်းတစ်ခုတွင် ပါဝင်သည်ဖြစ်စေ

အခြားသူများ၏ လူ့အခွင့်အရေးကို အလေးထားရမည်။ အခြားသူများ၏ ရပိုင်ခွင့်များကို စွက်ဖက်နှောင့်ယှက်ခြင်း၊ ချိုးဖောက်ခြင်းများ မပြုလုပ်ကြရချေ။

vlYcifha&;EkdifwuumOya'rsm;

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများသည် လူ့အခွင့်အရေးများကို ကာကွယ်ပေးရန်နှင့် မြှင့်တင်ရန် တည်ဆောက်ထားသော ဥပဒေအဆောက်အအုံတစ်ရပ်ဖြစ်သည်။ နိုင်ငံ(အစိုးရ)များက လူ့အခွင့်အရေးနှင့် ပတ်သက်လျှင် လိုက်နာရမည့်အချက်များကို ယင်းနိုင်ငံတကာဥပဒေများတွင် ချမှတ်ထားသည်။ သဘောတူညီချက် စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးခြင်းအားဖြင့် ထိုသဘောတူစာချုပ်အတိုင်း လိုက်နာပါမည်ဟု ထိုနိုင်ငံက သဘောတူခြင်း ဖြစ်သည်။ သို့ဖြစ်ရာ သဘောတူစာချုပ်ပါ လူ့အခွင့်အရေးများကို ပြည့်ဝစွာ ရရှိခံစားရစေရန်အတွက် ဥပဒေအရ ဝတ္တရားရှိကြောင်း၊ လေးစားလိုက်နာ ကာကွယ်ပေးမည် ဖြစ်ကြောင်း သဘောတူခြင်းဖြစ်သည်။

ဗာတီကင်မှအပ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး အဓိကလူ့အခွင့်အရေး သဘောတူစာချုပ်များအနက်မှ အနည်းဆုံးတစ်ခုကို ပဏာမ (သို့မဟုတ်) အတည်ပြု လက်မှတ်ရေးထိုးကြပြီး ဖြစ်လျက်ရှိကြသည်။ နိုင်ငံများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် အဓိက သဘောတူစာချုပ်ပေါင်း လေးခုနှင့်အထက် ပဏာမ သို့မဟုတ် အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်သည်။

Ekdifwif&Sd vlYcifha&;Oya'rsm;

နိုင်ငံတကာ သဘောတူစာချုပ်တစ်ခုကို နိုင်ငံတစ်ခုက လက်မှတ်ရေးထိုးလိုက်သည်နှင့် ယင်းနိုင်ငံ အစိုးရသည် စာချုပ်ပါ စံချိန်စံနှုန်းများနှင့် လျော်ညီသည့် နိုင်ငံတွင်း ဥပဒေစနစ်ယန္တရားတစ်ရပ်ဖြစ်စေရန် ဆောင်ရွက်ပါမည်ဟု အာမခံကတိပေးခံလိုက်ခြင်း ဖြစ်သည်။

ဥပမာအားဖြင့် CEDAW ကို လက်မှတ်ရေးထိုးထားသော နိုင်ငံတစ်ခုသည် နိုင်ငံတွင်းချမှတ်ထားသည့် မည်သည့်ဥပဒေကမှ အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်းမပြုရန် အာမခံရမည်ဖြစ်သည်။ ထို့ပြင် လူမှုလိင် တန်းတူညီမျှဖြစ်မှုကို မြှင့်တင်နိုင်မည့် အပြုသဘောဆောင်ရွက်ချက်များကိုလည်း ပြုလုပ်ရပေမည်။

နိုင်ငံများစွာတို့သည် ယင်းတို့၏ ဖွဲ့စည်းပုံဥပဒေများတွင် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကို ထည့်သွင်းထားကြသည်။ သို့မဟုတ်ပါကလည်း နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် လိုက်လျောညီထွေ ဖြစ်မည့် ဖွဲ့စည်းပုံဥပဒေ ပြောင်းလဲမှုများနှင့် ဥပဒေပြင်ဆင်မှုများကို ပြုလုပ်ခဲ့ကြသည်။

နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့် လျော်ညီမှုရှိရန်အတွက် နိုင်ငံများအနေဖြင့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် မဖြစ်မနေ လိုအပ်သည်တော့ မဟုတ်ချေ။ အချို့သောနိုင်ငံများသည် လူ့အခွင့်အရေး သဘောတူစာချုပ်တစ်ရပ်ရပ်ကို လက်မှတ်ရေးထိုးထားခြင်း မရှိသည့်တိုင် ယင်းတို့၏ ဖွဲ့စည်းပုံဥပဒေများနှင့် အခြားဥပဒေများကို လူ့အခွင့်အရေးစံနှုန်းများ ထည့်သွင်းထားကြသည်။

tzGJUEkdifhwif;\ wmOef

- **လေးစားလိုက်နာရန်** - မည်သူမဆို လူ့အခွင့်အရေး ခံစားမှုများမှ ယုတ်လျော့စေမည့် အပြုအမူများကို ကြီးငယ်မဟူ ပြုလုပ်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရန်
- **အကာအကွယ်ပေးရန်** - လူ့အခွင့်အရေးချိုးဖောက်မှုများကို တတိယအင်အားစုများမှ ကာကွယ်တားဆီးရန်
- **ဖြည့်ဆည်းဆောင်ရွက်ရန်** - လူ့အခွင့်အရေးသဘောတူစာချုပ်များတွင် အသိအမှတ်ပြုထားသော အခြေခံလိုအပ်ချက်များ ကျေနပ်သည့်အထိ ခံစားရရှိနိုင်မည့် အခွင့်အလမ်းများကို ပြည်သူများ အမှန်တကယ်

ရရှိစေမည့် ဆောင်ရွက်ချက်များ ပြုလုပ်ရန်

tjyKoabmaqmif&Gufrsm;

လူ့အခွင့်အရေးစံနှုန်းများနှင့် သဘောတူစာချုပ်များအရ နိုင်ငံအစိုးရများသည် နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို ခံစားရနိုင်သည့် ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်သည့် အတိုင်းအတာအထိ အပြုသဘော ဆောင်ရွက်ချက်များ ပြုလုပ်ရန်လိုအပ်သည်။ ဆိုလိုသည်မှာ နိုင်ငံသားများ၏ အခွင့်အရေးများနှင့်ပတ်သက်လျှင် အစိုးရ၏ ဩဇာအာဏာကိုပင် ကန့်သတ်ကျင့်သုံးရမည် ဖြစ်သည်။

vlYcGJa&;EdkifiHyGJ

လူတစ်ဦးတစ်ယောက်ချင်းနှင့် ပါဝါတည်ဆောက်မှုပုံစံ (အထူးသဖြင့် အစိုးရ) ကြားမှ ဆက်ဆံရေးကို လူ့အခွင့်အရေးများက သတ်မှတ်ဖွင့်ဆိုထားသည်။ ဥပမာအားဖြင့် နိုင်ငံတော်အာဏာဖြင့် မီဒီယာများကို ကန့်သတ်ထားပါက ယင်းကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အားဖြင့် လူ့အခွင့်အရေးက ပြန်လည်ကန့်သတ်ထားသည်။

[လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်၍ စာမျက်နှာ ၄၉ တွင် ဖတ်ရှု]

oabmwpmcsyfb,fvkwfrnfvJ

လူ့အခွင့်အရေး ပဋ္ဌာန်းစာတမ်း၊ ကတိကဝတ်စာချုပ် သို့မဟုတ် သဘောတူစာချုပ် အများစုသည် ဆင်တူပုံစံအတိုင်း ရေးသား ဖွဲ့စည်းထားကြခြင်း ဖြစ်သည်။ ယင်းတို့၌ အစဉ်အလာအားဖြင့်...

အချီးတွင် စာချုပ်ဖြစ်ပေါ်လာပုံကို ရှင်းလင်းထားပြီး အဓိက ရည်ရွယ်ချက်များနှင့် အချက်အလက်များကို ဖော်ပြထားသည်။ (စာကိုယ်)အပိုဒ်များတွင် စာချုပ်ပါ သဘောတူအခွင့်အရေးများကို ဖော်ပြသည်။ အပိုဒ်များကို အဓိကအားဖြင့်...

(က) အခွင့်အရေးစာရင်း

(ခ) မည်သို့ အကောင်အထည်ဖော်၊ စောင့်ကြည့်ကြည့်ရှုရမည်ဟူသည့် ဖော်ပြချက်နှင့်

(ဂ) စာချုပ်ကို မည်သို့ လက်မှတ်ရေးထိုးနိုင်ပုံ၊ မည်သို့ပြင်ဆင်နိုင်ပုံ ရှင်းလင်းချက်ဟု အပိုင်းသုံးပိုင်းခွဲခြားနိုင်သည်။

စာချုပ်လက်မှတ်ရေးထိုးသူများအပိုင်းအရ သဘောတူစာချုပ်သည် အစိုးရအဖွဲ့အစည်းများမှ ကျင့်သုံးကြပြီး မည်သူမဆိုပါဝင်လက်မှတ်ရေးထိုးနိုင်ရန် လမ်းဖွင့်ထားသည်။ လုံလောက်သည့်နိုင်ငံများမှ လက်မှတ်ရေးထိုးပြီးလျှင် သဘောတူစာချုပ်သည် စတင်အသက်ဝင်သည်။

vufwGif&;xkdifESifhtzGJESifhtzpfa&mufcGif;

နိုင်ငံများသည် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး၊ အတည်ပြုပြီး အဖွဲ့ဝင်နိုင်ငံဖြစ်နိုင်သည်။ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး၊ အတည်ပြုပြီး အဖွဲ့ဝင်နိုင်ငံဖြစ်လာသောနိုင်ငံများကို "စာချုပ်အဖွဲ့ဝင်နိုင်ငံများ"အဖြစ် သတ်မှတ်သည်။ စာချုပ်ကိုလက်ခံသည့် အဖွဲ့ဝင်နိုင်ငံများအစုအဖွဲ့ဟု အဓိပ္ပာယ်ရသည်။ တစ်နည်းပြောရလျှင် ထိုနိုင်ငံများသည် စာချုပ်ပါ အပိုဒ်များအတိုင်း ဥပဒေအာဏာ သက်ရောက်သည်ဟု သဘောတူရာရောက်သည်။

EkdifHwl;uoabmwhcufrsm;vufcykH

နိုင်ငံအစိုးရအများစုအနေဖြင့် စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်လာစေမည့် အစဉ်အလာနည်းလမ်းမှာ

ယင်းစာချုပ်ကို ပဏာမလက်မှတ်ရေးထိုးလိုက်ခြင်းပင် ဖြစ်သည်။ သို့သော် လူ့အခွင့်အရေး သဘောတူစာချုပ် အများစုမှာ နိုင်ငံပေါင်းစုံ (နိုင်ငံသုံးနိုင်ငံနှင့် အထက်တို့ကြား) ပါဝင်ချုပ်ဆိုထားကြခြင်းဖြစ်ပြီး ယင်း သဘောတူချက်ကို ပါဝင်ချုပ်ဆိုရန် လမ်းဖွင့်ထားဆဲဖြစ်သည်။

သို့သော် အချို့သဘောတူစာချုပ်များမှာမူ သတ်မှတ်နေ့ရက်ကာလတစ်ခုအထိသာ ထိုသို့ လမ်းဖွင့် ထားခြင်းဖြစ်သည်။ ထိုရက်သတ်မှတ်ကာလကို ကျော်လွန်သည်နှင့် ပဏာမလက်မှတ်ရေးထိုးရန်၊ စာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်ရန်၊ စာချုပ်အတိုင်း အတည်ပြုကျင့်သုံးရန် မဖြစ်နိုင်တော့ချေ။

ရိုးရှင်းသော ပဏာမလက်မှတ်ရေးထိုးမှု။ ။ နိုင်ငံစုံပါဝင်သော သဘောတူစာချုပ်များသည် အစဉ်အလာအားဖြင့် ရိုးရှင်းသော ပဏာမလက်မှတ်ရေးထိုးမှုဖြင့်ပင် ပြီးမြောက်သည်။ ဆိုလိုသည်မှာ ပဏာမ လက်မှတ်ရေးထိုးမှုအရ ဥပဒေအဖြစ် အတည်ပြုကျင့်သုံးခြင်း၊ လက်ခံခြင်းကို ဆိုလိုသည်။ ရိုးရှင်း သည့် ပဏာမလက်မှတ်ရေးထိုးမှုဆိုသည်မှာ နိုင်ငံအစိုးရတစ်ရပ်သည် ယင်းသဘောတူစာချုပ်အတိုင်း နောင်တွင် ကျင့်သုံးလိုက်နာပါမည်ဟု သဘောတူရန် ရည်သန်ခြင်း ဖြစ်သည်။

ရိုးရှင်းသည့် ပဏာမလက်မှတ်ရေးထိုးမှု ပြုလုပ်ခြင်း ရည်ရွယ်ချက်မှာ လွတ်တော်လုပ်ငန်းစဉ်များကို ဖြတ်သန်းခြင်း၊ နိုင်ငံသားတို့၏ ဆန္ဒခံယူခြင်း၊ သဘောတူစာချုပ်နှင့်ကိုက်ညီရန် လိုအပ်သည့် ဥပဒေများကို အတည်ပြုခြင်းတို့ကဲ့သို့ နိုင်ငံတော်အဆင့် အတည်ပြုနိုင်မည့် အခြေအနေတစ်ခု ရောက်ရှိနိုင်ရန် နည်းလမ်း ရှာဖွေမှုအတွက် အချိန်ပေးခြင်းလည်းဖြစ်သည်။ ပဏာမလက်မှတ်ရေးထိုးခြင်းနှင့် အတည်ပြုခြင်းတို့အကြား ကာလတွင် ယင်းနိုင်ငံအစိုးရသည် သဘောတူစာချုပ်ပါ အချက်များကို ချိုးဖောက်ခြင်းမပြုရချေ။

twnfjyvufwdkif&;xkdif;vufcHk;Hk; twnfjycifESpfzufwdkif;zpfcif;

ဤဝေါဟာရများအားလုံးသည် အဓိပ္ပာယ်အားဖြင့် များစွာ ကွာခြားခြင်း မရှိကြချေ။ ယင်းတို့သည် အတည်ပြုမှုနှင့် နောက်ဆုံးသဘောတူညီချက် ရရှိရေးအတွက် ပါဝင်သည့်အဆင့်ဆင့်ဖြစ်သည်။ ဤလုပ်ငန်း စဉ်များသည် ရိုးရှင်းသော ပဏာမ လက်မှတ်ရေးထိုးမှု၏ နောက်ဆက်တွဲလုပ်ငန်းများပင် ဖြစ်သည်။ နိုင်ငံတစ်ခုသည် သဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးခြင်း၊ လက်ခံခြင်း၊ အတည်ပြုခြင်း တို့ကို ဆောင်ရွက်လိုက်သည်နှင့် သို့မဟုတ် သဘောတူစာချုပ်အတိုင်း လိုက်နာမည်ဟု ကုလသမဂ္ဂအထွေ ထွေအတွင်းရေးမှူးအား အသိပေးလိုက်သည်နှင့် သဘောတူစာချုပ်သည် ယင်းနိုင်ငံသို့ ဥပဒေအာနိသင် သက်ရောက်သည်။

a&;G,fjyEkdifonfaemufqufwpfcsdyfrsm;

မူရင်း သဘောတူစာချုပ်တွင် နောက်ထပ်အပိုဒ်သစ်များ ဖြည့်စွက်ခြင်း သို့မဟုတ် မူရင်းသဘောတူ စာချုပ်နှင့် စပ်ဆိုင်လျက်ရှိသော ဥပဒေရေးသားချက်များလည်း ရှိသည်။ ထို ရွေးချယ်ခြင်းပြုနိုင်သည့် နောက် ဆက်တွဲစာချုပ်များသည် မူရင်းသဘောတူစဉ်က ကြွင်းကျန်ရစ်သောကြောင့်ဖြစ်စေ၊ နောင်အလေးထား ဖွယ် ဖြစ်လာသောကြောင့်ဖြစ်စေ ပေါ်ပေါက်လာရသည်။ ယင်းတို့ကို "ရွေးချယ်မှုပြုနိုင်သည်"ဟု ဆိုရ ခြင်းမှာ မူလစာချုပ်လက်မှတ်ရေးထိုးအတည်ပြုထားသည့် အဖွဲ့ဝင်နိုင်ငံများအတွက် အလိုအလျောက် ဥပဒေအာနိသင် မဖြစ်ခြင်းကြောင့်ဖြစ်သည်။ ရွေးချယ်နိုင်သည့် နောက်ဆက်တွဲစာချုပ်တစ်ခုကို လက်ခံ ကျင့်သုံးလျှင် ယင်းနိုင်ငံ(အစိုးရ)သည် မူလ လက်မှတ်ရေးထိုးထားခဲ့သည်ဖြစ်စေ၊ မရေးထိုးခဲ့သည်ဖြစ် စေ လွတ်လပ်စွာ သဘောတူညီနိုင်သည်။

အစဉ်အလာအားဖြင့် မူရင်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုး အတည်ပြုခဲ့ပြီး နိုင်ငံများက အဆိုပါ ရွေးချယ်နိုင်သည့် နောက်ဆက်တွဲစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခြေ ပိုများသည်။ သို့သော် ခြွင်းချက်များလည်း ရှိသည်သာဖြစ်သည်။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၏ ရွေးချယ်နိုင်သော နောက်ဆက်တွဲစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံမဟုတ်သော နိုင်ငံများမှလည်း အတည်ပြုလက်

မှတ်ရေးထိုးနိုင်ပြီး အဖွဲ့ဝင်နိုင်ငံဖြစ်လာခွင့်ရှိစေရန် ခွင့်ပြုထားသည်။ ဥပမာအားဖြင့် အမေရိကန်သည် ကလေးသူငယ်အခွင့်အရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး အတည်ပြုခဲ့ခြင်း မရှိသော်လည်း ရွေးချယ်နိုင်သည့် နောက်ဆက်တွဲစာချုပ်ကို အတည်ပြုလက် မှတ်ရေးထိုးခဲ့သည်။

tmPmoufa&mufcif;

သဘောတူစာချုပ်များ သို့မဟုတ် နောက်ဆက်တွဲစာချုပ်များသည် စာချုပ်ပါအချက်များအတိုင်း အကောင်အထည်ဖော်ခြင်း၊ လိုက်လျောညီထွေခြင်း ရှိ၊ မရှိ စောင့်ကြပ်စစ်ဆေးနိုင်စေမည့် ချိုးဖောက်မှုများနှင့်ပတ်သက်၍ တိုင်တန်းချက်များကို လက်ခံစစ်ဆေးပေးမည့် အဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းများကို ပုံဖော်ထူထောင်ပေးသည်။ ထိုသဘောတူစာချုပ် အခြေခံကော်မတီများသည် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အရံအင်္ဂါအစိတ်အပိုင်းများလည်း ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများသည် ယင်းတို့၏ ဆုံးဖြတ်ချက်များနှင့် တိုက်တွန်းချက်များအတိုင်း လိုက်နာကြစေရန် အာဏာသက်ရောက်နိုင်စွမ်းမရှိကြသော်လည်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လိုက်နာရန်ရှိနေသော ဝတ္တရားကြောင့် မဟုတ်ဘဲ သံတမန်ရေးရာ ဆောင်ရွက်မှုများ၏ အကျိုးရလဒ်ကြောင့်ဖြစ်စေ၊ သို့မဟုတ် လိုက်နာခြင်းမရှိသည့်အတွက် ခြိမ်းခြောက်ခံရခြင်း၊ အရှက်ရခြင်းတို့ကို ရှောင်ရှားလို၍ဖြစ်စေ လိုက်နာကြရသည်။

ရံဖန်ရံခါတွင် တိုင်တန်းချက်များနှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများအပေါ် အဆုံးအဖြတ်ပေးနိုင်သည့် ဒေသတွင်း (သို့မဟုတ်) နိုင်ငံတကာခုံရုံးသို့ တင်ပို့ကြသည်။

လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပထမဆုံးရွေးချယ်ကြသည်မှာ နိုင်ငံတွင်း ဥပဒေစနစ်ယန္တရားအပေါ် ကိုင်တွယ်ဖြေရှင်းမှုဖြစ်သည်။ တိုင်တန်းသည့် အဖွဲ့ဝင်နိုင်ငံများသည် ပြည်တွင်းအဖြေရှာ ဖြေရှင်းမှုများကို အကဲခတ်ပြီးနောက်မှ နိုင်ငံတကာအဖွဲ့အစည်းများသို့ ဖြေရှင်းပေးရန် အကူအညီတောင်းခံကြသည်။ သို့သော် အဖြစ်အပျက်အများစုတွင် နိုင်ငံတွင်း တုံ့ပြန်ဖြေရှင်းမှုများမှာ လုံလောက်ခြင်းမရှိဘဲ ပြင်ဆင်မှုများ ပြုလုပ်ရန်လည်း မဖြစ်နိုင်ဘဲ ရှိနေတတ်သည်။ ထိုသို့ကြုံရပါက နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကုစားနိုင်ရန်အတွက် အထူးနည်းလမ်းတစ်ခုခုကို ပြုလုပ်ပေးရသည်။

rSwfpk&m;

❒

Photo : UN

Internews
Local voices. Global change.

t ykd,f1? t cef,f3

t"d vlYcGHa&; oabmwpmcsKyfsm;

ဤအခန်းတွင် ကမ္ဘာတစ်ဝန်း လူ့အခွင့်အရေး စံနှုန်းများအတွက် အခြေခံချမှတ်ပေးသည့် စာချုပ်စာတမ်းများအကြောင်း မိတ်ဆက်တင်ပြထားပါသည်။

tjynjfynfqkdm vlYcGHa&; alunmpmwrf

(အပိုင်း ၁ တွင် ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်ပြီး အခြေခံကျသည့် ပထမဆုံးသော လူ့အခွင့်အရေးများ ဖြစ်သည်။ ယင်းသည်ပင်လျှင် နိုင်ငံတကာသဘောတူစာချုပ် ၆၀ ကျော်တို့၏ အခြေခံဖြစ်ပြီး လူ့အခွင့်အရေးနှင့်ပတ်သက်လျှင် တစ်ကမ္ဘာလုံးအတွက် စံချိန်စံညွှန်းတစ်ရပ်လည်းဖြစ်သည်။ သို့သော် ယင်းသည် သဘောတူစာချုပ်တော့ မဟုတ်ချေ။ အခြေခံရမည့်မူဘောင်များကို ဖော်ပြထားသည့် ကြေညာချက်စာတမ်းတစ်ခုဖြစ်ပြီး ဥပဒေအာနိသင်မရှိချေ။

EkdifwLum&ykdifGHm;

၁၉၄၈ ခုနှစ်တွင် UDHR ကို ထုတ်ပြန်နိုင်ခဲ့သည့်နောက်ပိုင်း လူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံရေး၊ နိုင်ငံသားအခွင့်အရေးများနှင့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်သည့် သဘောတူညီချက်များကို မူကြမ်းရေးသားပြုစုနိုင်ရန် အာရုံစိုက်ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က ပြုစုခဲ့သည့် သဘောတူညီချက်နှစ်ခုမှာ...

- နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ နိုင်ငံတကာ သဘောတူစာချုပ် (ICCPR) နှင့်
- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ နိုင်ငံတကာသဘောတူစာချုပ်(ICESCR) တို့ဖြစ်သည်။

ကျဆင်းစပြုခဲ့ပြီးဖြစ်သည့်တိုင် အမြစ်မပြတ်သေးသည့် ကိုလိုနီခေတ်ကာလ ဖြစ်သောကြောင့် လူမျိုးရေးနှင့် မျိုးနွယ်စုတို့အား ခွဲခြားဆက်ဆံမှုများ ရှိနေခဲ့ပြီး ထိုသဘောတူစာချုပ်နှစ်ခုမှာ အငြင်းပွားဖွယ်ဖြစ်ခဲ့ရသည်။ ထိုအခွင့်အရေးများကို ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအကြား သဘောတူလာရန် နှစ်ပေါင်း ၂၀ နီးပါးခန့် ကြိုးပမ်းခဲ့ရသည်။

UDHR ကို ထုတ်ပြန်ခဲ့ပြီး နောက်ထပ် ၁၈ နှစ်ကြာသည့်နောက် ၁၉၆၆ တွင် ထိုသဘောတူစာချုပ်များကို အတည်ပြုနိုင်ခဲ့သည်။ ထို့နောက် လုံလောက်သည့် နိုင်ငံများမှ လက်မှတ်ရေးထိုးကြရန် နောက်ထပ်ဆယ်နှစ် ထပ်မံကြာမြင့်ခဲ့ပြီး ၁၉၇၆ ခုနှစ်ရောက်မှသာ အာဏာစတင်သက်ရောက်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအပြင် ယင်းပဋ္ဌာန်းနှစ်ရပ်ဖြစ်သည့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ နိုင်ငံတကာသဘောတူစာချုပ် (ICCPR) နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ နိုင်ငံတကာသဘောတူစာချုပ် (ICESCR)တို့ကို ပေါင်းစပ်လိုက်ပါက နိုင်ငံတကာအခွင့်အရေးများ ထုတ်ပြန်ကြေညာချက်ဟု ဆိုနိုင်မည်ဖြစ်ပေသည်။

Ekwfom;EdkifiHkwpfckqdkif&m tcGifhaq&;rsm;Ekwfwlu oabmwpfcsdyf

ICCPR အရ နိုင်ငံများသည် ပြည်သူများအားလုံး၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်၊ ဘဝရှင်သန်ရပ်တည်ပိုင်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ဘာသာကိုးကွယ်ခွင့်၊ လွတ်လပ်စွာ စုရုံးခွင့်၊ မဲပေးခွင့်၊ တရားမျှတသည့် တရားစီရင်မှု ရရှိခွင့်တို့ အပါအဝင် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို လေးစားလိုက်နာကြရမည် ဖြစ်သည်။ သဘောတူစာချုပ်တစ်ရပ်အနေဖြင့် ICCPR သည် နိုင်ငံတကာ ဥပဒေတွင် ဥပဒေအာနိသင်ရှိသည်။ ယင်းတို့သည် ပထမမျိုးဆက်အခွင့်အရေးများ ဖြစ်ကြသည်။ သဘောတူစာချုပ်ကို လူ့အခွင့်အရေးကော်မတီက စောင့်ကြပ်ကြည့်ရှုရန်ဖြစ်သည်။ ICCPR ပါ အဓိကအပိုဒ်များကို စာမျက်နှာ ၁၃၉ တွင် လေ့လာနိုင်သည်။

pyfwpfcsdefcGifhaq&;?vrlaq&;EdkifiHOfus;rsm;tcGifhaq&;rsm;Ekwfwlu oabmwpfcsdyf

ICSECR အရ နိုင်ငံများသည် တစ်ဦးချင်းသော လူပုဂ္ဂိုလ်တို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုအခွင့်အရေးများထဲတွင် အလုပ်သမားအခွင့်အရေးများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်၊ ပညာရေးရရှိပိုင်ခွင့်၊ ထိုက်တန်သည့် လူ့အဆင့်အတန်းနှင့် နေထိုင်နိုင်ခွင့်တို့ အပါအဝင်ဖြစ်သည်။ ယင်းတို့မှာ ဒုတိယမျိုးဆက်အခွင့်အရေးများ ဖြစ်သည်။

ဤသဘောတူစာချုပ်ကို စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ကော်မတီက စောင့်ကြည့်ကြပ်မတ်ရသည်။ ICSECR ပါ အဓိကအပိုဒ်များအနှစ်ချုပ်ကို စာမျက်နှာ ၁၄၂ တွင် ဖတ်ရှုနိုင်သည်။

nDyefEdkifiHwpfckqdkif&m&ufufyHkrsm;jzpfonfvrqefaom (odkYwf) EdkifiHaom jyKvkyfrI (odkYwf) tjypfay;rsm;tcGifhaq&;rsm;oabmwpfcsdyf (CAT)

CAT နှင့် ယင်း၏ နောက်ဆက်တွဲစာချုပ်များတို့သည် ကမ္ဘာတစ်ဝန်းရှိ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်စွာကျင့်ကြံပြုမူမှုများကို ဥပဒေနှင့်မညီကြောင်းသတ်မှတ်သည်။ ယင်းသည် သဘောတူစာချုပ်တစ်ရပ် ဖြစ်သည့်အပြင် နိုင်ငံတကာဥပဒေတစ်ရပ်အဖြစ်လည်း ဥပဒေအာဏာသက်ရောက်သည်။

ယင်းသဘောတူစာချုပ်နှင့် ပတ်သက်၍ ညှဉ်းပန်းနှိပ်စက်မှုများ တိုက်ဖျက်ရေးကော်မတီက

စောင့်ကြည့်ကြပ်မတ်သည်။ CAT ၏ အဓိက အပိုဒ်များအနှစ်ချုပ်ကို စာမျက်နှာ ၁၄၄ တွင် လေ့လာနိုင်သည်။

roeftwGif;oltcGifha&;rsm;qkdkufoabmwpfcsufyf (CRPD)

CRPD သည် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာများကို ကာကွယ်သည်။ ယင်းတွင် ဥပဒေအာနိသင်ရှိပြီး စာချုပ်အဖွဲ့ဝင်နိုင်ငံများက ဥပဒေအောက်တွင် မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးနှင့်တန်းတူ ညီတူမှု အပြည့်အဝပေးရန် ဆောင်ရွက်ရမည်ဖြစ်သည်။

သဘောတူစာချုပ်ကို မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကော်မတီက စောင့်ကြည့်ကြပ်မတ်သည်။ CRPD ပါ အဓိက အပိုဒ်များအနှစ်ချုပ်ကို စာမျက်နှာ ၁၄၆ တွင် လေ့လာနိုင်သည်။

uav;ol , ftcGifha&;rsm;qkdkufoabmwpfcsufyf (CRC)

CRC သည် ကမ္ဘာပေါ်တွင် အကျယ်ပြန့်ဆုံး လက်မှတ်ရေးထိုးခြင်းခံရသည့် သဘောတူစာချုပ်တစ်ခုဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဆိုမာလီယာတို့မှအပ ကုလသမဂ္ဂအထွေထွေညီလာခံ၏ အဖွဲ့ဝင်နိုင်ငံများအားလုံး၏ ထောက်ခံမှုကိုရရှိသည်။ အခြားသဘောတူစာချုပ်များပေါ်တွင် အခြေတည်ရေးဆွဲထားသော CRC သည် အခြားစာချုပ်များပါ ကလေးသူငယ်များ၏ အခွင့်အရေးများကို တစ်စုတစ်စည်းတည်း ဖော်ပြထားခြင်းလည်းဖြစ်သည်။ ဤနည်းဖြင့် လူတိုင်းနိုင်ငံတိုင်းသည် ကလေးများအပေါ် မည်သို့ သဘောထားရှိရမည်ကို လမ်းညွှန်လျက်ရှိသည်။ CRC မူများသည် ကလေးသူငယ်များနှင့် အရွယ်ရောက်သူများသို့ပါ သက်ရောက်သည်။ ကလေးသူငယ်ဟု ဆိုရာတွင် အသက် ၁၈ နှစ်မတိုင်မီအထိ လူငယ်များကို သတ်မှတ်ခြင်းဖြစ်ကာ CRC အရ လူနည်းစုလူမျိုးစုများတွင် အပါအဝင်ဖြစ်သော ကလေးသူငယ်များကို အထူးဂရုတစိုက် ထည့်သွင်းပေးထားသည်။

မိသားစုများသည် ကလေးသူငယ်များအတွက် ဂရုစိုက်မှုနှင့် တာဝန်ခံမှုတို့ ရှိရမည့် အခြေခံကျသော အဖွဲ့အစည်းငယ်များ ဖြစ်သည်ဟု CRC က အသိအမှတ်ပြုသည်။ နိုင်ငံအစိုးရများနှင့် ကလေးသူငယ်များကို ထိန်းသိမ်းပျိုးထောင်ရသူများသည် ကလေးများ၏ အကောင်းဆုံးသော အကျိုးစီးပွားများအတွက် အမြဲဆောင်ရွက်ကြရမည် ဖြစ်ကြောင်း CRC တွင် ဖော်ပြထားသည်။ သဘောတူစာချုပ်တစ်ရပ်ဖြစ်သော CRC သည် နိုင်ငံတကာ ဥပဒေတစ်ရပ်အဖြစ်လည်း ဥပဒေအာနိသင်ရှိသည်။

ဤသဘောတူစာချုပ်ကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီက စောင့်ကြည့်ကြပ်မတ်ရသည်။ CRC ပါ အဓိကအပိုဒ်များ၏ အနှစ်ချုပ်ကို စာမျက်နှာ ၁၅၀ တွင် လေ့လာနိုင်သည်။

vlrsufa&;cifqkdkufEkdifwkufoabmwpfcsufyf (ICERD)

ICERD သည် လူမျိုးရေးခွဲခြားဖိနှိပ်မှုများကို လက်ခံခြင်းမရှိ၊ ပြစ်တင်ရှုတ်ချသည်။ ထူးကဲသော လူမျိုးရေးအုပ်စု၊ မျိုးနွယ်စုများ၏ တိုးတက်မှုရရှိရေးအတွက် အာမခံမှုရရှိစေရန် ဤစာချုပ်က အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းသည်။ လူမျိုးရေးအရသာလွန်ကြီးမြတ်မှု သို့မဟုတ် လူမျိုးရေးအမုန်းပွားမှုတို့ကို အခြေခံကာ ဥပဒေဖြင့် အပြစ်ပေးခြင်းပြုသည့် အယူအဆများ ပြန့်နှံ့နေခြင်းကို ရှုတ်ချသည်။ သဘောတူညီချက်တစ်ရပ်အနေဖြင့်လည်းကောင်း၊ နိုင်ငံတကာဥပဒေတစ်ရပ်အဖြစ်လည်းကောင်း ဥပဒေအာနိသင်သက်ရောက်မှုရှိသည်။

ဤသဘောတူစာချုပ်ကို လူမျိုးရေးခွဲခြားဖိနှိပ်မှုများ ပယောက်ရေးကော်မတီက စောင့်ကြည့်ကြပ်မတ်သည်။ စာချုပ်ပါ အဓိက အပိုဒ်များ၏ အနှစ်ချုပ်ကို စာမျက်နှာ ၁၅၄ တွင် ဖော်ပြထားသည်။

trsKd;orD;D;tm;enf;rsKd;pkHk;&Gufu,HkwGm; zsufcdk&;oabmwpmcsKyf(CEDAW)

CEDAW သည် အမျိုးသမီးများ၏ တန်းတူညီတူရှိမှုကို မြှင့်တင်ပြီး တစ်ကိုယရေဘဝအပိုင်း အခြားနှင့် အများပြည်သူနှင့်ထိစပ်သည့် ဘဝအပိုင်းအခြားတို့တွင် တန်းတူညီတူရှိမှုတို့ကို သေချာပေါက်ရရှိစေရန် နိုင်ငံ(အစိုးရ)များက ဆောင်ရွက်ကြရရန်ဖြစ်သည်။ သဘောတူစာချုပ်တစ်ရပ်ဖြစ်သည့် CEDAW သည် နိုင်ငံတကာ ဥပဒေတစ်ခုအနေဖြင့် ဥပဒေအာနိသင် သက်ရောက်မှုရှိသည်။

ဤစာချုပ်နှင့်ပတ်သက်၍ အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ဖျက်သိမ်းရေး ကော်မတီက စောင့်ကြည့်ကြပ်မတ်ရန် ဖြစ်သည်။ CEDAW နှင့် ပတ်သက်၍ ပိုမိုသိရှိနိုင်ရန် အခန်း ၅ 'အမျိုးသမီးများအတွက် အခွင့်အရေးများ' အခန်းတွင်လည်းကောင်း၊ CEDAW ပါ အနှစ်ချုပ်အပိုဒ်များကို စာမျက်နှာ ၁၅၅ တွင်လည်းကောင်း လေ့လာနိုင်ပါသည်။

a&Tjym if;vykfukdbl;rsm;EdkifhwJ,if;wkdYrdom;pkdifom;vkH;tcGifhaom;rsm;ukodkvfuGJ,ay;jcif;qkdif;EkdifwJum oabmwpmcsKyf(CMW)

ဤသဘောတူစာချုပ်ကို နိုင်ငံတကာလူဝင်မှုဆိုင်ရာသဘောတူစာချုပ် (သို့မဟုတ်) ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ သဘောတူစာချုပ်ဟုလည်း ခေါ်ဆိုကြသည်။ ရွှေ့ပြောင်းအခြေချသူများ၏ လူ့အခွင့်အရေးကို လေးစားရန်၊ ရွှေ့ပြောင်းလုပ်သားများသည် လက်ခံနိုင်ငံ၏ အလုပ်သမားဥပဒေအောက်ရှိ နိုင်ငံသားများနှင့် တန်းတူညီမျှ ဆက်ဆံခံရရေးအတွက် အာမခံချက်ရှိရန် ရည်ရွယ်ကာ ရွှေ့ပြောင်းလုပ်သားများအား အကာအကွယ်ပေးသည်။ ယင်းသဘောတူစာချုပ်သည် နိုင်ငံတကာ ဥပဒေတစ်ရပ်အဖြစ် ဥပဒေအာနိသင်ရှိသည်။

ရွှေ့ပြောင်းလုပ်ကိုင်သူများနှင့် ယင်းတို့၏ မိသားစုဝင်အားလုံး၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဆိုင်ရာ ကော်မတီက စာချုပ်ကို စောင့်ကြည့်ကြပ်မတ်သည်။ စာချုပ်ပါအကြောင်းအရာများ အနှစ်ချုပ်ကို စာမျက်နှာ ၁၅၇ တွင် လေ့လာနိုင်သည်။

tm;vkHwGJftwif;tusyfqEÍyb,ay;smufqkHSmuG,fomEkdifwJum oabmwpmcsKyf(ICPED)

ICPED သည် လူပုဂ္ဂိုလ်များ အတင်းအကျပ် ဆန္ဒမပါဘဲ ပျောက်ဆုံးခြင်း (ဖျောက်ဖျက်ခံရခြင်း)မှ ကာကွယ်ရန် ဥပဒေသဘော သက်ဝင်မှုဖြင့် ဆောင်ရွက်နိုင်သည်။ အတင်းအကျပ် ဆန္ဒမပါဘဲ ပျောက်ဆုံးခြင်းကို တရားမဝင်ဟု သတ်မှတ်ပြီး ထိုသို့ပြုမူဆောင်ရွက်ခြင်းအား ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်ခြင်း၊ နစ်နာဆုံးရှုံးရသူများအား အကာအကွယ်ပေးခြင်းတို့ကို ဆောင်ရွက်သည်။ ဤသဘောတူစာချုပ် သည် ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် အသက်ဝင်သည်။

ဤသဘောတူညီချက်ကို အတင်းအကျပ်ဆန္ဒမပါဘဲ ဖျောက်ဖျက်ခံရခြင်းဆိုင်ရာ ကော်မတီမှ ထိန်းသိမ်းကြပ်မတ်သည်။ ICEPD အနှစ်ချုပ်ကို နောက်ဆက်တွဲ ၁၀ (က)၊ စာမျက်နှာ ၁၆၁ တွင် တွေ့ရနိုင်သည်။

ukwor*EÅ&ifoufqkdifom oabmwpmcsKyfrsm;

ကုလသမဂ္ဂမှ စတင်အခြေတည်ခြင်းမပြုသည့် နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်များစွာလည်း ကျန်ရှိသေးသည်။ အရေးကြီးဆုံးများမှာ အောက်ပါတို့ဖြစ်သည်။

a&mrjy|mef;Dya'

ရောမပြဋ္ဌာန်းဥပဒေသည် အပြင်းထန်ဆုံး ရာဇဝတ်ပြစ်မှု လေးခုကို ဆန့်ကျင်ပြီး ယင်းပြစ်မှုများနှင့်

စွဲဆိုခြင်းခံရသူများကို စစ်ဆေးရန် နိုင်ငံတကာ ရာဇဝတ်ခုံရုံးကို ထူထောင်ထားရှိသည်။ ယင်းသည်လည်း နိုင်ငံတကာ ဥပဒေတစ်ရပ်အဖြစ် ဥပဒေ အာနိသင်ရှိသည်။

ရောမပြဋ္ဌာန်းဥပဒေ၊ အကြီးမားဆုံးသော ရာဇဝတ်မှုလေးမျိုး၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံးတို့နှင့် စပ်လျဉ်း၍ စာမျက်နှာ ၃၉ တွင် လေ့လာနိုင်သည်။

*kwfoabmwpmcsyf

ဂျီနီဗာသဘောတူစာချုပ်သည် နိုင်ငံတကာဥပဒေတွင် စစ်နှင့် ပဋ္ဌိပက္ခများအတွင်း အရပ်သားများ အပေါ် လူသားချင်းစာနာသော ဆက်ဆံပြုမှုမှုနှင့် ပတ်သက်သည့် စံနှုန်းများကို ချမှတ်ထားသည်။ စစ်နှင့် ပဋ္ဌိပက္ခများအတွင်း စာနယ်ဇင်းသမားများ၏ လူ့အခွင့်အရေးများကိုလည်း အသိအမှတ်ပြုထားသည်။ ဂျီနီဗာသဘောတူညီချက်စာချုပ်နှင့် နောက်ဆက်တွဲစာချုပ်များသည် နိုင်ငံတကာ ဥပဒေများအဖြစ် ဥပဒေ အာနိသင်ရှိကြသည်။

ဂျီနီဗာသဘောတူစာချုပ်နှင့်ပတ်သက်၍ ဆွေးနွေးဖော်ပြချက်များနှင့် အဓိကအပိုဒ်များ၏ အနှစ်ချုပ်တို့ကို စာမျက်နှာ ၄၅ တွင် လေ့လာနိုင်သည်။

a'owdkif;vlYcifha&;pepfsm;

အာဖရိကညီညွတ်ရေးအဖွဲ့၊ ဥရောပကောင်စီနှင့် အမေရိကတိုက်နိုင်ငံများအဖွဲ့တို့က ယင်းတို့၏ ဒေသများအတွင်း လူ့အခွင့်အရေးနှင့် ပတ်သက်သည့် သဘောတူစာချုပ်များကို အသီးသီးချုပ်ဆိုခဲ့ကြသည်။ ထိုဒေသတွင်း သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးထားကြသည့် နိုင်ငံများသည် စာချုပ်ပါအတိုင်း မဖြစ်မနေ လိုက်နာရန် လိုအပ်သည်။ လက်တလောတွင် အာရှတိုက်၌ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် ဒေသတွင်း သဘောတူစာချုပ်မျိုး မရှိသေးချေ။

အဓိက ဒေသတွင်း သဘောတူစာချုပ်သုံးရပ်မှာ အောက်ပါတို့ဖြစ်သည်။

tar&dwkdifvlYcifha&;rsm;qkdkmoabmwpmcsyf

အမေရိကတိုက်နိုင်ငံများအဖွဲ့(OAS)သည် အမေရိကတိုက် လူ့အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၆၉ ခုနှစ်တွင် စတင်ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်သည် ၁၉၇၈ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်တွင် စတင်၍ ဥပဒေသက်ရောက်မှုရှိခဲ့သည်။

ထိုလူ့အခွင့်အရေးစာချုပ်၏ စနစ်အတွင်း အမေရိကတိုက်နိုင်ငံများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် လူ့အခွင့်အရေး ခုံရုံးတို့ ပါဝင်လျက်ရှိသည်။ ကော်မရှင်သည် နှစ်စဉ် အကြိမ်ပေါင်းများစွာအစည်းအဝေးပြုလုပ်လျက်ရှိသည့် အမြဲတမ်းအတွက် ဖွဲ့စည်းထားပြီး အမေရိကတိုက် လူ့အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်သည့် အခွင့်အရေးများအား စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။

ခုံရုံး၏တာဝန်မှာ သဘောတူစာချုပ်ကို အဓိပ္ပာယ်ဖွင့်ဆိုကောက်ယူရန်နှင့် ချိုးဖောက်မှုများရှိသည်ဟု တိုင်တန်းချက်များအပေါ် စိစစ်ကြားနာမှုများ ပြုလုပ်ရန်ဖြစ်သည်။ ဥရောပခုံရုံးကဲ့သို့ပင် လူပုဂ္ဂိုလ်တစ်ဦးချင်းကို ခုံရုံးတွင် တိုက်ရိုက်တရားစွဲဆိုနိုင်ခြင်း မရှိသော်လည်း ယင်းအမှုမျိုးကို ကော်မရှင်သို့ ဦးစွာတင်သွင်းရသည်။ ထိုအမှုအား ခုံရုံးမှ ကြားနာဆုံးဖြတ်သင့်သည်ဟုဆုံးဖြတ်မှသာ ဆုံးဖြတ်ချက်အတိုင်း ဆက်လက်ဆောင်ရွက်ရသည်။

အမေရိကန်ပြည်ထောင်စုသည် ယင်းသဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်ခုဖြစ်သော်လည်း ခုံရုံးအဖွဲ့တွင်မူ ပါဝင်ခြင်းမရှိချေ။ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့်

မိသားစုဝင်များ ဆုံးရှုံးရသောမိသားစုများသို့ လက်တင်အမေရိကအစိုးရများမှ လျော်ကြေးများ ပေးအပ်ရန်လည်း စာချုပ်အရ ဆုံးဖြတ်ထားသည်။ ထို့ပြင် တရားမျှတမှုမရှိသည့် ပြစ်ဒဏ်သတ်မှတ်ချက်များဖြင့် ဖမ်းဆီးခံထားရသည့် နစ်နာသူများကို အစိုးရများက ပြန်လွှတ်ပေးရန်လည်း စာချုပ်ဖြင့် ဆွဲဆောင်ထားသည်။

အမေရိကတိုက် နိုင်ငံများသည် ညှဉ်းပန်းနှိပ်စက်မှု၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများ၊ သေဒဏ်ချမှတ်ခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း၊ အတင်းအကျပ် ဖျောက်ဖျက်ခံရခြင်း၊ မသန်စွမ်းဖြစ်ခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုနှင့် စပ်လျဉ်းသည့် အကြောင်းအရာများ အပါအဝင် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အခြားသဘောတူစာချုပ်များစွာကိုလည်း ချုပ်ဆိုထားခဲ့ကြသည်။

ယင်းတို့နှင့် ပတ်သက်၍ www.oas.org ကို ကြည့်ရှုနိုင်ပါသည်။

[Documents မှ နောက်တစ်ဆင့် Treaties and Conventions ကို ဝင်၍ ဖတ်ရှုရန်]

Oa&myvl¥cGHa&;oabmwpmcsyf

၁၉၅၃ ခုနှစ်တွင် ဥရောပကောင်စီသည် ဥရောပလူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ထိုသဘောတူစာချုပ်အတွက် ဥရောပ လူ့အခွင့်အရေးခုံရုံးကိုလည်း ဖွင့်လှစ်ထားရှိသည်။ ထိုခုံရုံးသည် စထရာစ်ဘောဂ်မြို့တွင် တည်ရှိပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ အမှုများ၊ နိုင်ငံများအကြား ဖြစ်ပွားသောအမှုများကို ကြားနာစီရင်သည်။

ဥရောပကောင်စီတွင် ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံ စုစုပေါင်း ၄၇ နိုင်ငံသည် ထိုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး ဥရောပလူ့အခွင့်အရေးခုံရုံး၏ စီရင်ဆုံးဖြတ်မှုကို နာခံလျက်ရှိကြသည်။

သူတို့၏ လူ့အခွင့်အရေးများ ချိုးဖောက်ခြင်းခံရသည်ဟု ယုံကြည်ကြသူများနှင့် သူတို့၏ ပြဿနာများကို နိုင်ငံတရားရုံးများက ဖြေရှင်းပေးရန် ပျက်ကွက်သည်ဟု ယုံကြည်ကြသူများသည် ဥရောပ လူ့အခွင့်အရေးခုံရုံးတွင် အမှုဖွင့်တိုင်တန်းနိုင်ကြသည်။ အကယ်၍ ထိုခုံရုံးတွင် အမှုအနိုင်ရရှိပါက နိုင်ငံတရားရုံးများမှ ဆုံးဖြတ်ချက်များ ပျက်ပြယ်ပြီး ဥရောပလူ့အခွင့်အရေးခုံရုံး၏ ဆုံးဖြတ်ချက်အတိုင်း ဥပဒေအာဏာ တည်သည်။

ဥပမာအားဖြင့် လိင်တူဆက်ဆံမှုဖြင့် ရာထူးဖြုတ်ခံရသော စစ်အရာရှိဟောင်းအား နစ်နာကြေးပေးစေရန် ခုံရုံးက ယူနိုက်တက်ကင်းဒမ်းအစိုးရအပေါ် အမိန့်ချမှတ်နိုင်သည်။ ဥရောပလူ့အခွင့်အရေးသဘောတူစာချုပ်၏ အပိုဒ် ၈ အရ နိုင်ငံသားများအားလုံးသည် လွတ်လပ်၍ တစ်ကိုယ်ရေဘဝကို ပိုင်ဆိုင်ခွင့်ရှိရမည်ဟု သတ်မှတ်ထားသည်။ သို့ဖြစ်ရာ ဗြိတိသျှစစ်တပ်သည် လိင်တူဆက်ဆံမှုဖြင့် နောက်ထပ် မည်သူ့ကိုမျှ ပြစ်ဒဏ်ပေးခွင့် မရှိတော့ချေ။

နောက်ထပ် ဥပမာတစ်ခုမှာ မွတ်ဆလင်မိန်းကလေးများ၏ ခေါင်းဖြီးခြုံများကို စာသင်ကျောင်းများအတွင်း ဝတ်ဆင်ခြင်းကို ပိတ်ပင်သည့် ပြင်သစ်အစိုးရ၏ လုပ်ဆောင်ချက်ကို ဥရောပခုံရုံးက သဘောတူခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ စာသင်ကျောင်းများသည် ဘာသာရေးတစ်ခုခုနှင့် ဆက်နွယ်ခြင်းမပြုဘဲ လောကီဆန်စွာ ရပ်တည်ကြရမည်ဟူသည့် မူဝါဒရှိသည့်အပြင် မွတ်ဆလင်ဘာသာဝင်များသို့ တသီးတသန့် ရည်ရွယ် ထိုးနှက်ခြင်းမဟုတ်သောကြောင့် အပိုဒ် ၉ ဖြစ်သည့် လွတ်လပ်စွာ တွေးခေါ်၊ ယုံကြည်၊ ကိုးကွယ်ခွင့်ကို ချိုးဖောက်ရာမရောက်ဟု ခုံရုံးက ဆုံးဖြတ်ခဲ့သောကြောင့်ဖြစ်သည်။

ဥရောပကောင်စီသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ ညှဉ်းပန်းနှိပ်စက်မှု၊ တိုင်းရင်းသားလူနည်းစု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ လူမျိုးရေး ခွဲခြားမှုနှင့် သဘောထားသေးသိမ်မှုတို့အပါအဝင် အခြားလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များကိုလည်း ချုပ်ဆိုထားခဲ့သည်။

[www.hri.org/docs/ECHR50.html တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။]

tmz&dvbm;EdkifynfOhrsm;\ tcGifha&;rsm;qkdkufy#dmOfpmwrf

ဤပဋ္ဌာန်းစာတမ်းကို ၁၉၈၁ ခုနှစ်တွင် အာဖရိကညီညွှတ်ရေးအဖွဲ့ (ယခု အာဖရိကသမဂ္ဂ-AU)က ပြုစုခဲ့ခြင်းဖြစ်ပြီး ၁၉၈၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် အသက်ဝင်ခဲ့သည်။အောက်တိုဘာလ ၂၁ ရက်ကို အာဖရိကလူအခွင့်အရေးနေ့အဖြစ် ကျင်းပရန် ကြေညာထားခဲ့သည်။ ပဋ္ဌာန်းစာတမ်းကို လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံပေါင်း ၅၃ နိုင်ငံရှိသည်။

ပဋ္ဌာန်းစာတမ်းတွင် ဘဝအတန်းအစားမျိုးစုံတို့၏ မိသားစုဘဝလုံခြုံမှုမှသည် အာဖရိကစည်းလုံးမှုအထိ ရည်ရွယ်သည့် အခွင့်အရေးနှင့် တာဝန်များကို ထည့်သွင်းပြုစုထားသည်။ ထို့ပြင် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများမှ ခွဲခြားမရစကောင်း ဖြစ်နေကြောင်းကိုလည်း အသားပေး ဖော်ပြထားသည်။

ပဋ္ဌာန်းပါ အပိုဒ်များစွာသည် နိုင်ငံအဆင့် ဥပဒေများကို ရည်ညွှန်းထားပြီး နိုင်ငံအတွင်း ဥပဒေများကို ဖြည့်စွက်ရန်လည်းဖြစ်သည်။ သို့သော် နိုင်ငံအများအပြားတွင် လူအခွင့်အရေးကို ကန့်သတ်လျက်ရှိသည့် ဖိနှိပ်ချုပ်ချယ်သော ဥပဒေများရှိနေဆဲ ဖြစ်သည့်အတွက် ပဋ္ဌာန်းစာတမ်းအပေါ် ဝေဖန်မှုများလည်း ရှိနေခဲ့သည်။

အာဖရိကညီညွှတ်ရေးအဖွဲ့သည် အာဖရိကတိုက် လူသားနှင့် ပြည်သူ့တို့၏ လူအခွင့်အရေးကော်မရှင်ကိုလည်း ထူထောင်ခဲ့သည်။ ယင်းကော်မရှင်သည် ပဋ္ဌာန်းစာတမ်းပါ အခွင့်အရေးများကို မြှင့်တင်နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ပြီး လူအခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့် ပဋ္ဌာန်းစာတမ်းအား အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့ကိုလည်း ပြုလုပ်ရသည်။

ကနဦးက စာချုပ်အဖွဲ့ဝင်နိုင်ငံများ (သို့မဟုတ်) လူတစ်ဦးချင်းနှင့်ပတ်သက်သည့် အမှုများကို ကြားနာရန် ခုံရုံးမရှိခဲ့သည့်အတွက် ကော်မရှင်သည် သွားမပါ(သည့် စက္ကူကျားရုပ်ဖြစ်)ကြောင်း ဝေဖန်မှုများကိုလည်း ခံခဲ့ရသည်။ လူသားနှင့် ပြည်သူ့အခွင့်အရေးများဆိုင်ရာ အာဖရိကခုံရုံးကို ၂၀၀၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပဋ္ဌာန်းစာတမ်းအား ချိုးဖောက်သည့် အမှုများကို မကြာခင်က စတင်ကြားနာနိုင်ခဲ့ပြီ ဖြစ်သည်။

AU သည် ကလေးသူငယ်များဆိုင်ရာ အခွင့်အရေး သဘောတူစာချုပ်နှင့် အမျိုးသမီး အခွင့်အရေး သဘောတူစာချုပ်များကိုလည်း ကျင့်သုံးလျက်ရှိသည်။

(www.achpr.org/english/_info/charter_en.html)

'Dpmrufrsm;EdkifiHwkdifha&;lunhf

သင့်နိုင်ငံက မည်သည့် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးထားကြောင်း ဖော်ပြပါ။ လိုအပ်ပါက နောက်ဆက်တွဲ (ဂ) ကို ကိုးကားပါ။

မည်သည့်သဘောတူစာချုပ်များကို သင့်နိုင်ငံက လက်မှတ်ရေးထိုးခြင်းမပြုဘဲ ထားခဲ့ပါသလဲ။ မည်သည့်အတွက် လက်မှတ်မထိုးခြင်း ဖြစ်ကြောင်း သိရှိပါက ဖော်ပြပါ။

လူမှုလိုင် တန်းတူညီမျှမှုအတွက် သင့်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများတွင် အပြုသဘောဆောင်သော ပြင်ဆင်သတ်မှတ်မှုများ ပြုလုပ်ခဲ့ပါသလဲ။

ဤအခန်းတွင် ဖော်ပြထားသည့် နိုင်ငံတကာသဘောတူစာချုပ် ၉ ခုအနက် သင့်အစိုးရက တစ်ခုခုကို ချိုးဖောက်ခြင်းပြုပါသလား။ မည်သို့ ချိုးဖောက်ပါသလဲ။ ချိုးဖောက်ပါက စာနယ်ဇင်းသမားတစ်ဦးအနေဖြင့် သင်မည်သို့ ဆောင်ရွက်ပါမည်လဲ။

အခွင့်အရေး **ချိုးဖောက်မှု** **မည်သို့ဆောင်ရွက်မည်**

သင့်လူ့အဖွဲ့အစည်းအတွင်း မည်သည့်အခွင့်အရေးများ ချိုးဖောက်ခြင်း ခံရပါသလဲ။ အခွင့်အရေးများကို ဖော်ပြပါ။ ချိုးဖောက်ပါက စာနယ်ဇင်းသမားတစ်ဦးအနေဖြင့် သင်မည်သို့ ဆောင်ရွက်ပါမည်လဲ။

အခွင့်အရေး **ချိုးဖောက်မှု** **မည်သို့ဆောင်ရွက်မည်**

❒

Photo : UN

Internews
Local voices. Global change.

t ykd;1? t cef;4

ukor*¾dkufuf

လူ့အခွင့်အရေး သတင်းပေးပို့မှု ပိုမိုကောင်းမွန်လာစေရန်၊ ကုလသမဂ္ဂအကြောင်းနှင့် အလုပ်လုပ်ပုံတို့ကို နားလည်သဘောပေါက်စေရန်တို့မှာ အရေးကြီးပါသည်။

ကုလသမဂ္ဂသည် သတင်းအချက်အလက်များ၊ သင်ယူလေ့လာစရာများ၊ ဆက်သွယ်စရာများ အတွက် ကြွယ်ဝသော ရင်းမြစ်ကြီးတစ်ခုဖြစ်သည်။ ယင်းတွင် ကလေးသူငယ်၊ အမျိုးသမီး၊ ကျန်းမာရေး၊ ဆင်းရဲမွဲတေမှု၊ လူဦးရေ၊ မသန်စွမ်းမှု၊ ပညာရေး စသည့် မတူညီသည့် ကဏ္ဍကွဲများ အကြောင်းအရာကွဲများ အတွက် ဦးတည်ရည်ရွယ်သည့် အေဂျင်စီများဖြင့် ဖွဲ့စည်းထားသည်။

ဝတ်စုံပြာများကို ဝတ်ဆင်ထားကြသည့် နိုင်ငံတကာ ငြိမ်းချမ်းရေးထိန်းတပ်ဖွဲ့ အပါအဝင် ကမ္ဘာတစ်ဝန်းတွင် လူ့အခွင့်အရေး ဆောင်ရွက်လှုံ့ဆော်သူ၊ အကာကွယ်ပေးသူပေါင်း ထောင်သောင်းချီ၍ ကုလသမဂ္ဂက ခန့်အပ်ထားသည်။ ကုလသမဂ္ဂတွင် သုတေသနနှင့် စာရင်းအင်းဆိုင်ရာ ဌာနများဖွဲ့စည်းလျက် လူ့ဘဝနှင့် ပတ်သက်သည့် ရှုထောင့်ပေါင်းစုံမှ လက်တွေ့ကျကျ ကောက်ယူပြုစုထားသည့် စာတမ်းများနှင့် ကိန်းဂဏန်းများကို ထုတ်ပေးစေသည်။

t"dukor*¾kdzGef;

ကုလသမဂ္ဂ၏ အဓိကရုံးများမှာ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တော်တွင် တည်ရှိသည်။ ထို့ပြင် မတူညီသည့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၊ ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့နှင့် ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့တို့တွင်လည်း ရုံးများရှိကြသည်။

ကုလသမဂ္ဂ၏ ရုံးချုပ်နှင့် အဓိကရုံးများမှာ…

- နယူးယောက်မြို့တော်မှ ကုလသမဂ္ဂရုံးချုပ် (www.un.org)
- ဂျီနီဗာ ကုလသမဂ္ဂရုံး (UNOG) (www.unog.ch)
- ဗီယင်နာ ကုလသမဂ္ဂရုံး (UNOV) (www.unvienna.org/unov)
- နိုင်ရိုဘီ ကုလသမဂ္ဂရုံး (UNON) (www.unon.org)

ukor*¾kd ,ofaqifvJ

အထွေထွေအတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂ၏ ခေါင်းဆောင်လည်း ဖြစ်၊ ကိုယ်စားပြုပြောဆို ခွင့်ရှိသူလည်း ဖြစ်သည်။ ကုလမသဂ္ဂ၏ ဖွဲ့စည်းမှုပုံစံစာတမ်း ဖြစ်သည့် ကုလသမဂ္ဂပဋိညာဉ်အရ အထွေထွေအတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂ၏ စီမံအုပ်ချုပ်မှုအရာရှိများအကြီးအကဲဖြစ်သည်။ လက်ရှိ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဖြစ်သည့် တောင်ကိုရီးယားနိုင်ငံသား ဘန်ကီမွန်းကို ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလတွင် ခန့်အပ်ခံခဲ့ရခြင်း ဖြစ်သည်။ အထွေထွေအတွင်းရေးမှူးသက်တမ်းကို ငါးနှစ်ထမ်းဆောင်ရပြီး အချို့မှာ အကြိမ်ကြိမ် ပြန်လည်ရွေးချယ်ခြင်းခံရသည်။

aiGu;taxmuftyHkukor*¾trDckifrl

ကုလသမဂ္ဂကို အဖွဲ့ဝင်နိုင်ငံများက ရန်ပုံငွေထောက်ပံ့ကြပြီး စေတနာအလျောက် ထည့်ဝင်ထောက်ပံ့မှုများ လည်းရှိသည်။ အဖွဲ့ဝင်နိုင်ငံများသည် အသားတင် အမျိုးသားဝင်ငွေ၏ မျှကိန်းအပေါ် တွက်ချက်ထားသည့် ပမာဏအထိ ထည့်ဝင်ကြရသည်။ ဆိုလိုသည်မှာ နိုင်ငံချမ်းသာလေ ရန်ပုံငွေပိုထည့်ရလေဟု သဘောရသည်။ လက်ရှိတွင် အမေရိကန်သည့် ရန်ပုံငွေအများဆုံး ထည့်ဝင်ရသည်။ သို့တိုင် ကုလသမဂ္ဂသည် နိုင်ငံတစ်ခုတည်း၏ ရန်ပုံငွေ ထောက်ပံ့မှုကိုသာ ခံယူနေသည် မဟုတ်။ နိုင်ငံတစ်ခုမှ အများဆုံးထည့်ဝင်ရမည့် အချိုးကျရန်ပုံငွေ ပမာဏမှာ ကုလသမဂ္ဂ စုစုပေါင်း ဘတ်ဂျက်၏ ၂၂ ရာခိုင်နှုန်းအထိသာ ဖြစ်သည်။

w&m;0ifbmompum;6rsd

ကုလသမဂ္ဂ၏ တရားဝင်ရုံးသုံးစာအဖြစ် အသုံးပြုသည့် ဘာသာစကားခြောက်မျိုးမှာ အာရဗီ၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် စပိန် တို့ဖြစ်သည်။

ukor*¾dm0f

စာမျက်နှာ ၅ တွင် ဆွေးနွေးဖော်ပြခဲ့သည့်အတိုင်း ကုလသမဂ္ဂ၏ ဖွဲ့စည်းပုံစာတမ်းမှာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း ဖြစ်သည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းသည် နိုင်ငံစုံချုပ်ဆိုသည့် သဘောတူစာချုပ်တစ်ခုဖြစ်ပြီး ကုလသမဂ္ဂ၏ ဖွဲ့စည်းပုံဥပဒေအဖြစ် အသုံးဝင်သည်။ နိုင်ငံတကာဥပဒေတွင် အမြင့် ဆုံး အာဏာသက်ရောက်မှုရှိပြီး ပါဝင်သော အဖွဲ့ဝင်နိုင်ငံများ အားလုံးအပေါ် လည်းကောင်း၊ အခြားချုပ်ဆိုထားသော သဘောတူစာချုပ်များ၊ သဘောတူညီမှုများ အားလုံးကိုလည်းကောင်း လွှမ်းမိုးနိုင်သည်။

tzOD;EkdifHwl;

အချုပ်အခြာအာဏာပိုင် မည်သည့်နိုင်ငံမဆို ကုလသမဂ္ဂသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်သည်။ ၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂပဋိညာဉ်ကို လက်မှတ်ရေးထိုးချိန်၌ နိုင်ငံပေါင်း ၅၁ နိုင်ငံပါဝင်ခဲ့သည်။ ထိုစဉ်မှစ၍ အဖွဲ့ဝင် နိုင်ငံ အရေအတွက်မှာ ဖြည်းဖြည်းမှန်မှန် တိုးလာနေပြီး ယနေ့တွင် အဖွဲ့ဝင်နိုင်ငံပေါင်း

၁၉၃ ခု (ယင်းမှာ ဗာတီကင်စီးတီးမှလွဲ၍ ကျန်နိုင်ငံအားလုံး၏ အရေအတွက်လည်း ဖြစ်သည်) အထိ ရှိလာပြီဖြစ်သည်။ သက်တမ်းအနုဆုံး အဖွဲ့ဝင်နိုင်ငံမှာ တောင်ဆူဒန်နိုင်ငံ ဖြစ်သည်။ ယင်းနိုင်ငံသည် ၂၀၁၁ ခုနှစ်၊ ဧန်နဝါရီလတွင် နိုင်ငံတကာ စောင့်ကြပ်ကြည့်ရှုမှုအောက်တွင် လူထုဆန္ဒခံယူပွဲ ကျင်းပခဲ့ပြီး ထိုနှစ်ဇူလိုင်လ ၉ ရက်တွင် ဆူဒန်နိုင်ငံမှ ခွဲထွက်ခဲ့ခြင်း ဖြစ်သည်။ တောင်ဆူဒန်ကို ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်တွင် ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံသစ်တစ်ခုအဖြစ် ခွင့်ပြုလက်ခံခဲ့သည်။

vlYcifha&;

လူ့အခွင့်အရေးများသည် ကုလသမဂ္ဂ၏အခြေခံကျသော အစိတ်အပိုင်းဖြစ်သည်။ လူ့အခွင့်အရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ လုပ်ဆောင်ချက်များကို ပြုလုပ်နိုင်ရန် အဖွဲ့နှင့် အဖွဲ့ခွဲပေါင်းများစွာရှိသည်။ ယင်းတို့အနက် အချို့သည် အထူးတလည် လူ့အခွင့်အရေးတစ်ရပ်ရပ်နှင့် သက်ဆိုင်လျက်ရှိသည်။ ဥပမာ အားဖြင့် ကုလသမဂ္ဂ အမျိုးသမီးရေးရာလုပ်ငန်းကဲ့သို့ သီးသန့်လုပ်ငန်းများသည် အမျိုးသမီးများ၏ တန်းတူရည်တူရှိမှုနှင့် အရည်အသွေးမြှင့်တင်မှုတို့နှင့် စပ်ဆိုင်သည်။ [www.unwomen.org]. အချို့သော အရေးကိစ္စများတွင် အလေးထား ဆောင်ရွက်သည့် အခြားအဖွဲ့အစည်းများ ရှိသော်လည်း လူ့အခွင့်အရေး ရှုထောင့်မှ ချဉ်းကပ်ရခြင်း၊ လူ့အခွင့်အရေးအခြေခံချဉ်းကပ်မှုကို ကျင့်သုံးခြင်းတို့ တွေ့ရသည်။ ဥပမာ အားဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း ဖြစ်သည်။ [www.who.int].

ukwor*pepf,EdkifiHwpfcsufrsm;

'ကုလသမဂ္ဂ စနစ်ယန္တရား' ဟူသည်မှာ ကုလသမဂ္ဂအောက်တွင် ဖွဲ့စည်းဆောင်ရွက်ပြီး ကုလသမဂ္ဂက စီမံကွပ်ကဲလျက်ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ သဘောတူစာချုပ်များ၊ ပဋ္ဌာန်းချက်များ အားလုံးကို ဆိုလိုသည်။

ukwor*pepf,EdkifiHwpfcsufrsm;\ t"dwnfaqmufykH

ကုလသမဂ္ဂ၏ အဓိကအစိတ်အပိုင်းမှာ အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီ၊ အတွင်းရေးမှူးရုံးနှင့် နိုင်ငံတကာခုံရုံးများ ဖြစ်သည်။

taxGxGwGufcHpmcH

ကုလသမဂ္ဂ အထွေထွေညီလာခံ (UNGA) သည် နိုင်ငံပေါင်း ၁၉၃ နိုင်ငံပါဝင်ပြီး ယင်းနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကိုယ်စားပြုကြသည်။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် မဲတစ်မဲစီ ညီတူညီမျှ ပါဝင်အဆုံးအဖြတ်ပြုခွင့် ရှိကြသည်။ အထွေထွေညီလာခံသည် ကုလသမဂ္ဂ၏ ကိုယ်စားပြုမှု အမြင့်မားဆုံး စုဖွဲ့မှုတစ်ခုဖြစ်ပြီး ကုလသမဂ္ဂ သဘောတူစာချုပ်များနှင့် ညွှန်ကြားချက်များကို အတည်ပြုသည်။

ညီလာခံမှ လုံခြုံရေးကောင်စီ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီ၊ လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်သည်။ ထို့ပြင် အရံလုပ်ငန်းအစီအစဉ်များ၊ ပဋ္ဌာန်းအခြေပြု ကော်မတီများ၊ သဘောတူစာချုပ် အခြေပြုကော်မတီများနှင့် အခြားကော်မတီများကို ကြပ်မတ်သည်။

အထွေထွေညီလာခံက ဆုံးဖြတ်ချက်များကို တင်သွင်းသည်။ အရေးကိစ္စများစွာတို့တွင် တင်သွင်းသည့် ဆုံးဖြတ်ချက်များကို နိုင်ငံအများစုမှ ထောက်ခံမဲပေးပါက အတည်ပြုသည်။ ထို့ထက်ပိုအရေးကြီးသည့် အကြောင်းအရာများတွင် ထောက်ခံမဲ သုံးပုံနှစ်ပုံ အထက်ရရှိမှသာ အတည်ပြုနိုင်သည်။

အရေးကြီးသည်ဟု ယူဆရမည့် အကြောင်းအရာများထဲတွင် လုံခြုံရေး၊ ကုလသမဂ္ဂစနစ်အတွင်းမှ အဖွဲ့အစည်းများသို့ အဖွဲ့ဝင်များ ရွေးကောက်ခြင်း၊ ခန့်အပ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ထုတ်ပယ်ခြင်းနှင့် ဘတ်ဂျက်

ကိစ္စများ ပါဝင်သည်။

ဘတ်ဂျက်၊ (သို့မဟုတ်) အရံလုပ်ငန်းဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့် အထွေထွေညီလာခံ ဆုံးဖြတ်ချက်များကသာ ဥပဒေပမာ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။ ကျန်ဆုံးဖြတ်ချက်များကမူ ထိုသို့ လိုက်နာဆောင်ရွက်စရာမဟုတ်ဘဲ အဖွဲ့ဝင်နိုင်ငံများသို့ တိုက်တွန်းနှိုးဆော်ချက်များအဖြစ်သာ ယူဆရန် ဖြစ်သည်။

ukor*3/ktd;aumif;D

လုံခြုံရေးကောင်စီ၏လုပ်ငန်းမှာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို ထိန်းသိမ်းရန်၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးတို့အား ထိခိုက်နိုင်မည့် ကိစ္စများကို ကိုင်တွယ်ခြင်းတို့ ဖြစ်သည်။ လုံခြုံရေးကောင်စီသည် ဒဏ်ခတ်ပိတ်ဆို့မှု (ဥပမာအားဖြင့် စီးပွားရေးပိတ်ဆို့မှု၊ လက်နက်တင်ပို့ရောင်းချခြင်း ပိတ်ဆို့မှု၊ သံခင်းတမန်ခင်း ပိတ်ဆို့မှု စသည်) တို့ကို ချမှတ်နိုင်သည့် အာဏာရှိသည်။ ထို့ပြင် စစ်ရေးအရ အရေးယူမှုများကိုလည်း လုပ်ခွင့်ရှိသည်။ ဥပမာအားဖြင့် ၂၀၁၁ ခုနှစ် လစ်ဗျားနိုင်ငံတွင် လေကြောင်းပျံသန်းမှုတားမြစ်မှု ထုတ်ပြန်ခြင်းမျိုးဖြစ်သည်။ ယင်းသို့ သတ်မှတ်ခဲ့ခြင်းအားဖြင့် ဗိုလ်မှူးကြီးမွမ်မာကဒါဖီက သူပုန်တပ်များ အပေါ် လေကြောင်းတိုက်ခိုက်မှုမပြုရန် တားဆီးခြင်း ဖြစ်သည်။

လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းတပ်များကို ပဋ္ဌိပက္ခဖြစ်ပွားရာ ဒေသများသို့ စေလွှတ်ခြင်းများကိုလည်း ပြုလုပ်သည်။ ငြိမ်းချမ်းရေးထိန်းတပ်များတွင် နိုင်ငံပေါင်းစုံမှ စစ်သားများ၊ အရပ်ဘက် ရဲအရာရှိများနှင့် အရပ်သားများ ပါဝင်သည်။ ယင်းတို့၏ အခန်းကဏ္ဍမှာ အရပ်သားများကို ကာကွယ်ပေးရန်နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များအတိုင်း ထိန်းသိမ်းဆောက်ရွက်မှု ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုရန် ဖြစ်သည်။ ယင်းတို့သည် လူ့အဖွဲ့အစည်းအတွင်း တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် တိုက်ခိုက်နေသူများကို ပြန်လည် စေ့စပ်ပေးမှုများကိုလည်း ဆောင်ရွက်သည်။ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်များနှင့်ပတ်သက်၍ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်များအကြောင်း စာမျက်နှာ ၂၆ တွင် ဖတ်ရှုနိုင်သည်။

လုံခြုံရေးကောင်စီသည် (ယခင် ယူဂိုဆလားဗီးယားရှိ) နိုင်ငံတကာ ရာဇဝတ်ခုံရုံးနှင့် (ရဝမ်ဒါရှိ) နိုင်ငံတကာ ရာဇဝတ်ခုံရုံးတို့ကိုလည်း ဖွဲ့စည်းပေးခဲ့သည်။

လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင် ၁၅ နိုင်ငံ ပါရှိသည်။ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံငါးခုမှာ တရုတ်၊ ပြင်သစ်၊ ရုရှား၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စုတို့ ဖြစ်သည်။ ထိုအမြဲတမ်းငါးနိုင်ငံတို့မှ တစ်နိုင်ငံက ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဗီတိုအသုံးပြု ပယ်ချနိုင်သည်။ ယင်းမှာ တညီတညွတ်တည်း ဆုံးဖြတ်ချက်မရဘဲ မပြုလုပ်ရန်အတွက် ဖြစ်သည်။ အမြဲတမ်းငါးနိုင်ငံမှ မဲဆန္ဒမပေးဘဲ နေနိုင်သော်လည်း ယင်းသည် ဆုံးဖြတ်ချက် ချမှတ်အကောင်အထည်ဖော်ခြင်းအား ကာကွယ်နိုင်ခြင်း မရှိချေ။

လုံခြုံရေးကောင်စီတွင် အမြဲတမ်းမဟုတ်သည့် အဖွဲ့ဝင် ၁၀ နိုင်ငံကိုမူ ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်နှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်ရခြင်းဖြစ်သည်။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်နိုင်ငံများမှ မဖြစ်မနေ လိုက်နာရန် လိုအပ်သည်။

ukor*3/pD;&Ed&Sdvrl&aumif;D (ECOSOC)

ECOSOC သည် နိုင်ငံတကာစီးပွားရေးနှင့် လူမှုရေးကိစ္စများကို ဆွေးနွေးသည့် အဓိကနှီးနှောဖလှယ်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထို့ပြင် အထွေထွေညီလာခံနှင့် ကုလသမဂ္ဂ၏ အခြားအဖွဲ့အစည်းခွဲများအတွင်း ဆွေးနွေးရန် မူဝါဒပိုင်းဆိုင်ရာ တိုက်တွန်းအကြံပြုချက်များကို မူကြမ်းရေးဆွဲပေးသည့် အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။ ယင်းကောင်စီသည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် ဆက်နွယ်သည့် လုပ်ငန်းပိုင်းကော်မရှင်များ၊ ဒေသဆိုင်ရာကော်မရှင်များနှင့် ကျွမ်းကျင်အဖွဲ့အစည်းများကို ထိန်းညှိကြပ်မတ်ပိုင်ခွင့် ရှိသည်။

ukodor*¾wGif;&rSwfykH

အထွေထွေအတွင်းရေးမှူး ဦးဆောင်လျက်ရှိပြီး နိုင်ငံတကာဝန်ထမ်းများပါဝင်သော အတွင်းရေးမှူးရုံးသည် ကုလသမဂ္ဂအောက်ရှိ အဖွဲ့အစည်းများနှင့် အစည်းအဝေးများအတွက် ဥပမာအားဖြင့် သုတေသန၊ သတင်းအချက်အလက်၊ စာရင်းကိုင်နှင့် အခြားကိစ္စများစွာတို့တွင် ထောက်ကူပံ့ပိုးရေး ပြုလုပ်ပေးသည်။

Ekdifwdkufwm&mZ0wfcHkH(ICJ)

ICJ သည် ကုလသမဂ္ဂ၏ တရားစီရင်ရေးအဖွဲ့အစည်းဖြစ်သည်။ နယ်သာလန်နိုင်ငံသည် ဟေ့ဂ်တွင် ကမ္ဘာ့တရားရုံးအဖြစ် ဖွင့်လှစ်ထားသည်။ နိုင်ငံများအကြား ဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာရန်နှင့် အဆုံးအဖြတ်ပေးရန်၊ ကုလသမဂ္ဂ၏ အဖွဲ့အစည်းများ၊ အထူးကိစ္စရပ်များဆိုင်ရာ အေဂျင်စီများက တောင်းခံလာသည့် မေးခွန်းများအပေါ် အကြံဉာဏ်များပေးရန်တို့မှာ ယင်း၏အဓိက လုပ်ငန်းဆောင်တာများဖြစ်သည်။

ukodor*¾pf,EdkifwGif;Sdkif;vlYcifha&;qkdif&m tzGJUpnfrsm;

လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်မင်းကြီးရုံး (OHCHR) သည် လူ့အခွင့်အရေးကိစ္စရပ်များနှင့် ပတ်သက်လျှင် အဓိက ရုံးအဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ယင်းသည် ကုလသမဂ္ဂ စနစ်ယန္တရားအတွင်းရှိ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအေဂျင်စီများစွာအတွက် ကျွမ်းကျင်အကူအညီများ ပေးလျက်ရှိသည်။ ဤလက်စွဲစာစောင်ကို ရေးသားပြုစုဆဲအချိန်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကော်မရှင်မင်းကြီးမှာ တောင်အာဖရိက ရှေ့နေတစ်ဦးဖြစ်သည့် နဗန်နီသမ်ဖီလေးဖြစ်ပြီး သူ၏ လေးနှစ်သက်တမ်းတာဝန်မှာ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်ခဲ့ခြင်း ဖြစ်သည်။

a&mAxGEkif&m owfjdyg

ကုလသမဂ္ဂ၏ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံများအကြား ဥပဒေရေး အငြင်းပွားမှုများကို ဖြေရှင်းပေးရသော နိုင်ငံတကာ တရားမျှတမှုခုံရုံး (ICJ) နှင့် လူသားမျိုးနွယ်တို့အပေါ် ကျူးလွန်သည့် ပြစ်မှုများ၊ မျိုးတုံးသတ်ဖြတ်မှုများနှင့် အခြား နိုင်ငံတကာပြစ်မှုများကို လူပုဂ္ဂိုလ်တစ်ဦးချင်းအပေါ် ကိုင်တွယ်စီရင်သော နိုင်ငံတကာရာဇဝတ်မှုတရားရုံး (ICC) နှစ်ခုကို ရောထွေးနိုင်ကြပါသည်။ ICC သည် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခု မဟုတ်ပါ။ ကုလသမဂ္ဂ စနစ်ယန္တရားအတွင်း ပါဝင်ခြင်း မရှိပါ။

[ICJနှင့် ပတ်သက်၍ ပိုမိုသိရှိနိုင်ရန် အင်တာနက်စာမျက်နှာ www.icj-cij.orgတွင် ကြည့်ပါ။]

[ICC နှင့် ပတ်သက်၍ စာမျက်နှာ ၃၉ တွင်လည်းကောင်း အင်တာနက်စာမျက်နှာ www.icc-cpi.int တွင်လည်းကောင်း ကြည့်ပါ။]

ukodor*¾Zl;OD;EkdifHkHzpfSxkwf,ifcifESufqkdifjyif

ကုလသမဂ္ဂ ပဋ္ဌာန်းစာတမ်း၏ အပိုဒ် ၅ တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုသည် လုံခြုံရေးကောင်စီ၏ ကာကွယ်သောသဘော၊ ကြပ်မတ်သောသဘောဖြင့် အရေးယူခံရသည့်အခါ ထုတ်ပယ်ခြင်း၊ ဆိုင်းငံ့ခြင်းကို ခံရမည်။ အဆိုပါ အဖွဲ့ဝင်နိုင်ငံသည် လုံခြုံရေးကောင်စီ၏ တိုက်တွန်းမှုဖြင့် အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိနိုင်သည်။

ကုလသမဂ္ဂ ပဋ္ဌာန်းစာတမ်း၏ အပိုဒ် ၆ အရ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတစ်ခုသည် ပဋ္ဌာန်းပါ စည်းမျဉ်းများကို အကြိမ်ကြိမ် ချိုးဖောက်ပါက လုံခြုံရေးကောင်စီ၏ တိုက်တွန်းချက်ဖြင့် အထွေထွေညီလာခံတွင် အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်နိုင်သည်။ ယခုအချိန်ထိ အပိုဒ် ၅ နှင့် ၆ တို့အရ

ထုတ်ပယ်ခြင်း၊ ဆိုင်းငံ့ခြင်းခံရသည့် အဖွဲ့ဝင်နိုင်ငံများ မရှိသေးချေ။ သို့သော် အချို့အခြေအနေများတွင် အခြားတစ်နည်းတစ်လမ်းဖြင့် ကုလသမဂ္ဂဆောင်ရွက်ချက်များတွင် ပါဝင်ဆောင်ရွက်ခြင်းမှ ထုတ်ပယ်ခြင်းနှင့် ဆိုင်းငံ့ခြင်းများ ရှိခဲ့ဖူးသည်။

ထိုင်ဝမ် ။ ။ ၁၉၇၁ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၂၇၅၈ အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တရုတ်သမ္မတနိုင်ငံ (တိုင်ဝမ်) အစား ကုလသမဂ္ဂ တရားဝင်အဖွဲ့ဝင်အဖြစ် တက်ရောက်ရန် အတည်ပြုခဲ့သည်။ ထို့ကြောင့် ထိုင်ဝမ်သည် ကုလသမဂ္ဂတွင် ပါဝင်ခြင်းမရှိတော့ဘဲ ဖြစ်ခဲ့ရသည်။ ထိုသို့ ဖယ်ထုတ်မှုသဘော ဆောင်ခဲ့သည့်တိုင် လုံခြုံရေးကောင်စီမှ ထုတ်ပယ်မှုကို ရှောင်ရှားပြီး အမေရိကန်ကလည်း ထုတ်ပယ်မှုအား ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။

တောင်အာဖရိက ။ ။ ၁၉၇၄ ခုနှစ်တွင် လုံခြုံရေးကောင်စီသည် ပဋိညာဉ်စာချုပ် အပိုဒ် ၆ အရ တောင်အာဖရိကနိုင်ငံကို အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ရန် ဆုံးဖြတ်ချက်မူကြမ်းကို လက်ခံခဲ့သည်။ ထိုအချိန်တွင် တောင်အာဖရိက၏ အသားရောင်ခွဲခြားမှုမူဝါဒသည် တောင်အာဖရိကတွင် လူမည်းများ ထက် လူဖြူများက ကြီးစိုးရန် တရားဝင်သက်ရောက်လျက်ရှိသောကြောင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ တန်းတူညီမျှဖြစ်မှုနှင့် လွတ်လပ်မှုမူများကို ချိုးဖောက်လျက်ရှိသည်။ သို့သော် ထိုဆုံးဖြတ်ချက်သည် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် သုံးနိုင်ငံဖြစ်သော ပြင်သစ်၊ ယူကေနှင့် အမေရိကန် ပြည်ထောင်စုတို့၏ ဗီတိုအာဏာဖြင့် ပယ်ချမှုကိုခံရသည်။ ယင်းကို တုံ့ပြန်သောအားဖြင့် တောင်အာဖရိကနိုင်ငံအား အထွေထွေညီလာခံတွင် ပါဝင်ဆောင်ရွက်ခွင့်ကို အထွေထွေညီလာခံက ဆိုင်းငံ့ထားခဲ့သည်။ ထိုသို့ ဆိုင်းငံ့မှုသည် နှစ်ပေါင်း ၂၀ ခန့် ကြာမြင့်ခဲ့ကာ တောင်အာဖရိကတွင် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများ ကျင်းပသည့် ၁၉၉၄ ခုနှစ်အထိတိုင် ဖြစ်သည်။

လစ်ဗျား ။ ။ ၂၀၁၁ ခုနှစ်၊ မတ်လတွင် ကဒါဖီအစိုးရ၏ အစိုးရဆန့်ကျင်ဆန္ဒပြသူများကို အကြမ်းဖက်မှုများအား ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက တင်ပြချက်အပေါ် ထောက်ထား၍ အထွေထွေညီလာခံက လစ်ဗျားအား အဖွဲ့ဝင်နိုင်ငံအဖြစ်မှ ထုတ်ပယ်ရန် တစ်ခဲနက် မဲဆန္ဒပေးခဲ့ကြသည်။ ထုတ်ပြန်ချက်တစ်ရပ်တွင် လစ်ဗျားနိုင်ငံ(အစိုးရ)သည် 'လူ့အခွင့်အရေး ချိုးဖောက်မှုများကို အများအပြားနှင့် စနစ်တကျ' ကျူးလွန်ခဲ့ကြောင်း အထွေထွေညီလာခံက တင်ပြခဲ့သည်။ ဆိုင်းငံ့မှုမှာ ခေတ္တသာ ကြာမြင့်ခဲ့ပြီး ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ အထွေထွေညီလာခံတွင် လစ်ဗျားအစိုးရသစ်က လူ့အခွင့်အရေးကို ကာကွယ်သည့် စည်းမျဉ်းစည်းကမ်းများကို ထူထောင်သွားမည်ဖြစ်ကြောင်း ကတိပြုခဲ့ပြီးနောက် လစ်ဗျား၏ အဖွဲ့ဝင်ဖြစ်မှုကို အထွေထွေညီလာခံတွင် ပြန်လည်လက်ခံခဲ့သည်။

ukor*¾lYcGJha&;qkdif aumif&SifjuD

ဤစာစောင်ကို ရေးသားပြုစုချိန်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်မင်းကြီးမှာ နဗန်နီသမ်ဖီလေးဖြစ်ပြီး သူမ၏ လေးနှစ်တာသက်တမ်းကို ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် စတင်ခဲ့သည်။ ဖီလေးသည် တောင်အာဖရိကမှ ရှေ့နေပညာရှင်တစ်ဦးဖြစ်သည်။ တောင်အာဖရိကတွင် လူနည်းစု လူဖြူများက အာဏာရှင်ဆန်စွာ လူမျိုးရေးခွဲခြားအုပ်ချုပ်ခဲ့သည့် အသားရောင်ခွဲခြားမှုခေတ်အတွင်းတွင် သူမသည် တရားရုံးများတွင် အသားရောင်ခွဲခြားမှု ဆန့်ကျင်တိုက်ဖျက်ရေးနှင့် ပတ်သက်သည့် အမှုများစွာကို လိုက်ပါကာကွယ်ဆောင်ရွက်ပေးခဲ့သည်။

[ကုလသမဂ္ဂဆောင်ရွက်ချက်ဇယား - www.un.org/en/aboutun/structure/pdfs/un-system-chart-colour-sm.pdf]

vlYcGJha&; apmifbufvkwfonftzGJpnfrsm;

ကုလသမဂ္ဂတွင် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်း အမျိုးအစားနှစ်ရပ်

ရှိသည်။ ယင်းတို့မှာ...

- ကုလသမဂ္ဂ ပဋ္ဌာန်းခဲ့ အခြေပြု အဖွဲ့အစည်းများ၊ လုပ်ငန်းယန္တရားများ
- ကုလသမဂ္ဂ သဘောတူစာချုပ်များ အခြေပြုအဖွဲ့အစည်းများ၊ နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူစာချုပ်များအရ ဖွဲ့စည်းထားပြီး တစ်နိုင်ငံချင်းစီ၏ ဆောင်ရွက်မှုများသည် သဘောတူစာချုပ်နှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စောင့်ကြည့်နေသည့် လွတ်လပ်သော ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အဖွဲ့အစည်းများ ဖြစ်သည်။

y#dmOftajcjyk tzUHpnfrsm;EdkifvykfefU,EdkifrSm;

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (UNHRC) သည် အစိုးရများ ပူးပေါင်းပါဝင်ရသော ကောင်စီတစ်ခုဖြစ်ပြီး အဖွဲ့ဝင် ၄၇ နိုင်ငံ ပါဝင်သည်။ ယင်းကောင်စီမှ ကမ္ဘာတစ်ဝန်းရှိ လူ့အခွင့်အရေးတို့ကို အားဖြည့်ခြင်း၊ မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းတို့ ပြုလုပ်သည်။

အပြည်ပြည်ဆိုင်ရာ ပုံမှန်သုံးသပ်အစီရင်ခံစာ (UPR) သည် UNHCR မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး UNHCR မှ အဖွဲ့ဝင်နိုင်ငံများ (ရေးသားပြုစုချိန် ၁၉၃ နိုင်ငံ)၏ လူ့အခွင့်အရေးအခြေအနေနှင့် မှတ်တမ်းများကို သုံးသပ်လေ့လာမှုများ ပြုလုပ်ခြင်းဖြစ်သည်။

ယင်းကို ၂၀၀၆ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် နိုင်ငံများအားလုံးအပေါ် တစ်ကြိမ်စီ သုံးသပ်အစီရင်ခံစာ တင်သွင်းနိုင်ခဲ့ပြီး ဖြစ်သည်။ (ဤတွင် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လရောက်မှ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သော တောင်ဆူဒန်နိုင်ငံကမူ ခြွင်းချက် ဖြစ်သည်) သုံးသပ်အစီရင်ခံမှုသည် လေးနှစ်တစ်ကြိမ် ပြန်လည်စတင်သည်။ နိုင်ငံတစ်ခုချင်းစီက ယင်းတို့၏ လူ့အခွင့်အရေး အခြေအနေများကို အစီရင်ခံစာ တင်သွင်းရန်မှာ ယင်းတို့၏ တာဝန်သာဖြစ်သည်။ UNHCR ၏ အထောက်အပံ့ဖြင့် နိုင်ငံများသည် သုံးသပ်ချက်အစီရင်ခံစာများကို ပြုစုတင်သွင်းကြရသည်။ ထိုအစီရင်ခံစာများသည် လူ့အခွင့်အရေးအခြေအနေများကို ရိုးသားစွာ ထင်ဟပ်ပြရန်ဖြစ်ပြီး ယင်းတို့၏ နိုင်ငံနယ်နိမိတ်အတွင်း လူ့အခွင့်အရေးအခြေအနေများ ပိုမိုကောင်းမွန်တိုးတက်လာစေရန်အတွက် မည်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ထားကြောင်း ထုတ်ပြန်ကြေညာရန် လိုသည့်အပြင် ယင်းတို့ လက်မှတ်ရေးထိုးထားသည့် လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ကိုက်ညီသည်အထိ လိုက်နာဆောင်ရွက်ရန်လည်း လိုအပ်သည်။ ဤသို့ သုံးသပ်အစီရင်ခံရာတွင် နိုင်ငံတိုင်းကို တန်းတူရည်တူ ဆက်ဆံသည်။

UPR ၏ ရည်ရွယ်ချက်မှာ နိုင်ငံများအား လူ့အခွင့်အရေးနှင့် ပတ်သက်သည့် ခံဝန်ကတိများနှင့် ယင်းတို့၏ တာဝန်ရှိမှုများကို သတိပေးရန်ဖြစ်သည်။ အဆုံးစွန်အားဖြင့် UPR သည် ကမ္ဘာတစ်လွှား လူ့အခွင့်အရေးချိုးဖောက်မှုများကို ကုလသမဂ္ဂမှ ဖြေရှင်းနိုင်စေမည့် အချက်အလက်များ ထောက်ပံ့ရန် ရည်ရွယ်သည်။

လူ့အခွင့်အရေးကောင်စီသို့ တိုင်ကြားမှု လုပ်ထုံးလုပ်နည်းများ - UNHCR တွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ ရှေ့နောက်လျော်ညီပြီး စိတ်ချရသည့် တိုင်ကြားမှုများကို လက်ခံပေးသည့် လုပ်ထုံးလုပ်နည်းများ ရှိသည်။

လုပ်ထုံးလုပ်နည်း အမှတ် ၁၅၀၂ တွင် ဆုံးဖြတ်ချက်များအရ လူ့အခွင့်အရေးကော်မရှင်မင်းကြီးရုံးသို့ ပေးပို့သော တိုင်ကြားလွှာကို လူ့အခွင့်အရေးကောင်စီသို့ ဆက်လက်ပေးပို့ရန်ဖြစ်သည်။ ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့က တိုင်ကြားချက်သည် လက်သင့်ခံဖွယ်ဖြစ်သည်ဟု ယူဆပါက ယင်းကို (လူ့အခွင့်အရေး) အခြေအနေများဆိုင်ရာ လုပ်ငန်းအဖွဲ့သို့ လွှဲအပ်ရသည်။ ယင်းတိုင်ကြားလွှာကို လက်ခံစဉ်းစားပေးပြီးနောက် လူ့အခွင့်အရေးကောင်စီသို့ တိုက်တွန်းကြောင်း အစီရင်ခံစာ တင်သွင်းရသည်။ ယင်းနောက်မှ UNHCR သည် တိုင်ကြားလွှာကို အစီအစဉ် ပိတ်သိမ်းခါနီးတွင် ထည့်သွင်းဆုံးဖြတ်ကာ မည်သို့ အရေးယူမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ရသည်။

တိုင်ကြားလွှာတစ်ခု လက်သင့်ခံဖွယ်မရှိဟု ယူဆနိုင်သည့်အကြောင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

- နိုင်ငံရေး ဆော်သြမှုသာ ကြီးစိုးနေပြီး လူ့အခွင့်အရေးဥပဒေနှင့် ကိုက်ညီမှု မရှိခြင်း
- လူ့အခွင့်အရေးများတွင် မည်သည်တို့ကို မည်သို့ ချိုးဖောက်မှုများ ရှိနေကြောင်း ချက်ကျလက်ကျ မဖော်ပြနိုင်ခြင်း
- တိုင်ကြားလွှာသုံး ဘာသာစကားကို မဖွယ်မရာ ရေးသားဖော်ပြခြင်း

a&maxf,Ekd&mowjydy

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (UNHCR)နှင့် လူ့အခွင့်အရေးကော်မရှင်တို့ကို ရောထွေးသွားနိုင်ပါသည်။ လူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးကြေညာစာတမ်းကို မူကြမ်းရေးဆွဲခဲ့သည့် ပင်မအဖွဲ့အစည်းဖြစ်သည်။ ယင်းကော်မရှင်သည် ၂၀၀၆ ခုနှစ်အထိ လူ့အခွင့်အရေးတိုးတက်မှုနှင့် စောင့်ကြည့်လေ့လာမှုများကို ဦးဆောင်ပြုလုပ်ခဲ့သည်။ သို့သော် ယခုအချိန်တွင် ထိုကော်မရှင် မရှိတော့ပါ။ ထိုကော်မရှင်နှင့် ပတ်သက်၍လည်းကောင်း၊ အတိတ်က ယင်း၏ ဆောင်ရွက်ချက်များလည်းကောင်း ပိုမိုသိရှိနိုင်ရန် အခန်း၂၊ စာမျက်နှာ ၅ တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

၂၀၀၆ ခုနှစ်တွင် ထိုကော်မရှင်ကို လူ့အခွင့်အရေးကောင်စီနှင့် အစားထိုးခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် ယခင်က ကောင်စီအနေဖြင့် ဆောင်ရွက်ခဲ့သည်ထက် ပို၍ လုပ်ပိုင်ခွင့်ရှိသည်။ နိုင်ငံတစ်ခုချင်း၏ ဆောင်ရွက်ချက်များကို စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ကြောင်း တိုင်တန်းမှုများကို ကြားနာခြင်းနှင့် တိုက်တွန်းချက်များ ပြုလုပ်ခြင်းတို့ အပါအဝင် ပို၍ ကျယ်ပြန့်စွာ လုပ်ဆောင်ခွင့်များရှိသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီနှင့် ပတ်သက်၍ www2.ohchr.org/english/bodies/hrcouncil တွင် ပိုမိုလေ့လာနိုင်ပါသည်။

အကယ်၍ သင့်အနေဖြင့် နောက်ခံအကြောင်းအရာ သုတေသန ပြုလုပ်လိုပါက သတိထားပါရန် - အင်တာနက် စာမျက်နှာများစွာတို့သည် လူ့အခွင့်အရေးကော်မရှင်ကိုသာ ရည်ညွှန်းကြဆဲဖြစ်ပါသည်။ အကြောင်းမှာ UNHCR သည် ကော်မရှင်၏ တည်ဆောက်ပုံနှင့် အလုပ်လုပ်ပုံများကို ဖြည့်ဆည်းပြင်ဆင်လျက် အဖွဲ့အစည်းစနစ်တကျဖြစ်အောင် ပြင်ဆင်နေဆဲဖြစ်ပါသည်။ အကယ်၍ သံသယရှိလျှင် လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်မင်းကြီး၏ တရားဝင်အင်တာနက်စာမျက်နှာ (www.ohchr.org) တွင် ဖတ်ရှုနိုင်ပါသည်။ ထို့နောက် လူ့အခွင့်အရေးအဖွဲ့အစည်း များစာရင်းထဲသို့ ဝင်ရောက်၍ နောက်ဆုံး ထည့်သွင်းထားသော အချက်အလက်များကို ရရှိနိုင်ပါသည်။

aemufx,mifcHkpD&Dcpmrsm;

UPR အစီရင်ခံစာကို နိုင်ငံအစိုးရက တရားဝင် တင်သွင်းနိုင်သည့်အပြင် အခြားအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့ခွဲများ၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ စသည်) တို့ကလည်း ယင်းတို့၏ အစီရင်ခံစာများကို နောက်ယောင်ခံ အစီရင်ခံစာများအဖြစ် တင်သွင်းကာ ကော်မတီမှ နောက်ထပ်အချက်အလက်များ သုံးသပ်နိုင်ရန်အတွက် ပေးပို့နိုင်သည်။ ထိုအစီရင်ခံစာများက တရားဝင်အစီရင်ခံစာပါ အချက်အလက်ကွဲလွဲမှုများနှင့် မှားယွင်းစွာ ကိုယ်စားပြုတင်ပြခြင်းများကို ထည့်သွင်းကာ မျှတမှုနှင့် တိကျမှုကို ဆန်းစစ်အကဲဖြတ်နိုင်စေသည်။

]euf½dkufwpfcdkufcJhaom;xkwjcif;

tjynfynfqkd&m ykEdkifoyftpD;cHonfurQuD; euf½dkufpkdkufzifvlYcif

ta&;ukd&if wi&ef&Sdu m u , &efuD;onft vm;t vm&&Sd nf

(bef&D&ifukd o r*3Kaxa x t wifa&;ud&)

- ချိုးဖောက်မှုကြောင့် ထိခိုက်နစ်နာသူ သို့မဟုတ် ချိုးဖောက်မှုကို တိုက်ရိုက်တွေ့ကြုံရသူများထံမှ သိရချက်များ၊ သို့မဟုတ် သက်သေခံအထောက်အထားများ မပါဝင်ဘဲ တင်သွင်းခြင်း
- အများပြည်သူသိရှိနိုင်သည့် မီဒီယာများတွင် ဖော်ပြဖြန့်ချိုပြီးသား သတင်းအစီရင်ခံမှုများကိုသာ အခြေခံခြင်း
- ကုလသမဂ္ဂ (သို့မဟုတ်) ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ရပ်က ကိုင်တွယ်ခဲ့ပြီးသား အခြေအနေများကိုသာ ညွှန်းဆိုခြင်း သို့မဟုတ်
- (ထိရောက်မှု မရှိနိုင်၊ လက်မခံနိုင်လောက်အောင် ကြာရှည်နိုင်သည့်တိုင်) သက်ဆိုင်ရာ ပြည်တွင်းဖြေရှင်းမှုများကို ဆောင်ရွက်မှု မပြုရသေးခြင်းတို့ ဖြစ်သည်။

လူအခွင့်အရေးကောင်စီ၏ အထူးလုပ်ထုံးလုပ်နည်းများ - အချိန်ကာလ ပြောင်းလဲရွှေ့လျားလျက်ရှိသည်နှင့်အညီ UNHCR သည် ဥပမာအားဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှု၊ တရားဥပဒေနှင့် မညီဘဲ ဖမ်းဆီးချုပ်နှောင်မှု၊ လူကုန်ကူးမှုစသည့် အကြောင်းအရာတစ်ရပ်ချင်းစီအလိုက် သုတေသနများ ပြုလုပ်မည်ဖြစ်သည်။ ထိုသို့သော သုတေသနများအတွက် ကုလသမဂ္ဂတွင် ဆောင်ရွက်သည့် လုပ်ငန်းဆောင်တာများ နည်းလမ်းများကို အထူးလုပ်ထုံးလုပ်နည်းများဟု သတ်မှတ်နိုင်သည်။

အထူးလုပ်ထုံးလုပ်နည်းများဟုဆိုရာတွင် အချို့နိုင်ငံများရှိ လူအခွင့်အရေးဆိုင်ရာ စစ်ဆေးမေးမြန်းမှုများကိုလည်း ရည်ညွှန်းနိုင်သည်။ ၂၀၁၁ ခုနှစ်တွင် ဘူရွန်ဒီ၊ ကမ္ဘောဒီးယား၊ မြောက်ကိုရီးယား၊ မြန်မာ၊ ပါလက်စတိုင်း၊ ဆိုမားလီးယား၊ ဆူဒန်ဟူသည့် နိုင်ငံရှစ်ခုတို့ကို စုံစမ်းစစ်ဆေးရေး ဆောင်ရွက်ပိုင်ခွင့် အထူးလုပ်ထုံးလုပ်နည်းထား ရှိခဲ့သည်။

အထူးလုပ်ထုံးလုပ်နည်းများကို ကိုင်တွယ်ဆောင်ရွက်ရသူများမှာ ဆောင်ရွက်ခွင့်ရရှိကြသူ (Mandate Holders) များ ဖြစ်သည်။ သူတို့သည် လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် ဆောင်ရွက်ကြရသူများ ဖြစ်ကြပြီး အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်တော်၊ (သို့မဟုတ်) လွတ်လပ်သည့် ကျွမ်းကျင်ပညာရှင်အဖြစ် ရပ်တည်ဆောင်ရွက်ကြသည်။ သို့သော် ကမ္ဘာ့ကုန်းမြေတိုက်ကြီးငါးခုမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်သည့် အလုပ်အဖွဲ့မျိုးကို အထူးလုပ်ထုံးလုပ်နည်းဆောင်ရွက်ခွင့် အပ်နှင်းသည်မျိုးလည်း ရှိသည်။

ဆောင်ရွက်ခွင့်ရရှိသူများသည် လွတ်လပ်စွာရပ်တည်ရန်နှင့် ဘက်မလိုက်ရန် များစွာအရေးကြီးသည်။ ထို့ကြောင့် သူတို့၏ တစ်ကိုယ်ရေအစွမ်းအစဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကာ သူတို့၏ လုပ်ဆောင်ချက်များအတွက် မည်သည့် အထောက်အပံ့ငွေကြေးမျှ ရယူခြင်း မရှိရချေ။

ဆောင်ရွက်ခွင့်ရရှိသူများမှာ ကျွမ်းကျင်ပညာရှင်များဖြစ်ပြီး မတူခြားနားသည့် နယ်ပယ်များတွင် လူအခွင့်အရေးနှင့် ပတ်သက်၍ ထင်ရှားသူများလည်း ဖြစ်လေ့ရှိသည်။ ယင်းတို့ထဲတွင် တရားသူကြီးများ၊ ပညာရှင်များ၊ ဘာဝဂေဒပညာရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကုလသမဂ္ဂမှ အကြီးတန်းဝန်ထမ်းဟောင်းများနှင့် ရှေ့နေများပါဝင်သည်။

နိုင်ငံတစ်ခုခုမှ လူအခွင့်အရေးချိုးဖောက်မှု သတင်းအချက်အလက်များကို လက်ခံရရှိပါက အထူးလုပ်ထုံးလုပ်နည်းဖြင့် ဆောင်ရွက်ခွင့်ရရှိသူများသည် သက်ဆိုင်ရာအစိုးရများသို့ ရှင်းလင်းဖြေကြားရန် စာများ ရေးသားပေးပို့သည်။ အငြင်းပွားဖွယ်ဖြစ်နေသော နိုင်ငံမှ အစိုးရက သဘောတူပါက သူတို့သည် ထိုနိုင်ငံသို့ သွားရောက်လည်ပတ်ရနိုင်သည်။

နိုင်ငံသို့သွားရောက်လည်ပတ်ပြီးနောက် ဆောင်ရွက်ခွင့်ရပုဂ္ဂိုလ်သည် အများပြည်သူသို့ အစီရင်ခံစာ

ထုတ်ပြန်သည်။ ထိုအစီရင်ခံစာကို ခရီးစဉ်အစီရင်ခံစာဟု ခေါ်သည်။ ထိုအစီရင်ခံစာအတွင်းတွင် တွေ့ရှိချက်နှင့် အကြံပြုချက်များကို ဖော်ပြထားသည်။

oabmwpmcsyft ajccHtZ[Bonf;rsm;

နိုင်ငံ (အစိုးရ) များသည် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးသည့်အခါမှစ၍ ထိုသဘောတူစာချုပ်နှင့် ညီအောင် လူ့အခွင့်အရေးအခြေအနေများကို မြှင့်တင်ရန် သဘောတူလိုက်ခြင်းပင်ဖြစ်သည်။

သဘောတူစာချုပ် အခြေခံအဖွဲ့အစည်းများ၏ အဓိကလုပ်ငန်းဆောင်တာမှာ သက်ဆိုင်ရာနိုင်ငံများမှ အစီရင်ခံစာများကို သုံးသပ်ပြီး ထိုနိုင်ငံက လိုက်နာရန် ဝတ္တရားရှိသည်နှင့်အညီ အဆင့်ဆင့် ဆောင်ရွက်ခြင်းရှိ၊ မရှိ စစ်ဆေးရန်ဖြစ်သည်။ သဘောတူစာချုပ်များနှင့် မည်ဘဲ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများရှိပါက လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် တိုင်ကြားနိုင်သည့် ကော်မတီလေးခု (CCPR, CERD, CAT and CEDAW) ရှိသည်။ သဘောတူစာချုပ် အခြေခံအဖွဲ့အစည်းများသည် သဘောတူစာချုပ်များကို အနက်ဖွင့်ဆိုခြင်း၊ မှတ်ချက်ပေးခြင်းနှင့် အကြောင်းအရာအလိုက် ဆွေးနွေးချက်များကို ပြုစုမှုများ လုပ်ဆောင်ကြရသည်။ လူ့အခွင့်အရေး သဘောတူစာချုပ် အခြေခံအဖွဲ့အစည်း ကိုးခုရှိသည်။ သဘောတူစာချုပ်တစ်ရပ်ချင်းစီအလိုက် အဓိက အဖွဲ့အစည်းတစ်ခုစီရှိပြီး ယင်းတို့ကို စာမျက်နှာ ၁၃၆ မှ ၁၆၂ အတွင်း လေ့လာနိုင်သည်။

လူ့အခွင့်အရေးကော်မတီ - နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ နိုင်ငံတကာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲ စာချုပ်များအား အကောင်အထည်ဖော်မှုကို စောင့်ကြည့်ကြပ်မတ်သည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ကော်မတီ (CESCR) - အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်မှုကို စောင့်ကြည့်ကြပ်မတ်သည်။

လူမျိုးရေးခွဲခြားဆက်ဆံမှုများ ဖျက်သိမ်းရေးကော်မတီ (CERD) - လူမျိုးရေးခွဲခြားဖိနှိပ်ဆက်ဆံမှုပုံစံအားလုံး ဖျက်သိမ်းခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်အကောင်အထည်ဖော်မှုကို စောင့်ကြည့်ကြပ်မတ်သည်။

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ဖျက်သိမ်းရေးကော်မတီ (CEDAW) - အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ဖျက်သိမ်းရေး သဘောတူစာချုပ်နှင့် နောက်ဆက်တွဲ စာချုပ်များ အကောင်အထည်ဖော်မှုကို စောင့်ကြည့်ကြပ်မတ်သည်။

ညှဉ်းပန်းနှိပ်စက်မှု တိုက်ဖျက်ရေးကော်မတီ (CAT) - ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသောရက်စက်မှုပုံစံများ ဖြစ်သည့် လူမဆန်သော (သို့မဟုတ်) နှိမ်ချသောပြုမူမှု (သို့မဟုတ်) အပြစ်ပေးမှုဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်မှုကို စောင့်ကြည့်ကြပ်မတ်သည်။

ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ (CRC) - ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲစာချုပ်များ အကောင်အထည်ဖော်မှုကို စောင့်ကြည့်ကြပ်မတ်သည်။

aemufqHkt cuft vufrsm; owif;&ef

ဤစာအုပ်ကို ပြုစုရေးသားသည့် အချိန်တွင် ကုလသမဂ္ဂသည် အထူးလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်လျက်ရှိသည်။ သို့ဖြစ်၍ အသေးစိတ်ကို ကုလသမဂ္ဂ အင်တာနက်စာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။

uaomifueifurQ;GJidcrfa&;xefodcif

]'Dae&YcwfrSurQ;vpfvmT, y#dujzpfrsm;aewhae&mawrSwm0efay;xm;whtrsdbm;?
trsdbrDayif110,000OD;Dae&eyw,folwkYmEkdifayif120ujzpfyDt&ifh&ifuxufrsm;jym;vm
wmu ukvor*&Gufcrfa&;xefodrawuk,kdnf&SDumifjyoaeyw,fEkdifHJD,fa&;?
qif&crfomra&;uae a&mufvmulyDwcsdkolwkdEkdifaw[m ppfab;oifchu&yw,f
olwkYm rwhnDh,Ofau;rlaw tawtDulawukaqmifu0fvmulyDidcrfa&;twufwnD
wñwfwnfpdwfykdfzwfaqmif&ufaeuyw,fwcsdkwu ppfrkxrfawjzpfayr,ftrsm;pkuawmh
t&yfom;awjzpfyDapmifunfavkvm½kdufuwhvkyfefawukdqmif&ufEkdifhuyw,f&0efxrf
awukdavhusifay;? ,cifu vufufukdfolawukdvufufzwfodfay;? a&;aumufyawukd
axmufykdhnDhjyifEkdifwnfaqmufa&;ukdhnD,0ifhuyw,folwkdwu wwm;awaqmuf
w,fpmoifausmifaw jyifv,fa&ab;'ku©nfawukdhnD,ftrsdbrDawukdvdfykdf
qkd&m tlurfzufawuae tumtu,fay;yw,fvlYcifha&;eYvrlvdfwefwhnD&dwkY
twufrsdfwifaqmif&ufaeuyw,folwkdtm;xkwfawaumifvlom;csifpmemrltoufu,f
taxmuftykdwukdefEkdifhDD,Dm;a&;zkd&rf&zkdwnfwpfzefyefvnfpwifEkdifapchyw,f}

(bef&Dfukvor*3¥axaxtwufa&;rlSwf
ukvor*3¥EG,0ifcdcrfa&;xefodcif,ufkdifwkdif;ESifh)
(www.un.org/events/peacekeeping60/sgmessage.shtml)

idcrfa&;xefodrl[bnfSt b,fenf

ငြိမ်းချမ်းရေးထိန်းသိမ်းခြင်းဟူသည်မှာ ငြိမ်းချမ်းရေးကို အရှည်ကြာမြင့် တည်တံ့စေမည့် အခြေအနေများ ဖန်တီးပေးခြင်းဖြစ်ကြောင်း ကုလသမဂ္ဂက ဖွင့်ဆိုသည်။ ငြိမ်းချမ်းရေးထိန်းသိမ်းသူများအတွက် လမ်းပြမူဘောင်များမှာ...

- နှစ်ဖက် သဘောဆန္ဒများအရ လက်ခံမှုရခြင်း
- ဘက်မလိုက်ခြင်း
- မိမိကိုယ်ကိုယ် ကာကွယ်ရန်နှင့် လုပ်ဆောင်ခွင့်ကို ကာကွယ်ခြင်းတို့မှအပ လက်နက်အင်အား အသုံးမပြုခြင်းတို့ ဖြစ်သည်။

ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းသူများသည် မြင်လျှင် သိသာစေရန် အပြာရောင်သံပရာခွံ ဦးထုပ် သို့မဟုတ် အပြာရောင်သံခမောက်ကို ဝတ်ဆင်ထားသည်။ ပထမဆုံး ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းတပ်ကို ၁၉၄၈ ခုနှစ်တွင် အစ္စရေးနှင့် အိမ်နီးချင်း အာရပ်နိုင်ငံများကြား ငြိမ်းချမ်းရေး အခြေအနေကို စောင့်ကြည့်နိုင်ရန် အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ခဲ့ရသည်။ ထိုအချိန်မှစ၍ ယခုအထိ ငြိမ်းချမ်းရေးထိန်းတပ် စေလွှတ်မှုပေါင်း ၆၄ ခု ရှိခဲ့ပြီ ဖြစ်သည်။ ပစ်ခတ်ခံရမှုများ ရှိခဲ့ပြီး နိုင်ငံပေါင်း ၁၂၀ ကျော်မှ ငြိမ်းချမ်းရေးထိန်းတပ်သားပေါင်း ၂,၈၆၀ ဦးတို့ ကျဆုံးခဲ့ရသည်။ ၂၀၁၁ ခုနှစ် (ဤစာစောင်ကို ရေးသားချိန်)တွင် ငြိမ်းချမ်းရေးထိန်းတပ်ဖွဲ့များသည် အနောက်ဆာဟာရ၊ ဆူဒန်၊ ကွန်ဂို၊ လိုက်ဘေးရီးယား၊ ကိုတ်ဒီအိုင်ဗွာရ်၊ ဟေတီ၊ ကက်ရှ်မီးယား၊ အာဖဂန်နစ္စတန်၊ အရှေ့တီမော၊ ဆိုက်ပရပ်၊ အရှေ့အလယ်ပိုင်း၊ ဂိုလန်ကုန်းမြင့်၊ လက်ဘနွန်နှင့် ကိုဆိုဗိုတို့တွင် လှုပ်ရှားဆောင်ရွက်လျက်ရှိကြသည်။ အပြာရောင် သံပရာခွံဦးထုပ်ဆောင်း တပ်ဖွဲ့ဝင်များသည်လည်း ငြိမ်းချမ်းရေးထိန်းလုပ်ငန်းများအတွင်း သတ်ဖြတ်ခြင်းခံကြရသည်။ သို့သော် ယင်းတို့ထဲတွင် လူ့အခွင့်အရေးချိုးဖောက်သူများလည်း ရှိသည်ဖြစ်ရာ ရှာဖွေစုံစမ်းဖော်ထုတ်ပြီး နိုင်ငံအဆင့်သို့မဟုတ် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးအဖွဲ့အစည်းများက ရေးသားဖော်ပြမှုများလည်း ရှိသည်။

ငြိမ်းချမ်းရေးထိန်းတပ်များနှင့်ပတ်သက်၍ အင်တာနက်စာမျက်နှာ www.un.org/en/peace keeping တွင်လည်း လေ့လာနိုင်ပါသည်။

ရွှေ့ပြောင်းလုပ်သားဆိုင်ရာကော်မတီ (CMW) - ရွှေ့ပြောင်းလုပ်ကိုင်သူများနှင့် ယင်းတို့၏ မိသားစုဝင်အားလုံး၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် အကောင်အထည်ဖော်မှုကို စောင့်ကြည့်ကြပ်မတ်သည်။

မသန်စွမ်းအခွင့်အရေးများဆိုင်ရာ ကော်မတီ (CRPD) - မသန်စွမ်း အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် အကောင်အထည်ဖော်မှုကို စောင့်ကြည့်ကြပ်မတ်သည်။

အတင်းအကျပ် ဆန္ဒမပါဘဲ ပျောက်ဆုံးမှုဆိုင်ရာကော်မတီ (CED) - အားလုံးအတွက် အတင်းအကျပ် ဆန္ဒမပါဘဲ ပျောက်ဆုံးမှုမှ ကာကွယ်သော နိုင်ငံတကာသဘောတူစာချုပ် အကောင်အထည်ဖော်မှုကို စောင့်ကြည့်ကြပ်မတ်သည်။

လူ့အခွင့်အရေး သဘောတူစာချုပ်အခြေခံ အဖွဲ့အစည်းများကို ဂျီနီဗာအခြေစိုက် လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်မင်းကြီးရုံး၏ လူ့အခွင့်အရေး သဘောတူစာချုပ်များဆိုင်ရာ ဌာနခွဲမှ အထောက်အပံ့များ ပေးလျက်ရှိသည်။

ukwor*¾ajrmufrsm;

ကုလသမဂ္ဂတွင် အထွေထွေညီလာခံက ထူထောင်ပေးသည့် လူ့အခွင့်အရေးနှင့် ပတ်သက်သော ရုံးနှင့် အစီအစဉ်ပေါင်းများစွာ ရှိသည်။ ယင်းတို့တွင် ဒုက္ခသည်များ၊ ခိုလှုံခွင့်ရရှိရန် ရှာဖွေနေကြသူများ၊ နိုင်ငံမဲ့များကို အကာကွယ်ပေးလျက်ရှိသည့် ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ ကလေးများ၏ အခွင့်အရေးများကို ကာကွယ်မြှင့်တင်ပေးလျက်ရှိသည့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ လူမှုလိုင် တန်းတူညီမျှမှု အပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းများစွာတို့အတွက် ဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP)၊ လူကုန်ကူးမှုကို တိုက်ဖျက်လျက်ရှိသည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုများဆိုင်ရာရုံး (UNODC)၊ ကျန်းမာရေးနှင့် လူမှုလိုင်တန်းတူညီမျှမှု အပါအဝင် လူ့အခွင့်အရေးမူဝါဒများကို အခြေခံ ဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂလူဦးရေဆိုင်ရာ ရန်ပုံငွေအဖွဲ့ (UNFPA)၊ အစာရေစာ ငတ်မွတ်မှုကို တိုက်ဖျက်လျက်ရှိသည့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) လူမှုလိုင်တန်းတူညီမျှမှုအတွက် ဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့တို့ကို တွေ့နိုင်သည်။

txlat*sifrD;EkSHjcm;at*sifrD;

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များ၊ အဖွဲ့အစည်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အစီအစဉ်များအပြင် လူ့အခွင့်အရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများစွာလည်း ရှိပါသေးသည်။ ယင်းတို့မှ အချို့သည် သီးခြားသဘောတူညီချက်များ၊ သီးခြား စီမံကွပ်ကဲမှုများဖြင့် ဆောင်ရွက်ကြခြင်းဖြစ်သည့်တိုင် ကုလသမဂ္ဂ၏ အထူးအေဂျင်စီများအဖြစ် သတ်မှတ်ခံထားရသည်လည်းရှိသည်။ ယင်းတို့ထဲတွင် နိုင်ငံတကာ အလုပ်သမားအဖွဲ့ (ILO)၊ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့-ယူနက်စကို (UNESCO)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် အစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပါဝင်သည်။

ထို့ပြင် လူ့အခွင့်အရေး အခြေအနေများအပေါ် သိသာသော သက်ရောက်မှု ရှိစေသည့် အထူးအေဂျင်စီများဖြစ်ကြသည့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ကဲ့သို့ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများလည်း ရှိကြသည်။

'Dru[ESuk[wkdka&;unf[h
oif[Suk[kor*¾

ကုလသမဂ္ဂ၏ ရုံးအဖွဲ့အစည်းများမှာ ကမ္ဘာတစ်ဝန်းတွင် တည်ရှိသည်။ သင်နှင့် ကုလသမဂ္ဂ မည်မျှနီးစပ်ပါသလဲ။ ကုလသမဂ္ဂမှ တစ်ဦးဦးနှင့် ဆုံတွေ့ဖူးပါသလား။ သင့်နိုင်ငံတွင် ကုလသမဂ္ဂကို မည်သို့ထင်မြင်ယူဆပါသလဲ။ ငြိမ်းချမ်းရေးထိန်းတပ်များ ရှိပါသလား။ မည်သည့်ရုံးအဖွဲ့များ ရှိပါသလဲ။

မည်သည်တို့ကို ဆောင်ရွက်ကြပါသလဲ။

သင့်နိုင်ငံ၏ ကုလသမဂ္ဂ သံအမတ်ကြီးမှာ မည်သူဖြစ်ပါသလဲ။ ----------

အမည် ----------

ဆက်သွယ်ရန် အသေးစိတ် ----------

သင့်နိုင်ငံတွင် မည်သည့် ကုလသမဂ္ဂရုံးများ ရှိပါသလဲ။ အောက်မှ ဇယားကို သုံး၍ စာရင်းပြုစုပါ။ အသေးစိတ်အချက်အလက်များကို ဇယားတွင် ဖြည့်စွက်ပြီး ဆက်သွယ်ရန် စာရင်းတစ်ခု ပြုစုပါ။

အေဂျင်စီ/ရုံး	**ဆောင်ရွက်သည့်**	**လိပ်စာနှင့်**	**တာဝန်ခံ**	**တာဝန်ခံ**	**ဖုန်းနှင့်**	**လိပ်စာ**
အမည်	**လုပ်ငန်း**	**ဝက်ဘ်ဆိုက်**	**ဆက်သွယ်မည့်**	**ဆက်သွယ်မည့်**	**အီးမေးလ်**	
			သူအမည်	**သူအမည်**		

Universal Periodic Review (UPR)

သင့်နိုင်ငံကို UPR အစီရင်ခံစာတင်သွင်းမှုဖြစ်စဉ်တွင် ထည့်သွင်း သုံးသပ်ထားပါသလား။ အစီရင်ခံစာမိတ္တူတစ်စောင် ရရှိနိုင်ပါသလား။ ယင်းတို့တွင် မည်သို့သော အကြောင်းအရာများ ပါဝင်ပါသလဲ။ သို့မဟုတ် UPR တွင် လက်ရှိ သင့်နိုင်ငံအခြေအနေကို မည်သို့ ဖော်ပြထားပါသလဲ။

သုံးသပ်ချက်အစီရင်ခံစာ တင်သွင်းထားခြင်း ရှိလျှင် အဓိကအချက်များမှာ ဘာတွေလဲ။

အကောင်းဘက်-

အဆိုးဘက်-

UPR အစီရင်ခံစာ တိုက်တွန်းအကြံပေးချက် -

UPRနှင့် ပတ်သက်ပြီး သတင်းရေးဖို့ ရှိပါသလား။ သို့မဟုတ် UPRမှ ရသည့်အချက်အလက်ဖြင့် ရေးနိုင်သည့် သတင်းရှိပါသလား။ သင့်စိတ်ကူးကို ဒီမှာ မှတ်ထားပါ။

သင့်နိုင်ငံမှာ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းတပ်များ လှုပ်ရှားနေကြပါသလား။ မရှိဘူးဆိုလျှင် သင့်နိုင်ငံနှင့် အနီးဆုံးမှာ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းတပ်များ လှုပ်ရှားနေကြတာ ရှိပါသလား။ ကုလ သမဂ္ဂ ငြိမ်းချမ်းရေးထိန်းတပ်များနှင့် သူတို့၏ ရည်ရွယ်ဆောင်ရွက်ချက်များအကြောင်း ဘယ်လိုသတင်းမျိုး ရေးနိုင်မလဲ။

---

oifh[kwuqrfunhfykd

ကုလသမဂ္ဂရဲ့ အဓိကအစိတ်အပိုင်းကြီး ငါးခုကို ဖော်ပြပါ။

ICJ က အမှုတွေကို ဘယ်မှာ ကြားနာသလဲ။

ICJ နဲ့ ICC ဘာကွာသလဲ။

ကုလသမဂ္ဂကို မည်သူက ဦးဆောင်သလဲ။ (အမည်နှင့် ရာထူး)

ကုလသမဂ္ဂ၏ အဓိကရုံးများမှာ ဘာတွေလဲ။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်နိုင်ငံ မည်မျှပါဝင်ပါသလဲ။

မည်သည့်နိုင်ငံများသည် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများ ဖြစ်ပါသလဲ။

ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်း တပ်ဖွဲ့ဝင်တစ်ဦးကို မည်သို့ မှတ်မိနိုင်ပါသလဲ။

အထွေထွေညီလာခံတွင် အဖွဲ့ဝင်နိုင်ငံ မည်မျှပါဝင်ပါသလဲ။ သင့်နိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်ပါသလား။

❒

Photo : Min Hein Htet

Internews
Local voices. Global change.

t ykd,f1? t cef,f5

t rsKd,ol r,Dvm; t wGif;t cGifha&;rsm;

အမျိုးသမီးများသည် လူ့အဖွဲ့အစည်းများစွာတို့တွင် ယုတ်လျော့နိမ့်ကျသည့် နေရာများကိုသာ ရရှိကြသည်ဖြစ်ရာ လူ့အခွင့်အရေးအရ အလွဲသုံးစားပြုမှုများကို ကြုံတွေ့ရလွယ်သူများ ဖြစ်လျက်ရှိကြသည်။ သို့ဖြစ်ရာ သူတို့၏ အခွင့်အရေးများကို CEDAW ခေါ် အထူးသဘောတူညီချက်ဖြင့် ကာကွယ်ပေးရသည်။

လူမှုလင်ဟုဆိုရာတွင် အမျိုးသမီးများချည်းသာ ပါသည်မဟုတ်ပါ။ သို့သော် အမျိုးသမီးများသည် လူ့အခွင့်အရေးနှင့် ပတ်သက်လျှင်တော့ အထူးအာရုံစိုက်စရာ ဖြစ်သည်။ လူ့အဖွဲ့အစည်းအများစုတွင် ယုတ်လျော့နိမ့်ကျသည့် နေရာများကိုသာ ရရှိထားကြသည်ဖြစ်ရာ အမျိုးသမီးများသည် လူ့အခွင့်အရေးအရ အလွဲသုံးစားပြုမှုများကို ကြုံတွေ့ရလွယ်သူများဖြစ်ကြသည်။ သို့ဖြစ်ရာ အမျိုးသမီးများ၏ အခွင့်အရေးများကို အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ဖျက်သိမ်းရေး သဘောတူစာချုပ် (CEDAW) ဖြင့် ကာကွယ်ပေးရသည်။

ယင်းစာချုပ်ကို ပြုစုခဲ့ရခြင်းမှာ ကမ္ဘာ့အစိတ်အပိုင်းများစွာတို့တွင် အမျိုးသမီးများနှင့် မိန်းကလေးများသည် လူမှုရေးအရ နိမ့်ကျသူများအဖြစ် ရှုမြင်ခြင်း ခံရပြီး လူမှုဘဝ၊ မိသားစုနှင့် အလုပ်ခွင်ဘဝများတွင် နိမ့်ကျသော အခန်းကဏ္ဍများကိုသာ အပ်နှင်းခြင်းခံကြရသည်။ အမျိုးသမီးများသည် ငွေကြေးကိုင်တွယ်သုံးစွဲမှု၊ ပိုင်ဆိုင်မှု၊ ကျန်းမာရေးအစောင့်အရှောက် ရရှိမှု၊ ပညာရေးနှင့် ဗဟုသုတရရှိမှုတို့တွင် ယောကျ်ားသားများနှင့် တန်းတူညီမျှ မရှိဘဲ ဖြစ်နေကြသည်။ မိန်းကလေးငယ်များသည် ကျောင်းနေခွင့်နှင့် လွတ်လပ်ခွင့်တို့တွင် ယောကျ်ားလေးများနှင့် တန်းတူအခွင့်အရေး မရကြချေ။

cjcGqufqHl &v'fESufrsdbrD;\ tcGha&;csdzufcGykl
b0&SDef&ywfnfykdcGusefrma&;tapmifha&SufESwpfukdf&b0vkdH

တစ်မိနစ်တိုင်း တစ်မိနစ်တိုင်းတွင် အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်ရင်းဖြစ်စေ၊ သားဖွားရင်းဖြစ်စေ သေဆုံးနေကြရပြီး နောက်ထပ်အမျိုးသမီး ၂၀ မှ ၃၀ အထိသည် ပြင်းထန်ဆိုးရွားသည့် ဒဏ်ရာများ၊ မသန်စွမ်းမှုများကို ရင်ဆိုင်ခံစားနေကြရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက် ၁၅ နှစ်မှ ၁၉ နှစ်အတွင်း မိန်းကလေးငယ်များ၏ သေဆုံးရခြင်း၏ အဓိကအကြောင်းရင်းမှာ ကိုယ်ဝန်ဆောင်စဉ် (သို့မဟုတ်) မီးဖွားစဉ် ကြုံတွေ့ရသည့် ပြဿနာများကြောင့်ဖြစ်သည်။ ထိုသို့ အသက်ဆုံးရှုံးရခြင်း အားလုံးလိုလိုတို့သည် ကာကွယ်နိုင်သော၊ ကုသနိုင်သော အခြေအနေများ ရှိလျက်ဖြင့်ပင် ကွယ်လွန်ကြရခြင်းဖြစ်သည်။

(UNFPA အချက်အလက်စာတမ်း၊ မိခင်ဘဝနှင့် လူ့အခွင့်အရေး)

ynma&;&&ykdcGh

၁၉၉၅ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း တိုင်းတာမှုအရ အရွယ်ရောက်ပြီး စာမတတ်မြောက်သူ ၆၄ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ယောကျ်ားသား ၁၀၀ က စာတတ်ပေတတ်ဖြစ်နေချိန်တွင် အမျိုးသမီး ၈၉ ဦးကသာ ရေးတတ်၊ ဖတ်တတ်ရုံ ရှိသည်။

(UNESCO စာရင်းအင်း အင်စတီကျူ အချက်အလက်စာတမ်း၊ မတ် ၂၀၀၈၊ အမှတ် ၁)

ykdqkdcGh

အာဖရိကနိုင်ငံအများစုနှင့် အာရှနိုင်ငံ ထက်ဝက်ခန့်မှ အမျိုးသမီးများ၏ မြေနှင့် အခြားပိုင်ဆိုင်မှုများ ရရှိပိုင်ဆိုင်ခွင့်ကို တည်ဆဲပြဋ္ဌာန်းဥပဒေများနှင့် ထုံးတမ်းစဉ်လာဥပဒေများအရ ကန့်သတ်ထားသည်။

(UN စာရင်းအင်းဌာနခွဲ၊ ကမ္ဘာပေါ်ရှိ အမျိုးသမီးများ ၂၀၁၀ လားရာနှင့် စာရင်းအင်းများ)

&ufufvlrqefvlkPfbdCkdwfvmhponfquqHkm;rSifyvsuf&SDefxkdcGh

အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည် အနှံ့အပြား ဖြစ်ပွားလျက်ရှိသည့် ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။

(UN စာရင်းအင်းဌာနခွဲ၊ ကမ္ဘာပေါ်ရှိ အမျိုးသမီးများ ၂၀၁၀ လားရာနှင့် စာရင်းအင်းများ)

usefrma&;&&ykdcGh

ဆာဟာရတစ်ပိုင်း အာဖရိက၊ မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းတို့တွင် HIV ရောဂါပိုးရှိသည့် အရွယ်ရောက်ပြီးသူ အများစုမှာ အမျိုးသမီးများ ဖြစ်ကြသည်။

(UN စာရင်းအင်းဌာနခွဲ၊ ကမ္ဘာပေါ်ရှိ အမျိုးသမီးများ ၂၀၁၀ လားရာနှင့် စာရင်းအင်းများ)

trsdcdm;rsm;ESufwefwhDzpfcGh

ကမ္ဘာအကြီးဆုံး စီးပွားရေးလုပ်ငန်းပေါင်း ၅၀၀ တွင် ၁၃ ခုသာ အမျိုးသမီး စီအီးအိုများ ရှိကြသည်။

(UN စာရင်းအင်းဌာနခွဲ၊ ကမ္ဘာပေါ်ရှိ အမျိုးသမီးများ ၂၀၁၀ လားရာနှင့် စာရင်းအင်းများ)

vlxdm;pkxJ3dm;pkifsm;tm;vkH

၁၉၄၅ ခုနှစ် ကုလသမဂ္ဂကို စတင်ဖွဲ့စည်းခဲ့ချိန်က အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူ

ညီမျှဖြစ်ရေးဟူသော စိတ်ကူးသည် နိုင်ငံတကာအသိုင်းအဝိုင်းကြားတွင် အသစ်အဆန်းသာ ဖြစ်လျက် ရှိသည်။ အဖွဲ့ဝင် ၅၁ နိုင်ငံတွင် နိုင်ငံ ၃၀ ကသာ အမျိုးသမီးများကို မဲပေးခွင့်ပြုထားသည်။ အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူညီမျှဖြစ်ရေးဟူသည့်ကိစ္စသည် အချုပ်အခြာအာဏာကိစ္စ ဖြစ်သော ကြောင့် သက်ဆိုင်ရာ အချုပ်အခြာအာဏာပိုင် အစိုးရကသာ ဆုံးဖြတ်၍ နိုင်ငံဥပဒေအတိုင်း ဆောင်ရွက် နိုင်သည်ဟု နိုင်ငံများစွာက ယုံကြည်လျက် ရှိခဲ့ကြသည်။

UDHR သည် အမျိုးသားများနှင့် အမျိုးသမီးများ အခွင့်အရေး တန်းတူဖြစ်သည့်မူကို ရှင်းလင်းစွာ ဖော်ပြထားပြီး နိုင်ငံတကာမှ ပထမဆုံး သဘောတူခဲ့သော စာတမ်းတစ်ခုဖြစ်သည်။ ပဏာမ ဖော်ပြ ချက်ထဲတွင် UDHR သည် လူသားမိသားစုကြီးတစ်ခုလုံးတွင် ပါဝင်သူတိုင်း၏ အခွင့်အရေးများကို အသိ အမှတ်ပြုခြင်းမှာ ကမ္ဘာ့လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း အလေးထားဖော်ပြခဲ့သည်။

ထို့ပြင် "...ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသည် မူလအခွင့်အရေးများကိုလည်းကောင်း၊ လူ၏ ဂုဏ်သိက္ခာကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီးတို့၏ တူညီသော အခွင့်အရေးများကိုလည်းကောင်း လေးစားယုံကြည် သက်ဝင်ပါသည်ဟု ကုလသမဂ္ဂတွင် ထပ်လောင်းအတည်ပြု..." ကြောင်းလည်း ပါရှိ သည်။

UDHR အပိုဒ် ၁ တွင်...

လူသားတိုင်းသည် လွတ်လပ်၍ တန်းတူညီသော ဂုဏ်သိက္ခာနှင့် အခွင့်အရေးများဖြင့် မွေးဖွားလာ ကြသူများဖြစ်သည်။

UDHR အပိုဒ် ၂ တွင်...

"လူသားတိုင်း ဤလူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးများ အားလုံး၏ လွတ်လပ်ခွင့်များအားလုံးကို ပိုင်ဆိုင်ခံစားခွင့်ရှိသည်။ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေးအယူအဆ (သို့မဟုတ်) အခြားယူဆချက်၊ နိုင်ငံရေး (သို့မဟုတ်) လူမှုရေးဇာစ်မြစ်၊ ပစ္စည်းဥစ္စာ၊ မျိုးရိုးဇာတိ၊ အခြားအဆင့်အတန်းအားဖြင့် ခွဲခြားခြင်း မရှိ စေရ" ဟု ဖော်ပြသည်။

အပိုဒ် ၁၆ တွင် လက်ထပ်ထိမ်းမြားမှုနှင့် ပတ်သက်၍ အမျိုးသားနှင့် အမျိုးသမီးများသည် အိမ်ထောင်ဘက်များအဖြစ် အဆင့်တူညီကြောင်းကို "အရွယ်ရောက်ပြီးသော အမျိုးသားနှင့် အမျိုးသမီးတိုင်း သည် လူမျိုး၊ တိုင်းရင်းသား (သို့မဟုတ်) ဘာသာရေး အကြောင်းပြု၍ ချုပ်ချယ်ကန့်သတ်ခြင်း မရှိစေရဘဲ လက်ထပ်ခွင့်နှင့် မိသားစုထူထောင်ပိုင်ခွင့်ရှိသည်။ လက်ထပ်ထိမ်းမြားချိန်၊ ပေါင်းသင်းချိန်နှင့် အိမ်ထောင် ပြိုကွဲသည့်အချိန်များတွင် လက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်၍ ထိုအမျိုးသားနှင့် အမျိုးသမီးတို့တွင် တူညီသော အခွင့်အရေးများရှိသည်" ဟု ဖော်ပြထားသည်။ ရည်ရွယ်ထားသော သတို့သားနှင့် သတို့သမီး တို့၏ လွတ်လပ်သောသဘောဆန္ဒကို အပြည့်အဝရယူမှသာ လက်ထပ်ထိမ်မြားခြင်း ပြုရမည်ဟုလည်း ပါရှိသည်။

ယင်းမှာ သဘောတူစာချုပ်တစ်ရပ် မဟုတ်သည့်အတွက် ဥပဒေပမာ သက်ရောက်နိုင်စွမ်း မရှိ သည့်တိုင် UDHR ၏ အမျိုးသမီးများအပေါ် ရှေ့ဆောင်လမ်းပြ ဆောင်ရွက်ပေးမှုကြောင့် ၁၉၄၅ ခုနှစ်မှစ၍ အမျိုးသမီးများ၏ အခြေအနေသည် တစ်နိုင်ငံပြီး တစ်နိုင်ငံတွင် ပြောင်းလဲမှုများ ရှိလာခဲ့သည်။

trsKd;rD;,ksm;twGif;tcGifha&;rsm;

အမျိုးသမီးများအတွက် လူ့အခွင့်အရေးများသည် UDHR တွင်သာ နိဂုံးကမ္ဘတ် အဆုံးသတ်ခဲ့သည် မဟုတ်။ ၁၉၄၅ ခုနှစ်မှ စ၍ ကုလသမဂ္ဂမှ အမျိုးသမီးများနှင့် ကမ္ဘာအနှံ့မှ အရပ်ဘက်အဖွဲ့အစည်းများသည် (ရံဖန်ရံခါ အမျိုးသားများပါ ပါဝင်လျက်) အမှန်တကယ် တန်းတူညီမျှဖြစ်မှုအတွက် ကြိုးပမ်းခဲ့ကြသည်။

ထိုသို့ ရုန်းကန်ကြိုးပမ်းမှုများကြောင့် လူမှုလိင်ပေါ် အခြေခံသည့် ကုလသမဂ္ဂ သဘောတူစာချုပ် တစ်ခုအထိ တိုးတက်ဖြစ်ပေါ်လာခဲ့သည်။ ထိုစာချုပ်မှာ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပုံစံအားလုံး ဖျက်သိမ်းရေး သဘောတူစာချုပ် (CEDAW) ပင် ဖြစ်သည်။ ယင်းကို ၁၉၇၉ ခုနှစ်တွင် ချုပ်ဆိုခဲ့သည်။ (စာချုပ်ပါ အဓိကအပိုဒ်များကို စာမျက်နှာ ၁၅၅ တွင် အနှစ်ချုပ် လေ့လာဖတ်ရှုနိုင်ပါသည်။)

CEDAW ကို အမျိုးသမီးများအတွက် နိုင်ငံတကာ အခွင့်အရေးထုတ်ပြန်ချက်အဖြစ် ဖော်ပြလေ့ရှိကြသည်။ ယင်းသဘောတူစာချုပ်သည် ကျယ်ပြန့်ပြီး နိုင်ငံရေး၊ အရပ်ဘက်ဆိုင်ရာ၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူမှုဘဝတို့တွင် အမျိုးသမီးများ၏ အခွင့်အရေး တန်းတူရည်တူ ရရှိစေရန် ဖြေရှင်းပေးသည်။

CEDAW ၏ အပိုဒ် ၁ တွင် အမျိုးသမီးများ၏ တန်းတူညီမျှ အခွင့်အရေးနှင့် လွတ်လပ်မှုများကို တားဆီးနှောင့်ယှက်ရာရောက်သည့် ခွဲခြားဆက်ဆံမှု ပုံစံမျိုးစုံကို ခွဲခြားဆက်ဆံမှုအဖြစ် သတ်မှတ်ကြောင်း အောက်ပါအတိုင်း ဖော်ပြထားသည်။

"ဤသဘောတူစာချုပ်၏ ရည်ရွယ်ချက်အလို့ငှာ အမျိုးသမီးများအား ခွဲခြားမှု"ဟူသည့် စကားရပ်သည် ယင်းတို့၏ အိမ်ထောင်ရေးအခြေအနေ မည်သို့ပင်ရှိစေကာမူ အမျိုးသားနှင့် အမျိုးသမီး တန်းတူညီမျှရှိမှုအပေါ် အခြေခံ၍ လူ့အခွင့်အရေးများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အရပ်ဘက် (သို့မဟုတ်) အခြားနယ်ပယ်များတွင် အမျိုးသမီးများအား အသိအမှတ်ပြုခြင်း၊ အမျိုးသမီးများ ခံစားကျင့်သုံးပိုင်ခွင့်ရှိခြင်းတို့ကို လိင်အပေါ်အခြေခံ၍ ပြုမူထိခိုက်စေသည့် (သို့မဟုတ်) ပျက်ယွင်းရန်ဖြစ်စေ ပျက်ပြယ်စေရန်ဖြစ်စေ ရည်ရွယ်ချက်ရှိသည့် မည်သည့်ခွဲခြားခြင်း၊ တားဆီးပိတ်ပင်ခြင်း (သို့မဟုတ်)၊ ကန့်သတ်ခြင်းကိုမဆို ဆိုလိုသည်"

(CEDAW အပိုဒ် ၁)

"လူမှုလိင်ဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်း လူများအား သူတို့၏ ဇီဝဗေဒ အရ သတ်မှတ်နိုင်သည့် လိင်ပေါ်အခြေခံ၍ မတူညီသည့် အခန်းကဏ္ဍ၊ အင်္ဂါရပ်များနှင့် အခြေအနေများကို သတ်မှတ်သည့် နည်းလမ်းကို ဆိုလိုသည်။ လိင်ဆိုသည်မှာ အမျိုးသားနှင့် အမျိုးသမီးများကြား ရုပ်ပိုင်း၊ ဇီဝဗေဒပိုင်းအရ ကွာခြားမှုကို ဆိုလိုခြင်း ဖြစ်သည်"

vlrlvid'Sdvid'

၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင် အမျိုးသမီးပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ ကျွမ်းကျင်သူများ၊ အလုပ်သမားများပါဝင်သည့် အမျိုးသမီးလှုပ်ရှားမှုများကို ဦးဆောင်သူများသည် သုတေသနများ၊ အထူးဆွေးနွေးငြင်းခုံမှု၊ စကားရည်လုမှုတို့အားဖြင့် အမျိုးသားနှင့် အမျိုးသမီးများကြားမှ ဆက်နွယ်မှု နားလည်မှုအသစ်များကို ဦးဆောင်ချမှတ်နိုင်လာခဲ့သည်။ ယင်းမှ အမျိုးသားနှင့် အမျိုးသမီးများကြား မညီမျှမှုကို အမြစ်ဖြတ်သုတ်သင်နိုင်မည့် ချဉ်းကပ်ပုံ ချဉ်းကပ်နည်းအသစ်များကို ပုံဖော် ဖြစ်ထွန်းလာစေခဲ့သည်။ သီဝရီအသစ်အရ လူမှုလိင် (Gender) နှင့် လိင် (Sex) တို့ကို ခွဲခြားနိုင်ခြင်းပင် ဖြစ်သည်။

လူမှုလိင် (Gender) ဟူသည်မှာ ဇီဝဗေဒအရ သတ်မှတ်ထားသည့် လိင်ပေါ်တွင် အခြေခံကာ လူများက လူ့အဖွဲ့အစည်းအတွင်း သတ်မှတ်ထားသည့် မတူကွဲပြားသော အခန်းကဏ္ဍများ၊ အင်္ဂါရပ်များနှင့် အခြေအနေများကို ဆိုလိုသည်။

လိင် (Sex) ဟူသည်ကမူ ယောကျ်ားနှင့် မိန်းမတို့အကြား ဇီဝဗေဒအရ ရုပ်ပိုင်းဆိုင်ရာ ကွာခြားချက်ကို ဆိုလိုသည်။ လိင်သည် လူမှုလိင်ဆိုင်ရာ ခွဲခြားဆက်ဆံမှုများ၏ အခြေခံဖြစ်သည်။ တစ်နည်းဆိုရလျှင် ယောကျ်ားဘာဝ၊ မိန်းမဘာဝ ကွာခြားခြင်းဟူသော စိတ်ကူးပေါ်မူတည်ကာ ခွဲခြားဆက်ဆံမှုများ ပေါ်ထွက်လာခြင်းဖြစ်ပြီး ယင်းကို လူ့အဖွဲ့အစည်းအတွင်း အခန်းကဏ္ဍအသီးသီး အပ်နှင်းထားခြင်းမျိုး ဖြစ်သင့်သည်ဟု ယူဆကြခြင်းပင် ဖြစ်သည်။

သို့ဖြစ်ရာ မိန်းကလေးပဲ ဆရာဝန်လုပ်လို့မဖြစ်ပါဘူးဟု ဆိုခြင်းသည် အမျိုးသမီးတို့၏ ဇီဝဗေဒအရ

အမျိုးသားတို့နှင့် ကွာခြားမှုကို အခြေခံကာ ခွဲခြားဆက်ဆံမှုပြုခြင်းပင်ဖြစ်သည်။ အလားတူပင် အမျိုးသမီးများသည် သားသမီးများကို မိဘသဖွယ် စောင့်ရှောက်အုပ်ထိန်းရာတွင် အမျိုးသားများထက် ပိုမိုကောင်းမွန်သည်ဟု ဆိုခြင်းအားဖြင့် ကလေးထိန်းရန် တာဝန်ကို အမျိုးသမီးပေါ် ပုံချလိုက်ခြင်းဖြစ်ရာ လိင်အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှု ပြုခြင်းသာဖြစ်သည်။

ဇီဝဗေဒအရ ကွဲပြားခြားနားမှုအပေါ် အခြေခံလျက် လူသားရင်းမြစ်များကို တန်းတူညီမျှမှုမရှိသော ပုံစံများတွင် နေရာချထားခြင်းကြောင့် တန်းတူညီမျှမှု မရှိသော လူ့အဖွဲ့အစည်းကို ဖန်တီးမိလျက်သားဖြစ်စေသည်။

vlrIvdk[bnfvlha&;t&wnfaqmufykdifwpfckcsdefjzpfonf

ဤသို့ သတ်မှတ်ချက်များအရ လူမှုလိင်ဆိုသည်မှာ ကျွန်ုပ်တို့ကိုယ်တိုင်သာ ဖန်တီးခဲ့ကြခြင်းဖြစ်သည်။ ယင်းကို လူမှုရေးဆိုင်ရာ အကြောင်းအရာတစ်ခု၊ လူမှုရေးအရ တည်ဆောက်ပုံဖော်မှုတစ်ခုအဖြစ် သတ်မှတ်နိုင်သည်။ လူမှုလိင်ဟူသည်ကို ကျွန်ုပ်တို့က တည်ဆောက်ပုံဖော်မိခဲ့ခြင်းဖြစ်ရာ ကျွန်ုပ်တို့က ပြောင်းလဲနိုင်သည်။ ထိုသို့ နားလည်သဘောပေါက်ခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးများကြားမှ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ချဉ်းကပ်ပုံအသစ်များဆီသို့ ဦးတည်နိုင်သည်။

လူမှုလိင်အဖြစ် တည်ဆောက်ပုံဖော်မှုများသည် မတူညီသော ယဉ်ကျေးမှုများ၊ ဒေသများအလိုက် ကွာခြားလျက်ရှိသည်။ ဥပမာအားဖြင့် အချို့သော ယဉ်ကျေးမှုနှင့် ဒေသများတွင် အိမ်ထောင်ပြုချိန်တွင် အမျိုးသမီးများသည် အပျိုစင်ဖြစ်ရမည်ဟု မျှော်လင့်ကြသည်။ အချို့(ယဉ်ကျေးမှုနှင့် ဒေသများတွင်)တော့ ထိုသို့ မယူဆချေ။ အချို့ယဉ်ကျေးမှုများတွင် အမျိုးသမီးများသည် အမွေဆက်ခံပိုင်ခွင့်ရှိသည်ဟု သတ်မှတ်ကာ အချို့တွင် မသတ်မှတ်ကြချေ။

လူမှုလိင်ကို မတူညီသည့် လူမှုလူတန်းစားများတွင်၊ ကွာခြားသည့် ခေတ်ကာလများတွင် ကွဲပြားစွာပင် ပုံဖော်တည်ဆောက်ခဲ့ကြသည်။ ဥပမာအားဖြင့် လွန်ခဲ့သည့် နှစ်တစ်ရာက အမေရိကန်ပြည်ထောင်စုရှိ အထည်အလိပ်စက်ရုံ၊ အထည်ချုပ်စက်ရုံ၊ ဒိုဘီလုပ်ငန်း၊ အိမ်အကူလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အလုပ်လုပ်ခဲ့ကြသည့် အမျိုးသမီးလုပ်သားများ ရှိကြသည်။ သို့သော် ကျွမ်းကျင်တတ်သိမှုဖြင့် အလုပ်လုပ်ကိုင်နိုင်သော အမျိုးသမီး ရှားပါးခဲ့သည်။ ယနေ့ခေတ်တွင်မူ ရှေ့နေ၊ ဆရာဝန်၊ စာနယ်ဇင်းသမား၊ ဗိသုကာအတတ်ပညာရှင် စသဖြင့် ကျွမ်းကျင်တတ်သိမှု နယ်ပယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိသော အမျိုးသမီးများစွာ ရှိနေကြပေပြီ။ CEDAW သည် ဤသို့သော အယူအဆသစ်များ၊ နားလည်မှုများကို လက်ခံထားသည်။

trsKd;rD;tm;enf;rsm;pkHkHqufqHkHtm;zufOD;a&;oabmwpmcsyf(CEDAW)

- CEDAW သည် လိင်အပေါ်အခြေခံကာ ခွဲခြားဆက်ဆံမှုများ အဆုံးသတ်နိုင်ရန် အရေးကြီးကြောင်း လက်ခံအသိအမှတ်ပြုသည်။ သို့မှသာ အမျိုးသမီးများသည် မှန်ကန်သည့် တန်းတူညီမျှမှုကို ရရှိကြမည်ဖြစ်သည်။
- ယင်းက ယဉ်ကျေးမှုများနှင့် အစဉ်အလာများတွင် ပြဿနာများရှိနေကြောင်း မီးမောင်းထိုးပြသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာတစ်လွှားရှိ ယဉ်ကျေးမှုအရ ပြုကျင့်ဆောင်ရွက်မှုများနှင့် အစဉ်အလာများစွာတွင် တန်းတူညီမျှ မဖြစ်ရအောင် လူမှုလိင်အဆင့်အတန်း အခန်းကဏ္ဍများကို သတ်မှတ်ထားကြခြင်းကြောင့်ဖြစ်သည်။ ထိုသို့သော သတ်မှတ်မှုများကြောင့် အမျိုးသမီးများ၏ ဘဝများကို ကန့်သတ်ကာ အန္တရာယ်ဖြစ်စေသည်။
- CEDAW သည် ခွဲခြားဆက်ဆံမှုကို နိဂုံးကမ္ဘတ်အဆုံးသတ်စေရန် တစ်နိုင်ငံချင်းစီမှ ဦးစားပေး အကြောင်းအရာများထဲ ထည့်သွင်းရန် အဆိုပြုသည်။ CEDAW ကို အတည်ပြုလက်မှတ်ရေးထိုးပြီး

သော၊ သို့မဟုတ် စာချုပ်အဖွဲ့ဝင်ဖြစ်ပြီးသော နိုင်ငံများသည် စာချုပ်ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့ကျင့်သုံးအကောင်အထည် ဖော်နိုင်ရန် တာဝန်ရှိသည်။ CEDAW ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် နိုင်ငံများသည် အပြုသဘောဆောင်သော ခြေလှမ်းများအတိုင်း ရှေ့ဆက်သွားမည်ဖြစ်ကြောင်း ခံယူကြခြင်းဖြစ်သည်။ ယင်းတွင် မူဝါဒပိုင်းနှင့် ဥပဒေပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ ပါဝင်သည်။ ယင်းတို့အားဖြင့် နိုင်ငံရေး၊ အရပ်ဘက်၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုဘဝတို့အပြင် အိမ်ထောင်ရေးနှင့် မိသားစုဆက်ဆံရေးတို့တွင်ပါ အမျိုးသမီးများ၏ တန်းတူညီမျှရှိမှုကို မြှင့်တင်၍ ခွဲခြားဆက်ဆံမှု တို့ အဆုံးသတ်စေရမည် ဖြစ်သည်။ CEDAW အဖွဲ့ဝင်နိုင်ငံများသည် CEDAW ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန်အတွက် ယင်းတို့၏ ဆောင်ရွက်ချက်များကို လေးနှစ်တစ်ကြိမ် အစီရင်ခံတင်ပြရမည် ဖြစ်သည်။

- အမျိုးသမီးများ၏ မျိုးပွားမှုဆိုင်ရာ အခွင့်အရေးများကို CEDAW က အတည်ပြုသည်။ ထိုအခွင့်အရေးများအရ စုံတွဲများနှင့် လူတစ်ဦးချင်းစီတို့သည် ကလေးအရေအတွက်၊ ကလေးတစ်ဦးနှင့် တစ်ဦးအကြား အချိန်ကာလကွာခြားချက်၊ လိင်နှင့်ပတ်သက်၍လည်းကောင်း၊ ကိုယ်ဝန်ဆောင်ခြင်းနှင့် ပတ်သက်၍လည်းကောင်း မှန်ကန်သည့် သတင်းအချက်အလက်များ၊ လိင်ကိစ္စနှင့် မျိုးပွားမှု ကျန်းမာရေးစောင့်ရှောက်မှုတို့တွင် အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုများ စသည်တို့ကို ရရှိပိုင်ခွင့်ရှိသည်။ ခွဲခြားဆက်ဆံမှု၊ ဖိအားပေးမှုနှင့် အကြမ်းဖက်မှုများ မပါဝင်ဘဲ မျိုးပွားမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ပိုင်ခွင့်လည်း ပါဝင်သည်။ ကုလသမဂ္ဂ၏ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း လိင်မှုဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ အခွင့်အရေးများကို သတ်မှတ်ဆွေးနွေးချက်များ ရှိထားပါသည်။ ယင်းကို www.who.int/topics/reproductive-health/en/ တွင် ဖတ်ရှုနိုင်ပါသည်။

အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုဖျက်သိမ်းရေးကော်မတီတွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသမီးရေးရာ ကျွမ်းကျင်သူ ၂၃ ဦးကို ထည့်သွင်းထားပြီး CEDAW အကောင်အထည်ဖော်မှု ကို ကြပ်မတ်သည်။ တစ်နှစ်လျှင် ကော်မတီအစည်းအဝေး နှစ်ကြိမ်ပြုလုပ်ပြီး အစီရင်ခံစာများကို သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ သုံးသပ်မှုများ ပြုလုပ်သည်။ CEDAW အဖွဲ့ဝင်နိုင်ငံများသည် ယင်းတို့၏ ဆောင်ရွက်ချက်များကို လေးနှစ်တစ်ကြိမ် ကော်မတီသို့ အစီရင်ခံတင်ပြရန် လိုအပ်သည်။

CEDAW ၏ နောက်ဆက်တွဲစာချုပ်သည် ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် စတင်အသက်ဝင်သည်။ နောက်ဆက်တွဲစာချုပ်အရ လူပုဂ္ဂိုလ်တစ်ဦးချင်းစီက တင်သွင်းလာသော တိုင်တန်းမှုများကို ကော်မတီက ထည့်သွင်းစဉ်းစားပိုင်ခွင့် ရှိသည်။ အန္တရာယ်ကြီးမားပြင်းထန်သော၊ သို့မဟုတ် အမျိုးသမီးများ၏ အခွင့်အရေးများကို စနစ်တကျ ကျူးလွန်ဖောက်ဖျက်လျက်ရှိသော အခြေအနေများကို စစ်ဆေးမေးမြန်းမှုများကို ကော်မတီက ဦးဆောင်ပြုလုပ်နိုင်ပြီး အထွေထွေ အကြံပြုတိုက်တွန်းချက်များကိုလည်း ပေးနိုင်သည်။

vrlvdwefwhDrbdkkor*¾c0fuyfcuf

လူမှုလိင်အား လူမှုရေးအရ တည်ဆောက်ပုံဖော်မှုတစ်ရပ်အဖြစ် နားလည်ခြင်းအားဖြင့်သာ ကုလသမဂ္ဂက ချဉ်းကပ်သည်။

ဥပမာအားဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အဆိုအရ...

"လူမှုလိင်ဟူသည်မှာ လူ့အဖွဲ့အစည်းတစ်ရပ်ချင်းရှိ အမျိုးသားနှင့် အမျိုးသမီးများအတွက် မည်သည့် အခန်းကဏ္ဍ၊ မည်သည့် အမူအကျင့်၊ မည်သည့် ဆောင်ရွက်ချက်၊ မည်သည့် ဖြည့်ဆည်းမှုများက သင့်လျော်သည်ဟု လူမှုရေးအရ တည်ဆောက်မှုဖြစ်သည်။

ကွဲပြားသည့် အခန်းကဏ္ဍများနှင့် အပြုအမူများကြောင့် လူမှုလိင်အရ မညီမမျှဖြစ်လာသည်။

ဤသို့ဆိုရာတွင် အမျိုးသမီးနှင့် အမျိုးသားဟု ကွဲပြားလျက်ရှိရာတွင် ယင်းတို့အနက် တစ်မျိုးကို မျက်နှာသာပေးခြင်းဖြစ်သည်။ အပြန်အလှန်အားဖြင့် ထိုသို့ မညီမျှမှုများကြောင့် အမျိုးသားနှင့် အမျိုးသမီးတို့ကြား ကျန်းမာရေးအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိလက်လှမ်းမီနိုင်မှုတို့တွင်လည်း မမျှမတဖြစ်လာစေသည်"

လူမှုလိင် တန်းတူညီမျှမှု ဟူသည်မှာ အမျိုးသားနှင့် အမျိုးသမီးတို့ကြား တန်းတူညီမျှမှုကို ဆိုလိုသည်။ လူမှုလိင်အမြင်ရှုထောင့်ဟူသည်မှာ ပြုမူလုပ်ဆောင်ချက် (သို့မဟုတ်) အခြေအနေများသည် အမျိုးသားနှင့် အမျိုးသမီးတို့အား မည်သို့ ကွဲပြားစွာ သက်ရောက်မှုရှိသည်ကို ထည့်သွင်းစဉ်းစားခြင်း ဖြစ်သည်။

၁၉၉၇ ခုနှစ်မှစ၍ ကုလသမဂ္ဂသည် ယင်း၏လုပ်ငန်းများ အားလုံးတွင် လူမှုလိင်အရ အဓိကထား ဦးစားပေးဆောင်ရွက်ကြသည်။ ဆိုလိုသည်မှာ လူမှုလိင်အမြင်ရှုထောင့်ကို မဖြစ်မနေ အသုံးပြုခြင်းနှင့် လူမှုလိင် တန်းတူညီမျှရှိမှု ပန်းတိုင်ချမှတ်ခြင်းတို့ကို အဖွဲ့အစည်း၏ လုပ်ငန်းများထဲတွင် ထည့်သွင်းထားခြင်း ဖြစ်သည်။

"၁၉၉၇ ခုနှစ်မှစ၍ ကုလသမဂ္ဂသည် ယင်း၏လုပ်ငန်းများအားလုံးတွင် လူမှုလိင်အရ အဓိကထား ဦးစားပေးဆောင်ရွက်ကြသည်။ ဆိုလိုသည်မှာ လူမှုလိင်အမြင်ရှုထောင့်ကို မဖြစ်မနေ အသုံးပြုခြင်းနှင့် လူမှုလိင် တန်းတူညီမျှရှိမှုပန်းတိုင် ချမှတ်ခြင်းတို့ကို အဖွဲ့အစည်း၏ လုပ်ငန်းများထဲတွင် ထည့်သွင်းထားခြင်းဖြစ်သည်"

ukwor*¾xdorD;tzGJ

၂၀၁၀ ခုနှစ်၊ ဇူလိုင်လတွင် အထွေထွေညီလာခံက ကုလသမဂ္ဂ အမျိုးသမီးအဖွဲ့ကို စတင်ထူထောင်ခဲ့သည်။ ယင်းကို ကုလသမဂ္ဂ လူမှုလိင် တန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးဌာနဟုလည်း ခေါ်သည်။ ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့သည် လူမှုလိင် တန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးတို့ကို ဆောင်ရွက်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့သည် ကမ္ဘာတစ်ဝန်းမှ အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂ စနစ်ယန္တရားအတွင်းရှိ ထင်ရှားသော နယ်ပယ်များမှာ ယခင်က လုပ်ကိုင်ခဲ့ဖူးပြီး လူမှုလိင်ဆိုင်ရာ အရေးကိစ္စများကို အထူးအလေးထား ဆောင်ရွက်သူများနှင့် စုဖွဲ့ထားခြင်း ဖြစ်သည်။

ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့၏ အဓိက ရည်မှန်းချက်များမှာ...

- အစိုးရများကြား ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းများကို ကူညီဖေးမ၍ မူဝါဒများ၊ ကမ္ဘာ့ စံချိန်စံညွှန်းများနှင့် စံနှုန်းများ ချမှတ်ပေးနိုင်ရန်
- ထိုစံချိန်စံညွှန်းများကို အဖွဲ့ဝင်နိုင်ငံများတွင် အကောင်အထည်ဖော်နိုင်ရေး ကူညီရန်
- အရပ်ဘက်အဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှု ထူထောင်ရန်
- ကုလသမဂ္ဂ စနစ်ယန္တရား၏ လူမှုလိင်ဆိုင်ရာ တန်းတူညီမျှရှိမှုအပိုင်း တိုးတက်မှုများကို စောင့်ကြည့်လေ့လာရန်တို့ဖြစ်သည်။

ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့သည် အစီအစဉ်များနှင့် နည်းနာပိုင်းဆိုင်ရာ အထောက်အကူများ၊ ပံ့ပိုးငွေကြေးပေးကမ်းမှု၊ လူမှုလိင်ဆိုင်ရာနယ်ပယ်တွင် ကုလသမဂ္ဂ၏ စနစ်ယန္တရားတစ်ရပ်လုံးနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများသို့ အမျိုးသမီးဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ အချက်အလက်များ ပံ့ပိုးမှု၊ စွမ်းရည်မြှင့်တင်တည်ဆောက်မှုသင်တန်းများ၊ ကျွမ်းကျင်သူများ၏ စည်းဝေးဆွေးနွေးမှုတို့ကို ဆောင်ရွက်လျက်ရှိသည်။ အမျိုးသမီးများ၏ လူအခွင့်အရေးများနှင့် ကုလသမဂ္ဂ၏ လုပ်ငန်းများအကြောင်း ပိုမိုသိရှိလိုလျှင် www.unwomen.org တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

trsKd;rD;Dcef;u@qkd&maumif&S(CSW)

အမျိုးသမီးအခန်းကဏ္ဍဆိုင်ရာကော်မရှင်သည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကောင်စီ (ECOSOC) ၏ လုပ်ငန်းပိုင်းဆိုင်ရာကော်မရှင်တစ်ရပ်ဖြစ်ပြီး လူမှုလိင် တန်းတူညီမျှမှုကို မြှင့်တင်ရန် ရည်ရွယ်သည်။ ယင်းသည် ကမ္ဘာလုံးဆိုင်ရာ မူဝါဒချမှတ်ရေး အဖွဲ့အစည်းတစ်ရပ်လည်း ဖြစ်သည်။ CSW သည် နှစ်စဉ် နှစ်တိုင်း မတ်လတွင် နယူးယောက်မြို့တော်ရှိ ကုလသမဂ္ဂအဖွဲ့ချုပ်ရုံးခွဲ စည်းဝေးပြီး လူမှုလိင်ဆိုင်ရာ တန်းတူညီမျှမှု တိုးတက်မှုအခြေအနေကို အကဲဖြတ်ခြင်း၊ စိန်ခေါ်မှုများကို ဖော်ထုတ်ခြင်းနှင့် မူဝါဒ ချမှတ်မှုများကို ပြုလုပ်ကြသည်။ ယင်းကို အဖွဲ့ဝင်နိုင်ငံများက တက်ရောက်ကြပြီး ကုလသမဂ္ဂ အဖွဲ့ခွဲများနှင့် ECOSOC တို့က အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကိုပါ ဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများနှင့် စားပွဲဝိုင်း ညှိနှိုင်းပွဲများသို့ ဖိတ်ကြားသည်။

ppfiodcsrf;a&;EdkifiHvkH

စစ်သည် လူသားတိုင်းအတွက် ဆိုးရွားသည့် အကျိုးသက်ရောက်မှု ရှိသည်မှန်သော်လည်း ဖြစ်ပွားသည့် ပဋိပက္ခများအတွင်း အမျိုးသမီးများက ထိခိုက်မှုအန္တရာယ်ကို ပိုမိုကြုံတွေ့ခံစားကြရသည်။ ပဋိပက္ခများအတွင်း သေကျေထိခိုက်မှုအများဆုံးမှာ အရပ်သားများဖြစ်ပြီး ယင်းထဲတွင်မှ အမျိုးသမီးများနှင့် ကလေးသူငယ်များက အများဆုံးဖြစ်သည်။ မကြာသေးမီ နှစ်များအတွင်းတွင် စစ်ပွဲ၏ လက်နက်တစ်ရပ်ပမာ အမျိုးသမီးများအား ရက်စက်စွာ လိင်မှုဆိုင်ရာ စော်ကားကျူးလွန်မှုများ ပြုလုပ်ခြင်း ပိုမိုများပြားလာကြောင်း တွေ့ရှိရသည်။ အမျိုးသမီးများသည် သူမတို့၏ မိသားစုများအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးစားကြစဉ် ပဋိပက္ခနှင့် ပဋိပက္ခလွန် ကာလများအတွင်း စော်ကားနှောင့်ယှက်မှုများကြောင့် ထိခိုက်နစ်နာကြရသည်။ ထို့ပြင် ပဋိပက္ခလွန်ကာလတွင် အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ (ရုပ်ပိုင်းနှင့် စိတ်ပိုင်းဒဏ်ရာများ၊ ကိုယ်ဝန်များစသည့်) အကျိုးဆက်များကို ဆက်လက်ခံစားကြရပြီး ယင်းတို့ကိုလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းခြင်းမပြုဘဲ ချန်လှပ်ထားကြသည်။

ယခင် ယူဂိုဆလာဗီးယားနှင့် ရဝမ်ဒါတို့မှ နိုင်ငံတကာ ရာဇဝတ်ခုံရုံးတို့သည် ပဋိပက္ခအတွင်း ဖြစ်ပွားခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့်ပတ်သက်၍ ထည့်သွင်း စဉ်းစားသုံးသပ်ခဲ့ပြီး ယင်းသို့သော လုပ်ရပ်များမှာ လူသားတို့အပေါ် ရာဇဝတ်မှုကျူးလွန်ခြင်း၊ မျိုးတုံးသတ်ဖြတ်ခြင်း ပုံစံတစ်မျိုးတို့အဖြစ် အဆုံးအဖြတ်ပေးခဲ့သည်။ နိုင်ငံတကာ ရာဇဝတ်တရားရုံးမှ ရောမစတာတ်ကျမ္ဘာ ဥပဒေအရ မုဒိမ်းကျင့်ခြင်း၊ လိင်ကျွန်ပြုခြင်း၊ အတင်းအကျပ် ပြည့်တန်ဆာဖြစ်စေခြင်း၊ အတင်းအကျပ် ကိုယ်ဝန်ဆောင်စေခြင်း၊ အတင်းအကျပ် သားကြောဖြတ်စေခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် လူသားထုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု၊ စစ်ရာဇဝတ်မှုဖြစ်ကြောင်း သတ်မှတ်သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပါဝင်ခြင်း၏ အရေးကြီးမှုကိုလည်း လက်ခံမှု တိုးပွားလာခဲ့သည်။ အမျိုးသမီးများသည် လူဦးရေ၏ ထက်ဝက် (၅၀ ရာခိုင်နှုန်း) ဖြစ်သောကြောင့် လူ့အဖွဲ့အစည်း၏ အရေးပါသော အစိတ်အပိုင်းဖြစ်သည်။ သူတို့မပါဘဲ စစ်မှန်ပြီး အရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို ရနိုင်မည် မဟုတ်ချေ။

၂၀၀၀ ပြည့်နှစ် အောက်တိုဘာလတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ကို ထုတ်ပြန်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ ပဋိပက္ခများအတွင်း အမျိုးသမီးများ၏ အခြေအနေကို အသိအမှတ်ပြုရန်နှင့် ပဋိပက္ခလွန်ကာလများတွင် အမျိုးသမီးများ ပါဝင်အောင် တိုက်တွန်းရန်တို့ ဖြစ်သည်။

နောက်ပိုင်း ဆက်လက်ထွက်ရှိလာခဲ့သည့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ (အမှတ် ၁၈၂၀၊ ၁၈၈၈၊ ၁၈၈၉ နှင့် ၁၉၆၀) တွင် ပဋိပက္ခအတွင်းနှင့် ပဋိပက္ခလွန် ကာလများအတွင်း အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်ပေးရန်နှင့် မြှင့်တင်ရန် စံနှုန်းများကို ချဲ့ထွင်ချမှတ်နိုင်ခဲ့သည်။ ထိုဆုံး

ဖြတ်ချက်များ၏ အခရာကျသည့် ပန်းတိုင်လေးရပ်များမှာ...

- ဆုံးဖြတ်ချက် ချမှတ်သည့်အဆင့်တွင် အမျိုးသမီးများ ပါဝင်မှုကို အားပေးမြှင့်တင်ရန်
- ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် လူမှုလိင်အမြင်ကို အဓိကတစ်ချက်အနေဖြင့် ထည့်သွင်းရန်
- လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများနှင့် အပြစ်ရှိသည့်တိုင် အရေးမယူဘဲ ထားခြင်းများကို အဆုံးသတ်ရန်
- တာဝန်ခံမှုရှိသော စနစ်တစ်ရပ်ကို ထူထောင်ရန်တို့ဖြစ်သည်။

လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များသည် နိုင်ငံတကာ မူဘောင်တစ်ရပ်အဖြစ် ထောက်ပံ့ဖေးမ လျက်ရှိပြီး ကုလသမဂ္ဂစနစ်အတွင်းရော အဖွဲ့ဝင်နိုင်ငံများမှာပါ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့တွင် လူမှု လိင်ဆိုင်ရာ တန်းတည်မျှမှုကို မြှင့်တင်ခြင်းအားဖြင့် လိုက်နာရန် တာဝန်ရှိသည်။

'DrufESSukdwkdifa&;lunhf

သင့်နိုင်ငံက လက်မှတ်ရေးထိုးထားပြီးပြီလား။

၂၀၀၉ ခုနှစ်၊ ဩဂုတ်လတွင် နိုင်ငံပေါင်း ၁၈၅ နိုင်ငံက CEDAW ကို လက်မှတ်ရေးထိုး အတည်ပြုခဲ့သည်။ ယင်းတို့အနက် ၆၅ နိုင်ငံတွင် ဥပဒေပိုင်းဆိုင်ရာ ဖြည့်ဆည်းမှုအချို့ လိုအပ်နေသည့်အတွက် ခြွင်းချက်ထား လက်မှတ်ရေးထိုးခဲ့သည်။ ထိုသို့ ခြွင်းချက်ထားရသည့် အကြောင်းများတွင်...

- အိမ်ထောင်စုအတွင်း အိမ်တွင်းရေးနှင့် မိသားစုရေး ဆက်ဆံမှုများ (အီဂျစ်)
- ကွာရှင်းမှု (ဆီးရီးယား)
- အများပြည်သူဆိုင်ရာရုံးများတွင် အမျိုးသမီးများအတွက် အခွင့်အလမ်းများ တန်းတူညီတူရှိမှု (အစ္စရေး)
- အစဉ်အလာအရ ခွဲခြားဆက်ဆံပြုကျင့်မှု ပုံစံများ ပယောက်ရေး (နိုင်ဂျား၊ စင်ကာပူ)

CEDAW ကို လက်မှတ်ရေးထိုးအတည်ပြုခြင်း မရှိသေးသည့် နိုင်ငံများထဲတွင် အမေရိကန်ပြည်ထောင်စုသည် အကြီးမားဆုံး စက်မှုထွန်းကားသည့် ဒီမိုကရေစီနိုင်ငံကြီးတစ်ခုဖြစ်သည်။

သင့်နိုင်ငံက CEDAW ကို လက်မှတ်ရေးထိုးထားပါသလား။ ဆိုင်းငံ့စာရင်းတွင် ပါဝင်နေပါသလား။ ဘာတွေကြောင့်လဲ။

နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများကြောင့် အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့ကာ ယနေ့ခေတ်တွင် နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံများအရ အမျိုးသမီးများသည့် အမျိုးသားများနှင့် ပညာရေး၊ ကျန်းမာရေး၊ ပိုင်ဆိုင်မှု၊ ဘာသာရေးကိုးကွယ်မှု၊ တန်းတူအခွင့်အရေး ရရှိကြောင်း သတ်မှတ်ဖော်ပြလာကြသည်။ နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများကြောင့် အပြောင်းအလဲများ ပေါ်ပေါက်ခဲ့ကာ ယနေ့ခေတ် နိုင်ငံများစွာတို့သည် ယင်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ ပိုင်ဆိုင်မှု၊ ဘာသာရေးကိုးကွယ်ယုံကြည်မှု ရွေးချယ်ခြင်း၊ အနိုင်အထက် အသုံးချခံရခြင်းမှ ကင်းလွတ်ခွင့် စသည့်အခွင့်အရေးများကို အမျိုးသားများနည်းတူ ရရှိပိုင်ဆိုင်ကြောင်း

ထည့်သွင်းသတ်မှတ်လာကြသည်။ သို့သော် ခွဲခြားဆက်ဆံမှုများကလည်း ကျယ်ပြန့်စွာ ကျန်ရှိနေကြဆဲ ဖြစ်သည်။ နိုင်ငံတကာက လိုက်နာလျက်ရှိသည့် CEDAW နှင့် ကိုက်ညီမှုရှိစေရန် သင့်နိုင်ငံက မည်သည်တို့ကို ဆောင်ရွက်ထားရှိပါသလဲ။ အမျိုးသမီးများ၏ အခွင့်အရေးများကို အာမခံချက်ပေးသည့် ဖွဲ့စည်းပုံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖော်ပြပါ။ အမျိုးသမီးများ၏ တန်းတူညီမျှမှုအတွက် အပြုသဘော ဆောင်သည့် ဥပဒေများကို ဖော်ပြပါ။

နောက်ခံကားချပ် သုတေသနလေ့ကျင့်ခန်း - အမေရိကန်ပြည်ထောင်စုက CEDAWကို ဘာကြောင့် လက်မှတ်ရေးထိုး အတည်ပြုခြင်း မရှိခဲ့ပါသလဲ။

သတင်းအချက်အလက် ရင်းမြစ်။

သင့်သတင်းရင်းမြစ်သည် မည်မျှ စိတ်ချကိုးစားထိုက်ပါသလဲ။

သင့်နားလည်မှုကို စစ်ဆေးပါ။
လူမှုလိင်နှင့် လိင် ဘယ်လိုကွာပါသလဲ။

---

rSwfpkrsm;

Photo : Nan Thiri Lwin

Internews
Local voices. Global change.

t ykdf1? t cef6

Ekdf wLum w&m;r0wrEdSt x|cHkkH; ay:aygufvmjcif;

ဤအခန်းတွင် ကြီးမားပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် မျိုးတုံးသတ်ဖြတ်မှုများကို ကိုင်တွယ်စစ်ဆေးလျက်ရှိသည့် ခုံရုံးများ အကြောင်း ဖော်ပြမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) အကြောင်း စာမျက်နှာ ၂၃ တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ The ICJ သည် ကုလသမဂ္ဂ၏ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံများအကြား ဖြစ်ပွားသော အငြင်းအခုံများကို ဖြေရှင်းပေးရန် တာဝန်ရှိသည်။ ဥပမာအားဖြင့် နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုများ၊ (နိုင်ငံများသည် သမုဒ္ဒရာ၏ အစိတ်အပိုင်းအလိုက် ကာကွယ်ရေးထားရှိခွင့်နှင့် ငါးဖမ်းခွင့်တို့ ရရှိကြသည့်အတွက်) ရေပိုင်နက်ဆိုင်ရာ အငြင်းပွားမှုများ၊ ပြစ်မှုကျူးလွန်ခဲ့ရာ နိုင်ငံသို့ တရားခံကို လွှဲပြောင်းပေးခြင်းများအား ကြားနာအဆုံးအဖြတ်ပေးသည်။ ထို့ပြင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အာဏာသက်ရောက်မှု ရှိသော အဖွဲ့အစည်းများသို့ အကြံဉာဏ်များပေးအပ်ရန်လည်း တာဝန်ရှိသည်။

ဤအခန်းတွင် ကြီးမားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် မျိုးတုံးသတ်ဖြတ်မှုများကို ကိုင်တွယ်စစ်ဆေးလျက်ရှိသည့် ခုံရုံးများ အကြောင်း ဖော်ပြမည်ဖြစ်သည်။

ကနဦးက ထိုသို့သော ခုံရုံးများကို ဒုတိယကမ္ဘာစစ်နောက်ပိုင်း အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ ပြင်သစ်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့က ကမကထပြုကာ နျူရင်ဘတ် အမှုတွဲများအဖြစ် စစ်အတွင်းက ကျူးလူမျိုး ခြောက်သန်းကျော် သတ်ဖြတ်ခံခဲ့ရမှုတွင် နာဇီများ ပါဝင်မှုနှင့် ပတ်သက်၍ တရားစွဲဆိုခဲ့ကြခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဦးဆောင်ခဲ့သည့် စစ်ရာဇဝတ်သားများကို အပြစ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် အရှေ့ဖျား ခုံရုံးတစ်ခုကိုလည်း တိုကျိုမြို့တွင် ဖွင့်လှစ်ထူထောင်ခဲ့သည်။

ရှုရင်ဘတ်ခုံရုံးအမှုများသည် ၁၉၄၆ ခုနှစ်တွင် ပြီးဆုံးခဲ့သည်။ စစ်အေး(ဝါဒတိုက်ပွဲ) ခေတ်ကာလဖြစ်ရာ နှစ်ပေါင်း ၅၀ ကျော်အတွင်း ဥရောပနိုင်ငံများအတွင်း ငြိမ်းချမ်းလျက်သာ ရှိနေခဲ့သည်။ သို့သော် ၁၉၉၀ ပြည့်လွန်နှစ်များအရောက်တွင် ယခင် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားခဲ့ပြီး ယခင် ယူဂိုဆလားဗီးယားသည် နိုင်ငံအသစ် ၂၀ အဖြစ် ပြောင်းလဲဖွဲ့စည်းသွားခဲ့သည်။ နိုင်ငံသစ်များနှင့် ယူဂိုဆလားဗီးယားမှ ဖြစ်ပေါ်လာသည့် နိုင်ငံများရှိ မျိုးနွယ်စုများအကြား စစ်ပွဲသစ်များ ပေါ်ထွက်လာခဲ့သည်။ ဆားဗီးယား၊ ဘော့စနီးယားနှင့် ခရိုအေးရှားတို့ အဓိက အထိနာခဲ့ပြီး အစုလိုက်အပြုံလိုက် မုဒိမ်းပြုကျင့်မှုများ၊ ချွေးတပ်စခန်းများနှင့် မျိုးတုံးသတ်ဖြတ်မှုများလည်း ပါဝင်ခဲ့သည်။ ထိုစစ်ပွဲများကြောင့် နိုင်ငံတကာတရားမျှတမှုကို ဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ရပ်လိုအပ်ကြောင်း ပြန်လည် ထည့်သွင်းစဉ်းစားလာခဲ့ရသည်။

,cif,ftqvm;AD,m;twGuftjynjfynfqkdkm &mZ0wfcHkH

ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ယခင် ယူဂိုဆလားဗီးယားအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICTY) တစ်ခုကို ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းစေခဲ့သည်။ ယင်းသည် ဒုတိယကမ္ဘာစစ် နောက်ပိုင်း ပထမဆုံး ပေါ်ပေါက်လာသည့် စစ်ရာဇဝတ်မှုများကို ကြားနာရာ တရားရုံးဖြစ်ခဲ့သည်။

ICTY သည် နယ်သာလန်နိုင်ငံသည် ဟေ့ဂ်မြို့တွင် အခြေစိုက်သည်။ ယင်းခုံရုံးမှာ ယူဂိုဆလားဗီးယား ကွဲထွက်ခဲ့ပြီးနောက် ဖြစ်ပွားခဲ့သည့် စစ်ပွဲများအတွင်း ရက်စက်ကြမ်းကြုတ်စွာ ပြုမူခဲ့ကြသည့် မည်သည့်မျိုးနွယ်စုတွင် ပါဝင်သူကိုမဆို တရားစွဲဆိုနိုင်ရန် ဖြစ်သည်။

ICTY သည် လူ ၁၆၁ ဦးကို တရားစွဲဆိုခဲ့ပြီး ယင်းသို့ တရားစွဲခံရသူများထဲတွင် ယခင် ယူဂိုဆလပ်ဗ် သမ္မတ ဆလိုဘိုဒန်မီလိုဆီဗစ်လည်း အပါအဝင်ဖြစ်သည်။ ယင်းသို့ တရားစွဲခံထားရသူများထဲမှ ၁၃၀ ကျော်ကို ရုံးတင်စစ်ဆေးနိုင်ခဲ့ပြီး ယခုစာအုပ်ကို ပြုစုဆဲအချိန်အထိ ၄၀ ကျော်သည် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ထင်ရှားစွာ ပြသနိုင်ခဲ့သည်။

ဆလိုဘိုဒန်မီလိုဆီဗစ်သည် ၁၉၉၁ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ခရိုအေးရှား၊ ဘော့စ်နီးယား၊ ဟာဇီဂိုးဗီးနားနှင့် ကိုဆိုဗိုတို့တွင် မျိုးတုံးသတ်ဖြတ်မှုများ၊ လူသားမျိုးနွယ်တို့အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်။ ထိုရာဇဝတ်မှုများကြောင့် ယခင် ယူဂိုဆလားဗီးယားတစ်ခွင် နစ်နာဆုံးရှုံးထိခိုက်ခဲ့ရသူပေါင်း သိန်းချီရှိခဲ့သည်။ သူ့ကို စစ်ဆေးမှုသည် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီး ကံကြမ္မာအလှည့်အပြောင်းကြောင့် သူ့ဘက်မှ ထုချေတင်ပြချက် မပြီးဆုံးခင်မှာပင် နယ်သာလန်နိုင်ငံသည် ဟေ့ဂ်မြို့ရှိ ICTY ထိန်းသိမ်းရေးစခန်းတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

&0rfytwGuftjynjfynfqkdkm&mZ0wfcHkH

၁၉၉၄ ခုနှစ်တွင် ရဝမ်ဒါမျိုးတုံးသတ်ဖြတ်မှုကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက နောက်ထပ် ခုံရုံးတစ်ခုဖြစ်သည့် ရဝမ်ဒါအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICTR) ကို ထပ်မံဖွဲ့စည်းခဲ့ရပြန်သည်။ တွတ်ဆီမျိုးနွယ်ဝင်များနှင့် သဘောထား အလယ်အလတ်ရှိသော ဟူတူမျိုးနွယ်ဝင်ပေါင်း ကိုးသိန်းကျော်ကို သုတ်သင်သတ်ဖြတ်ခဲ့ရာတွင် တာဝန်ရှိသူများကို တရားစွဲဆိုနိုင်ရန်အတွက် ဖြစ်သည်။

ICTR ရုံးချုပ်မှာ တန်ဇေးနီးယားနိုင်ငံ၊ အာရုရှာမြို့တွင် တည်ရှိသည်။ ထိုခုံရုံးတွင် လူပုဂ္ဂိုလ် ၅၉ ဦးကို တရားစွဲဆိုထားပြီး ယင်းတို့ထဲတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဘက်ခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ စာနယ်ဇင်းသမားများ ပါဝင်သည်။ (စာမျက်နှာ ၆၆ တွင် ဘောင်ခတ်ဖော်ပြထားသည့် စာပိုဒ်၌ ရဝမ်ဒါ မျိုးတုံးသတ်ဖြတ်မှုတွင် မီဒီယာမှ ပါဝင်ခဲ့သည့် အခန်းကဏ္ဍကို ဖော်ပြထားပါသည်)

အမှုပေါင်း ၂၆ မှရှိပြီး တရားစွဲခံရသူ အများစုမှာ အပြစ်ကျူးလွန်ခဲ့ကြောင်း ထင်ရှားခဲ့ပါသည်။

tjcm;txl;ckHkH;

ပြည်တွင်း ပဋ္ဌိပက္ခများ၊ ဖိနှိပ်မှုများ၊ အခြားတစ်နိုင်ငံမှ လူများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကြောင့် အထူးခုံရုံးများ ထပ်မံပေါ်ပေါက်လာခဲ့သည်။ ထိုခုံရုံးများသည် နိုင်ငံတကာ အေဂျင်စီများ၊ အစိုးရအဆောက်အအုံများ၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးရရှိရန် အသွင်ကူးပြောင်းလျက်ရှိသော နိုင်ငံများ ပါဝင်လျက်ရှိကြသည့် ရောပြွမ်းခုံရုံးများဖြစ်သည်။ ထိုသို့သော အထူးခုံရုံးများကို ဆီယားရားလီယွန်၊ ကိုဆိုဗို၊ ကမ္ဘောဒီးယား၊ အရှေ့တီမော၊ ဘော့စနီးယား၊ ဟာဇီဂိုးဗီးနားနှင့် လက်ဘနွန်တို့တွင် ဖွင့်လှစ်ခဲ့ပါသည်။

tjynjynfqkd&m &mZ0wfw&m;½kH

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) ကို မီဒီယာများတွင် အထူးခုံရုံးအဖြစ် ရည်ညွှန်းဖော်ပြကြသည်။ ယင်းမှာ ပဋ္ဌိညာဉ်သဘောအရ အမြဲတမ်းအတွက် ပေါ်ပေါက်လာသည့် ပထမဆုံးသော ခုံရုံးတစ်ခု ICC ရုံးချုပ်သည် နယ်သာလန်နိုင်ငံတွင် တည်ရှိသည်။ ယင်းသည် လွတ်လပ်သည့် နိုင်ငံ တကာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကုလသမဂ္ဂ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ချေ။ သို့သော် ကုလသမဂ္ဂ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီတို့နှင့် တရားဝင်ဆက်နွယ်မှုရှိပြီး ယင်းတို့မှ ICC သို့ အမှုများ လွှဲအပ်နိုင်သလို စစ်ဆေးမှုများပြုလုပ်ရန်လည်း ဦးဆောင်ဦးရွက်ပြု စတင်ပေးနိုင်သည်။ တစ်နည်းအားဖြင့် ယင်းတို့သည် ICC တွင် တရားလိုရှေ့နေများ ဖြစ်ကြသည်။ ICC သည် ICTY နှင့် ICTR တို့၏ နေရာတွင် အစားထိုးဝင်ရောက်ခြင်းမရှိဘဲ ယခင်ခုံရုံးနှစ်ခုသည် ယင်းတို့ လက်ခံထားသော တရားခွင်စစ်ဆေးမှုများကို ပြီးဆုံးသည့်တိုင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့သော် ၂၀၀၂ ခုနှစ်မှစတင်၍ လူသားမျိုးနွယ်အပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအားလုံးကို စုံစမ်းစစ်ဆေးရန်အတွက်မူ ICC က တာဝန်ယူရမည် ဖြစ်သည်။

a&mrjy|mef0ya'EStuD; tjyifxefqkdif&mZ0wfhavr;kd

ICC ကို ပေါ်ပေါက်စေခဲ့သည်မှာ ရောမပြဋ္ဌာန်းဥပဒေဖြစ်သည်။ ယင်းသည် ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ စတင်အသက်ဝင်သည်။ ရည်ရွယ်ချက်မှာ နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း ဖြစ်ပွားခဲ့သည့် ကြီးမားပြင်းထန်သော ရာဇဝတ်မှုများကို အရေးယူ အပြစ်ပေးခံရခြင်း မရှိဘဲ လစ်ဟာနေမှုအား အဆုံးသတ်နိုင်ရန်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတစ်ခုချင်းသာမက လူပုဂ္ဂိုလ်တစ်ဦးချင်းစီသို့ပါ သက်ရောက်မှုရှိသည်။

ရောမပြဋ္ဌာန်းဥပဒေတွင် အကြီးမားဆုံး ရာဇဝတ်မှုကြီးလေးမျိုးကို သတ်မှတ်ထားသည်။ ထိုလေးမျိုးတို့မှာ မျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်ထုအပေါ် ကျူးလွန်သော ရာဇဝတ်မှုနှင့် ကျူးကျော်မှုတို့ ဖြစ်သည်။

ICC သည် တစ်ကမ္ဘာလုံးပေါ် အာဏာသက်ရောက်သည်တော့ မဟုတ်ချေ။ ရောမပြဋ္ဌာန်းဥပဒေကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံများမှ ပြစ်မှုကျူးလွန်သူများအပေါ်သာ တရားအဆုံးအဖြတ်ပေးနိုင်သည်။ ထိုပဋ္ဌိညာဉ် အသက်ဝင်သည့် ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက် မတိုင်မီက ကျူးလွန်ခဲ့သောပြစ်မှုများအတွက် စီရင်ပိုင်ခွင့် မရှိချေ။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်အထိ နိုင်ငံပေါင်း ၁၂၀ တို့က ရောမပြဋ္ဌာန်းဥပဒေကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ICC သည် လူပုဂ္ဂိုလ်များအပေါ်သာ စီရင်နိုင်သည်။ သို့ဖြစ်သောကြောင့် ICC မှ တရားစွဲဆိုမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် နိုင်ငံများက ပူးပေါင်းဆောင်ရွက်ကာ ပြစ်မှုကျူးလွန်ခဲ့သည်ဟု သံသယရှိသူကို လွှဲအပ်ရမည်ဖြစ်သည်။

aemuf[ykdif;vS&m;½kH

ICC သည် နောက်ဆုံးပိတ်တရားရုံးဖြစ်သည်။ ယင်း၏စီရင်ချက်သည် နိုင်ငံတစ်ခုမှ တရားရုံးက ချမှတ်သော စီရင်ချက်ကို ပိုမိုပြည့်စုံစေသည်။ ဆိုလိုသည်မှာ ပြစ်မှုကျူးလွန်ရာ နိုင်ငံက ကျူးလွန်ခဲ့သူအပေါ် အရေးယူမှုပြုခဲ့ပြီးဖြစ်လျှင် ICC က တရားစီရင်မှု ပြုမည်မဟုတ်ချေ။ သို့သော် ထိုနိုင်ငံက အစိုးရက အရေးယူရန် ငြင်းဆန်ခြင်း၊ သို့မဟုတ် နှေးကွေးစွာ ဆောင်ရွက်ခြင်း (သို့မဟုတ်) ကျူးလွန်ခဲ့သူများကို အကာအကွယ်ပြုကာ အဂတိလိုက်စား စီရင်ခြင်းတို့ ပြုပါမှ ICC က ဝင်ရောက်ကိုင်တွယ်မည်ဖြစ်သည်။

ထိုတရားရုံးအတွက် ရန်ပုံငွေအများစုကို အဖွဲ့ဝင်နိုင်ငံများထံမှ ရရှိခြင်းဖြစ်သည်။ သို့သော် တရားရုံးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ၊ စီးပွားရေးလုပ်ငန်းများ၊ ဖောင်ဒေးရှင်းများ၊ လူပုဂ္ဂိုလ်များထံမှ စေတနာအလျောက် ထပ်ဆောင်းပေးသည့် ရန်ပုံငွေများကိုလည်း လက်ခံနိုင်သည်။

"သို့သော် ထိုနိုင်ငံက အစိုးရက အရေးယူရန် ငြင်းဆန်ခြင်း၊ သို့မဟုတ် နှေးကွေးစွာ ဆောင်ရွက်ခြင်း (သို့မဟုတ်) ကျူးလွန်ခဲ့သူများကို အကာအကွယ်ပြုကာ အဂတိလိုက်စားစီရင်ခြင်းတို့ ပြုပါမှ ICC က ဝင်ရောက်ကိုင်တွယ်မည် ဖြစ်သည်"

&mZ0wfta&v;rsl;d

မျိုးတုံးသတ်ဖြတ်မှု။ ။ မျိုးနွယ်၊ ဇာတ်အတန်းအစား၊ ဘာသာရေး သို့မဟုတ် နိုင်ငံသားဖြစ်မှုအုပ်စု တစ်ရပ်ရပ်မှ လူများကိုသာ ပျက်စီးရာပျက်စီးကြောင်း ဆောင်ရွက်မှုကို ဆိုလိုသည်။ ဥပမာအားဖြင့် ၁၉၃၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ဂျာမနီ နာဇီအစိုးရက ဂျူးလူမျိုး ခြောက်သန်းကျော်ကို သတ်ဖြတ်မှု၊ ၁၉၉၄ ခုနှစ်တွင် ရဝမ်ဒါ၌ မျိုးတုံးသတ်ဖြတ်မှုနှင့် ၁၉၉၅ ခုနှစ် ဇူလိုင်လက ဘော့စနီးယားရှိ မွတ်စလင် အမျိုးသားနှင့် ယောက်ျားလေးပေါင်း ၈,၀၀၀ ကျော်ကို ဘော့စနီးယားဆာ့ဘ်စစ်တပ်က သတ်ဖြတ်ကာ အစုလိုက်အပြုံလိုက် မြှုပ်နှံဖျောက်ဖျက်မှုများ ပါဝင်သည်။

လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှု။ ။ စစ်မက်ဖြစ်ပွားချိန်၌ ဖြစ်စေ၊ ငြိမ်းချမ်းသည့်အချိန်၌ဖြစ်စေ အစိုးရ (သို့မဟုတ်) အစိုးရတွင် မပါဝင်သူ၏ ကျူးလွန်မှု (သို့မဟုတ်) အစိုးရမူဝါဒ တစ်ရပ်ရပ်ကြောင့် (သို့မဟုတ်) အစိုးရဖြစ်စေ၊ အာဏာရှိသူတစ်ဦးဦးက ဖြစ်စေ၊ မျက်နှာလွှဲထားသော ကြောင့်ဖြစ်စေ အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသည့် ရာဇဝတ်မှုများကို ဆိုလိုသည်။ ယင်းတို့မှာ သီးခြားရှိတတ်သည့် အဖြစ်အပျက်မျိုးမဟုတ်ဘဲ စနစ်တကျ၊ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်ခဲ့သော အဖြစ်အပျက်များ ဖြစ်ကြပြီး သတ်ဖြတ်မှု၊ နှိပ်စက်မှု၊ မုဒိမ်းကျင့်မှု၊ အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးအခြေခံဖြင့် သုတ်သင်မှုများ ပါဝင်သည်။

စစ်ရာဇဝတ်မှု။ ။ စစ်ပွဲကာလအတွင်း စစ်စည်းမျဉ်းများကို ချိုးဖောက်လျက် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို ဆိုလိုသည်။ ထိုစစ်ရာဇဝတ်မှုများထဲတွင် သတ်ဖြတ်မှုများ၊ အရပ်သားများအားဆိုးရွားစွာ ဆက်ဆံခြင်း (သို့မဟုတ်) ချွေးတပ်စခန်းများသို့ ပို့ဆောင်ခြင်း၊ စစ်အကျဉ်းသား(သုံ့ပန်း)များအား သတ်ခြင်းနှင့် ဆိုးရွားစွာ ဆက်ဆံခြင်း၊ မြို့ကြီး၊ မြို့ငယ်များ၊ ကျေးရွာများကို ဖျက်ဆီးခြင်းနှင့် စစ်ရေးလိုအပ်ချက်၊ အရပ်သားများကို ကာကွယ်မှုဟူသည်တို့ကြောင့်မဟုတ်ဘဲ ဖျက်ဆီးခြင်းများ ပါဝင်သည်။

ကျူးကျော်မှု။ ။ ရောမပြဋ္ဌာန်းဥပဒေကို ၂၀၀၂ ခုနှစ်တွင် စတင်ချုပ်ဆိုချိန်၌ အဖွဲ့ဝင်နိုင်ငံများသည် ကျူးကျော်မှုနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်၊ လုပ်ငန်းစဉ်သတ်မှတ်နိုင်သည့် အချိန်တိုင်အောင် ထိုသို့သော ပြစ်မှုမျိုးအတွက် တရားစီရင်မှု မပြုသေးရန် သဘောတူထားခဲ့ကြပါသည်။ ၂၀၁၀ ပြည့်နှစ်၊ ဌနိ်လတွင် ရောမပြဋ္ဌာန်းဥပဒေ ပြန်လည်သုံးသပ်ရေးညီလာခံ၌ ကျူးကျော်မှုနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ခဲ့သည်။ ထိုပြစ်မှုအား "ကျူးကျော်မှုတစ်ရပ်ကို ခေါင်းဆောင်ပိုင်းရှိ လူတစ်ဦးတစ်ယောက်က စီစဉ်ခြင်း၊ ပြင်ဆင်ခြင်း၊ အစပြုခြင်း (သို့မဟုတ်) အကောင်အထည်ဖော်ခြင်း" ဟု သတ်မှတ်သည်။ မိမိနိုင်ငံကို ကာကွယ်ခြင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်ဖြင့် လုပ်ဆောင်ခြင်း မဟုတ်ဘဲ နိုင်ငံ

တစ်ခုက အခြားနိုင်ငံတစ်ခုကို လက်နက်သုံးတိုက်ခိုက်ခြင်းကို ကျူးကျော်ခြင်းဟု သတ်မှတ်သည်။ ကမ်ပါလာသဘောတူညီချက်အရ နိုင်ငံများက သဘောတူညီချက်ကို အသက်သွင်းမည့် ၂၀၁၇ ခုနှစ် မတိုင်ခင် ICC အနေဖြင့် ကျူးကျော်မှုများကို စစ်ဆေးနိုင်ခြင်းရှိမည် မဟုတ်ချေ။

tjiifyG,fl

ICC သည် အလွန်ပင် အငြင်းပွားဖွယ်ဖြစ်ကာ ယင်းခုံရုံးနှင့် ပတ်သက်၍ ထောက်ခံသူများ ရှိသလို ကန့်ကွက်သူများလည်း ရှိနေကြသည်။

လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့ခြင်းမရှိသည့် အင်အားကြီးနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုပင် ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်သမ္မတ ဘီလ်ကလင်တန်က ရောမပြဋ္ဌာန်းဥပဒေကို လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် ထိုဆုံးဖြတ်ချက်အား ၂၀၀၂ ခုနှစ်၊ မေလတွင်ပင် သမ္မတ ဂျော့ဒဘလျူဘုရှ်က ပြန်လည်ပယ်ဖျက်ခဲ့သည်။ ထိုသို့ လက်မှတ်ရေးထိုးခဲ့မှုအား ပြန်လည်ရုပ်သိမ်းပယ်ဖျက်ခဲ့ခြင်းအတွက် အကြောင်းပြသည်က အမေရိကန်၏ တရားစီရင်ရေးစနစ်ကို ချမှတ်ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံဥပဒေအရ အမေရိကန်အနေဖြင့် ICC အဖွဲ့ဝင်ဖြစ်ရန် မဖြစ်နိုင်ကြောင်း တားမြစ်ထားသောကြောင့်ဟု သိရသည်။

သို့သော် နိုင်ငံတကာအသိုင်းအဝိုင်းရှိ အမေရိကန်ကို ဆန့်ကျင်သူများသည် အီရတ်နှင့် အာဖဂန်နစ္စတန်အပြင် ငြိမ်းချမ်းရေးထိန်းတပ်များတွင် ပါဝင်နေသော အမေရိကန်နိုင်ငံသားများကို ICC တွင် အလိုဆိုးဖြင့် နိုင်ငံရေးအရ တရားစွဲဆိုခြင်းဖြစ်မည်ကို အမေရိကန်နိုင်ငံရေးသမားများက စိုးရိမ်လျက်ရှိကြသည်။ ၂၀၀၈ ခုနှစ်တွင် ဘားရက်အိုဘားမား အမေရိကန်သမ္မတ ဖြစ်လာခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုသည် ICC နှင့် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုများ ထားရှိခဲ့ပြီး အစည်းအဝေးများကိုလည်း တက်ရောက်ခဲ့သည်။ သို့သော် အမေရိကန်သည် အဖွဲ့ဝင်နိုင်ငံတစ်ခု မဟုတ်တော့ချေ။ လက်မှတ်ရေးထိုးမှုအား ပြန်လည်ရုပ်သိမ်းသွားသည့် အခြားနိုင်ငံနှစ်ခုမှမူ အစ္စရေးနှင့် ဆူဒန်တို့ဖြစ်သည်။ အစ္စရေးတို့က ICC သည် ရာဇဝတ်မှုအသစ်များ ဖန်တီးထည့်သွင်းလာမည်ကို စိုးရိမ်ကြောင်း ဖော်ပြခဲ့ကြသည်။

အစ္စရေးတို့အတွက် အထူးတလည် စိုးရိမ်စရာဖြစ်သည်မှာ သိမ်းပိုက်ထားသော နယ်မြေများတွင် သိမ်းပိုက်သူများဘက်မှ နိုင်ငံသားများက အခြေချနေထိုင်မှု ပြုလုပ်ခြင်းအား ရာဇဝတ်ပြစ်မှုတစ်ရပ်အနေဖြင့် သတ်မှတ်လာမည်ကိုပင် ဖြစ်သည်။

၂၀၀၃ ခုနှစ်ထဲက ဆူဒန်နိုင်ငံ၊ ဒါဖာဒေသတွင် လူပေါင်း သုံးသိန်းခန့်ကို သတ်ဖြတ်ခဲ့ပြီး လူသားမျိုးနွယ်ပေါ် ပြစ်မှုကျူးလွန်ခဲ့သည့် ဆူဒန်သမ္မတ အိုမာအယလ်ဘရှားကို ၂၀၀၉ ခုနှစ်တွင် ICC က ဖမ်းဝရမ်းထုတ်ခဲ့သည်။ ICC တွင် ကိုယ်ပိုင်ရဲတပ်ဖွဲ့ မရှိသောကြောင့် သမ္မတကို တရားခွင်သို့ ပို့ဆောင်ရန်အတွက် ဆူဒန်အစိုးရကိုသာ အားကိုးခဲ့ရသည်။ ထိုဖမ်းဝရမ်းထုတ်ပြန်မှုသည် ဆီနီဂေါ၊ ဂျီဘူတီနှင့် ကိုမိုရိုအပါအဝင် အချို့သော အာဖရိကနိုင်ငံများအတွင်း အငြင်းပွားဖွယ် ဖြစ်ခဲ့ရပြီး ယင်းတို့က ICC အဖွဲ့ဝင် အာဖရိကနိုင်ငံများကို ပြန်လည်နုတ်ထွက်ကြရန် တောင်းဆိုခဲ့ကြသည်။ ယင်းတို့၏ အဆိုအရ ICC သည် အာဖရိကနိုင်ငံများကို ပစ်မှတ်ထားနေသည်ဟု ဆိုသည်။ လက်မှတ်ရေးထိုးထားခြင်း မရှိသည့် အခြားအင်အားကြီးနိုင်ငံသုံးခုတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

တရုတ်က ICC တည်ရှိနေခြင်းသည် နိုင်ငံ့အချုပ်အခြာအာဏာကို ထိပါးသည်ဟု ယူဆသည်။ တရုတ်နိုင်ငံအနေဖြင့် အခြားစိုးရိမ်ချက်များထဲတွင် စစ်ရာဇဝတ်မှုထဲ၌ ပြည်တွင်းပဋိပက္ခများနှင့် ငြိမ်းချမ်းချိန်များတွင်ပါ ဖြစ်ပွားပေါ်ပေါက်ခဲ့သော လူသားမျိုးနွယ်တို့အပေါ် ကျူးလွန်သည့် ပြစ်မှုများကို ထည့်သွင်းထားခြင်းလည်း ပါဝင်သည်။

အိန္ဒိယ၏ ငြင်းဆန်မှုမှာလည်းပဲ လူသားမျိုးနွယ်တို့အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၏ သတ်မှတ်ချက်နယ်ပယ်ကျယ်ပြန့်မှုနှင့် ပြည်တွင်းပဋိပက္ခများကိုပါ စစ်ရာဇဝတ်မှုအတွင်း ထည့်သွင်းထားခြင်း

ဖြစ်သည်။ ပါကစ္စတန်နိုင်ငံကလည်း ရောမစတတ်ကျူးဥပဒေပါ အချက်တိုင်းကို သဘောတူခြင်းမရှိသည့် နိုင်ငံများအတွက် ခြွင်းချက်ထား စဉ်းစားသင့်သည်ဟု ယူဆသည်။ ထို့ပြင် ပါကစ္စတန်နိုင်ငံ၏ စိုးရိမ်မှု တစ်ခုမှာ ICC သည် နိုင်ငံခြားဆောင်များကိုပင် တရားစီရင်နိုင်ခြင်း ဖြစ်သည်။

trl;EÅ&m;cGufq;cufrsm;

ဤလက်စွဲစာစောင်ကို ပြုစုလျက်ရှိချိန်တွင် ICC သည် အောက်ပါအမှုများကို ကိုင်တွယ်ကြား နာလျက် ရှိသည်။

ယူဂန္ဒာ - ဘုရင့်ကာကွယ်ရေးတပ်မတော်မှ ၄ ဦးကို စွဲဆိုထားသည့် အမှု။ ဖမ်းဝရမ်းများ ထုတ်ထားပြီးဖြစ်ကာ ဖမ်းမိခြင်းမရှိသေး။

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ (DRC) - အရွယ်မရောက်သေးသည့် ကလေးငယ်များအား တိုက်ခိုက်မှုများနှင့် မုဒိမ်းမှုများတွင် ပါဝင်စေရန် ဆောင်ရွက်ခဲ့သူ ၅ ဦးကို စွဲဆိုထားသည့်အမှု။ ယင်းတို့အနက် လေးဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး တစ်ဦးမှာ လွတ်နေဆဲ ဖြစ်သည်။

ဆူဒန် (ဒါဖာ) - ဒါဖာတွင် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် စွဲချက်တင်ခံထားရသူ လေးဦး၏အမှု။ တရားခံအဖြစ် သံသယရှိသူတစ်ဦးသည် ကိုယ်တိုင် လာရောက်အဖမ်းခံခဲ့ပြီး ကျန်သူများမှာ လွတ်နေဆဲဖြစ်သည်။

ဆူဒန် (ဒါဖာ) - ဆူဒန်သမ္မတ အိုမာအယ်လ်ဘရှားအား ဒါဖာဒေသ မျိုးတုံးသတ်ဖြတ်မှုဖြင့် စွဲဆိုထားသောအမှု။ သူက တရားရုံးကို အသိအမှတ်ပြု လက်ခံရန် ငြင်းဆန်ခဲ့သည်။ သူသည် ဆူဒန် သမ္မတအဖြစ် ဆက်ရှိနေဆဲ ဖြစ်သည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံ - ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံမှ နိုင်ငံရေးသမားဟောင်းတစ်ဦး ဖြစ်ပြီး လက်နက်ကိုင်တပ်တစ်ခု၏ ခေါင်းဆောင်ဟု စွပ်စွဲမှုများ ရှိနေသည့် ယန်းပီယာဘမ်ဘာကို စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်ထုအပေါ် ကျူးလွန်သည့် ရာဇဝတ် ပြစ်မှုများနှင့် တရားစွဲဆိုလျက်ရှိသည်။

ကင်ညာ - ၂၀၀၇ - ၂၀၀၈ ခုနှစ်တို့အတွင်း ရွေးကောက်ပွဲ အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့ကြောင်း ယူဆရသည့် ကင်ညာခေါင်းဆောင် ၆ ဦးနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

လစ်ဗျား - ကုလသမဂ္ဂလုံခြုံရေးကောင်စီက လစ်ဗျားအခြေအနေကို စစ်ဆေးရန် ICC သို့ လွှဲအပ်ခဲ့သည်။ ICC သည် ကဒါဖီအစိုးရလက်ထက် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ကဒါဖီ သေဆုံးခဲ့ပြီးနောက် ထိုအမှုကို စီရင်ခြင်း ပြီးဆုံးသွားခဲ့သော်လည်း သူ့သားဖြစ်သူနှင့် ထောက်လှမ်းရေးအကြီးအကဲဟောင်းကို စွဲဆိုထားသော အမှုများမှာ ကျန်ရှိနေဆဲ ဖြစ်သည်။

ICC နှင့် ပတ်သက်၍ ပိုမိုသိရှိနိုင်ရန် www.icc-cpi.int/Menus/ICC?lan=en-GB ကို ကြည့်ပါ။

ICC ၏ မီဒီယာဆက်ဆံရေးအပိုင်းတွင် စာနယ်ဇင်းသမားများအတွက် သတင်းများနှင့် အချက်အလက်များကို ပံ့ပိုးထားပါသည်။ www.icc-cpi.int/nr/exeres/13cd3142-7459-48f0-b26a-da45723f8482.htm

rSwfpk&m;

အင်နန်ဂူမာဆူးသည် ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့တွင် ထုတ်ဝေသည့် စတားသတင်းစာတွင် နိုင်ငံ ရေးနှင့်ပတ်သက်၍ ရေးသားနေသူ ဖြစ်သည်။ [www.the-star.co.ke/]· သူသည် ၂၀၁၀ ခုနှစ် ကမ္ဘာ လုံးဆိုင်ရာ လူ့အခွင့်အရေးသင်တန်းသို့ တက်ရောက်ခဲ့သည်။

"သင်တန်းမှာ ကျွန်တော် သင်ယူနိုင်ခဲ့တာတွေက အများကြီးပဲ။ ထူးခြားတာတစ်ခုကတော့ နိုင်ငံတကာ နောက်ခံအစပ်အဆက်ကို ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိနိုင်လာတာပါ။ တကယ်လို့ ဒီမှာ ချိုးဖောက်မှုတွေ ရှိတယ်ဆိုရင် ပုံမှန်အားဖြင့် ကျွန်တော်တို့က ငါတို့ဟာ ကင်ညာနိုင်ငံသားတွေ ဖြစ် တယ်ဆိုတဲ့ ကိုယ့်အမြင်၊ ကိုယ့်ရှုထောင့်ကပဲ ကြည့်တတ်တယ်။ ကျွန်တော်တို့ရဲ့ ဥပဒေတွေအရ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွေအရ ကြည့်တယ်။ သင်တန်းပြီးတဲ့အချိန်ရောက်တော့ ကျွန်တော့်စိတ်က ဒီထက် အများကြီးပို ပွင့်သွားတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ နိုင်ငံတကာ သဘောတူညီချက်တွေ၊ ဥပဒေတွေက ဘယ်လိုစပ်ဆက်နေတယ်ဆိုတာ နားလည်လာတယ်။ သင်တန်းပြီးတဲ့အချိန်မှာပဲ ကင်ညာက ကုလသမဂ္ဂမှာ UPR တင်ရတယ်။ အဲဒီထဲမှာ ကျွန်တော် ထိတွေ့ ကိုင်တွယ်ခဲ့တာလေးတွေ သတိရနေသေးတယ်။ သေဒဏ် လို ကိစ္စမျိုးပေါ့။ ခုဆိုရင် ကင်ညာက သဘောတူထားပြီးသား နိုင်ငံတကာ သဘောတူညီချက်တွေ၊ ဥပဒေတွေနဲ့ယှဉ်ရင် ဘယ်လိုလုပ်ကိုင်ဆောင်ရွက်နေလဲဆိုတာ မြင်နိုင်လာပြီ။ အဲဒါမျိုးကတော့ အကျိုး ကျေးဇူး အများကြီးရှိတာကို လေ့လာသင်ယူနိုင်ခဲ့တယ်ဆိုတာပါပဲ"

pwm;owifpm\ Ekdifa&;pma&;q&m tifzlrmqlESifwGif;jrefcif; ICC ESifvlYcifma&;qkdkm owifa&;om;rl aemufcHkciftusif;

၂၀၀၇ ခုနှစ် သမ္မတရွေးကောက်ပွဲ ကျင်းပချိန်မှစ၍ ကင်ညာနိုင်ငံတွင် အကြမ်းဖက်မှုများ ပေါ် ပေါက်လာခဲ့သည်။ သွေးထွက်သံယို ဖြစ်ပွားခဲ့သည့် ပဋ္ဌိပက္ခများ နှစ်လကြာ ဖြစ်ပွားခဲ့ပြီး လူပေါင်း ၁,၁၀၀ အသတ် ဖြတ်ခံခဲ့ရကာ ၃,၅၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြသည်။ အမျိုးသမီးများ ရာနှင့်ချီ၍ မုဒိမ်း ပြုကျင့်ခံခဲ့ရသည်။ လူပေါင်း ခြောက်သိန်းခန့် အတင်းအကျပ် နေရာရွှေ့ပြောင်းခံခဲ့ရကာ အိုးအိမ်ပေါင်း တစ်သိန်းကျော် ဖျက်ဆီးခံခဲ့ရသည်။ ထောင်သောင်းချီသော ကင်ညာနိုင်ငံသားများသည် ယခုထက်တိုင် အိုးအိမ်မဲ့ ပြည်တွင်းရွှေ့ပြောင်း အခြေချသူများအဖြစ် အိမ်ပြန်နိုင်ခြင်း မရှိကြသေးချေ။

ICC မှ တရားလိုရှေ့နေဖြစ်သူ လူးဝစ်မိုရီနို အိုကမ်ပိုက တရားသူကြီးများအား ကင်ညာရှိ ရွေး ကောက်ပွဲနောက်ပိုင်း အကြမ်းဖက်မှုများအတွက် တာဝန်ရှိသူ ခြောက်ဦးကို တရားရုံးသို့ ဆင့်ခေါ်သည့်

သမ္မာန်စာ ထုတ်ပြန်ရန် လျှောက်ထား တောင်းဆိုသည့်နေ့နောက်ပိုင်း ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်တွင် စာနယ်ဇင်းသမားဖြစ်သူ အင်နန်ဇူမာဆူးနှင့် တွေ့ဆုံမေးမြန်းထားခြင်း ဖြစ်သည်။ လက်စွဲစာစောင်ငယ်ကို ရေးသားပြုစုချိန်တွင် ထိုတရားခံအဖြစ် သံသယရှိသူ ၆ ဦးတို့ကို တရားရုံးသို့ ပို့ဆောင်နိုင်ခဲ့ပြီး ဖြစ်ကာ ကြားနာမှု စတင်ခဲ့ပြီး ဖြစ်သည်။ သို့သော် တရားခွင်တွင် ဆက်လက်စစ်ဆေးရန် အတည်မပြုရသေးချေ။ ကင်ညာမှာ ဘာတွေက အဓိက လူ့အခွင့်အရေးကိစ္စတွေ ဖြစ်နေမလဲ။ ခုလက်ရှိမှာတော့ (လူ့အခွင့်အရေး) ချိုးဖောက်မှုတွေက ပြီးခဲ့တဲ့ ၂၀၀၈ ရွေးကောက်ပွဲလွန် ကာလ အကြမ်းဖက်မှုတွေလို့ပဲ ကျွန်တော်ထင်တယ်။ လူတွေကို အိုးအိမ်တွေက စွန့်ခွာခိုင်းတာ၊ သတ်မှတ်ရက်အတွင်း ရွှေ့ပြောင်းလာရသူတွေကို စခန်းတွေမှာ ထားတာတွေကြောင့် လူတွေက သူတို့ကြုံခဲ့ရတာတွေအတွက် တရားမျှတမှု လိုချင်နေကြတယ်။ အကြမ်းဖက်မှုတွေကြောင့် ဖြစ်လာတဲ့ ကိစ္စတွေကို ဖြေရှင်းပေးမယ့် စနစ်ယန္တရားတစ်ခုခု ကင်ညာမှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး။ နေရာက မောင်းထုတ်တာတွေ၊ မုဒိမ်းကျင့်တာတွေ၊ သတ်ဖြတ်တာတွေနဲ့ ပစ္စည်းလုတာတွေ အားလုံးအတွက်ပေါ့။

အကြမ်းဖက်မှုတွေက အဆမတန်ကို များနေတာ။ ပြည်တွင်းမီဒီယာမှာရော နိုင်ငံတကာမီဒီယာတွေမှာပါ ဒါတွေချည်းပဲ။ ဒီမှာ ဘာတွေ ဖြစ်ပျက်နေတယ်ဆိုတာ လူတိုင်းသိတယ်။ ဒီတော့ ခုလတ်တလော အဓိက ဖြေရှင်းရာမှာ လိုလိုလားလားရှိတဲ့ တရားစီရင်ရေးနဲ့ အရည်အချင်း ပြည့်ဝတဲ့ ခုံရုံးတစ်ခုမရှိဘဲ မဖြစ်နိုင်ဘူး။ ပြီးတော့ ယုံကြည်ကိုးစားလို့ ရပါ့မလား ဆိုတဲ့ ပြဿနာကို ကျော်လွှားနိုင်ပြီး မျှမျှတတ ယုံကြည်လို့ ရနိုင်မယ့် အမှန်တရားပေါ်ပေါက်ရေး ကော်မရှင်လည်း ရှိဖို့လိုတယ်။

ဒီလို အရေးကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းမယ်ဆိုရင် ကင်ညာလူ့အဖွဲ့အစည်းအတွက် ဘယ်လို အကျိုးကျေးဇူးတွေ ရနိုင်မယ်လို့ ခင်ဗျားထင်လဲ။

အဓိက ရမယ့် အကျိုးကျေးဇူးကတော့ နိုင်ငံအတွင်းမှာ အပြစ်ပေး အရေးယူခံရတာ မရှိဘဲ ကိုယ်ထင်ရာ ကိုယ်စိုင်းနေကြတဲ့ အခြေအနေကြီးကနေ လွတ်မြောက်မှာပေါ့ဗျာ။ ဒီနိုင်ငံရဲ့သမိုင်းကို ပြန်ကြည့်ပါလား။ လူ့အခွင့်အရေးကို ဆိုးဆိုးရွားရွား ချိုးဖောက်တာတွေ ရှိနေတယ်။ ဒါပေမဲ့ လူတွေက အဲဒီလို အခြေအနေတွေကိုတောင် သာမန် အခြေအနေတွေလို့ပဲ ထင်နေကြပြီ။ စာနယ်ဇင်းသမားတွေက အဲဒီအကြောင်းတွေ ရေးရင်လည်း ကျွန်တော်တောင်မှ တော်ရုံ သာမန်ကိစ္စလိုပဲ၊ သိပ် သည်းကြီးမည်းကြီး မဖြစ်တဲ့ ကိစ္စတစ်ခုလိုပဲ ရေးဖြစ်သွားတာ။

ဒါပေမဲ့ တကယ်တမ်းကျတော့ အုံ့လိုက်ကျင်းလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုတွေဗျ။ အဲဒီ အရေးကိစ္စတွေကို ခုချိန်မှာ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နဲ့အတူ ပြင်ဆင်မယ်ဆိုရင် လူတွေဟာ သူတို့ရဲ့ လုပ်ဆောင်ချက်တွေမှာ လူ့အခွင့်အရေး ချိုးဖောက်သူတွေ မဖြစ်စေမယ့် အားကောင်းတဲ့ အခွင့်အလမ်းတစ်ခုပဲ။ ပြီးတော့ လူတွေက မမှန်မကန် လုပ်တာကိုင်တာတွေကို ကြောက်ရမယ်။ လူ့အခွင့်အရေးကို ပိုပြီး အလေးထားရမယ်။ နိုင်ငံကလည်း ဒီအရေးကိစ္စတွေနဲ့ ပတ်သက်ရင် ခေတ်သစ်ချဉ်းကပ်လမ်းကို လျှောက်နိုင်လာလိမ့်မယ်။ လူတွေကလည်း နိုင်ငံတော်မှာ ကိုယ်ပါဝင်တဲ့ အခန်းကဏ္ဍကို ကျေနပ်ပျော်ရွှင်ကြလိမ့်မယ်။

အဲဒီလိုအကြောင်းမျိုးတွေ ဆရာက ရေးချင်တာလား။

ဒါပေါ့။ အဲဒါတွေက ကျွန်တော်ရေးချင်တဲ့အကြောင်းတွေပေါ့။ နေ့တိုင်း အဲဒီလို အကြောင်းအရာမျိုးတွေ ရေးလာနိုင်ဖို့ အခွင့်အလမ်းကို ကျွန်တော်ရှာတယ်။ အဲဒီလို အခွင့်အလမ်းမှ ပေါ်မလာဘူးဆိုရင် ရေးဖို့ရှာတာကတော့ ရှာတုန်းပဲ။ ဒါက ကျွန်တော် စိတ်အဝင်စားဆုံး၊ အလိုလားဆုံးကိစ္စပေါ့။ ကျွန်တော်ရေးချင်တဲ့ နိုင်ငံ့အကြောင်းမှာ အပါစေချင်ဆုံးကိစ္စပေါ့။ စာနယ်ဇင်းသမားတစ်ယောက် အနေနဲ့တော့ လူ့အခွင့်အရေးကို ပိုပြီးမြှင့်တင်နိုင်ရင် လူတွေဟာ ကိုယ့်တာဝန်ဝတ္တရားကိုယ် သတိပြုမိလာ

မယ်။ ကျွန်တော်တို့အတွက်ကတော့ စာနယ်ဇင်းအလုပ်ဆိုတာ လူ့အဖွဲ့အစည်းပေါ် အများကြီး သက်ရောက်မှုရှိတယ်။ သတင်းစာရောင်းကောင်းရဲ့ လုပ်ရတာမျိုးမှ မဟုတ်ဘဲ။

"စာနယ်ဇင်းသမား တစ်ယောက်အနေနဲ့တော့ လူ့အခွင့်အရေးကို ပိုပြီးမြှင့်တင်နိုင်ရင် လူတွေဟာ ကိုယ့် တာဝန်ဝတ္တရားကိုယ် သတိပြုမိလာမယ်။ ကျွန်တော်တို့အတွက်ကတော့ စာနယ်ဇင်းအလုပ်ဆိုတာ လူ့အဖွဲ့အစည်းပေါ် အများကြီးသက်ရောက်မှုရှိတယ်။ သတင်းစာရောင်းကောင်းရဲ့ လုပ်ရတာမျိုးမှ မဟုတ်ဘဲ"

အဲဒီလို အကြောင်းအရာမျိုးတွေ ရေးတဲ့အခါ ခင်ဗျားအနေနဲ့ 'လူ့အခွင့်အရေး' ဆိုတဲ့စကားလုံးကို သုံးလား။

အင်းပေါ့။ သုံးတာပေါ့။ ဒါပေမဲ့ အသေးစိတ်ရေးရတာတွေလည်း ရှိတယ်။ ဥပမာ-ရွှေးကောက်ပွဲလွန်ကာလက စလို့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ရှိတယ်ဆိုတာမျိုးလောက်လေး ရေးလို့ မရ ဘူး။ အဲဒီလိုရေးမယ့်အစား လူသားမျိုးနွယ်ထုကြီးပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေဟာ ကျွန်တော်တို့ နိုင်ငံမှာ ဖြစ်ပွားနေပြီလို့ ရေးရတယ်။ အဲဒီလို ရာဇဝတ်မှုတွေထဲမှာ ဘာတွေပါတယ်ဆိုတာကို ကျွန်တော်က ပြီးတော့ တစ်ခုပြီးတစ်ခု ဆက်ရေးရတာပေါ့။ အစုလိုက်အပြုံလိုက် မုဒိမ်းကျင့်တာတွေ ပါတယ်၊ နေရာက နှင်ထုတ်တာတွေ ပါတယ်။ အစုလိုက်အပြုံလိုက် သတ်ဖြတ်တာတွေ ပါတယ်။ အဲဒါမျိုးတွေပေါ့။ အဲဒီလို သေးသေးအစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ရေးရတာက လူ့အခွင့်အရေးဆိုတဲ့ စကားလုံးနယ်ပယ်က အကျယ်ကြီးလေ။ တစ်ခုချင်းဖြစ်အောင် ခွဲထုတ်လိုက်ပြီးမှ အဲဒါတွေဟာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေပါလို့ ပြန်ပြီး ရည်ညွှန်းလို့ရတယ်။ ဟုတ်လည်း ဟုတ်နေတာပဲ။

ဒီနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုသမိုင်း ရှိနေတာက အဲဒီအကြောင်းတွေကို နှစ်ပေါင်းများစွာ မဖြေရှင်းဘဲ ထားထားလို့ပဲ။ နောက်ဆုံး အဲဒါတွေဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေရယ်လို့ မထင်တော့ အောင်ကို ဖြစ်လာတာ။ လူတွေက လူ့အခွင့်အရေးဆိုတဲ့ စကားလုံးနဲ့ နားယဉ်နေပြီ။ တကယ်တမ်းကျတော့ အဓိပ္ပာယ်တော့ ပျောက်ဆုံးနေတုန်းပဲ။

'လူ့အခွင့်အရေး' ဆိုတာဟာ အရပ်ဘက် လူ့အဖွဲ့အစည်းနဲ့ ချိတ်ဆက်နေတယ်။ အရပ်ဘက် လူ့အဖွဲ့အစည်းက အစိုးရကို ဖိအားပေးရမယ်ဆိုတာက အင်မတန်ကို မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုလိုပဲ။ ဒါပေမဲ့ တကယ်တမ်းက အဲဒါဟာ ကျွန်တော်တို့နဲ့ နေ့စဉ် ဆက်ဆိုင်နေတဲ့ အကြောင်းအရာပဲ။ ကျွန်တော်တို့ဟာ သာမန် အညတရလူတွေအနေနဲ့တောင် တခြားသူတွေရဲ့ အခွင့်အရေးကို ချိုးဖောက်မိနေတတ်ကြတယ်။ အစိုးရဆို ထည့်ပြောဖို့ကို မရှိတော့ဘူး။ ဒါပေမဲ့ အဲဒီစကားလုံးကြီးက ကြီးလွန်းတယ်ထင်လို့ ကျွန်တော်တို့ လမ်းပျောက်ကုန်ကြတာပဲလေ။

ဥပမာလေး ပြောပြပါလား ခင်ဗျာ။

ဆိုပါတော့ဗျာ။ ဥပမာအားဖြင့် ဂေးလ်တွေဟာ လူ့အခွင့်အရေးတွေ မရသင့်ဘူး။ သူတို့ကို ဖမ်းချုပ်ထားသင့်တယ်။ ဂေးလ်ဖြစ်နေတာကြောင့် သူတို့ကို အထင်သေးမယ်။ သူတို့ရဲ့ အခွင့်အလမ်းတွေကို ငြင်းပယ်မယ်။ ဒါဆိုရင် လူ့အခွင့်အရေးကို ချိုးဖောက်တာပဲ။ ဂေးလ်တွေရဲ့ အခွင့်အရေးတွေက ဘာတွေရှိတယ်။ ဘယ်သူတွေအတွက် အကျိုးဝင်တယ်၊ သူတို့ရဲ့ အခွင့်အရေးတွေကို ဘယ်ဥပဒေတွေက မြှင့်တင်ပေးတယ်။ အဲဒီဥပဒေတွေကို ဘယ်သူတွေ ကျင့်သုံးစောင့်သိရမယ် ဆိုတာမျိုးတွေကို တိတိပပ မသတ်မှတ်နိုင်သမျှ ကာလပတ်လုံး ဂေးလ်တွေရဲ့ အခွင့်အရေးတွေဟာ ဆုံးရှုံးနေဦးမှာလဲ။

ဥပမာ ဆိုကြပါစို့။ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်မှာ ဂေးလ်တွေ၊ လက်စဘီယံတွေနဲ့ ပတ်သက်တဲ့အပိုင်း ပါတယ်။ ကျွန်တော်က အဲဒီအကြောင်းရေးမယ်ဆိုရင် ဖွဲ့စည်းပုံရဲ့ တစ်စိတ်တစ်ပိုင်းကို ကျွန်တော် တိုက်ရိုက်ညွှန်းဆိုနိုင်တယ်။ နိုင်ငံသားတွေရဲ့ အခွင့်အရေးအခန်းမှာ လူတိုင်းဟာ

ဥပဒေရှေ့မှောက်မှာ တန်းတူရည်တူသာ ဖြစ်တယ်။ သူတို့ရဲ့ လူဖြစ်မှုဆိုတဲ့ အခြေခံပေါ်မှာ အခြေခံ လွတ်လပ်ခွင့်တွေနဲ့ ရပိုင်ခွင့်တွေကို အပ်နှင်းထားတာဖြစ်တယ်။ တစ်နည်းပြောရရင် ဂေးလ်တွေနဲ့ လက်စဘီယံတွေကို နှိမ်ပြီးမြင်တဲ့ အမြင်တွေဟာ ဘာတွေမှားနေတယ်ဆိုတာ ဖွဲ့စည်းပုံဥပဒေအရ ကျွန်တော် တိတိကျကျ ပြောနိုင်လာမယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ စတက်ကျူ ဥပဒေတွေအပြင် နိုင်ငံတကာဥပဒေတွေ၊ နှိမ်ပြီး ခွဲခြားဆက်ဆက်တာမျိုးတွေကို တားဆီးတဲ့ သဘောတူ စာချုပ်တွေကိုလည်း ကိုးကားလို့ ရနိုင်တာပဲ။

ကင်ညာက ရွေးကောက်ပွဲအလွန် အကြမ်းဖက်မှုတွေကို နိုင်ငံတကာမီဒီယာတွေ အပါအဝင် မီဒီယာတွေ အတော်များများမှာ လူမျိုးရေး အကြမ်းဖက်မှုအဖြစ် အသားပေး ဖော်ပြကြတာ တွေ့ရတယ်။ ခင်ဗျားရော လက်ခံလား။

အတိုင်းအတာ တစ်ခုထိတော့ (ဒီလို ဖော်ပြကြတာကို) သဘောတူတယ်လို့ ဆိုရမှာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ အကြမ်းဖက်မှုအများစုမှာ လူမျိုးရေးခွဲခြားမှုဆိုတာ တစ်ခန်းတစ်ကဏ္ဍ ပါနေကြတာမို့ပဲ။ သေချာ တာကတော့ ဒါဟာ ပါတီတစ်ခု အရေးနိမ့်ပြီး နောက်ပါတီတစ်ခု အနိုင်ရတာ သေချာအောင် နိုင်ငံရေးအရ လှုံ့ဆော်မှုတွေ ရှိနေတာပါ။ အကြီးဆုံး ပြဿနာက (မီဒီယာတွေထဲမှာလည်း ဖော်ပြကြတယ်။ ကျွန်တော် လည်း ထောက်ခံတဲ့ အမြင်ပေါ့) ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးယဉ်ကျေးမှု အားနည်းလွန်းတယ်ဆိုတာ ပါပဲ။ နိုင်ငံရေးပါတီတွေကလည်း အင်မတန် အားနည်းတယ်။ အခွံသာသာလောက် ရှိတာလေ။ လူတွေက အာဏာရရေးအတွက် သူတို့ကို အသုံးချတယ်။ သူတို့မှာကလည်း ဘာအတွေးအခေါ် ဝါဒလက်ကိုင်မှ မရှိ။ ပြီးတော့ ဘာပြောလို့ ပြောမှန်းတောင် သိကြတာ မဟုတ်ဘူး။

ဒါကြောင့်မို့ပဲ နိုင်ငံရေးပါတီတွေ ဒါလောက်များနေတာပေါ့။ ခုဆိုရင်ပဲ ၄၇ ပါတီ ဖြစ်နေပြီ။ သူတို့ကို ဘာအတွက် ရပ်တည်ကြတာလဲလို့ ခင်ဗျား မေးကြည့်ပါလား။ ဘာမှ ဆုပ်ဆုပ်ကိုင်ကိုင် မရှိဘူး။ (ရပ်တည်စရာ တစ်ခုခု ရှိရမယ်လို့တောင်) သိကြတာ မဟုတ်ဘူး။ ဒါကြောင့်မို့ပဲ နိုင်ငံရေးသမားတွေက နိုင်ငံရေးပါတီတွေကို အားမကိုးဘူး။ လူမျိုးစုတွေကိုပဲ အားကိုးနေကြတယ်။

အထူးသဖြင့် နိုင်ငံရေးပါတီတွေက တိုင်းရင်းသားမျိုးနွယ်စု တစ်ခုခု နာမည်တပ်ထားကြတာပဲ။ ပိုများများကို လွှမ်းခြုံနိုင်လေ ပိုအခြေအနေကောင်းလေပဲ။ ကိုယ့်တိုင်းရင်းသားမျိုးနွယ်စုတစ်ခုနောက်မှာ ခိုင်ခိုင်မာမာအထောက်အပံ့ရှိမှ တခြားမျိုးနွယ်စုတွေအတွက်ပါ ရှေ့ဆက်လုပ်လို့ရမယ်ဆိုတဲ့ သဘောမျိုး ပေါ့။ ဒီတော့ လူမျိုးရေးအခြေခံ အကြမ်းဖက်မှုဆိုတာကို ကျွန်တော် သဘောတူတယ်။ ဒါပေမဲ့ ဒါဟာ နိုင်ငံရေးလှုံ့ဆော်မှုကြောင့် ဖြစ်ရတာပဲ။ ရလဒ်ကတော့ လူအသိုင်းအဝိုင်းတစ်ခုနဲ့ တစ်ခု အပြိုင်အဆိုင်ဖြစ် လာပြီး သူတို့ရဲ့ အမတ်လောင်းကို မထောက်ခံတဲ့ဘူးလို့ ထင်တဲ့သူကို ဒဏ်ပေးကြတော့တာပဲ။

ခင်ဗျားရဲ့ စာနယ်ဇင်းလုပ်ငန်းအတွင်းမှာ မျိုးနွယ်စုရေးရာတွေနဲ့ပတ်သက်ပြီး တို့ထိ ရေးသားဖူး တာရှိသလား။

ကျွန်တော် အဓိကပြောချင်တာက ကင်ညာက နိုင်ငံရေးပါတီတွေရဲ့ ကိစ္စပဲ။ ဒီမိုကရေစီ ရှိနေသမျှ ကာလပတ်လုံး နိုင်ငံရေးပါတီတွေ ရှိနေရမှာပဲ။ နိုင်ငံရေးပါတီတွေက အာဏာရရေးအတွက် စီးတော်ယာဉ် ဖြစ်နေရမယ်။ ကျွန်တော်တို့အတွက် ပြဿနာက ဥပဒေပိုင်းမှာ ရှိနေတယ်။ မကြာခင်က နိုင်ငံရေးဆောင်ရွက်ချက်တွေကို စည်းကမ်းကြပ်မတ်နိုင်ဖို့အတွက် နိုင်ငံရေးပါတီအက်ဥပဒေဆိုတာ ထွက်လာခဲ့တယ်။ ဒါပေမဲ့ အဲဒီအက်ဥပဒေမှာ အားနည်းချက်တွေ အများကြီး ရှိတယ်။ ညှိလို့နှိုင်းလို့ ကောင်းကောင်းမရဘူး။ နိုင်ငံရေးသမားတွေကလည်း နိုင်ငံရေးယဉ်ကျေးမှု အားကောင်းလာအောင် လုပ်ဖို့ စိတ်ချလက်ချ ရှိနိုင်မယ့် အခြေအနေမျိုးကို စိတ်သိပ်မပါဘူး။

ဒီတော့ နိုင်ငံရေးပါတီတွေကို သိပ်ထည့်တွက်လို့မရဘူး ဖြစ်လာတယ်။ လူတွေက နိုင်ငံရေး

ပါတီတွေနဲ့ ပတ်သက်လာရင် ကျွန်တော်တို့နိုင်ငံမှာ ဖြစ်နေတဲ့ လူမျိုးရေး အဆိုးမြင်မှုတွေနဲ့ ချိတ်ဆက်မမြင်ကြဘူး။ ခင်ဗျားအနေနဲ့ နိုင်ငံရေးပါတီအက်ဥပဒေဟာ တိုင်းရင်းသား နိုင်ငံရေးပါတီတွေနဲ့ ပတ်သက်ရင် လုံခြုံမှုအကာကွယ်ပေးတာမျိုး မျှော်လင့်လိမ့်မယ်။ ဒါပေမဲ့ လုံလုံလောက်လောက် လုံခြုံမှုအတွက် အကာအကွယ်ပေးတာ မရှိဘူး။ တချို့ အပြန်အလှန်ထိန်းကျောင်းမှုလေးတွေတော့ ရှိပါရဲ့။ ဒါပေမဲ့ နိုင်ငံရေးပါတီတွေထဲမှာ ရှိတဲ့ လူမျိုးရေး အဆိုးမြင်မှုတွေကို ဖြိုချဖို့ရာ မလုံလောက်ဘူး။ လူမျိုးရေးအရ အဆိုးမြင်မှုဆိုတာဟာ လူမျိုးရေးနဲ့ပတ်သက်ရင် နိုင်ငံရေးအရ မြင်တာမျိုးကို ပြောတာပါ။ ဒီတော့ ခင်ဗျားမေးတာကို ဖြေရရင် တိုင်းရင်းသား လူမျိုးတွေရဲ့ အရေးကိစ္စတွေနဲ့ ပတ်သက်ရင် နိုင်ငံရေးပါတီတွေရဲ့ ရှုထောင့်ကနေ သုံးသပ်တဲ့ နိုင်ငံရေးစာပေ အရေးအသားတွေ ရေးခဲ့ပါတယ်လို့ ဖြေရမှာပဲ။

ခင်ဗျားရဲ့ နိုင်ငံရေးအထိုင်ကို လုပ်ဖော်ကိုင်ဖက်တွေက သဘောတူကြရဲ့လား။

ကောင်းတာ တစ်ချက်က နေ့တိုင်း မနက် ၈ နာရီခွဲမှာ နိုင်ငံရေးကဏ္ဍ အစည်းအဝေးလုပ်တယ်။ ၉ နာရီထိုးရင် ကျန်တဲ့ကဏ္ဍတွေ အားလုံးပါတဲ့ အထွေထွေသတင်းအတွက် အစည်းအဝေးလုပ်တယ်။ ဒါပေမဲ့ နိုင်ငံရေးကဏ္ဍကတော့ သတင်းစာရဲ့ အဓိက မောင်းနှင်အားပဲ။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့သတင်းစာရဲ့ ရှေ့ဖုံးမှာ နိုင်ငံရေးတွေ အများကြီးပါတယ်လေ။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ ဗဟိုချက်မအဖွဲ့ပဲ။ အဲဒီအစည်းအဝေးနှစ်ခုအတွင်းမှာ ကျွန်တော်တို့ရဲ့ နိုင်ငံရေးအထိုင်တွေအပေါ် ငြင်းကြခုံကြတာပေါ့။

ခင်ဗျားတို့ရဲ့ သတင်းအယ်ဒီတာတွေနဲ့ လက်ထောက်အယ်ဒီတာတွေက ခင်ဗျားရဲ့ အနေအထားအပေါ် ဘယ်လောက်ထိ ပွင့်ပွင့်လင်းလင်းနဲ့ ရင်ပေါင်တန်း ဆောင်ရွက်နိုင်သလဲ။

ကျွန်တော် ရေးနေတဲ့ သတင်းစာရဲ့ ကောင်းကွက်တစ်ခုကတော့ အင်မတန်သေးတဲ့ အဖွဲ့အစည်းလေး ဖြစ်နေလို့ပဲ။ အယ်ဒီတာမင်းအဆင့်ဆင့်နဲ့ ရှုပ်ထွေးနေတာမျိုး မဟုတ်ဘူး။ သတင်းခန်း အစည်းအဝေးဆိုဘယ်သူမဆို ဝင်ထိုင်လို့ရတယ်။ အားလုံးနဲ့ ထိတွေ့ဆက်ဆံနိုင်တဲ့ သတင်းခန်းပုံစံမျိုးပေါ့။ ကျွန်တော်တို့ အားလုံးကလည်း အစည်းအဝေးတွေ တက်ကြတယ်။ အင်မတန်လွတ်လပ်တဲ့ အခင်းအကျင်းပဲ။ ကျွန်တော်ရဲ့ အထိုင်ကို သူတို့သိတယ်။ ကိစ္စအကြောင်းအရာတစ်ခုနဲ့ ပတ်သက်ရင် ဘယ်သူက လူမှန်နေရာမှန် ဖြစ်မယ် ဆိုတာကိုလည်း သူတို့သိတယ်။ ပွင့်လင်းတဲ့ ဝန်းကျင်တစ်ခုလို့ပဲ ပြောရမှာပါ။

❒

Photo : News Lab Workshop 2014

Internews
Local voices. Global change.

tykdf1? tcef7

ppfujZpfyGef;ESyd#yuGmvrsm;twGif;vlYcGifha&;

]tjyeftvef;rDukef, rfukef ypfcwfavkdifaomqkdkm;onfht&yfbufy#yuGmrsm;ESifh ppfaunmjcif;r&Sif;e,fpyfZwfausmfwkdifcsufkdifrsm;wiftcsufbmwkdifcsufrsm;onfpmrsm;e,fZif;ormrsm;tm;*sLEdkifoabmwhnDuft&txl;tumtu,fsm;tyfESifxm;aumif;ookdkm;uonf}

(ODwfat&mufEIwfrsm;)

*sLEdkifoabmwhnDuf

စစ်ပွဲ၊ ပဋ္ဌိပက္ခနှင့် စစ်ဘက်မှ သိမ်းပိုက်မှုများအတွင်း ဒဏ်ရာရ စစ်သားများ၊ စစ်အကျဉ်းသားများနှင့် အရပ်သားများကို လူသားချင်းစာနာသည့် ဆက်ဆံမှု ပြုလုပ်ရန် နိုင်ငံတကာ စံချိန်စံညွှန်းများကို ဂျီနီဗာသဘောတူညီချက်က ချမှတ်ပေးထားသည်။ ယင်းတွင် စာနယ်ဇင်းသမားများ၏ အခွင့်အရေးများလည်း ပါဝင်သည်။

ဂျီနီဗာသဘောတူညီချက်တွင် သဘောတူစာချုပ် လေးခုနှင့် နောက်ဆက်တွဲစာချုပ် သုံးခုတို့ ပါဝင်ပြီး ယင်းတို့ကို နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေအဖြစ် ပေါင်းစည်းသတ်မှတ်သည်။

ဦးဆုံး သဘောတူစာချုပ် သုံးခုကို ၁၈၆၄ နှင့် ၁၉၃၁ ခုနှစ်တို့အကြား ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ယင်းတို့သည် ဒဏ်ရာရစစ်သားများ၊ သင်္ဘောသားများ၊ စစ်အကျဉ်းသားများအပေါ် လူသားအဖြစ် ဆက်ဆံပြုမှုမှနှင့် သက်ဆိုင်သည်။ စတုတ္ထမြောက် သဘောတူစာချုပ်မှာ ဒုတိယကမ္ဘာစစ်အပြီးတွင် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ယင်းသည် မူလသဘောတူစာချုပ် သုံးခုကို အတည်ပြု ချဲ့ထွင်နိုင်ခဲ့ပြီး အရပ်သားများကို

အကာကွယ်ပေးမှုလည်း ပါဝင်လာခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် နောက်ဆက်တွဲစာချုပ်နှစ်ခုကို ချုပ်ဆိုနိုင်ခဲ့ပြီး အကာကွယ်ပေးမှုများ ပိုမိုတိုးတက်လာကာ ၂၀၀၅ ခုနှစ်တွင် တတိယ နောက်ဆက်တွဲစာချုပ် ထပ်မံပေါ်ပေါက်လာခဲ့သည်။ ယင်းတွင် ဆေးအဖွဲ့သင်္ကေတများ တပ်ဆင်ထားသည့်အပေါ် အကာကွယ်ပေးမှုပါ ထည့်သွင်းနိုင်ခဲ့သည်။ (အကာကွယ်ပေးရမည့် သင်္ကေတများနှင့် ပတ်သက်၍ ပိုမိုသိရှိနိုင်ရန် စာမျက်နှာ ၄၈ တွင် လေ့လာပါ။)

ထိုသဘောတူစာချုပ် လေးခုနှင့် နောက်ဆက်တွဲစာချုပ်များသည် ဥပဒေအရ အာဏာသက်ရောက်မှုရှိသည်။ သဘောတူညီချက်ပါ အခွင့်အရေးများကို ချိုးဖောက်သည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် စစ်ရာဇဝတ်မှု ကျူးလွန်သူများဖြစ်သည်ဟု သတ်မှတ်သည်။

t"dtykdfsm; tEdkifiHykdif;

စတုတ္ထမြောက် ဂျီနီဗာသဘောတူညီချက်သည် စာနယ်ဇင်းသမားများ အပါအဝင် အရပ်သားများအား အကာကွယ်ပေးသည်။

pwkwecsmwhcufrsmykdif;

အပိုဒ် ၃ သည် သဘောတူစာချုပ် လေးခုလုံးတွင် ဘုံအဖြစ် ပါဝင်ပြီး ရန်သူ့လက် သို့မဟုတ် နိုင်ငံတကာပဋိပက္ခမဟုတ်သည့် သိမ်းပိုက်ခံနယ်မြေသို့ ရောက်ရှိနေသော အရပ်သားများ၏ ရပိုင်ခွင့်များနှင့် သက်ဆိုင်သည်။ ယင်းတွင် အရပ်သားအားလုံးကို "မျိုးနွယ်၊ အသားအရောင်၊ ဘာသာကိုးကွယ်မှု၊ ယုံကြည်မှု၊ လိင်၊ မွေးဖွားရာဇာတိ၊ ဓနဥစ္စာ သို့မဟုတ် အလားတူ သတ်မှတ်ချက် အခြေခံများ" ပေါ်တွင် ခွဲခြားမှုမပြုဘဲ လူသားဆန်စွာ ဆက်ဆံရန် ဖော်ပြထားသည်။

အရပ်သားများအပေါ် အောက်ပါအပြုအမူများကို ပြုကျင့်ပါက ဥပဒေချိုးဖောက်ရာရောက်ကြောင်း ဖော်ပြထားသည်။ ယင်းတို့မှာ...

- သတ်ဖြတ်ခြင်း၊ သင်းကွပ်ခြင်း၊ ရက်စက်စွာ ပြုမူခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းတို့ အပါအဝင် အကြမ်းဖက်မှု ပုံစံမျိုးစုံ
- ဓားစာခံအဖြစ် အသုံးပြုခြင်း
- ဂုဏ်သိက္ခာကျဆင်းစေ၊ အဆင့်အတန်း လျော့ကျစေသော ပြုမူဆက်ဆံမှုများ
- အသိအမှတ်ပြုထားသည့် တရားရုံးတွင် တရားခွင်ဖြင့် စစ်ဆေးခြင်းမပြုဘဲ အမိန့်ချ အပြစ်ပေးခြင်း

ဒဏ်ရာရရှိသူများနှင့် နာမကျန်းသူများကို ပျောက်ကင်းသည့်ထိ ကုသပေးရန်လည်း အပိုဒ်-၃ တွင် ပါရှိသည်။

tykdif4

သဘောတူညီချက်အရ မည်သူတို့ကို အကာကွယ်ပေးထားကြောင်း သတ်မှတ်ဖော်ပြထားသည်။ ကျူးကျော်သိမ်းပိုက်ခြင်း ခံရသည့် နယ်မြေတွင် ရောက်ရှိနေကြသူများ၊ သို့မဟုတ် မိမိတို့နိုင်ငံမဟုတ်သည့် (တိုင်းတစ်ပါး၊ သို့မဟုတ် ကျူးကျော်သူ) နိုင်ငံသို့ ခေါ်ဆောင်ကာ အကျဉ်းချခြင်းခံရသူများကို အကာအကွယ်ပေးရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

သဘောတူစာချုပ် သက်ရောက်ခြင်းမရှိသည့် နိုင်ငံများမှ နိုင်ငံသားများကမူ ခြွင်းချက် ဖြစ်သည်။ ဆိုလိုသည်မှာ ထိုနိုင်ငံသားများသည် အကာအကွယ်ရကြမည် မဟုတ်ချေ။ ဘက်မလိုက်နိုင်ငံ သို့မဟုတ် မဟာမိတ်နိုင်ငံများမှ နိုင်ငံသားများသည်လည်း အကယ်၍ သူတို့၏ အစိုးရသည် ကျူးကျော်သိမ်းပိုက်သူ နိုင်ငံနှင့် ပုံမှန် သံတမန်ဆက်ဆံရေး ဆက်ရှိနေလျှင် ခြွင်းချက် သတ်မှတ်ခံရမည်သာ ဖြစ်သည်။

*sLEDoabmwhcDuf Zmpjfrpf

ဂျီနီဗာသဘောတူညီချက်၏ ဇာစ်မြစ်မှာ ၁၈၅၉ ခုနှစ် ဆိုလ်ဖာရီနိုစစ်ပွဲကြောင့် သွေးထွက်သံယို အသက်ဆုံးရှုံးမှုများကို မြင်ခဲ့ရသည့် ဆွစ်ဇာစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ယန်းဟင်နရီဒူးနန့် ဖြစ်သည်။ ထိုစစ်ပွဲတွင် ပြင်သစ်နှင့် ဆာဒီနီယန်းတပ်များက သြစတြီးယားကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကာ အီတလီမြောက်ပိုင်းရှိ ဆိုလ်ဖာရီနိုမြို့ပြင်ပတွင် ဖြစ်ပွားခဲ့ပြီး စစ်သားပေါင်း သုံးသိန်းကျော် ပါဝင်တိုက်ခိုက်ခဲ့သည်။ ထိုစစ်ပွဲကို ပြင်သစ်နှင့် ဆာဒီနီယန်းများဘက်မှ အနိုင်ရခဲ့သည်။ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်သွားသည့်အချိန်တွင် စစ်မြေပြင်တစ်ခွင်တစ်ပြင်၌ လူပေါင်း ၃၈,၀၀၀ ကျော် ဒဏ်ရာရလျက်လည်း ကောင်း၊ သေဆုံးလျက်လည်းကောင်း လဲကျနေခဲ့ကြသည်။ စစ်ပွဲအတွင်း ဆရာဝန်များလည်း ဖမ်းဆီးခံခဲ့ရကာ ဒဏ်ရာရ စစ်သားများကို ကူညီရန် မည်သူမျှ မတွေ့ရ ဖြစ်နေခဲ့သည်။ ထိခိုက်နာကျင်နေသူများကို မြင်ရလေတိုင်း ထိတ်လန့်စက်ဆုပ်သည်ဖြစ်ရာ ဒူးနန့်သည် ဒေသခံ မြို့သူမြို့သား၊ ရွာသူရွာသားများကို စုစည်းကာ မည်သည့်ဘက်မှ စစ်သားများကိုမဆို ကူညီပြုစုရန် ဆော်သြခဲ့သည်။

ယင်းနောက် သူသည် ဂျီနီဗာသို့ ပြန်သွားခဲ့ပြီး သူမြင်တွေ့ကြုံဆုံခဲ့ရသမျှတို့ကို စာတစ်အုပ်အဖြစ် ရေးသားပြုစုခဲ့သည်။ စစ်ပွဲတွင် ထိခိုက်ဒဏ်ရာ ရရှိသူများကို စောင့်ရှောက်ပြုစုရန် အမြဲတမ်းရှိနေမည့် အဖွဲ့အစည်းတစ်ခု ထူထောင်ရေးနှင့် ထိုအဖွဲ့အစည်း၏ ကြားနေရေးအာမခံချက်ရှိမှုတို့အတွက် ဆော်သြ ဆောင်ရွက်မှုကို အောင်မြင်စွာ ဦးဆောင်နိုင်ခဲ့သည်။

သူ့စိတ်ကူးကြောင့် ၁၈၆၃ ခုနှစ်တွင် ကြက်ခြေနီ နိုင်ငံတကာကော်မတီကို ဖွဲ့စည်းနိုင်ခဲ့ကာ ဂျီနီဗာသဘောတူညီချက်လည်း ပေါ်ပေါက်ခဲ့ရသည်။

ဒူးနန့်သည် ပထမဆုံး နိုဗယ်လင်ဂြိမ်းချမ်းရေးဆုကို ၁၉၀၁ ခုနှစ်တွင် ရရှိခဲ့သည်။ သူသည် ၁၉၁၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့သည်။

tykd27

အရပ်သားများ၏ အခွင့်အရေးများကို အောက်ပါအတိုင်း ဖော်ပြထားသည်။

"အခြေအနေအရပ်ရပ်တွင် အကာကွယ်ပေးခြင်း ခံရမည့်သူများသည် သူတို့၏ တစ်ကိုယ်ရည်ဘဝ၊ ဂုဏ်သိက္ခာ၊ မိသားစု အခွင့်အရေးများ၊ ဘာသာရေး ယုံကြည်သက်ဝင်မှုနှင့် ကျင့်သုံးဆောက်တည်မှုများ၊ သူတို့၏ အမှုအကျင့်များနှင့် ထုံးတမ်းဓလေ့များကို လေးစားခံရထိုက်သည်။ မည်သည့်အချိန်တွင်မဆို သူတို့သည် လူသားဆန်စွာ ပြုမူဆက်ဆံခံရမည်၊ ကာကွယ်ပေးရမည်။ အကြမ်းဖက်မှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ ထိပါးစော်ကားမှုနှင့် အများသူငါ သိရှိလိုမှုဖြစ်သည့် အပြုအမူများအားလုံးမှ အကာကွယ်ပေးရမည်။ အမျိုးသမီးများအား မုဒိမ်းပြုကျင့်ခြင်း၊ အတင်းအကျပ် လိင်လုပ်သားဖြစ်စေခြင်း၊ မဖွယ်မရာပြုလုပ်ခြင်း အသွယ်သွယ်တို့ အပါအဝင် သူတို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ထိုးနှက်တိုက်ခိုက်မှုအားလုံးမှ အထူး အကာကွယ်ပေးရမည် ဖြစ်သည်။ ကျန်းမာရေးအခြေအနေ၊ အသက်အရွယ်နှင့် လိင်တို့နှင့် စပ်ယှဉ်၍ ခွဲခြားဆက်ဆံမှုများ မပြုလုပ်ဘဲ အကာကွယ်ရထိုက်သူတိုင်းသည် ပဋ္ဌိပက္ခဖြစ်ရာ နိုင်ငံတစ်ခုခုမှဖြစ်ပါက မျိုးနွယ်၊ ဘာသာရေးကိုးကွယ်မှု၊ သို့မဟုတ် နိုင်ငံရေးအမြင်တို့အပေါ် ခွဲခြားခြင်းမပြုဘဲ အညီအမျှ ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ သို့သော် ပဋ္ဌိပက္ခဖြစ်ပွားရာ နိုင်ငံတစ်ခုခုသည် စစ်ပွဲရလဒ်ကြောင့် လိုအပ်ချက်များပေါ်မူတည်၍ ထိန်းချုပ်မှုနှင့် လုံခြုံမှုအတိုင်းအတာများကိုတော့ ဆောင်ရွက်ရမည်သာ ဖြစ်သည်။

"အမျိုးသမီးများအား မုဒိမ်းပြုကျင့်ခြင်း၊ အတင်းအကျပ် လိင်လုပ်သားဖြစ်စေခြင်း၊ မဖွယ်မရာ ပြုလုပ်ခြင်း အသွယ်သွယ်တို့ အပါအဝင် သူတို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ထိုးနှက်တိုက်ခိုက်မှု အားလုံးမှ အထူးအကာအကွယ် ပေးရမည်"

နောက်ဆက်တွဲစာချုပ် ၂ သည် နိုင်ငံတကာနှင့် သက်ဆိုင်ခြင်းမရှိ(ဘဲ တစ်နိုင်ငံတည်းအတွင်း

ဖြစ်ပွား)သော ပဋ္ဌိပက္ခများကို ရည်ညွှန်းသည်ဖြစ်ရာ နိုင်ငံတစ်ခုတည်းအတွင်းရှိ လက်နက်ကိုင်တပ်များနှင့် ယင်းနယ်နိမိတ်အတွင်းမှာပင် ရှိနေသော ယင်းတို့ကို ဆန့်ကျင်သည့် လက်နက်ကိုင်အဖွဲ့အစည်းသို့မဟုတ် အခြား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖြစ်ပွားသည့် ပမာဏကြီးမားသော အရပ်ဘက် ပဋ္ဌိပက္ခများကိုပါ ဂျီနီဗာသဘောတူညီချက်တွင် ကျယ်ပြန့်စွာ ပါဝင်လာစေသည်။ သီးခြားစီဖြစ်ပွားပြီး ပုံမှန်ပြန့်ပွားမှုမရှိသည့် အဓိကရုဏ်းများကဲ့သို့ ပြည်တွင်းမငြိမ်သက်မှုများကိုမူ လက်နက်ကိုင် ပဋ္ဌိပက္ခများ အဖြစ် မသတ်မှတ်ကြချေ။

နောက်ဆက်တွဲစာချုပ် ၂၊ အပိုဒ် ၄ တွင် အရပ်သားများအတွက် လူသားဆန်သည့် ဆက်ဆံပြုမှုမှ ထားရှိရမည့်ပုံစံကို ဖော်ပြထားရာ၌...

(လက်နက်ချပြီး စစ်သားများ၊ တိုက်ခိုက်သူများ အပါအဝင်) အရပ်သားများသည် အကျဉ်းချခံရသူဖြစ်စေ၊ မခံရသူဖြစ်စေ "ယင်းတို့အား ပုဂ္ဂိုလ်ရေးလေးစားမှု၊ ယင်းတို့၏ ဂုဏ်သိက္ခာ၊ ယုံကြည်မှုနှင့် ဘာသာရေးဆောင်ရွက်မှုများကိုပါ လေးစားအသိအမှတ်ပြုမှု ခံရထိုက်"သည့်အပြင် ခွဲခြားဆက်ဆံခြင်းမရှိဘဲ လူတစ်ဦးနှင့် တစ်ဦးကြား တန်းတူညီမျှ သဘောထား၍သာ ဆက်ဆံရမည်။

နောက်ဆက်တွဲစာချုပ်သည် အောက်ဖော်ပြပါ နိုင်ငံသားအခွင့်အရေး ချိုးဖောက်မှုများအား တားမြစ်သည်။

- အသက်ရှင်သန်မှုဘဝ၊ ကျန်းမာရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာမှုတို့ကို အကြမ်းဖက်ခြင်း
- သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သင်းကွပ်ခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အပြစ်ပေးမှုများစသည့် ရက်စက်စွာ ပြုကျင့်မှုများ
- ဝိုင်းဝန်းအပြစ်ဒဏ်ခတ်မှုများ
- မားစားခံအဖြစ် သတ်မှတ်မှု
- အကြမ်းဖက်ဆောင်ရွက်မှု
- လူတစ်ဦး၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ရန်စမှုများ (အထူးသဖြင့် လူမဆန်သည့်၊ လူ့ဂုဏ်သိက္ခာကို ထိခိုက်စေသည့် ဆက်ဆံမှု၊ မုဒိမ်းပြုကျင့်မှု၊ ပြည့်တန်ဆာအဖြစ် သွတ်သွင်းမှု သို့မဟုတ် မည်သာမတာ စော်ကားမှုများအားလုံး အပါအဝင်)
- ကျွန်ပြုမှုနှင့် ကျွန်အဖြစ် ရောင်းဝယ်ဖောက်ကားမှု ပုံစံအားလုံး
- ခိုးယူလုယက်ဖျောက်ဖျက်မှု
- ဖော်ပြထားသည့် နိုင်ငံသားအခွင့်အရေး ချိုးဖောက်မှုများ ပြုလုပ်မည်ဟု ခြိမ်းခြောက်မှု

၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုင်ငံတကာဥပဒေများထဲတွင် ဂျီနီဗာသဘောတူစာချုပ်ပါ အချက်များကို ထည့်သွင်းပြဋ္ဌာန်းခြင်းအားဖြင့် စာချုပ်အဖွဲ့ဝင်နိုင်ငံများရော အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများပါ လက်နက်ကိုင် ပဋ္ဌိပက္ခများ ဖြစ်ပွားချိန်တိုင်း မဖြစ်မနေ လိုက်နာစေရမည်ဟု သတ်မှတ်ခဲ့သည်။

pme,ifrm;rsm;\ tcGifhaa&;

ဂျီနီဗာသဘောတူညီချက်အရ လက်နက်တပ်များနှင့် လိုက်ပါလာသည့် စာနယ်ဇင်းသမားများအား စစ်ပွဲတွင် စစ်သားအဖြစ်မဟုတ်ဘဲ ပါဝင်သူများအဖြစ် သတ်မှတ်သည်။ ထိုသို့ သတ်မှတ်ချက်အရ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေအောက်တွင် စာနယ်ဇင်းသမားများသည် လက်နက်ကိုင်တပ်ဖွဲ့များတွင် လိုက်ပါ၍ သွားလာခွင့်ရှိကြပြီး စစ်တပ်၏ တရားဝင် အစိတ်အပိုင်းတစ်ရပ်အဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

ရန်သူ့ဘက်မှ ယင်းတို့ကို ဖမ်းဆီးပါက စစ်အကျဉ်းသားများအဖြစ် ဆက်ဆံခြင်းခံကြရမည် ဖြစ်သည်။

စစ်အကျဉ်းသားတစ်ဦးအနေဖြင့်...

- စာနယ်ဇင်းသမားများသည် စစ်ဆေးမေးမြန်းခြင်းအား တုံ့ပြန်ဖြေကြားခြင်းမပြုဘဲ (ဆိတ်ဆိတ်)နေခွင့်ရှိသည်။
- ယင်းတို့၏ မှတ်စုများ၊ ဖလင်များနှင့် ကိရိယာတန်ဆာပလာများကို တရားဝင် သိမ်းဆည်းခံရနိုင်သည်။
- အကယ်၍ သူလျှိုအဖြစ် ထင်မြင်ယူဆခံရရန် အထောက်အထားရှိသည်ပင်ဖြစ်စေ သူလျှိုများကဲ့သို့ ဆက်ဆံပြုမူခြင်း ခံရခြင်း မရှိ။

စစ်တပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လိုက်ပါခြင်းမရှိဘဲ လွတ်လပ်စွာဆောင်ရွက်သည့် သတင်းထောက်များသည် ၁၉၇၇ ခုနှစ်က ချုပ်ဆိုခဲ့သော ဂျီနီဗာသဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် ၁ နှင့် အကျုံးဝင်သည်။ နောက်ဆက်တွဲစာချုပ် ၁ ၏ အပိုဒ် ၇၉ တွင် စစ်တပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လိုက်ပါခြင်းမရှိဘဲ လွတ်လပ်သည့် စာနယ်ဇင်းသမားများကိုမူ အရပ်သားများကဲ့သို့ အကာအကွယ်ပေးရမည်ဖြစ်ကြောင်း ဖော်ပြထားခဲ့ပြီးဖြစ်သည်။

*sLEDoabmwhcDufaemufqufwpfcsyf1? tykd79

"လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားလျက်ရှိသော အန္တရာယ်ရှိသည့် မစ်ရှင်များတွင် ပါဝင်ဆောင်ရွက်ရ သည့် စာနယ်ဇင်းသမားများကို အရပ်သားများအဖြစ်သာ မှတ်ယူရမည့်အပြင် ဤနောက်ဆက်တွဲစာချုပ်ပါအတိုင်း အကာအကွယ်ပေးရမည်ဖြစ်ပြီး အရပ်သားများအဖြစ် သူတို့၏ အဆင့်အခြေအနေကို ထိခိုက်စေမည့် ဆောင်ရွက်ချက်မျိုး မပြုလုပ်ရ..."

y#dudCwfCkSe,ifiform;rsm;

]t&yfom; tqifhwef[lonfha00;pm owfrSwfxm;&ifonfausyftm;&z,fr&ifcsvpme,ifiform;rsm;? vlYcifha&; avhvmapmifhunfolrsm;? tsuftvufefSf&Sazolrsm;tay:wkdifcdkfhrsm;ukd[ekwfwm;Ekdifeftwuf&mZ0wfltrsdtpm; owfrSwfcsufwpfckkaocsmpm&Sdefvkdyf;onf xif&Sayvifonfhaumifhrsy#dudzpfwm;&m ae&mrsm;wif,ifwkdifjypfuifonfht&yfom;rsm;tjzpfrSwf,lrnf[kwfb &efol(&efobpfpfokd[kwf&efobzpfvmEkdifjc &ifcsvtjzpf owfrSwfurnfomjzpf&m ,ifwkdifumifh&mZ0wfajrmufonfhtjytrhrsm;ukdifuhkwvfwm&Ekdifaomaumifzpfonf}

(a*sLEDoabmwhcDufaemufqufwpfcsyf1? tykd79)

vlYcifha&;tqifhvufefSf&Sazolrsm;ukdifSazolrsm;-ajyva'a&;&mEkdifhufwpfckkaocsmpm&Sdef?

(Human Rights Fact Finding:Some Legal and Ethical Dilemmas)

]ukdifhoufefYyf,lSyDta&;rsufDolqkdifzifhr[kwfwmukdifnf [kwf[efaqmifyeYuif&m,lom;y/ b,fawmhSaoewfyom;apeYtypf tcwfr&yfcsifukdifhwdufyfxrmS*sLEDoabmwpfcsyfaumufyDpfapmiftrwrfaqmifxm;y}

(oDvdkufcsifta&;&Sdef,lEdkifiHwpfcsufrsm;? Crimes of War: What the Public Should Know?

[kwfwmukdifnf[kwf[efaqmifyeYuif&m,lom;y/ b,fawmhSaoewfyom;apeYtypf)

အရပ်သားများအားလုံးကဲ့သို့ပင် စာနယ်ဇင်းသမားများသည်လည်း စစ်စည်းကမ်းများအတိုင်း လိုက်နာရန် မလိုအပ်ချေ။ ထို့ပြင် သူတို့အား ပဋိပက္ခတွင် ပါဝင်သည့် တစ်ဖက်ဖက်မှ ပစ်မှတ်ထားခြင်း၊ တိုက်ခိုက်ခြင်း၊ လက်တုံ့ပြန်ခြင်းတို့ကို မပြုရချေ။ သို့သော် ပဋိပက္ခ၏ တစ်ဖက်ဖက်ကို ထောက်ခံအားပေးကြောင်း (ဥပမာအားဖြင့် သေနတ်ဆောင်ခြင်း၊ အခြားတစ်ဖက်သို့ သတင်းပေးခြင်း) တို့ကို တွေ့ရှိရပါကမူ အရပ်သားအဖြစ် သတ်မှတ်ခံရမှုကို ဆုံးရှုံးရမည်ဖြစ်သည်။

tykd79 tEpS&Sdyf

- လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသော နေရာများတွင် အန္တရာယ်များသည့် တာဝန်ဖြင့် ခရီးသွားလာဆောင်ရွက်မှုများ ပြုလုပ်နေရသော စာနယ်ဇင်းသမားများအား အရပ်သားများအဖြစ် သတ်မှတ်သည်။
- အရပ်သားအဆင့်သတ်မှတ်မှုကို ထိခိုက်စေခြင်း (ဥပမာအားဖြင့် ပဋိပက္ခတွင် ပါဝင်ခြင်း၊ သူလျှို အဖြစ်ဆောင်ရွက်ခြင်း စသည်တို့) ကို မတွေ့ရသမျှ ကာလပတ်လုံး အရပ်သားများအဖြစ် အကာအကွယ်များကို ပေးရမည်။
- စာနယ်ဇင်းသမားများသည် သက်ဆိုင်ရာ နိုင်ငံက ထုတ်ပေးထားသည့် စာနယ်ဇင်းသမားဖြစ်ကြောင်း အထောက်အထားကတ်ပြား ရှိနိုင်သည်။ သို့သော် မရှိမဖြစ်မူ မဟုတ်ချေ။
- ဂျီနီဗာသဘောတူညီချက်၏ ကာကွယ်မှုအောက်ရှိ ကြက်ခြေနီအမှတ်အသားပါ လူများ၊ အရာဝတ္ထုပစ္စည်းများ
- ဂျီနီဗာသဘောတူညီချက်၏ ကာကွယ်မှုအောက်ရှိ လခြမ်းနီအမှတ်အသားပါ လူများ၊ အရာဝတ္ထုပစ္စည်းများ
- ဂျီနီဗာသဘောတူညီချက်၏ ကာကွယ်မှုအောက်ရှိ ကျောက်ပွင့်နီအမှတ်အသားပါ လူများ၊ အရာဝတ္ထုပစ္စည်းများ
- အရပ်ဘက်ကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာအမှတ်အသား (လူသားချင်းစာနာမှုအရ ကယ်ဆယ်ရေးနှင့် အရပ်သားများကို ကာကွယ်ပေးသည့် အခြားအေဂျင်စီများ)
- ဆေးရုံများနှင့် လုံခြုံရေးဇုန်များ၏ အမှတ်သင်္ကေတ
- လက်နက်ကိုင်ဆောင်တပ်ဆင်ထားခြင်းမရှိသော ညှိနှိုင်းဆွေးနွေးသူ အသုံးပြုသည့်၊ သို့မဟုတ် လက်နက်ချခြင်းကို ပြသသည့် အလံဖြူ
- ကုလသမဂ္ဂအလံ
- အထင်ကရ နေရာများကို သိရှိနိုင်စေသည့် ရိုးရစ်ချ် စာချုပ်အမှတ်အသား (ယင်းမှာ သမိုင်းဝင်နှင့် ယဉ်ကျေးမှုဆိုင်ရာ နေရာဒေသများကို ကာကွယ်သည့် စာချုပ်တစ်ခု ဖြစ်သည်)
- ပြတိုက်များ၊ သိပ္ပံ၊ အနုပညာ၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ
- ယဉ်ကျေးမှုဆိုင်ရာ ပိုင်ဆိုင်မှုဖြစ်ကြောင်း သင်္ကေတ
- အထူးကာကွယ်မှုအောက်တွင် ရှိနေသော ယဉ်ကျေးမှုဆိုင်ရာ ပိုင်ဆိုင်မှုဖြစ်ကြောင်း သင်္ကေတ
- ဘေးအန္တရာယ်ရှိ ပစ္စည်းများ၊ အထူးဆိုးကျိုးပေးနိုင်သော ပစ္စည်းများ (ဥပမာ- ဆည်တမံများ၊ နျူးကလီးယား စွမ်းအင်စက်ရုံ၊ လျှပ်စစ်ဓာတ်အားစက်ရုံ) ထားရှိသည့် နေရာပြ သင်္ကေတ

[ရင်းမြစ်။ ။ www.en.wikipedia.org/wiki/Protective-sign]

aemufqufwpfcsdyf3 yg tumuG,fay;&rnfonfoauwrsm;

နိုင်ငံတကာဥပဒေအောက်တွင် အကာအကွယ်ရရှိမည်ဟု ဂရစိုက်မှုရရှိစေရန်အတွက် အကာအကွယ်ပေးရမည့် အမှတ်သင်္ကေတများကို ပဋိပက္ခဖြစ်ပွားချိန်အတွင်း အသုံးပြုသည့် ယူနီဖောင်းများ၊ ယာဉ်များနှင့် အဆောက်အအုံများတွင် ဖော်ပြပါရှိသည်။ ယေဘုယျအားဖြင့် ထိုသို့ အမှတ်သင်္ကေတများ ပါဝင်သည့် လူ သို့မဟုတ် အရာဝတ္ထုများကို ပစ်ခတ်တိုက်ခိုက်ခြင်း မပြုရချေ။ ထိုသင်္ကေတများ၏ ပုံ၊ အရုပ်၊ အရောင်တို့ကို နိုင်ငံတကာ လူသားချင်းစာနာမှု စည်းမျဉ်းများအရ သတ်မှတ်ထားခြင်း ဖြစ်သည်။

လက်နက်ကိုင်တပ်ဖွဲ့များမှ ထိုအမှတ်သင်္ကေတများ အသုံးပြုခြင်းကို တားမြစ်သည်။ အကာအကွယ်ပေးရမည့် အမှတ်သင်္ကေတများကို အလွဲသုံးစားပြုခြင်းသည် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။

rSwfpk;

Photo : Chan Son

Internews
Local voices. Global change.

tykdif;1? tcef;8

tykdif;19 EdkifiHvif;vif;cif;cif;0ya'rsm;

]...xkwfazmfwif;yr'l ukd , f'l owif;tcsuftvu&&Sd&eYEkdifiHa&;rsS y,0if;EkdifiHaw[m tm;vkH;wuftcifha&;awjzpfw , fvkd'ufefawmfwkd'kH;nfxm;y,w , f'awukdtar&dwef;zpf;zpf w½kwf;zpf;zpfwjcm; b , fEkdifiHyjzpf;zpfrsdK , fokbmoma&; tykpfwkd'fr&&Sd&ewhvlawwkd'f&&Sdifh w , f}

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက တရုတ်နိုင်ငံ၊ ရှန်ဟိုင်းတွင် ကောလိပ်ကျောင်းသားများ အား အင်တာနက်လွတ်လပ်ခွင့်နှင့် ပတ်သက်၍ ပြောဆိုသည့် စကားမှ ကောက်နုတ်ချက်ကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်ထုတ် ဝါရှင်တန်ပို့စ်သတင်းစာမှ ဖော်ပြချက်သဘောတူညီချက်များမှ ပါရှိသော အချက်များ၊ မီဒီယာများနှင့် တိုက်ရိုက်သက်ဆိုင်သော အဓိကအခွင့်အရေးများမှာ ထုတ်ဖော်တင်ပြမှု၊ ထင်မြင်ယူဆချက်ပေးမှုနှင့် သတင်းအချက်အလက်ရရှိမှု လွတ်လပ်ခွင့်များဖြစ်ကြသည်။ ထိုအခွင့်အရေးများ ကို UDHR နှင့် ICCPR တို့တွင် ဖော်ပြထားကြပါသည်။ ယင်းတို့ကို UDHR တွင်ရော ICCPR တွင်ပါ အပိုဒ် ၁၉ တွင် အသီးသီး ဖော်ပြခဲ့ကြသည်ဖြစ်သောကြောင့် အပိုဒ် ၁၉ ပါ အခွင့်အရေးများအဖြစ် ရည် ညွှန်းလေ့ရှိသည်။

UDHR? tykdif;19

"လူတိုင်း လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟတင်ပြပိုင်ခွင့်ရှိသည်။ ထို အခွင့်အရေးများအရ မိမိတင်ပြချက်များကို အနှောင့်အယှက်အဟန့်အတားမရှိ ခံယူကျင့်သုံးပိုင်ခွင့်ရှိသည်။ နယ်မြေပိုင်းခြားမှုမရှိဘဲ သတင်းစာနယ်ဇင်းများမှတစ်ဆင့် သတင်းများ၊ အယူအဆများကို ရှာဖွေဆည်းပူး

ခွင့်၊ လက်ခံပိုင်ခွင့်နှင့် ဖြန့်ဖြူးပိုင်ခွင့်တို့ရှိသည်။

ICCPR၏ tykdf19

(၁) လူတိုင်းသည် အနှောင့်အယှက်အဟန့်အတားမရှိဘဲ မိမိတို့၏ ထင်မြင်ယူဆချက်ကို ကိုင်ဆွဲပိုင်ခွင့်ရှိသည်။

(၂) လူတိုင်း လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်ရှိသည်။ ဤသို့ဆိုရာတွင် သတင်းအချက်အလက်နှင့် ထင်မြင်ယူဆချက်များကို နူတ်မှ ပြောဆိုမှု၊ ရေးသားမှု၊ ပုံနှိပ်ဖော်ပြမှု၊ အနုပညာအသွင်ဖြင့် တင်ပြမှု၊ သို့မဟုတ် ထိုသူရွေးချယ်သည့် အခြားမည်သည့် မီဒီယာပုံစံဖြင့် ဖြစ်စေ ရှာဖွေခြင်း၊ လက်ခံရယူခြင်း၊ ဖြန့်ဝေခြင်းတို့ ပါဝင်ရမည်။

အပိုဒ် ၁၉ များသည် အခြားအခွင့်အရေးများကဲ့သို့ပင် အများနှင့် သက်ဆိုင်ခြင်း၊ မွေးရာပါ သက်ဆိုင်သော၊ သွေဖည်ချိုးဖောက်၍ မရနိုင်သော အခွင့်အရေးဖြစ်သည်။ [ဤနာမဝိသေသနများနှင့် ပတ်သက်၍ စာမျက်နှာ ၃ တွင် ဖတ်ရှုနိုင်ပါသည်]

tykdf19 ukd;vnf;cif;

(1) [illegible]

လွတ်လပ်စွာထုတ်ဖော်တင်ပြနိုင်ခွင့်သည် လူတိုင်းနှင့် သက်ဆိုင်သည်။ လူတစ်ဦး၏ ပညာရေး အဆင့်အတန်း၊ လူမျိုး၊ အသားရောင်၊ လိင်၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ နိုင်ငံရေး သို့မဟုတ် အခြားထင်မြင်ယူဆမှု၊ နိုင်ငံသားဖြစ်မှု၊ လူမှုရေးအရ သတ်မှတ်ချက် ဇာစ်မြစ်တစ်ခုခုတွင် ပါဝင်မှု၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှုနှင့် အခြား မည်သည့်အဆင့်အတန်း သတ်မှတ်ချက်များရှိသည်ဖြစ်စေ ခွဲခြားကန့်သတ်ခြင်း မရှိစေရ။

(2) [illegible]

ဖြန့်ဝေခြင်းဟူသည်မှာ သင်ထင်မြင်ယူဆသော၊ သိရှိထားသောအချက်ကို အခြားသူများအား တစ်ဦးချင်း တွေ့ဆုံရာတွင် ဖြစ်စေ၊ အများပြည်သူ သိရှိနိုင်သည့် ဆက်သွယ်မှုမီဒီယာမှတစ်ဆင့်ဖြစ်စေ ပြောဆိုပိုင်ခွင့်ဖြစ်သည်။ ရှာဖွေခြင်းနှင့် လက်ခံရယူခြင်း ဟူသည်မှာ သတင်းအချက်အလက်၊ ရှုထောင့်၊ စိတ်ကူးအကြံဉာဏ်စသည်တို့ကို ဖြစ်နိုင်သမျှ အကျယ်ပြန့်ဆုံး သတင်းအချက်အလက် ပုံစံများအဖြစ် လက်လှမ်းမီ ရရှိခြင်း ဖြစ်သည်။ ဤသို့ဆိုရာတွင် သတင်းစာယူခြင်း၊ ဖတ်ရှုခြင်း၊ အသံထုတ်လွှင့်မှုကို နားထောင်ခြင်း၊ အင်တာနက်အသုံးပြုရှာဖွေခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့် စကားရည်လုပြိုင်ခုံမှုများတွင် ပါဝင်ခြင်း၊ နားထောင်ခြင်း၊ စာနယ်ဇင်းသမား သို့မဟုတ် ပညာရပ်ဆိုင်ရာ သုတေသီ အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်းတို့ပါ အကျုံးဝင်သည်။ အများပြည်သူနှင့် သက်ဆိုင်သည့် အာဏာပိုင်(အရာရှိ)များက ထိန်းသိမ်းထားသော မှတ်တမ်းမှတ်ရာများ၊ အရေးကြီးအချက်အလက်များအား အစိုးရ၏ ထုတ်ပြန်မှုများ၊ ယင်းမှတ်တမ်းမှတ်ရာများအား ပြည်သူတစ်ဦးချင်းအနေဖြင့် တောင်းခံမှုများ စသည်တို့ ကို ရယူအသုံးပြုခွင့်ရှိခြင်းလည်း အပါအဝင် ဖြစ်သည်။

(3) [illegible]

လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်ရှိသည်ဟု ဆိုရာတွင် အသုံးဝင်၊ မှန်ကန်သည်ဟု ယူဆရသည့် သတင်းအချက်အလက်များ၊ အယူအဆများကိုသာမက သတင်း၊ အချက်အလက်နှင့် ကြော်ငြာ၊ အနုပညာ အစရှိသည့် ဆက်သွယ်မှုပြုနိုင်သမျှ အားလုံးပါဝင်သည်။ အငြင်းပွားဖွယ်ဖြစ်သော၊ မှားယွင်းသော၊ ထိတ်လန့်ဖွယ်ဖြစ်သော အရာများ၊ လူနည်းစုများ၏ အယူအဆများလည်း အပါအဝင်ဖြစ်သည်။ အချက်အလက်တစ်ခုသည် နှစ်သက်ဖွယ် မရှိသည့်အတွက်လည်းကောင်း၊ မမှန်ကန်သောကြောင့်လည်းကောင်း

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ထုတ်ဖော်တင်ပြခြင်း မပြုရဟု ဆိုနိုင်မည် မဟုတ်ချေ။

]aea&mifvifvifcifcif&Sdvmua&m*ykdwukdoap&mrSt aumifqkyav}
(tar&dcsfw&m;ykdfw&m;olBudyfvlOpnb&ef0Df
1914 cKSf xkwf0ef;ao
'Other People's Money and How the Bankers Use It'
]w[m;olwtwuifajumqkYPfbl;awb ifvkdkdv}
pmtkdf tcef5]ykrfbl;tum;ckdkuvkdkdr}
'What Publicity Can Do' wif
ykifvifcifcifrlwef&kdkdyfwD ifa&;om;cuf)

(4) e,fa&;ykdkdkdrl&S

လွတ်လပ်စွာထုတ်ဖော်တင်ပြပိုင်ခွင့်ကို နိုင်ငံများ၏ အမျိုးသားနယ်နိမိတ်များဖြင့် ကန့်သတ်ခြင်း မပြုနိုင်ချေ။ အစိုးရများသည် နိုင်ငံသားများအား အခြားနိုင်ငံများမှ သတင်းအချက်အလက်များကို ရှာဖွေ၊ ရယူလက်ခံ၊ ဖြန့်ဝေမှုအား ခွင့်ပြုရမည် ဖြစ်သည်။

(5) rsufcsufpD,mykdkdkdkdap

လူများအား သူတို့ကိုယ်တိုင် ခေတ်သစ်ဖြစ်စေ၊ အစဉ်အလာဖြစ်စေ မည်သည့်မီဒီယာများမှမဆို ထုတ်ဖော်တင်ပြမှုကို ခွင့်ပြုခံရသင့်သည်။ ဤတွင် သတင်းစာများ၊ မဂ္ဂဇင်းများ၊ စာအုပ်များ၊ လက်ကမ်းစာ စောင်များ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်၊ အနုပညာလက်ရာ၊ လူထုစည်းဝေးပွဲများနှင့် အခြား မီဒီယာပုံစံများလည်း ပါဝင်သည်။

vifvifcifcif0ya'rm;

လျှို့ဝှက်ထားခြင်းအားဖြင့် ကောလာဟလများကို ပေါ်ပေါက်စေပြီး မသိကျိုးကျွန်ပြုခြင်းနှင့် အကျင့်ပျက်ခြစားမှုများ ထွန်းကားခြင်းကို ဖြစ်ပေါ်စေသည်။ သတင်းအချက်အလက်များသည် အစိုးရများ တာဝန်ယူမှုရှိလာစေရေးအတွက် လိုအပ်သည်။

အပိုဒ် ၁၉ ပါ ဖော်ပြချက်ကို လိုက်နာဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံများအနေဖြင့် အပြု သဘော ဆောင်ရွက်ပေးနိုင်သည့် အတိုင်းအတာတစ်ခုမှာ သတင်းအချက်အလက်လွတ်လပ်မှု ဥပဒေများ ကို ပြုစုခြင်းဖြစ်သည်။ သတင်းအချက်အလက် လွတ်လပ်ခွင့်ဥပဒေများကို လူးဝစ္စဘရန်ဒီးစ် ပြောဆို ခဲ့ဖူးသည့်အတိုင်း ရံဖန်ရံခါတွင် လင်းလင်းချင်းချင်းဥပဒေများ (Sunshine Laws) အဖြစ် ရည်ညွှန်းလေ့ရှိ သည်။

အခြားသူများကဲ့သို့ပင် စာနယ်ဇင်းသမားများသည်လည်း ထိုဥပဒေများကို အသုံးပြုနိုင်သည်။ လင်းလင်းချင်းချင်း ဥပဒေများသည် အစိုးရများနှင့် ပုဂ္ဂလိကအခန်းကဏ္ဍများကိုပါ သက်ရောက်မှုရှိသည်။

ယင်းဥပဒေများသည် အစိုးရ၏ ပွင့်လင်းမြင်သာမှုကိုရော ပုဂ္ဂလိကကဏ္ဍမှ အရေးကိစ္စများနှင့်ပါ သက်ဆိုင်သည်။ ဥပမာအားဖြင့် စီးပွားရေးနှင့် လုပ်ငန်းကြီးများမှ ယင်းတို့၏ လုပ်ကိုင်ဆောင်ရွက်ပုံ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု၊ အကျိုးအမြတ်၊ ကုန်ကျခံသုံးစွဲမှု၊ ဈေးနှုန်းနှင့် အခြားအကြောင်းအရာများကို မသိရှိရပါက အများပြည်သူတို့သည် အမြတ် ထုတ် ခေါင်းပုံဖြတ်၊ အလွဲသုံးစားပြုခံရရန်သာ ရှိတော့သည်။

အပိုဒ် ၁၉ ထွန်းကားအားကောင်းသည့်ဒေသများတွင် အခြားအခွင့်အရေးနှင့် လွတ်လပ်ခွင့်များ

ကိုလည်း ကာကွယ်ပေးထားသည်။

a&maxef;&kd&m owf;jyd;y;

အပိုဒ် ၁၉ အရ လူများသည် မီဒီယာကို အသုံးပြုပိုင်ခွင့်ရှိသည်ဟု ဆိုလိုခြင်းသက်သက် မဟုတ်ပါ။ မီဒီယာများသည် ထင်မြင်ယူဆချက်၊ ထုတ်ဖော်တင်ပြမှုနှင့် သတင်းအချက်အလက် ရယူခွင့်တို့ဖြစ်သည့် အခြေခံလူ့အခွင့်အရေးများကို ရရှိစေရေးအတွက် ကြားခံအဖြစ် အသုံးပြုရခြင်းသာ ဖြစ်ပါသည်။

စာနယ်ဇင်းသမားများကိုလည်း အထူးအခွင့်အရေးများ ပေးအပ်ထားခြင်းမရှိပါ။ စာနယ်ဇင်းသမားများသည် ယင်းတို့၏ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် လူ့အခွင့်အရေးပေါ်တွင်သာ တည်မှီလျက်ရှိသည်။ စာနယ်ဇင်းသမားများအတွက် အထူးသတ်မှတ်ထားသည့် အခွင့်အရေးများ မရှိပါ။ သတင်းထောက်များသည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်၊ ထင်မြင်ယူခွင့်နှင့် သတင်းအချက်အလက် ရယူခွင့်တို့တွင် အခြားနိုင်ငံသားများနှင့် အခွင့်အရေးချင်း အတူတူသာ ဖြစ်ပါသည်။

]..... vwfvyfpm xif;rif, lqcif;EIwfxkwfazmfwif;ycif;twl[k;m wjcm;vlYcif;tm;a&;awuk;d &Sif;vif &mrSD umu , &mrSD r&Sd,zpfu&d,mwpfckvkdt ok;yk;Ekdif;w , fvkd;em;vnf;u&rSy/ ta&; , lrcH&b &Sdewmaw? tusif;nuf;cpm;rsawuk;dwkd;f;ufEkdifwht a&;;ufDvhvufuf&d,mausmif;wpfckvnf; jzpfy;w , f;

(z&ef;Vm½l?

vwfvyfpm xif;rif, lqcif;EIwfxkwfazmfwif;ycif;twl[k;m wjcm;vlYcif;tm;a&;awuk;d &Sif;vif &mrSD umu , &mrSD r&Sd,zpfu&d,mwpfckvkdt ok;yk;Ekdif;w , fvkd;em;vnf;u&rSy/ ta&; , lrcH&b &Sdewmaw? tusif;nuf;cpm;rsawuk;dwkd;f;ufEkdifwht a&;;ufDvhvufuf&d,mausmif;wpfckvnf; jzpfy;w , f;

(z&ef;Vm½l?

owif;ceftwl[k;S;ykd;19y;tcif;a&;

အပိုဒ် ၁၉ ကို ကာကွယ်ဆောင်ရွက်လျက်ရှိသူများက အပိုဒ် ၁၉ အရ ပြဋ္ဌာန်းပေးထားသည့် အခွင့်အရေးသည် စာနယ်ဇင်းသမားများအား လူ့အဖွဲ့အစည်းတွင် အထူးအခန်းကဏ္ဍမှ ပါဝင်စေသည်၊ အဘယ်ကြောင့်ဆိုသော် စာနယ်ဇင်းသမားများသည် ယင်းတို့၏ ဆောင်ရွက်ချက်များအားဖြင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်နှင့် သတင်းအချက်အလက် ရယူခွင့်တို့ကို ပြည်သူအများသို့ ခံစားရရှိစေသောကြောင့် ဖြစ်ကြောင်း ဆိုကြသည်။ ကောင်းမွန်သည့် စာနယ်ဇင်းပညာ မရှိလျှင် ပြည်သူအများတို့သည် အပိုဒ် ၁၉ ပါ အခွင့်အရေးများကို ခံစားခွင့်ရကြမည် မဟုတ်ချေ။ ဤအဆိုအား စာနယ်ဇင်းသမားများနှင့် မီဒီယာ လွတ်လပ်မှု ကိစ္စများအတွက် တရားရုံးတွင် ထွက်ဆိုရာတွင် အသုံးပြုကြလေ့ရှိသည်။

သို့ဖြစ်ရာ စာနယ်ဇင်းသမားများအနေဖြင့် လွတ်လပ်စွာ ဆောင်ရွက်ခြင်းအားဖြင့် မည်သည့်သတင်းများအား ရေးသားမည်၊ မည်သည့်သတင်းများကို လိုက်မည်၊ မည်သည့်ပရိသတ်တို့အတွက် ရည်ရွယ်ရေးသားမည်၊ မည်သူတို့ကို တွေ့ဆုံမေးမြန်းမည်၊ မည်သည့်အချက်အလက်များ၊ အသံများ၊ ဓာတ်ပုံများကို စုဆောင်းမည်ဟူသည့် ဆုံးဖြတ်ချက်များ ရွေးချယ်မှုများကို ကြောက်ရွံ့မှုနှင့် ဖိအားမရှိဘဲ ပြုလုပ်နိုင်ကြမည် ဖြစ်သည်။

vwfvyfpm xif;rif, lqcif;EIwfxkwfazmfwif;ycif;twl[k;tuefYowf;rsm;

UDHR နှင့် ICCPR နှစ်ခုစလုံးတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်နှင့် သတင်းအချက်အလက် ရယူခွင့်တို့နှင့် ပတ်သက်၍ အကန့်အသတ်များ ထားရှိသည်။ ICCPR ၏ အပိုဒ် ၁၉ တွင် လွတ်လပ်စွာ

ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်တင်ပြခွင့်တို့သည် အထူးတာဝန်များ၊ ဝတ္တရားများနှင့် တစ်ပါတည်း ယှဉ်တွဲလျက်ရှိကြောင်း၊ ယင်းကြောင့် အချို့သော အကန့်အသတ်များကို ဖြစ်ပေါ်စေနိုင်ကြောင်း ဖော်ပြထားသည်။

UDHR ၏ အပိုဒ်၂၉ တွင်မူ လူတိုင်းသည် ယင်းတို့၏ လူ့အသိုက်အဝန်းအတွက် တာဝန်များ ရှိကြကြောင်း ဖော်ပြထားသည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်အပါအဝင် အခွင့်အရေးအားလုံးသည် ထိုသို့သော တာဝန်များနှင့် ကန့်သတ်ထားလျက်ရှိသည်။

ထိုအပိုဒ် ထည့်သွင်းထားရသည့် ရည်ရွယ်ချက်မှာ လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်ကို ကျင့်သုံးရာတွင် အခြားသူများ၏ မည်သည့်အခွင့်အရေးကိုမဆို (ဥပမာအားဖြင့် တစ်ကိုယ်ရေလျှို့ဝှက်ခွင့်၊ လူမျိုးရေးခွဲခြားမှုမှ လွတ်လပ်စွာ နေထိုင်အသက်ရှင်ပိုင်ခွင့်၊ မကောင်းသတင်းထွက်စေခြင်း၊ အသရေဖျက်ခြင်းစသည့် ရာဇဝတ်ပြစ်မှုများ လွန်ကျူးခံရခြင်းမှ ကင်းလွတ်ကာ ဂုဏ်သတင်းကောင်းမွန်စွာ နေထိုင်ပိုင်ခွင့်စသည်တို့ကို) မချိုးဖောက် မထိပါးမိစေရန် ဖြစ်သည်။ အချက်အလက်မှန်ဖြစ်သော၊ တိကျသော သတင်းအချက်အလက်များကိုသာ ပေးရန်ကိုလည်း တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ထားသည်။

UDHR(အပိုဒ် ၂၉)နှင့် ICCPR(အပိုဒ် ၁၉) တို့အရ ထိုသို့သော သတ်မှတ်ချက်များကို ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားရန်ဖြစ်သည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်ကို ကန့်သတ်ရာရောက်သည့် ဥပဒေများသည် လူ့အခွင့်အရေးများကို လေးစားမှုရှိစေရေးအတွက်(ကန့်သတ်ရခြင်း)၊ နိုင်ငံတော်လုံခြုံမှု၊ ပြည်သူ့ဘဝလုံခြုံမှု၊ ပြည်သူ့ကျန်းမာရေးနှင့် ကျင့်ဝတ်ကောင်းမွန်မှုတို့ကို ကာကွယ်ရန်အတွက်သာ ဖြစ်သည်။

ICCPR ၏ အဖွဲ့ဝင်နိုင်ငံများအတွင်း အပိုဒ် ၁၉ ကို တရားဝင်လိုက်နာကြရသည်။ တစ်နည်းအားဖြင့် နိုင်ငံတစ်ခုသည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြမှုကို ဖိနှိပ်ချုပ်ချယ်ခြင်း၊ အပိုဒ် ၁၉ ပါ ကန့်သတ်ချက်များထက် ကျော်လွန်သည့် ဥပဒေများ ထုတ်ပြန်ထားခြင်းတို့ကို ကျူးလွန်ပါက နိုင်ငံသားတို့၏ အခွင့်အရေးများကို ချိုးဖောက်ရာရောက်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (UNHRC) ကလည်း လွတ်လပ်စွာ ထုတ်ဖော်တင်ပြနိုင်မှုနှင့် ပတ်သက်၍ လက်ခံခွင့်ပြုနိုင်သည့် အကန့်အသတ်များကို စာရင်းပြုစုထားရှိသည်။

UNHRC သတ်မှတ်ချက်အရ နိုင်ငံအစိုးရများသည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကန့်သတ်လိုပါက လွတ်လပ်စွာ ထုတ်ဖော်တင်ပြမှုကို ကန့်သတ်နိုင်သည်။

- ပြည်သူများအား မတိကျသည့်၊ ရန်မီးပွားစေသည့် တင်ပြချက်များမှ ကာကွယ်ပေးခြင်း
- အချို့သော အခြေအနေများတွင် တစ်ကိုယ်ရေလွတ်လပ်ခွင့်ကို ကာကွယ်ပေးခြင်း
- နိုင်ငံတော်လုံခြုံရေးကို ကာကွယ်မှုအား ခွင့်ပြုခြင်း
- အာဃာတ (အထူးသဖြင့် လူမျိုးရေး၊ တိုင်းရင်းသားအရေး၊ သို့မဟုတ် ဘာသာရေးဆိုင်ရာ မုန်းတီးမှုများ) ဖြစ်ပေါ်စေသည့် စာနယ်ဇင်းလုပ်ငန်းများမှ တားဆီးရန်
- စစ်ပွဲဖြစ်ပေါ်စေရန် ဝါဒဖြန့်စည်းရုံးခြင်းများမှ တားဆီးရန်

owift cuft vufvwfvyfcHkay: tuefYowfsm;

စံအားဖြင့် ကောင်းမွန်သည့် သတင်းအချက်အလက်ရရှိခွင့် ဥပဒေများသည် အများပြည်သူနှင့် သက်ဆိုင်သော အချက်အလက်တိုင်းအား ဖွင့်ချပြနိုင်စေရန်ဖြစ်သည်။ သို့သော် နိုင်ငံတကာ စံနှုန်းများအရ သတင်းအချက်အလက် ထုတ်ဖော်မှုများသည် အန္တရာယ်ဖြစ်စေနိုင်သည်ဟု ထင်ရှားသည့်အပြင် ထိုအန္တရာယ်သည် သတင်းအချက်အလက်ကို ထုတ်ပြန်ဖွင့်ချခြင်းဖြင့် ရရှိနိုင်သည့် အကျိုးစီးပွားထက် ကြီးမားနေပါက ထိုသတင်းအချက်အလက်များအား ထုတ်ဖော်ခြင်းကို အစိုးရက ငြင်းဆန်နိုင်ကြောင်း သဘောတူ လက်ခံထားသည်။ များစွာသော အစိုးရများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်နိုင်သည်ဟူသော အကြောင်းဖြင့် သတင်းအချက်အလက် လွတ်လပ်ခွင့် ဥပဒေများကို ကန့်သတ်ထားလေ့ရှိသည်။

ukwor*3%epf,EÅ,twGif;Sif;ykH19

အပိုဒ် ၁၉ နှင့်ပတ်သက်သည့် အဓိက ကုလသမဂ္ဂအဖွဲ့အစည်းများမှာ...

- CCPR နှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ကြပ်မတ်ရသော လူ့အခွင့်အရေးကော်မတီ
- လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်တင်ပြခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်များကို ထောက်ပံ့ဆောင်ရွက်ရသည့် လူ့အခွင့်အရေးကောင်စီ။ အထူးသံတမန်များသည် ကုလသမဂ္ဂ အထူးလုပ်ထုံးလုပ်နည်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ အသားပေးအကြောင်းအရာများအပေါ် လွတ်လပ်စွာ ဆောင်ရွက်ကြသည့် ကျွမ်းကျင်သူများ ဖြစ်ကြသည်။
- ယူနက်စကို (UNESCO) သည် ကုလသမဂ္ဂ စနစ်ယန္တရား၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး လွတ်လပ်မှု၊ ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် အလေးထားဆောင်ရွက်လျက်ရှိသည်။

]..... vwfvyfpm owif;ftcsuft vuf&&Sdifvwfvyfpm xkwfazmfwif;ycifm&Sdeyfwmhbmr[S t"dyÜ,f&Sdmrsif;r [kwfbl}

(ASD,ef&wef;(2007)?
[illegible]
[illegible]

urnfqdkif;vTwfcGifhvyfpmG,fxkwfazmfwif;yrlukodkvfajcmufl10 rsm;d

ကုလသမဂ္ဂ၊ နိုင်ငံတကာနှင့် နိုင်ငံအလိုက် အရပ်ဘက် မီဒီယာစောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းများသည် မီဒီယာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်တင်ပြခွင့်တို့သည် နိုင်ငံများစွာတို့တွင် တိုးတက်မှုရရှိလာကြောင်း ယုံကြည်လျက်ရှိသည်။ သို့သော် ဆက်လက်လျှောက်လှမ်းရမည့် ခရီးကား ကျန်ရှိနေပေသေးသည်။

ဒေသတစ်ခုလုံး၏ နိုင်ငံများမှ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နိုင်ငံတွင်းဥပဒေများကို လေ့လာသုံးသပ်ပြီးနောက် အာဖရိက၊ အမေရိက၊ လက်တင်အမေရိကနှင့် ဥရောပတိုက်တို့မှ မီဒီယာစောင့်ကြည့်လေ့လာရေးနှင့် ကုလသမဂ္ဂအထူးသံတမန်များသည် လာမည့် ဆယ်စုနှစ်အတွင်း ကြုံတွေ့ရမည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြမှုကို ခြိမ်းခြောက်သည့် အချက် ၁၀ ခုကို စာရင်းပြုစုခဲ့ကြသည်။

(1) [illegible]

[illegible]

အထူးသဖြင့်...

- အများပြည်သူဆိုင်ရာ မီဒီယာများကို နိုင်ငံရေးအရ လွှမ်းမိုးမှုနှင့် ထိန်းချုပ်မှု
- ပုံနှိပ်မီဒီယာနှင့် အင်တာနက်အသုံးပြုမှုတို့အတွက် မှတ်ပုံတင်ရန် လိုအပ်ချက်များ သတ်မှတ်မှု
- အသံလွှင့်ဌာနများအပေါ် ခွင့်ပြုမိန့်(လိုင်စင်)နှင့် စည်းကမ်းကြပ်မတ်မှုတို့တွင် အစိုးရက တိုက်ရိုက်ထိန်းချုပ်မှု
- တည်းဖြတ်မှုဆိုင်ရာ မူဝါဒများကို လွှမ်းမိုးရန် နိုင်ငံတော်ကြော်ငြာများ သို့မဟုတ် အခြား နိုင်ငံတော်အာဏာများကို အလွဲသုံးစား အသုံးပြုမှု
- မီဒီယာပိုင်ဆိုင်မှု၊ သို့မဟုတ် ထိန်းချုပ်မှုကို နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ဆောင်ရွက်မှု
- လွတ်လပ်သော မီဒီယာကို နိုင်ငံရေးအခြေခံဖြင့် တရားစွဲဆိုမှုများ
- အစိုးရကို ဝေဖန်မှုများအား ပြစ်ဒဏ်ချမှတ်နိုင်စေရန် နိုင်ငံတော်အကြည်ညိုပျက်စေမှု၊ သတင်းမှား

ဖော်ပြမှုတို့ကဲ့သို့ ရှေးက ရှိခဲ့သည့် ဥပဒေများကို ဆက်လက်ထားရှိမှု

(2) ရာဇဝတ်ပြစ်မှုမြောက်သော အသရေဖျက်မှု

တစ်စုံတစ်ဦး သို့မဟုတ် အကြောင်းအရာတစ်ရပ်အပေါ် အသရေဖျက်ရာ ရောက်သည်၊ စော်ကားသည်၊ မမှန်မကန်ဖော်ပြသည်၊ အထင်မှားရောက်စေသည်ဟု ဥပဒေအားဖြင့် အောက်ဖော်ပြပါကဲ့သို့ သတ်မှတ်ချက်များသည် နိုင်ငံများစွာတွင် ရှိနေဆဲ ဖြစ်သည်။

- တရားစွဲဆိုသူက လိမ်လည်၍ သို့မဟုတ် အငြိုးအတေးဖြင့် စွဲဆိုကြောင်း သက်သေပြရန် မလိုအပ်သည့် ဥပဒေများ
- မှန်ကန်စွာ ဖော်ပြမှုကို ပြစ်ဒဏ်ပေးနိုင်သည့် ဥပဒေများ
- ပြည်သူ့အဖွဲ့အစည်းများ၊ နိုင်ငံတော်သင်္ကေတ သို့မဟုတ် အလံ၊ သို့မဟုတ် နိုင်ငံတော်ကို အသရေဖျက်မှုမှ ကာကွယ်ခြင်း
- ယုံကြည်မှု၊ ဂိုဏ်းဂဏ၊ အယူဝါဒ၊ ဘာသာရေး၊ ဘာသာရေးသင်္ကေတ သို့မဟုတ် အယူအဆတို့ကို ကာကွယ်ခြင်း
- အကျဉ်းချခြင်း၊ ဒဏ်ငွေတပ်ခြင်း၊ စာနယ်ဇင်းပညာကို ဆက်လက်ကျင့်သုံးဆောင်ရွက်မှု အပါအဝင် နိုင်ငံသားအခွင့်အရေးများအား ချိုးဖောက်ခြင်း စသည်တို့ အပါအဝင် လိုအပ်သည်ထက်ပို၍ ပြင်းထန်စွာ အပြစ်ပေးခြင်း

(3) စာနယ်ဇင်းသမားများအပေါ် အကြမ်းဖက်မှု

၂၀၀၉ ခုနှစ်တွင် ယခင်နှစ်များထက် စာနယ်ဇင်းသမားများအား နိုင်ငံရေးအကြောင်းခံဖြင့် သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့သော ခြိမ်းခြောက်မှုများတွင် အောက်ပါတို့လည်း ပါဝင်သည်။

- တိုက်ခိုက်မှုများအား ကာကွယ်ရန်၊ စစ်ဆေးမေးမြန်းရန် လုံလောက်သော အားထုတ်မှု ပြုလုပ်ရန်အတွက် နိုင်ငံတော်မှ ပျက်ကွက်ခြင်း
- စာနယ်ဇင်းသမားများအား တိုက်ခိုက်မှုများကို အထူးတလည် ဖြေရှင်းသင့်သော ကိစ္စတစ်ရပ်အဖြစ် အသိအမှတ်ပြုရန် ပျက်ကွက်ခြင်း

(4) သတင်းအချက်အလက် ရယူပိုင်ခွင့် ကန့်သတ်ချက်များ

အဓိကခြိမ်းခြောက်မှုများမှာ အောက်ပါတို့ဖြစ်သည်။

- နိုင်ငံများစွာတို့တွင် သတင်းအချက်အလက် ရယူပိုင်ခွင့်ကို အာမခံချက်ပေးသည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းမှုမျိုး မရှိသေးချေ။
- နိုင်ငံများစွာတို့တွင် ထိုသို့သော ဥပဒေများ အားနည်းလျက်ပင် ရှိသေးသည်။
- သတင်းအချက်အလက် ရယူပိုင်ခွင့်ကို လက်တွေ့အကောင်အထည်ဖော်မှု စိန်ခေါ်ချက်များ (တုံ့ပြန်ဖြေကြားမှု နှောင့်နှေးကြာမြင့်ခြင်း၊ သတင်းအချက်အလက် တောင်းခံမှုများကို ဥပေက္ခာပြုခြင်း)
- ရွေးကောက်ပွဲများတွင် ပွင့်လင်းမြင်သာမှု ကင်းမဲ့ခြင်း

(5) လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့် [illegible]

အမျိုးသမီးများ၊ လူနည်းစုများ၊ ဒုက္ခသည်များ၊ ဒေသခံတိုင်းရင်းသားများ၊ လိင်အရ အနည်းစုများသည် ယင်းတို့၏ အသံများကို အခြားသူများ ကြားသိစေရေးတွင် အခက်အခဲများ ရှိနေဆဲ ဖြစ်သည်

- အကျိုးကျေးဇူးကို ခံစားရခြင်းမရှိသည့် အုပ်စုများအတွက် ဆောင်ရွက်ပေးသော၊ သို့မဟုတ် ယင်းတို့ ဆောင်ရွက်သော မီဒီယာထူထောင်ရန် အဟန့်အတားများ ရှိနေခြင်း

- အကျိုးကျေးဇူး ခံစားရခြင်းမရှိသည့် အုပ်စုများ၏ ပြဿနာများနှင့် စိုးရိမ်မှုများနှင့်ပတ်သက်၍ ငြင်းခုံတင်ပြမှုများ ပြုလုပ်ရာတွင် အမုန်းပွားစေသော စကားများအဖြစ် ဥပဒေများကို အလွဲသုံးစားပြုခြင်း
- ပင်မရေစီး မီဒီယာများတွင် အကျိုးကျေးဇူး ခံစားရခြင်းမရှိသည့် အုပ်စုဝင်များထဲမှ အနည်းငယ်သာ အလုပ်အကိုင်ရရှိခြင်း
- အကျိုးကျေးဇူးခံစားရခြင်းမရှိသည့် အုပ်စုများနှင့် ဆက်နွယ်သည့် အကြောင်းအရာများကို လုံလောက်စွာ အသားပေးဖော်ပြမှု မခံရခြင်း
- အကျိုးကျေးဇူး ခံစားရခြင်းမရှိသည့် အုပ်စုများနှင့် ပတ်သက်သည့် အစဉ်အလာစွဲ အမြင်များ၊ နှိမ်ချသည့် အမြင်များကို ဖော်ပြကာ လူ့အဖွဲ့အစည်းမှ ဖယ်ထုတ်ခြင်း

(6) [illegible]

- ပါဝင်သည့် အကြောင်းအရာစုံလင်သော မီဒီယာများကို ပိုင်ဆိုင်မှုအပေါ် အာရုံစိုက်မှု ကြီးမားလာခြင်း
- ကြော်ငြာဈေးကွက် အစိတ်စိတ်အမြွှာမြွှာကွဲသည့်အပြင် အခြားစီးပွားရေးဖိအားများကြောင့် ကုန်ကျစရိတ်များကို လျှော့ချလာရပြီး ဒေသတွင်းအကြောင်းအရာများ နည်းပါးခြင်း၊ အပေါစား ခပ်တိမ်တိမ် ဖျော်ဖြေရေး အကြောင်းအရာများကိုသာ ပိုမိုအလေးပေးလာကာ စုံစမ်းမေးမြန်းတင်ပြသည့် စာနယ်ဇင်းလုပ်ငန်း တိမ်ကောလာခြင်း
- ဒစ်ဂျစ်တယ်အကူးအပြောင်းကြောင့် စုံလင်များပြားပြီး လူများစွာ လက်လှမ်းမီနိုင်မည့် အခြေအနေကို လက်ရှိ အသံ သို့မဟုတ် ရုပ်သံ ထုတ်လွှင့်သူများက စွန့်လွှတ်လာခြင်း

(7) [illegible]

အများပြည်သူဝန်ဆောင်မှု အသံလွှင့်လုပ်ငန်းနှင့် ရပ်ရွာအခြေပြု အသံလွှင့်လုပ်ငန်းများအပေါ် အထောက်အပံ့များနှင့် ပတ်သက်သည့် ခြိမ်းခြောက်မှုများတွင် အောက်ပါတို့ကို တွေ့ရနိုင်သည်။

- အများပြည်သူဆိုင်ရာ အသံလွှင့်လုပ်ငန်းများသို့ ရန်ပုံငွေထည့်ဝင်မှုနှင့် ပတ်သက်၍ မကြာခဏ စိန်ခေါ်မှုများ ကြုံရခြင်း
- အများပြည်သူဆိုင်ရာ အသံလွှင့်လုပ်ငန်းများအတွက် အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် ရှင်းလင်းသည့် လုပ်ပိုင်ခွင့်လွှဲအပ်မှု ကင်းမဲ့ခြင်း
- ရပ်ရွာအခြေပြု အသံလွှင့်လုပ်ငန်းများကို ဥပဒေအရ အသိအမှတ်ပြုမှု ကင်းမဲ့ခြင်း
- ခွင့်ပြုမိန့်(လိုင်စင်)စနစ်ဆိုင်ရာကဏ္ဍနှင့် ရပ်ရွာအခြေပြု အသံလွှင့်လုပ်ငန်းများ၊ ရန်ပုံငွေ ရှာဖွေထောက်ပံ့ရေး အေဂျင်စီများ ထူထောင်နိုင်ရန် ပျက်ကွက်ခြင်း

(8) [illegible]

- လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်ကို ကန့်သတ်ချုပ်ချယ်ရန် အမျိုးသားလုံခြုံရေးကို အကြောင်းပြမှု (အထူးသဖြင့် စက်တင်ဘာ၊ ၂၀၁၁ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန တိုက်ခိုက်ခံရမှု နောက်ပိုင်းတွင်) ပိုမိုများပြားလာခြင်း၊ နိုင်ငံတကာတွင် အကြမ်းဖက်မှုနှိမ်နင်းရေးစစ်ပွဲများ ပျံ့နှံ့လာခြင်း
- လုံခြုံရေး၊ အကြမ်းဖက်မှုဟူသည့် စကားရပ်များတွင် ဝေဝါး၍ ကျယ်ပြန့်သော ဖွင့်ဆိုချက်များ ရှိနေနိုင်ခြင်း
- အကြမ်းဖက်မှုကို ဖြစ်ပေါ်စေနိုင်သည် မဟုတ်စေကာမူ အငြင်းပွားဖွယ်ဖြစ်သော သို့မဟုတ် ထိုးနှက်တိုက်ခိုက်သော ပြောဆိုမှုများနှင့် ပတ်သက်၍ ဝေဝါးသောစကားလုံးများအရ အလွဲသုံးစားပြုလုပ်ခြင်း
- အကြမ်းဖက်မှုများ၊ အကြမ်းဖက်သမားများနှင့် ပတ်သက်သည့် လက်တွေ့အားဖြင့် မှန်ကန်၍ ဓမ္မမိဠာန်ကျသော သတင်းများကို မီဒီယာများမှ မတင်ပြစေရန် ဖိအားပေးခြင်း

- စုံစမ်းထောက်လှမ်းမှု နည်းနာများကို ကျယ်ပြန့်စွာ အသုံးပြုခြင်း၊ စုံစမ်းထောက်လှမ်းမှုလုပ်ငန်းစဉ်များကို ကြေပ်မတ်မှု လျှော့ချခြင်းတို့အားဖြင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပိုင်ခွင့်နှင့် စာနယ်ဇင်းသမားများက ယင်းတို့၏ သတင်းရင်းမြစ်များအား အကာအကွယ်ပေးရမည့် အခွင့်အရေးကို ပြင်းထန်စွာ ထိခိုက်သက်ရောက်စေခြင်း

(9) t&ifwnf;u&ifvwf;vdkif;xkwf;zdkif;wdkif;

အချို့အစိုးရများသည် အင်တာနက်ကို ထိန်းချုပ်ကြသည်။ ဥပမာအားဖြင့်...

- Firewall, Filterနှင့် မှတ်ပုံတင်ခြင်း လိုအပ်ချက်များအားဖြင့် အင်တာနက်ကို စိစစ်ဖြတ်တောက်ခြင်း
- အင်တာနက်အသုံးပြုသူများ ကိုယ်တိုင်ဖန်တီးနိုင်သည့် နေရာများ၊ လူမှုကွန်ရက်များနှင့် ပတ်သက်၍ အင်တာနက်စာမျက်နှာများအား ပိတ်ဆို့ထားခြင်းကဲ့သို့ အစိုးရ၏ စွက်ဖက်မှုများ
- အနှောင့်အယှက်မရှိဘဲ အင်တာနက်သုံးပိုင်ခွင့်အား နိုင်ငံရေးအခြေအနေများပေါ် မူတည်ကာ အချို့သော စီးပွားရေးလုပ်ငန်းကြီးများက ထိရောက်စွာ အသုံးပြုခွင့်ပေးရန် ပျက်ကွက်ခြင်း

(10) ao;wif&ef&ef vufcsufcsufa,mufrsm;ykdif;ykdif;

- ဆင်းရဲနွမ်းပါးသူများအတွက် အင်တာနက်သုံးစွဲခြင်းဖြင့် ငွေကုန်ကြေးကျများအောင် ဈေးနှုန်းသတ်မှတ်ထားခြင်း
- အခြေခံအဆောက်အအုံနှင့် ဆက်သွယ်နိုင်မှုတို့အရ နေရာတိုင်းတွင် ဖြန့်ကျက်နိုင်မှု မရှိခြင်း
- ဒေသအခြေပြု သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဌာနများ ထားရှိရန် အကန့်အသတ်ဖြင့်သာ ပံ့ပိုးခြင်း
- ဆင်းရဲနွမ်းပါးသူများ၊ ကျေးလက်တွင် နေထိုင်သူများနှင့် အသက်အရွယ်ကြီးရင့်သူများအတွက် လေ့ကျင့်သင်ကြားမှုနှင့် ပညာရေးများ ရရှိစေရန် လုံ့လောက်မှုမရှိခြင်း

လွတ်လပ်စွာထုတ်ဖော် တင်ပြခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်၊ ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (OSCE)က မီဒီယာလွတ်လပ်ခွင့် ကိုယ်စားလှယ်၊ အမေရိကတိုက်နိုင်ငံများအဖွဲ့ လွတ်လပ်စွာထုတ်ဖော် တင်ပြခွင့်ဆိုင်ရာ အထူးသံတမန်၊ အာဖရိကလူ့အခွင့်အရေးကော်မရှင် (ACHPR) လွတ်လပ်စွာထုတ်ဖော် တင်ပြခွင့်နှင့် သတင်းလွတ်လပ်ခွင့်ဆိုင်ရာ အထူးသံတမန်တို့ ပူးတွဲပြုစုထားသည့် 'လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်ကို မြှင့်တင်ရေးအတွက် နိုင်ငံတကာယန္တရား၊ ဆယ်နှစ်ပြည့် ပူးတွဲကြေညာချက်၊ လာမည့်ဆယ်စုနှစ်အတွင်း လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်နှင့် ပတ်သက်၍ အဓိကစိန်ခေါ်မှု ၁၀ မျိုး' မှ အနှစ်ချုပ်ဖော်ပြခြင်း ဖြစ်ပါသည်။

[ကြေညာချက် အပြည့်အစုံကို ဖတ်ရှုရန် - www.article19.org/pdfs/standards/enth-anniversary-joint-declaration-ten-key-challengesto-freedom-of-express.pdf]

'Dru,fESufykdif;wkdif;a&;unf&m

သင့်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်ကို အာမခံပေးထားပါသလား။ မည်သို့ရေးသား ဖော်ပြထားပါသနည်း။

သင့်နိုင်ငံရှိ သတင်းအချက်အလက်ရရှိမှုနှင့် ထုတ်ဖော်တင်ပြမှု လွတ်လပ်ခွင့်များအတွက် ပြဋ္ဌာန်းထားသော ဥပဒေများမှာ အဘယ်နည်း။

ဥပဒေပြဋ္ဌာန်းချက်များကို လေ့လာ၍...

(၁) သတင်းအချက်အလက်ရရှိမှုနှင့် ထုတ်ဖော်တင်ပြမှု လွတ်လပ်ခွင့်များအတွက် အာမခံချက်ပေးထားသော အချက်များကို ဖော်ပြပါ

---

(၂) သတင်းအချက်အလက်ရရှိမှုနှင့် ထုတ်ဖော်တင်ပြမှု လွတ်လပ်ခွင့်များအတွက် ကန့်သတ်မှုများကို ဖော်ပြပါ

သတင်းအချက်အလက်ရရှိမှုနှင့် ထုတ်ဖော်တင်ပြမှု လွတ်လပ်ခွင့်များအတွက် သင့်နိုင်ငံမှ ဥပဒေများက ထိရောက်စွာ အာမခံချက် ပေးနိုင်ခြင်း ရှိ၊ မရှိ သင့်ထင်မြင်ယူဆချက်ကို ဖော်ပြပါ။

အပိုဒ် ၁၉ ကို အကာကွယ်ပေး၍ စာနယ်ဇင်းသမားများဘက်မှ ခုခံရပ်တည်ပေးခြင်းအတွက် အထူးတလည် ဆောင်ရွက်သည့် လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ စာနယ်ဇင်းသမားများ၏ အဖွဲ့အစည်းများ၊ သမဂ္ဂများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် လူ့အခွင့်အရေးအတွက် ရှေ့နေအဖြစ် ဥပဒေပိုင်း ဆောင်ရွက်ပေးသူများ ရှိကြပါသည်။ အကယ်၍ သင်၏ သတင်းအချက်အလက်ရရှိမှုနှင့် ထုတ်ဖော်တင်ပြမှုလွတ်လပ်ခွင့်များကို ချိုးဖောက်ခံရသည်ဟု ယူဆပါလျှင် အထောက်အကူနှင့် အကြံဉာဏ်ရရှိရန် သင့်နိုင်ငံမှ မည်သူများကို ဆက်သွယ်မည်နည်း။

အမည် **အဖွဲ့အစည်းအမည်** **အသေးစိတ်ဆက်သွယ်ရန်**

rsufpkm;

"mwfykd;

မှတ်ချက်ဖော်ပြထားသည်မှအပ အခြားဓာတ်ပုံများအားလုံးသည် Internews၏ ဓာတ်ပုံမှတ်တမ်းများထဲမှ ရယူထားခြင်းသာ ဖြစ်သည်။

စာ ၂ - လစ်ဗျားနိုင်ငံ၊ ဘန်ဂါဇီတွင် ဂြိုဟ်တုဖုန်း အသုံးပြုနေပုံ

စာ ၃ - ကင်ညာနိုင်ငံ၊ ကိုရိုဂိုရှိုဆင်ခြေဖုံးတွင် ဒေသရေဒီယိုအသံလွှင့်ရုံတစ်ခုသို့ တယ်လီဖုန်းခေါ်ဆိုနေပုံ

စာ ၄ - စစ်ပွဲကြောင့် မုဆိုးမ ဖြစ်ခဲ့ရသူများနှင့် မိန်းကလေးငယ်များအား အလုပ်ခန့်ထားသည့် သီရိလင်္ကာနိုင်ငံ၊ ဂျာဖီနာမြို့မှ စက်ရုံတစ်ရုံ

စာ ၆ - နီပေါ (ဓာတ်ပုံ- မူကွန်ဒါဘောဂါတီ)

စာ ၁၀ - ၂၀၁၀ ပြည့်နှစ်က ရေလွှမ်းမိုးမှုကြောင့် ရွှေ့ပြောင်းနေကြရသော အမျိုးသမီးများ၊ ပါကစ္စတန်နိုင်ငံ
စာ ၁၁ - လက်ဆာမြို့မှ Internews သင်တန်းသားတစ်ဦး၊ အီဂျစ်
စာ ၁၃ - နိုင်းမြစ်တကြောမှ ရပ်ရွာဒေသများတွင် တွေ့ဆုံမေးမြန်းမှု၊ အီဂျစ်
စာ ၁၅ - အာဖဂန်နစ္စတန်မှ ဂူအမ်အုပ်ချုပ်ရေးမှူးနှင့် အင်တာဗျူး
စာ ၁၆ - ပန်ဂျပ်၊ ပါကစ္စတန်
စာ ၂၁ - ဟေတီနိုင်ငံ၊ ဆိုလေမြို့တော်တွင် ဝမ်းပျက်ဝမ်းလျှောကာကွယ်ရေးပစ္စည်းများ ဖြန့်ဝေနေသည့် UNOPS အတွက် ဆောင်ရွက်သူများ
စာ ၃၁ - ကိုယ်ထူကိုယ်ထ ဖွင့်လှစ်ထားသည့် အိတ်ချ်အိုင်ဗွီ နှစ်သိမ့်ဆွေးနွေး ပညာပေးနှင့် ဆေးပေးခန်းတစ်ခု၊ အီသီယိုးပီးယား
စာ ၃၂ - ပါကစ္စတန်၊ ခိုင်ဘာပါတွန်ခွါပြည်နယ်ရှိ ဒေသတွင်း ရွှေ့ပြောင်းအခြေချသူ အမျိုးသမီးတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း
စာ ၃၅ - ကူဒါ၊ ဆူဒန်
စာ ၃၈ - အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး အဆောက်အအုံ (ဓာတ်ပုံ - Alkan de beaumont Chaglar, flickr)
စာ ၃၈ - ဆလိုဘိုဒန် မီလိုဆီဗစ် (ဓာတ်ပုံ - a-birdie, flickr)
စာ ၄၀ - Internews ဆီမီနာအတွင်း ကျောင်းသားသင်တန်းသားတစ်ဦး၊ ကာဂျစ္စတန်၊ ၂၀၁၀
စာ ၄၂ - အင်ဇူမာဆူး၊ စတားသတင်းစာ၊ နိုင်ရိုဘီ၊ ကင်ညာ
စာ ၄၃ - ကင်ညာရှိ ရွှေးကောက်ပွဲလွန် အကြမ်းဖက်မှုများနောက်ပိုင်း တွေ့ရသည့် ဂရပ်ဖစ်တီတစ်ခု (ဓာတ်ပုံ - The Advocacy Project/kristina Rosinsky, flickr)
စာ ၄၄ - ခိုင်ဘီရာမြို့မှ ကလေးများ၊ ကင်ညာ၊ ၂၀၀၇ (ဓာတ်ပုံ - ဆပ်ဘ်ကိုမန်ဒန်တာ၊ flikr)
စာ ၄၅ - ရုပ်မြင်သံကြားအစီအစဉ်မှူးတစ်ဦးကို ရိုက်ကူးနေပုံ၊ အစ္စကျူကျူလ်၊ ကာဂျစ္စတန်၊ ၂၀၀၄
စာ ၄၇ - ဘလဒ်နာရုပ်သံမှ သတင်းထောက်တစ်ဦး၊ ကာလ်ကီယ၊ အနောက်ဘက်ကမ်းခြေ
စာ ၄၉ - ရဝမ်ဒါတွင် မှတ်တမ်းရုပ်ရှင်ရိုက်ကူးပြီးနောက် ပြည်သူများနှင့် ဆွေးနွေးခန်း
စာ ၅၁ - အာရပ်စော်ဘွားများပြည်ထောင်စု
စာ ၅၃ - အာဖဂန်လူငယ်ပွဲတော်၊ အာဖဂန်နစ္စတန်

❒

Photo : Kyaw Kyaw Min

Internews
Local voices. Global change.

tykd(2)

pme ,Zifynm&yfykqkdwwfoed;vnfESHtoljyl&efenfemrsm;

ဤအပိုင်းတွင် လူ့အခွင့်အရေး သတင်းရေးသားရာတွင် အခြေခံကျသည့် အကြောင်းအရာများနှင့် စာနယ်ဇင်းသမားများအတွက် လမ်းညွှန်ချက်များ၊ နည်းလမ်းများကို ဖော်ပြပေးထားပါသည်။

အပိုင်း (၁) တွင် အရည်အသွေးမြင့် လူ့အခွင့်အရေး သတင်းရေးသားရာတွင် စာနယ်ဇင်းသမားများ အသုံးပြုနိုင်သည့် အချက်အလက်ကို ဖော်ပြပေးခဲ့ပါသည်။ ထိုအထဲတွင် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ၊ ၄င်းတို့ကို ဖန်တီးမြှင့်တင်နေသည့် စနစ်များ၊ တာဝန်ဝတ္တရားများ ပါဝင်ပါသည်။ ဤအပိုင်းတွင် လူ့အခွင့်အရေးသတင်းရေးသားရာတွင် အခြေခံကျသည့် အကြောင်းအရာများနှင့် စာနယ်ဇင်းသမားများအတွက် လမ်းညွှန်ချက်များ၊ နည်းလမ်းများကို ဖော်ပြပေးထားပါသည်။

tykd2 vrf;ñTef

၁။ မီဒီယာ၊ စာနယ်ဇင်းပညာနှင့် လူ့အခွင့်အရေး
၂။ သတင်းခန်းထဲက လူ့အခွင့်အရေး
၃။ လူ့အခွင့်အရေးနှင့် ကျား၊ မ သဘာဝ ကွဲပြားမှုကို သိမြင်နားလည်သော သတင်းရေးသားနည်း
၄။ လူ့အခွင့်အရေး အငြင်းပွားမှုများ
၅။ ဘယ်လို တွေ့ဆုံမေးမြန်းမလဲ
၆။ တရားဝင် သတင်းရင်းမြစ်များကို တွေ့ဆုံမေးမြန်းခြင်း
၇။ အစိုးရမဟုတ်သော အဖွဲ့အစည်း(NGOs)များနှင့် တက်ကြွလှုပ်ရှားသူများကို တွေ့ဆုံမေးမြန်းခြင်း
၈။ အမည်မဖော်လိုသည့် သတင်းရင်းမြစ်များကို အသုံးပြုခြင်း
၉။ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသူများကို တွေ့ဆုံမေးမြန်းခြင်း
၁၀။ အမမှုပြုကျင့်ခံခဲ့ရသူများကို တွေ့ဆုံမေးမြန်းခြင်း
၁၁။ ရွေးကောက်ပွဲသတင်းများရေးသားခြင်း
၁၂။ လူ့အခွင့်အရေး သတင်းထောက်များအတွက် ဒစ်ဂျစ်တယ် လုံခြုံရေး

Photo : Myint Kyaw

Internews
Local voices. Global change.

t ykd;f2? t cef;1

rD;D;? pme ,Z;if;ynmEÅ&vlYcGJha&;

မီဒီယာများသည် လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများကို ပိုမိုရေးသားလာကြပါသည်။ ထိုသို့ရေးသားကြရာတွင် မည်သို့တိတိကျကျ ရေးသားနိုင်မည်၊ အဆင်ပြေပြေ ရေးသားနိုင်မည်၊ ပြဿနာများကို ပိုကြီးမားလာခြင်းမရှိအောင် မည်သို့ရေးသားရမည်ကို စာနယ်ဇင်းသမားများအနေဖြင့် သိရှိထားရန် လိုပါသည်။

လူ့အခွင့်အရေးတွင် အရာရာပါဝင်သည်။ အသက်ရှင် ရပ်တည်ပိုင်ခွင့်၊ လွတ်လပ်လုံခြုံစွာ နေထိုင်နိုင်ခွင့်မှသည် ကိုယ်ပိုင်ပစ္စည်းဥစ္စာ ပိုင်ဆိုင်နိုင်ခွင့်၊ ခရီးသွားပိုင်ခွင့်နှင့် မဲပေးပိုင်ခွင့်တို့အထိ ပါဝင်သည်။ လူ့အခွင့်အရေးများကို လူတကာ ရပိုင်ခွင့်ရှိသည်။ မွေးကင်းစ ကလေးပေါက်စလေးမှသည် အအိုဆုံး ဘိုးဘွားများအထိ၊ မည်သည့် လူတန်းစားအလွှာ၊ လူမျိုး၊ တိုင်းရင်းသား၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု၊ ရွှေ့ပြောင်းနေထိုင်မှုတွင် ပါဝင်သူမဆို ရပိုင်ခွင့်ရှိသည်။ နာဖျားမှု၊ ကျန်းမာရေးနှင့် မသန်စွမ်းမှု ပုံစံမျိုးစုံ၊ ပညာရေး၊ ဖျော်ဖြေရေး၊ ယဉ်ကျေးမှု၊ ပြစ်မှုနှင့် ပြစ်ဒဏ်အားလုံးနှင့် ဆက်စပ်နေသည်။

စာနယ်ဇင်းသမားများ ရေးသားရသည့် အကြောင်းအရာများသည်လည်း အစုံဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ ငြိမ်းချမ်းရေး၊ ပတ်ဝန်းကျင်အရေး၊ ကျန်းမာရေး စသဖြင့်။ စာနယ်ဇင်းသမားသည် လူ့အခွင့်အရေးကို ကျော်လွှားသွား၍ မရနိုင်။

အကြောင်းရင်းမျိုးစုံဖြင့် မီဒီယာများတွင် လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများ ပိုပိုပြီး နေရာရလာသည်။ အရည်အသွေးပြည့်ဝသော လူ့အခွင့်အရေး သတင်းရေးသားမှုဆိုင်ရာ အခြေအနေသည် ကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် စိုးရိမ်စရာတွေလည်း အများကြီးရှိသည်။ အောက်ပါစာရင်းကိုကြည့်ပါ။ ဒီစာရင်းထဲက ဖော်ပြချက်တွေက ကိုယ့်အခြေအနေနှင့် တူသလား စဉ်းစားပါ။

vlYcGHa&;owif,a&;om;rltwGif;taumif,frsm;? tqkdkdsm; taumif,frsm;

လူအခွင့်အရေးကို အရင်ကထက်ပိုပြီး သတင်းအဖြစ် လက်ခံလာကြသည်။

- ပြီးခဲ့သည့်နှစ် နှစ်ဆယ်အတွင်း မီဒီယာအပေါ် အစိုးရ၏ ချုပ်ကိုင်မှု လျော့ကျလာသည်။
- လူအခွင့်အရေးကို မြှင့်တင်ပြီး မီဒီယာများကို အချက်အလက်များ ပံ့ပိုးပေးသည့် အဖွဲ့အစည်းများ ပိုများလာသည်။
- လူအခွင့်အရေးစောင့်ကြည့်သူများ ပိုများလာပြီး လူအခွင့်အရေးချိုးဖောက်မှုများကို လေ့လာကာ သတင်းအချက်အလက်များ ထုတ်ဝေလာသည်။
- ကုလသမဂ္ဂ၏ စောင့်ကြည့်ရေးစနစ်၏ သက်ရောက်မှု ပိုထင်ရှားလာသည်။
- လူအခွင့်အရေးကိစ္စအဖြစ် အရှုမြင်ခံရသော အကြောင်းအရာ ပိုများလာသည်။ ဥပမာ-ကလေးသူငယ်၊ HIV/AIDS၊ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး၊ အိုမင်းမစွမ်းဖြစ်မှု၊ ဆင်းရဲမွဲတေမှု၊ အိုးအိမ်။
- လူအခွင့်အရေးကို မူဝါဒများနှင့် ဥပဒေများတွင် ထည့်သွင်းလာသည့် အစိုးရများ ပိုမိုများပြားလာသည်။
- လူအခွင့်အရေးကို နိုင်ငံရေးပါတီများက ပိုမိုထည့်သွင်းစဉ်းစားလာကြသည်။ ရွေးကောက်ပွဲကာလများတွင် လူအခွင့်အရေးအကြောင်း ထည့်သွင်းပြောဆိုလာကြသည်။
- အင်တာနက်နှင့် မိုဘိုင်းလ်ဖုန်းကဲ့သို့သော နည်းပညာများ၊ Twitter နှင့် Facebook တို့ကဲ့သို့သော လူမှုကွန်ရက်များကြောင့် သတင်းအချက်အလက်ရရှိနိုင်မှုနည်းလမ်းများ ပိုမိုများပြားလာသည်။ သတင်းအချက်အလက် ရရှိမှုလမ်းကြောင်း ပိုမိုများပြားလာသည်။ ပိုမိုမြန်မြန်ဆန်ဆန် သတိထားမိလာသည်။
- နည်းပညာနှင့် လူမှုကွန်ရက်များက လူအခွင့်အရေးချိုးဖောက်မှုများကို ရေးသားပြောဆိုနိုင်ရန် လမ်းကြောင်းသစ်များ ဖန်တီးပေးသည်။
- BBC နှင့် CNN တို့ကဲ့သို့သော နိုင်ငံတကာမီဒီယာကွန်ရက်အချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သတင်းထောက်များနှင့် အလွတ်သတင်းထောက်များ ခန့်ထားလာသည်။ ပြည်တွင်းသတင်းများကို နိုင်ငံတကာကို ဖြန့်ဝေပေးဖို့ အခွင့်အလမ်းကောင်းများဖြစ်သည်။

tqkdkdsm;

- လူအခွင့်အရေးသည် အင်အားကြီး နိုင်ငံရေး၊ စီးပွားရေး အကျိုးစီးပွားများနှင့် မကြာခဏထိပ်တိုက်တွေ့တတ်သည်။ ပြဿနာတက်နိုင်သည့် အန္တရာယ်ကြီးမားသည်။
- စာနယ်ဇင်းသမားအတော်များများတွင် လူအခွင့်အရေးနှင့် ကိုက်ညီမှုမရှိသော ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်မှုနှင့် အလေ့အထများ ရှိသည်။
- အကျပ်အတည်းကာလတွင် အစိုးရများသည် လူအခွင့်အရေးကို ချိုးဖောက်သော ဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။
- လူအခွင့်အရေး ချိုးဖောက်ခံရသူများသည် မီဒီယာများနှင့် ထိတွေ့ပြောဆိုရန် ကြောက်ရွံ့နေတတ်လေ့ရှိသည်။
- ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိုဘိုင်းလ်ဖုန်းနည်းပညာနှင့် အင်တာနက်ဆက်သွယ်ရေးစသည့် နည်းပညာအခြေခံအဆောက်အဦ အားနည်းသည်။ အချိန်နှင့်တစ်ပြေးညီ လျင်လျင်မြန်မြန်တင်ဆက်ရသည့် အခြေအနေတွင် ထိုအချက်သည် အားနည်းချက်ဖြစ်သည်။
- သတင်းကြီးတစ်ပုဒ်ကို လူအခွင့်အရေးအသားပေးသတင်းအဖြစ် တင်ဆက်ရန် အမြဲတမ်းအဆင်မပြေနိုင်ပေ။

- ဖွံ့ဖြိုးဆဲနိုင်ငံ အတော်များများတွင် စာနယ်ဇင်းသမားများတွင် အရင်းအမြစ် များများစားစား မရှိ။ ကွန်ပျူတာ၊ ကင်မရာနှင့် သတင်းပို့ကိရိယာများ စသည့် အခြေခံပစ္စည်းများအပြင် သွားစရိတ်လာစရိတ်၊ နေစရိတ်စားစရိတ်ပင် မရှိတတ်။
- စာနယ်ဇင်းသမားအတော်များများသည် အလွတ်သတင်းထောက်များ ဖြစ်နေသည်။ ကျန်းမာရေး စောင့်ရှောက်မှုညံ့ဖျင်းခြင်း၊ ရေပြတ်လပ်ခြင်း၊ လုံလောက်သော ပညာရေးမရှိခြင်း စသည့် ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေး ပြဿနာများကို ဝင်ငွေနှင့် ထွက်ငွေကို ချင့်ချိန်စဉ်းစားရသော အယ်ဒီတာများထံ သတင်းကြီးတစ်ပုဒ်အဖြစ် ရောင်းနိုင်ရန် မလွယ်ကူ။
- အချို့နေရာများတွင် မီဒီယာကို အစိုးရက ထိန်းချုပ်ထားဆဲဖြစ်သည်။
- အစိုးရတွင် အင်တာနက်ဖြတ်တောက်ပစ်ရန် သို့မဟုတ် အင်တာနက်အကြောင်းအရာများကို ကန့်သတ်ထိန်းချုပ်ထားနိုင်ခွင့် ရှိနေဆဲဖြစ်သည်။

vlYcifha&;EdkifiHwDrsm;tquftpyf

- မီဒီယာသည် အများပြည်သူအတွက် သတင်းအချက်အလက်များ ထုတ်ပြန်ပေးရသူများဖြစ်သည်။ ကျွန်တော်တို့ ရရှိနေသော လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်အများစုကို သတင်းထောက်များက စုဆောင်းတင်ပြခဲ့ကြခြင်း ဖြစ်သည်။
- မီဒီယာသည် လူ့အခွင့်အရေးအဖွဲ့အစည်းများက ထုတ်ပြန်ပေးသော သတင်းအချက်အလက်များ ပါဝင်သည့် သတင်းများကိုလည်း ဖော်ပြပေးသည်။
- မီဒီယာသည် ဘယ်သတင်းကို ဖော်ပြမည်၊ ဘယ်အပိုင်း၊ ဘယ်ကဏ္ဍကို အလေးပေးဖော်ပြမည်ကို ဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက်များကို ချမှတ်ခြင်းဖြင့် မီဒီယာသည် လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး မည်သည့်အချက်ကို ကျွန်တော်တို့ သိသင့်သည်၊ မည်သည့်အချက်ကို ကျွန်တော်တို့ မသိသင့် စသဖြင့် ဆုံးဖြတ်နိုင်စွမ်း ရှိလာသည်။
- မီဒီယာသည် အတွေးအမြင်ကဏ္ဍများ၊ စကားပိုင်းအစီအစဉ်များ၊ ဆွေးနွေးပွဲအစီအစဉ်များ၊ ခေါင်းကြီးပိုင်းများ၊ ဆိုင်ရာကော်လံများမှ တစ်ဆင့် အကြောင်းအရာအလိုက် မှတ်ချက်များပေးသည်။ ထို့ကြောင့် မီဒီယာသည် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လူထု၏ ကျင့်ဝတ်နှင့် အတွေးအမြင်ကို ပုံဖော်ပေးနိုင်စွမ်းရှိလာသည်။

လူ့အခွင့်အရေးနှင့် ပတ်သက်၍ စာနယ်ဇင်းသမား မည်သည့်အခန်းကဏ္ဍမှ ပါဝင်သင့်သနည်း။ လူ့အခွင့်အရေးနှင့်ပတ်သက်လျှင် စာနယ်ဇင်းသမားတွင် မည်သည့်တာဝန်ရှိသနည်း။ စာနယ်ဇင်းသမားများသည် လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး သတင်းရေးသားရန်မှာ စာနယ်ဇင်းသမားများအတွက် အထူးတာဝန်တစ်ရပ်လား။

ထိုမေးခွန်းသုံးခုကို စဉ်းစားဖြေကြည့်ကြသင့်သည်။ မိမိ၏အဖြေသည် မိမိ၏ လူ့အခွင့်အရေး သတင်းရေးသားမှု၊ ချဉ်းကပ်မှုပုံစံကို ပုံဖော်ပေးပါလိမ့်မည်။ စာနယ်ဇင်းပညာ ရှုထောင့်ကွဲများအရ အဖြေမှန်များစွာလည်း ရှိနေသည်။

အောက်တွင် စဉ်းစားသင့်သော အချက်များကို ဖော်ပြထားသည်။ ကိုယ့်အနေအထားနှင့် ပတ်သက်ပြီး ဘယ်လိုယူဆလဲဆိုတာကို ဖော်ပြနိုင်ရန်အတွက် အဖြေမှန်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုပြီး ရွေးချယ်ကြည့်ပါ။

- မီဒီယာသည် မှန်တစ်ချပ်ဖြစ်သည်။ စာနယ်ဇင်းသမားများ၏ တာဝန်သည် လူ့အဖွဲ့အစည်းကို သူတို့မြင်တွေ့ရသည့်အတိုင်း ပြန်လည်အရိပ်ထင်ပြရခြင်းသာဖြစ်သည်။ လူ့အခွင့်အရေးနှင့် ပတ်သက်လျှင်လည်း ထိုနည်းနှင်နှင်။

- စာနယ်ဇင်းသမားများသည် လူ့အခွင့်အရေးကို အချိန်တိုင်း၊ သတင်းအပုဒ်တိုင်းတွင် မြှင့်တင်ရန် လို အပ်သည်။ မီဒီယာသည် 'စောင့်ကြည့်ဝေဖန်သူ (Watchdog)' ဖြစ်ပြီး လူများကို သူတို့၏ လွတ်လပ်ခွင့်၊ လုံခြုံမှု၊ သက်မွေးဝမ်းကျောင်းမှုနှင့် ယဉ်ကျေးမှုများကို ထိပါးမည့် အန္တရာယ်နှင့် ပတ်သက်ပြီး ကျယ်ကျယ်လောင်လောင် အသိပေးနေရန် လိုအပ်သည်။
- စာနယ်ဇင်းသမားများသည် လူ့အခွင့်အရေးနှင့် ပတ်သက်လျှင် အထူးအကျိုးစီးပွား၊ တစ်ကိုယ်ရေ အကျိုးစီးပွားရှိနေသည်။ လူ့အခွင့်အရေး အားနည်းလျှင် ကောင်းမွန်မှန်ကန်သော စာနယ်ဇင်းပညာ သေဆုံးသည်။ အခြားလူတိုင်းနည်းတူ သတင်းစာသမားများနှင့် ၄င်းတို့၏ မိသားစုဝင်များသည် ဖိနှိပ်ခံရခြင်း၊ တလွဲအသုံးချခံရခြင်းတို့ကို ထိတ်လန့်နေရခြင်းမှ ကင်းဝေးရန် လိုအပ်သည်။ ကိုယ်ပိုင် ဘာသာရေးယုံကြည်ချက်များကို ကျင့်သုံးခွင့် ရှိနေရမည်။ မသန်စွမ်းသူဖြစ်ပါက အဆောက်အအုံများကို အလွယ်တကူ ဝင်ထွက်သွားလာနိုင်ခွင့်ရှိအောင် ဖန်တီးပေးထားရမည်။ အမျိုးသမီးဖြစ်ပါက တန်းတူ ဆက်ဆံခံရရန် လိုအပ်သည်။ ထို့ကြောင့် စာနယ်ဇင်းသမားများသည် လူ့အခွင့်အရေးချိုးဖောက်မှုများ ကို ဖော်ထုတ်ရန်နှင့် လူထုအသိအမြင် မြှင့်တင်ရန် တာဝန်ရှိသည်။
- လူ့အခွင့်အရေးသည် ကောင်းမွန်သော သတင်းရေးသားမှု နည်းနာများအတွက် အခြေခံအချက်ဖြစ်သည်။ လူ့အခွင့်အရေးကို ထည့်သွင်းပေါင်းစပ်ခြင်းမပြုနိုင်လျှင် စာနယ်ဇင်းသမားကောင်းတစ်ယောက် မဖြစ်နိုင်ပေ။
- စာနယ်ဇင်းသမားများ၏ အခန်းကဏ္ဍသည် သတင်းများနှင့် အကြောင်းအရာပြဿနာများကို တင်ပြရန် သာဖြစ်သည်။ လူ့အခွင့်အရေးကို အထူးတလည်အာရုံစိုက်ရန် မလိုအပ်။ လူ့အခွင့်အရေးသည် အခြား ကိစ္စများထက် ယှဉ်လျှင် ဘာမှပိုမထူး။
- လူ့အခွင့်အရေးသည် မကြာမကြာ သတင်းဖြစ်နိုင်ပါသည်။ သို့သော် လူ့အခွင့်အရေးကို သိခြင်း၏ အကျိုးကျေးဇူးမှာ ကမ္ဘာကြီးကို မတူသည့် ရှုထောင့်မှ ကြည့်ရှုနိုင်စေခြင်းသာဖြစ်သည်။ အဖြစ်အပျက် ပြဿနာဟောင်းများထဲမှာပင် သတင်းအသစ်များကို မြင်တွေ့လာနိုင်စေသည်။ လူ့အခွင့်အရေးသည် သတင်းအတွက် အခြား ချိတ်ဆက်တစ်ခု၊ ရှုထောင့်တစ်ခုကို ပေးသည်။
- လူ့အခွင့်အရေးသည် ကောင်းမွန်မှန်ကန်သော သတင်းရေးသားမှုနည်းနာများအတွက် ကျင့်ဝတ်အမြင် ကို ညွှန်ပြသည့် သံလိုက်အိမ်မြှောင်တစ်ခုဖြစ်သည်။ လူ့အခွင့်အရေးကို သိလျှင် ပိုတော်သော၊ ပိုပြီး ဝမ်းစာပြည့်ဝသော စာနယ်ဇင်းသမားတစ်ယောက် ဖြစ်လာစေနိုင်သည်။

ukd&Hkukd&fb , fvykiifvJ

စာနယ်ဇင်းသမားအချို့က သူတို့ကိုယ်သူတို့ ဦးဆောင်လှုံ့ဆော်သူလို့ မြင်တယ်။ မတရားမှုတွေကို ဖော်ထုတ်တာ၊ အမှားကို အမှန် ပြင်ပေးတာ၊ အသိအမြင် မြှင့်တင်ပေးတာ၊ အဖြစ်အပျက်တွေကို လွှမ်းမိုး တာတွေကို တက်တက်ကြွကြွ၊ နိုးနိုးကြားကြားနဲ့ ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ကြပါတယ်။ ဒီလိုလူတွေ စာနယ်ဇင်းသမားဖြစ်ရတဲ့ အကြောင်းရင်းက ကမ္ဘာကြီးကို ပြောင်းလဲပစ်ချင်လို့ ဖြစ်ပါသည်။

တချို့က 'မှန်လို ရောင်ပြန်ဟပ်မည့် မီဒီယာ'ဆိုသော အနေအထားနှင့် ပိုနီးစပ်သည်။ သူတို့ လည်း ကမ္ဘာကြီးကို ပြောင်းလဲဖို့ ပြင်းပြင်းပြပြ ယုံကြည်နေနိုင်ပါသည်။ သို့သော် သတင်းရေးသားမှု ကောင်းမွန်လျှင် မလွဲမသွေ ကမ္ဘာကြီးပြောင်းလဲသွားလိမ့်မည်ဟု ယုံကြည်သည်။ သူတို့က ဦးဆောင်လှုံ့ ဆော် သတင်းရေးသားမှုနည်းနာတွေကို ရှောင်သည်။ အဖြစ်အပျက်တွေမှာ ဝင်ရောက်လွှမ်းမိုးခြင်း မရှိဖို့ အထူးတလည် ရှောင်ရှားသည်။ ကိုယ့်ရွေးချယ်မှုကို ကိုယ်ဘယ်မှာ အလုပ်လုပ်သလဲဆိုတာ ကြည့်ပြီး တော့လည်း ဆုံးဖြတ်လို့ ရနိုင်ပါသေးသည်။

- ရပ်ကျိုးရွာကျိုးအတွက် ရည်ရွယ်သည့် ရပ်ရွာ ရေဒီယို (သို့မဟုတ်) ရုပ်သံလွှင့်ရုံတစ်ခုမှာ ဝင်လုပ်သည် ဆိုလျှင် ဥပမာအားဖြင့် အိမ်ရာအခြေတကျ နေထိုင်နိုင်ခွင့် (သို့မဟုတ်) ဆင်းရဲမွဲတေမှုအကြောင်း

ဦးဆောင်ဆော်သြရေးသားရန် လိုအပ်ကောင်းလိုအပ်နိုင်သည်။ ကျေးလက်လမ်းတစ်ခုပေါ်က တံတားတစ်စင်းနဲ့ ပတ်သက်ပြီး ရေးရင်တောင် ဒါကို "အသက်ရှင်သန်ရပ်တည်နိုင်ခွင့်" သို့မဟုတ် "စိတ်ချလုံခြုံစွာ နေထိုင်နိုင်ခွင့်"စသဖြင့် သတ်မှတ်ဖော်ပြနိုင်သည်။

- နိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်သံလွှင့်ရုံတစ်ခုဆိုလျှင် သတင်းကို ချဉ်းကပ်မှုနှင့် အခြားသူများ ပြောကြားမှုများကို အခြေခံပြီး သတင်းရေးသားရာတွင် မိမိ၏ အခန်းကဏ္ဍကို ဖယ်ထုတ်ရန် ပိုမိုလိုအပ်နိုင်ပြီး သတင်းကို ဘက်ပေါင်းစုံမှ မျှမျှတတ ဖြစ်စေရန် ကြိုးစားသည်။
- ဘလော့ဂ်ရေးသည်ဆိုပါက မိမိ၏ ပုဂ္ဂလိက တန်ဖိုးထားမှုများနှင့် ယုံကြည်သက်ဝင်မှုများအပေါ် မူတည်၍သော်လည်းကောင်း၊ ဘလော့ဂ်၏ ဦးတည်ရည်ရွယ်ချက်များအရသော်လည်းကောင်း ရေးသားရသည်။
- စီးပွားဖြစ် ရုပ်သံ သို့မဟုတ် အသံလွှင့်ရုံတစ်ခုဆိုပါက အငြင်းပွားမှုများကို ရှောင်ရှားနိုင်ရန် ပိုမိုအာရုံထားပြီး ကြော်ငြာရှင်များကို ဒေါသထွက်စေမည့် ဦးဆောင်လှုံ့ဆော်ပေးသည့် တင်ပြမှုများကို လက်ရှောင်နိုင်သည်။

rD,mwGifvlYcifha&;qkdkufpdkufowif,azmifyrhsm;EdkifwdkufonfhaZeffhsm;

ယခင်ကနှင့် ယှဉ်လျှင် ယခုအခါ လူ့အခွင့်အရေး သတင်းဖော်ပြမှုများ မီဒီယာများတွင် ပိုမိုများပြားလာသည့်တိုင် အကောင်းချည်းတော့ မဟုတ်သေးဟု လေ့လာသူများက ဆိုသည်။ ဝေဖန်လေ့ရှိသည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- စာနယ်ဇင်းသမားသည် လူ့အခွင့်အရေးတွင် မည်သည့်အရာများ ပါဝင်သည်၊ မည်သို့ချမှတ်ထားခြင်းဖြစ်သည်၊ အစိုးရများ၏ တာဝန်ဝတ္တရားများ၊ လူအများလက်ခံလာအောင် လက်တွေ့တွင် အကောင်အထည်ပေါ်လာစေရန် ကောင်းမွန်ပြည့်စုံစွာ သိရှိနားလည်ခြင်း မရှိသောကြောင့် ပြဿနာများကို ပိုမိုရှုပ်ထွေးသွားစေသည်။
- လူ့အခွင့်အရေးကို ထည့်သွင်းစဉ်းစားခြင်း မရှိသောကြောင့် သတင်းဖြစ်လောက်သည့် အကြောင်းအရာများကို လွဲချော်နိုင်သလို အဖြစ်အပျက်များကို သတင်းရေးသားနိုင်သည့် ပုံစံကိုလည်း လွဲချော်သွားနိုင်သည်။ ထိုနည်းဖြင့် သတင်းအရည်အသွေးနှင့် အများပြည်သူ သိခွင့်သိလမ်းကို ထိခိုက်စေနိုင်သည်။
- စာနယ်ဇင်းသမားများက လူ့အခွင့်အရေးဆိုင်ရာ အဖြစ်အပျက်များကို သတင်းရေးသားသည့်အခါ လူ့အခွင့်အရေးပြဿနာအဖြစ် မဖော်ပြဘဲ နိုင်ငံအဆင့် သို့မဟုတ် ဒေသအဆင့် မှုခင်းတစ်ခုအဖြစ်သော်လည်းကောင်း၊ နိုင်ငံရေးပြဿနာအဖြစ်သော်လည်းကောင်း ဖော်ပြကြသည်။ အိမ်တွင်းအကြမ်းဖက်မှု၊ လူမျိုးရေးခွဲခြားမှု၊ ရွှေ့ပြောင်းအခြေချနေထိုင်သူများကို ပြုမူဆက်ဆံမှု၊ ကလေးသူငယ် တလွဲအသုံးချမှု၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုလွတ်လပ်ခွင့်များနှင့် အခြားပြဿနာများအတွက် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများ ရှိနေခြင်းကို လျစ်လျူရှုထားတတ်ကြသည်။ မီဒီယာသည် ထိုအရေးကိစ္စများနှင့်ပတ်သက်ပြီး အစိုးရများနှင့် အခြားအင်အားကြီး အဖွဲ့အစည်းများကို တာဝန်ယူစေရန် မပြုလုပ်နိုင်သဖြင့် ထိုအချက်က မီဒီယာများ၏ "စောင့်ကြည့်ဝေဖန်သူ (Watchdog)" အခန်းကဏ္ဍကို အားပျော့စေသည်။
- စာနယ်ဇင်းသမားသည် သတင်းအချက်အလက်များကို နောက်ခံအခြေအနေ (သို့မဟုတ်) သုံးသပ်ချက်ကို ထည့်သွင်းခြင်းမရှိဘဲ ထုတ်ပေးလိုက်သည်။ အကျိုးဆက်အားဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် အလားတူ ချိုးဖောက်မှု သမိုင်းကြောင်း ရှိနေလျှင်ပင် သီးခြားဖြစ်ပွားသွားသော အဖြစ်အပျက်များ သို့မဟုတ် အဖြစ်အပျက် အသစ်များအဖြစ်သာ ထင်ရစေသည်။
- မီဒီယာများကိုယ်တိုင်ပင်လျှင် ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို ကျော်လွန်ဝင်ရောက်ခြင်း၊ ဘက်လိုက်မှုများနှင့် တရားသေမှတ်ချက်ပြုမှုများကို သက်ဆိုးရှည်စေခြင်းဖြင့် တစ်ခါတစ်ရံတွင် လူ့အခွင့်

အရေးချိုးဖောက်မှုများ ကျူးလွန်မိတတ်သည်။ ထိုနည်းဖြင့် အစိုးရများကို တာဝန်ခံအောင် ဆောင်ရွက်နိုင်ခြင်း မရှိဘဲ ပြဿနာကို ပိုမိုကြီးထွားစေသည်။

'Dr uESSukdwfcsufa&;Zl unf;

သင်က ဘယ်လို စာနယ်ဇင်းသမားလဲ။ လူ့အဖွဲ့အစည်းအတွင်းထဲမှာ စာနယ်ဇင်းသမားတွေရဲ့ အခန်းကဏ္ဍကို သင်နားလည်ထားတဲ့ပုံစံက သင့်ရဲ့ လူ့အခွင့်အရေးသတင်းရေးသားမှုတွေကို ဘယ်လို သက်ရောက်စေနိုင်လဲ။

သင့်အလုပ်နဲ့ သင့်ရဲ့ မီဒီယာ အသိုင်းအဝိုင်းကို စိတ်ကူးထဲ မြင်ကြည့်ပါ။ သင့်အသိုင်းအဝိုင်းထဲမှာ လူ့အခွင့်အရေးသတင်းရေးသားမှုနဲ့ ပတ်သက်ပြီး အကောင်းတွေက ဘာတွေလဲ။ အဆိုးတွေက ဘာတွေလဲ။

ဘယ်အရာက အကောင်းလဲ **ပိုကောင်းအောင် ဘာတွေ လုပ်လို့ရလဲ**

ဘယ်အရာက အဆိုးလဲ **စိန်ခေါ်မှုတွေကို ကျော်လွှားပြီး တိုးတက်အောင် ဘယ်လိုလုပ်လို့ရမလဲ**

သင့်ရဲ့ အခြေအနေမှာ လူ့အခွင့်အရေးသတင်းကို ကောင်းကောင်းမရေးနိုင်လောက်တဲ့ အတားအဆီးက ဘာဖြစ်မလဲ။

❒

Photo : News Lab Workshop 2014

Internews
Local voices. Global change.

t ykd,f2? t cef,f2

owif,ceef,fxuJ&Sd&ef&Ycif&ma&;

စာနယ်ဇင်းသမားတစ်ယောက်၏ မည်သည့်ဆုံးဖြတ်ချက်မဆို အကောင်းအဆိုး တစ်ခုခုသက်ရောက်နိုင်တဲ့ စွမ်းပကားရှိပါသည်။ သတင်းခန်းထဲ ပြုလုပ်ရတဲ့ ရွေးချယ်မှုတွေကို လမ်းပြပေးနိုင်တဲ့ ကျင့်ဝတ်စည်းကမ်းတွေကို နားလည်ထားရန်မှာ အရေးကြီးလှသည်။

rD,D\ pCfyum;

မဖြန့်ချိရသေးခင်ကာလတွင် မည်သည့် စိတ်ကူး၊ သတင်းမဆို လူပေါင်းများစွာ၏ မေးခွန်းထုတ်ခံရမည်၊ တွေးတောဆင်ခြင်ခြင်းခံရမည်၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း ခံရမည်ဖြစ်သည်။ သတင်းထောက်များ၊ သတင်းအယ်ဒီတာများ၊ ကဏ္ဍအလိုက် အယ်ဒီတာများ၊ အယ်ဒီတာများ၊ ထုတ်ဝေသူများနှင့် မီဒီယာပိုင်ရှင်များကိုယ်တိုင် နောက်ဆုံး ပုံနှိပ်ထုတ်လွှင့်မည့် အရာများကို ဆုံးဖြတ်ရာတွင် ပါဝင်သည်။ ဆုံးဖြတ်ချက်ချမှတ်ရသည့် ဖြစ်စဉ်ကို "အတိုးအလျှော့ ညှိနှိုင်းဆွေးနွေးခြင်း (Mediation)"အဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

အွန်လိုင်းမီဒီယာများအတွက်တော့ ဝင်ရောက်ဆုံးဖြတ်သည့် လူအရေအတွက် နည်းသွားသည်။ ဘယ်သူမဆို တိုင်ပင်နှီးနှောမနေတော့ဘဲ သတင်းတိုက်ရိုက်တင်နိုင်သည်။ အွန်လိုင်းစာနယ်ဇင်းအရေးအသားကို တစ်ခါတစ်ရံ "A" ထားခြင်းမရှိသော သတင်းများအဖြစ် ဖော်ပြလေ့ရှိသည်။ သို့သော် အွန်လိုင်းပေါ်တွင် ရေးသားနေကြသည့်သူများ ကိုယ်တိုင်ပင်လျှင် ရွေးချယ်မှုများနှင့် ဆုံးဖြတ်ချက်များကိုတော့ ပြုလုပ်ရသည်။

စာနယ်ဇင်းသမားများသည် အမြဲတစေ ဆုံးဖြတ်ချက်များ ချနေကြရသည်။ တစ်ခါတစ်ရံ သူတို့သည် အသိုင်းအဝိုင်းပုံ့ပိုးမှု ကောင်းမွန်ပြီး သတင်းအယ်ဒီတာများ၊ အယ်ဒီတာများနှင့် အခြားစာနယ်ဇင်း

သမားများ၏ အပုံ့အပိုးကို ရသည်။ တစ်ခါတစ်ရံ အကန့်အသတ်များရှိသည့် အခြေအနေများတွင် လုပ်ဆောင်ရခြင်းဖြစ်ပြီး ဘယ်သတင်းကို ဖော်ပြရမည်၊ ဘယ်သတင်းကို မဖော်ပြရ၊ ဘယ်ထောင့်မှ ရေးသားရမည်၊ ဘယ်သူတွေကို တွေ့ဆုံမေးမြန်းရမည် စသဖြင့် ကန့်သတ်ထားသည့် အခြေအနေတွင် လုပ်ဆောင်ရတတ်သည်။ ထိုသို့ ကန့်သတ်ချုပ်ချယ်ထားသည့် အခြေအနေများမှာပင်လျှင် စာနယ်ဇင်းသမားများသည် ဆုံးဖြတ်ချက်များ ချမှတ်ရသည်။ ဥပမာပြောရရင် ရေးမလား၊ မရေးဘူးလားဆိုတာ ဆုံးဖြတ်ရသည်။

ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် စာနယ်ဇင်းသမားများ ထည့်သွင်းစဉ်းစားရသည့် အချက်ပေါင်းများစွာ ရှိသည်။ စံနှုန်းများ၊ ကျင့်ဝတ်များ၊ စာနယ်ဇင်းအရေးအသားရဲ့ တန်ဖိုး၊ သက်ဆိုင်ရာ နိုင်ငံ၏ မီဒီယာဥပဒေ၊ သတင်းခန်းထဲမှ လုပ်ထုံးလုပ်နည်းများ၊ နောက်ဆုံးသတင်းအပ်ရမည့် အချိန်၊ သတင်းရေးသားရန် ကြာမြင့်ချိန်၊ သတင်းတည်ဆောက်မည့် ပုံစံ၊ အတိုအရှည်၊ အရေးအသား စသည့်အချက်များ ပါဝင်သည်။ အသက်မွေးဝမ်းကျောင်းပြုနိုင်မှု၊ မိသားစုလုံခြုံမှု၊ ကိုယ်ရေးကိုယ်တာအချိန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် တန်ဖိုးထားမှုများ၊ ပုဂ္ဂလိကကျင့်ဝတ်များ၊ တစ်နေ့တာအတွင်း လုပ်နိုင်သမျှသော အလုပ်ပမာဏစသည့် ကိုယ်ရေးကိုယ်တာ အကြောင်းအချက်တွေကိုလည်း စဉ်းစားရသည်။

ထိုအကြောင်းအချက်များအားလုံးသည် စာနယ်ဇင်းသမားတစ်ယောက်၏ သတင်းအရည်အသွေး အပေါ် သက်ရောက်မှုရှိသည်။ စာနယ်ဇင်းသမားတစ်ဦးပြုလုပ်သည့် မည်သည့်ဆုံးဖြတ်ချက်မဆို အကောင်းအဆိုးတစ်ခုခု သက်ရောက်နိုင်သည့် စွမ်းပကားရှိသည်။ ထိုအချက်သည် မီဒီယာ၏ စွမ်းအားပင်ဖြစ်သည်။ များသောအားဖြင့် မီဒီယာသည် ဆိုးကျိုးသက်ရောက်မှု မရှိတတ်။ သို့သော် မီဒီယာသည် ၄င်း၏ စွမ်းအားကို တလွဲအသုံးချမှုရော လျော့ရဲသည့် လုပ်ငန်းဆောင်ရွက်မှုကြောင့်ပါ မရည်ရွယ်ပါဘဲ ထိခိုက်မှုများ ရှိစေတတ်သည်။

aumifrGefompme ,ZifwefZdkm;rlrsm;

စာနယ်ဇင်းလုပ်ငန်းဆိုင်ရာ တန်ဖိုးထားမှုများက စာနယ်ဇင်းသမားများကို ၄င်းတို့၏ လုပ်ပိုင်ခွင့် စွမ်းပကားကို အသုံးချလျက် အများပြည်သူကို အကာအကွယ်ပေးနိုင်ရန် ဦးဆောင်လမ်းညွှန်ပေးသည်။ ထိုတန်ဖိုးထားမှုများကို စာနယ်ဇင်းအရေးအသားကောင်းများ ထွက်ပေါ်လာစေရေး ရည်ရွယ်ဖန်တီးထားကြခြင်းဖြစ်သည်။

နိုင်ငံတကာ စာနယ်ဇင်းသမားများအဖွဲ့ချုပ် (International Federation of Journalists - IFJ) ၏ အဆိုအရ ရေးသားပြုစုထားသော စာနယ်ဇင်းကျင့်ဝတ်ပေါင်း ၄၀၀ ကျော်ရှိသည်ဟု သိရပြီး တစ်ခုနှင့် တစ်ခုမှာ အရည်အသွေးနှင့် ဘက်စုံခြုံငုံနိုင်မှုအပိုင်းများတွင် ကွာခြားကြသည်ဟုဆိုသည်။ သတင်းအဖွဲ့အစည်းအချို့တွင်မူ တိုက်ပိုင်တန်ဖိုးထားမှုနှင့် ကျင့်ထုံးများရှိသည်။ တချို့သော သတင်းခန်းများတွင်မူ စာနယ်ဇင်းကျင့်ဝတ်ဟူ၍ သတ်မှတ်ရေးသားမထား။ သို့သော် အတွေ့အကြုံရှိသူများထံက သင်ယူလက်ဆင့်ကမ်းသွားကြရသည်။

pme ,ZifvkHefqkdkm wefZdkm;rlrsm;
wefZdkm;cl[ifqk

(၁) အမှန်တရား
(၂) တိကျမှန်ကန်မှု
(၃) အနှောင်အဖွဲ့ကင်းမှု လွတ်လပ်မှု
(၄) မျှတမှု
(၅) ဆိုးကျိုးထိခိုက်မှုကို လျှော့ချရန် အလေးပေးမှု

မတူညီသည့် အခြေအနေများနှင့် တွေးခြင်နားလည်မှုများရှိသည့် အနေအထားကြောင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီကြပေ။ သို့သော် မည်သည့်နေရာဒေသအတွက်မဆို အကျိုးဝင်ပြီး စာနယ်ဇင်းသမားအားလုံး လက်ခံသောအချက်များ ရှိပါသည်။ ၄င်းတို့မှာ စာနယ်ဇင်းပညာ၏ အရေးကြီးအချက်ငါးချက်ဖြစ်ပြီး အမှန်တရား၊ တိကျမှန်ကန်မှု၊ အနှောင်အဖွဲ့ကင်းမှု လွတ်လပ်မှု၊ မျှတမှုနှင့် ဆိုးကျိုးထိခိုက်မှုကို လျှော့ချရန် အလေးပေးမှုတို့ ဖြစ်သည်။

အခြားအရေးကြီးသည့် တန်ဖိုးထားမှုများအရ စာနယ်ဇင်းအရေးအသားကောင်းသည်...

- မှုခင်းနှင့် ချစားမှုကို ဖော်ထုတ်ရမည်။
- အစိုးရကို ပိုပြီး အလုပ်ကောင်းကောင်းလုပ်အောင် မောင်းနှိုင်ရမည်။
- ပွင့်လင်းသော ငြင်းခုံဆွေးနွေးမှုကို မြှင့်တင်ပေးရမည်။
- ဖြစ်စဉ်များ၏ အကျိုးဆက်ကို ရှင်းပြရမည်။
- ဘက်စုံထောင့်စုံ ပါဝင်စေရမည်။
- ကိုယ်ရေးကိုယ်တာ လုံခြုံခွင့်ကို လေးစားရမည်။
- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်သော သတင်းအချက်အလက် ရယူပိုင်ခွင့် တန်ဖိုးများကို မြှင့်တင်ရမည်။

[နိုင်ငံတာစာနယ်ဇင်းကျင့်ဝတ်တစ်ခုနှင့် သတင်းစာတိုက်တစ်တိုက်၏ ကျင့်ဝတ်နမူနာတစ်ခုကို စာမျက်နှာ ၆၇ တွင် ကြည့်ပါ။]

xkwfzl;k&m;rsm;ukodvlYcifha&;owifrsm; a&;om;&mwGifnfbkykdokd&yoenf;

ရေးသားရသည့် သတင်းသည် လူ့အခွင့်အရေး ဖြစ်ဖြစ်၊ မဖြစ်ဖြစ် ထိုတန်ဖိုးထားမှုများကို လက်တွေ့လုပ်ငန်းခွင်တွင် ထည့်သွင်းအသုံးပြုရပါမည်။

]vlYcifha&;owifrsm; a&;om;&mwif tjcm;taumift&mowifrsm; a&;om;&onfh twkdifyifjrifhrsm;aom pkdwfwGif;ufsm;ukdvkdufemvsufa&;om;ru&rnfomjzpfonf/ okdomf txd&Sdcsdefnftajctaejrifhrsm;onfhwufpme,fZifoHk;rsm;taejzifhtxl;owdxm;ukdw,f yl;D;zpfEkdifjc&Gufnft&Sd,fsm;ESifhtcuftcrsm;ukodkdESifh;vnfxm;&efvkdufnf;

(taejzifhtxl;owdxm;ukdw,f
yl;D;zpfEkdifjc&Gufnft&Sd,fsm;ESifhtcuftcrsm;ukodkdESifh;vnfxm;&efvkdufnf;
pD;yGm;&Sif;vdkufcJhaom ESifhtcuftcrsm;ukodkdESifh;vnfxm;&efvkdufnf;2004)

topftopfaomowifwezfykdm;

ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် စာနယ်ဇင်းသမားများသည် "အသစ်အသစ်သော သတင်းတန်ဖိုးများ"ကိုလည်း စဉ်းစားဆုံးဖြတ်ရသည်။ အသစ်သော သတင်းတန်ဖိုးထားမှုများသည် သတင်းအချက်အလက်များကို သတင်းဖြစ်စေသော အရာများဖြစ်သည်။ တန်ဖိုးထားမှုအသစ်များကို နှစ်များစွာ ကြာသည်နှင့်အမျှ လက်တွေ့ လုပ်ငန်းဆောင်ရွက်ရာမှဖြစ်စေ၊ အတွေ့အကြုံများမှဖြစ်စေ ဆန်းသစ်ဖန်တီးလာကြခြင်းဖြစ်သည်။ သို့သော် တိတိကျကျ သတ်မှတ်ထားရခြင်းတော့ မရှိပါ။ ၄င်းတို့သည် စိတ်ဝင်စားမှုနှင့် ပရိသတ်ကို ရရှိအောင် ဆောင်ရွက်နိုင်မည်ဟု မီဒီယာက ယုံကြည်နေသော အရာများဖြစ်သည်။ စာနယ်ဇင်းပညာ၏ တန်ဖိုးထားမှုများနည်းတူ ၄င်းတို့သည်လည်း မီဒီယာတစ်ခုချင်းအလိုက် ကွဲပြားမှုရှိသည်။ သို့သော် ယေဘုယျ သဘောတူညီထားသည့် စာရင်းတော့ ရှိသည်။

သတင်းဖြစ်သည့် အဖြစ်အပျက်ဟု ဆိုနိုင်ရန်အတွက် အဖြစ်အပျက်တွင် အောက်ပါအချက်အားလုံး

(သို့မဟုတ်) တချို့ ပါဝင်နိုင်သည်။

သက်ရောက်မှု - သတင်းသည် လူများ၏ နေ့စဉ်ဘဝနှင့် အဆက်အစပ်ရှိရမည်။ ဥပမာ-ကုန်ဈေးနှုန်း၊ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ရာသီဥတုပြောင်းလဲမှုသတင်းများသည် လူများ၏ နေ့စဉ်ဘဝကို တိုက်ရိုက် သက်ရောက်မှုရှိသည်။

အဖြစ်အပျက်များကို မျက်ခြည်မပြတ်စေမှု - သတင်းတွင် လူအများ လက်ရှိပစ္စုပ္ပန်အချိန်တွင် အဆင်ပြေချောမွေ့စွာ ရပ်တည်နိုင်ရေးအတွက် သိရှိထားရန် လိုအပ်သော အချက်အလက်များ ပါဝင်သည်။

နီးစပ်မှု - မနီးမဝေးမှာ ဖြစ်သည့် အကြောင်းအရာ၊ ကိုယ့်ရပ်ကွက်ထဲမှာ ဖြစ်သွားတဲ့ မှုခင်းတစ်ခုက အခြားအဝေးကြီးမှာ ဖြစ်သွားတဲ့ မှုခင်းတစ်ခုထက် ပိုအရေးပါသည်။

လတ်ဆတ်ဆဲ အကြောင်းအရာများ - သတင်းရေးသားချိန်တွင် အများပြည်သူအကြား စိတ်ဝင်စားသည့် အကြောင်းအရာများ၊ ဥပမာအားဖြင့် အငြင်းပွားဖွယ် ပြဿနာများ၊ ယဉ်ကျေးမှု ပြောင်းလဲမှုပုံစံများ၊ မကြာသေးခင်က အဖြစ်အပျက်အများအတွင်းမှ ပေါ်ထွက်လာသော ဆွေးနွေးငြင်းခုံစရာ ခေါင်းစဉ်များ။

ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ - တဖြည်းဖြည်းတော့ အမြဲနီးလာနေသည့် ရည်မှန်းချက်များဖြစ်သည်။ လူမျိုးရေးနှင့် လူမျိုးရေးခွဲခြားမှုမှာ ၂၀၀၈ ခုနှစ်တွင် ဘားရက်အိုဘားမား ရွေးကောက်ပွဲ အနိုင်ရရှိပြီး အမေရိကန်၏ ပထမဆုံး လူမည်းသမ္မတဖြစ်လာသည့်အချိန်က အပူတပြင်းဆွေးနွေးကြရသည့် ကိစ္စဖြစ်သည်။

ထူးထွေသည့်အံ့ရာသော်ဖြစ်မှု - မျှော်လင့်မထားသော သို့မဟုတ် အံ့ဩစရာကောင်းသော အဖြစ်အပျက်များ၊ 'လူက ခွေးကို ကိုက်သည်' ဟူသည့် သတင်းမျိုးဖြစ်သည်။

vlYcGifha&;owif,ftwGufowif,lwef,ldk;bnfrS

လူ့အခွင့်အရေးဆိုင်ရာသတင်းများ ရေးသားရာတွင်လည်း ထိုသတင်းတန်ဖိုးများကိုပင် အသုံးပြုအကဲဖြတ်ရပါသည်။ လူ့အခွင့်အရေးကို သိရှိနားလည်ပါက စာနယ်ဇင်းသမားများအတွက် အကျိုးရှိပါသည်။ လူ့အခွင့်အရေးသည် သတင်းကောင်းတစ်ပုဒ်ကို မလွတ်အောင် ကူညီပေးနိုင်ပါသည်။ အဖြစ်အပျက်များကို လူ့အခွင့်အရေးစံနှုန်းများနှင့် ချိတ်ဆက်ပေးခြင်းဖြင့် သတင်းကို တန်ဖိုးတက်စေနိုင်သည်။

ဥပမာအားဖြင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် ကလေးသူငယ် တလွဲအသုံးချမှုများများစွာ ရှိနေနိုင်သည်။ သို့သော် အယ်ဒီတာများက ထိုအခြေအနေများကို သတင်းဖြစ်သည်ဟု အသိအမှတ်မပြုတတ်။ တခြားထောင့်တစ်ခုကနေ စဉ်းစားကြည့်ပါ။ နိုင်ငံသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားပါသလား။ ကလေးသူငယ်အလွဲသုံးမှုကို တိုက်ဖျက်ရန် အစိုးရ၏ ဆောင်ရွက်ချက်များထဲတွင် ကောင်းသည့်အချက်များမှာ မည်သည့်အချက်များဖြစ်သနည်း။ ဘာကြောင့် ကလေးသူငယ်အလွဲသုံးမှု ဆက်ရှိနေရသေးသနည်း။ ထိုရှုထောင့်များကို ထည့်လိုက်လျှင် သတင်းသည် ပိုပြီး သတင်းတန်ဖိုးရှိလာသည်။ တစ်ချိန်တည်းမှာပင် ထိုနည်းဖြင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်နှင့် ပတ်သက်ပြီး လူထုအသိပညာပေးမှု ပြုလုပ်နိုင်မည်ဖြစ်သလို ကလေးသူငယ်အလွဲသုံးမှုတွင် ပါဝင်နေသည့် အချက်များကိုပါ ဖော်ပြအသိပေးနိုင်မည်ဖြစ်သည်။

လူ့အခွင့်အရေးပြဿဒါန်နှင့်လည်း သတင်းကို ချိတ်ဆက်နိုင်သေးသည်။ ဥပမာအားဖြင့် အိမ်တွင်းအကြမ်းဖက်မှုကို အချိန်တိုင်း သတင်းဖြစ်သည်ဟု ယူဆထား၍တော့ မရပေ။ သို့သော် အိမ်တွင်းအကြမ်းဖက်မှုသည် အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး နိုင်ငံတကာအမျိုးသမီးများနေ့ဖြစ်သည့် မတ်လ ၈ ရက်တွင် သတင်းအဖြစ် ထည့်သွင်းနိုင်သည်။ နိုင်ငံတကာအမျိုးသမီးများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည့် နိုဝင်ဘာလ ၂၅ ရက်တွင်လည်း ရေးနိုင်သည်။ စာမျက်နှာ ၁၆၉ ပါ နောက်ဆက်တွဲ ၁ တွင် နိုင်ငံတကာလူ့အခွင့်အရေးနေ့များပါဝင်သည့် ပြဿဒါန်ကို ကြည့်နိုင်ပါသည်။ ထိုရက်များကို ဒိုင်ယာရီထဲ ရေးထားပါ။ သတင်းစိတ်ကူးများလည်း ထည့်ရေးထားပါ။

qkdusqdufa&muf&pEkdonfrem

Libre Des Mille Collines a&'D,kdkifiHkHum;EkdBurfvrsdwkdwfzwfl

မီဒီယာအနေဖြင့် ၄င်း၏ လုပ်ပိုင်ခွင့်ကို တလွဲအသုံးပြု၍ ရည်ရွယ်ချက်ရှိရှိ ဆိုးကျိုးဖြစ်ပေါ်စေသော အဆိုးရွားဆုံးဥပမာများအနက် တစ်ခုမှာ ရဝမ်ဒါနိုင်ငံ၏ Libre Des Mille Collines ရေဒီယို ရုပ်မြင်သံကြားဖြစ်သည်။

အဆိုပါ ရုပ်မြင်သံကြားဌာနသည် ၁၉၉၄ခုနှစ်တွင် သုံးလအတွင်း တွတ်စီလူမျိုးနှင့် အစွန်းမရောက်သည့် ဟူတူလူမျိုး ရှစ်သိန်းခန့် အသတ်ခံရသည့် လူမျိုးတုံးသတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်ခဲ့သည့် မီဒီယာများအနက်မှ တစ်ခုဖြစ်သည်။

Libre Des Mille Collines ရေဒီယို ရုပ်မြင်သံကြားမှ အမှုဆောင်သုံးဦးသည် နောက်ပိုင်းတွင် ကုလသမဂ္ဂ၏ ရဝမ်ဒါနိုင်ငံဆိုင်ရာ ရာဇဝတ်ခုံရုံးမှ ဟူတူလူမျိုးများက တွတ်စီလူမျိုးများကို သတ်ဖြတ်ရန်အတွက် တိုက်တွန်းလှုံ့ဆော်ခဲ့သည့် မီဒီယာလှုပ်ရှားမှုတွင် အဓိကပါဝင်ခဲ့သည့် ခေါင်းဆောင်များအဖြစ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

အဆိုပါ ရုပ်မြင်သံကြားဌာနသည် "ပိုးဟပ်များကိုနှိမ်နင်းရန်အတွက် "နောက်ဆုံးစစ်ပွဲ"ဟု အမည်တပ်ခဲ့သည်။ လူမျိုးတုံးသတ်ဖြတ်မှုဖြစ်စဉ်အတွင်း သတ်သင့်သတ်ထိုက်သည့် လူစာရင်းများကို ထုတ်လွှင့်ခဲ့ပြီး သတ်ဖြတ်သူများကို နည်းပေးလမ်းပြပြုလုပ်ခဲ့သည်။

ICTR သည် Libre Des Mille Collines ရေဒီယို ရုပ်မြင်သံကြားမှ အမှုဆောင်များဖြစ်သည့် ဂျင်းဘော့စ်ကို ဘာရာရင်ဝီဇာကို ထောင်ဒဏ် ၃၅ နှစ် ချမှတ်ခဲ့ပြီး ဖာဒီနန် နာဟီမေနာကို ထောင်ဒဏ်တစ်သက်ချမှတ်ခဲ့သည်။ ကန်ဂူရာ အစွန်းရောက်မဂ္ဂဇင်းတစ်ခု၏ မီဒီယာအမှုဆောင်တစ်ဦးဖြစ်သည့် ဟာဆန်ငယ်ဇီကိုလည်း ထောင်ဒဏ်တစ်သက် ချမှတ်ခဲ့သည်။

ရဝမ်ဒါလူမျိုးတုံးသတ်ဖြတ်မှုတွင် မီဒီယာပါဝင်ခဲ့မှုအရိပ်ဆိုးသည် ရဝမ်ဒါမီဒီယာများအပေါ် ကာလရှည်ကြာ သက်ရောက်မှုရှိခဲ့သည်။ မီဒီယာများကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ခြင်းခံရပြီး မီဒီယာများတွင် ဖော်ပြသည့် အကြောင်းအရာများနှင့်ပတ်သက်ပြီး ကန့်သတ်သည့်ဥပဒေများ ပြဋ္ဌာန်းခြင်းခံခဲ့ရသည်။ ဝေဖန်သူများကမူ ထိုအချက်သည် လူအများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် လွတ်လပ်စွာရရှိပိုင်ခွင့်ကို ထိခိုက်မှုရှိသည်ဟု ဝေဖန်ခဲ့ကြသည်။

owifaumifwpfykqdkmukd,fvkdEkdfvJ

သတင်းကောင်းတစ်ပုဒ်ကိုသိဖို့ဆိုရင် အနှံ့ခံမိဖို့ဆိုရင် သတင်းအနှံ့ခံကောင်းဖို့ လိုသည်။

]owifteMHumifw,fqkdvm ta&;rsufDolvkdYxif&whtjzpftysufawxrSawmifS owifweffzkdzpfvmEkdwhtcsufukdwjyrdvmeYvlawpdvfoifpm;EkdwhtykdfawukdqxkwEkdvmukd ajymwmyy/pmzwfolukdowifxpdvfoifpm;vmatmifb,fvkdacrvqkdvlenfyy/tcsuftvuf aw?tjzpftysufaweYpmzwfolaw b,fvkdYkefvqkdvlcefESpfcsufawukdvdfqufay;vkdfvm jzpfyw,f]

(Understanding Journalism' Lynette Sheridan Burns,
Sage, Landon, 2010, Page.53)

အချိန်တိုင်း အဖြစ်အပျက်များ၊ သတင်းအချက်အလက်များနှင့် ရင်ဆိုင်နေရသည့်တိုင် အချိန်နှင့် နေရာအကန့်အသတ်များကိုလည်း ရင်ဆိုင်ရသည်။ သတင်းအနှံ့ခံကောင်းသည်ဆိုသည်မှာ မည်သည့် သတင်းကို လိုက်ရမည်၊ မည်သည့်အချက်အလက်များထည့်သွင်းရမည်ဟူသည့် ဆုံးဖြတ်ချက်ကို လျင်လျင်မြန်မြန်ချမှတ်နိုင်ခြင်းကို ဆိုလိုသည်။

စာနယ်ဇင်းသမားတော်တော်များများသည် အချိန်ကြာလာသည်နှင့်အမျှ သတင်းအနုံ့ခံ ကောင်းလာ ကြသည်။ သတင်းအနုံ့ခံကောင်းလာစေရန်အတွက် အလေ့အကျင့်ပြုနိုင်စေရန်နှင့် လိုက်ရမည့်သတင်းကို ရွေးချယ်နိုင်စေရန်အတွက် အောက်ပါမေးခွန်းများက အကူအညီပေးနိုင်ပါလိမ့်မည်။

- လူတွေ ဒီသတင်းကို သိချင်စိတ်ရှိရဲ့လား။
- ပတ်သက်နေတဲ့လူတွေက ဘယ်သူတွေလဲ။ ဒီသတင်းက ဘယ်သူတွေကို အများဆုံး သက်ရောက်မှု ရှိစေသလဲ။ တခြားဘယ်သူတွေကိုရော သက်ရောက်စေသလဲ။
- သတင်းတန်ဖိုးက ဘာလဲ။ အထူးအဆန်းလား။ လက်ရှိပစ္စက္ခအခြေအနေလား။ နီးနီးနားနားမှာ ဖြစ်တဲ့ သတင်းလား။
- အများသူငါ စိတ်ဝင်စားနေကြတဲ့ အကြောင်းအရာထဲမှာ ပါသလား။
- လူတွေရဲ့ဘဝကိုရော ဘယ်လို သက်ရောက်မှုရှိစေသလဲ။
- ကိုယ်နဲ့ရော ဘယ်လိုသက်ဆိုင်သလဲ။ ကိုယ့်ရဲ့ ပုဂ္ဂလိကအကျိုးစီးပွား ဘယ်လောက်ပါဝင်သလဲ။ ဘယ်တန်ဖိုးထားမှု၊ ယုံကြည်မှု၊ ဆက်နွယ်မှုတွေက ကိုယ့်ကို လွှမ်းမိုးနေသလဲ။

The Star owif\ a&aTmifusifwpfnrsOf10ck

The Star owif\ a&aTmifusifwpfnrsOf2010

The Star သတင်းစာသည် ကင်ညာနိုင်ငံ၏မြို့တော် နိုင်ရိုဘီမြို့တွင် အခြေစိုက်သည့် လွတ်လပ်သော သတင်းစာတစ်စောင်ဖြစ်သည်။ စောင်ရေသုံးသောင်းခန့်ရှိပြီး တစ်နိုင်ငံလုံးကို ဖြန့်ချိသော သတင်းစာတစ်စောင်လည်းဖြစ်သည်။ The Star ကို ၄င်း၏အင်တာနက်စာမျက်နှာဖြစ်သည့် www.nairobistar.com မှတစ်ဆင့်လည်း ဖတ်ရှုနိုင်သည်။ The Star သတင်းစာ၏ နိုင်ငံရေးဆောင်းပါးရှင် ဂူမူဆာနှင့် အင်တာဗျူးကို ယခုစာအုပ်၏ စာမျက်နှာ ၄၂ တွင် ဖတ်ရှုနိုင်သည်။

The Star သတင်းစာ၏ အတိုချုံးထားသော တိုက်မှုကို အလွယ်တကူ ကိုးကားနိုင်စေရန်အတွက် ဝန်ထမ်းများအားလုံးကို အိတ်ဆောင်စာအုပ်ငယ်လေးများအဖြစ် ဖြန့်ဝေပေးထားသည်။ ယခုဖော်ပြသည့် ရွှေရောင်ကျင့်ဝတ်စည်းမျဉ်းဆယ်ခုမှာ အဆိုပါစာအုပ်ငယ်မှ ထုတ်နုတ်ထားခြင်းဖြစ်သည်။

(၁) **တိကျမှု** - The Star သတင်းစာသည် တိကျမှန်ကန်မှုမရှိသော၊ မှားယွင်းနားလည်စေသော၊ ပုံဖျက်ထားသော သတင်းအချက်အလက်များနှင့် ရုပ်ပုံများကို ပုံနှိပ်ဖော်ပြမိခြင်းမရှိစေရန် အထူးသတိထားရမည်။ မှားယွင်းနားလည်စေသော၊ မှန်ကန်မှုမရှိသော၊ ပုံဖျက်ထားသော အချက်အလက်များပါဝင်သည့် ဆောင်းပါးများကို ဖော်ပြမိသည်ဟု သိရှိသည်နှင့်တစ်ပြိုင်နက် မြန်နိုင်သမျှ အမြန်ဆုံးပြင်ဆင်ရမည်။

(၂) **ကိုယ်ရေးကိုယ်တာလုံခြုံမှု** - အများပြည်သူနှင့် သက်ဆိုင်ရာနေရာတွင်ပင်ဖြစ်စေ၊ မည်သူမဆို သူ/သူမ၏ တစ်ကိုယ်ရေနှင့် မိသားစုဘဝ၊ အိမ်၊ ကျန်းမာရေးနှင့် ဆက်သွယ်ရေးတို့၏ လုံခြုံမှုကို လေးစားမှုခံရပိုင်ခွင့်ရှိသည်။ အဆိုပါအခွင့်အရေးကိုချိုးဖောက်သည့် မည်သည့်သတင်းမဆို ထိုသို့ပြုလုပ်ရသည့် အကြောင်းပြချက်ကို မဖြစ်မနေဖော်ပြရမည်။ ခိုင်လုံသောအကြောင်းပြချက်ရှိသည့်တိုင် လိုင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်ခံရသူ၏ အမည်နှင့် ကိုယ်ရေးအချက်အလက်များကို မည်သည့်အခါမျှ ထုတ်ဖော်ရေးသားပြောဆိုခြင်း မပြုရ။

(၃) **အသံဖမ်းကိရိယာများ** - သတင်းထောက်များ၊ အယ်ဒီတာများသည် လူထုအကျိုးစီးပွားအတွက် မဖြစ်မနေလိုအပ်သည့်အခါမှအပ လျှို့ဝှက်အသံဖမ်းကိရိယာများမှ တစ်ဆင့်သော်လည်းကောင်း၊ ကိုယ်ရေးကိုယ်တာ တယ်လီဖုန်းဆက်သွယ်မှုကို ကြားဖြတ်နားထောင်ခြင်းမှသော်လည်းကောင်း အချက်အလက်များ ရယူခြင်း၊ ပုံနှိပ်ခြင်းမပြုရ။

(၄) **အမည်မှားယွင်းဖော်ပြခြင်း** - စာနယ်ဇင်းသမားများက အမည်မှားယွင်းဖော်ပြခြင်းကို အများပြည်သူ၏ အကျိုးစီးပွားအတွက် လိုအပ်ပြီး အခြားနည်းဖြင့် အချက်အလက်ရရှိရန် မဖြစ်နိုင်သည့် အခြေအနေတွင်သာ ခွင့်လွှတ်မည်။

(၅) **ခွဲခြားဆက်ဆံမှု** - သတင်းနှင့်သက်ဆိုင်ခြင်းမရှိပါက လူတစ်ယောက်၏ လူမျိုး၊ အသားအရောင်၊ ဘာသာတရား၊ လိင်ပိုင်းဆိုင်ရာတိမ်းညွှတ်မှု၊ ကိုယ်စိတ်မကျန်းမာမှု (သို့မဟုတ်) မသန်စွမ်းမှုဆိုင်ရာ အသေးစိတ် အချက်အလက်များကို ဖော်ပြခြင်းမပြုရ။

(၆) **လျှို့ဝှက်သတင်းရင်းမြစ်များ** - သတင်းထောက်များသည် အမြဲတစေ သတင်းရင်းမြစ်များကို အကာအကွယ်ပေးရန်၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ တာဝန်ယူမှုမှုဝတ္တရားရှိသည်။

(၇) **ကြော်ငြာ/အစိုးရ၏ဖိအားပေးမှု** - ကြော်ငြာရှင်တစ်ဦးကို စိတ်ကျေနပ်စေရန်အတွက် သတင်းကို မပျက်စီးစေရ။ စည်းကမ်းချက်တစ်ခုအနေဖြင့် သတင်းတစ်ပုဒ်ကို ပုံနှိပ်ဖော်ပြရန်အတွက်သော်လည်းကောင်း၊ ပုံနှိပ်ဖော်ပြခြင်းမပြုရန်အတွက်သော်လည်းကောင်း အစိုးရ၏ တောင်းဆိုမှုကို မည်သည့်အခါမျှ မဖြည့်ဆည်းရ။ တုံ့ပြန်ဆောင်ရွက်ရန် နည်းလမ်းကို မရှာဖွေနိုင်ပါက အယ်ဒီတာသည် ဆုံးဖြတ်ချက်ကို ချမှတ်ရမည်။

(၈) **သတင်းများကို ပြန်လည်သုံးသပ်ခြင်း** - သတင်းကို ပုံနှိပ်ဖော်ပြခြင်း မပြုခင် အင်တာဗျူးများနှင့် သတင်းရင်းမြစ်များကို ကြိုတင်ပုံနှိပ်ဖော်ပြခြင်းမပြုရ။

(၉) **အခမဲ့ရရှိခြင်းနှင့် မေတ္တာလက်ဆောင်များ**

(က) Star သတင်းစာမှ ဝန်ထမ်းများသည် သတင်းရင်းမြစ်များထံမှ ငွေကြေး၊ အခကြေးငွေရယူခြင်းမပြုရ

(ခ) သတင်းရင်းမြစ်များနှင့် တွေ့ဆုံရာတွင် သတင်းထောက်များ၊ အယ်ဒီတာများသည် နေ့လယ်စာကို ကော်ဖီဖိုး၊ ညစာဖိုးတို့ကို ကျခံရမည်။

(ဂ) သျှီလင် (၁၀၀၀) (အမေရိကန်ဒေါ်လာ ၁၂ ဒေါ်လာခန့်) ထက်မနည်း တန်ဖိုးရှိသော လက်ဆောင်များရရှိပါက အယ်ဒီတာ (သို့မဟုတ်) ကြီးကြပ်သူကို အသိပေးရမည်ဖြစ်ပြီး ယဉ်ယဉ်ကျေးကျေးပြောဆို၍ ငြင်းပယ်ရမည်။

(ဃ) နိုင်ငံခြား၊ ပြည်တွင်းခရီးစဉ်များအတွက် လေယာဉ်စရိတ်ပေးဖိတ်ခေါ်မှုများကို အယ်ဒီတာထံ အသိပေးတင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

(င) သတင်းရင်းမြစ်က ဖိတ်ခေါ်သော နယ်ဒေသများကို သွားရောက်ခွင့်နှင့်ပတ်သက်ပြီး အဆိုပါ သတင်းရင်းမြစ်၏ ပံ့ပိုးမှုမပါလျှင် သတင်းထောက်အနေဖြင့် သွားရောက်ရန် မလွယ်ကူသော ဝေးလံခေါင်ဖျားသည့် အရပ်ဒေသဖြစ်ပါက စဉ်းစားပေးမည်။ သို့သော် ထိုကဲ့သို့သော ကမ်းလှမ်းမှုများအားလုံးအတွက် လက်မခံမီ အယ်ဒီတာနှင့် အရင်ဆုံး တိုင်ပင်ရမည်။

(စ) အယ်ဒီတာ သို့မဟုတ် ကြီးကြပ်သူက သိရှိခြင်းမရှိဘဲ The Star သတင်းစာ၏ အမည်ကို အသုံးပြု၍ မည်သည့်သတင်းထောက်မျှ မိမိကိုယ်ပိုင်အစီအစဉ်ဖြင့် လက်မှတ်ဝယ်ယူခြင်း၊ အခမ်းအနားတက်ရောက်ခြင်းများ မပြုရ။

(၁၀) **သတင်းအတွက်ငွေပေးခြင်း** - The Star သတင်းစာသည် စာရွက်စာတမ်းများ၊ အချက်အလက်များအတွက် သတင်းရင်းမြစ်များကို ငွေမပေးပါ။ အများပြည်သူအကျိုးစီးပွားအတွက် မဖြစ်မနေလိုအပ်သည့် အခြေအနေတွင်မူ ခြွင်းချက်အဖြစ် ထည့်သွင်းစဉ်းစားမည်။

IFJ \pme,Zifusifhwfqkdkif&m rD;'alunmcsuf

ဤကြေညာချက်ကို သတင်းနှင့် သတင်းအချက်အလက်များကို ဖြန့်ချိသော၊ လွှင့်ထုတ်သော၊ ဖြန့်ဝေသော၊ မှတ်ချက်ပြုဖော်ပြသော စာနယ်ဇင်းသမားများ၏ လုပ်ငန်းခွင် ကျင့်ဝတ်စံနှုန်းအဖြစ် ယူဆသတ်မှတ်ထားကြသည်။

(၁) အမှန်တရားနှင့် အများပြည်သူ၏ အမှန်တရားကို သိရှိပိုင်ခွင့်ကို လေးစားတန်ဖိုးထားခြင်းသည် စာနယ်ဇင်းသမားများ၏ ပထမဆုံး တာဝန်ဖြစ်သည်။

(၂) ထိုတာဝန်ကို ထမ်းဆောင်ရာတွင် စာနယ်ဇင်းသမားများသည် လွတ်လပ်စွာ သတင်းစုဆောင်းနိုင်ခွင့်နှင့် ရေးသားဖြန့်ချိနိုင်ခွင့်၊ မျှတစွာ မှတ်ချက်ပေး ဝေဖန်ပိုင်ခွင့် မူဝါဒများကို အမြဲတစေ ကာကွယ်ရန် လိုအပ်သည်။

(၃) စာနယ်ဇင်းသမားသည် ဇာစ်မြစ်ကို သိသော အချက်အလက်များနှင့်အညီသာ သတင်းရေးသားရမည်။ မဖြစ်မနေလိုအပ်သော သတင်းအချက်အလက်များကို လုပ်ကြံဖန်တီးခြင်း (သို့မဟုတ်) စာရွက်စာတမ်း အတုအပ ပြုလုပ်ခြင်းမပြုရ။

(၄) စာနယ်ဇင်းသမားသည် သတင်းများ၊ ဓာတ်ပုံများနှင့် စာရွက်စာတမ်းများကို ရယူနိုင်ရန်အတွက် မျှတသော နည်းလမ်းများကိုသာ အသုံးပြုရမည်။

(၅) ပုံနှိပ်ထုတ်ဝေပြီး သတင်းအချက်အလက်တစ်ခုခုသည် ဘေးထွက်ဆိုးကျိုး သက်ရောက်စေလောက်သည် အထိ မှားယွင်းနေသည်ပါက ပြင်ဆင်နိုင်ရန် တတ်နိုင်သမျှ ကြိုးစားရသည်။

(၆) သတင်းရင်းမြစ်သည် လျှို့ဝှက်သတင်းပေးခြင်းဖြစ်ပါက စာနယ်ဇင်းသမားသည် လုပ်ငန်းသဘာဝအရ လျှို့ဝှက်ချက်ကို စောင့်ထိန်းရမည်။

(၇) စာနယ်ဇင်းသမားသည် မီဒီယာများက ခွဲခြားဆက်ဆံမှုကို ပိုဆိုးသွားစေနိုင်သည့် အန္တရာယ်ကို သတိရှိနေရမည်။ လူမျိုး၊ လိင်၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု၊ နိုင်ငံရေး သို့မဟုတ် အခြားအမြင်များ၊ နိုင်ငံသား သို့မဟုတ် လူမှုဇာတိများ စသည်တို့ကို လိုက်၍ ခွဲခြားဆက်ဆံမှုများကို ပိုမိုဆိုးရွားအောင် အထောက်အပံ့ပြုမိခြင်းမှ တတ်စွမ်းသမျှ ရှောင်ရှားရမည်။

(၈) စာနယ်ဇင်းသမားများအတွက် အောက်ပါအချက်များကို ပြုလုပ်ခြင်းသည် ခွင့်မလွှတ်နိုင်စရာ အပြစ်များကို ကျူးလွန်ခြင်းဖြစ်သည်။

- ကူးချခြင်း
- ရည်ရွယ်ချက်ရှိရှိ မှားယွင်းဖော်ပြခြင်း
- လီစယ်၊ လိမ်လည်၊ အသရေဖျက်၊ အခြေအမြစ်မရှိသော စွပ်စွဲမှုများ
- သတင်းရေးသားရန် သို့မဟုတ် မရေးသားရန်အတွက် ပုံစံတစ်မျိုးမျိုးဖြင့် လာဘ်ထိုးခြင်းကို လက်ခံခြင်း

(၉) အမည်သတင်းတစ်ခုဖြင့် ရပ်တည်ရန် ထိုက်တန်မှုရှိသည့် စာနယ်ဇင်းသမားများသည် အထက်ပါမူများကို သစ္စာရှိရှိ စောင့်ထိန်းရမည့် တာဝန်အဖြစ် ယူဆရသည်။ တစ်နိုင်ငံချင်းစီ၏ ယေဘုယျ ဥပဒေဘောင် အတွင်းတွင် စာနယ်ဇင်းသမားများသည် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် လုပ်ဖော်ကိုင်ဖက်များ အဆုံးအဖြတ်ကိုသာ လေးစားလိုက်နာရမည်ဖြစ်ပြီး အစိုးရနှင့် အခြားအဖွဲ့အစည်း ပုဂ္ဂိုလ်များ၏ မည်သည့်စွက်ဖက်မှုကိုမဆို ပယ်ရှားနိုင်သည်။

(၁၉၅၄ World Congress of the IFJ တွင် အတည်ပြုသည်။ ၁၉၈၆ World Congress တွင် ပြင်ဆင်သည်။)

International Federation of Journalists (IFJ) သည် ကမ္ဘာ့အကြီးမားဆုံး စာနယ်ဇင်း အဖွဲ့အစည်း ဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှ အဖွဲ့ဝင် ခြောက်သိန်းခန့် ပါဝင်သည်။ IFJ ၏ ဦးတည်ချက်မှာ စာနယ်ဇင်းသမားများ၏ သန်မာအားကောင်းသော၊ လွတ်လပ်သော၊ အနှောင်အဖွဲ့ကင်းသော သမဂ္ဂများမှတစ်ဆင့် စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် လူမှုမျှတမှုကို ကာကွယ်မည့် နိုင်ငံတကာအဆင့် လုပ်ဆောင်မှုကို မြှင့်တင်ရန် ဖြစ်သည်။

'DruESSukwkdca&;lunhf

သင့်ရဲ့ စာနယ်ဇင်းသမားတစ်ယောက်အဖြစ်ကို လွမ်းမိုးမှုရှိသည့် ကိုယ်ပိုင်တန်ဖိုးထားမှုက ဘာ

တွေ ဖြစ်ပါသလဲ။

---

uifwqkdif 'gwfyóemrsm;EStcGifha&;jyóemrsm;

ဖင်လန်နိုင်ငံမှာဖြစ်ပွားခဲ့တဲ့ နိုင်ငံရေး/လိင်မှုရေးရာ အရှုပ်အထွေး တကယ့်ဖြစ်ရပ်မှန်တစ်ပုဒ်ဖြစ်ပါသည်။ အောက်ပါဖြစ်စဉ်များကို ဖတ်ကြည့်ပါ။ သင်ဘယ်လို ထင်မြင်ယူဆပါသလဲ။

ရန်ကုန်ကြီးမြို့ကျောင်းသားရေးရာ ရုံးချုပ်ရဲတပ်ဖွဲ့ဝင်

တစ်ည ညဥ့်နက်နက် နိုင်ငံရေးသမားတစ်ယောက်ဟာ သူ ကြိတ်ပုန်းခုတ်ပြီး တွဲနေတဲ့ ကောင်မလေး အိမ်ပြန်လာပါတယ်။ သူ့မိန်းမကို အိမ်မှာ တွေ့လိုက်ကြရတော့ သူတို့အတော်တုန်လှုပ်သွားကြတယ်။ မိန်းမလုပ်တဲ့သူနဲ့ ကောင်မလေးတို့ အချင်းများကြပါတယ်။ အဲဒီနောက် လူသုံးယောက်အကြား ထုနှက်ရန်ဖြစ်ကြတော့တာပါပဲ။ နောက်တော့ ရဲရောက်လာပြီး နိုင်ငံရေးသမားနဲ့ သူ့ကောင်မလေးကို ဖမ်းလိုက်ပါတယ်။ နောက်တစ်နေ့မှာပဲ ဖြစ်စဉ်မှာ ပါဝင်တဲ့သူတွေရဲ့ နာမည်အတိအကျနဲ့တကွ သတင်းတွေကို ရေးသားကြပါတယ်။ နိုင်ငံရေးသမားရဲ့ အလုပ်အကိုင်အပေါ် ထိခိုက်နိုင်မှုနဲ့ပတ်သက်ပြီး မီဒီယာတွေက သုံးသပ်ချက်တွေတောင် ပေးကြပါသေးတယ်။

သင်ဘယ်လိုထင်ပါသလဲ။ ဒီသတင်းရေးတာ မီဒီယာအနေနဲ့ မှန်ကန်ပါသလား။

ဒီဖြစ်စဉ်မှာပါဝင်တဲ့ လူ့အခွင့်အရေးနဲ့ ကျင့်ဝတ်ပြဿနာတွေက ဘာတွေလဲ။

[illegible]

ဘာမှ ထူးထူးခြားခြား ထပ်ဖြစ်တာမရှိတော့ပေမယ့် ရက်သတ္တပတ်အနည်းငယ်အကြာမှာပဲ မီဒီယာတွေမှာ ဒီအဖြစ်အပျက်ရဲ့ သတင်းထပ်ပါလာတယ်။ ဒီတစ်ခါမှာတော့ ရန်ပွဲရဲ့ အဖြစ်အပျက် အသေးစိတ်ဖော်ပြလာပြီး နိုင်ငံရေးသမားရဲ့ ဒုက္ခများလှတဲ့ ဘဝနဲ့ အိမ်ထောင်ရေး၊ အချစ်ရေးအခြေ အနေတွေပါ ပိုပြီး ဝေဝေဆာဆာ ပါလာတယ်။ ကောင်မလေးရဲ့အကြောင်းလည်း ပိုများများရေးလာတယ်။ ကောင်မလေး ဘယ်မှာနေတယ်။ အသက် ဘယ်လောက်။ အလုပ်အမည်။ မိသားစုနဲ့အခြားအဆက်အဟပ်များ။ ဓာတ်ပုံများ။ နိုင်ငံရေးသမားနဲ့ တွဲဖြစ်တဲ့အကြောင်းကိုလည်း အသေးစိတ်ရေးသားလာပါတယ်။

စာနယ်ဇင်းသမားတွေအနေနဲ့ ဒီသတင်းကို နောက်တစ်ခါ ထပ်ရေးတာ သင့်တော်ပါရဲ့လား။ ဒီဖြစ်စဉ်မှာပါဝင်တဲ့ ကျင့်ဝတ်နဲ့ လူ့အခွင့်အရေး ပြဿနာတွေက ဘာတွေလဲ။

စာနယ်ဇင်းသမားတွေဟာ ကိုယ်ရေးကိုယ်တာလုံခြုံမှုကို ချိုးဖောက်တဲ့ အပြစ်ကို ကျူးလွန်ပါတယ်။

နိုင်ငံရေးသမားနဲ့ ကောင်မလေးဟာ စာနယ်ဇင်းသမားတွေရဲ့ ချဉ်းကပ်မှုတွေ သတင်းရေးသားမှုတွေနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးဖို့ ရဲကို တိုင်တန်းခဲ့ပါတယ်။

ထိုတိုင်တန်းမှုရဲ့ အကျိုးဆက်အရ ပြုလုပ်ခဲ့တဲ့ ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုမှာ စာနယ်ဇင်းသမားတွေ ရှုံးနိမ့်ခဲ့ပါတယ်။

တရားရုံးအသီးသီးက စာနယ်ဇင်းသမားတွေနဲ့ မီဒီယာကုမ္ဗဏီတွေကို ကြီးလေးသည့် ဒဏ်ငွေများ တပ်ခဲ့ပြီး ကောင်မလေး၏ ကိုယ်ရေးကိုယ်တာလုံခြုံမှုကို ချိုးဖောက်ခဲ့သည့်အတွက် လျော်ကြေးများ ပေးဆောင်ခဲ့ကြရသည်။

တရားရုံးဆုံးဖြတ်ချက်တွင် ကောင်မလေးသည် အများပြည်သူရှေ့မှောက်တွင် အမည်သတင်းကျော်စောသူမဟုတ်သဖြင့် . . .

- လူ့အဖွဲ့အစည်းအတွင်း နာမည်ကျော်တစ်ယောက်၏ ကောင်မလေးဖြစ်ခြင်းအား သူ၏ ကိုယ်ရေးအချက်အလက်များကို အများပြည်သူအား ထုတ်ဖော်ပြောဆိုရေးသားမှုအတွက် အကြောင်းပြချက်အဖြစ် အသုံးမပြုနိုင်။
- တရားရုံး၏ အဆိုအရ ပထမအကြိမ် တရားရုံးအမှုတွဲအတွင်း သူ၏ ကိုယ်ရေးအချက်အလက်များကို ဖော်ပြပြီးဖြစ်သော်လည်း သူ၏ ကိုယ်ရေးကိုယ်တာလုံခြုံမှုကို ထပ်မံချိုးဖောက်ခြင်းများကို ပြုလုပ်ခွင့်မရှိ။
- လူတစ်ယောက်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ထုတ်ဝေဖြန့်ချိခြင်းသည် လူတစ်ယောက်ကို ထိခိုက်စေရန်အတွက် လုံလောက်သည်။ ထို့ကြောင့် ကောင်မလေးကို ထိခိုက်စေရန် ရည်ရွယ်ချက်မရှိဟု အကြောင်းပြချက်ပေး၍ မရနိုင်။

စာနယ်ဇင်းသမားများနှင့် မီဒီယာများသည် သူတို့ ဖော်ပြခဲ့သလလို ကောင်မလေး၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဖော်ထုတ်ခြင်း၊ ဓာတ်ပုံများကို ပုံနှိပ်ဖော်ပြခြင်း ပြုလုပ်ရန် လုပ်ပိုင်ခွင့်မရှိဟု တရားရုံးက ဆုံးဖြတ်သည်။

စီရင်ချက်နဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။ တရားရုံးကို မှန်တယ်လို့ ထင်သလား။

စာနယ်ဇင်းသမားတွေက ကန့်ကွက်ပါတယ်။

စာနယ်ဇင်းသမားတွေ၊ အယ်ဒီတာချုပ်တွေ၊ မီဒီယာကုမ္ပဏီတွေက လူ့အခွင့်အရေးဆိုင်ရာ ဥရောပ သဘောတူညီချက် ပုဒ်မ ၁၀ (လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်) နဲ့အညီ သူတို့ကို ချမှတ်တဲ့ ပြစ်ဒဏ်နဲ့ ကြီးလေးတဲ့ ဒဏ်ကြေးအပေါ် အယူခံဝင်ကြပါတယ်။ ဥရောပတရားရုံးက ဒီလို ကောက်ချက်ချပါတယ်။

- နိုင်ငံတွင်း ဥပဒေများကို ရှင်းလင်းလွယ်ကူစွာ ဖော်ပြထားသည်။
- စာနယ်ဇင်းသမားများ၏ နိုင်ငံ၏ ဥပဒေများကို ချိုးဖောက်သည်။ ထို့ကြောင့် အပြစ်ရှိသည်။
- ပြည်တွင်းစာနယ်ဇင်းသမားများ ဖြစ်သဖြင့် နိုင်ငံ၏ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိထားရန် လိုအပ်သည်။
- ဥပဒေနှင့် ပတ်သက်ပြီး မရှင်းလင်းလျှင်၊ အထူးသဖြင့် "တစ်ကိုယ်ရေ တစ်ကာယဘဝ" အဓိပ္ပာယ်နှင့် ပတ်သက်ပြီး ရှင်းလင်းမှုမရှိလျှင် အကြံဉာဏ်များ ရယူနိုင်သည်။
- စာနယ်ဇင်းသမားများက ချက်ကျလက်ကျ မှားယွင်းပုံဖော်မှုနှင့် ဆိုးရွားသည့် ယုံကြည်မှုများ ရှိနေသည်။
- ကောင်မလေးထံမှ အချက်အလက်ရယူရန်အတွက် တရားမဝင်နည်းလမ်းများ သုံးသည်ဟူသည့် ဆွေးနွေးချက် မတွေ့ရပေ။
- ကောင်မလေးသည် အမည်သတင်းထင်ရှားသူ မဟုတ်သော်လည်း သူနှင့် နီးနီးကပ်ကပ် တွဲနေသူသည် အမည်သတင်းကျော်စောသူဖြစ်သည်။ ထို့ကြောင့် ကောင်မလေးသည် အမည်သတင်းထင်ရှားသူအထဲတွင် ပါဝင်သည်ဟု ယူဆသည်မှာ ဆီလျော်သည်။
- ကောင်မလေး၏ အချက်အလက်များကို ထုတ်ပြန်ခြင်းသည် အများပြည်သူ အကျိုးစီးပွားအတွက် ဖြစ်သည်။ နိုင်ငံရေးသမား၏ လုပ်ရပ်နှင့် အဆင့်မြင့် ပြည်သူ့ဝန်ထမ်းနေရာတွင် ဆက်လက်ထမ်းဆောင်နိုင်ခြေ အလားအလာကြောင့်ဖြစ်သည်။

ထို့ကြောင့် တရားရုံးအနေဖြင့် နိုင်ငံတရားရုံးသည် စာနယ်ဇင်းသမားများ၏ ပုဒ်မ ၁၀ ပါ အခွင့်အရေးများကို ချိုးဖောက်ခဲ့သည်ဟု တွေ့ရှိသည်။ စာနယ်ဇင်းသမားများကို အစိုးရက လျော်ကြေးပေးရန်နှင့် တရားရုံးစရိတ်ကျခံစေရန် အမိန့်ချလိုက်သည်။

(Dirk Voorhoof, "Flinkkilä a.o. and four other connected cases v. Finland,"
European Court of Human Rights (IRIS Merlin 2010-5:1/2)
www.merlin.obs.coe.int/iris/2010/5/article2.en.html)

သင်ဘယ်လိုထင်ပါသလဲ။ ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းဖြစ်တဲ့ ဥရောပ လူ့အခွင့်အရေး တရားရုံးက နိုင်ငံတရားရုံးတွေရဲ့ ဆုံးဖြတ်ချက်ကို ပယ်ချပြီး အစိုးရကို ဒဏ်ရိုက်တာ မှန်တယ်လို့ ထင်ပါသလား။

သင့်နိုင်ငံမှာရော လူတစ်ဦးချင်းစီရဲ့ ကိုယ်ရေးကိုယ်တာကို အကာအကွယ်ပေးတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ ရှိပါသလား။ ထိုဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေမှာ ဘာတွေပါသလဲ။

---

r&Sfk;

❒

Photo : Lu Seng

Internews
Local voices. Global change.

tykdif2? tcef3

vlYcGifha&;EIwfusm;? robmOujyGifrukd ojzifh&m;vnfaom owif;a&;om;enf

]rD,Dmonf vlYzUpnfukdau;rykdifoz,fxif[yfyonf[kajymavmif&Sonf xkd au;rykdifwif trsdorD,Dm;ukdrnfrlumcP jrifawG&avmif&Sonf owfwGif;Onfhcwif;vnf rnfonfykdzmcf&-onf[laom tcsufrSowif;rsm;wif trsdom;? trsdorD,Dm;ukdtwef;tpm; cjcm;owfrSwfykdzmflrtm; ajymif;vypf&ef&nf&,fonfvlyf&Sruf,D t"dl tm½kdufvkdaqmif;&m jzpfvmonf}

(Mission Possible: A Gender and Media Advocacy Toolkit)

စာမျက်နှာ ၆၄ တွင် မီဒီယာများ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်မှုနှင့် ထိုဆုံးဖြတ်ချက်များက မီဒီယာများနှင့် စာနယ်ဇင်းသမားများကို တစ်ခုခုကို ပြောင်းလဲပစ်နိုင်သည့် စွမ်းအားရရှိပိုင်ဆိုင်ထား အခြေအနေကို ဖော်ပြခဲ့သည်။ မီဒီယာများသည် သတင်းအချက်အလက်များပေးရုံ၊ သတင်းအဖြစ်အပျက်များ၊ လက်ရှိပြဿနာများကို မှတ်တမ်းတင်သတင်းပေးရုံသာ မဟုတ်ပေ။ မီဒီယာများသည် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းဖြင့် လူအများ၏ တွေးတောပုံနှင့် မည်သည့်အရာသည် သဘာဝသာဖြစ်သည်၊ မည်သည့်အရာသည် လက်ခံနိုင်သည်ဟု စဉ်းစားပုံများကို လွှမ်းမိုးနိုင်သည့် အရေးကြီးသည့် အခန်းကဏ္ဍကို ရရှိနေသည်။

သက်ရောက်မှုတစ်ခုရှိသည့် ဆုံးဖြတ်ချက်အမျိုးအစားများတွင် သတင်းအမျိုးအစားရွေးချယ်ခြင်း၊ စကားလုံးနှင့် အသုံးအနှုန်း ရွေးချယ်ခြင်း၊ သတင်းနှင့် တွဲဖက်ဖော်ပြရမည့် ဓာတ်ပုံရွေးချယ်ခြင်း၊ သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားနှင့် အထူးဆောင်းပါး အစီအစဉ်များတွင် နေရာရွေးချယ်ဖော်ပြမှုတို့ ပါဝင်

သည်။ ထိုဆုံးဖြတ်ချက်များအားလုံးသည် စာဖတ်သူ၊ ကြည့်ရှုသူများကို သတင်းစကားများ ပါးနိုင်စေသည့် ဆုံးဖြတ်ချက်ဖြစ်သည်။

ကုလသမဂ္ဂ အမျိုးသမီးများ၏ ဆယ်စုနှစ် (၁၉۷၅-၁၉၈၅) နှင့် နောက်ပိုင်း၊ ၁၉၉၅ ခုနှစ် ပေကျင်းလုပ်ငန်းလမ်းစဉ် ၂ တို့တွင် ကျား၊ မ အခွင့်အရေး မျှတမှုအတွက် မီဒီယာတွင် လုပ်ကိုင်နိုင်စွမ်းရှိ ကြောင်း အသိအမှတ်ပြုခဲ့ကြသည်။

၁၉၉၅ ခုနှစ် ပေကျင်းတွင် ကျင်းပသည့် ကမ္ဘာ့အမျိုးသမီးများညီလာခံသို့ တက်ရောက်ခဲ့သည့် အမျိုးသမီးသောင်းပေါင်းများစွာသည် အမျိုးသမီးများကို ဖိနှိပ်မှုနှင့် ကျား၊ မ မညီမျှမှုများကို မီဒီယာများက ပိုမိုဆိုးရွားစေနိုင်သည့် အခြေအနေလည်းရှိသည်ဟု ဖော်ပြခဲ့ကြသည်။

မီဒီယာသည် ကျား၊ မ မညီမျှမှုများကို လျှော့ချပေးနိုင်မည့် အနေအထားတွင်လည်း ရှိကြောင်း ဆွေးနွေးကြမှုများလည်း ရှိသည်။

ပေကျင်းညီလာခံတွင် ပြောဆိုဆွေးနွေးခဲ့ကြသည့် အထူးအကြောင်းအရာတစ်ရပ်မှာ မီဒီယာ အဖွဲ့အစည်းများ ကိုယ်တိုင်တွင်ပင်လျှင် ကျား၊ မ မညီမျှမှုများ ရှိနေသည်ဟူသည့် အချက်ဖြစ်သည်။

အမျိုးသမီးများသည် ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် ရာထူးများကို ရောက်လာရန် ခဲယဉ်းသည်။

နေရာအတော်များများတွင် အမျိုးသမီး စာနယ်ဇင်းသမားဟူသည်မှာ အနည်းအကျဉ်းသာရှိသည်။

အမျိုးသမီးစာနယ်ဇင်းသမားများကို များသောအားဖြင့် ပေါ့ပေါ့ပါးပါးသတင်းများ၊ (အားကစား သတင်းများမှအပ) အရေးကြီးသည့် အကြောင်းအရာများနှင့် သက်ဆိုင်ခြင်းမရှိသည့် သတင်းများကို ရေးသားရန်သာ တာဝန်ပေးခံရသည်။ အမျိုးသားစာနယ်ဇင်းသမားများက တစ်နေ့တာ အရေးကြီး အဖြစ်အပျက်များဖြစ်သည့် နိုင်ငံရေး၊ ပဋိပက္ခ၊ ဘဏ္ဍာရေးနှင့် မှုခင်းသတင်းများပါဝင်သည့် လေးလေးပင်ပင် သတင်းများ ရေးသားကြသည်။

သတင်းခန်းများအတွင်း အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားမှုများမှာ နေရာအနှံ့တွင် ဖြစ်နေသည်။

CEDAW E[illegible]rrnD[illegible]I

CEDAW သည် စာချုပ်ဝင်နိုင်ငံများကို လိင်အပေါ်အစွဲပြု၍ သိမ်ငယ်အားငယ်ခြင်း သို့မဟုတ် ကြီးစိုးလိုခြင်း သို့မဟုတ် ယောကျ်ား၊ မိန်းမ တစ်သမတ်တည်းပုံစံ အခန်းကဏ္ဍ အတွေးအခေါ် အပေါ် အခြေပြုသည့် ဘက်လိုက်မှုများ၊ ဓလေ့ထုံးတမ်းများနှင့် အခြားအမှုအကျင့်များ ပယောက်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသား၊ အမျိုးသမီးဆက်ဆံမှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုပုံသဏ္ဌာန်များကို ပြောင်းလဲစေသည်။

[CEDAW အပိုဒ် ၅၊ CEDAW နှင့် ပတ်သက်ပြီး ထပ်မံသိရှိလိုပါက စာမျက်နှာ ၃၁ နှင့် စာမျက်နှာ ၁၅၅ ရှိ နောက်ဆက်တွဲ A8 ကိုကြည့်ပါ။]

(၁) "Mission Possible: A Gender and Media Advocacy Toolkit", WACC (London): p. 4 (undated) www.fesmedia.org/fileadmin/files-fesmedia.org/Mission-Possible.pdf(accessed July 15, 2011).

(၂) ကုလသမဂ္ဂ၏ လေးကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးညီလာခံကို စက်တင်ဘာလ ၄ ရက်မှ ၁၅ ရက်အထိ တရုတ်နိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပခဲ့သည်။ ညီလာခံမှ ထွက်ပေါ်လာခဲ့သော ပေကျင်းလုပ်ငန်းလမ်းစဉ်သည် အမျိုးသမီးများအတွက် ပိုမိုညီညွတ်မျှတမှုနှင့် အခွင့်အရေးများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်သည်။ ယခင် ညီလာခံသုံးခုကို မက္ကဆီကိုမြို့တော် (နိုင်ငံတကာ အမျိုးသမီးများနှစ် ၁၉۷၅ ခုနှစ်)၊ ကိုပင်ဟေဂင် (၁၉၈၀) နှင့် နိုင်ရိုဘီ (၁၉၈၅) တို့တွင် ကျင်းပခဲ့သည်။

jyóemrsm;ukodjz&Sif;cif;
trsKd;om;rsm;bufoHk;bufvkdif;cif;

မီဒီယာများတွင် ပါဝင်သည့် သတင်းအများစုမှာ အမျိုးသားများအကြောင်းဖြစ်သလို အမျိုးသားများ၏ ပြောစကားများကို ကိုးကားဖော်ပြသည်။ မည်သည့်နေရာတွင်မဆို တိမ်မြုပ်ပျောက်ကွယ်သွားသည့် အမျိုးသမီးများ၏ အကြောင်းသတင်းများက ထောင်နှင့် သောင်းနှင့် ချီရှိသည်။ ထိုသတင်းမျိုးကို သိရှိလို ပါက အမျိုးသမီးများနှင့် စကားပြောကြည့်ပြီး သတင်းများတွင် အမျိုးသမီးများ၏ အသံများကို ထည့်သွင်း ဖော်ပြရန်သာ အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ယခုအခါ အမျိုးသမီးများ၏ အသံများ၊ အမြင်များကို ဖော်ပြသည့် မီဒီယာများမှာ ပိုပြီး မျှတပြီး ပိုမိုကြွယ်ဝ များပြားလာသည်။

အမျိုးသားများဘက်သို့ ဘက်လိုက်ခြင်းကို ရှောင်ရှားနိုင်သည့် နောက်တစ်နည်းမှာ သတင်းများတွင် အမျိုးသမီးများ၏ အမြင်များကို ထည့်သွင်းနိုင်ရန် ကြိုးစားခြင်းဖြစ်သည်။ ဥပမာအားဖြင့် လက်ရှိအများစု လက်ခံထားသည့် ကျား၊ မဆိုင်ရာ အမြင်နှင့် ပတ်သက်သည့် သတင်းဆောင်းပါး။

jyóemrsm;ukodjdif&m;vnfh&Sif;

အမျိုးသား၊ အမျိုးသမီး စာနယ်ဇင်းသမားများသည် အမျိုးသမီးများကို သက်ရောက်မှုရှိသော ပြဿနာများနှင့် ထိုပြဿနာများက အမျိုးသမီးများကို မတူညီသောပုံစံဖြင့် သက်ရောက်သည့် အခြေ အနေကို သိရှိခြင်း မရှိကြပေ။ ထိုအချက်ကို ကျား၊ မ ကွဲပြားမှုပြဿနာများနှင့် ပတ်သက်သည့် ပညာ ပေးခြင်းနှင့် ကျား၊ မ ဆိုင်ရာ အမြင်သစ်ကို ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ခြင်းတို့ဖြင့် ကုစားနိုင် သည်။

ukodif&mifaysmufrsKd;orD;Dm;

မီဒီယာများသည် အချို့သော အမျိုးသမီးအုပ်စုများကို လျစ်လျူရှုတတ်ပြီး သူတို့သည် အရေးမပါ သလို၊ ထည့်သွင်းပြောဆိုရန် မထိုက်တန်သလိုမျိုး ပြုတတ်ကြသည်။ ဥပမာအားဖြင့် ထိုအမျိုးသမီးအုပ်စု များတွင် သက်ကြီးအမျိုးသမီးများ၊ အလုပ်သမား လူတန်းစားအမျိုးသမီးများ၊ အချို့သော တိုင်းရင်းသား အုပ်စုများမှ အမျိုးသမီးများနှင့် ဆင်းရဲသော အမျိုးသမီးများ ပါဝင်သည်။

usm;?robm0ukodv&m;ao owfwGif;cif;rsm;

မီဒီယာများကို ဝေဖန်ရာတွင် အများဆုံးဝေဖန်ကြသည့် အကြောင်းအရာမှာ အမျိုးသမီးများအားလုံး ကို တရားသေသတ်မှတ်ခြင်းဖြစ်သည်။

တိကျမှု သို့မဟုတ် အမှန်တရားကို လုံးဝထည့်သွင်းစဉ်းစားခြင်းမရှိဘဲ လူအုပ်စုများကို ရှင်းရှင်း ပြတ်ပြတ် ခွဲခြားပုံဖော်ခြင်း ဖြစ်သည်။ ဥပမာအားဖြင့်...

- အမျိုးသားများသည် ဓမ္မဓိဋ္ဌာန်ကျပြီး အမျိုးသမီးများသည် စိတ်ခံစားချက်ကို ရှေ့တန်းတင်သည်။
- လူဖြူများသည် မာနကြီးသည်။
- အလုပ်သမားလူတန်းစားသည် မိုက်မဲသည်။
- HIV/AIDS ဝေဒနာရှင်များသည် ကာမဂုဏ်အမှုကို လိုက်စားသည်။

မီဒီယာသည် ထိုတရားသေသတ်မှတ်မှုများကို ဖော်ပြပါက ထိုသတ်မှတ်ချက်များကို ထောက်ခံပြီး မမျှတမှု၊ လေးစားမှုကင်းမဲ့မှုနှင့် မကောင်းမြင်စိတ်တို့ကို ပိုမိုနက်ရှိုင်းစေသည့် လူထု၏ အမြင်ကို ပုံဖော် နိုင်သည်။

တရားသေသတ်မှတ်မှုများကြောင့် လူများကို အရှိတရားအတိုင်း မမြင်နိုင်တော့။ လင်ပိုင်းဆိုင်ရာ

တရားသေ သတ်မှတ်မှုများကြောင့် အမျိုးသမီးများကို အရှိအတိုင်း မမြင်နိုင်ကြတော့။

လင်ပိုင်းဆိုင်ရာ တရားသေ သတ်မှတ်မှုများကို တွန်းလှန်ခြင်းဖြင့် မီဒီယာများသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေပါ တာဝန်ဝတ္တရားများကို ထမ်းဆောင်ဖြည့်ဆည်းခြင်းဖြစ်သည်။ လင်ပိုင်းဆိုင်ရာ တရားသေ သတ်မှတ်မှုများကို တွန်းလှန်နိုင်သည့် မီဒီယာသည် အစိုးရများအား ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို လင်ပိုင်းဆိုင်ရာ ခြားနားမှုများကို လေးစားတန်ဖိုးထားလျက် ဖြည့်ဆည်းပေးရန် ထိန်းကျောင်းမောင်းနှင်နိုင်သည့် အလားအလာပိုကောင်းသည်။

vufrwkd tokyd;fr;sm;

မီဒီယာများသည် အမျိုးသမီးများကို အမျိုးသားများ ကြည့်ရှုအပန်းဖြေရန်အတွက် လင်ပိုင်းဆိုင်ရာ အသုံးခံပစ္စည်းများအဖြစ် မကြာခဏ ဖော်ပြလေ့ရှိကြကြောင်း လေ့လာချက်အတော်များများတွင် ဖော်ပြထားသည်။

သတင်းများ၊ ဆောင်းပါးများ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် ကြော်ငြာများတွင် အသုံးပြုသော ရုပ်ပုံများမှာ အမျိုးသမီးများ၏ ခန္ဓာကိုယ်၊ အဝတ်အစားနှင့် အသွင်အပြင်ကိုသာ ဦးစားပေးဖော်ပြကြသည်။ အမျိုးသမီးများသည် လူ့အဖွဲ့အစည်းအတွက် အခြား ဘာမှ စွမ်းဆောင်နိုင်ရန်မရှိ၊ အမျိုးသမီးများသည် လက်တွေ့မကျသော၊ မလိုလားအပ်သော စံနှုန်းများအောက်တွင်သာ နေထိုင်ရမည်ဟူသည့် ယူဆချက်များ ကြောင့် ဖြစ်ပုံရသည်။

vGefvyfw&m;rwyovm;

2003 ESpfwufawmfrsm;ud 12 EkdifhvhwqufSkdyfESpfk

"တောင်အာဖရိက မီဒီယာများ အထူးသဖြင့် ပုံနှိပ်မီဒီယာများတွင် အမျိုးသမီးများသည် ပါဝင်သင့်သည်ထက် လျော့နည်းပါဝင်ကြသည်။ အမျိုးသမီးစာနယ်ဇင်းသမားများသည် ပေါ့ပေါ့ပါးပါးသတင်းနယ်ပယ်များတွင်သာ တာဝန်ချထားခံရလေ့ရှိပြီး ကျား၊ မ မမျှတမှုနှင့် လင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အပါအဝင် ဘယ်နယ်ပယ်တွင်မှ ကြီးမားသည့်အခန်းကဏ္ဍတွင် ပါဝင်နိုင်ခြင်းမရှိကြ။ သို့သော် စာနယ်ဇင်းလုပ်ငန်းခွင်တွင် အခြားနယ်ပယ်များထက် အထက်ပါ နယ်ပယ်နှစ်ခုတွင် နေရာပိုရသည်။ ရုပ်ပုံများ၊ ဂရပ်ဖစ်ပုံများ၊ ကာတွန်းများနှင့် အတွေးအမြင်ဆောင်းပါးများ ဖန်တီးရသည့် စာနယ်ဇင်းလုပ်ငန်း၏ အရေးကြီးသည့် အစိတ်အပိုင်းများတွင်လည်း အနည်းငယ်သာ ပါဝင်နိုင်သည်။ အမျိုးသမီး သတင်းထောက်များနှင့် အမျိုးသမီး သတင်းရင်းမြစ်များအကြား အချိတ်အဆက်ကို လေ့လာကြည့်သည့်အခါ သက်ဆိုင်ရာ နယ်ပယ်အလိုက် အမျိုးသမီးသတင်းထောက်အင်အား များများရှိပါက ထိုနယ်ပယ်များအတွင်း မီဒီယာ ဖော်ပြချက်များတွင် အမျိုးသမီးများ၏ အသံပိုမိုပါဝင်နိုင်ကြောင်း တွေ့ရသည်။ သို့သော် အမျိုးသားသတင်းထောက်များကလည်း ကျား၊ မ မညီမျှမှုနှင့် လင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအကြောင်း ရေးသားလာကြခြင်းမှာ အပေါင်းလက္ခဏာဖြစ်ပြီး သင်တန်းများ ပို့ချပေးခြင်းဖြင့် ပိုမိုအားကောင်းအောင် ဆောင်ရွက်ရမည်"

"သတင်းများတွင် အမျိုးသမီးများ၏ အသံများကို ဖော်ပြခံရမှု နည်းပါးပြီး အချို့နယ်ပယ်များတွင်မူ လုံးဝနီးပါးပျောက်ဆုံးနေသည်။ ပုံနှိပ်မီဒီယာများတွင်ရော အီလက်ထရောနစ်မီဒီယာများတွင်ပါ သက်ကြီးအမျိုးသမီးများကို မမြင်ကြရ။ နိုင်ငံရေးနှင့် စိုက်ပျိုးရေးကဲ့သို့သော သက်မွေးဝမ်းကျောင်းလုပ်ငန်းခွင်များတွင် အမျိုးသမီးများ၏ အသံကို ကြားပင်မကြားရဟု ဆိုနိုင်သည်။ ကျား၊ မ မညီမျှမှု လွဲပြီး အမျိုးသမီးများ၏ အသံလွှမ်းမိုးမှုရှိသော နယ်ပယ်များမှာ ခန္ဓာကိုယ်၊ အိမ်နှင့် အလှအပတို့နှင့် သက်ဆိုင်ပြီး စိတ်၊ စီးပွားရေးနှင့် နိုင်ငံရေးတို့နှင့် မသက်ဆိုင်လှပေ"

("Gender in the media: baseline study", Media Institute of Southern Africa (MISA) and Gender Links (Johannesburg, 2003)www.misa.org/researchandpublication/gendermedia/baseline-study.pdf)

vdyfqkdif&mw&m;aoowfrSwfrsm;

ယေဘုယျအားဖြင့် အမျိုးသမီးများသည် မိခင်များဖြစ်သည်။ အိမ်ထောင်ထိန်းသိမ်းသူများဖြစ်သည်။ အားနဲ့သည်၊ ရိုကျိုးသည်၊ ကရုဏာသက်ဖွယ်ဖြစ်သည်၊ တွေးခေါ်မြော်မြင်နိုင်မှုအပိုင်းတွင် အမျိုးသားများလောက် အားမကောင်း စသဖြင့် တရားသေ သတ်မှတ်တတ်ကြသည်။ မိန်းကလေးငယ်လေး တစ်ယောက်ဟုဆိုလျှင် ဖြူစင်ပြီး အပျိုစင်ဖြစ်နေရမည်ဟု ယူဆကြသည်။

အကယ်၍ အမျိုးသမီးတစ်ယောက်သည် ထိုနည်းအတိုင်း မနေထိုင်ပါက အစွန်းရောက်သူဟု သတ်မှတ်သည်။ ဥပမာအားဖြင့် လမ်းပေါ်က ကလေးငယ်များကို စောင့်ရှောက်ကူညီရသည့် အမျိုးသမီးဆရာဝန်တစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို ဦးဆောင်နေသည့် အမျိုးသမီးတစ်ယောက်ကို နတ်သမီးတစ်ပါး သို့မဟုတ် သူတော်စင်တစ်ပါးအဖြစ် ဖော်ပြကြသည်။ သူ့အလုပ် သူလုပ်သည့် ပညာရှင်လို့ မယူဆကြ။ အမျိုးသားတစ်ယောက်ကို အမျိုးသမီးတစ်ယောက်က စိန်ခေါ်လျှင် ထိုအမျိုးသမီးကို သဘာဝမကျဟု ဖော်ပြကြသည်။ အိမ်ထောင်ရှင်မဟုတ်ဘဲ လင်ပိုင်းဆိုင်ရာ စိတ်ဝင်စားမှုရှိသည့် အမျိုးသမီးကို အပြစ်သားသဖွယ် ပုံဖော်သည်။

pEdkifEpfESifG

မီဒီယာများတွင် လင်အမှုပြုသည့် ဆယ်ကျော်သက်ကောင်လေးတစ်ယောက်ကို အမျိုးသားတစ်ဦးဟု ဖော်ပြသည်။ အလားတူပြုလုပ်သည့် ဆယ်ကျော်သက်ကောင်မလေးကို ပေါ့ပျက်သူဟု သတ်မှတ်သည်။ သူ့ကလေးကို စွန့်ပစ်သည့် အမျိုးသားကို လူဆိုး၊ တာဝန်သိစိတ်မရှိသူဟုသာ ရိုးရိုးရှင်းရှင်းဖော်ပြသည်။ သူ့ကလေးကို စွန့်ပစ်သည့် အမျိုးသမီးကိုမူ သဘာဝလွန် ဆိုးသွမ်းသူအဖြစ် ပုံဖော်သည်။

tudwfonftjzpftysufrsm;ukodwifa&;omjcif

ဖော်ပြခဲ့ပြီးသည့်အတိုင်းပင် အမျိုးသမီးများသည် အဆိုးရွားဆုံး လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရင်ဆိုင်ရသည်။ ထိုချိုးဖောက်မှုများတွင် အိမ်တွင်းအကြမ်းဖက်မှု၊ အဓမ္မပြုကျင့်မှုနှင့် အခြားလင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများစသည့် အကဲဆတ်သည့် အဖြစ်အပျက်များ ပါဝင်သည်။ မီဒီယာဖော်ပြချက်များသည် ထိုအတွေ့အကြုံများကို နားလည်မှုရှိရှိ ဖော်ပြခြင်းမျိုးမရှိဘဲ ထိုမှုခင်းများအတွက် အမျိုးသမီးများသည် တာဝန်ရှိသည်ဟုပင် ဖော်ပြတတ်ကြသေးသည်။

rSwfpkm;

'Dru[EGSukqwkd&a&;lunhf;
w&m;aoowfSfrsm;ukwe,fvsif;

တရားသေသတ်မှတ်မှုများကို လက်ဆင့်ကမ်း သင်ယူသယ်ဆောင်လာကြခြင်းဖြစ်သည်။ သီချင်းများ၊ စကားပုံများ၊ ဘာသာရေးများ၊ ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးတမ်းများ စသည်ဖြင့် နေရာစုံတွင် ရှိသည်။ ထိုသတ်မှတ်ချက်များသည် ဆိုးကျိုးကို သက်ရောက်စေနိုင်သည်။ ဘက်လိုက်မှုကို ရှောင်ရှားပြီး ဆိုးကျိုးသက်ရောက်မှု မရှိစေရန်အတွက် ကိုယ့်ကိုယ်ကိုယ် သိမြင်နေရန် လိုအပ်ကြောင်း စာမျက်နှာ ၆၄ တွင် ဆွေးနွေးခဲ့ပြီးဖြစ်သည်။ တရားသေ သတ်မှတ်မှုများကို တွန်းလှန်နိုင်ရန် စာနယ်ဇင်းသမားများ ကိုယ်တိုင်သည် အရင်ဆုံး မိမိကိုယ်တိုင်၏ တရားသေသတ်မှတ်မှုများကို တွန်းလှန်ရန် လိုအပ်သည်။ ကိုယ်ကိုယ်တိုင်၏ တရားသေသတ်မှတ်မှုများကို သိရှိထားမှသာလျှင် လူ့အဖွဲ့အစည်း၏ တရားသေသတ်မှတ်မှုများကို သိရှိလာနိုင်မည်ဖြစ်သည်။

ukqfwd&m;aoowfSfrsm;ukqifqkdif;

ကိုယ့်ယဉ်ကျေးမှုထဲမှာရှိပြီး အမှန်လို့လည်း ယုံကြည်နေတဲ့ အမျိုးသမီး၊ အမျိုးသားကွာခြားချက်နှင့် ပတ်သက်သည့် အများစုလက်ခံသည့် အမြင်အချို့ကို ဖော်ပြပါ။

အမျိုးသားများသည် **အမျိုးသမီးများသည်**

cjcB;qufqHkpdkponfazmifycsufrsm;EGSpum;vkHokHEdkifrsm;

အမျိုးသမီးများကို ဖော်ပြသည့်ပုံစံမှာ မကြာခဏ ခွဲခြားဆက်ဆံမှုကို ဖြစ်စေသည်။ ဥပမာအားဖြင့် အမျိုးသမီးများကို "မိန်းကလေးများ" ဟု ဖော်ပြကြလေ့ရှိသည်။ ထိုသို့ဖော်ပြခြင်းသည် အမျိုးသမီးများကို အတွေ့အကြုံမရှိသော လုပ်နိုင်ကိုင်နိုင်မရှိသောသူများအဖြစ် ပုံပေါ်စေသည်။ စစ်ပွဲနှင့် ပဋိပက္ခသတင်းများတွင် အမျိုးသမီးဒုက္ခသည်များ သို့မဟုတ် အကြမ်းဖက်ခံရသူများကို အသားပေးဖော်ပြလေ့ရှိသည်။ အမျိုးသမီးများသည် စစ်ပွဲများတွင် အခွင့်အရေး ကြီးကြီးမားမား ချိုးဖောက်ခံရသူများဖြစ်သည်။ ထိုအချက်ကို ဂျနီဗာသဘောတူစာချုပ်နှင့် ရောမပြဋ္ဌာန်းစာချုပ် (စာမျက်နှာ ၁၀၁ ကိုကြည့်ပါ) စသည့် နိုင်ငံတကာစာချုပ်များတွင်လည်း အသိအမှတ်ပြုထားပြီး ဖြစ်သည်။ သို့သော် စစ်တပ်များတွင် ဝင်ရောက်တိုက်ခိုက်နေသည့် အမျိုးသမီးများစွာ ရှိနေသေးသည်ကိုလည်း သတိပြုရမည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပြဿနာများတွင် အမျိုးသမီးများသည် "ဒုက္ခကို ခါးစည်းခံနေရသူများ" အဖြစ် ပုံဖော်ခံရသည်။ အမျိုးသမီးများ ဒုက္ခခံရသည်မှာ မှန်ပါသည်။ သို့သော် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များကို ကယ်ထုတ်ခဲ့ရသည့် သူရဲကောင်းဆန်ဆန် လုပ်ရပ်များလည်း ရှိနေပါသေးသည်။ လူသားချင်း စာနာထောက်ထားမှု ရယူရန်အထိ လိုအပ်လာသည့် အခြေအနေများတွင် အမျိုးသမီးများ၏ အတွေ့အကြုံနှင့် ချဲ့ထွင်ဖန်တီးနိုင်စွမ်းကြောင့် ဆက်လက်အသက်ရှင်ရပ်တည်နိုင်ရေးမှာ ခိုင်မာလာကြရခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပဋိပက္ခလွန် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အရေးကြီးသည့် အခန်းကဏ္ဍများမှ ပါဝင်သည်။ သူတို့ကို သားကောင်များအဖြစ်သာ ဖော်ပြခြင်းသည် လူ့အဖွဲ့အစည်းအတွင်း သူတို့၏ အခန်းကဏ္ဍကို လျှော့ချမှိန်ဖျော့ပစ်ခြင်းသာဖြစ်သည်။

နမူနာသတင်းခေါင်းစဉ်တချို့ဖြစ်ပါသည်။ ထိုသတင်းခေါင်းစဉ်များ၏ ပြဿနာများကို ဖော်ပြမှတ်ချက်ပြုပါ။

သတင်းခေါင်းစဉ် **အရေးအသားဆိုင်ရာပြဿနာ**

ရွှေအိုရောင်ဆံပင်ပိုင်ရှင် အလှပဂေး သီချင်းဆိုပြိုင်ပွဲတွင်
အနိုင်ရ
ကလေးသုံးယောက်အမေ ချစ်သူနောက်လိုက်ပြေး
အမျိုးသမီးယာဉ်မောင်းတစ်ဦး နံရံကို ဝင်တိုက်
ဆယ်ကျော်သက် အပျိုစင်မိန်းကလေး လမ်းပေါ်တွင်
လည်ပင်းညှစ်အသတ်ခံရ
ရာထူးကြီးရသွားတဲ့ မော်ဒယ်လ်ဟောင်း

ကိုယ့်သတင်းရေးသားမှုကို ပြန်သုံးသပ်ကြည့်ပါ။
သင်အင်တာဗျူးဖူးသည့် အမျိုးသမီး ''ကျွမ်းကျင်ပညာရှင်များ''၏ ရာခိုင်နှုန်းကို ဖော်ပြပါ။

❒



Photo : Shin Thandar

Internews
Local voices. Global change.

t ykd;f2? t cef;4

vlYcGifha&; tjiif;ykH;GJ&mrsm;

အမှတ်လက္ခဏာများ၊ ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးစံများ ကွဲပြားမှုရှိနေသည့် ကမ္ဘာပေါ်တွင် လူ့အခွင့်အရေးကို မည်သည့်နေရာတွင်မဆို လက်ခံနိုင်ကြပါ့မလား။ လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများ၏ နောက်ကွယ်တွင် ထိုမေးခွန်းက ရှိနေသည်။

အခန်း ၂၊ အပိုင်း ၂၊ စာမျက်နှာ ၆၅ တွင် သတင်းတန်ဖိုးများအကြောင်း ဆွေးနွေးခဲ့ကြသည်။ အရေးကြီးဆုံး သတင်းတန်ဖိုးများအနက်မှ တစ်ခုမှာ ဆိုးကျိုးထိခိုက်မှုကို အနည်းဆုံး လျှော့ချနိုင်ရန် အလေးထားမှုဖြစ်သည်။ ဆိုးကျိုးသည် စာမျက်နှာ ၆၆ တွင်ဖော်ပြထားသည့် ရဝမ်ဒါ ဥပမာတွင်ကဲ့သို့ တမင်ရည်ရွယ်ပြီး ပြုလုပ်နိုင်သည်လည်း ရှိသလို တမင်ရည်ရွယ်ချက်မရှိဘဲ ပြုလုပ်နိုင်သည်လည်း ရှိသည်။ မလိုလားအပ်ဘဲ ဆိုးကျိုးသက်ရောက်မှုကို လျှော့ချနိုင်ရန်အတွက်မူ သတင်းအပေါ် လူများက မည်သို့ တုံ့ပြန်ကြမည်ကို ခန့်မှန်းနိုင်ရန်လိုအပ်သည်။ ထို့အတွက် စာဖတ်သူများ၊ ကြည့်ရှုနားဆင်သူများ၏ ယဉ်ကျေးမှုနှင့် တန်ဖိုးထားမှုများကို နားလည်ထားရန် လိုအပ်သည်။ သူတို့၏ လူ့အခွင့်အရေးကို သိရှိမှု ရေချိန်မည်မျှရှိသလဲ သိရှိထားရန် လိုအပ်သည်။ လူ့အခွင့်အရေးကို လက်ခံသလား၊ လက်မခံသလား သိရှိရန်လိုအပ်သည်။ အထူးသဖြင့် အငြင်းပွားမှုဖြစ်လေ့ရှိသော အကြောင်းအရာများရှိပါသလား သိရှိထားရန် လိုအပ်သည်။

သတင်းအနှံ့ခံကောင်းမှုနှင့် ပတ်သက်ပြီး စာမျက်နှာ ၆၆ တွင် ဆွေးနွေးခဲ့ကြသည်။ ရေးလို့ရကောင်းသည့် သတင်းတစ်ပုဒ်ကို သုံးသပ်စဉ်းစားကြည့်ရာတွင် မေးကြည့်ရမည့် အဓိကမေးခွန်းတစ်ခုမှာ ဒီကိစ္စနဲ့ ကိုယ့်အကြားက ဆက်နွယ်မှုက ဘာလဲ၊ ကိုယ့်အကျိုးစီးပွားရဲ့ မောင်းနှင်မှုက ဘယ်လောက်ပါသလဲ၊ ဘယ်တန်ဖိုးထားမှု၊ ယုံကြည်မှု၊ ဆက်နွယ်မှုက ကိုယ့်ကို လွှမ်းမိုးနေသလဲဆိုတဲ့ မေးခွန်းဖြစ်သည်။

ကိုယ့်ရဲ့ ကိုယ်ပိုင်တန်ဖိုးထားမှုနှင့် ယုံကြည်မှုများအကြောင်း ဓမ္မဓိဋ္ဌာန်ကျကျ တွေးတောသုံးသပ်နိုင်စွမ်းသည် သတင်းနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်များ ပြုလုပ်ရာတွင်သော်လည်းကောင်း၊ မရည်ရွယ်ဘဲ ဆိုးကျိုးသက်ရောက်မှုများ မရှိအောင် ရှောင်ရှားရန်အတွက်သော်လည်းကောင်း မဖြစ်မနေ လိုအပ်လှသည်။

လူ့အခွင့်အရေးသည် အငြင်းပွားဖွယ်ဖြစ်သည်။ အခက်အခဲ အကျပ်အတည်းတွေ ကြားထဲကနေ တစ်ဆင့် ပေါက်ဖွားလာခဲ့သည့် လူ့အခွင့်အရေးဖြစ်သည်။ ယခုအထိလည်း အခက်အခဲတွေက ပြီးဆုံးမသွားကြသေး။

UDHR ပေါ်ထွက်ခဲ့ပြီးနောက်တွင် လူ့အခွင့်အရေးစာချုပ်ပေါင်းများစွာ အတည်ပြုခဲ့ကြပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခွင့်အရေးများ၊ နှိပ်စက်ခြင်းနှင့် ကြမ်းတမ်းစွာ ပြစ်ဒဏ်ပေးခြင်းမှ လွတ်ကင်းခွင့်များ၊ ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်များ၊ နိုင်ငံရေးခိုလှုံခွင့်များ စသည်တို့ကို ရှင်းလင်းဖော်ပြခဲ့ကြသည်။ သို့သော် ထိုစာချုပ်များကို နိုင်ငံအားလုံးက လက်မှတ်ထိုးထားကြခြင်းမဟုတ်ပေ။ တစ်ခါတစ်ရံတွင် သဘောမတူညီမှုက တစ်ဆင့် အကြမ်းဖက်မှုတွေအထိ ဖြစ်လာတတ်သေးသည်။

လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး သက်အလုပ်ခွင်တွင် ကြုံတွေ့ကောင်း ကြုံတွေ့ရနိုင်မည်ဖြစ်သည့် အငြင်းပွားမှုများနှင့် သဘောထားကွဲလွဲမှုများထဲမှ အချို့ကို ရွေးချယ်ဖော်ပြသွားပါမည်။ ထိုအချက်များကို သိထားခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းမှု၊ မလိုလားအပ်ဘဲ ဆိုးကျိုးသက်ရောက်မှုတို့ကို ပြုလုပ်နိုင်ပါလိမ့်မည်။

b,fMr[Ç]DJ

အမှတ်လက္ခဏာများ၊ ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးစံများ ကွဲပြားမှုရှိနေသည့် ကမ္ဘာပေါ်တွင် လူ့အခွင့်အရေးကို မည်သည့်နေရာတွင်မဆို လက်ခံနိုင်ကြပါ့မလား။ လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများ၏ နောက်ကွယ်တွင် ထိုမေးခွန်းက ရှိနေသည်။

အခြေအနေနှစ်ခုရှိသည်။ 'တစ်ကမ္ဘာလုံးလွှမ်းခြုံရေးသမားများ' က လူ့အခွင့်အရေးသည် မည်သည့်ကမ္ဘာ့အရပ်ဒေသကိုမဆို သက်ရောက်သင့်သည်ဟု ဆိုသည်။ 'ယဉ်ကျေးမှုနှင့် ဆက်စပ်ရေးသမားများ' က ယဉ်ကျေးမှုကွဲပြားခြင်းကို ထည့်သွင်းစဉ်းစားရမည်ဟု ဆိုသည်။

ယဉ်ကျေးမှုနှင့် ဆက်စပ်ရေးသမားများက လူ့အခွင့်အရေးကို အနောက်နိုင်ငံများက ဖန်တီးထားခြင်းဖြစ်ပြီး အနောက်တိုင်းကျင့်ဝတ်များကို အခြေခံသည်ဟုဆိုသည်။ ထို့ကြောင့် မတူညီသည့် သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့်များရှိနေသော အနောက်နိုင်ငံမဟုတ်သည့် လူ့အဖွဲ့အစည်းများတွင် အသုံးပြု၍မရဟု ဆိုကြသည်။

]zEbolvufxut m;taumifqkvufeufu zEbcawG&pOfy}
(awmifttmz&d ttom;ta&mifcGJcm;rIwkdufzsufa&;wufu vIy&Sopwz0f bD;
bD;bDon1977 cESfwifawmifttmz&d vkSa&;&\ Efbufa[u[ifttoufqkSon)

]vlYcifta&; wpfurÇvkH vTrfcHrIroibl/ vlYcifta&;ukdaemufuvmw,faj rmufu vmw,f vkNw;wjynfbk&,fvkN nfr&Sbl/ t'Dvdkif;w
t'Daw;wmu olwkwac if;aqmifawyzpaewwfw,f}
(ukDeefukvor*$wifa&;rSiyf1997-2006)

ထိုအချက်ကို ချေပသည့်အနေဖြင့် တစ်ကမ္ဘာလုံး လွှမ်းခြုံရေးသမားများက လွတ်လပ်မှုနှင့် လုံခြုံမှုကဲ့သို့သော စံနှုန်းများသည် လူသားအားလုံးကို လွှမ်းခြုံမှုရှိရမည်ဟု ဆိုသည်။ ယဉ်ကျေးမှုနှင့် ဆက်စပ်ရေးသမားများ၏ ငြင်းဆိုချက်များကို သူတို့က ဝေဖန်သည်။ သူတို့က ထိုငြင်းဆိုချက်များသည် လူ

နည်းစုအုပ်စုများကို ဖိနှိပ်ရန် သို့မဟုတ် ဆိုးကျိုးများသော ယဉ်ကျေးမှုထုံးစံများကို ကာကွယ်ရန်အတွက် အကြောင်းပြချက်ရှာခြင်းဟု သူတို့က ရှုမြင်သည်။

အောက်ပါဖြစ်ရပ်များသည် တစ်ကမ္ဘာလုံးလွှမ်းခြုံရေးသမားများနှင့် ယဉ်ကျေးမှုနှင့် ဆက်စပ်ရေးသမားများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများအနက်မှ နမူနာများဖြစ်သည်။

- ၂၀၁၀ ခုနှစ်တွင် ဥရောပနှင့် အမေရိကန်သည် ထောင်ချထားသည့် လိင်တူဆက်ဆံသူများကို လွှတ်ပေးရန် မာလာဝီနိုင်ငံကို ဖိအားပေးခဲ့သဖြင့် အာဖရိကနိုင်ငံများ ဒေါသအိုးပေါက်ကွဲကုန်ကြသည်။ အာဖရိကနိုင်ငံများမှ ပြည်သူအချို့က လိင်တူဆက်ဆံမှုသည် အာဖရိကယဉ်ကျေးမှုတွင် ပါဝင်ခြင်းမရှိသဖြင့် ဥပဒေဖြင့် ကွပ်ညှပ်သင့်သည်ဟု ယူဆကြသည်။
- ထိုသို့ပြုလုပ်ရသည့် အကြောင်းပြချက်များမှာ တစ်ခါတစ်ရံ ဘာသာရေးအတွက်ဖြစ်ပြီး တစ်ခါတစ်ရံ ယဉ်ကျေးမှုအရဖြစ်သည်။ သို့သော် ထိုသို့ပြုလုပ်ခြင်းကို နိုင်ငံတကာအသိုင်းအဝိုင်းအတော်များများက အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခွင့်အရေးကို ချိုးဖောက်မှုအဖြစ် လက်ခံထားပြီး ဥပဒေပြဋ္ဌာန်းတားဆီးသည့် နိုင်ငံအချို့ပင် ရှိသည်။
- ရှာရီယာဥပဒေကို ကျင့်သုံးသည့် တချို့သော မွတ်စလင်ဒေသများတွင် နိုင်ငံတကာ လူ့အခွင့်အရေး လှုပ်ရှားမှုများနှင့် အငြင်းပွားမှုများ ဖြစ်ရသည်မှာ မကြာခဏပင်ဖြစ်သည်။ ဥပမာအားဖြင့် ၂၀၀၀ ပြည့်နှစ်နှောင်းပိုင်းတွင် နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ဇမ်ဖာရာပြည်နယ်မှ အသက် ၁၃ နှစ်၊ ၁၄ နှစ်ခန့်ရှိသော လက်မထပ်ရသေးသည့် မိန်းကလေးတစ်ယောက်သည် လိင်ဆက်ဆံမှုပြုသည်ဟု စွပ်စွဲခံရသည်။ ဇမ်ဖာရာသည် ရှာရီယာဥပဒေကို တိတိကျကျ အဓိပ္ပာယ်ကောက်ကာ လိုက်နာကျင့်သုံးသော ပြည်နယ်ဖြစ်သဖြင့် မိန်းကလေးကို ကြိမ်ဒဏ်ချမှတ်သည်။ ထိုဖြစ်စဉ်အတွက် နိုင်ငံတကာ အငြင်းပွားမှုဖြစ်ပွားခဲ့ပြီး "ကလေးသူငယ်"ဟူသည့် စကားလုံးကို အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် "ရက်စက်သော၊ ပုံမှန်မဟုတ်သော သို့မဟုတ် လူသားအဖြစ်ကို လျော့ကျစေသော အပြစ်ပေးမှု" ကို အဓိပ္ပာယ်ဖွင့်ဆိုမှုမျိုးစုံတို့ကို ဆွေးနွေးငြင်းခုံခဲ့ကြသည်။
- ကျား၊ မ တန်းတူညီမျှရှိရေးသည် အငြင်းပွားဖွယ်ဖြစ်သည်။ ကမ္ဘာ့ဒေသအတော်များများတွင် မိန်းကလေးများသည် ယောကျ်ားလေးများနှင့် တန်းတူပညာရေး မရရှိပေ။
- ကင်ညာနှင့် တန်ဇန်နီးယားတို့ရှိ မာဆိုင်းလူ့အဖွဲ့အစည်းများတွင် မိဘများသည် ကလေးများကို ကျောင်းမလွှတ်ချင်ကြ။ ထိုနှစ်နိုင်ငံစလုံးတွင် မူလတန်းပညာရေးသည် မသင်မနေရဖြစ်သည်။ ထိုမာဆိုင်းလူမျိုးများက ယောကျ်ားလေးများ၏ အလုပ်သည် နွားကျောင်းရန်ဖြစ်ပြီး မိန်းကလေးများ၏ အလုပ်သည် အိမ်ကို ကူရန်ဖြစ်သည်ဟု ယုံကြည်ကြသည်။ ၄င်းသည်ပင် လုံလောက်သော ပညာရေးဖြစ်သည်ဟု သူတို့က ယုံကြည်သည်။ ထိုအချက်သည် ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်ကို ဖောက်ဖျက်နေသည် မဟုတ်ပါလား။
- မသန်စွမ်းသူများသည် အခြားသူများနည်းတူ တန်းတူအခွင့်အရေးများ ရရှိပိုင်ခွင့်ရှိပါသလား။ မိသားစုများနှင့် ရပ်ရွာဒေသအတော်များများသည် ထိုအချက်ကို သဘောမတူကြ။ မသန်စွမ်းကြသူများ၊ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ ချို့တဲ့သူများကို လူမြင်ကွင်းတွင် မထား၊ လူရာမသွင်းကြ။
- အချို့သော လူ့အဖွဲ့အစည်းများတွင် အမျိုးသမီးများသည် အမွေဆက်ခံခွင့် သို့မဟုတ် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် မရှိ။ ထိုအချက်သည် အမျိုးသမီးများ၏ အခွင့်အရေးကို ချိုးဖောက်ပါသလား။ သို့မဟုတ် ထိုလူ့အဖွဲ့အစည်း၏ နေထိုင်မှုပုံစံအရဆိုရင် ထိုအချက်သည် တရားဝင်ပြီး လက်ခံနိုင်စရာရှိပါသလား။

တစ်ကမ္ဘာလုံး လွှမ်းခြုံရမည်ဟု ထုတ်ဖော်ပြောဆိုလျက် လူ့အခွင့်အရေးမြှင့်တင်ခြင်းကို "နယ်ချဲ့လက်သစ်"အဖြစ် မကြာခဏ ကင်ပွန်းတပ်ခံရလေ့ရှိသည်။ တိတိပပဆိုရသော် "အမေရိကန် နယ်ချဲ့ခြင်း" သို့မဟုတ် "အနောက်နိုင်ငံများ၏ နယ်ချဲ့ခြင်း" ဟု ဆိုကြသည်။ သင်ရော ဘယ်လိုထင်ပါသလဲ။

tcGifha&; tm;vkwu , f&m wh|uy|&Dm;

အခွင့်အရေးများ တန်းတူညီတူမှုကို ကြေညာမောင်းခတ်ရန် ကြိုးစားမှုများရှိခဲ့သော်လည်း ဘယ်အခွင့်အရေးတွေလဲ ဆိုတဲ့အပေါ်မှာ ငြင်းခုံကြတာတွေက ရှေ့တန်းရောက်လာသည်။

ဆင်းရဲသောနိုင်ငံများတွင် အစိုးရသည် အရင်းအမြစ်တွေကို ခွဲဝေရန် ဘယ်လို ဆုံးဖြတ်ချက်ချကြပါသနည်း။ လူ့အခွင့်အရေးတစ်ခုဖြစ်တဲ့ ကျန်းမာရေးမှာ ပိုသုံးမလား။ အလားတူ လူ့အခွင့်အရေးဖြစ်တဲ့ ပညာရေးမှာပဲ ပိုသုံးမလား။

ဘယ်အရာက ပိုအရေးကြီးသနည်း။ အများပြည်သူ၏ သတင်းအချက်အလက် ရရှိပိုင်ခွင့်နှင့် တစ်ဦးစီ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ လုံခြုံပိုင်ခွင့် ဘယ်အရာက ပိုအရေးကြီးသနည်း။ နိုင်ငံအများစုတွင် အစိုးရများ၊ စီးပွားရေးလုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများက လူတစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာ လုံခြုံခွင့် အား ချိုးဖောက်ခြင်း မပြုစေရန် အကာအကွယ်ပေးထားသည့် ဥပဒေများရှိသည်။ သို့သော် ကိုယ်ရေးကိုယ်တာ လုံခြုံမှုနှင့် သိရှိပိုင်ခွင့် ဘယ်အရာက ပိုအရေးကြီးသည်ဟူသည့်အချက်မှာ အငြင်းပွားဖွယ်ဖြစ်ပြီး တရားစွဲဆိုမှုများစွာတွင် ငြင်းခုံနေကြရဆဲဖြစ်သည်။

အဝါရောင်သတင်းစာများဟုလည်း ခေါ်ဝေါ်ကြသည့် အတင်းအဖျင်းသတင်းစာများသည် မစားရဝခမန်း အရှုပ်အထွေးများနှင့် အတင်းအဖျင်းများအပေါ် အခြေပြုပြီး ရပ်တည်ရှင်သန်နေကြခြင်းဖြစ်သည်။ အတင်းအဖျင်းသတင်းထောက်များသည် သတင်းရရန်အတွက် နာမည်ကြီးများနှင့် နိုင်ငံရေးသမားများကို အမဲလိုက်ကြသည်။ သူတို့အိမ်ရှေ့တံခါးဝတွင် တပ်စွဲထားကြရသည်။ လမ်းတွေပေါ် တောက်လျှောက်လိုက်ရသည်။ (နာမည်ကြီးပုဂ္ဂိုလ်တွေရဲ့ ကန့်လန့်ကာနောက်ကွယ်က ဓာတ်ပုံတွေ ရိုက်ရတဲ့ ဓာတ်ပုံဆရာများ ဖြစ်သည့်) "ပါပါရာဇီ"များသည် အင်အားကောင်းသည့် ကင်မရာမှန်ဘီလူးများကို သုံးလျက်၊ သစ်ပင်ပေါ် တက်လျက်၊ ပြတင်းပေါက်များကို ဖြတ်လျက် ဓာတ်ပုံများ ရိုက်ယူကြသည်။ သူတို့ကာကွယ်ပြောဆိုကြသည့် အချက်များမှာ သူတို့ဓာတ်ပုံရိုက်ယူသောသူများသည် အများပြည်သူနှင့် သက်ဆိုင်သောသူများဖြစ်သည်။ သူတို့လုပ်ရှားမှုများသည် အများပြည်သူ၏ အကျိုးစီးပွားနှင့် သက်ဆိုင်နေသည်ဟု ဆိုကြသည်။ နာမည်ကြီးများသည်သူတို့နောက် စာနယ်ဇင်းသမားများ မလိုက်နိုင်အောင် တရားရုံးအမိန့်ဖြင့် တားမြစ်ကြရသည်။ သို့သော် ထိုသို့သော တားမြစ်မိန့် လျှောက်ထားခြင်းအတွက်ပင် ပြင်းပြင်းထန်ထန် ဝေဖန်ခံရသူများမှာ လည်း မနည်းပေ။

vlwkfukdtumtuGJay;Ekdifnftcifha&; tvkdavmufrSpovm;

တချို့ကတော့ မရှိဟုဆိုသည်။ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှုကွဲပြားသူများ (LGBT) အဖွဲ့အစည်းများက လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ပါဝင်သည့် သီးခြားစာချုပ်တစ်ခု ရှိရန် လိုအပ်သည်ဟု ဆိုကြသည်။ ထိုစာချုပ်တွင် LGBT အသိုင်းအဝိုင်းကို အများနှင့် မတူ ထူးခြားမှု ရှိသည်ဟု အသိအမှတ်ပြုရမည်ဖြစ်ပြီး ထိမ်းမြားလက်ထပ်ခွင့်အပါအဝင် အခြားသူများနှင့် တန်းတူအခွင့်အရေးများပေးရမည်၊ ထိပါးနှောင့်ယှက်စော်ကားမှုများမှ ကာကွယ်ပေးရမည်ဟု ဆိုသည်။

HIV/AIDSရောဂါဖြင့် နေထိုင်သူများ၏အခွင့်အရေးကို မြှင့်တင်ရန်၊ အကာအကွယ်ပေးရန်အတွက် အထူးစာချုပ်တစ်ခုရှိသင့်သည်ဟု HIV/AIDSအဖွဲ့အစည်းအချို့က ဆိုသည်။ HIV/AIDSကူးစက်ရောဂါ၏ ကျယ်ပြန့်မှုအတိုင်းအတာနှင့် နက်ရှိုင်းမှုအတိုင်းအတာကြောင့်သော်လည်းကောင်း၊ ရောဂါရှင်များ ခံစားရသည့် ဝေဒနာနှင့် ကုသရသည့် နည်းလမ်းသဘာဝ ကွဲပြားမှုကြောင့်သော်လည်းကောင်း၊ မိသားစုများအတွက် ဆိုးရွားသည့် အကျိုးဆက်နှင့် ရောဂါပျံ့နှံ့မှုတွင် ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချဝိုင်းပယ်မှုများကြောင့်သော်လည်းကောင်း ထိုသို့သော စာချုပ်မျိုးရှိရန် လိုအပ်သည်ဟု တက်ကြွလှုပ်ရှားသူများက ဆိုသည်။

ကလေးဖျက်ချမှု တားဆီးရေး "အသက်သာ ပဓာန" လှုပ်ရှားမှုကို အဆိုပြု လှုပ်ရှားသူများက မမွေးဖွားရသေးသည့် သန္ဓေသားသည် အခွင့်အရေးများ ရထိုက်ကြောင်း ယုံကြည်သည်။ "ရွေးချယ်မှုသာ

ပခေန ့ လူပ်ရှားမှုကို ထောက်ခံသူများကမူ ကလေးယူ၊ မယူ မိခင်၏ ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်သည် ပို အရေးကြီးသည်ဟု ဆိုသည်။

Ekdifwdkufm vlYcifha&;Oya'Esif;ynfhwGif;ya'
b,ftwGif;&mu ykdifa&;udkifOD;vJ

နိုင်ငံအဆင့်တရားရုံးများ၏ ဆုံးဖြတ်ချက်ကို ဥရောပလူ့အခွင့်အရေးခုံရုံးက မည်သို့ ပြောင်းပြန် လှန်ပစ်လိုက်သနည်းဟူသည့် ဖြစ်ရပ်မှန်ကို စာမျက်နှာ ၁၈ တွင် ဖော်ပြထားသည်။ စာချုပ်တစ်ခု လက်မှတ်ရေးထိုးလိုက်သည်နှင့် တစ်ပြိုင်နက် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေသည် ပြည်တွင်းဥပဒေကို ကျော်လွန်သည်။

လူတစ်ယောက်ချင်းစီတိုင်းသည် မတရားအလုပ်ခံရသည်ဟု ယူဆပါက နိုင်ငံအဆင့်ထက် ပိုမြင့် သော အဆင့်တွင် လျှောက်ထားနိုင်သည်။ ထိုအချက်ကြောင့် နိုင်ငံအဆင့်တွင် အငြင်းပွားမှုများ ရှိပြီး တရားရုံးဆုံးဖြတ်ချက်ကို လက်တွေ့အကောင်အထည်ဖော်မှုပိုင်းတွင် ပြဿနာများဖြစ်စေသည်။

rSwfpkwf;

'DvdkufESpfukdwfxkwfa&;unfh

လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အငြင်းပွားမှု အနည်းငယ်ကိုသာ ဖော်ပြထားခြင်း ဖြစ်ပါသည်။ CEDAW အကျဉ်းချုပ်ကို စာမျက်နှာ ၁၅၅ တွင် ကြည့်ပါ။ အပိုဒ်အားလုံးကို သဘောတူပါသလား။ လေးလေးနက်နက် ခံစားမိသော သို့မဟုတ် သဘောမတူသော အပိုင်းများ ထူးထူးခြားခြား ရှိပါသလား။

သင့်လူမှုအသိုက်အဝန်းအကြောင်း စဉ်းစားပါ။ CEDAW အပိုဒ်များအားလုံးကို လူတိုင်း သဘောတူနိုင်ပါသလား။ သူတို့၏ သဘောမတူသော သို့မဟုတ် ပြဿနာဖြစ်စေနိုင်သော အချက် ထူးထူး ခြားခြားရှိလျှင် ဖော်ပြပါ။

ဘာသာရေး၊ ဓလေ့ထုံးစံများကြောင့် သင့်လူအဖွဲ့အစည်းက သဘောမတူဘဲ ဆန့်ကျင်တုံ့ပြန်ကြ နိုင်သည့် သတင်းတစ်ပုဒ်ရေးရမည်ဟု ဆိုပါစို့။ ဘယ်လိုအန္တရာယ်တွေ ရှိနိုင်မလဲ။ ထိုဆိုးကျိုးကို လျှော့ချ နိုင်ရန်အတွက် ဘာတွေလုပ်ဆောင်နိုင်မလဲ။

]'rrSbl,qkwm vawukem;vnfatmifajymzkwf,fvlwkdrfSt ou&SD&yfwnfykdif
&Sw,f ukdifuav;&Utcifta&;ukcsdzmuftaifwmifolukdvlom;wpf,mufvkd qufqkH
r,fqkwmawayjh

(t,ldbufrf;)D

tvJzbufrf;&EDwGif;ref;cif;

အဲလီဇာဘက် ဝမ်ဂါရီသည် ကင်ညာနိုင်ငံပိုင် အသံလွှင့်ဌာန ကင်ညာရုပ်သံထုတ်လွှင့်ရေးကော်ပို ရေးရှင်းလက်အောက်ရှိ ဒေသခံ ကီကူရူဘာသာစကားဖြင့် ထုတ်လွှင့်သော Coro FM ၏ အစီအစဉ် တင်ဆက်သူနှင့် သတင်းထောက်တစ်ဦးဖြစ်သည်။ Coro FM နှင့် ပတ်သက်ပြီး www.kbc.co.ke/radio.asp တွင် ကြည့်ရှုနိုင်ပါသည်။

အဲလီဇာဘက်သည် ရုံးဖွင့်ရက်များတွင် မနက်ခင်းအစောပိုင်း စိတ်ခွန်အားဖြည့် အသံလွှင့်အစီအစဉ် တစ်ခု၊ စနေနေ့များတွင် ကလေးများအတွက် အစီအစဉ်များနှင့် တနင်္ဂနွေတွင် ဘာသာရေးအစီအစဉ်များ ထုတ်လွှင့်ရသည်။

သူသည် Internews ၏ ကမ္ဘာလုံးဆိုင်ရာ လူအခွင့်အရေး သင်တန်းအစီအစဉ်တွင် ပါဝင်ခဲ့ သည်။ ထိုသင်တန်းပြီးကတည်းက သူသည် သူ့အသိုင်းအဝိုင်းအတွင်း အငြင်းပွားမှုများ ဖြစ်စေခဲ့သည့်

အကြောင်းအရာများကို ထုတ်လွှင့်ခဲ့သည်။ အိမ်ရာပစ္စည်းပိုင်ဆိုင်ခွင့်၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ မိန်းကလေးများ၏ အခွင့်အရေးနှင့် HIV/AIDS ရောဂါဖြင့် နေထိုင်သူများ၏ အခွင့်အရေးစသည့် အကြောင်းအရာများဖြစ်သည်။ သူ့သတင်းတွေက လူတွေရဲ့ အတွေးအမြင်နဲ့ ဘဝတွေကို ပြောင်းလဲပစ်လိုက်နိုင်တယ်လို့ သူက ဂုဏ်ယူစွာ ပြောသည်။

ကင်ညာမှာ အကြီးဆုံး လူ့အခွင့်အရေး ပြဿနာက ဘာလို့ထင်လဲ။

၂၀၀၇-၂၀၀၈မှာ ရွေးကောက်ပွဲအပြီး အကြမ်းဖက်မှုတွေ ဖြစ်ခဲ့တော့ အသက်ခန္ဓာတည်မြဲပိုင်ခွင့်လို့ ထင်ပါတယ်။ အဲဒီကာလထဲမှာတော့ လူတွေ တခြားတစ်ယောက်ကို သနားညှာတာမှုမရှိဘဲ သတ်ဖြတ်တာကို ကြုံတွေ့ခဲ့ကြရပါတယ်။ လူတွေ အမှားလုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ သူတို့မှာ အသက်ခန္ဓာတည်မြဲပိုင်ခွင့် ရှိပါတယ်။ လူတိုင်းမှာ အသက်ခန္ဓာတည်မြဲပိုင်ခွင့်ရှိတယ်ဆိုတာကို လက်ခံဖို့ ကျွန်မတို့ သင်ခန်းစာယူ၊ နားလည်လက်ခံနိုင်မယ်လို့ ကျွန်မထင်ပါတယ်။

အဲဒါကိုသာ လက်ခံနိုင်ရင် အခြားလူ့အခွင့်အရေးတွေကိုလည်း ကျွန်မတို့ဦးဆောင်မြှင့်တင်နိုင်ပါလိမ့်မယ်။ ပြီးတော့ တခြားခေါင်းစဉ်တွေ ရောက်လာလိမ့်မယ်။ ကျန်းမာရေးစောင့်ရှောက်မှုရခွင့်၊ အမိုးအကာအောက် နေထိုင်နိုင်ခွင့်၊ ပညာသင်ကြားပိုင်ခွင့် ဘာဖြစ်ဖြစ်ပေါ့။ လူ့အသက်ကိုသာ တန်ဖိုးထားရင် ကျန်တာတွေ ကပ်ပါလာပါလိမ့်မယ်။

ဘယ်လို လူ့အခွင့်အရေးသတင်းတွေ ထုတ်လွှင့်ခဲ့လဲ။

အမျိုးသမီးတွေနဲ့ ပတ်သက်တဲ့ သတင်း၊ အိုးအိမ်ပစ္စည်းပိုင်ဆိုင်နိုင်ခွင့်နဲ့ ပတ်သက်တဲ့ သတင်းတစ်ပုဒ် လုပ်ခဲ့ဖူးတယ်။ လင်သေသွားတဲ့ မိန်းမတစ်ယောက်အကြောင်းကို လေ့လာထားတာလည်း ရှိတယ်။ သူ့ယောကျ်ားလည်း သေရော သူ့မှာ ဘာမှ ကုန်းကောက်စရာမရှိအောင် လုပ်ပစ်လိုက်ကြရော။ (အမျိုးသမီးများ၏ အခွင့်အရေးနှင့် ပတ်သက်ပြီး ပံ့ပိုးကူညီပေးသည်) FIDA ကိုလည်း ကိုးကားလေ့လာခဲ့ပါသေးတယ်။ FIDA ရဲ့ CEO ကို တွေ့ဆုံမေးမြန်းတော့ သူက အမျိုးသမီးတွေရဲ့ အခွင့်အရေးတွေကို ပြန်ရအောင် ဘယ်လိုကူညီပေးသလဲဆိုတာ ပြောပြပါတယ်။

ဒီသတင်းလည်းပြီးရော Coro FM နားဆင်သူအတော်များများရှိတဲ့ မူရမ်ဂါဘက်က အမျိုးသမီးနောက်တစ်ယောက်အကြောင်း ထပ်သိရပါတယ်။ သူလည်း ယောကျ်ားဆုံးတော့ သူပိုင်ပစ္စည်းအကုန်လုံး သိမ်းဆည်းခံလိုက်ရပြီး တစ်ယောက်တည်းပစ်ထားတာကို ခံခဲ့ရပါတယ်။ ဒါပေမဲ့ FIDA က ဝင်ရောက်ဆောင်ရွက်ပေးခဲ့လို့ သူ့ပစ္စည်းတွေ ပြန်ရခဲ့ပါတယ်။

ပြီးတော့ စိတ်ပိုင်းဆိုင်ရာ ချို့တဲ့နေတဲ့ ကလေးတွေအတွက် ဆေးပစ္စည်းအထောက်အပံ့ရရှိပိုင်ခွင့်နဲ့ပတ်သက်တဲ့ သတင်းတစ်ပုဒ်လည်း လုပ်ဖူးပါတယ်။ အရမ်းဝမ်းနည်းစရာကောင်းပါတယ်။ ကလေးငါးယောက် အမေတစ်ယောက်နဲ့ တွေ့ဖြစ်တယ်။ ကလေးတွေ အားလုံး စိတ်ပိုင်း၊ ရုပ်ပိုင်း ချို့တဲ့နေကြတာပါ။ ကျွန်မက "ကလေးတွေ နေကောင်း၊ မကောင်း ရှင်ဘယ်လိုသိသလဲ။ ကလေးက စကားလည်းပြောတတ်တာ မဟုတ်ဘူးလေ"လို့ မေးတော့ "နာလို့ ညည်းနေ၊ ငိုနေတာကို ကြည့်ရင်သိတယ်လေ" လို့ သူက ပြန်ဖြေတယ်။

ဒီကလေးတွေထဲက တစ်ယောက်ကို တစ်ခါက ဆေးရုံပို့ခဲ့ရဖူးတယ်တဲ့။ ဆေးရုံက အိမ်နဲ့ အတော်လှမ်းတော့ မာတူတူ (ဘတ်စ်ကား) စီးရမှာ။ ဒါပေမဲ့ လူတွေရဲ့ စိတ်ထဲမှာက ကိုယ်အင်္ဂါချို့တဲ့သူတွေနဲ့ ပတ်သက်ချင်တာ မဟုတ်ဘူးရှင့်။ ဒီတော့ သူ့ကို ဘယ်ကားမှမတင်ဘူး။ လမ်းဘေးမှာပဲ ထားရစ်ခဲ့ကြတယ်။ ကုန်းပိုးပြီး၊ လှည်းနဲ့ ထည့်တွန်းပြီးတော့ကို ကလေးကို သယ်ပြီး ပို့ခဲ့ရတယ်။ အရမ်းကို ခက်ခဲတဲ့ အခြေအနေပဲ။ ဒီလိုဆို ဒီကလေးတွေကို စာနာမိပါလိမ့်မယ်။

သတင်းထဲမှာရော ဘယ်လိုရေးဖြစ်လဲ။

ဒီရှုထောင့်ကို ကျွန်မထောက်ခံပြီးရေးခဲ့တာရှင့်။ ဘာလဲဆိုတော့ စိတ်ပိုင်းဆိုင်ရာ ချို့တဲ့တဲ့ကလေးပဲဖြစ်ဖြစ်၊ ကောင်းမွန်တဲ့ ကလေးပဲဖြစ်ဖြစ် အခြားသူတွေလိုပဲ ကျန်းမာရေးစောင့်ရှောက်မှု ရရှိရမယ်ဆိုတဲ့ ရှုထောင့်ပေါ့။ စိတ်ပိုင်း၊ ရုပ်ပိုင်း ချို့တဲ့တဲ့သူတွေကို လူအဖွဲ့အစည်းအတွင်း လက်ခံနိုင်ဖို့ အကောင်းဆုံးနည်းကတော့ ပိုင်းပယ်တာကို တိုက်ဖျက်ဖို့ပဲ။ ပြီးတော့ သူတို့ကို ကုသပေးနိုင်တဲ့ ဆေးဘက်ဆိုင်ရာ ပညာရှင်တွေလိုမယ်။ ဒီတော့မှ သူတို့ဆေးရုံသွားတဲ့အခါ မပြောနိုင်၊ မဆိုနိုင်သည့်တိုင် အခြားသူတွေလို သူတို့ဘာဖြစ်နေသလဲ ပြောပြနိုင်ပါလိမ့်မယ်။ ရုပ်ပိုင်းဆိုင်ရာ ချို့တဲ့နေတဲ့ ကလေးတွေအတွက် အထူးပြု ဆေးဘက်ဆိုင်ရာ ပညာရှင်တွေ ရှိရင်တော့ သူတို့အခြေအနေက ဒီထက် ပိုကောင်းလာနိုင်ကောင်းပါတယ်။

နောက်ထပ်ရှုထောင့်တစ်ခုက ဆေးရုံကို အလွယ်တကူ မသွားနိုင်တဲ့အချက်ပါ။ ဒီအမေလုပ်တဲ့သူ ပြောတာက သူ့ကလေးနှစ်ယောက် တစ်ပြိုင်တည်း နေမကောင်းဖြစ်တာမျိုးနဲ့ ကြုံဖူးတယ်တဲ့။ ဒီလိုဆိုနှစ်ယောက်စလုံးကို ဆေးရုံဘယ်လိုတင်မလဲ။ သူ့မှာ ယောကျ်ားလည်း ရှိတာမဟုတ်ဘူး။ တစ်ကိုယ်တည်း အုပ်ထိန်းရတဲ့သူ။ တကယ်လို့ သူတို့အတွက် နီးနီးနားနားမှာ ကျန်းမာရေးဌာနလိုနေရာမျိုးတွေရှိရင် သူတို့အတွက် ပိုကောင်းနိုင်တာပေါ့။

သတင်းက ဒီအမျိုးသမီးရဲ့ ဘဝကို ဘယ်လိုပြောင်းလဲစေခဲ့လဲ။

သတင်းကို တိုက်ရိုက်ရော၊ ပြန်လွှင့်သတင်းအနေနဲ့ပါ ပုံစံနှစ်မျိုးနဲ့ တင်ပြခဲ့ပါတယ်။ စတူဒီယိုထဲမှာ တိုက်ရိုက်အသံသွင်း ထုတ်လွှင့်တုန်းက ဘယ်လိုအထောက်အပံ့တွေ ရခဲ့လဲဆိုတာ အမေလုပ်တဲ့သူက ပြောပြပါတယ်။ ကျွန်မတို့ သူ့ကို တွေ့ဆုံမေးမြန်းတာလည်းပြီးရော ဝမ်းနည်းကြောင်း လှမ်းပြောတဲ့သူတွေ၊ အကြံလှမ်းပေးတဲ့သူတွေ အများကြီးရှိလာတယ်။ ဒီအမျိုးသမီးကို လူတွေ ကရုဏာသက်ကြတယ်ဆိုတာကို ခံစားမိမှာပေါ့။

လူတွေက ဒီသတင်းကို ကြိုက်လည်း ကြိုက်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူအတော်များများမှာ အိမ်မှာဝှက်ထားပြီး ထုတ်မပြောရဲတဲ့ မသန်စွမ်းကလေးတွေ ရှိနေကြတာမို့လေ။ မိသားစုနဲ့ ပတ်ဝန်းကျင်မှာ အနှိမ်ခံရမှာကြောက်လို့ သူတို့က အဲဒီလို ကလေးတွေကို ဝှက်ထားကြတယ်။ ဒီတော့ ထုတ်ဖော်ပြောဆိုရဲတဲ့ အမျိုးသမီးရဲ့ အကြောင်းကို သဘောကျကြတာပေါ့။

ဒါလည်းပြီးရော ဘုရားကျောင်းတစ်ကျောင်းက ကျွန်မကို ဖုန်းဆက်ပါတယ်။ အဲဒီမှာ ကျွန်မတို့ တွေ့ဖြစ်ကြပြီး ဒီအမျိုးသမီးရယ် ဒီလိုမျိုး အခြားသူတွေရယ်ကို ဌီးချဲတွေ လှူမယ်လို့ ပြောပါတယ်။ တွေ့ဆုံမေးမြန်းတဲ့အထဲမှာ အမေလုပ်တဲ့သူက သူ့မှာဌီးချဲသာရှိရင် ကလေးတွေကို ကျောင်းကို တွန်းပို့နိုင်မှာလို့ ပြောခဲ့တာလေ။ အခုတော့ သူတို့ ကျောင်းမသွားနိုင်ရှာပါဘူး။ အဲဒီသတင်းပြီးကတည်းကဆိုရင် ဌီးချဲလှူဒါန်းမှုကို လက်ခံရရှိမယ့်သူ ၂၅ ဦးအထိ ရှိလာပါတယ်။

ဒီလိုသတင်းတွေရေးတော့ လူ့အခွင့်အရေးဆိုတဲ့ စကားလုံးကို သုံးလား။

သုံးဖြစ်ပါတယ်။ ကျွန်မတို့ Kikuyu ဘာသာစကားနဲ့ ဘာသာပြန်ပြီးတော့ သုံးတယ်။ Kikuyu ဘာသာစကားနဲ့ဆိုရင် ihooto cia umŭŭndŭ လို့ ခေါ်တယ်။

"ကျွန်မလုပ်ဖြစ်တဲ့ သတင်းဆောင်းပါးတွေက တစ်ပိုင်းတည်းဆိုတာ ခပ်ရှားရှားရယ်။ သတင်းတစ်ပုဒ် စတင်တယ်၊ နောက်ဆက်တွဲတွေ ဆက်တိုက်ဆက်တိုက် ဆက်ပါပြီးရင် အဲဒီအကြောင်းအရာကို အတွင်းကျကျ ခြုံငုံမိသွားတာပဲ"

တစ်ခါတလေ စာနယ်ဇင်းသမားတွေက ဒီစကားလုံးဟာ နိုင်ငံရေးစာလုံးဖြစ်တဲ့အတွက် မထိရောက်မှာ စိုးလို့ မသုံးတာပါ။ ကင်ညာမှာရော အဲဒီလိုပဲလား။

ကျွန်မတို့ဆီမှာလည်း အဲဒါကို ရှုပ်ထွေးတယ်လို့ ထင်ခဲ့ကြဖူးတယ်။ ဒါပေမဲ့ ရှင်းရင်းရှင်းရင်းနဲ့ပဲ အတွင်းကျကျ နားလည်လာပြီး သတင်းကို ကောင်းကောင်း ပုံဖော်နိုင်လာတာပဲ။ ဒေါသထွက်နိုင်မယ့် ကိစ္စကို ရှောင်လာနိုင်တာပဲရှင့်။

လူ့အခွင့်အရေးကို နားမလည်တဲ့သူတွေလည်း ရှိတာပါပဲ။ ဥပမာပြောရရင် တစ်ယောက်ယောက်က ကိုယ့်ကလေးကို သတ်တယ်ဆိုပါစို့။ ကျွန်မကလည်း ကလေးမှာ အသက်ရှင်ရပ်တည်ပိုင်ခွင့် ရှိတယ်လို့ ကျွန်မက ပြောတယ်ဆိုပါစို့။ သူတို့က လက်စားချေချင်တဲ့ဘက်ကို ဦးတည်သွားကြတာရှင့်။ ငါ့ကလေးကို မင်းက သတ်ရင် ငါလည်း မင်းကလေးကို သတ်ခွင့်ရှိတယ်ဆိုတာတွေ ဖြစ်ကုန်ရော။

ဒါမမှန်ဘူးဆိုတာ လူတွေကို နားလည်အောင် ပြောဖို့လိုတယ်။ လူတိုင်းမှာ အသက်ရှင်ရပ်တည်ပိုင်ခွင့်ရှိတယ်။ ကိုယ့်ကလေးရဲ့ အခွင့်အရေးကို ချိုးဖောက်ခဲ့ရင်တောင် သူ့ကို လူသားတစ်ယောက်လိုပဲ ဆက်ဆံရမယ်ဆိုတာတွေပေါ့။

တချို့သော လူ့အခွင့်အရေးတွေက ယဉ်ကျေးမှုကြောင့် အငြင်းပွားဖွယ်ဖြစ်နေတာလည်း ရှိပါတယ်။ အဲဒီလို အငြင်းပွားဖွယ် အကြောင်းအရာတွေကိုရော ကိုင်တွယ်ခဲ့ဖူးလား။

Kikuyu (ကင်ညာ၏ အကြီးဆုံး တိုင်းရင်းသားအုပ်စု) တစ်ယောက်ကို မိန်းမတွေမှာ အိုးအိမ်ပစ္စည်း ပိုင်ဆိုင်ခွင့်ရှိတယ်လို့ ပြောရတာ အတော်ခက်တယ်။ Kikuyu တွေအတွက်တော့ အိုးအိမ်ပစ္စည်းဆိုတာ ယောကျ်ားတွေနဲ့သာ ဆိုင်တယ်။ အမျိုးသမီးတွေရဲ့ အိုးအိမ်ပစ္စည်းပိုင်ဆိုင်ခွင့်နဲ့ ပတ်သက်ပြီး အသံလွှင့်အစီအစဉ်တွေလုပ်တော့ မကြိုက်ကြဘူး။ ပစ္စည်းတွေကို အတူတူဝယ်ခဲ့တာဆိုရင်တော့ အမျိုးသမီးတွေက သူ့ယောကျ်ားတွေ လက်ထဲပဲ အပ်ထားချင်ကြတာမျိုး။ ဒါကို နားလည်အောင်ပြောဖို့က အချိန်ယူမှရမယ်။ အစီအစဉ်တစ်ပိုင်းစာလောက်နဲ့ မရတော့ဘူး။ နှစ်ပိုင်း၊ သုံးပိုင်းလောက်ယူပြီး မတူတဲ့ထောင့်တွေကိုပါ စုံအောင်ရှင်းပြနိုင်မှ။ ကျွန်မလုပ်ဖြစ်တဲ့ သတင်းဆောင်းပါးတွေက တစ်ပိုင်းတည်းဆိုတာ ခပ်ရှားရှားရယ်။ သတင်းတစ်ပုဒ်စတင်တယ်၊ နောက်ဆက်တွဲတွေ ဆက်တိုက်ဆက်တိုက် ဆက်ပါပြီးရင် အဲဒီအကြောင်းအရာကို အတွင်းကျကျ ခြုံငုံမိသွားတာပဲ။

အမျိုးသမီးလိင်အင်္ဂါကို ဖျက်ဆီးတာ (FGM)ကလည်း အငြင်းပွားစရာပဲ။ ဒီအကြောင်းအရာကိုရော ကိုင်တွယ်ဖူးလား။

လုပ်ဖူးပါတယ်။ FGM ကို ကျင့်သုံးနေဆဲဖြစ်တဲ့ မာရူးကို သွာတယ်။ တချို့က မိန်းကလေးတွေကို အတင်းဖိအားပေးပြီး လုပ်ခိုင်းကြတယ်။ တချို့ကလည်း မိဘက ပြောလို့ စိတ်ပါလက်ပါ လုပ်ကြတာ။ သူတို့က 'ဒါဘဝပဲ။ ဒါကိုယ်ပိုင်ယဉ်ကျေးမှုပဲ။ ရှောင်ထွက်သွားလို့မှမရပဲဘဲ' ဆိုပြီး တွေးတယ်။

မာရူးမှာ အသက် ၁၂ နှစ်ပဲ ရှိသေးတဲ့ ကောင်မလေးတစ်ယောက်နဲ့ စကားပြောဖြစ်တယ်။ သူလည်း အတင်းအကျပ် လုပ်ခိုင်းတာ။ သူ့အတွက် ဆိုးရွားသွားတာ။ အတော်စိတ်ဒဏ်ရာရသွားတယ်။ 'ဒါလုပ်သင့်တယ်။ ကောင်းတယ်' ဆိုပြီးတော့ သူ့ကို ဝိုင်းပြောကြတယ်။

ကျွန်မ သူ့ကို အင်တာဗျူးတယ်။ သူ အဲဒီလိုလုပ်တုန်းက အသက်က ၁၂ နှစ်သမီး။ ၁၅ နှစ်အရွယ်လည်း ရောက်ရော သူက တခြားမိန်းကလေးတွေကို ကူညီဖို့အတွက် အစီအစဉ်ကို စတင်ဖို့ ဆုံးဖြတ်လိုက်တယ်။ မိန်းကလေး ၂၄ ယောက်ကို စုပြီး သူတို့ နေ့စဉ်ရင်ဆိုင်ရတဲ့ ပြဿနာတွေကို ဆွေးနွေးတယ်။ မိဘတွေကိုတောင်မှ FGM မကျင့်သုံးဖို့ တောင်းဆိုလိုက်သေးတယ်။

ဒီအစီအစဉ်လုပ်တော့ ဖုန်းနဲ့ ဆက်သွယ်ပြောဆိုလာကြတာမျိုးရော ရှိလား။

ရှိတယ်ရှင့်။ ဒီသတင်းလည်း လွှင့်ပြီးရော ကလေးတစ်ယောက်က ဖုန်းဆက်တယ်။ သူ့အဘွားက သူ့ကို အတင်းအကျပ်ခိုင်းနေတယ်တဲ့။ အခု သူထွက်ပြေးပြီး သူ့အဒေါ်နဲ့ သွားနေတယ်တဲ့။ သူ့အဒေါ်

ကလည်း အဲဒီလို ထွက်ပြေးတာကို လက်မခံဘူး။ ဒါက ယဉ်ကျေးမှုကို ဖျက်ဆီးတယ်လို့ ထင်နေတယ်။

ဒါနဲ့ ကောင်မလေးလည်း တခြားအမျိုးတွေဆီ ပြောင်းရွှေ့နေရာကနေ နောက်ဆုံး သူ့ကို လက်ခံမယ့်သူဆီ ရောက်တဲ့အထိပဲ။ သူကတော့ ''နင် အဲဒီလို လုပ်စရာမလိုပါဘူး။ မိသားစုထဲက ဘယ်သူနဲ့ဖြစ်ဖြစ် ငါရှင်းမယ်''လို့ ပြောသတဲ့။ သူ့ကျေးဇူးကြောင့်ပဲ ကောင်မလေး ချမ်းသာရာရတော့တာပဲ။

(၁) ၂၀၀၇ ခုနှစ် အငြင်းပွားဖွယ် ရွေးကောက်ပွဲအပြီးတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုကို ရည်ညွှန်းသည်။ လူမျိုးရေးအကြမ်းဖက်မှုများဖြစ်ပြီး တစ်ဖက်နှင့် တစ်ဖက် အကြမ်းဖက်သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့သည်။

(၂) အမျိုးသမီးရှေ့နေများ အဖွဲ့ချုပ် - ကင်ညာ။ www.fidakenya.org

❒

Photo : ----------

Internews
Local voices. Global change.

t ykdif;2? t cef;5

b , fvkwf0ifhkd;jrefrvJ

pme , ZifvykfefU t ajccHykfefrsm;

တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ပုံပြုလုပ်နည်းသည် မေးမြန်းရသည့် ရည်ရွယ်ချက်နှင့် ဘယ်အချက်ကို သိလိုသည်ဟူသည့်အချက်ပေါ်တွင် မူတည်၍ ကွဲပြားသည်။

တွေ့ဆုံမေးမြန်းခြင်းများသည် စာနယ်ဇင်းသမားများအတွက် အဓိက သတင်းရင်းမြစ်များဖြစ်ရသည့် အကြောင်းပြချက်များစွာ ရှိပါသည်။

- သတင်းဆောင်းပါးထဲတွင် ပြောစကားကို တိုက်ရိုက်ကိုးကားဖော်ပြခြင်း သို့မဟုတ် ရုပ်သံအနေဖြင့် ထုတ်လွှင့်ရာတွင် တကယ့်အသံရုပ်ကို ဖော်ပြနိုင်ခြင်းက သတင်း၏ မှန်ကန်မှုတန်ဖိုးကို တက်စေပါသည်။ ဤသတင်းအချက်အလက်ကို စာနယ်ဇင်းသမားက ထုတ်ပေးခြင်းမဟုတ်ဘဲ တကယ့်အဖြစ်အပျက်က တစ်ဆင့် ထွက်ပေါ်လာခြင်းဖြစ်သည်ဟူသည့် သက်သေပြချက်လည်း ဖြစ်သည်။
- တွေ့ဆုံမေးမြန်းခြင်းများသည် စာရွက်စာတမ်းများထက် ပိုအသက်ဝင်သည်၊ စိတ်ဝင်စားစရာကောင်းသည်၊ သစ်လွင်သည်။ သတင်းထုတ်ပြန်ချက်များနှင့် အခြား လူထုဆက်ဆံရေးနည်းလမ်းများထက်လည်း ပိုရိုးသားကောင်း ရိုးသားနိုင်သည်။
- စာနယ်ဇင်းသမားသည် ဖိအားနှင့် အလုပ်လုပ်ရသူဖြစ်သည်။ အစိုးရထံမှဖြစ်စေ၊ သုတေသနအဖွဲ့အစည်းတစ်ခုထံမှဖြစ်စေ အရေးကြီးသည့် ကိစ္စတစ်ရပ်နှင့် ပတ်သက်သည့် အစီရင်ခံစာရှည်ကြီးတစ်စောင် ရရှိလာပြီး စကားလုံးတိုင်းကို အသေအချာ ဖတ်ရှုနားလည်လောက်သည်အထိ အချိန်မရသည့် အခြေအနေမျိုးကိုလည်း ရင်ဆိုင်ရနိုင်သည်။ ထိုအချိန်မျိုးတွင် ပိုပြီးအသေးစိတ်ကျကျ သိသောသူကို မေးမြန်းခြင်းက ပိုလွယ်ကူမြန်ဆန်သည်။
- စာနယ်ဇင်းသမားသည် ဘာသာရပ်တိုင်းအတွက် ကျွမ်းကျင်ပညာရှင်မဖြစ်နိုင်။ ထို့အတွက် ကျွမ်းကျင်ပညာရှင်ကို မဖြစ်မနေ အားကိုးအားထားပြုရမည်ဖြစ်သည်။

တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ပုံပြုလုပ်နည်းသည် မေးမြန်းရသည့် ရည်ရွယ်ချက်နှင့် ဘယ်အချက်ကို သိလိုသည်ဟူသည့်အချက်ပေါ်တွင် မူတည်၍ ကွဲပြားသည်။ ရည်ရွယ်ချက် တစ်ခုထက်မက ရှိနေနိုင်သည်။ ထိုရည်ရွယ် ချက်များကိုလိုက်ပြီး ချဉ်းကပ်ပုံပြောင်းလဲသည်။

သတင်းအချက်အလက်ကို လိုချင်သည်ဆိုပါက...

'ဘ' ခြောက်လုံးမေးခွန်းများ မေးရလိမ့်မည်။ ဥပမာအားဖြင့် 'ဘယ်သူတွေပါသလဲ'၊ 'ဘယ်လို ဖြစ်တာလဲ'၊ 'လူဘယ်နှယောက်ရှိသလဲ'၊ 'ဘယ်အချိန်စသလဲ' စသည့် မေးခွန်းများဖြစ်သည်။

စုံစမ်းစစ်ဆေးခြင်း၊ စစ်ဆေးခြင်း၊ စိန်ခေါ်ခြင်းတို့ကို ပြုလုပ်လိုပါက...

လိုအပ်သော သတင်းအချက်အလက်မှာ ပိုနက်နဲလာသည်။ ထိုအခါ တွေ့ဆုံမေးမြန်းရသည့်ပုံစံလည်း တော်တော်မာလာသည်။

ဥပမာအားဖြင့် အစိုးရကို တာဝန်ယူစေရန်အတွက် ရည်ရွယ်ပါက အစိုးရတာဝန်ရှိသူကို တွေ့ဆုံ မေးမြန်းပြီး၊ စစ်လားဆေးလား မေးခွန်းများ ထုတ်ပြီး အချက်အလက် ထုတ်ယူရတော့မည်။

- ဘာလို့ အဲဒီလို အဖြစ်ခံရတာလဲ။
- အန္တရာယ်ကင်းရှင်းစေရေး ကြီးကြပ်ကွပ်ကဲမှုပြုလုပ်ဖို့ ဘယ်သူ့မှာ တာဝန်ရှိတာလဲ။
- သံသယတရားခံတွေကို ရိုက်နှက်ပြီး မေးတာ ရဲမူဝါဒလား။
- ထောင်တစ်ခန်းမှာ အကျဉ်းသား ၁၅ ယောက်ထားသင့်သလား။ ခင်ဗျားအမြင်ကို ပြောပါဦး။

ဟု မှတ်ချက်တောင်းရတာမျိုးလည်း ရှိနိုင်သည်။

နောက်ခံအခင်းအကျင်းအချက်အလက်ကို လိုချင်သည်ဆိုပါက...

ပုံမှန်ဒီလိုပဲ ဖြစ်နေကျလား၊ အရင်တုန်းကရော ဖြစ်ဖူးလား၊ ဒါနဲ့ပတ်သက်ပြီး မူဝါဒချထားတာ ရှိလားဆိုတဲ့ မေးခွန်းမျိုးတွေ မေးရသည်။

သုံးသပ်ချက် သို့မဟုတ် အဓိပ္ပာယ်ကောက်ယူမှုကို လိုချင်သည်ဆိုပါက...

မေးခွန်းတွေက အဓိပ္ပာယ်ကောက်ယူမှုအကြောင်းတွေသာ များလိမ့်မည်ဖြစ်သည်။

- ဒီလိုအခွန်တိုးမြှင့်လိုက်တာက သက်ကြီးရွယ်အိုတွေအတွက် ဝင်ငွေလုံလောက်မျှတခွင့် အခြေအနေ ဘယ်လိုထိခိုက်နိုင်မလဲ။
- ဥပဒေအသစ်က မိန်းကလေးတွေ ကျောင်းတက်ပိုင်ခွင့်ကို ဘယ်လိုအပြောင်းအလဲဖြစ်စေနိုင်မလဲ။
- နယ်စပ်မူဝါဒအသစ်က ကျွန်တော်တို့နိုင်ငံကို အလုပ်လာလုပ်တဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို ဘယ်လိုထိခိုက်စေမလဲ။

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တွေ့ဆုံမေးမြန်းသည်ဟုဆိုလျှင်...

မေးခွန်းများတွင် ထိုလူ၏ သမိုင်းကြောင်း၊ အမူအကျင့်များ၊ အမြင်များနှင့် အတွေ့အကြုံများကို မေးမြန်းမည်ဖြစ်သည်။ 'အဲဒီလိုဖြစ်တော့ ခင်ဗျားဘယ်လိုခံစားရလဲ' ဆိုတဲ့ စိတ်ခံစားမှုနဲ့ဆိုင်တဲ့ မေးခွန်း များလည်း ဖြစ်နိုင်သည်။

စိတ်ခံစားချက်ကို မေးရသည့် တွေ့ဆုံမေးမြန်းမှုများတွင် 'ခင်ဗျားသမီး သေသွားတော့ ဘယ်လို ခံစားရသလဲ' ဆိုတဲ့ အဖြေသိပြီးသား မေးခွန်းမျိုး မမေးပါနှင့်။ 'ခင်ဗျားဘယ်လိုခံစားရမယ်ဆိုတာ ကျွန်တော်သိပါတယ်' ဆိုတဲ့ ဆရာလုပ်တာမျိုးလည်း မပြောမိပါစေနှင့်။ ဘာဖြစ်လို့လဲဆိုတော့ သေချာပေါက် ဘယ်သူမှ ပြောနိုင်တာမျိုးမဟုတ်လို့ဖြစ်သည်။

[အထိအဆက်မခံသည့် တွေ့ဆုံမေးမြန်းခြင်းများကို ကိုင်တွယ်ပုံကို စာမျက်နှာ ၉၈ မှ ၁၀၅ အတွင်း ဖတ်ရှုနိုင်ပါသည်။]

]b}ajcmuf/kd

'ဘယ်သူလဲ၊ ဘာလဲ၊ ဘယ်အချိန်လဲ၊ ဘယ်နေရာလဲ၊ ဘာကြောင့်လဲ၊ ဘယ်လိုလဲ' ဆိုတာ

တွေ့ဆုံမေးမြန်းခြင်းတိုင်း သတင်းတိုင်းနီးပါးရဲ့ အခြေခံဖြစ်ပါတယ်။ ဘယ်အခြေအနေ၊ ဘယ်အကြောင်း အရာပဲဖြစ်ဖြစ် အကျုံးဝင်ပါတယ်။ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် သတင်းများကို တည်ဆောက်ရန်နှင့် လူ့အခွင့်အရေးကို သတင်းထဲတွင် ထည့်သွင်းရေးသားရန်အတွက် ထိုအချက်များကိုလည်း သုံးနိုင်သည်။

လူ့အခွင့်အရေးနှင့် ပတ်သက်သည့် သတင်းကောင်းများတွင် ဘယ်သူ့ရဲ့ အခွင့်အရေးကို ကာကွယ်ပေးရသလဲ၊ ဘယ်သူ့အခွင့်အရေး ချိုးဖောက်ခံရသလဲ သို့မဟုတ် ခြိမ်းခြောက်ခံရသလဲ၊ ဘယ်အခွင့်အရေး တွေလဲဆိုတာတွေ ပါဝင်သည်။ အဖြစ်အပျက်တွေကို လူ့အခွင့်အရေးနှင့် ချိတ်ဆက်ပေးပြီး သက်ဆိုင်ပါဝင်သည့်သူများ၏ အကျိုးစီးပွားများကို ဖော်ထုတ်ပေးနိုင်မည်မှာ ထို "ဘ" ခြောက်လုံးသာဖြစ်သည်။

vkxkoH

အကြောင်းအရာတစ်ခုအပေါ် လူအများ အသံစုံဝင်ရောက်ဆွေးနွေးပြောဆိုရန် တွေ့ဆုံမေးမြန်းမှု အတိုလေးများ ပြုလုပ်လေ့ရှိသည်။ များသောအားဖြင့် ရေဒီယို၊ ရုပ်မြင်သံကြားများက ပြုလုပ်လေ့ရှိသည်။ (သို့သော် သတင်းစာများတွင်လည်း ထည့်နိုင်သည်။)

လူထုအသံကို အများပြည်သူဆိုင်ရာနေရာများတွင် ကောက်ယူလေ့ရှိကြသည်။ စာနယ်ဇင်းသမားသည် စိတ်ထဲတွင် လူမျိုးစုံ (လူမျိုး ကျား၊ မ၊ အသက်) ပါဝင်ရမည်ဟု ရည်ရွယ်လျက် လူများကို ကျပန်းချဉ်းကပ်မေးမြန်းခြင်းပြုသည်။ လူတိုင်းကို မေးခွန်းတစ်မျိုးတည်းသာ မေးသည်။

ဥပမာအားဖြင့် အဓိက ကျန်းမာရေးစောင့်ရှောက်မှုစရိတ်နှင့် ပတ်သက်သည့် ဥပဒေသစ်ကို အတည်ပြုလိုက်သည်ဆိုလျှင် ဒေသန္တရပန်းခြံထဲသွားပြီး လူတွေကို ဒီဥပဒေက ဘယ်လိုသက်ရောက်မှုရှိနိုင်လဲ လိုက်မေးတာမျိုးဖြစ်သည်။

owif&if,rpf

သတင်းအရင်းအမြစ် အဓိကအုပ်စုနှစ်ခုကို မူလရင်းမြစ်နှင့် တစ်ဆင့်ခံရင်းမြစ်ဟု ခွဲခြားနိုင်သည်။

မူလ သတင်းအရင်းအမြစ်	**တစ်ဆင့်ခံ သတင်းအရင်းအမြစ်**
မျက်မြင်သက်သေများ	မှတ်တမ်းများ
ကျူးလွန်သူများ၊ လွတ်မြောက်လာသူများနှင့် ကျူးလွန်ခံရသူများ	အင်တာနက်
တာဝန်ရှိသူများ၊ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များ	စာအုပ်များ
ကျွမ်းကျင်ပညာရှင်များ	သတင်းစာများနှင့် အခြားမီဒီယာ
တက်ကြွလှုပ်ရှားသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ	အစိုးရမှတ်တမ်းများ၊ အစီရင်ခံစာများနှင့် စာရွက်စာတမ်းများ၊ သတင်းထုတ်ပြန်ချက်များ

vlYcifha&;owif,a&;om;rwGif;v&if,rpfukd ok,ykEkdif

လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရေးသားနေရသည့် သတင်းထောက်များ အနေဖြင့် တွေ့ဆုံမေးမြန်းရမည့် သူများမှာ အမျိုးစုံပင်ဖြစ်သည်။ လူ့အခွင့်အရေး သတင်းရေးသားရာတွင် အခြားသတင်းရေးသားနည်းများကဲ့သို့ပင် အခြေခံမူများမှာ အတူတူဖြစ်သည်။

- အကြောင်းအရာနှင့် တွေ့ဆုံမေးမြန်းခြင်းခံရသူအကြောင်း နောက်ခံအခြေအနေ သုတေသနပြုလုပ်ရန် မဖြစ်မနေ လိုအပ်သည်။ နောက်ခံအကြောင်းအရာကို သုတေသနမပြုရသေးဘဲ တွေ့ဆုံမေးမြန်းခြင်း မပြုလုပ်ပါနှင့်။

- ကိုယ့်ရည်ရွယ်ချက်ကို စဉ်းစားပါ။ မေးခွန်းကို ကြိုတင်ပြင်ဆင်ပါ။
- မေးခွန်းကို ယဉ်ကျေးဖွယ်ရာဖြစ်အောင် ပြင်ပါ။ တွေ့ဆုံမေးမြန်းခြင်းခံရသူကို ထိခိုက်စေမည့် စကားလုံး အသုံးအနှုန်းကို ရှောင်ပါ။
- တွေ့ဆုံမေးမြန်းရန်အတွက် မည်သို့ဝတ်ဆင်ရမည်၊ ပြုမူနေထိုင်ရမည်ကို စဉ်းစားပါ။ အချို့သော တွေ့ဆုံမေးမြန်းခံမည့်သူများသည် သမားရိုးကျပုံစံကို သဘောကျသည်။ တချို့က ပိုပြီး သက်သောင့်သက်သာရှိသော အခြေအနေတွင် ဖြေကြားရသည်ကို ပိုသဘောကျသည်။
- တွေ့ဆုံမေးမြန်းပြီးနောက် ရရှိသည့် သတင်းရင်းမြစ်နှင့် သတင်းအချက်အလက်ကို သုံးသပ်ပါ။ သတင်းရင်းမြစ်များကို သုံးသပ်နိုင်မည့် လမ်းညွှန်ချက်များကို စာမျက်နှာ ၈၅ တွင် ကြည့်ရှုနိုင်ပါသည်။

ဘယ်သူလဲ	သတင်းထဲပါသည့်လူများ	ဘယ်သူ့အခွင့်အရေးကိုထိခိုက်ပါသလဲ။ ဘယ်သူက ပြုလုပ်တာပါလဲ။
ဘာလဲ	သတင်းဖြစ်စေသည့်ဖြစ်စဉ်	ဘာတွေဖြစ်သလဲ၊ ဘာတွေဖြစ်နေသလဲ။ အခြေအနေက (သို့မဟုတ်) လုပ်ရပ် ဘယ်လိုလဲ။ ဘယ်လူ့အခွင့်အရေးတွေပါဝင်သလဲ။ ဘယ်လိုလူ့အခွင့်အရေးအခြေအနေမှာလဲဖြစ်သလဲ။ ဘာစာချုပ်တွေမှာပါတဲ့ အခွင့်အရေးတွေလဲ၊ ဘယ်ဥပဒေနဲ့ သက်ဆိုင်သလဲ။
ဘယ်အချိန်လဲ	အချိန်ကာလ	ဘယ်အချိန်ကဖြစ်တာလဲ။ အခွင့်အရေးနှင့် သက်ဆိုင်သည့် ကိစ္စများ (ချိုးဖောက်မှု၊ ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုများ၊ တောင်းဆိုမှုများ) ဖြစ်ပွားနေပါက ဘယ်အချိန်က စတင်ပြီး ဘယ်လောက်ကြာပြီလဲ။
ဘယ်နေရာလဲ	ပထဝီနေရာ	ဘယ်မှာလဲ။ ဘယ်နေရာလဲ။
ဘာကြောင့်လဲ	ဖြစ်သည့်အကြောင်းအရာပေါ်မှတ်ချက်	ဘယ်အခွင့်အရေးတွေကို သက်ရောက်လဲ။ မတူသည့်အုပ်စုများ၏ အကျိုးစီးပွားများမှာ အဘယ်နည်း။
ဘယ်လိုလဲ	'ဘာလဲ' ဟူသည့်မေးခွန်းကို ထပ်ဖြည့်ခြင်း	အကျိုးစီးပွားများထိခိုက်သည့်ပုံစံ။ ဘယ်လိုဗျူဟာ၊ လုပ်ဆောင်ချက်များဖြင့်လဲ။ ဘာဆက်ဖြစ်မလဲ။ အငြင်းပွားမှုများဖြစ်ပါက မတူညီသော အုပ်စုများ၏ ရွေးချယ်စရာနည်းလမ်းများက အဘယ်နည်း။

အထူးသတင်းရင်းမြစ်များအတွက် အထူးချဉ်းကပ်မှုများ လိုအပ်သည်။

w&m;0ifbwif&ifjrpfsm;

တရားဝင်သတင်းရင်းမြစ်များသည် အဖွဲ့အစည်းများကို ကိုယ်စားပြုပြီး ပြောဆိုသည့် သတင်းရင်းမြစ်များဖြစ်သည်။ ထိုအဖွဲ့အစည်းများတွင် ရာထူးကြီးကြီးများ ရှိနေသူများဖြစ်သည်။ ထို့ကြောင့် သူတို့တွင် ဗဟုသုတရှိသည် (သို့မဟုတ် ရှိပုံရသည်)၊ ပြောပိုင်ခွင့် အာဏာရှိသည်။ ထို့ကြောင့် လူများက တရားဝင်သတင်းရင်းမြစ်များကို ယုံကြည်လေ့ရှိပြီး စာနယ်ဇင်းသမားများကမူ တစ်ခါတစ်ရံ ထိုသူများကို တို့ထိရန် လန့်နေတတ်ကြသည်။ တရားဝင်ရင်းမြစ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် ပတ်သက်သည့် အကြောင်းကို စာမျက်နှာ ၈၇ တွင် သီးခြား အပိုင်းတစ်ပိုင်းအဖြစ် ဖော်ပြထားပါသည်။

wufuvyf&Sdrsm;EStpkdr[kwfom tzUkpnfrsm;

လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် တက်ကြွလှုပ်ရှားသူပေါင်း ထောင်နှင့်ချီရှိသည်။ သူတို့တွင် သတင်းအချက်အလက်ပေါင်းများစွာ ရှိသည်။ သို့သော် ကိုယ်ပိုင်အစီအစဉ်များနှင့် ဘက်လိုက်မှုများလည်း ရှိသေးသည်။ မကြာခဏဖြစ်ရတတ်သည်မှာ စာနယ်ဇင်းသမားများသည် သတင်းအချက်အလက် ရှာရသည်ထက် ထိုသတင်းအချက်အလက်၏ မှန်ကန်မှုကို သုံးသပ်နေကြရသည်က ပိုခက်နေသည်။ တက်ကြွလှုပ်ရှားသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို တွေ့ဆုံမေးမြန်းခြင်းနှင့် ပတ်သက်သည့်အကြောင်းကို စာမျက်နှာ ၉၂ တွင် သီးခြားအပိုင်းတစ်ပိုင်းအဖြစ် ဖော်ပြထားပါသည်။

trnfazmfvkdlowif&ifrpfrsm;

လူ့အခွင့်အရေးသတင်းများသည် အငြင်းပွားမှုများ ဖြစ်စေသည်။ သတင်းရေးသားဖြန့်ဝေပြီးပါက လက်တုံ့ပြန်နိုင်သည့် အန္တရာယ်ရှိပြီး တွေ့ဆုံမေးမြန်းမှုများကို ဖြေသူများက အမည်ဖော်ပြခြင်းမပြုရန် တောင်းဆိုတတ်ကြသည်။ သတင်းရင်းမြစ်ကို အမည်မဖော်လိုသူအဖြစ် ဖော်ပြရာတွင် အခြားသတင်းများရေးသားရာတွင် အသုံးပြုသည့် မူဝါဒများအတိုင်းပင် ဆောင်ရွက်ရမည်ဖြစ်သည်။ လူ့အခွင့်အရေးသတင်းရေးသားရာတွင် အမည်မဖော်လိုသူ သတင်းအရင်းအမြစ်များ များပြားနိုင်သည့်အခြေအနေကြောင့် အမည်မဖော်လိုသူ သတင်းရင်းမြစ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် ပတ်သက်သည့်အကြောင်းကို စာမျက်နှာ ၉ဖ တွင် သီးခြားအပိုင်းတစ်ပိုင်းအဖြစ် ဖော်ပြထားပါသည်။

စိတ်ဒဏ်ရာရသူများ လူ့အခွင့်အရေး သတင်းရေးသားသည့် စာနယ်ဇင်းသမားများ ကြုံရလေ့ရှိသည့်အချက်မှာ ဆင်ခြင်တုံတရားကင်းမဲ့သူများ၏ အကြမ်းဖက်မှုများ၊ အဓမ္မပြုကျင့်မှုများ သို့မဟုတ် အနိုင်ကျင့်နှိပ်စက်မှု စိတ်ဒဏ်ရာများကို တွေ့ကြုံခံစားခဲ့ရသည်။ စိတ်ဒဏ်ရာခံခဲ့ရသူများကို ကိုင်တွယ်ရာတွင် အထူးဂရုထားပြီး သိမြင်နားလည်နိုင်စွမ်းရှိရှိ ကိုင်တွယ်သင့်သည်။

စိတ်ဒဏ်ရာပုံစံမျိုးစုံရှိသည်။ စိတ်ဒဏ်ရာများသည် ပြဿနာများကို ရင်ဆိုင်ကျော်လွှားခဲ့ရသူများကို နည်းမျိုးစုံဖြင့် သက်ရောက်မှုရှိသည်။ ထိုသို့ စိတ်ဒဏ်ရာခံစားခဲ့ရသူများကို ကူညီပေးသည့် အဖွဲ့အစည်းပေါင်းများစွာလည်း ရှိသည်။ သူတို့တွင် စာနယ်ဇင်းသမားများကို ပေးစရာ အမြင်ကောင်းများ၊ ရှုထောင့်ကောင်းများရှိသည်။ ထိုသို့ စိတ်ဒဏ်ရာရခဲ့သူများကို အကူအညီပေးသည့် အတွေ့အကြုံရှိသူများနှင့် လူ့အခွင့်အရေးနယ်ပယ်မှ စာနယ်ဇင်းသမားများထံမှ အကြံပြုချက်များကို အခြေခံထားသည့် လမ်းညွှန်ချက်ကို စာမျက်နှာ ၉၈-၁၀၅ တွင် ဖော်ပြထားပါသည်။

vlYcifha&;cwfkdzmufu,L;vGifrsm;

လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်သည်ဟု စွဲချက်တင်ခံရသော (သို့မဟုတ် စွပ်စွဲခံရသော) သူများကို အင်တာဗျူးနိုင်ရန် စာနယ်ဇင်းသမားများအတွက် မလွယ်ကူလှပါ။ သို့သော် ထိုသို့ပြုလုပ်နိုင်ခြင်းသည် အရေးကြီးပြီး ဘက်စုံထောင့်စုံအမြင်ကို ဖော်ပြရာတွင် အသုံးဝင်သည်။

owdjy;cuf

လူ့အခွင့်အရေးချိုးဖောက်သည်ဟူသော စွပ်စွဲချက်များ သယ်ဆောင်လာသည့် လူများရောက်လာလျှင် အထူးသတိထားပါ။ "သတင်းပေးများအနေဖြင့်" ထိုသို့ စွပ်စွဲသူများ၊ စွပ်စွဲခံရသူများနှင့် စာနယ်ဇင်းသမားတို့အတွက် အန္တရာယ်ကြီးမားသည်။ စွပ်စွဲမှုပြင်းထန်လျှင် ပြင်းထန်သလောက် သတိထားရသည်။

လူ့အခွင့်အရေးချိုးဖောက်မှုအများစုမှာ ရာဇဝတ်မြောက်သည်။ ခွင့်လွှတ်၍ မရနိုင်။ သို့သော်

ကျူးလွန်သူများကို တွေ့ဆုံမေးမြန်းခြင်းဖြင့် အခြေအနေကို ပိုပြီးပြည့်စုံအောင် မြင်လာနိုင်မည်ဖြစ်သည်။ ထိုသူများကို မေးမြန်းခြင်းဖြင့် အခြားသူများ၏ အခွင့်အရေးကို ချိုးဖောက်မိစေသည့် အကြောင်းပြချက်များမှာ ဘာဖြစ်သနည်းဟူသည့် နားလည်မှုမျိုး ဖြစ်ထွန်းစေနိုင်သည်။ ကျူးလွန်ခံရသူများ သို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများကိုသာ မေးမြန်းမည်ဆိုလျှင် အရေးကြီးသော်လည်း ရိုးရိုးရှင်းရှင်းနှင့် တစ်ဖက်မြင်ဖြစ်သော အခြေအနေကိုသာ ထင်ဟပ်နိုင်မည်ဖြစ်သည်။

တရားစွဲဆိုခံရနိုင်ခြေရှိသဖြင့် ချိုးဖောက်မှုပြုသည်ဟု စွပ်စွဲခံရသူများသည် အမည်မဖော်လိုကြ။ စာနယ်ဇင်းသမားတစ်ယောက်အနေဖြင့် သူတို့၏ တောင်းဆိုမှုများကို လေးစားလိုက်နာမည်၊ မလိုက်နာမည်ကို ဆုံးဖြတ်ရမည်ဖြစ်သည်။ ထိုသို့ဆုံးဖြတ်ရာတွင် ဖြစ်နိုင်ခြေရှိသည့် အလားအလာများအားလုံးကို ချိန်ဆစဉ်းစားနိုင်ရန် လိုအပ်သည်။

အမည်မဖော်လိုသူ သတင်းရင်းမြစ်တစ်ခုကို အသုံးပြုခြင်းအားဖြင့် တရားရုံးသို့ ဆင့်ခေါ်ပြီး အမည်ဖော်ရန် အမိန့်ပေးခြင်း ခံရနိုင်သည်။ ထိုသို့ဖြစ်ပါက ဘာလုပ်မည်နည်း။ ကျူးလွန်သူ သို့မဟုတ် ကျူးလွန်သည်ဟု စွပ်စွဲခံရသူကို အမည်ဖော်ထုတ်ရန် ငြင်းဆန်လျှင် ခုခံနိုင်စွမ်း နည်းပါးသည်။ တရားရေးစနစ်က "မကောင်းမှုအတွက် ဖုံးကွယ်ပေးရန်မရှိ" ဟူသော အယူကို ကိုင်စွဲမည်ဖြစ်သည်။ ဆိုလိုသည်မှာ မကောင်းမှုတစ်ခုကျူးလွန်သည်ဟု စွပ်စွဲခံရသူကို အကာအကွယ် မပေးရဘဲ မှုခင်းနှင့် ပတ်သက်သည့် အချက်အလက်များကို မထိမ်ချန်ရဟူသည့် အချက်ဖြစ်သည်။ (အမည်မဖော်လိုသူ သတင်းရင်းမြစ်များ အသုံးပြုမှုနှင့်ပတ်သက်သည့် အပိုင်းကို စာမျက်နှာ ၉၆ တွင်ကြည့်ပါ။)

vlYcGHa&;cs,fzmuf&mwGJ,ifOrsm;ukd r;jref&eftwGif;vrf;ñTef;uf rsm;

- ကိုယ့်ယုံကြည်မှုကို မြှင့်တင်ရန်အတွက် အသေအချာ ပြင်ဆင်သွားရမည်ဖြစ်ပြီး တွေ့ဆုံမေးမြန်းခြင်းတစ်လျှောက် မေးမြန်းမည့် အကြောင်းအရာမှ မသွေဖည်ပါစေနှင့်။
- တွေ့ဆုံမေးမြန်းခြင်းခံမည့်သူနှင့် သူကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံထားရသော မှုခင်းအခြေအနေကို လေ့လာခြင်းဖြင့် တွေ့ဆုံမေးမြန်းခြင်းအတွက် ပြင်ဆင်ပါ။
- မည်သူ၏ လုံခြုံရေးကိုမှ မထိခိုက်စေရန် လိုအပ်သော လုံခြုံရေး အကာအကွယ်များ ရယူပါ။
- စာနယ်ဇင်းသမားတစ်ယောက်ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား အသိပေးပါ။ အလုပ်လုပ်သည့် သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုကို ဖော်ပြပြောဆိုပါ။
- အမည်မဖော်လိုသူအဖြစ် ပြောဆိုနိုင်ကြောင်း ပြောပါ။ အမှန်တရားကို ပြောဆိုသည့် ကျူးလွန်သူသည် လက်တုံ့ပြန်၊ ကလဲ့စားချေခံရနိုင်သည်။
- ကျူးလွန်သည်ဟု စွပ်စွဲခံရသူနှင့် နှစ်ယောက်ချင်းမေးမြန်းနိုင်အောင် ကြိုးစားပါ။
- မေးမြန်းခွင့်ရရန်အတွက် အကောင်းဘက်က ရေးပေးပါမည်၊ သစ္စာရှိပါမည် သို့မဟုတ် နားလည်ပေးပါမည်ဟု မည်သည့်အခါမှ ကတိပေး အလဲအထပ် မလုပ်ပါနှင့်။
- တွေ့ဆုံမေးမြန်းခြင်းခံရသည့်သူကို စွပ်စွဲမှုများကို ဖော်ပြပြီး သူ့တုံ့ပြန်မှုကို သိရှိလိုကြောင်း ရှင်းပြပါ။ သတင်း၏ နှစ်ဖက်စလုံးကို ဖော်ပြလိုသည့် ရည်ရွယ်ချက်ကို ရှင်းပြပါ။
- တခြားအကြောင်းအရာတစ်ခုကို မေးချင်ယောင်မဆောင်ပါနှင့်။ ထိုကိစ္စသည် ကျင့်ဝတ်နှင့် မညီသကဲ့သို့ ပေါ်သွားပါကလည်း အန္တရာယ်ကြီးသည်။
- တွေ့ဆုံမေးမြန်းခြင်းခံရသည့်သူကို အဖြစ်အပျက်များအား သူ့ဘက်အပိုင်းက ပြောဆိုရန် အားပေးပါ၊ ခွင့်ပြုပါ။ စစ်လားဆေးလားမေးခွန်းများ မေးမြန်းခြင်းဖြင့် ထွက်ပြေးသွားအောင် မပြုလုပ်ပါနှင့်။
- သူကျူးလွန်ခဲ့သည့် သို့မဟုတ် ကျူးလွန်သည်ဟု စွပ်စွဲခံရသည့် ပြစ်မှုနှင့် ပတ်သက်ပြီး မည်သို့ခံစားရသည်ဖြစ်စေ တဲ့တိုးပြောပါ၊ သို့သော် ယဉ်ကျေးပါ။
- နောက်ဆုံးအနေဖြင့် ကျူးလွန်သူနှင့် ကျူးလွန်ခံရသူများအကြား စည်းမှာ မကြာခဏ မှုန်ဝါးဝါး

ခပ်ပါးပါးသာ မြင်ရလေ့ရှိသည်။ လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်သူများသည်လည်း အတိတ်တွင် အခြားသူတစ်ယောက်ယောက်က အလားတူ ပြစ်မှုများ ကျူးလွန်ခြင်းကို ခံခဲ့ရဖူးသူများ ဖြစ်တတ်သည်။ သူတို့ကို လူသားများအဖြစ်သာ ရှုမြင်ပါ။ ဆက်ဆံပါ။

owif&ifjrpfukd rwJapokdyf;

စာနယ်ဇင်းပညာ၏ ရွှေရောင်စည်းမျဉ်းတစ်ခုမှာ ဘယ်သူပဲဖြစ်နေနေ ကိုယ့်သတင်းရင်းမြစ်ကို အမြဲတစေသုံးသပ်ပါ ဟူသည့်အချက်ဖြစ်သည်။ သတင်းရင်းမြစ်တစ်ခုခုက ရရှိသည့် အချက်အလက်များသည် စင်းလုံးချောမှန်ကန်သည်ဟု မည်သည့်အခါမှ မမှတ်ယူအပ်ပေ။ တွေ့ဆုံမေးမြန်းခြင်းခံရသူများသည် မေးမြန်းသူ အကြိုက်လိုက်ဖြေခြင်း သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ လမ်းကြောင်းလွဲခြင်းများ ရှိနိုင်သည်။ သူတို့သည် ကျွမ်းကျင်ပညာရှင်များ ဖြစ်နိုင်သလို ကိုယ့်ဘာသာကိုယ်ပင် ဘာပြောလို့ ပြောနေမှန်း မသိသူများလည်း ဖြစ်နိုင်သည်။ ဖော်ထုတ်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ကိုယ့်သတင်းရင်းမြစ်ကို သုံးသပ်ခြင်းနှင့် သူတို့ပေးသည့် အချက်အလက်များကို အတည်ပြုနိုင်ရန် ကြိုးစားခြင်းဖြစ်သည်။

rlvowif&ifjrpfsm;ukodkdyfcefenfvrfrsm;
owif&ifjrpf\ owifay;rhwfwrf

ယခင်က စိတ်ချယုံကြည်ရသော သတင်းမှန်များ ပေးခဲ့ဖူးသည့်သူများကိုသာ ယုံကြည်ထိုက်သော သတင်းရင်းမြစ်များအဖြစ် မှတ်ယူနိုင်သည်။

olwkdvu ,ofyJovm;

သတင်းရင်းမြစ်သည် သူတို့ပြောဆိုနေသည့် အချက်အလက်များကို သိနိုင်သည့် အခြေအနေတွင် ရှိ၊ မရှိ စစ်ဆေးပါ။ သူတို့သည် အခင်းဖြစ်ပွားသော နေရာတွင် ရှိနေသလား။ ကိုယ်တွေ့လား၊ သို့မဟုတ် သူများပြောတာ ပြန်ကြားရတာလား။ မသေချာဘူးဆိုလျှင် ''အဲဒီမှာ ခင်ဗျားကိုယ်တိုင် တကယ်ကြုံခဲ့ရတာလား''လို့ မေးပြီး စစ်နိုင်သည်။

owif&ifjrpfonfpwd&&aom ukdwkdufwGJolvm;

သင့်အမြင်တွင် သတင်းရင်းမြစ်သည် သူတွေ့မြင်ခဲ့ရသည့်အရာများကို နားလည်နေပုံရတတ်သည်။ အသေးစိတ်ကို မှန်မှန်ကန်ကန် တွေ့ရှိသိမိခဲ့သူလား။ သူ့အသက်၊ စိတ်ခံစားမှုအခြေအနေ၊ ဘက်လိုက်နိုင်သည့် အခြေအနေ။

wefjtm;? tusdDCESD;ay;cufsm;ukdpfunfh

တစ်ခါတစ်ရံ လူများတွင် သတင်းအချက်အလက်များ ပုံနှိပ်ဖော်ပြစေလိုသည့် တစ်ကိုယ်ရေ အကြောင်းပြချက်များ ရှိတတ်သည်။ တစ်ခါတစ်ရံ တရားဝင်ကိစ္စတစ်ရပ်ကို ဖော်ပြစေလိုခြင်းဖြစ်သဖြင့် ပြဿနာမရှိ။ သို့သော် တစ်ခါတစ်ရံ တမင်ရည်ရွယ်ချက်ရှိရှိ လုပ်ကြံထားခြင်းဖြစ်ပြီး အန္တရာယ်ရှိသည်။ အလုပ်ရှင်ကို လက်စားချေလိုသည့် အလုပ်သမားထံမှ သတင်းအချက်အလက်မျိုး။ နိုင်ငံရေးအရ လက်ဦးမှုရလိုတဲ့ အကောင်ကြီးကြီးဖြစ်လိုသူ ပါတီဝင်တစ်ယောက်ထံမှ သတင်းအချက်အလက်မျိုး။ ထိုသတင်းအချက်အလက်များသည် မှန်ကောင်းမှန်နိုင်ပါသေးသည်။ သို့သော် သူတို့ကို ထိုသို့ပြောဆိုစေသည့် နောက်ကွယ်မှ တွန်းအားများကို အနည်းဆုံးသိထားရန် လိုပြီး လူထုကိုလည်း ယုံမှားခြင်းမရှိစေရန်အတွက် နားလည်သည်အထိ ရှင်းပြပေးထားရန် လိုအပ်သည်။

&&SnfowifjtcuftvufonftjiifyG2Gzpfyu tjcm;olrsm;EStwnfyy

အင်ငင်းပွားဖွယ် သတင်းအချက်အလက်များကို အတည်ပြုပေးမည့် အခြားသတင်းရင်းမြစ်များကို လည်း ရှာဖွေထားပါ။ ထိုအချက်များကို ကန်ကျောက်ပြောဆိုပေးမည့်သူများလည်း ရှာထားပါ။ ထိုသို့ဆို လျှင် မျှမျှတတ သတင်းရေးနိုင်ရန် အထောက်အကူပေးပါလိမ့်မည်။

owif&ifrpfonfrnf\ tawGu&Hfyoenf

အချို့သူများသည် မီဒီယာများနှင့် ဆက်ဆံရာတွင် အတွေ့အကြုံရင့်သည်။ အချို့က အတွေ့ အကြုံမရှိ။ အတွေ့အကြုံမရှိသူများကို အသုံးချမိခြင်းအား ရှောင်ရှားနိုင်ရန်အတွက် ဂရုတစိုက်ကိုင်တွယ် ပါ။ သူတို့ထုတ်ပြောသော စကားများကို ပုံနှိပ်ဖော်ပြမည်ဟု သိရှိနေကြပါစေ။ ထိုသို့မဟုတ်လျှင် ဘေး ထွက်ဆိုးကျိုးများ ရှိနိုင်သည်။ အမှေ့ပြုကျင့်မှု သို့မဟုတ် နှိပ်စက်ညှဉ်းပန်းမှု စသည့် လူ့အခွင့်အရေး ချိုးဖောက်မှုခံရသူများကို အထူးဂရုထားပါ။ သူတို့သည် အားနည်းသည့် အနေအထားတွင် ရှိသည်။ အထူးသဖြင့် ကလေးများကို တွေ့ဆုံမေးမြန်းလျှင် အထူးဂရုထားပါ။

owif&ifrpf\ vkH

စာနယ်ဇင်းသမားသည် သက်ဆိုင်ရာ အသိုင်းအဝိုင်းအတွင်းမှ မဟုတ်လျှင် လွယ်လွယ်လေး ရောက်လာ၊ မေးခွန်းမေး၊ သတင်းရေး၊ ထွက်သွားလိုက်ရုံသာရှိသည်။ သို့သော် သတင်းရင်းမြစ်များမှာ ထိုသို့မလုပ်နိုင်။ ထို့ကြောင့် သူတို့၏ လုံခြုံရေးကို အထူးသတိထားရန် လိုအပ်သည်။

vlYcGJa&;owif&;om;rwGJwpfqifhowif&ifrpftokyfEkdif

စာနယ်ဇင်းသမားများသည် တွေ့ဆုံမေးမြန်းခြင်းများစွာ ပြုလုပ်ရသည်။ သို့သော် ထိုတွေ့ဆုံမေး မြန်းခြင်းများကို အတည်ပြုနိုင်ရန်နှင့် ဖြေကြားသူများ ဖြေကြားမှုများကို အခြေအနေနှင့် ဆက်စပ်နိုင် ရန်အတွက် စာရွက်စာတမ်းများနှင့် အခြားရင်းမြစ်များကို သုံးရသည်။

တစ်ဆင့်ခံသတင်းရင်းမြစ်များမှာ နောက်ခံအကြောင်းအရာ သုတေသနပြုလုပ်မှုအတွက် အလွန် အမင်း အသုံးဝင်သည်။ သူတို့က ပိုမိုခက်ခဲသော မေးခွန်းများကို မေးနိုင်ရန် ကူညီပေးလိမ့်မည်။ သူတို့ကို အသုံးပြုပြီးပါက သင်ကိုယ်တိုင်လည်း အခြေအနေကို ပိုနားလည်လာမည်ဖြစ်သောကြောင့် ဖြစ်သည်။

တစ်ဆင့်ခံ သတင်းရင်းမြစ်များ၏ နယ်ပယ်မှာ ကျယ်ပြန့်သလောက် အသုံးပြုနိုင်မှုမှာ အကန့်အသတ်နှင့်ဖြစ်သည်။ ရရှိနိုင်မှု၊ အချိန်နှင့် ကိုယ်တိုင်၏ ရှာဖွေအသုံးချနိုင်သည့် ဗဟုသုတနှင့် အရည်အချင်းပေါ် မူတည်သည်။

ကွန်ပျူတာ အသုံးပြုနိုင်သော စာနယ်ဇင်းသမားများအတွက် အင်တာနက်တွင် မြောက်မြားစွာသော အရင်းအမြစ်များ ရရှိနိုင်သည်။ ရှာဖွေရေးအင်ဂျင်များတွင် (လူသိအများဆုံး နမူနာမှာ Google ဖြစ် သည်) သက်ဆိုင်ရာ စကားလုံးအလိုက် ရှာဖွေနိုင်ပြီး ကိုယ်သိလိုသည့် အဖြေကို မြန်မြန်ဆန်ဆန် ထုတ်ပေး နိုင်သည်။

အခြားအရင်းအမြစ်များအတိုင်းပင် တစ်ဆင့်ခံ သတင်းရင်းမြစ်များကိုလည်း ပိုင်းဖြတ်စစ်ဆေးနိုင် ရန် လိုအပ်သည်။ မှန်ကန်သော အချက်အလက်များစွာရှိသည့်တိုင် အင်တာနက်တွင် အပျော်တမ်းသုတေသန သမားများနှင့် ရည်ရွယ်ချက်ရှိရှိ သတင်းအမှားပေးလိုသူများ၏ ညစ်ညစ်မည်းမည်း သတင်းအချက်အလက် များလည်း ဒုနှင့် ဒေးနှင့်ဖြစ်သည်။

owdy;cuf

လူတိုင်းလွတ်လပ်စွာသုံးစွဲပိုင်ခွင့်ကြောင့် အခြားပုံနှိပ်ထုတ်ဝေသည့် ပုံစံများနှင့် မတူသည့်အချက်မှာ ဥပဒေနှင့် ကြေပ်မတ်မှုမရှိဘဲ အင်တာနက်ပေါ်တွင် မည်သူမဆို သတင်းအချက်အလက်များ တင်နိုင်သည့် အချက်ဖြစ်သည်။

wpfqifhcHwif&ifjrpfrsm;ukodkdyfcefenfvrnfrsm;

- ပုံနှိပ်သည့်ရက်စွဲကို စစ်ပါ။
- စာရေးသူ၏အကြောင်းနှင့် အရည်အချင်းများကို ရှာဖွေပါ။ စာရေးသူသည် သုတေသီလား၊ အငယ်တန်းလား သို့မဟုတ် ဘွဲ့ကြိုကျောင်းသားလား၊ အကြီးတန်းလား၊ ပညာရှင်လား၊ စာနယ်ဇင်းသမားလား ရှာဖွေပါ။ စာရေးသူ၏ နောက်ခံအခြေအနေကို Google မှတစ်ဆင့် ရှာကြည့်ပါ။
- သတင်းရင်းမြစ်များမှာ အဘယ်နည်း။ ဘယ်က လာသနည်း။
- သတင်းအချက်အလက်များကို မည်သို့ထုတ်ပေးသနည်းရှာပါ။ စစ်တမ်းများလား၊ တွေ့ဆုံမေးမြန်းခြင်းများလား။
- ထိုသတင်းအချက်အလက်ကို အသုံးပြုလျှင် ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များမှာ အဘယ်နည်း။ တစ်ယောက်ယောက်ကို ထိခိုက်နိုင်သလား။ သတင်းအတွက် မဖြစ်မနေ လိုအပ်သလား။
- သတင်းအချက်အလက် ထုတ်ပေးသည့်သူများ၏ ဦးတည်ချက်များမှာ အဘယ်နည်း။ ဖြစ်နိုင်ခြေရှိသည့် ဘက်လိုက်မှုများမှာ အဘယ်နည်း။ သတင်းအချက်အလက်သည် ပြည့်စုံပါသလား။ ဖုံးကွယ်ထားသည့် အပိုင်းများရှိပါသလား။
- သုတေသနနည်းနာများနှင့် အစီရင်ခံစာများကို နားလည်အောင် ရှင်းပြပေးသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် သုတေသီများရှိပါသလား။

rSwfpk&m;

❒

Photo : Internews Radio Production Trip 2014

Internews
Local voices. Global change.

t ykd;f2? t cef;6

w&m;0if;wif;&if;jrpfrsm;ukd;wGif;&Hk;jref;jcif;

တရားဝင်သတင်းရင်းမြစ်များတွင် လုပ်ပိုင်ခွင့် ပြောပိုင်ခွင့်ရော၊ တတ်သိနားလည်မှုပါရှိသည်ဟု အများပြည်သူက ယုံကြည်သည်။ ထိုအချက်သည် စာနယ်ဇင်းသမားများအတွက် အခွင့်အရေးသာမက စိန်ခေါ်မှုလည်းဖြစ်သည်။

ta&;ukd;Onf&0ef; [m&rsm;

သတင်းမှား (Disinformation) - ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေသော မတိကျသည့်၊ မမှန်ကန်သည့် သတင်းအချက်အလက်များ။

လူထုဆက်ဆံရေး အချက်အလက်များ (Public Relations) - အဖွဲ့အစည်းဂုဏ်တက်ပြီး လူထုအားပေးမှုရစေရန် အဖွဲ့အစည်းတစ်ခုခုမှ ထုတ်ပြန်သည့် သတင်းအချက်အလက်များ။

စည်းရုံးရေး (Spin) - နာမည်ကြီး ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၊ ဥပဒေတစ်ရပ်၊ လုပ်ငန်းဆောင်ရွက်ချက်တစ်ခု သို့မဟုတ် လုပ်ငန်းဆောင်ရွက်ချက်များကို အကောင်းမြင်လာစေရန်အတွက် အကြောင်းအရာများ သို့မဟုတ် အဖြစ်အပျက်များကို ပုံဖော်မှု။ အချက်အလက်များကို ရည်ရွယ်ချက်ရှိရှိ ပြုပြင်အသုံးပြုခြင်းတို့လည်း ပါဝင်ပြီး ထိုသို့ပြုလုပ်သူများကို "စည်းရုံးရေးသမားများ (Spin Doctors)" များဟု ခေါ်သည်။

တရားဝင်သတင်းအချက်အလက်အဖြစ် လက်ခံမှု၊ မခံမှု (The Official Line) - အဖွဲ့အစည်းတစ်ရပ်အပေါ် အများပြည်သူ၏ ယုံကြည်မှု။ အဖွဲ့အစည်း၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် (တရားဝင်သတင်းရင်းမြစ်များ)နှင့် ထိုသူတို့၏ ပြောကြားမှုများအပေါ်မူတည်၍ တရားဝင်အဖြစ် လက်ခံမှုမှာ တဖြည်းဖြည်း အားကောင်းလာရသည်။

tmPmykdkfsm;\ toH

တရားဝင်သတင်းရင်းမြစ်များသည် လူမှုအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များကို ကိုယ်စားပြုသည်။

ထိုသူများသည် အဖွဲ့အစည်းများတွင် ရာထူးများ ရယူထားလေ့ရှိပြီး အဖွဲ့အစည်းကိုယ်စား စကား ပြောဆိုလေ့ရှိသည်။ ဥပမာအားဖြင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်တစ်ယောက်၊ အမှုဆောင်အရာရှိချုပ်၊ လူထုဆက်ဆံရေးအရာရှိ သို့မဟုတ် အကြီးတန်းမန်နေဂျာတို့သည် ကုမ္ပဏီနှင့်ပတ်သက်ပြီး ပြောရေးဆိုခွင့်ရှိသူများဖြစ်နေတတ်သည်။ အစိုးရဌာနများတွင်မူ အစိုးရဝန်ကြီးတစ်ဦး သို့မဟုတ်၊ ဝန်ထမ်းတစ်ဦး သို့မဟုတ် ဌာနဆိုင်ရာ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တစ်ဦးသည် တရားဝင်သတင်းရင်းမြစ် ဖြစ်နေတတ်သည်။ အလုပ်သမားအခွင့်အရေးကို ဆောင်ရွက်ပေးသည့် အလုပ်သမားသမဂ္ဂတစ်ခုတွင်မူ သမဂ္ဂအဖွဲ့ဝင်တစ်ယောက်သည် တရားဝင်သတင်းရင်းမြစ် ဖြစ်နေနိုင်သည်။ ရဲဌာနတွင် ရဲဘက် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တစ်ဦးဦးသည် တရားဝင်သတင်းရင်းမြစ်ဖြစ်သည်။

တရားဝင်သတင်းရင်းမြစ်များထံမှရသော သတင်းအချက်အလက်များသည် အများကြီး တာသွားသည်။ အဘယ်ကြောင့်ဆိုသော် တရားဝင်သတင်းရင်းမြစ်များသည် လုပ်ပိုင်ခွင့်၊ ပြောပိုင်ခွင့် အာဏာရော တတ်သိနားလည်မှုရှိသောကြောင့် (သို့မဟုတ် ရှိသည်ဟု အများပြည်သူ ယုံကြည်သောကြောင့်) ဖြစ်သည်။ တရားဝင်သတင်းရင်းမြစ်သည် အဖွဲ့အစည်းတစ်ခုတွင် ရာထူးကြီးသူဖြစ်လေ့ရှိသည်။ ထို့ကြောင့် သူတို့သည် သတင်းဖြစ်ပေါ်သည့် အကြောင်းအရာကိုလည်းကောင်း၊ သူတို့ကိုယ်စားပြုသည့် အဖွဲ့အစည်း၏ အနေအထား၊ လုပ်ငန်းစဉ်များနှင့် ရှုမြင်သုံးသပ်ချက်များကိုလည်းကောင်း သိရှိနေကြသည်။

တရားဝင်သတင်းရင်းမြစ်များသည် လုပ်ပိုင်ခွင့် ပြောဆိုဆွေးနွေးပိုင်ခွင့်၏ အသံဖြစ်သည်။ ရာထူးကြီးလေလေ ယုံကြည်မှုပိုရလေဖြစ်သည်။ ထိုအချက်က စာနယ်ဇင်းသမားများအတွက် အခွင့်အလမ်းသာမက စိန်ခေါ်မှုလည်းဖြစ်သည်။

w&m;0ifowif&if;rpfsm;ukdwQkt;jref;cif;

တရားဝင်သတင်းရင်းမြစ်များတွင် လုပ်ပိုင်ခွင့်ရှိသဖြင့် အရှိန်အဝါတစ်ခုခု ရှိနေတတ်သည်။ စာနယ်ဇင်းသမားများက သူတို့ကို တို့ထိရန် တွန့်ဆုတ်နေတတ်သည်။ တစ်ခါတစ်ရံတွင် ရှိန်နေရသည့်အချက်ကို မှားသည်ဟု မဆိုသာ။ သူတို့ကို တို့ထိလိုက်ပါက လက်တုံ့ပြန်မည့် အလားအလာက ရှိသည်။ တရားဝင်သတင်းရင်းမြစ်များကို ထိဖူး၊ နှက်ဖူးသည့် စာနယ်ဇင်းသမားအများစုမှာ ဖမ်းဆီးခြင်း၊ တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် ထိုးနှက်ချက်များကို ခံရလေ့ရှိသည် တချို့ဆိုလျှင် သတ်သည်အထိ ခံရသည်။ စာနယ်ဇင်းသမားများသည် အင်အားကြီးအဖွဲ့အစည်းတစ်ခု၏ လူအခွင့်အရေး ချိုးဖောက်မှုမှတ်တမ်းများကို ဖော်ပြပါက စစ်ဆေးမှုများ ပေါ်ပေါက်စေပြီး ထိုအဖွဲ့အစည်းအတွင်းမှ ပုဂ္ဂိုလ်များကို ဖမ်းဆီးမှု၊ တရားစွဲဆိုမှုများအထိ ဖြစ်စေနိုင်သည်။ ထို့ကြောင့် လူအခွင့်အရေးနှင့် ပတ်သက်ပြီး အင်အားကြီး အဖွဲ့အစည်းများနှင့် ထိပ်တိုက်တွေ့ရသည့်အခါ အလျော်အစားကြီးမားလှသည်။

ra&maxGapEdkifiHk

စာနယ်ဇင်းသမားများသည် ကျွမ်းကျင်ပညာရှင်များကို တရားဝင်သတင်းရင်းမြစ်များအဖြစ်မှား ယွင်းရောထွေးတတ်သည်။ အလုပ်သမားအခွင့်အရေး၊ ဘာသာရေး၊ ပညာရေးတို့နှင့်ပတ်သက်သည့် ကျွမ်းကျင်ပညာရှင်သည် အဖွဲ့အစည်းတစ်ခုခု၊ အသင်းအပင်းတစ်ခုခုကို ကိုယ်စားပြုသည့်တိုင် ၄င်းကို တရားဝင် သတင်းရင်းမြစ်အဖြစ် မမှတ်ယူနိုင်ပါ။ ထို့အတူ လူအခွင့်အရေး ချိုးဖောက်မှုတစ်ခုကို မျက်မြင်ကြုံတွေ့ခဲ့ရသူသည် ထိုအဖြစ်အပျက်နှင့် ပတ်သက်ပြီး များစွာသိရှိမည်ဖြစ်သော်လည်း သူသည် မည်သည့်အဖွဲ့အစည်းကိုမှ ကိုယ်စားမပြုဘဲ သူတစ်ဦးတည်း၏ အတွေ့အကြုံကို ပြောဆိုခြင်းဖြစ်သည့်အတွက် တရားဝင်သတင်းရင်းမြစ် မဖြစ်ပါ။

သို့သော် အာဏာရှိသူများကို တာဝန်ခံလာစေရန် မောင်းနှင်ရသည်မှာ စာနယ်ဇင်းလုပ်ငန်း၏ အရေးကြီးတာဝန်တစ်ရပ်လည်းဖြစ်ရာ တရားဝင်သတင်းရင်းမြစ်များကို တို့ထိရန် လိုအပ်လာသည့်အခါတွင်လည်း တို့ထိနိုင်ရန် လိုအပ်သည်။

w&m;0ifowif&if;rpfrsm;ukd,lfykuD,lkd,G,f ar;jref;rsm;ukd,zl,um;vkdom w&m;0ifowif&if;rpfrsm;

ထိုသတင်းရင်းမြစ်များကို မေးမြန်းရန် လွယ်ကူသည်။ သူတို့သည် သတင်းအချက်အလက်များ ပေးလိုသည်။ မေးမြန်းရသည်မှာလည်း သက်သောင့်သက်သာရှိပြီး တရင်းတနှီးဖြစ်သည်။ သို့သော် သူတို့သည် အဖွဲ့အစည်း၏ တရားဝင်ဖြစ်မှု၊ မဖြစ်မှုကို မြှင့်တင်ရန် လုပ်ဆောင်နေရခြင်းလည်း ဖြစ်သည်ကို သတိထားမိရန်လိုသည်။ သူတို့ပေးသော သတင်းအချက်အလက်များကို အတည်ပြုနိုင်ဖို့ ကြိုးစားပါ။ အသေအချာလေ့လာထားသော ဆင့်ကဲမေးခွန်းများဖြင့် သူတို့ပြောဆိုမှုများကို မေးခွန်းထုတ်ပါ။

ar;jref;rsm;ukd,zl,um;vkdom w&m;0ifowif&if;rpfrsm;

တစ်ခုခုကို ဖုံးကွယ်ထားလိုသည့် တရားဝင်သတင်းရင်းမြစ်များဖြစ်သည်။ သူတို့ကို မေးမြန်းရသည်က အများကြီးခက်ခဲသည်။ အသေအချာပြင်ဆင်ပြီး ယုံကြည်ချက်အပြည့် ရှိနေရန်လိုသည်။

trnfazmfvkdom w&m;0ifowif&if;rpfrsm;

ရှုပ်ထွေးသလောက် ခက်ခဲသည့် အုပ်စုဖြစ်သည်။ ဂရုတစိုက်ကိုင်တွယ်ရသည်။ သူတို့ ဘာကြောင့် အမည်မဖော်လိုသလဲ၊ သူတို့ရည်ရွယ်ချက်က ဘာလဲ၊ ကိုယ့်ဘာသာကိုယ် မေးခွန်းထုတ်ပါ။ အမည်မဖော်လိုရသည့် အကြောင်းရင်းများ များစွာရှိနိုင်သည်။ ကိုယ့်လုံခြုံမှုအတွက်ဖြစ်လေ့ရှိသည်။ သို့သော် အခြားသော အကျိုးစီးပွားများနှင့် အစီအစဉ်များလည်း ရှိနိုင်သည်။ အမည်မဖော်လိုသော တရားဝင်သတင်းရင်းမြစ်များကို အခြားသတင်းရင်းမြစ်များနည်းတူ သုံးသပ်ကြည်ပါ။ အထူးသဖြင့် သူတို့ ဘာကြောင့် အမည်မဖော်လိုရသလဲ ဟူသည့် အကြောင်းပြချက်ကို သုံးသပ်ပါ။ အခြားအမည်မဖော်လိုသူ သတင်းရင်းမြစ်များကဲ့သို့ပင် ဆက်ဆံပါ။ သူတို့ကို "ဒီအချက်အလက်တွေကို အမည်ဖော်ပြီး ပြောမယ့်သူ ရှိနိုင်မလားမသိဘူး" မေးပါ။ ရှိသည်ဆိုလျှင် ထိုသူကို မေးပါ။ အမည်မဖော်လိုသူ သတင်းရင်းမြစ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် ပတ်သက်ပြီး စာမျက်နှာ ၉၆ ကို ကြည့်ပါ။

w&m;0ifowif&if;rpfawmfrSwfouf,lvDoxkd;&rnfhcsufrsm;

- သူတို့သည် လူမှုအဖွဲ့အစည်းများကို ကိုယ်စားပြုသည်။
- သူတို့တွင် လုပ်ပိုင်ခွင့်နှင့် တတ်သိနားလည်မှုရှိသည်။
- တရားဝင်သတင်းရင်းမြစ်သည် ရာထူးကြီးလေ ယုံကြည်မှုကို ပိုမိုခံရလေဖြစ်သည်။
- သတင်း၏ တစ်ဖက်ဖြစ်သော တရားဝင်အာဏာပိုင်များ၏ ရပ်တည်ချက်အမြင်ကို ပေးသည်။
- သူတို့သည် သတင်းရင်းမြစ်များစွာထဲက တစ်ခုသာဖြစ်သဖြင့် သူတို့ကိုချည်း မှီခိုနေ၍မရ။

w&m;0ifowif&if;rpfrsm;ukd,wGif;jref&efenfvrfrsm; jyifqifyg

တွေ့ဆုံမေးမြန်းမှုအားလုံးအတွက် ရွှေရောင်စည်းမျဉ်းမှာ ကောင်းမွန်စွာ ပြင်ဆင်ခြင်းဖြစ်သည်။ တရားဝင်သတင်းရင်းမြစ်များကို တွေ့ဆုံမေးမြန်းသည့်အခါ ထိုအချက်သည် မဖြစ်မနေလိုအပ်သည်။ သတင်း

ဖြစ်ရပ် မဖြစ်ပေါ်ခင်ကတည်းကပင် ထိုသတင်းရင်းမြစ်နှင့် ဆက်ဆံရေးတစ်ခု တည်ဆောက်ထားနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ အမြဲတမ်းတော့ ထိုသို့ဖြစ်နိုင်သည်မဟုတ်ပေ။ တွေ့ဆုံမေးမြန်းမှု မပြုလုပ်မီ တတ်နိုင်သမျှ နောက်ခံအကြောင်းအရာများကို လေ့လာထားပါ။ သတင်းရင်းမြစ်ကိုယ်တိုင်ကိုရော၊ ဖြစ်ပေါ်နေသည့် အခြေအနေကိုပါ လေ့လာပါ။ ထိုသူသည် ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်သနည်း။ အဖွဲ့အစည်းတွင် မည်သည့် ရာထူးရှိသနည်း။ ယခင်က ဘာပြောဖူးသနည်း။ တရားဝင်ဖြစ်မှု မည်မျှအားကောင်းသနည်း။ သတင်းနှင့်ပတ်သက်ပြီး သိထားပြီး အချက်အလက်များက ဘာတွေဖြစ်သနည်း။ ဘယ်အချက်က သေချာသနည်း။ ဘယ်အချက်က မရှင်းလင်းသနည်း။ အချက်အလက်များရှိလျှင် တရားဝင်သတင်းရင်းမြစ်များကို နှိုင်းနိုင်သည်။ အမှားလုပ်မိလျှင်တော့ သူငယ်နှပ်စား အလုပ်ခံရလိမ့်မည်။ နောက်မေးခွန်းတွေ ထပ်ဖြေတော့မှာမဟုတ်။ အသေအချာ မပြင်ဆင်သွားပါက သတင်းရင်းမြစ်၏ ဦးဆောင်ရာနောက်ပါသွားနိုင်ပြီး အမှန်တစ်ဝက်၊ အမှားတစ်ဝက် သတင်းများ ရေးသားမိသွားနိုင်သည်။ သတင်းအချက်အလက်များကို မှန်ကန်သည်အထိ သတိကြီးကြီးထားပြီး "စစ်ချရန်" လိုသည်။

တစ်ခါတစ်ရံ ပြင်ဆင်ချိန် အနည်းငယ်သာ ရကောင်းရနိုင်သည်။ သို့သော် ကိုယ့်ကိုယ်ကိုယ်မေးပါ။ ဒီအခြေအနေကို ဘယ်လောက်သိထားသလဲ။ မှတ်စုချရေးပါ။ ကိုယ်သိထားတာကို အခြေခံတဲ့ မေးခွန်းအနည်းငယ် ချရေးထားပါ။

owif;wif;yrnfhvrf;aumif;ESpfaxmifhtkudkxm;y

တွေ့ဆုံမေးမြန်းပြီး ရလာမည့် သတင်းက မည်သို့ဖြစ်မည်နည်းဟူသည့် တင်ပြမည့်လမ်းကြောင်းကို ကြိုချထားပြီး ထိုလမ်းကြောင်းအတိုင်းလိုက်ပါ။ သို့သော် ကိုယ်မျှော်လင့်ထားသလိုလည်း မဖြစ်နိုင်ကြောင်း ကြိုတွက်ထားပါ။ မေးခွန်းများမေးမြန်းပြီးနောက် အသစ်တစ်ခု ထွက်လာခဲ့လျှင် လမ်းကြောင်းကို ပြောင်းလဲသင့်က ပြောင်းလဲနိုင်အောင် ကြိုးစားပါ။

ukdkH[mukdfyifqif;/ ar;jref;rnfyHkHudkxm;y

မေးမြန်းမှုများကို ဖြေကြားမှုသည် ဘယ်လိုလူမျိုးနည်း။ ဖော်ရွေသူလား။ ပြင်းထန်သူလား။ သူ့အကျိုးစီးပွားက ဘာတွေနည်း။ ထိုမေးခွန်းများက ချဉ်းကပ်မှုပုံစံနှင့် မေးခွန်းအစီအစဉ် ဘယ်လိုချရမည်လဲ ဟူသည့်အချက်ကို ပုံဖော်ပေးလိမ့်မည်။

မေးလိုသော မေးခွန်းများကို အစဉ်လိုက်ချရေးထားပါ။ သို့သော် အဖြေကို ဂရုတစိုက် နားထောင်ပါ။ ကိုယ်ချထားသည့် လမ်းကြောင်းကိုချည်း အတင်းအကျပ် မဆုပ်ကိုင်ပါနှင့်။ ဆင့်ကဲမေးခွန်းများ ပေါ်လာသည့်အခါ၊ သတင်းရေးရန် လမ်းကြောင်းသစ်များ ပေါ်လာသည့်အခါတွင်လည်း မေးပါ၊ လိုက်ပါ။

မေးမြန်းမည့်ပုံစံသည် အကြောင်းအရာနှင့် ဖြေဆိုသူ၏ သဘာဝကို စဉ်းစား၍ ယထာဘူတကျကျ ဖွဲ့စည်းထားသော အခြေအနေဖြစ်သည်။ ဖြေဆိုသူကလည်း ဖြေလိုသည်။ မေးသူကလည်း မေးနိုင်သည်ဟု ယုံကြည်သည်။ ထိုသို့ဆိုလျှင် သတင်းအချက်အလက်များ အလွယ်တကူရနိုင်သဖြင့် မေးမြန်းမည့်ပုံစံရော၊ မေးခွန်းကိုပါ အေးအေးသက်သာပုံစံဖြစ်အောင် ပြောင်းလဲနိုင်သည်။

သို့သော် တရားဝင်သတင်းရင်းမြစ်သည် ထုတ်ဖော်ပြောဆိုလိုသူမဟုတ်၊ နားကြားကောင်းလောက်အောင် ပြောဆိုလိုသူသာဖြစ်သည်။ အဖွဲ့အစည်းဂုဏ်တက်ရုံသာ လုပ်လိုခြင်းဖြစ်သည်ဟုဆိုလျှင် မေးခွန်းကို ရှေ့နောက်စီစဉ်လျက် မေးမြန်းခြင်းသည် အလွန်အရေးပါသည်။ မေးရန် ခက်ခဲသော၊ မဖြေချင်သော ဖြေဆိုသူကို စတင်အရေခွံနှာရန် အကောင်းဆုံးနည်းလမ်းမှာ သူတို့ဖြေဆိုလိုသည့် မေးခွန်းများကို မေးခြင်းဖြစ်ပြီး တဖြည်းဖြည်း ပိုခက်သော စစ်ဆေးမေးစမ်းမှုများ ပြုလုပ်ခြင်းဖြစ်သည်။

အချိန်ရလျှင် ကိုယ့်ရဲ့ တွေ့ဆုံမေးမြန်းမည့် ဗျူဟာနှင့် နည်းလမ်းကို သတင်းအယ်ဒီတာများ သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များနှင့် တိုင်ပင်ဆွေးနွေး စမ်းသပ်ကြည်ပါ။

jynfhaZ&;0ef;ufpDtkdrsufr;&rnfarcef;ESifhum;

အကြောင်းအရာ။ ။ အချုပ်သားများကို နှိပ်စက်သေဆုံးစေမှုများ

(၁) အချုပ်သားတွေကို နှိပ်စက်တာနဲ့ပတ်သက်ပြီး အစိုးရရဲ့ ရပ်တည်ချက်ကို သိလိုပါတယ်။

(၂) ဒီရပ်တည်ချက် အစိုးရရဲ့ အချုပ်ကာလတွင်း ထိခိုက်ဒဏ်ရာရခြင်းဆိုင်ရာ အစီရင်ခံစာနဲ့ရော ဘယ်လိုမျိုး ဆက်စပ်မှုရှိလဲ။

(၃) အစိုးရမဟုတ်တဲ့ Amnesty International လိုမျိုးအဖွဲ့တွေက အချုပ်ကာလအတွင်းမှာ သေဆုံးမှုတွေ ရှိခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီအချက်တွေကရော အမှန်ပဲလား။

(၄) ရဲတွေ အကြမ်းဖက်တာနဲ့ပတ်သက်ပြီး ဒီနှစ်အတွင်း ရုံးကို တိုက်ရိုက်တိုင်ကြားတာ ဘယ်နှခုလောက်ရှိသလဲ။

(၅) ဒီအမှုတွေကိုရော ဘယ်လိုကိုင်တွယ်နေလဲ။

(၆) ရဲကို ဥပဒေအရ အရေးမယူဘဲ ကင်းလွတ်ခွင့်ပေးထားသလို ဖြစ်နေတယ်ဆိုပြီး ပြောဆိုမှုတွေ ရှိတယ်ဆိုတော့ ဒါကို အစိုးရက ဘယ်လိုတုံ့ပြန်မလဲ။

rSwfpkwf;

- ၁၁.၇.၂၀၁၁ စစ်ဆေးမှုတွင် ''ဖိအားအလွန်အမင်းပေးရခြင်းသည် လုပ်ရိုးလုပ်စဉ်သာဖြစ်သည်''ဟု ရဲချုပ်ပြော
- အစိုးရ၏ ၂၀၁၁ အစီရင်ခံစာတွင် အချုပ်သားများအကြား ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်စဉ် ၂၃ ခုရှိခဲ့ဟု ဖော်ပြ
- ၁၅.၉.၂၀၁၁ အချုပ်သားသေဆုံးမှု ခြောက်ခုရှိသည်ဟု Amnesty International ဆို
- အစိုးရ၏ ၂၀၁၁ အစီရင်ခံစာတွင် ရဲဘက် အကြမ်းဖက်ရက်စက်မှု ၉၈ မှုရှိသည်ဟု ဖော်ပြ
- ၁၆.၉.၂၀၁၁ နိုင်ငံအတွင်း ရဲသည် အရေးယူမခံရဘဲ ဥပဒေမှ လွတ်ကင်းနေသည့် အခြေအနေရှိဟု Human Rights Watch အစီရင်ခံစာများက ဖော်ပြ
- တရားရုံးများအတွင်း ရဲများ အပြုအမူ၊ အပြောအဆိုဆင်ခြင်ဖို့ တရားသူကြီးချုပ် ပြောဆို

rSwfbm;xm;onftcsufum;ukd,bGJ

နောက်ခံအခြေအနေများကို လေ့လာထားပြီးလျှင် မှတ်စုမှတ်ထားပါ။ ထိုမှတ်စုကို ယူသွားပါ။ သတင်းရင်းမြစ်က ပြောကြားသည့်အချက်အပေါ် မူတည်ပြီး မေးမြန်းရာတွင် လျင်လျင်မြန်မြန် ကိုးကားနိုင်စေရန်အတွက် အသေအချာ စီစဉ်ရေးသားသွားပါ။ မေးခွန်းမေးမြန်းမည့်ပုံစံနှင့် မှတ်စုကို ယှဉ်တွဲအသုံးချနိုင်အောင် ပြုလုပ်ပါ။

a0zefyg ppfaumar;jrefyg oabmftwrwrf,0fusz,Gfcmjzpfyap

စာနယ်ဇင်းသမားသည် အာဏာရှိသူကို တာဝန်ခံမှုရှိစေရန် မောင်းနှင်ပြီး အများပြည်သူ၏ သတင်းအချက်အလက်သိပိုင်ခွင့်ကို ဖော်ဆောင်ပေးရသည်။ ထို့ကြောင့် အာဏာရှိသော၊ အင်အားကြီးသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကို ဝေဖန်စစ်ကြောရသည့် တာဝန်ရှိသည်။ သို့သော် ခပ်ကြမ်းကြမ်းမေးရမည်ဟု ဆိုလိုခြင်း မဟုတ်။ တဲ့တိုးမေးပါ။ သို့သော် အငြင်းသန်သည့်ပုံ သို့မဟုတ် စကားပြောကြမ်းတမ်းသည့်ပုံ မပေါက်ပါစေနှင့်။ လိုအပ်လျှင် ဆွေးပေးပါ။ ကိုယ့်သတင်းရင်းမြစ်ကို အမြဲတစေ လေးစားမှုရှိပါ။ ဖြေကြားသူနှင့် အခြားအမြင်ရှုထောင့်တစ်ခုကို ထိပ်တိုက်တွေ့ပေးရန်ကိုမူ မလန့်ပါနှင့်။ ထိုနည်းသည် မေးမြန်းမှုမှတစ်ဆင့် အခြားရှုထောင့်တစ်ခု ပါဝင်လာစေရန် နည်းလမ်းကောင်းဖြစ်သည်။

ဥပမာအားဖြင့် ''ခင်ဗျားက ပြောတယ်နော်။ ရဲက ဆန္ဒပြတဲ့သူတွေကို နှိမ်နင်းတာဟာ တရားနည်းလမ်းတကျ ဖြစ်ပါတယ် ဆိုပြီးတော့။ ဒါပေမဲ့ အတိုက်အခံအမျိုးသားပါတီက ပြောတော့ သူတို့ဘက်က ရဲကို စိန်ခေါ်ရန်စမှု ဘာမှမလုပ်ခဲ့ပါဘူးတဲ့။ အမျိုးသားပါတီရဲ့ အမြင်အပေါ် ခင်ဗျား ဘယ်လိုတုံ့ပြန်မလဲ'' ဆိုတာ မျိုးဖြစ်ပါတယ်။

awGUkd;jrefrlwpfckckdukdufu pD;yGm;rsdap

တွေ့ဆုံမေးမြန်းမှုသည် မေးမြန်းသူ၏ လက်ထဲတွင် ရှိသည်။ တရားဝင်သတင်းရင်းမြစ်သည် သူ့မှာရှိသမျှ လုပ်ပိုင်ခွင့်နှင့် တတ်သိနားလည်မှု အရှိန်အဝါဖြင့် တွေ့ဆုံမေးမြန်းမှုကို ထိန်းကျောင်းသွားနိုင်သည်။ ထိုသို့မဖြစ်ပါစေနှင့်။ မေးမြန်းသူက မစီးမိုး၊ မကိုင်တွယ်နိုင်လျှင် ဖြေဆိုသူက အနိုင်ရသွားလိမ့်မည်။ ထိုသို့ဆိုလျှင် စာနယ်ဇင်းသမားအနေဖြင့် တာဝန်ကျေပွန်မည် မဟုတ်တော့ပေ။ အများပြည်သူသည် လူထုဆက်ဆံရေးအတွက်၊ အဖွဲ့အစည်းဂုဏ်တင်ရန်အတွက်၊ လူအများကို စည်းရုံးရန်အတွက် ပြောဆိုသော စကားများကိုသာ ကြားရပေတော့မည်။

ဖြေဆိုသူကို မေးခွန်းမေးခွင့် မပေးပါနှင့်။ ထိုသို့ပြုလုပ်လာပါက ယဉ်ယဉ်ကျေးကျေးနှင့် ကိုယ့်အနေအထားကို ပြန်ရှင်းပြပြီး ငြင်းပါ။ ''ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်/ကျွန်မ မေးတာ လေးကိုပဲ ဖြေကြားပေးပါ ခင်ဗျာ/ရှင်'' လို့ ဆိုပြီး နောက်မေးခွန်းတစ်ခု ချက်ချင်းထပ်မေးပါ။

ukd;fukd;fukd;ftm;wif;xm;y;

တွေ့ဆုံမေးမြန်းမှု ပြုလုပ်နေတဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ် ရဲရင့်တယ်၊ အားကောင်းတယ်လို့ အားတင်းနေပါ။ ခက်ခဲသည့် မေးခွန်းများကို မေးမြန်းရသည့် အချိန်လည်းရှိမည်။ ထို့အတွက် ပြင်ဆင်ထား။

,lkunf&Sif ,lkunf&Sif[kt xif&Hk;ap

ကောင်းကောင်းမွန်မွန် ပြင်ဆင်ထားပါက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာပါလိမ့်မည်။ မည်သည့် အင်တာဗျူးတွင်မဆို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသော၊ ကျွမ်းကျင်သော သူတစ်ယောက်အဖြစ် ယူဆခံရပါစေ။ အဝတ်အစား ကောင်းကောင်းမွန်မွန်ဝတ်ပါ။ (အသံဖမ်းကိရိယာ၊ ကင်မရာ) ကိရိယာပစ္စည်းများ ယူသွားပါ။ ထိုကိရိယာများလည်း ကောင်းမွန်နေပါစေ။ ကင်မရာအဖွဲ့ သို့မဟုတ် အခြားအဖွဲ့ဝင်များ ပါဝင်ပါကလည်း သူတို့ကို အဝတ်အစားကောင်းကောင်းမွန်မွန် ဝတ်စားထားပါစေ။ တွေ့ဆုံမေးမြန်းခံမည့် သူအကြောင်း၊ တွေ့ဆုံမေးမြန်းမှုအကြောင်း ကောင်းကောင်း သိနေပါစေ။

vbm;qef;

အကယ်၍ တရားဝင်သတင်းရင်းမြစ်သည် အုံ့ဩလောက်သော၊ ထိတ်လန့်လောက်သော အဖြစ်အပျက်တစ်ခုကို ပြောပြပါက ကိုယ့်ခံစားချက်ကို ဖော်ထုတ်ပြရန် မတွန့်ဆုတ်ပါနှင့်။ ကိုယ်နှင့် သတင်းရင်းမြစ်အကြား ဆက်ဆံရေးအတွက် ၄င်းသည် အပေါင်းလက္ခဏာဖြစ်ပြီး စာဖတ်သူ၊ ကြည့်ရှုနားဆင်သူများကို ပြန်လည်တင်ပြရာတွင် အထောက်အကူပြုနိုင်ပါသည်။ ရုပ်မြင်သံကြားနှင့် အသံလွှင့်သတင်းသမားများအတွက် ထိုအချက်သည် ပိုအရေးကြီးပါသည်။ သင်၏ တုံ့ပြန်မှုသည် အကြောင်းအရာကို မီးမောင်းထိုးပြရာတွင် ကူညီပေးနိုင်ပါလိမ့်မည်။

ukd;pwdkif;ac:uftay:owdxm;y;

တရားဝင်သတင်းရင်းမြစ်သည် သိသာလွန်းသော လိမ်ဆင်ကြီးများလည်း ပြောကောင်းပြောပါလိမ့်

မည်။ စစ်ကြောပါ၊ မေးမြန်းပါ။ လိမ်ညာမှုကို ဖော်ထုတ်နိုင်ဖို့ ကြိုးစားပါ။ သို့သော် ဒေါသတော့ မထွက်ပါစေနှင့်။ မကြမ်းတမ်းပါစေနှင့်၊ အငြင်းမသန်မိပါစေနှင့်၊ မရိုင်းမိပါစေနှင့်။

w&m;0ifowifjtcsufjtvufzpfrlrjzpfukdkifac:y;

လူထုဆက်ဆံရေးများ၊ ဂုဏ်တင်ပြောဆိုမှုများ၊ သတင်းအမှားများကို စောင့်ကြည့်ပါ။ တွေ့သည်နှင့် စစ်ဆေးမေးမြန်းပါ။ အကောင်းဆုံးနည်းလမ်းမှာ ကိုယ်သိသည့်အချက်ကို ဖော်ပြခြင်းဖြစ်သည်။ ဥပမာအားဖြင့် 'ဒါပေမဲ့ အစိုးရ ကိုယ်တိုင်က ရေးဆွဲထားတဲ့ မသန်စွမ်းသူများ သွားလာအသုံးပြုနိုင်ရေး စက္ကူဖြူစာတမ်းမှာ ဆေးရုံပေါင်း ၂၃ ရာခိုင်နှုန်းမှာပဲ ဝီးချဲသုံးလို့ရတယ်လို့ ဆိုထားတယ်မဟုတ်လား' ဆိုတာမျိုး။ တခြားသော သတင်းရင်းမြစ်တစ်ခုကို ပြန်ကိုးကားတာ။ ဥပမာအားဖြင့် 'ဒါပေမဲ့ ခင်ဗျား လွန်ခဲ့တဲ့နှစ်ပတ်လောက်က မြောက်ပိုင်းမှာ ဖြစ်တဲ့ တိုက်ပွဲတွေထဲမှာ စစ်တပ်လည်း ပါတယ်ဆိုပြီး ကာကွယ်ရေးဝန်ကြီးက ပြောဆိုထားတာလည်း ရှိတော့...' ဆိုတာမျိုး။ အကြောင်းအရာနှင့် ပတ်သက်ပြီး ပိုသိလေ၊ စစ်ကြောမေးမြန်းမှု ပိုကောင်းကောင်းလုပ်နိုင်လေဖြစ်ပြီး တရားဝင်သတင်းရင်းမြစ်ကို သူပြောလိုသည့် အချက်များသာ ကွက်ပြောနေခြင်းမှ ကာကွယ်နိုင် လေဖြစ်သည်။

tm½kHpkdy? csufcsifjwkefEkdyfap

အဖြေများကို နားထောင်နေစဉ်အတွင်း နောက် ဘာမေးမည်ကို စဉ်းစားထားပါ။ နောက်ထပ် ဘယ်ဘက်ကို ဦးတည်မည်ကို ကြိုတွေးထားပါ။

ukqkdifbmHopbdwfukdm;ukqkdm;xm;jyKyg

ကိုယ်ကြားရတဲ့စကားကို ယုံလောက်သည်ဟု မထင်လျှင် ကိုယ့်အထင်ကို ယုံကြည်လိုက်ပါ။ စစ်ကြောမေးမြန်းမှု ပြုပါ။

owifjtcsufjtvufa&m tjrifukdar;y;

သတင်းအချက်အလက်များကိုသာ မေးလျှင် တရားဝင်သတင်းရင်းမြစ်က ပိုကြိုက်တတ်သည်။ သူတို့ ကိုယ်ပိုင်အမြင်ကို မေးခြင်းဖြင့်လည်း သူတို့ကို စစ်ကြောမေးမြန်းနိုင်သည်။ သူတို့ မဖြေဘဲနေလိမ့်မည်။ သို့သော် မသက်မသာလည်း ဖြစ်ကောင်းဖြစ်သွားနိုင်ပြီး ပေးရန် မရည်ရွယ်ထားသည့် သတင်းအချက်အလက်များ ပေးမိကောင်း ပေးမိနိုင်သည်။

ukqkifb,fukdkifDnfeovJbyd

ဘယ်လိုအဖြေမျိုးရမယ်ဆိုတာ လုံးဝသေချာမသိသည့် မေးခွန်းမျိုး မေးခွန်းမမေးပါနှင့်။ အုံ့သြဘနန်းဖြစ်ပြီး နောက်တွန့်သွားရတာမျိုး ဖြစ်လိုမည်မဟုတ်။ တရားဝင်သတင်းရင်းမြစ်များသည် ခက်ခဲသည့် မေးခွန်းများကို ရှောင်ရှားရန် သတင်းအချက်အလက်အသစ်များ ပေးတတ်သည်။ ထိုအချက်ကို သတိထားပါ။

rSwfpk&m;

❒

Photo : News Lab Workshop 2014

Internews
Local voices. Global change.

t ykd;f2? t cef;7

tpk;dr[kwf ao&m; tzGUJ&pnf;r&sm;EdkifiHh wufuvyf&Sif;ol&sm;ukd&wGif;&Sif;jref;jcif;

NGOs များသည် ကောင်းမွန်သောလုပ်ငန်းများကို လုပ်ကိုင်နေပြီး မြေပြင်တွင် လူ့အခွင့်အရေး ပြဿနာများနှင့် တိုက်ရိုက် ထိစပ်လုပ်ကိုင်နေရသောကြောင့် အဖြစ်အပျက်များကို ကောင်းကောင်းနားလည် တတ်သည်။

လူ့အခွင့်အရေးနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များ ရရှိနိုင်သည့် သတင်းရင်းမြစ်ထောင်ပေါင်းများစွာ ရှိပါသည်။ စာနယ်ဇင်းသမားများ မကြာခဏကြုံရလေ့ရှိ သည့် ပြဿနာမှာ သတင်းအချက်အလက်ရှာခြင်းထက် တိကျမှန်ကန်မှုကို သုံးသပ်ရခြင်းဖြစ်သည်။ အဓိကရင်းမြစ်များထဲမှ အချို့မှာ ကုလသမဂ္ဂနှင့် ကုလအဖွဲ့အစည်းများဖြစ်သည်။ ယေဘုယျအားဖြင့် ကမ္ဘာ့ ဘဏ်ကဲ့သို့သော အဆိုပါ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် ယုံကြည်ထိုက်သည်။ ထိုအဖွဲ့အစည်းများတွင် နေရာအစုံတွင် ဖြန့်ကျက်ခန့်ထားသော ဝန်ထမ်းများစွာရှိသည်။

ထို့အတူ နိုင်ငံပေါင်းများစွာတွင် အရည်အချင်းရှိပြီး ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးထားသော နယ်ပယ်အလိုက် ဝန်ထမ်းများ ခန့်ထားသည့် နာမည်ကြီး NGO များလည်းရှိသည်။

အများဆုံးသိကြသည့် NGO နှစ်ခုမှာ Amnesty International နှင့် Human Rights Watch တို့ဖြစ်သည်။ (စာမျက်နှာ ၁၆၅ ကိုကြည့်ပါ) ထိုအဖွဲ့နှစ်ဖွဲ့စလုံးသည် လူ့အခွင့်အရေးနှင့် လူ့အခွင့်အရေး

ချိုးဖောက်မှုများနှင့်ပတ်သက်သော ပုံမှန်စာစောင်များ ထုတ်ပြန်ပေးနေသည်။ အတွင်းကျကျ သုတေသနပြု လုပ်ခြင်းနှင့် သုံးသပ်ခြင်းများလည်း လုပ်သည်။

အင်တာနက်အသုံးပြု၍ သူတို့ထံမှ စာစောင်များနှင့် သတင်းပေးချက်များကို ရယူရန်အတွက် မှတ်ပုံတင်ထားသင့်သည်။ ကိုယ့်နိုင်ငံတွင်း လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်ပြီး သူတို့ဘာပြော သည်ဟူသည့်အချက်ကိုလည်း ကြည့်ထားသင့်သည်။

Amnesty International နှင့် Human Rights Watch တို့သည် လူ့အခွင့်အရေးကို ကျယ် ကျယ်ပြန့်ပြန့်၊ ပျံ့ပျံ့နှံ့နှံ့ ချဉ်းကပ်ကြသည့်အဖွဲ့များဖြစ်သည်။ သို့သော် သက်ဆိုင်ရာကဏ္ဍအလိုက် လူ့ အခွင့်အရေး အသိပညာများမြှင့်တင်ပြီး "လေ့လာစောင့်ကြည့်နေသည့်" နိုင်ငံတကာအဆင့်၊ နိုင်ငံအဆင့်နှင့် ဒေသအဆင့် အခြားအဖွဲ့အစည်းများလည်း ရှိသေးသည်။

ထိုအဖွဲ့အစည်းများကလည်း အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ တရားမဲ့ ဖမ်းဆီး မှု၊ ချုပ်နှောင်မှု၊ စာနယ်ဇင်းသမားများကို ဖိနှိပ်မှု၊ တရားမဲ့သတ်ဖြတ်မှုများ၊ ကျန်းမာရေးစောင့်ရှောက်မှု များ၊ သောက်သုံးရေရရှိမှုများ၊ ယောက်ျားလျာ၊ မိန်းမလျာနှင့် လိင်တူတိမ်းညွှတ်မှုအခွင့်အရေးများနှင့် အခြားခေါင်းစဉ်များနှင့် ပတ်သက်ပြီး အစီရင်ခံစာများ၊ သုံးသပ်ချက်များ၊ စာစောင်များနှင့် တိုက်တွန်းစာ များကို ထောင်နှင့်ချီ ထုတ်ပေးနေသည်။

NGOs များသည် ကောင်းမွန်သောလုပ်ငန်းများကို လုပ်ကိုင်နေပြီး မြေပြင်တွင် လူ့အခွင့်အရေး ပြဿနာများနှင့် တိုက်ရိုက်ထိစပ်လုပ်ကိုင်နေရသောကြောင့် အဖြစ်အပျက်များကို ကောင်းကောင်းနား လည်တတ်သည်။ သို့သော် ထိုအဖွဲ့အစည်းများတွင်လည်း သီးခြားအစီအစဉ်များရှိသည်။ သူတို့သည် တက်ကြွလှုပ်ရှားသူများဖြစ်ပြီး အများပြည်သူ သိရှိအောင် ဖော်ပြပေးစေလိုသည်။ တစ်ခါတစ်ရံ သူတို့၏ လုပ်ဆောင်မှုများ အားဖြည့်နိုင်ရန်အတွက်သော်လည်းကောင်း၊ ငွေကြေးထောက်ပံ့ထားသူများနှင့် ထောက်ခံ သူများကို အထင်ကြီးစေရန် ဆွဲဆောင်ရန်အတွက် အစီရင်ခံစာများကို ဆွဲရေးသည်ဟု စွပ်စွဲခံရသည်လည်း ရှိသည်။ အချို့သော NGO များကို အစိုးရက ထောက်ပံ့ထားခြင်းဖြစ်ပြီး နိုင်ငံရေးအစီအစဉ်များရှိသည်။ အချို့ကို စေတနာရှင်များက ငွေကြေးထောက်ပံ့ထားခြင်းဖြစ်ပြီး လွတ်လွတ်လပ်လပ်ရှိသည်ဟု ထင်ရ တတ်သည်။ သို့သော် သူတို့တွင်လည်း နိုင်ငံရေးနှင့် ဘာသာရေး ဘက်လိုက်မှုများနိုင်သည်။ ငွေကြေးဘယ် သူထောက်ပံ့ထားသလဲသိနိုင်အောင် ကြိုးစားပါ။

rwhDnfhDvnf&ufrsm;

]rD,mtzUpnfrsm;ESifhtpk&ukwkdifwef,zdlm;ay;onfhtykdkrsm;onfwpfckESifwpfck cyfuif,uif,ae&uwmu taumif,ycsuf&Sdw,f olwkdSrwlwhDvnf&ufaw&Sdw,f pmem,f Zif,orm;awu tjcm;olaw xkwf,ay;whtcsuftvufawukdDwkdifxnfhay;whtwufrD,mukd ywfDeYtokdwh&efu uif,a0;apy,w,fwpfcef,vnfrsEkdifwumtzkdwuvnf,olwkdt"dk vkdief,awrD,mvkdief,ftwufoufouf,zpfom;rsD,kdifae&uy,w,f

(uwnf&Sdwf Human Rights Watch [illegible] "Whose News? The Changing Media Landscape and NGOs" (Human Rights Watch,World Report 2011) [illegible] www.hrw.org/en/world-report-2011?tr=y&auid=7674659 [illegible])

owfrdy;csuf

ဒေသတွင်း လူ့အခွင့်အရေးအုပ်စုများသည် အများပြည်သူ၏ အမြင်တွင် အတိုက်အခံ နိုင်ငံရေး ပါတီများနှင့် နီးစပ်သည်ဟု အမြင်ခံရလေ့ရှိသည်။ တစ်ခါတစ်ရံ တကယ်လည်း နီးစပ်တတ်ပြီး အချိတ်

အဆက်များ ရှိသည်။ သို့သော် တစ်ခါတစ်ရံ လွတ်လပ်သော ဒေသတွင်း လူ့အခွင့်အရေး အုပ်စုများပင်လျှင် အတိုက်အခံ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရှုမြင်ခံရတတ်သည်။ အထူးသဖြင့် အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ သို့မဟုတ် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများကို အကောင်အထည်ဖော်ရန် ပျက်ကွက်မှုများကို ဖော်ထုတ်သည့်အခါတွင်ဖြစ်သည်။ ထိုအဖွဲ့အစည်းများကို ကိုးကားဖော်ပြပါက သတင်းကို ဘက်လိုက်သည်ဟု ယူဆခံရနိုင်သည်။ ပရိသတ်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားရန် လိုအပ်သည်။

ဥပမာအားဖြင့် မလွတ်လပ်သော NGO တစ်ခုအတွက် ယခုကဲ့သို့ရေးနိုင်သည်။

အာဖရိကန် အမျိုးသား ကွန်ဂရက်ပါတီနှင့် အဆက်အစပ်ရှိသော NGO တစ်ခုဖြစ်သည့် Youth for Human Rights အဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ခုတွင်...

NGO တစ်ခုတွင် နိုင်ငံရေး ချိတ်ဆက်ရှိ၊ မရှိ မသေချာသော်လည်း ရှိနိုင်သည်ဟု ထင်မြင်ပါက ဤသို့ရေးသားနိုင်သည်။

အာဖရိကန် အမျိုးသားကွန်ဂရက်ပါတီနှင့် အဆက်အစပ်ရှိသည်ဟု ယုံကြည်ရသော NGO တစ်ခုဖြစ်သည့် Youth for Human Rights အဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ခုတွင်...

ထိုသို့အချိတ်အဆက်ရှိခြင်းကို NGO က ငြင်းဆိုနိုင်သည်။ ထိုသို့ဖြစ်ပါက ငြင်းဆိုမှုကို သတင်းထပ်ရေးနိုင်သည်။

လွတ်လပ်သော NGO တစ်ခုအတွက် ယခုကဲ့သို့ရေးနိုင်သည်။

လွတ်လပ်သော NGO တစ်ခုဖြစ်သည့် Human Rights Women အဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ခုတွင်...

ဥပမာအားဖြင့် ထို NGO ၌ကြေးထောက်ပံ့မှု ရရှိသည့် နောက်ခံအချက်အလက် အနည်းငယ်ထည့်သွင်းနိုင်သေးသည်။

ရှင်းလင်းမှုပြုလုပ်ခြင်းသည် ဘက်လိုက်သည်ဟု အထင်မခံရအောင် လုံးဝဖြေရှင်းပေးနိုင်မည် မဟုတ်သော်လည်း အထောက်အပံ့တော့ ဖြစ်ပါသည်။

လူ့အခွင့်အရေး NGO များသည် သူတို့၏ သတင်းရင်းမြစ်များကို အလွန်အမင်း သတိထားအကာအကွယ်ပေးတတ်သည်မှာ ပုံမှန်ပင်ဖြစ်သည်။ ထိုအချက်အလက်ကို ပေးသည့်သူများအပေါ် သက်ရောက်နိုင်သည့် အန္တရာယ်ကြောင့် ထိုသို့သတိထားခြင်းကို အပြစ်မဆိုသာ။ NGO တစ်ခုအတွက် ထိုသို့သတိကြီးကြီးထားရန် မဖြစ်မနေလိုအပ်သည်။ သို့သော် ထိုသို့ပြုလုပ်ခြင်းကြောင့် အချက်အလက်များကို အတည်ပြုရန် ခက်ခဲပြီး စာနယ်ဇင်းသမားများ အသုံးပြုရန် ခက်ခဲသွားစေသည်။

ထို့ကြောင့် အခြားသတင်းရင်းမြစ်များနည်းတူပင် လူ့အခွင့်အရေးအဖွဲ့အစည်းများထံမှ ရရှိသော အချက်အလက်များကို သတိထားကိုင်တွယ်ပါ။ အခြားနေရာတွင် အတည်ပြုနိုင်ရန် ကြိုးစားပါ။ ကုလအရာရှိများ၊ Human Rights Watch နှင့် Amnesty International တို့သည် ဒေသတွင်း NGO များ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး သူတို့အမြင်များကို ဖော်ပြပေးရန်အတွက် စိတ်အားထက်သန်မှု ရှိနေတတ်သည်။

သတင်းအချက်အလက်ရရှိသည့် အရင်းအမြစ်ကို ရှင်းရှင်းလင်းလင်း ဖော်ပြရန် မမေ့လျော့ပါစေနှင့်။ သို့မှသာ စာဖတ်သူများအနေဖြင့် သတင်းအချက်အလက်၏ မှန်ကန်မှုကို သူတို့အတွေးထဲတွင် မှန်းဆနိုင်ကြလိမ့်မည်ဖြစ်သည်။

NGO များကို ဖယ်မပစ်ပါနှင့်။ သူတို့တွင် ကွဲပြားသော အစီအစဉ်များရှိသည့်တိုင် သတင်းအချက်အလက်များ၊ အထူးသဖြင့် နောက်ခံသတင်းအချက်အလက်များ၊ အခင်းအကျင်းနှင့် စာရင်းအင်းများကို ထုတ်ပေးနိုင်သည့် အသုံးဝင်သော သတင်းရင်းမြစ်များဖြစ်သည်။ သူတို့ကိုယ်တိုင်လည်း လူအများထံ ပျံ့နှံ့ရန်လိုသောကြောင့် အသက်ပါသော စကားများ၊ မှတ်ချက်များကို ပျော်ပျော်ပါးပါး ပေးနိုင်သည်။

လူ့အခွင့်အရေး အဖွဲ့အစည်းများကိုယ်တိုင်လည်း သတင်းများ ဖန်တီးနိုင်သည်။ လူထုလမ်းလျှောက်

ပွဲများ၊ ဆွေးနွေးပွဲများ၊ ဆန္ဒပြပွဲများနှင့် အခြားပွဲများ စီစဉ်ခြင်း တို့ဖြစ်သည်။ ထိုအဖွဲ့အစည်းများနှင့် ကောင်းကောင်းမွန်မွန် ချိတ်ဆက်ထားရန် လိုအပ်သည်။

သူတို့ မည်မျှမှန်ကန်သည် မျှတသည်ဖြစ်စေ၊ သူတို့ ဦးတည်လုပ်ဆောင်သည့်အချက်များကို ယုံကြည်သည်၊ မယုံကြည်သည်ဖြစ်စေ၊ သူတို့နှင့် အလွန်အမင်း နီးနီးကပ်ကပ် မဖြစ်ပါစေနှင့်။ ကိုယ်ပိုင်လွတ်လပ်ခွင့် ဆုံးရှုံးသွားနိုင်သောကြောင့်ဖြစ်သည်။ ယုံကြည်ထိုက်မှုကို ထိခိုက်စေနိုင်သည့် အန္တရာယ်ရှိသည်။ သတင်းသမားကို NGO တစ်ခုနှင့် အရမ်းနီးကပ်သည်ဟု စွပ်စွဲခံရပါက သတင်းကို ဘက်လိုက်သည်ဟု လူထုက မြင်ကြပေလိမ့်မည်။

urQ;dlYcGHa&;apmifbnf&;tzGH;

Amnesty International *(www.amnesty.org)*

- အစိုးရများနှင့် အခြားအဖွဲ့အစည်းများ၏ ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အဆုံးသတ်ရန် တိုက်တွန်းသည်။
- အတွေ့အကြုံ - ၁၉၆၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။
- အဖွဲ့ဝင်အခြေပြု - နိုင်ငံပေါင်း ၁၅၀ တွင် ထောက်ခံသူ၊ အဖွဲ့ဝင်နှင့် တက်ကြွလှုပ်ရှားသူ သုံးသန်းရှိ အစီရင်ခံစာများ၊ စာစောင်များ၊ အသိပေးချက်များ
- လူ့အခွင့်အရေးဆိုင်ရာ နောက်ဆုံးရသတင်းများ၊ တစ်နိုင်ငံချင်းအလိုက် သုံးသပ်ချက်များနှင့် အစီရင်ခံစာများ

Human Rights Watch *(www.hrw.org)*

- ကမ္ဘာတစ်လွှား လူ့အခွင့်အရေး အလွဲသုံးမှု၊ ချိုးဖောက်မှုများကို ဖော်ထုတ်မှုများကို ထောက်ပံ့အကာအကွယ်ပေး
- အတွေ့အကြုံ - ၁၉၇၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။
- မျက်မြင်သက်သေများနှင့် လူ့အခွင့်အရေးချိုးဖောက်မှု ခံရသူများကို တွေ့ဆုံမေးမြန်းရန်အတွက် နိုင်ငံပေါင်းများစွာတွင် နယ်ပယ်လိုက် လုပ်ငန်းဆောင်ရွက်သူများကို ခန့်ထားစုဆောင်းထားပြီး ရရှိသည့် သတင်းအချက်အလက်များကို စာနယ်ဇင်းများကို ဖြန့်ဖြူးပေး
- အစီရင်ခံစာများ၊ စာစောင်များ၊ အသိပေးချက်
- လူ့အခွင့်အရေးဆိုင်ရာ နောက်ဆုံးရသတင်းများ၊ တစ်နိုင်ငံချင်းအလိုက် သုံးသပ်ချက်များနှင့် အစီရင်ခံစာများ

ထိုအဖွဲ့များ၏ ဆက်သွယ်ရန် လိပ်စာ အသေးစိတ်ကို သိရှိပါသလား။

ကိုယ့်နိုင်ငံတွင် Amnesty သို့မဟုတ် Human Rivghts Watch ရုံးများ၊ ကိုယ်စားလှယ်များ သို့မဟုတ် ဝန်ထမ်းများ ရှိပါသလား။ သူတို့ကို သိပါသလား။ အသေးစိတ်အချက်အလက်များကို စာမျက်နှာ ၉၅ တွင် ချရေးပါ။

rsufpk;

'DrufESSukdwkdufa&;ufunhf

ကိုယ့်နိုင်ငံတွင် ဘယ်အရပ်ဘက်အဖွဲ့အစည်း သို့မဟုတ် NGO က လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အရေးကြီးသော အချက်အလက်များ ထောက်ပံ့ပေးပါသနည်း။ ၄င်းတို့၏ နောက်ခံအချက်အလက်များနှင့် မှတ်ချက်များ တောင်းခံရန်အတွက် ဆက်သွယ်မေးမြန်းနိုင်ပါသလား။

atmufyZ,m;ukdtokdwí jynfhkdwm qufoG,frnftzDBnfpm&ifukdwpk

အဖွဲ့အစည်း အမည်	**အကြောင်းအရာ/ ဦးစားပေးအလုပ်**	**လိပ်စာနှင့် ဝက်ဘ်ဆိုဒ်**	**ဆက်သွယ်ရမည့်သူ သို့မဟုတ် ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်**	**ဆက်သွယ်ရမည့် သူ၏ ရာထူး**	**ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ**

trnfazmfvkdlowif&ifrpfsm;ukdtokdwjcif

သတင်းအချက်အလက်၏ တန်ဖိုး (သို့မဟုတ်) ပမာဏ မည်မျှများပြားသည်၊ နည်းပါးသည်ဖြစ်စေ အမည်မဖော်လိုကြောင်း တောင်းဆိုသည့် တောင်းဆိုမှုများကို ဂရုထားကိုင်တွယ်ပေးရမည်ဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများကို ကိုင်တွယ်နေရသည့် စာနယ်ဇင်းသမားများအတွက် အမည်မဖော်လိုသူ သတင်းရင်းမြစ်များသည် အထူးဂရုထားကိုင်တွယ်ရမည့် ကဏ္ဍဖြစ်သည်။ လူ့အခွင့်အရေးသတင်းများသည် များသောအားဖြင့် နိုင်ငံရေးသတင်းများဖြစ်သော်လည်း စိတ်ခံစားမှုနှင့် ဆက်ဆိုင်နေသော သတင်းများလည်း ဖြစ်နေတတ်သည်။ အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ ပြင်းပြင်းထန်ထန် တုံ့ပြန်မှုများကို ရင်ဆိုင်ရနိုင်သည်။ လူအများသည် တစ်ဖက်ဖက်မှ ရပ်လိုကြမည်ဖြစ်သည်။ လူ့အခွင့်အရေးသတင်းများသည် စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများ ပေါ်ပေါက်လာအောင် တွန်းအားပေးနိုင်သည်။ အာဏာရှိသူများ သို့မဟုတ် အပြစ်ကျူးလွန်သူများသည် ပြင်းပြင်းထန်ထန် တုံ့ပြန်နိုင်သည်။ စကားဖြင့်ဖြစ်စေ၊ နောက်ဆုံးလက်ဖြင့် ဖြစ်စေ မီဒီယာကို တိုက်ခိုက်နိုင်သည်။ သတင်းရင်းမြစ်များကို နှုတ်ပိတ်ရန်အတွက် အကြမ်းဖက်မှုများလည်း ပြုလုပ်လာနိုင်သေးသည်။ သတင်းကြောင့် နောက်ထပ် လူ့အခွင့်အရေး ချိုးဖောက်မှုများပင် ထပ်ဖြစ်စေနိုင်သေးသည်။

ပြင်းပြင်းထန်ထန် တုံ့ပြန်မှုများနှင့် အကြမ်းဖက်မှုများသည် ကိုယ့်အမှားကြောင့် မဟုတ်။ သို့သော် လက်တုံ့ပြန်ခံရနိုင်သည့် အခြေအနေကို ကြောက်ရွံ့မှုက ကိုယ့်အလုပ်ကို ထိခိုက်စေနိုင်ပြီး သတင်းရင်းမြစ်များထံမှ သတင်းမရ ဖြစ်သွားစေနိုင်သည်။ အချို့သော သတင်းရင်းမြစ်များသည် အမည်ဖော်လိုကြမည်မဟုတ်။ အကြောက်တရားကြောင့် သူတို့သည် ကိုယ့်ဘက်က အမည်မဖော်ပါဟု အာမခံချက်ပေးမှသာ စကားပြောဝံ့ကြလိမ့်မည်ဖြစ်သည်။

❒

Photo : May Thingyan

Internews
Local voices. Global change.

tykdif2? tcef8

trnfazmfvkdnfowif&if,frpfsm;ukdtokyfjcif;

အမည်မဖော်လိုသည့် သတင်းရင်းမြစ်များသည် သတင်း၏ အဓိကအစိတ်အပိုင်းကို ပ့ံပိုးပေးနိုင်သည်။ တစ်ခါတစ်ရံ ထိုသတင်းအချက်အလက်များသည် နောက်ခံအကြောင်းအရာ သတင်းအချက်အလက်များ (သို့မဟုတ်) အတွင်းလူ သတင်းများ ဖြစ်နေတတ်သည်။ သို့သော် တစ်ခါတစ်ရံလည်း လက်သိပ်ထိုးတိုင်ကြားမှု သက်သက်ထက် မပိုတတ်။ သတင်းအချက်အလက်၏ တန်ဖိုး သို့မဟုတ် ပမာဏ မည်မျှများပြားသည် နည်းပါးသည်ဖြစ်စေ အမည်မဖော်လိုကြောင်း တောင်းဆိုသည့် တောင်းဆိုမှုများကို ဂရုထားကိုင်တွယ်ပေးရမည်ဖြစ်သည်။

trnfazmfvkdnfowif&if,frpfsm;ukdtokyfjcif;ovm;

ထိုအချက်အလက် လေးနက်သည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ပြဿနာများကို ဖြစ်စေသည့် ခက်ခဲသော ဆုံးဖြတ်ချက်ဖြစ်သည်။ အချို့သော မီဒီယာများသည် အမည်မဖော်လိုသည့် သတင်းရင်းမြစ်များကို အသုံးပြုခြင်းအား တားမြစ်ထားသည်။ အချို့က ခွင့်ပြုသော်လည်း တင်းကျပ်သည့် စည်းကမ်းချက်များကို လိုက်နာရသည်။

ယေဘုယျအားဖြင့် အမည်ဖော်ပြီး အသံသွင်းခံပြီး ပြောဆိုထားသည့် သတင်းရင်းမြစ်သည် မည်သည့် သတင်းအတွက်ဖြစ်စေ အကောင်းဆုံးရွေးချယ်မှုဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ ကိုယ့်မှာ ရွေးချယ်စရာမရှိသည့် အခြေအနေကို ကြုံရတတ်သည်။ စာနယ်ဇင်းသမားအနေဖြင့် အမည်မဖော်လိုသည့် သတင်းရင်းမြစ်များကို အသုံးပြုခွင့်မရှိသည့်အတွက် ပုံနှိပ်ဖော်ပြခြင်းမခံရသည့် သတင်းတချို့ပင် ရှိခဲ့သည်။

trnfazmfvkdnfowif&if,frpfrsm;ukodk&dnfta&umif&if,frsm;

- အခြားနည်းဖြင့် သတင်းရရန် မရှိသောကြောင့်
- သတင်းရင်းမြစ်ကို အကာအကွယ်ပေးရန်။ သတင်းရင်းမြစ်များသည် စာနယ်ဇင်းသမားများ၏ မေးခွန်းကို ဖြေကြားပေးရုံဖြင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်နိုင်သည်၊ အလုပ်ဆုံးရှုံးနိုင်သည်၊ နောက်ဆုံးအသက်ပင် ဆုံးရှုံးနိုင်သေးသည်။
- သတင်းရင်းမြစ်နှင့် ဆက်ဆံရေးကို မပျက်စီးစေရန်။ အမည်မဖော်လိုသည့် သတင်းရင်းမြစ်ကို အကာအကွယ်ပေးရန် ပျက်ကွက်ပါက ထိုသတင်းရင်းမြစ်ကို နောက်တစ်ကြိမ် သုံးခွင့်ရမည်မဟုတ်။
- ဂရုတစိုက်အသုံးပြုပါက အမည်မဖော်လိုသည့် သတင်းရင်းမြစ်များသည် အသုံးဝင်သည့် သတင်းရင်းမြစ်များ ဖြစ်လာနိုင်သည်။

trnfazmfajymqdkdnfowif&if,frpfrsm;ukdtokH;kH;cifykdumif&onfta&umif&if,frsm;

- အမည်ဖော် ပြောဆိုသည့် သတင်းရင်းမြစ်များက သတင်း၏ မှန်ကန်မှုကို ထောက်ခံပေးသည်။ သူတို့သည် မျက်မြင်သက်သေများသဖွယ်ဖြစ်သည်။
- အမှန်ကို ပြောဆိုရန် ပိုအလားအလာရှိသည်။
- သတင်းကို ပြောင်းလဲနိုင်ခြေနည်းသည်။
- ထိုသို့ အသုံးပြုနိုင်သည့် စာနယ်ဇင်းသမားသည် စာနယ်ဇင်းပညာတတ်ကျွမ်းသူ ပိုပီသသည်။ ဖြစ်ပျက်နေသော အကြောင်းအရာများ၊ အခြားသူများ၏ အမြင်များ၊ အပြောများကို ဖော်ပြပေးနိုင်သောကြောင့် ဖြစ်သည်။
- ဖြေဆိုသူ၏ ဂုဏ်သိက္ခာနှင့် ရာထူးကို ကြည့်၍ ထိုသတင်းရင်းမြစ်ကို မည်မျှယုံသင့်၊ မယုံသင့် စာဖတ်သူကိုယ်တိုင် ချင့်ချိန်နိုင်သည်။

trnfazmfvkdnfowif&if,frpfrsm;ukdtokH;kH;cift,m; qefYvif;onfajymqdkrsm;

- အမည်မဖော်လိုသည့် သတင်းရင်းမြစ်များသည် အတင်းအဖျင်း၊ ကောလာဟလနှင့် ခန့်မှန်းပြောဆိုမှုများ ရောထွေးနေသည့် အခြေအနေကို ဖန်တီးနေသည်။
- စာနယ်ဇင်းသမားက သတင်းကို လုပ်ကြံဖန်တီးသည်ဟု အများပြည်သူက ထင်မြင်စေသည်။
- အမည်မဖော်လိုသည့် သတင်းရင်းမြစ်များသည် သူတို့ ရည်ရွယ်ချက်များနှင့် အကျိုးစီးပွားများကို မြှင့်တင်နေတတ်သည်လည်း ရှိနိုင်ပြီး စာနယ်ဇင်းသမားများကို အသုံးချကာ ဘက်လိုက်မှုဆီ ဦးတည်သွားစေနိုင်သည်။
- ပြောကြားသူ၏ ဂုဏ်သိက္ခာ၊ ရာထူးနှင့် အဆက်အနွယ်ကို မသိရသဖြင့် အများပြည်သူအနေဖြင့် သတင်းရင်းမြစ် ပြောသည့်စကားကို ယုံ၊ မယုံ ဆုံးဖြတ်ရန် မလွယ်ကူပေ။

owif&if,frpfonftE&Hk, fwEdkifonf[kxif;rif;yu rnfonfykH;vykdifonfenf;

နာမည်ဖော်သည်ဖြစ်စေ၊ မဖော်သည်ဖြစ်စေ လူ့အခွင့်အရေးသတင်းတွင် ပါဝင်သည့် မည်သူမဆို ဘေးအန္တရာယ် ရင်ဆိုင်ရနိုင်ခြေရှိသည်။ ထိုအန္တရာယ်ရှိမှု၊ မရှိမှုကို အမြဲသုံးသပ်နေရန် လိုအပ်သည်။ အန္တရာယ်ရှိနိုင်သည်ဟု ယူဆပါက အောက်ပါအတိုင်းမေးပါ။

- ထိုကိစ္စနှင့် ပတ်သက်ပြီး လုပ်ကိုင်နေသူ မည်သူတို့ရှိသနည်း။ လူသိရှင်ကြားထုတ်ဖော်ပြောဆိုလိုပြီး ထိုတူညီသော သတင်းအချက်အလက်ကိုပင် ပေးနိုင်သော NGO နှင့် လူ့အခွင့်အရေးအုပ်စုများ ရှိပါသလား။ လူသိထင်ရှား အဖွဲ့အစည်းများအနေဖြင့်မူ အန္တရာယ်ထိခိုက်နိုင်ခြေနည်းနိုင်သည်

- သတင်းကို ဘယ်လိုအသုံးပြုနိုင်မည်နည်း။ သတင်းအချက်အလက်ကို ရယူပြီး သူတို့၏ အခြားသော အကျိုးစီးပွားအတွက် မည်သို့အသုံးချသွားနိုင်သနည်း။
- ထိုအကျိုးစီးပွားသည် အများကောင်းကျိုးအတွက်လား၊ ဆိုးကျိုးအတွက်လား။
  ဖြစ်နိုင်ခြေရှိသည့် ရလဒ်မှာ အဘယ်နည်း။ ဥပမာ...
- ICC မှ ဆွဲချများသည် သတင်းကို အသုံးပြုပြီး လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ဆက်နွယ်နေသောသူများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်သည်။ သတင်းရင်းမြစ်များသည် သက်သေများ ဖြစ်လာနိုင်ပြီး သူတို့၏ လုံခြုံမှုအပေါ် သက်ရောက်နိုင်သည့် အန္တရာယ်မှာ ကြီးမားသည်။
- နယ်မြေခံရဲ့၏ စုံစမ်းစစ်ဆေးမှု ပေါ်ပေါက်စေရန်လည်း တွန်းအားပေးနိုင်သည်။ အန္တရာယ်အတိုင်းအဆမှာ ကြီးမားနေဆဲဖြစ်သည်။
- သတင်းကြောင်း လူတစ်ယောက် သို့မဟုတ် လူတစ်ယောက်ထက်မနည်း အလုပ်ပြုတ်သွားနိုင်သည်။
- ဝိုင်းပယ်မှုဖြစ်စေနိုင်သည်။ HIV/AIDS ဝေဒနာရှင်များနှင့် အဓမ္မပြုကျင့်ခံရသူများသည် နာမည် များ အဖော်ပြခံရခြင်းကြောင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ဝိုင်းပယ်ခံရနိုင်ခြေရှိသည်။ ရေတွင်းအစရှိသည့် အများပြည်သူဆိုင်ရာ နေရာများကို လာရောက်ခွင့် ပိတ်ပင်ခံရနိုင်သည်။
- သတင်းရင်းမြစ်များ၏ ဆွေမျိုးသားချင်းများကို ပစ်မှတ်ထား တိုက်ခိုက်နိုင်သည်။ ဥပမာအားဖြင့် သတင်းရင်းမြစ်၏ သားသမီးကို ကျောင်းတွင် အနိုင်ကျင့်မှုများ ဖြစ်ပေါ်စေနိုင်သည်။
- သတင်းရင်းမြစ်သည် အမည်မဖော်လိုသည်ဟုဆိုပါက မည်သည့်အကြောင်းပြချက်ကြောင့် အမည်မဖော်လိုသနည်းဟူသည့်အချက်ကို တိုက်ရိုက်မေးပါ။
- အဖြေကို သတိထားပြီး ပြန်လည်သုံးသပ်ကြည့်ပါ။ ဘာကြောင့် အမည်မဖော်လိုရသနည်း၊ သတင်းရင်းမြစ်၏ အားသာချက်များမှာ အဘယ်နည်း။ သတင်းရေးသားသဖြင့် ရရှိမည့် အကျိုးအမြတ်များနှင့် ရည်ရွယ်ချက်များက အဘယ်နည်း။ အခြားတစ်ယောက်ကို လက်စားချေရန် အသုံးပြုနေခြင်းလား။ နောက်ပိုင်းတွင် သတင်းကို ငြင်းပယ်နိုင်ခြေရှိသလား စသည့်မေးခွန်းများကို ကိုယ့်ဘာသာကိုယ်မေးပါ။

owif&ifrpfukdzmfkwfcefawmifqdkif&yu rnfonfhpfrnfenf

တစ်ယောက်ယောက်သည် သတင်းရင်းမြစ်ကို ဖော်ထုတ်ရန် တောင်းဆိုနိုင်သည်။ သတင်းပေးသူ၏ အမည်ကို သိရန်အတွက် အင်အားသုံးတောင်းဆိုမှသာ ပြဿနာရှိခြင်းဖြစ်သည်။ အင်အားသုံးသည် ဆိုရာတွင် တရားမဝင် ဩဇာအာဏာသုံးခြင်း (ဥပမာ-ဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်း) ဖြစ်နိုင်သလို တရားဝင် ဩဇာအာဏာသုံးခြင်း (ဥပမာ-တရားရုံးသို့ သက်သေထွက်ဆိုရန် ဆင့်ခေါ်ခြင်း) လည်းဖြစ်နိုင်သည်။

သတင်းရင်းမြစ်ကို မဖော်ဘဲ ထိန်းသိမ်းရန် ကတိပေးပါက တရားရုံးသို့ဆင့်ခေါ်ခံရခြင်းသည် ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်သည်။ တရားရုံးတွင် ဖော်ပြထွက်ဆိုရန် ငြင်းဆန်မည်ဟု ဆုံးဖြတ်ရာတွင် အကြောင်းအချက်ပေါင်းစုံကို ချိန်ဆစဉ်းစားရမည်ဖြစ်သည်။ ပစ်ဒဏ်ချခံရနိုင်သည် (ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်)။ ကိုယ့်အပေါ် ယုံကြည်မှု ပျက်စီးနိုင်သည်။ သတင်းရင်းမြစ်၏ လုံခြုံရေးကို ထိခိုက်နိုင်သည်။ ကိုယ့်အမှုကို အောင်အောင်မြင်မြင် ခုခံနိုင်မည့် အလားအလာ စသည်တို့ကို တွက်ဆရမည်။ သတင်းရင်းမြစ်နှင့်လည်း တိုင်ပင်နိုင်သည်။ ထိုအချိန်အထိ သတင်းရင်းမြစ်က ဖော်ပြခံရရန် ငြင်းဆန်နေဆဲဖြစ်ပါက လာမည့်ဘေး ပြေးတွေ့ရန်သာ ရှိတော့သည်။

နိုင်ငံအတော်များများတွင် စာနယ်ဇင်းသမားများ၏ သတင်းရင်းမြစ်အား ကာကွယ်ပေးပိုင်ခွင့်ကို အာမခံထားပေ။ တရားရုံးတွင် သတင်းရင်းမြစ်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိသောကြောင့် ထောင်နန်းစံရသည့် စာနယ်ဇင်းသမားများမှာ နိုင်ငံအတော်များများတွင် ရှိနေသည်။

trnfazmfvkdnfbwif&if,frpfsm;qkd&m a&ã&mif,fnf,fr;Of,fr;sm;

- အမည်မဖော်ပါဟု ကတိပေးပြီးသည်နှင့် မဖြစ်မနေ လိုက်နာရမည်။
- သတင်းရင်းမြစ်အားလုံးကို သတိထားပြီး ပြင်းပြင်းထန်ထန် သုံးသပ် စစ်ဆေးရမည်။
- အမည်မဖော်လိုသည့် သတင်းရင်းမြစ်သည် ယုံကြည်ရပါက သတင်းအချက်အလက်သည် မှန်ရမည် (အခြားသတင်းရင်းမြစ်များအတိုင်းပင်ဖြစ်သည်)
- အမည်မဖော်လိုသည့် သတင်းရင်းမြစ်များကို တတ်နိုင်သမျှ အနည်းဆုံး ကိုးကားဖော်ပြပါ။ သတင်းအချက်အလက်ကို နောက်ခံအချက်အလက်အဖြစ်သာ အသုံးပြုပြီး အမည်ဖော်ပြောဆိုမည့် အခြားသတင်းရင်းမြစ်ရှာရန် ကြိုးစားပါ။
- သတင်းအတွက် မဖြစ်မနေ လိုအပ်ပါမှ အမည်မဖော်လိုသည့် သတင်းရင်းမြစ်များကို ကိုးကားပါ။
- အမည်မဖော်လိုသည့် သတင်းရင်းမြစ်များသည် သတင်းမဟုတ်ဘဲ အမြင်များ သို့မဟုတ် ခန့်မှန်းခြေများသာ ပေးခြင်းဖြစ်ပါက မဖော်ပြပါနှင့်။
- အမည်မဖော်လိုသည့် သတင်းရင်းမြစ်များကို အသုံးပြုရာတွင် သတင်းဌာန၏ ကျင့်ဝတ်ဆိုင်ရာ မူဝါဒများကို လိုက်နာပါ။

❒

Photo : Stop War- News Lab Workshop 2014

Internews
Local voices. Global change.

t ykd;2? t cef;9

n8Syef;EG8ufcHk;ol&sm;ukwf0ef;ykH;jref;jcif;

သတင်းရေးသားရာတွင် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသူများကို တွေ့ဆုံမေးမြန်းရန် လိုအပ်လာပါက အသေအချာ ပြင်ဆင်သွားပါ။

ညှဉ်းပန်းနှိပ်စက်မှုသည် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး လူသားမျိုးနွယ်တစ်ရပ်လုံးအပေါ် ကျူးလွန်သည့် မှုခင်းတစ်ရပ်ဖြစ်သည်။ စာမျက်နှာ ၁၄၄ တွင် ပါဝင်သည့် ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ သဘောတူညီချက်(CAT) အကျဉ်းချုပ်ကို ကြည့်ပါ။ အောက်တွင် ဖော်ပြထားသည့် စာရင်းမှာ ညှဉ်းပန်းနှိပ်စက်ခံရသူများနှင့် ထိုသူများကို ကူညီနေသည့် ကျန်းမာရေးစောင့်ရှောက်သူများကို တွေ့ဆုံမေးမြန်းခြင်းနှင့် ထိတွေ့ဆက်ဆံခြင်းတို့တွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိခဲ့သည့် စာနယ်ဇင်းသမားတစ်ဦးဖြစ်သော မီရွန်ဗာရူဟာကစ်ရေးသားထားသည့် ညှဉ်းပန်းနှိပ်စက်ခံရသူများကို တွေ့ဆုံမေးမြန်းခြင်းအတွက် လက်တွေ့အသုံးချရှောင်ရန် ဆောင်ရန် စာရင်းများဖြစ်သည်။

n8Syef;EG8ufcHk;ol&sm;ukwf0ef;ykH;jref;&mwGef;aqmifef;a&mS&ef&Sif;&Sif;nf&sm;

သတင်းရေးသားရာတွင် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသူများကို တွေ့ဆုံမေးမြန်းရန် လိုအပ်လာပါက အသေအချာ ပြင်ဆင်သွားပါ။

တွေ့ဆုံခြင်းမပြုလုပ်မီကတည်းကပင် ထိုသူ၏ အဖြစ်အပျက်နှင့် သူ့ဇာတိနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေကို လေ့လာပါ။ သတင်းကို အသေးစိတ်ကျကျ နားလည်နိုင်ရန်အတွက် နောက်ခံအချက်အလက်များ ရှာဖွေပါ။ အဖြစ်အပျက်များမှာ တစ်ခုနှင့် တစ်ခု တူညီမှုမရှိကြ။

တွေ့ဆုံမေးမြန်းခြင်း မပြုမီကပင် မေးခွန်းများကို ကြိုချရေးထားပါ။ ခက်ခဲသော မေးခွန်းများ စမမေးပါနှင့်။ ထိုသို့ပြုလုပ်ပါက စိတ်ခံစားမှုများကို နှိုးဆွပေးသကဲ့သို့ဖြစ်မည် ဖြစ်ပြီး နောက်ဆက်လက်

မေးမြန်းခြင်းပြုရာတွင် သက်ရောက်မှုရှိလိမ့်မည် သို့မဟုတ် ဆက်လက်ဖြေဆိုခြင်း မပြုဘဲ နေလိမ့်မည်။ ဖြေဆိုသူကို သူ့အရှိန်နှင့် သူ ပြောပြနိုင်စေရန်အတွက် လမ်းဖွင့်ပေးသည့် မေးခွန်းများစွာ မေးပါ။

ဝတ်ကောင်းစားလှများ အလွန်အကျွံ ဝတ်မသွားပါနှင့်။ အထူးသဖြင့် ညှဉ်းပန်းနှိပ်စက်မှုကို ခံခဲ့ရသူအတွက် စိတ်ဖိအားဖြစ်စေမည့်၊ ဒေါသထွက်စေမည့် အဝတ်အစား အဆင်တန်ဆာ သို့မဟုတ် လက်ဝတ်လက်စား ဝတ်ဆင်မသွားပါနှင့်။ နှိပ်စက်ကလူပြုကျင့်မှုများမှ လွတ်မြောက်လာသူများသည် သူတို့၏ နိုင်ငံရေး သို့မဟုတ် ဘာသာရေး ယုံကြည်မှုများ၊ လူမျိုး၊ တိုင်းရင်းသား၊ နိုင်ငံသားဖြစ်မှုများနှင့် အခြားအကြောင်းပြချက်များကြောင့် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသူများဖြစ်သည်။ ထို့ကြောင့် အမျိုးသားရေး သို့မဟုတ် ဘာသာရေးအထိမ်းအမှတ်များ၊ လိုဂိုများ သို့မဟုတ် ဖော်ပြချက်များ ပါဝင်သည့် အဝတ်အစားများ၊ လက်ဝတ်ရတနာများ ဝတ်ဆင်ခြင်း မပြုမိစေရန် သတိပြုပါ။

ညှဉ်းပန်းနှိပ်စက်မှုခံရသူ အမျိုးသမီးကို အင်တာဗျူးမည်ဆိုလျှင် အမျိုးသမီးသတင်းထောက်၊ ညှဉ်းပန်းနှိပ်စက်ခံရသူ အမျိုးသားကို အမျိုးသားသတင်းထောက်ကသာ မေးမြန်းနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ မဖြစ်နိုင်ပါက ကျားက မ၊ မက ကျားကို မေးမြန်းရမည်ဆိုပါက မတွေ့ဆုံခင်၊ မမေးမြန်းခင် ကပင် အဆင်ပြေ၊ မပြေ မေးမြန်းထားသင့်သည်။ အမျိုးသားများ၏ အဓမ္မပြုကျင့်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ စော်ကားမှုကိုခံခဲ့ရသည့် အမျိုးသမီးသည် အမျိုးသားသတင်းထောက်ကို ထုတ်ဖော်ပြောဆိုရန် ခက်ခဲပေလိမ့်မည်။ အချို့သော နိုင်ငံယဉ်ကျေးမှုများမှ အမျိုးသားများ၏ ထိုကိစ္စကို အမျိုးသမီးများနှင့် ပြောဆိုရာတွင် အခက်အခဲရှိလေ့ရှိသည်။ ဓာတ်ပုံရိုက်မည်ဆိုပါက၊ အသံဖမ်းမည်ဆိုပါက၊ ဗီဒီယိုရိုက်မည်ဆိုပါက ကြိုတင်ခွင့်ပြုချက်တောင်းပါ။ သူတို့ မငြင်းလောက်ပါဘူးလို့ ဘယ်တော့မှ မယူဆပါနှင့်။ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည့်သူအများစုသည် နှိပ်စက်မှုများမှ လွတ်မြောက်ရန် နိုင်ငံစွန့်ခွာ ထွက်ပြေးခဲ့ရသူများ ဖြစ်သဖြင့် သူတို့၏ ရုပ်ပုံများကို ဖော်ပြခြင်းဖြင့် သူတို့ကို အန္တရာယ်များနှင့် မိတ်ဆက်ပေးရာကျသည်။ အချို့သော ညှဉ်းပန်းနှိပ်စက်ခံရသူများသည် ဖိအားပေး ဝန်ခံခိုင်းခဲ့ရသူများဖြစ်သဖြင့် သူတို့ကို မေးမြန်းမှုများကို အသံဖမ်းယူထားခြင်းကို သူတို့ကို ဒုက္ခပေးရာတွင် အသုံးပြုလိမ့်မည်ဟု ထင်မြင်နေတတ်သည်။ သူတို့၏ ရုပ်များနှင့် အသံများကို ဝါးပေးမည်ဟု ကတိပေးပြီး ညှိနှိုင်းကောင်း ညှိနှိုင်းနိုင်သည်။ သို့သော် ကြိုတင်ညှိနှိုင်းဆွေးနွေးထားရန် လိုအပ်သည်။ အဆင်ပြေသင့်တော်မည့် တွေ့ဆုံမေးမြန်းမှု ပြုလုပ်မည့် နေရာကို ကြိုတင်ဆွေးနွေးသတ်မှတ်ပါ။ ဖြေဆိုသူအတွက် သက်သောင့်သက်သာဖြစ်မည့် အခြေအနေကို ဖန်တီးပါ။ မြေအောက်ခန်းနှင့် သေးငယ်ပြီး ပြတင်းပေါက်မရှိသော အခန်းများကို ရှောင်ပါ။ သင့်တော်သည့် နေရာကို ထိုသူများအား ရွေးခိုင်းပါ။ ညှဉ်းပန်းနှိပ်စက်ခံရသူနှင့် တွေ့ဆုံသည့်အခါ ယဉ်ကျေးသိမ်မွေ့ပါ။ သူတို့ကို သနားသည့်သဘောသက်ရောက်သော မျက်နှာအမူအရာ၊ စကားများ မပြုလုပ်၊ မပြောဆိုမိပါစေနှင့်။ ညှဉ်းပန်းနှိပ်စက်ခံရသူသည် သင်စိတ်ကူးယဉ်ကြည့်လို့ ရသည့် အဆိုးဆုံး ဖြစ်ရပ်များထဲမှ တချို့ကို ခံစားကျော်လွှားခံရသည်ဟူသည့်အချက်ကို သတိရပါ။ သူတို့လွတ်မြောက်ကျော်လွှားခဲ့ရပြီး သူတို့အဖြစ်အပျက်များကို အများပြည်သူသိအောင် ဝေမျှနိုင်ခြင်းကို ကြည့်ခြင်းအားဖြင့် သူတို့သည် အာဂလူများ ဖြစ်ကြောင်း တွေ့နိုင်ပါသည်။ ထို့ကြောင့် သူတို့သည် သနားခံရလိုခြင်းမရှိ။ သူတို့ကို ဂရုတစိုက် တလေးတစား ဆက်ဆံရန်သာ လိုအပ်သည်။

မေးမြန်းခြင်းမပြုမီ သတင်းတွင် ဖော်ပြခံရလိုသည့် သူ့အမည်ကို မေးပါ။ သူတို့၏ အမည်ရင်းများကို အသုံးပြုခြင်းဖြင့် သူတို့ကို အန္တရာယ်ကျရောက်စေနိုင်သည်။ သူတို့ကို သတင်းရေးသားရာတွင် 'ညှဉ်းပန်းနှိပ်စက်မှုကို ကျော်လွှားခဲ့ရသူ' သို့မဟုတ် 'ညှဉ်းပန်းနှိပ်စက်မှုကို ခံခဲ့ရသူ' စသည်ဖြင့် ဖော်ပြခံရလိုခြင်း ရှိ၊ မရှိ မေးမြန်းပါ။ တချို့သောသူများကမူ သူတို့ကို ထိုသို့ကျူးလွန်ခံရသူများအဖြစ် ဖော်ပြခံရလိုသည့်စိတ်ရှိနိုင်ပါသည်။

ညှဉ်းပန်းနှိပ်စက်မှုဖြစ်စဉ်၏ ဆိုးဝါးလွန်းသည့် အဖြစ်အပျက် အသေးစိတ်ကို ပြောပြနေသည့် တိုင် အေးအေးဆေးဆေး နားထောင်ပါ။ ထိတ်လန့်ခြင်း သို့မဟုတ် ဝမ်းနည်းခြင်း စသည့် မျက်နှာအမူ

အရာများကို ရှောင်ပါ။ ညှဉ်းပန်းနှိပ်စက်မှု ခံရသူများသည် ကိုယ်ချင်းစာတရားနှင့် စိုးရိမ်မှုများကို သဘောကျပါလိမ့်မည်။ သို့သော် ပြင်းထန်သော တုံ့ပြန်မှုများက သူတို့ခံစားချက်များကို ပိုဆိုးရွားစေနိုင်သည်။ တွေ့ဆုံမေးမြန်းသည့်ကာလတစ်လျှောက်လုံး မျက်လုံးချင်းအကြည့်ကို မလွှဲပါနှင့်။ နားထောင်သူ ကောင်းတစ်ယောက် ဖြစ်ပါစေ။ သူတို့သည် သူတို့ဘဝ၏ အဆိုးဆုံးအခက်အခဲများနှင့် ပတ်သက်ပြီး သင့်ကို ယုံကြည်အပ်နှံထားသူဖြစ်သည်။

သူတို့ကို အပြည့်အဝ လေးစားအာရုံစိုက်မှုပေးရန် ထိုက်တန်ပါသည်။

အာရုံထွေပြားစေသည့် ကိစ္စများကို ရှောင်ကြဉ်ပါ။ ဆဲလ်ဖုန်းများ၊ အချက်ပေးကိရိယာများနှင့် သင်နှင့် သယ်သွားသော အခြားလျှပ်စစ်ပစ္စည်းများကို ပိတ်ထားပါ။ ထိုသို့ ခံစားခဲ့ရသူများသည် စိတ်ပိုင်းဆိုင်ရာ ဝေဒနာအလွန် စိတ်ဖိအားကစဉ်ကလျားရှိမှုနှင့် အာရုံထွေပြားမှုများကို ခံစားနေရဆဲဖြစ်နိုင်ပြီး စိတ်ဆင်းရဲစရာကိစ္စရပ်များ ရုတ်ခြည်းပြန်ပေါ်လာခြင်းများ ဖြစ်တတ်သည်။ ညှဉ်းပန်းနှိပ်စက်မှုဖြစ်စဉ်၏ ဆိုးဝါးလွန်းသည့် အဖြစ်အပျက်အသေးစိတ်ကို ပြောပြနေသည့်တိုင် အေးအေးဆေးဆေး နားထောင်ပါ။ ထိတ်လန့်ခြင်း သို့မဟုတ် ဝမ်းနည်းခြင်း စသည့် မျက်နှာအမူအရာများကို ရှောင်ပါ။ ညှဉ်းပန်းနှိပ်စက်မှု ခံရသူများသည် ကိုယ်ချင်းစာတရားနှင့် စိုးရိမ်မှုများကို သဘောကျပါလိမ့်မည်။ သို့သော် ပြင်းထန်သော တုံ့ပြန်မှုများက သူတို့ခံစားချက်များကို ပိုဆိုးရွားစေနိုင်သည်။ သူတို့ကို ထိတွေ့အားပေးပါ။ ဘာသာရေးနှင့် ဆက်နွယ်သော အာမေဋိတ်များ (ဥပမာ-ဘုရား...ဘုရား၊ ဘုရားရေ စသဖြင့်) မပြုလုပ်ပါနှင့်။ အဖြစ် အပျက်ကို သေးသိမ်အောင် မပြုလုပ်ပါနှင့်။ (ဥပမာအားဖြင့် 'ခင်ဗျား တော်တော်ခံရမှာပဲနော်'၊ 'တကယ့်ငရဲပါလားဗျာ' စသဖြင့် ပြောဆိုခြင်းမျိုး) ဆရာမလုပ်ပါနှင့်။ ဘောင်ကျော်သည့် မေးခွန်းများ မမေးပါနှင့်။ (ဘယ်လိုခံစားရလဲ စသည်) သူတို့ပြောသည်ကို သေသေချာချာ နားထောင်ပါ။ အေးအေးဆေးဆေးနှင့် အားစိုက်ပါ။ စိတ်ခံစားချက်ကို မထိန်းနိုင်လျှင် ခဏနားပါ။

ဖြေဆိုသူက မေးခွန်းတစ်ခုခုကို ဖြေဆိုရန် အဆင်မပြေသည့်အခါ ထိုအခြေအနေကို အလွယ်တကူ လက်ခံပါ။ ဖိအားမပေးပါနှင့်။ သူ့အတွက် ခက်ခဲလာသည့်အချိန်တွင် တွေ့ဆုံမေးမြန်းမှုကို အချိန်မရွေး ရပ်တန့်ပစ်လိမ့်မည်ဟူသည့်အချက်ကို ကြိုတွေးပြီး လက်ခံနိုင်အောင် အသင့်ပြင်ထားပါ။

(ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသူများကို တွေ့ဆုံမေးမြန်းခြင်း၊
စာနယ်ဇင်းသမားလက်စွဲနှင့် လုပ်ငန်းလမ်းညွှန်၊
ပြစ်မှုကျူးလွန်ခံရသူများနှင့် မီဒီယာ၊
မီရွန် ဗာရှုဟာကစ်၊ မီချီကန်ပြည်နယ်တက္ကသိုလ် ၂၀၀၈)

❒

Photo : Theingi Tun

Internews
Local voices. Global change.

t ykd;f2? t cef;10

t"r;j®usifrtbl;ukwdkif;jrefjcif;

အဓမ္မပြုကျင့်ခံခဲ့ရသူများကို ဝိုင်းပယ်ခြင်းနှင့် စာနာနားလည်ပေးနိုင်မှု မရှိခြင်း အခြေအနေများကြောင့် အခြားမှုခင်းများ ကျူးလွန်ခံရသူများကို မပေးအပ်သည့် ကိုယ်ရေးအချက်အလက် လုံခြုံမှုအဆင့်မျိုးကို ပေးထားသင့်သည်။

t"r;j®usifrtbl;

အဓမ္မပြုကျင့်မှုဆိုတာ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှု ဖြစ်သည်။ အတင်းအကျပ်၊ အလိုမတူဘဲ လိင်ပိုင်းဆိုင်ရာ နှီးနှောမှု ဖြစ်ပါသည်။ အမျိုးသား၊ အမျိုးသမီး မည်သည့်အသက်အရွယ်မဆို အဓမ္မပြုကျင့်ခံရနိုင်သည်။ အမျိုးသမီးကြီးများ၊ မိန်းကလေးငယ်လေးများ၊ ကောင်လေးများ၊ ဆယ်ကျော်သက်များ၊ မိခင်များ အားလုံး ပြုကျင့်ခံရနိုင်သည်။ အဓမ္မပြုခြင်းသည် ကမ္ဘာတစ်လွှားဖြစ်ပေါ်နေသော ပြဿနာတစ်ရပ်ဖြစ်ပြီး ယဉ်ကျေးမှုတိုင်းကိုလည်း ထိခိုက်မှုရှိသည်။ ယခုအချိန်တွင် အဓမ္မပြုကျင့်မှု အများဆုံးပြုလုပ်သူများမှာ အမျိုးသားများဖြစ်သည်။ သို့သော် အမျိုးသားများ - အထူးသဖြင့် ယောကျ်ားလေးများ - သည်လည်း အဓမ္မပြုကျင့်ခံရလေ့ရှိသည်။ ထောင်တွင်း ထောင်ပ အခြေအနေများတွင် နှိပ်စက်သည့် ပုံစံတစ်မျိုးအနေဖြင့် အဓမ္မပြုကျင့်မှုကို အသုံးချလေ့ရှိသည်။

အဓမ္မပြုကျင့်မှုသည် လိင်ကိစ္စသက်သက်မဟုတ်။ အနိုင်အထက်ပြုမှုဖြစ်သည်။ အဓမ္မပြုကျင့်သူသည် အခြားလူသားတစ်ဦးအပေါ် စီးပိုးနိုင်ရန်အတွက် အကြမ်းဖက်သည်။ သို့မဟုတ် အကြမ်းဖက်မည်ဟု ခြိမ်းခြောက်သည်။ ပြန်လည်တိုက်ခိုက်ခံရခြင်းကို ရှောင်ရှားနိုင်ရန်အတွက် အဓမ္မပြုကျင့်သူသည် မူးယစ်ဆေး သို့မဟုတ် အရက်ကို အသုံးပြုသည်။

သူစိမ်းတစ်ဦးက ကျူးလွန်နိုင်သလို မိသားစုဝင်တစ်ဦးကလည်း ကျူးလွန်နိုင်သည်။ ဆရာ သို့

မဟုတ် ကျောင်းအုပ်ကြီးကလည်း ကျူးလွန်နိုင်သည်။ ဆရာဝန်ကလည်း ကျူးလွန်နိုင်သည်။ ရည်းစားက လည်း ကျူးလွန်နိုင်သည်။ မည်သူမဆို ကျူးလွန်နိုင်သည်။ အိမ်တွင်ဖြစ်နိုင်သလို အပြင်တွင်လည်း ဖြစ်နိုင်သည်။ အချိန်မရွေးလည်း ဖြစ်ပွားနိုင်သည်။ ငြိမ်းချမ်းရေးရနေစဉ် ဖြစ်နိုင်သလို စစ်ဖြစ်နေသည့် ကာလတွင်လည်း ဖြစ်နိုင်သည်။

သူတို့ ရာစုနှစ်များစွာ ထိန်းသိမ်းထားသည့် အရပ်ဒေသများကို ထိန်းချုပ်ရန်၊ အထိတ်တလန့် ကြောက်ရွံ့နေကြစေရန် စစ်တပ်များသည် အဓမ္မပြုကျင့်မှုကို လက်နက်တစ်ခုအနေဖြင့် အသုံးပြုသည်။ ဒုတိယကမ္ဘာစစ်ကာလအတွင်း ဘော့စနီးယားစစ်ပွဲအတွင်းနှင့် ကူဝိတ်၊ အင်ဒိုနီးရှား၊ ဆိုမာလီ၊ လိုက်ဘေး ရီးယားနှင့် အခြားနေရာများစွာတွင် အစုလိုက်အပြုံလိုက် အဓမ္မပြုကျင့်မှုများ ဖြစ်ပွားခဲ့သည်။ ပဋိပက္ခဖြစ် ပွားရာ ဒေသများတွင် အစုလိုက်အပြုံလိုက် အဓမ္မပြုကျင့်မှုများဖြစ်ပွားသည်။ ကွန်ဂိုနှင့် ယုဂန္ဒာ၊ ဆိုမာလီ ဒေသအချို့တွင် ထိုသို့ဖြစ်ပွားမှုများရှိခဲ့သည်ဟု သိရသည်။

အဓမ္မပြုကျင့်မှုသည် ရာဇဝတ်မှုဖြစ်သည်။ ထိတ်လန့်စရာ၊ စိတ်ဒဏ်ရာရလောက်စရာ၊ စိတ်ဓာတ် ပျက်ပြားလောက်ဖွယ်ဖြစ်သည့် ရာဇဝတ်မှုဖြစ်သည်။ လူ့အဖွဲ့အစည်းသည် အဓမ္မမှုပြုကျင့်ခံရသူများကို အပြစ်တင်လေ့ရှိသည်။ ဝတ်ပုံစားပုံကြောင့် သို့မဟုတ် ညဘက် တစ်ယောက်တည်း လမ်းထွက်ခြင်းကြောင့် အန္တရာယ်ကို ဖိတ်ခေါ်ရာရောက်သည်ဟု ဆိုကြသည်။ သို့သော် အဓမ္မပြုကျင့်ခြင်းသည် ကောင်းသည်ဟူ သည့် အကြောင်းပြချက်မရှိပါ။ ထိုမှားယွင်းယူဆချက်များကို မီဒီယာအနေဖြင့် အားပေးအားမြှောက် မလုပ်မိစေရန် သတိထားရမည်။

vlYcGHa&;pEdkifrsm;

အဓမ္မပြုကျင့်မှုသည် လိင်ပိုင်းဆိုင်ရာ အခြေပြု အကြမ်းဖက်မှုဖြစ်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာ စာချုပ်စာတမ်း သဘောတူညီချက်များတွင် ပါဝင်သည့် မူများစွာကို ချိုးဖောက်ခြင်းဖြစ်သည်။

ထိုစာချုပ်စာတမ်းများထဲတွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပုံစံမျိုးစုံ တိုက်ဖျက်ရေးသဘော တူညီချက် (CEDAW)၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (CRC)၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံးဆိုင်ရာ ရောမပြဋ္ဌာန်းစာချုပ် (၁၉၉၈) နှင့် ဂျနီဗာ သဘောတူညီချက်တို့ဖြစ်သည်။ အဓမ္မပြု ကျင့်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ပေါင်းများစွာကိုလည်း ကုလသမဂ္ဂက ချမှတ်ခဲ့ပြီးဖြစ်သည်။

CEDAW

နိုင်ငံအတော်များများအနေဖြင့် CEDAW နှင့် CRC ကို လက်မှတ်ရေးထိုးထားကြပြီးဖြစ်သည်။ CEDAW တွင်ပါဝင်သည့် အမျိုးသမီးများ၏ အခြေခံအခွင့်အရေးများမှာ အောက်ပါတို့ဖြစ်သည်။

- အသက်ရှင်ရပ်တည်ပိုင်ခွင့်
- ညှဉ်းပန်းနှိပ်စက်မှုနှင့် ရက်စက်သော၊ လူမဆန်သော၊ လူ့အဖြစ်ကို ယုတ်လျော့စေသော ဆက်ဆံမှုများ သို့မဟုတ် အပြစ်ပေးမှုများ မရရှိပိုင်ခွင့်
- နိုင်ငံတကာနှင့် ပြည်တွင်းလက်နက်ကိုင်တိုက်ပွဲများအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံနှုန်းများအရ တူညီစွာ အကာအကွယ်ပေးခံရပိုင်ခွင့်
- လူ၏ လွတ်လပ်လုံခြုံပိုင်ခွင့်
- ဥပဒေအရ မျှတစွာ အကာအကွယ်ရရှိပိုင်ခွင့်
- မိသားစုအတွင်း မျှတစွာ ဆက်ဆံခံရပိုင်ခွင့်
- ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ကောင်းမွန်မှုကို ရနိုင်သမျှ အမြင့်မားဆုံး ရရှိပိုင်ခွင့်

uav;oli,ftcGifha&; tumtuG,fay;rIqkdif&m oabmwlpmcsKyf(CRC)

CRC သည် ကလေးများအတွက် အလားတူကာကွယ်ပေးမှုများ၊ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများမှ အကာအကွယ်များ ပေးထားသည်။

*eDАoabmwlpmcsKyf

သဘောတူညီချက်များတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

]trsdK;orD;rsm;ukd*kPfodu©mykdif;qkdif&m wkdufcdkufrIrsdK;pHkrSumuG,fay;&rnf xkdYxwif t"r®jyKusifhrIrsm; twif;t"r®jynfhwefqmtjzpfapckdif;rIrsm; ojyif[kwf*kPfodu©mukdifrIodrfrnfodrfh wkdufcdkufrIrsdK;qkdif&m0ifonf trsdK;orD;rsm;ukdbwfrIvdkufukdwkdufcsif;cjcm; qufqHrIjcif;rjyKap&}

(pwkw¬tydkif;*eDАoabmwlpmcsKyf
tydkif;27 tcef;1 tydkif;76 tydkif;ceG v rmf;jzpf)

]vlom;*kPfodu©mukdxdyg;apaom t&mrsm;? txl;ojzifh&ufpufqkd;&Imaom? vlYjzpfukd avsmhusapaom qufqHrIrsm;? twif;t"r®jynfhwefqmtjzpfapckdif;rIESifh*kPfodu©mukdifrIodrfrnf onfwkdufcdkufrIrsdK;qkd &yfom;uaomfvnf;aumif;? ppfom;rsm;uaomfvnf;aumif; rnfodrnfhtcsdef rnfodrnfhtcsdefwifqkdapzdkYtm;EkdifoDnf}

(*eDАoabmwlpmcsKyf
tydkif;75 tydkif;cu)

]y#dyu©wif;wpfzufzufrSy0ifolrsm;onfuav;oli,frsm;ukdav;pm;&rnf olwkdYudkyf onfhf*½kjyKrIESifhapmif&SmufrIrsm; ay;&rnf *kPfodu©mukdifrIodrfrnfodrfhwkdufcdkufapmfum;rIrSqkd tumtuG,fay;&rnf}

(*eDАoabmwlpmcsKyf
tydkif;1 tydkif;77 tydkif;cu)

အပိုဒ်ခွဲ ခ တွင် အထက်ပါဖော်ပြချက်သည် ပြည်တွင်းပဋိပက္ခများနှင့်ပါ သက်ဆိုင်သည်ဟု ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။

EkdifiHwum&mZ0wfckHkH

EkdifiHwum &mZ0wfckHkHqkdif&m a&mrpwufu,f0ya'wif t"r®jyKusifhrIukdvlom;xkt ay: ususL;vefonfh&mZ0wf1 pp&mZ0wfrItjzpf owfrSwfazmfjyxm;onf]u,fjyeHYom}?]pepfwuswf jyKvkyfcifjzpfaom} t"r®jyKusifhrIukdvlom;wpf&yfvHkay: uusL;vefonfh&mZ0wfwpfckjzpfxnfh oifowfrSwfonf

(a&mrpwufu,f0ya' tydkif;7)

y#dyu©wif t"r®jyKusifhrIukdjpDcHuf} ol[kwf]rD'} wpfckt aejzifhusL;veffcifjzpfyfu EpSEkdifiHolYfuvkdufxkdYufyfkdom EkdifiH;wify#dyu©jzpfym;jcifjzpfap? wpfEkdifiHwnf twifjzpfym;jcif jzpfap(jynfwvif;ppf) pp&mZ0wfrItjzpfowfrSwfonf

(tydkif;8)

ရောမစတက်ကျူးပဒေတွင် အမှုပြုကျင့်မှုတွင် အဓိက အပိုင်းနှစ်ပိုင်း ပါဝင်သည်ဟု ဆိုသည်။ လူတစ်ယောက်၏ ခန္ဓာကိုယ်ကို ထိုးဖောက်ကျူးလွန်မှုနှင့် ဖိအားပေးမှု (သို့မဟုတ်) ဖိအားပေးမည်ဟု ခြိမ်းခြောက်မှုတို့ဖြစ်သည်။ လူသားထုအပေါ် ကျူးလွန်သည့် အမှုမှုများနှင့် အခြားလိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများ၏ အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ပတ်သက်ပြီး အသေးစိတ် ထပ်မံသိရှိလိုပါက စာမျက်နှာ ၁၀၂ တွင် ကြည့်ပါ။

ppfyGwGt"r®usifhrsm;

]t"r®usifhrsm;onfppfytwif;rawmfvqayay;ujcif;r[kwf vufufukdfy#dyu© rsm;ukdtm;ay;uhJefwri&nf&,fcsu&SdyvkyfaomusL;vefhrsm;jzpfonfy#dyujzpfrsm;onfh umvrsm;wifus,fus,fyefyefzpfrsm;jcif;u trsdbrDm;\xdvfvefMusL;vefbrsm;tzkdusL;vefcH &ohrsm;tay:vTJrkkm;onfhtiftm;?jyusifcdkbhrsm;tay:ravmpm;rhrsm;ukazmfyaeonfy#dyu© rsm;wift"r®usifhukdtokdyjcif;onfhidrfcsrf;pOfumvrsm;wiftrsdbrDm;aeY0&if;qkd&onfh rr;wrhrsm;ukdrDrmif;xkdyEkdonf tpkdrsm;onfr;wrhrsm;ukazmfaqmif&ef trsdbrDm;tay: cjcm;rhrsm;ukdwkdufcsu&eftwuf olwkdwif&Sdeonfh0wkdm;rsm;ukdazmfaqmif;jcif;rjyao;oa&U t"r®usifhrsm;onfusL;vefbrsm;pdwfudufvufufsm;jzpfaeyvdDDnf}

(Amnesty International)

ppfyGwGt"r®usifhrsm;ukdtokdyjcif;onfrzpfOftcsdU

ဘော့စနီးယား။ ။ ၁၉၉၀ ပြည့်နှစ်များအတွင်း ဖြစ်ပွားခဲ့သော ဘော့စနီးယားစစ်ပွဲအတွင်း ဘော့စနီးယား မိန်းကလေးများနှင့် အမျိုးသမီးများသည် စနစ်တကျ အမှုပြုကျင့်မှုများကို တွေ့ကြုံခဲ့ကြရသည်။ အမျိုးသမီးရာပေါင်းများစွာကို အချုပ်ခန်းများတွင် ဖမ်းဆီးခံထားခဲ့ကြရပြီး ဆာဘီးယား စစ်သားများနှင့် ရဲသားများ၏ ထပ်ခါတလဲလဲ အမှုပြုကျင့်မှုများကို ခံခဲ့ရသည်။ စစ်ပွဲကာလအတွင်း 'စနစ်တကျ အမှုပြုကျင့်မှု' နှင့် 'လိင် ကျွန်ပြုမှု' များသည် လူသားထုအပေါ် ကျူးလွန်သော စစ်ရာဇဝတ်မှုဖြစ်သည်ဟု ယခင် ယူဂိုဆလာဗီးယားနိုင်ငံဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICTY) က ကြေညာခဲ့သည်။ အပြစ်ရှိသူများစွာကို ဖော်ထုတ်နိုင်ခဲ့ပြီး နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့သည်။

ဆူဒန်။ ။ ၂၀၀၃ ခုနှစ် လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းဖြစ်ပွားခဲ့စဉ်က ဒါဖာ အနောက်ပိုင်း ဆူဒန်ပြည်နယ်တွင်ရှိသော အမျိုးသမီးများသည် အမှုပြုကျင့်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အခြေခံသည့် အကြမ်းဖက်မှုများကို တွေ့ကြုံခဲ့ရသည်။ အစိုးရက ကျောထောက်နောက်ခံပြုထားသည့် ယန်ယာဝစ် လက်နက်ကိုင်များနှင့် အခြားလက်နက်ကိုင်တပ်များက ပြုကျင့်ခဲ့ကြခြင်းဖြစ်သည်။ ပြုကျင့်မှု အတော်များများတွင် လင်ယောကျ်ားများ၊ ဆွေမျိုးများ သို့မဟုတ် ရပ်ရွာရှေ့မှောက် ပြုကျင့်ခဲ့ကြခြင်းဖြစ်သည်။ ကိုယ်ဝန်သည်များကိုပင် မချန် ပြုကျင့်ခဲ့ကြခြင်းဖြစ်သည်။ ဆန့်ကျင်ရန်းကန်သူများကို ရိုက်နှက်ခြင်း၊ ဓားဖြင့် ထိုးခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်သည်ဟု သိရသည်။ အမျိုးသမီးများနှင့် အသက်ရှစ်နှစ်အထိ ငယ်ရွယ်သော မိန်းကလေးများကို တိုက်ခိုက်မှုများအကြား ပြန်ပေးဆွဲခေါ်ယူသွားပြီး ယန်ယာဝစစ် စစ်စခန်းများတွင် လိင်ကျွန်ပြုမှုများ ပြုလုပ်ခဲ့သည်။

ယူဂန္ဒာ။ ။ ယူဂန္ဒာမြောက်ပိုင်းတွင် ဘုရင့်တော်လှန်ရေးတပ်မတော် (Lord's Resistance Army – LRA) သည် ကလေးငယ်များကို ပြန်ပေးဆွဲပြီး မိန်းကလေးများကို အလိုမတူဘဲ လက်ထပ်ထိမ်းမြားစေခြင်းနှင့် လူ့အဖွဲ့အစည်းအတွင်း စနစ်တကျ ဖန်တီးထားပြီးဖြစ်သော ပုံစံဖြင့် အမှုပြုကျင့်ခြင်းတို့ကို ပြုလုပ်ကြသည်။ အမျိုးသားများသည် သူတို့၏ 'ကောင်းမွန်သော အပြုအမူများ' (ဥပမာအားဖြင့် စစ်သည့်ပန်းများနှင့် ဖမ်းဆီးထားသည့် ရွာသားများကို သတ်ဖြတ်ပေးရန် အမိန့်ပေးခိုင်းစေမှုများအား လိုက်

နာခြင်း) အတွက် အမျိုးသမီးများနှင့် မိန်းကလေးများကို ဆုအဖြစ် ပေးသည်။

ဆီရီယာလီယွန်။ ။ ပြန်ပေးဆွဲခြင်း၊ အဓမ္မပြုကျင့်ခြင်းနှင့် လိင်ကျွန်ပြုခြင်းတို့ကို ဆီရီယာလီယွန် ပဋိပက္ခကာလအတွင်း စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့သည်။ အဓမ္မပြုကျင့်ခံရသူများသည် ပြင်းပြင်းထန်ထန် နှိပ်စက်မှု ခံခဲ့ရသည်။ အဖြစ်အပျက်တစ်ခုတွင်မူ ၁၄ နှစ်အရွယ် မိန်းကလေးသည် သူ့အား ပြန်ပေးဆွဲလာခဲ့သည့် သူပုန်နှင့် ကိုယ်လက်နီးနှောမှုပြုရန် ငြင်းဆန်သည့်အတွက် မိန်းမကိုယ်ကို ဓားဖြင့် ထိုးနှက်ခြင်းခံခဲ့ရသည်။ နောက်ထပ်အဖြစ်အပျက်တစ်ခုတွင် ၁၆ နှစ်အရွယ် မိန်းကလေးတစ်ယောက်သည် ထွက်ပြေးရာတွင် အပြင်းအထန် ဒဏ်ရာရခဲ့ပြီး ခွဲစိတ်သားအိမ်ထုတ်ခဲ့ရသည်။

(Amnesty International၊ အမေရိကန်၊
စစ်ပွဲတွင် အဓမ္မပြုကျင့်မှုကို လက်နက်အဖြစ်
အသုံးပြုခြင်း အချက်အလက်များ ၂၀၀၇)

a&mrpwufu,ÓOya'? EkdifwLum&mZ0wfcHkH&mZ0wfwGJ,y0ifonfh&mrsm;

လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ လူသားထုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု ခြောက်ခု အကြောင်း ရောမစတက်ကျည်ပဒေတွင် ဖော်ပြထားသည်များကို အကျဉ်းချုံးဖော်ပြမှုဖြစ်သည်။

မှတ်ချက်။ ။ ယခုဖော်ပြပါရာဇဝတ်မှုများသည် လူသားထုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု များဖြစ်သည်။ တစ်ခုစီအတွက် ရာဇဝတ်မှုများတွင် ပါဝင်သည့် အဓိက အချက်များကို ဖော်ပြထားသည်။

- အရပ်သားပြည်သူများကို တိုက်ရိုက်ပစ်မှတ်ထားပြီး ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှုပြုလုပ်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပြုလုပ်ခြင်းဖြစ်သည်။
- ပြုကျင့်သူသည် အရပ်သားပြည်သူများကို တိုက်ရိုက်ပစ်မှတ်ထားပြီး ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှုပြုလုပ်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရှိ သည်။

(အဓမ္မပြုကျင့်မှုဆိုင်ရာ လူသားထုအပေါ် ပြုကျင့်သည့် ရာဇဝတ်မှုများ၊
အပိုဒ် ၇ (က)၊ ဆ-၁)

(၁) ပြုကျင့်သူသည် ပြုကျင့်ခံရသူ သို့မဟုတ် ပြုကျင့်သူ၏ ခန္ဓာကိုယ်တွင်းသို့ လိင်အင်္ဂါတစ်ခုခုဖြင့် သော်လည်းကောင်း၊ ဝမ်းနှင့် ဆီးထွက်ရာ ဒွါရပေါက်များသို့ အရာတစ်ခုခုဖြင့်သော်လည်းကောင်း၊ ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းတစ်ခုခုကိုသော်လည်းကောင်း လူတစ်ယောက်၏ ခန္ဓာကိုယ်အား ထိုးသွင်းခြင်းဖြစ်စေသော ပြုလုပ်မှုဖြင့် (အားပျော့သည့်တိုင်) ကျူးလွန်သည်။

(၂) ထိုသို့ ကျူးလွန်ပြုကျင့်မှုကို အင်အားသုံး၍သော်လည်းကောင်း၊ အင်အားသုံးမည်ဟု ခြိမ်းခြောက်၍သော် လည်းကောင်း ပြုလုပ်ခြင်းဖြစ်သည်။ အကြမ်းဖက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်မှုပြုလုပ်ခြင်းတို့ကို ကြောက်ရွံ့ခြင်း သို့မဟုတ် အာဏာအလွဲသုံးခြင်းတို့ပါဝင်သည်။

tppftrsKd;abmwhD,Hay;

ရန်မဖြစ်နိုင်သည့် လူတစ်ဦးတစ်ယောက်အပေါ် ကျူးလွန်ခြင်း (ဥပမာအားဖြင့် မသန်စွမ်းသူ သို့မဟုတ် ငယ်ရွယ်လွန်းသူများ) တို့ဖြစ်သည်။

(လိင်ကျွန်ပြုမှုဆိုင်ရာ လူသားထုအပေါ်
ပြုကျင့်သည့် ရာဇဝတ်မှုများ၊ အပိုဒ် ၇ (က)၊ ဆ-၂)

(၁) ကျူးလွန်သူသည် လူပုဂ္ဂိုလ်တစ်ယောက်ကို ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်းဖြင့် "ပိုင်ဆိုင်မှု"ကိုဖော်ပြသည်။

(၂) ကျူးလွန်သူသည် လင်ပိုင်းဆိုင်ရာ သဘာဝကိစ္စတစ်ခုတွင် ပါဝင်ဆောင်ရွက်ရန် "ပိုင်ဆိုင်သော" လူ (သို့မဟုတ် လူများ) ကို ပြုလုပ်စေသည်။

(အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်းဆိုင်ရာ
လူသားထုအပေါ် ပြုကျင့်သည့် ရာဇဝတ်မှုများ၊
အပိုဒ် ၇ (က)၊ ဆ-၃)

(၁) ကျူးလွန်သူသည် လူတစ်ယောက် သို့မဟုတ် လူအများကို အင်အားဖြင့်သော်လည်းကောင်း၊ အင်အားသုံးမည်ဟု ခြိမ်းခြောက်၍သော်လည်းကောင်း၊ တင်းကျပ်သည့် ပတ်ဝန်းကျင် အခြေအနေ သို့မဟုတ် စစ်မှန်သော သဘောတူညီမှု မပေးနိုင်ခြင်းကို အခွင့်ကောင်းယူ အသုံးချ၍သော်လည်းကောင်း၊ လင်ပိုင်းဆိုင်ရာ သဘာဝကိစ္စတစ်ခုတွင် ပါဝင်ဆောင်ရွက်ရန် လူ သို့မဟုတ် လူများကို ပြုလုပ်စေသည်။

(၂) ကျူးလွန်သူ သို့မဟုတ် အခြားတစ်ယောက်ယောက်သည် လင်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအတွက် ငွေကြေး သို့မဟုတ် အခြားအကျိုးအမြတ်ရရှိရန် မျှော်လင့်သည်။

(အတင်းအဓမ္မ ကိုယ်ဝန်ဆောင်စေခြင်းဆိုင်ရာ
လူသားထုအပေါ် ပြုကျင့်သည့် ရာဇဝတ်မှုများ၊
အပိုဒ် ၇ (က)၊ ဆ-၄)

ကျူးလွန်သူသည် တိုင်းရင်းသားလူဦးရေအချိုးအစားကို သက်ရောက်မှုရှိစေရန် သို့မဟုတ် အခြားကြီးမားသော နိုင်ငံတကာ ဥပဒေချိုးဖောက်မှုများကို ဆောင်ရွက်ရန်အတွက် အမျိုးသမီးတစ်ဦး သို့မဟုတ် တစ်ဦးထက် ပိုသော အမျိုးသမီးများကို အတင်းအဓမ္မ ကိုယ်ဝန်ဆောင်စေသည်။

(အတင်းအဓမ္မ သားကြောဖြတ်စေခြင်းဆိုင်ရာ
လူသားထုအပေါ် ပြုကျင့်သည့် ရာဇဝတ်မှုများ၊
အပိုဒ် ၇ (က)၊ ဆ-၅)

(၁) ကျူးလွန်သူသည် တစ်ယောက် သို့မဟုတ် တစ်ယောက်ထက် ပိုသောသူများ ဇီဝနည်းဖြင့် မျိုးပွားနိုင်စွမ်းမရှိအောင် ဆောင်ရွက်သည်။

(၂) စစ်မှန်သည့် သဘောတူညီချက်ဖြင့် ဆေးပညာအရ သို့မဟုတ် ဆေးရုံကုထုံးအရ ဆောင်ရွက်ခြင်းမဟုတ်လျှင် ထိုသို့ပြုလုပ်မှုကို မှန်ကန်ကြောင်းမဆိုနိုင်။

(လင်အကြမ်းဖက်မှု ခိုင်းစေခြင်းဆိုင်ရာ
လူသားထုအပေါ် ပြုကျင့်သည့် ရာဇဝတ်မှုများ၊
အပိုဒ် ၇ (က)၊ ဆ-၆)

ကျူးလွန်သူသည် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော သူများ၏ အလိုနှင့်ဆန့်ကျင်လျက် လင်သဘာဝကိစ္စတစ်ရပ်ကို ကျူးလွန်သည် သို့မဟုတ် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများကို အင်အားသုံး၍ဖြစ်စေ၊ အင်အားသုံးမည်ဟု ခြိမ်းခြောက်၍ဖြစ်စေ လင်သဘာဝကိစ္စတစ်ခုတွင် ပါဝင်စေသည်။

t"rjyKusifhtaeolrsm;ukodwkdif;jrefrsufESifhtjcm;olrsm;ukodwkdif;jrefrsufESifhtuGufrsm; uGufcsufrsm;

လူ့အဖွဲ့အစည်းတော်တော်များများသည် မိန်းကလေးများ၏အပျိုစင်ဖြစ်မှုကို တန်ဖိုးထားပြီး အမျိုးသမီးများကို "စင်ကြယ်သူများ" ဖြစ်ရန် မျှော်လင့်ထားတတ်ကြသည်။ လေ့လာတွေ့ရှိချက်များအရ အဓမ္မပြုကျင့်ခံရသူများသည် "ပျက်စီးသွားကြသူများ" အဖြစ် ပစ်ပယ်ထားခြင်းခံရသည်။ အဓမ္မပြုကျင့်ခံရသည့် အမျိုးသမီးများသည် လင်ပစ်သားပစ်စွန့်ပစ်မှုများလည်း ခံရလေ့ရှိသည်။ တစ်ခါတစ်ရံတွင် အဓမ္မပြုကျင့်ခံရသည့် အမျိုးသမီးသည် အရှက်တရားနှင့် နေထိုင်မည့်အစား မိမိကိုယ်ကိုယ် အဆုံးစီရင်မှုပြုခဲ့ကြသည်။

ထို့အတူ အဓမ္မပြုကျင့်ခံရသည့် အမျိုးသားများသည်လည်း အလားတူ အရှက်တရားနှင့်ပယ်ရှားမှုများ ခံရလေ့ရှိသည်။ သူတို့ကို တစ်ဆင့်နိမ့်သောလူများအဖြစ် ဆက်ဆံလေ့ရှိသည်။

အဓမ္မပြုကျင့်ခံရဖူးသည့် မိခင်မှမွေးဖွားလာသော ကလေးငယ်များသည်လည်း သူတို့ဘဝတစ်လျှောက်လုံး ထိုဒဏ်ချက်များကို ခံစားရလေ့ရှိသည်။ သူတို့မိခင်များက သူတို့ကိုစွန့်ပစ်ခဲ့လေ့ရှိပြီး ရပ်ကွက်၊ အသိုင်းအဝိုင်းများ၏ ကျွေးမွေးစောင့်ရှောက်မှုဖြင့် ကြီးပြင်းခဲ့ရလေ့ရှိသည်။ သူတို့ဖခင်များ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုကြောင့်လည်း သူတို့ကို ဝိုင်းပယ်လေ့ရှိသည်။ များသောအားဖြင့် သူတို့အဖေမည်သူဖြစ်သည်ကိုပင် သိရှိခြင်းမရှိကြ။ အဓမ္မပြုကျင့်ခံရသည့်မိခင်များမှ မွေးဖွားလာပြီး သူတို့ဖခင်မည်သူဖြစ်သည်ကို သိရှိနေသော ကလေးများသည်လည်း အရှက်တရားနှင့် အပြစ်မကင်းသည့်စိတ်ကို ခံစားရလေ့ရှိသည်။

သူတို့၏ အမည်များကို ပုံနှိပ်ဖော်ပြခံရမည် သို့မဟုတ် ထုတ်လွှင့်ခံရမည်ဟု သိရှိနေပါက အဓမ္မပြုကျင့်ခံခဲ့ရသူများအနေဖြင့် ထိုအဖြစ်အပျက်ကို ရဲသို့ တိုင်ကြားရန် တွန့်ဆုတ်နေမည်ဖြစ်သည်။ အဓမ္မပြုကျင့်ခံခဲ့ရသူများကို ဝိုင်းပယ်ခြင်းနှင့် စာနာနားလည်ပေးနိုင်မှုမရှိခြင်း အခြေအနေများကြောင့် အခြားမှုခင်းများ ကျူးလွန်ခံရသူများကို မပေးအပ်သည့် ကိုယ်ရေးအချက်အလက် လုံခြုံမှုအဆင့်မျိုးကို ပေးထားသင့်သည်။ နေရာတော်တော်များများမှ သတင်းထောက်များသည် တရားရုံးတွင်ကြားနာနေသည့် အမှုတစ်ခုကိုသတင်းရေးသားလျှင်တောင်မှ အဓမ္မပြုကျင့်ခံရသူများ၏ အမည်ကို ထုတ်ဖော်ရေးသားခြင်းမရှိကြ။

t"rjyKusifhtaeolrsm;ukodwkdif;jrefrsufenfvrfrsm;

- စိတ်ကစဉ့်ကလျားဖြစ်နေသူ သို့မဟုတ် ထိတ်လန့်ကြောက်ရွံ့နေဆဲဖြစ်သူများကို တွေ့ဆုံမေးမြန်းခြင်း မပြုရ။ ထိုသို့ ပြုလုပ်မည့်အစား သူငယ်ချင်းတစ်ဦး သို့မဟုတ် မိသားစုဝင်တစ်ဦးဦးကို မေးမြန်းပါ။ ထို့နောက်တွင်မှ ပြုကျင့်ကျူးလွန်ခံရသူထံ ပြန်လည်သွားရောက်မေးမြန်းနိုင်သည်။
- အမျိုးသမီးများအနေဖြင့် သူတို့၏အဖြစ်အပျက်များကို အမျိုးသားများထံ ပြောပြရန် ခက်ခဲကောင်းခက်ခဲနေနိုင်သည်။ အလားတူပင် အမျိုးသားများအနေဖြင့်လည်း အမျိုးသမီးများကို ပြောပြရန် လွယ်ကူမည်မဟုတ်။ တွေ့ဆုံမေးမြန်းသူသည် တွေ့ဆုံမေးမြန်းခံရသည့်သူနှင့် လိင်တူသည်မဟုတ်ပါက ဖြေကြားသူအနေဖြင့် ဆန့်ကျင်ဘက်လိင်တစ်ဦးဦးနှင့် စကားပြောဆိုရာတွင် အဆင်ပြေ၊ မပြေ သေချာအောင်ပြုလုပ်ပါ။
- စာနာနားလည်မှုရှိပါ။ သို့သော် ထိုအချက်ကို အလွန်အကျူးမဖော်ပြမိပါစေနှင့်။ သူတို့၏ခံစားချက်များကို တိတိကျကျ သိရှိခံစားမိနိုင်စေရန်ကိစ္စမှာ မဖြစ်နိုင်သလောက်နီးပါးဖြစ်သည်။ ထို့ကြောင့် ရိုးရိုးရှင်းရှင်း "စိတ်မကောင်းပါဘူး" ဟူသည့် စကားလောက်ဖြင့် လုံလောက်ပါသည်။ ထိုထက်ပိုလျှင် ဆရာကြီးလုပ်ရာကျလိမ့်မည်ဖြစ်သည်။
- ကိုယ်ဘယ်သူလဲ၊ ဘယ်မီဒီယာက လာသလဲ၊ ကိုယ့်ပရိသတ်က ဘယ်သူတွေရှိသလဲဆိုတာ ပြောပြပါ။
- တွေ့ဆုံမေးမြန်းရသည့်အကြောင်းရင်း၊ ရည်ရွယ်ချက်နှင့် သိရှိလိုသည့်အချက်များကို ပြောပြပါ။ သူတို့ထံမှ ရရှိသည့် သတင်းအချက်အလက်များကို အခြေခံ၍ သတင်းရေးသားမည်၊ ထုတ်လွှင့်မည်ဟူသည့်အကြောင်း သူတို့နားလည်အောင် ရှင်းပြပါ။

- သူတို့ဘက်မှ အထူးတလည်တောင်းဆိုခြင်းမပြုပါက အဓမ္မပြုကျင့်ခံရသူ၏အမည်ကို ထုတ်ဖော် ရေးသားမည် မဟုတ်ကြောင်း ရှင်းပြပါ။ သူ၏အမည်သတင်းကို ထိခိုက်ခြင်းမရှိစေရန် အတတ်နိုင်ဆုံး ကာကွယ်ပေးမည်ဟု ပြောပြပါ။
- တရားဝင်ဖြေကြားခြင်းနှင့် အလွတ်သဘောပြောဆိုခြင်းအကြား ကွာခြားချက်ကို ရှင်းပြပါ။ ဖြေကြား နေစဉ် မည်သည့်ကာလအတွင်းတွင်မဆို အလွတ်သဘောဖြေကြားခြင်းဖြစ်သည်ဟု ပြောဆိုရန် အခွင့် ပေးပါ။ သို့မှသာ သတင်းတွင် ထည့်သွင်းရေးသားရမည်မဟုတ်သော အချက်အလက်များကို သိရှိနိုင် မည်ဖြစ်သည်။
- တွေ့ဆုံမေးမြန်းမှု၏ ကြာချိန်နှင့် ဖြေဆိုသူ၏ သက်သောင့်သက်သာဖြစ်မှုကို ချိန်ဆပါ။ ထို့အတူ ဖြေဆိုသူအနေဖြင့် ဖြေဆိုရသည့်နေရာ သက်သောင့်သက်သာရှိ၊ မရှိ သတိထားပါ။ ကင်မရာ သို့မဟုတ် အသံသွင်းကိရိယာများကို အသုံးပြုခြင်းနှင့် ပတ်သက်၍ အဆင်ပြေ၊ မပြေ လေ့လာစောင့်ကြည့်ပါ။
- ဆေးရုံတစ်ခုခုတွင် တွေ့ဆုံမေးမြန်းခြင်းဖြစ်ပါက ဆေးရုံအာဏာပိုင်များထံမှ ကြိုတင်ခွင့်ပြုချက် တောင်းယူပါ။
- ဖွင့်မေးသည့်မေးခွန်းများဖြင့် စတင်မေးမြန်းပါ။ ဥပမာအားဖြင့် 'ခင်ဗျားဖြစ်ပျက်သမျှ ပြောပြပါ' ဟူသည့် မေးခွန်းဖြင့် စတင်မေးမြန်းခြင်းမျိုးဖြစ်သည်။ ထိုနည်းဖြင့် အဓမ္မပြုကျင့်ခံခဲ့ရသူများအနေဖြင့် သူ့အတွက် အဆင်ပြေမည့်ပုံစံဖြင့် တွေ့ဆုံမေးမြန်းမှုကို ဦးဆောင်သွားနိုင်ရန် ခွင့်ပြုပေးနိုင်မည်ဖြစ်သည်။
- သူတို့ကို မျက်လုံးချင်းတိုက်ရိုက်ကြည့်၍ စကားပြောပါ။ သူတို့ပြောပြသည့် အဖြစ်အပျက် အသေးစိတ်သည် ထိတ်လန့်စရာကောင်းနေလျှင်တောင်မှ အရမ်းတုန်လှုပ်မပြပါနှင့်။ မေးမြန်းသူရော မေးမြန်းခံ ရသူအတွက်ပါ အနားရရန်နှင့် ပြန်လည်အာရုံစူစည်းနိုင်ရန် နားချိန်ယူပါ။
- အဓမ္မပြုကျင့်ခံရသူများကို တွေ့ဆုံမေးမြန်းရခြင်းသည် ခက်ခဲပြီး စိတ်ဒဏ်ရာရလောက်သည်အထိ ဖြစ်နိုင်သည်။ ထိုအတွေ့အကြုံကြောင့် စိတ်ထိခိုက်ခံစားရသည်ဟု ယူဆပါက အကူအညီ သို့မဟုတ် နှစ်သိမ့်ဆွေးနွေးပညာပေးမှုကို ခံယူပါ။

owif;tlurf;a&;om;&mwGif;tmuf&yf tcsufrsm;ukd;aom tcsmpOf;pm;yg

- အဓမ္မပြုကျင့်မှုနှင့်ထိခိုက်ဒဏ်ရာရမှုများကို မျက်စိထဲ ကွက်ကွက်ကွင်းကွင်းမြင်လာအောင် ရေးသားရန် အမှန်တကယ် လိုအပ်ခြင်း ရှိ၊ မရှိ။
- အကြမ်းဖက်မှုနှင့် ထိခိုက်ဒဏ်ရာရမှုများကို မျက်စိထဲ ကွက်ကွက်ကွင်းကွင်းမြင်လာအောင် အသေးစိတ် ရေးသားခြင်းသည် အကျိုးရှိနိုင်၊ မရှိနိုင်။
- အကြမ်းဖက်မှုနှင့် ထိခိုက်ဒဏ်ရာရမှုများကို မျက်စိထဲကွက်ကွက်ကွင်းကွင်းမြင်လာအောင် အသေးစိတ် ရေးသားဖော်ပြခြင်းသည် ဖတ်ရှုသူ သို့မဟုတ် ကြည့်ရှုသူများကို ထိခိုက်ခြင်းရှိ၊ မရှိ။
- ထိုသို့ အသေးစိတ်ဖော်ပြမှုများကြောင့် အဓမ္မပြုကျင့်ခံခဲ့ရသူအပေါ် ထပ်မံထိခိုက်မှု ရှိနိုင်၊ မရှိနိုင်။
- ထိုသို့အသေးစိတ်ဖော်ပြချက်များက ရဲအား အမှုကို ဖြေရှင်းရန် အထောက်အကူပေးနိုင်ခြင်း ရှိ၊ မရှိ။ ထိုသို့ အထောက်အကူပေးခြင်းသည် ကိုယ့်တာဝန်ဟုတ်၊ မဟုတ်။

owif;&ef

tcsuftvufrsm;? rwrESmufvkdlf

သတင်းအချက်အလက်အများစုကို လိင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်ခံရသူ သို့မဟုတ် ကျူးလွန်သူ တစ်ဖက်တည်းမှ ရရှိခြင်း ဖြစ်ပါက မျှတမှုနှင့် ဘက်မလိုက်မှုကို အထူးသတိထားပါ။

အဓမ္မပြုကျင့်ခံခဲ့ရသူ၏ ပြောဆိုချက်များအတွက် ဘက်မလိုက်သည့် အတည်ပြုချက်ရရှိရန်

မလွယ်ကူပါ။

ရာဇဝတ်မှု၏သဘာဝအရ တစ်ဖက်ဖက်သို့ မလိုက်ဘဲ ကြားနေရန် ခက်ခဲသည်။

ထုတ်ဖော်ပြောဆိုလိုသည့် အခြား တစ်စုံတစ်ဦး ရှိ၊ မရှိ မေးမြန်းခံရသူကို မေးကြည့်ပါ။ ထို အဖြစ်အပျက်ကို မျက်မြင်ကြုံတွေ့ခဲ့ရသူ အိမ်နီးနားချင်း၊ တရားခံဟုယူဆရသူအား သိရှိသူ၊ မှုခင်းအား စုံစမ်းစစ်ဆေးနေသည့် ရဲအရာရှိ သို့မဟုတ် ဆွဲချရှေ့နေတို့ ဖြစ်နိုင်သည်။

အဓမ္မပြုကျင့်ခံရသူ၏ အခွင့်အရေးအတွက် ဆောင်ရွက်ပေးနေသူများကလည်း သတင်းအတွက် သူတို့၏အမြင်များနှင့် အကြံပြုချက်များ ပေးနိုင်သည်။ စိတ်ဒဏ်ရာများနှင့်ပတ်သက်၍ နားလည်တတ်ကျွမ်းသူနှင့် သီးခြားတိုင်ပင်ပြီး အဓမ္မပြုကျင့်ခံခဲ့ရသူ၏ စိတ်ခံစားမှုအခြေအနေကို သုံးသပ်နိုင်သည်။ ထိုနည်းဖြင့် မည်သည့်အချက်အလက်သည် မှန်ကန်နိုင်ခြေရှိသည်၊ မည်သည့်အချက်အလက်သည် စိတ်ခံစားမှုအရ ထွက်ပေါ်လာသည့် အချက်အလက်ဖြစ်သည်ဟု ခွဲခြားနိုင်သည်။

တွေ့ဆုံမေးမြန်းနေစဉ်တွင် မေးမြန်းခံရသူက သူနှင့်အတူ အခြားတစ်ဦးဦးရှိနေစေလိုသည်ဟု တောင်းဆိုပါက ထိုလူကို တွေ့ဆုံမေးမြန်းမှုတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ မေးခွန်းများ မေးမြန်းခြင်း၊ တွေ့ဆုံမေးမြန်းမှုကို လွှမ်းမိုးသွားခြင်း မပြုပါစေနှင့်။ ထိုသူကိုယ်တိုင်တွင် ဘက်လိုက်မှုရှိနိုင်ပြီး သတင်းအပေါ် လွှမ်းမိုးကောင်းလွှမ်းမိုးလာနိုင်သည်။

'DrufESSukdwkdif&;lunhf

အဓမ္မပြုကျင့်ခံခဲ့ရသည့် အမျိုးသမီးတစ်ယောက်အကြောင်း သတင်းအကြမ်းချရေးရာတွင် အဓိကထား ဖြေဆိုရမည့် မေးခွန်းများကို ဖြေကြည့်ပါ။

အောက်ပါ အသေးစိတ်အချက်အလက်များ ထည့်ရေးမလား။

အဓမ္မပြုကျင့်ခံရသူသည် ယခင်က အဓမ္မပြုကျင့်သူနှင့် အလိုတူအလိုပါ နေထိုင်ဖူးသည်ဟူသည့် အချက်ကို ထည့်မလား။ အဓမ္မပြုကျင့်ခံရသူ ဝတ်ဆင်ထားခဲ့သည့် အဝတ်အစားများနှင့် အလှပြင်ထားပုံ အသေးစိတ်ကို ဖော်ပြမလား။ အရက်မူးနေသည်ဟူသည့် အချက်ကိုဖော်ပြမလား။ အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်ကြောင်းကို ဖော်ပြမလား။ ညအချိန်မတော် မလုံခြုံသည့် နေရာတစ်ခုခုတွင် ရှိနေသည်ဟူသည့်အချက်ကို ဖော်ပြမလား။

နေရာအတော်များများတွင် အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် အဓမ္မပြုကျင့်မှုဆိုင်ရာ ကာကွယ်ရေးကိစ္စများကို အဓိကထား ဆောင်ရွက်နေသည့် အဖွဲ့အစည်းများရှိသည်။ ကိုယ့်နိုင်ငံတွင် မည်သည့်အဖွဲ့အစည်းများရှိသနည်း။ အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် အဓမ္မပြုကျင့်မှုများအား ကာကွယ်ပေးမှုနှင့် ပတ်သက်၍ အဓိက ပြောရေးဆိုခွင့်ရနေသည့် ပုဂ္ဂိုလ်များမှာ မည်သူများဖြစ်သည်ဟု ထင်ပါသနည်း။

အဖွဲ့အစည်းအမည်	**လိပ်စာနှင့် ဝက်ဘ်ဆိုက်**	**ပြောရေးဆိုခွင့် ရှိသူ၏ အမည်**	**ရာထူး**	**ဖုန်းနံပါတ်နှင့် အီးမေးလ်**

❒

Photo : May Thingyan

Internews
Local voices. Global change.

t ykd;f2? t cef;11

a&;@umufyGwif;rsm; a&;om;jcif;

အစိုးရအဆင့်ဆင့် ရွေးကောက်ပွဲများကို မျှတစွာ၊ ဘက်လိုက်မှု ကင်းမဲ့စွာ သတင်းရေးသားမှုသည် ပြည်သူများအနေဖြင့် မဲထည့်ရာတွင် သိရှိနားလည်စွာဖြင့် ရွေးချယ်ဆုံးဖြတ်နိုင်စေရာတွင် အဓိကအခန်း ကဏ္ဍမှ ပါဝင်သည်။

ray;ykd;&Sdjcif;

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၁ နှင့် နိုင်ငံတကာနိုင်ငံသား နှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူညီချက် အပိုဒ် ၂၅ တို့တွင် နိုင်ငံသားများသည် ၄င်းတို့၏ အစိုးရများကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများမှတစ်ဆင့် မဲပေးရွေးချယ်ပိုင်ခွင့်ရှိသည် ဟူသော မူကို ဖော်ပြထားကြသည်။

နိုင်ငံအတော်များများတွင် ရွေးကောက်ပွဲကာလများအတွင်း မီဒီယာများ၏ ဆောင်ရန်၊ ရှောင် ရန် ကိစ္စများကို ဥပဒေများဖြင့် ဖြစ်စေ၊ စည်းမျဉ်းစည်းကမ်းများဖြင့် ဖြစ်စေ ပြဋ္ဌာန်းထားကြသည်။ များသော အားဖြင့် ထိုဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ သတင်းများ ရေးသားဖော်ပြကြရာတွင် မျှမျှတတဖြစ်စေရန်၊ ဘက်လိုက်မှုကင်းစေရန် ရည်ရွယ်သည်။

ရွေးကောက်ပွဲသတင်းများ ရေးသားရာတွင် နိုင်ငံတကာစံနှုန်းများနှင့်သော်လည်းကောင်း ကိုယ့် နိုင်ငံတွင် ရွေးကောက်ပွဲဥပဒေများရှိလျှင် ထိုရွေးကောက်ပွဲဥပဒေများနှင့်သော်လည်းကောင်း ကိုက်ညီမှု ရှိစေရန် ကူညီပေးနိုင်သည့် နည်းလမ်းများကို အောက်တွင် ဖော်ပြထားသည်။

a&;Qu,fumuf;OD;wif;rsm; a&;om;&efenf;vrf;rsm; r|wy|

- ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၊ အဖြစ်အပျက်တစ်ခုချင်းစီအပေါ် သာတူညီမျှ သတင်းရေးသားနိုင်ရန်အတွက် ကြိုးစားပါ။
- နိုင်ငံရေးသမားများ၏ မှတ်ချက်များကို အခါအားလျော်စွာ အသုံးပြုပါ။ သတင်းရင်းမြစ်များကို တိတိကျကျ ကိုးကားဖော်ပြပါ။
- ဘက်လိုက်မှုများပါဝင်သည့် စကားလုံးများ၊ ဖော်ပြချက်များကို ရှောင်ရှားပါ။

  ရွေးကောက်ပွဲသတင်းများရေးသားရာတွင်...
- သတင်းစာရှင်းလင်းပွဲများ၊ မိန့်ခွန်းများနှင့် လူထုဆန္ဒထုတ်ဖော်ခွင့်များကို ပုံမှန်သတင်းရေးသားရခြင်း ထက်ပိုမိုသည့်အားထုတ်မှုပြုပါ။ ကိုယ်စားလှယ်လောင်းများနည်းတူ အဖြစ်အပျက်များကိုလည်း ခြုံငုံမိပါစေ။
- အဖြစ်အပျက်အကြောင်းအရာတစ်ခုသည် ဆွေးနွေးငြင်းခုံနေရသည့် အခြေအနေတစ်ခုဖြစ်ပါက ထိုအဖြစ်အပျက်ကို ကိုယ်တိုင်လေ့လာ၍ ထောက်ခံသူများနှင့် ကန့်ကွက်သူများ၏ ပြောဆိုမှုများနှင့် ဆန့်ကျင်နေသည့် အချက်အလက်များနှင့် ပတ်သက်၍ ရှင်းပြနိုင်မည့် ဘက်မလိုက်သော ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပါ။
- ကိုယ်စားလှယ်လောင်းသည် အမှားအယွင်းတစ်ခုပြုလုပ်မိပါက ပြန်လည်ရှင်းပြရန် အခွင့်အရေးပေးပါ။ သို့သော် ထိုအမှားအယွင်းနှင့်ပတ်သက်၍လည်း စာဖတ်သူကို မထိမ်မချန် တင်ပြပါ။
- မတူညီသည့်သတင်းရင်းမြစ်များ၊ ထောက်ခံသူများ၊ ကန့်ကွက်သူများနှင့် ကျွမ်းကျင်ပညာရှင်များကို ကိုးကားပါ။ ထိုကိုယ်စားလှယ်လောင်း ရွေးကောက်ခံရပါက ဘာတွေလုပ်နိုင်ခြေရှိသည်၊ အဓိကမည်သည့် အပြောင်းအလဲများ ဖြစ်နိုင်သည်ကို စာဖတ်သူများအနေဖြင့် ခန့်မှန်းနိုင်စေရန် လိုအပ်သည့် သတင်းအချက်အလက်များ ပံ့ပိုးပေးရမည်။
- ငွေကြေးစီးကြောင်းကို ခြေရာခံပါ။ ကိုယ်စားလှယ်လောင်း သို့မဟုတ် အဖြစ်အပျက်တစ်ခုကို မည်သူက ငွေကြေးအရ ထောက်ပံ့နေသည်၊ ဘာကြောင့် ထောက်ပံ့နေသည်ဟူသည့် အချက်ကို ဖော်ပြပါ။ သူတို့ အဓိကထား တွန်းအားပေးနေသည့် မူဝါဒများကို ဖော်ပြပါ။ သူတို့တွင် ရှိနိုင်သည့် အကျိုးစီးပွား ပဋိပက္ခဖြစ်မှုများကို ဖော်ပြပါ။ (ကိုယ်စားလှယ်လောင်းက အားပေးအားမြှောက်ပြုရန် အစီအစဉ်ရှိသည့် စီမံကိန်းတစ်ခုခုအပေါ် အစိုးရနှင့် ကန်ထရိုက်စာချုပ်များ ရရှိလိုမှု စသဖြင့်)။ မဲဆွယ်စည်းရုံးရာတွင် အသုံးပြုသည့် ငွေကြေးသုံးစွဲမှု၊ ရွေးကောက်ပွဲဥပဒေများကို လိုက်နာမှုတို့ကို စောင့်ကြည့်နေသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများကို ဖော်ပြ ပါ။ ထိုအဖွဲ့အစည်းများအနေဖြင့် အဖိုးတန်သောသတင်းအချက်အလက်များကိုပေးနိုင်ပါလိမ့်မည်။
- ကိုးကားဖော်ပြသည့် သတင်းရင်းမြစ်များ၏ နိုင်ငံရေးဆက်နွယ်မှုများကို ဖော်ပြပါ။

ue*Pef;rsm;

- စစ်တမ်းများကိုအမြဲတစေဝေဖန်ပါ။ ထိုစစ်တမ်းများကို အထောက်အပံ့ပေးသည့်သူများကို ဖော်ထုတ်ပါ။ စစ်တမ်းမေးခွန်းများသည် နှပ်ကြောင်းပေးမေးခွန်းများဖြစ်၊ မဖြစ်၊ အချက်အလက်၊ နမူနာအရွယ်အစား (Sample Size) သည် လုံလောက်မ ရှိ၊ မရှိ၊ မဲဆန္ဒရှင်များ၏ လူဦးရေအနေအထားကို ကိုယ်စားပြုနိုင်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ပါ။ စစ်တမ်းကောက်ယူမှု နည်းလမ်းများနှင့် မှန်ကန်နိုင်ခြေကို စာဖတ်သူများအား ရှင်းပြပါ။
- ကိုယ်စားလှယ်လောင်းများ၏ (မဲဆွယ်ပွဲများအတွက်) ခန့်မှန်းပွဲတက်ရောက်သူစာရင်းကို မယုံကြည်ပါနှင့်။ ရဲအရာရှိ သို့မဟုတ် အခြားတာဝန်ရှိသူများကို မေးပါ။ အကောင်းဆုံးနည်းလမ်းမှာ ကိုယ်တိုင်

ရှိနေပါက ဂျက်ကော့ဖ်နည်းလမ်းကို အသုံးပြု၍ ကိုယ်တိုင်ခန့်မှန်းပါ။

- ကိုယ်စားလှယ်လောင်းများ၏ အစိုးရဘတ်ဂျက်နှင့် အခြားဘဏ္ဍာရေးဆိုင်ရာအချက်အလက် ဖော်ပြမှုများကို မယုံပါနှင့်။ သူတို့၏တွက်ချက်မှုများကို ပြန်လည်တိုက်ဆိုင်အတည်ပြုပါ။

(ရင်းမြစ်။ ။ နိုင်ငံတကာစာနယ်ဇင်းသမားများ ဗဟိုဌာနမှ ပြုစုသည့် နည်းလမ်းများကို မှီငြမ်းကိုးကားသည်။ www.icfj.org/)

wufa&mufOlvpm&if;ukefYcif;

တက်ရောက်သူ လူဦးရေစာရင်းကို ခန့်မှန်းသည့် ဂျက်ကော့ဖ်နည်းလမ်းကို ၁၉၆၀ ခုနှစ်တွင် ဘာကလေရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ စာနယ်ဇင်း ပရော်ဖက်ဆာ ဟားဘက်ဂျက်ကော့ဖ်က တီထွင်ခဲ့ခြင်းဖြစ်သည်။ အကြမ်းဖျင်းခန့်မှန်းချက်ကိုသာ ပေးနိုင်သော်လည်း ရဟတ်ယာဉ်များနှင့် ဝေဟင်ဓာတ်ပုံများ ရိုက်ကူးနိုင်ခြင်းမရှိသော စာနယ်ဇင်းသမားများကိုယ်တိုင် တက်ရောက်သူ လူစာရင်းကို အနီးစပ်ဆုံးခန့်မှန်းနိုင်စေရန် ကူညီပေးသည်။

(၁) လူဦးရေ၏ သိပ်သည်းဆကို တွက်ချက်ပါ။

- တစ်ယောက်နှင့်တစ်ယောက် လက်တစ်ကမ်းအကွာအတွင်းရှိသည့် လူအုပ်ကျဲကျဲဟုဆိုလျှင် ဆယ်ပေပတ်လည် (၀.၉၈ မီတာပတ်လည်) လူတစ်ယောက်နှုန်းရှိသည်။
- တိုးသာရွှေ့သာရှိသေးသော တင်းတင်းကျပ်ကျပ် လူအုပ်အတွင်းအတွင်းတွင် လေးပေခွဲပတ်လည် (၀.၄၈ မီတာ ပတ်လည်) တွင် လူတစ်ယောက်နှုန်းရှိသည်။
- တိုး၍ လှုပ်၍ပင်မရသော လူအုပ်ကြီအတွင်းတွင်မူ နှစ်ပေခွဲပတ်လည် (၀.၂၃ မီတာပတ်လည်) တွင် လူတစ်ယောက်ရှိသည်။

(၂) လူအုပ်ကြီးရှိနေသည့် နေရာအကျယ်အဝန်းပမာဏကို (ပေဖြင့်ဖြစ်စေ၊ မီတာဖြင့်ဖြစ်စေ) တွက်ချက်ပါ။

(၃) စုစုပေါင်း အကျယ်အဝန်းပမာဏကို လူတစ်ယောက်ချင်းက ရယူထားသည့် ခန့်မှန်းအကျယ်အဝန်း (ပေ သို့မဟုတ် မီတာ) ဖြင့် စားပါ။

❒

Photo : News Lab Workshop 2014

Internews
Local voices. Global change.

t ykd;f2? t cef;12

vlYcGifha&;owif;ay;ykHrsm; twGif;pfspfw , f/ksKd;

ဒစ်ဂျစ်တယ်ကိရိယာများနှင့် နည်းပညာများသည် စာနယ်ဇင်းသမားများ၏ လုပ်ငန်းများကို ပိုမိုလွယ်ကူအောင် ပံ့ပိုးပေးသည်။ လေ့လာရန်၊ အတည်ပြုရန်၊ သိမ်းဆည်းရန်၊ ဖြန့်ဝေရန်အတွက် ကွန်ပျူတာများ၊ မိုဘိုင်းလ်ဖုန်းများနှင့် အင်တာနက်ကို အသုံးပြုနိုင်ကြသည်။

သို့သော် သတိထားသုံးစွဲခြင်းမပြုပါက ထိုနည်းပညာများကပင် စာနယ်ဇင်းသမားများကို ဒုက္ခရောက်စေနိုင်သေးသည်။ မှုခင်းများနှင့် မှားယွင်းမှုများကို အများပြည်သူ သိရှိစေရန်၊ နိုင်ငံတကာက သိရှိစေရန်အတွက် လူ့အခွင့်အရေးသတင်းများ ရေးသားနေသည့် စာနယ်ဇင်းသမားများသည် အထူးသဖြင့် အန္တရာယ်နှင့် ပိုနီးစပ်သည်။

ဖိနှိပ်သောအစိုးရများနှင့် အင်အားကြီး စီးပွားရေးလုပ်ငန်းကြီးပေါင်းများစွာသည် စာနယ်ဇင်းသမားများကို (သက်မွေးဝမ်းကျောင်း စာနယ်ဇင်းသမားရော၊ နိုင်ငံသားစာနယ်ဇင်းသမားများကိုပါ) ခေတ်ပေါ် ထောက်လှမ်းရေးနည်းပညာများ အသုံးပြု၍ ထောက်လှမ်းနေလေ့ရှိပြီး သူတို့၏ သတင်းရယူရန် ကြိုးစားမှုများအတွက် အပြစ်ပေးမှုများ ပြုတတ်သည်။ အင်တာနက်ဖြင့် ချိတ်ဆက်အလုပ်လုပ်နေစဉ် "ကိုယ့်ခြေရာ ကိုယ်ဖျောက်" ရန် သတိမထားပါက စိတ်ဝင်စားပြီး ထွင်းဖောက်ယူနိုင်သည့် နည်းပညာ ဗဟုသုတ အနည်းငယ်ရှိသူကပင် စာနယ်ဇင်းသမားများ၏ ခြေလှမ်းများကို သိရှိနိုင်ပြီး စာနယ်ဇင်းသမားရော သတင်းရင်းမြစ်ကိုပါ အန္တရာယ် ပေးနိုင်သည်။

ထို့ကြောင့် လူ့အခွင့်အရေးသတင်းထောက်တိုင်းသည် ဒစ်ဂျစ်တယ် လုံခြုံရေးဆိုင်ရာ သတိထားရမည့် အခြေခံအချက်များကို သိရှိနေရန် လိုအပ်သည်။

'pf\$pfw , fvkeH;qkdnfSt b , ef;

ဒစ်ဂျစ်တယ်လုံခြုံရေးဆိုသည်မှာ အင်တာနက်မှတစ်ဆင့် မိမိ၏ လုပ်ငန်းများကို တိတ်တဆိတ် စောင့်ကြည့်နေခြင်း၊ သိုလှောင်သိမ်းဆည်းထားသော အချက်အလက်များနှင့် ဆက်သွယ်ရေးများကိုရယူခြင်း၊ ကြားဖြတ်ရယူခြင်းနှင့် လျှပ်စစ်ပစ္စည်းများနှင့် ပရိုဂရမ်များကို ကြားဖြတ်ခြင်းတို့မှ ကာကွယ်ရန်အတွက် ကိရိယာများနှင့် အလေ့အထများကို ပေါင်းစပ်အသုံးပြုရခြင်းဖြစ်သည်။

မိမိနှင့် မိမိအချက်အလက်များကို အပြည့်အဝလုံခြုံအောင် အကာအကွယ်ပေးနိုင်သည့် သတိပြုရန် အချက်များသော်လည်းကောင်း၊ နည်းလမ်းများသော်လည်းကောင်း မရှိပါ။ သို့သော် အောက်ပါ အခြေခံနည်း လမ်းအချို့ကို လိုက်နာခြင်းဖြင့် မိမိနှင့် မိမိ၏ သတင်းရင်းမြစ်များကို ပိုမိုလုံခြုံစေပါလိမ့်မည်။

'pf\$pfw , ef;ynmrsm;ukd tokH;jyKonf tavhxrsm;ukd bkef;ydkif;

ဒစ်ဂျစ်တယ်လုံခြုံမှုအစီအစဉ်ကို ဖန်တီးရန် ပထမဆုံးခြေလှမ်းမှာ မိမိအလုပ်လုပ်သည့် ပတ်ဝန်းကျင် အနေအထားကို သုံးသပ်ခြင်းနှင့် ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်အဆင့်ကို သတ်မှတ်ရန်ဖြစ်သည်။

အောက်ပါမေးခွန်းများကို ဖြေကြားခြင်းဖြင့် မိမိကိုယ်ကိုယ်သုံးသပ်ခြင်းကို စတင်နိုင်သည်။

- ဘယ်နေရာများတွင် အလုပ်လုပ်လေ့ရှိသနည်း။ ရုံးမှာ၊ အိမ်မှာ၊ အင်တာနက်ကဖေး သို့မဟုတ် စာ ကြည့်တိုက်စသည့် အများပြည်သူဆိုင်ရာ နေရာတစ်ခုခု။
- ထိုနေရာသို့ မည်သူတို့ ဝင်ထွက်ခွင့်ရှိသနည်း။ ထိုလူများကို မည်မျှယုံနိုင်မည်နည်း။
- ကိုယ်ပိုင်ကွန်ပျူတာကို အသုံးပြုသလား၊ တခြားသူများနှင့် ဝေမျှသုံးသလား။

'pf\$pfw , fvkeH;qkdif; usif;yrm;&ef

- "Digital Security and Privacy for Human Rights Defenders" PDF Guide by FrontLine
- "Security-in-a-Box Online Tutorial" by FrontLine and the Tactical Technology Collective)
- SaferMobile's primer
- အသုံးပြုသော ကွန်ပျူတာ သို့မဟုတ် မျှဝေအသုံးပြုသော ကွန်ပျူတာပေါ်မှ သင့်အကောင့် (Account) ကို ဝှက်စာ (Password) ဖြင့် ပိတ်ထားပါသလား။ ထိုဝှက်စာကိုရော အခြားတစ်ယောက်ယောက် သိပါသလား။
- အန္တရာယ်ရှိနိုင်သည့် အချက်အလက်များကို မည်သည့်နေရာတွင် သိမ်းထားပါသနည်း။ ကွန်ပျူတာတွင် သိမ်းသလား။ ဖုန်းတွင် သိမ်းသလား။ USB Stick တွင် သိမ်းသလား။ ထိုအချက်အလက်များကို Print ထုတ်ကြည့်ဖူးသလား။
- စက်ထဲတွင် သိမ်းထားပြီးသား အချက်အလက်များကို မည်သို့ ကူးပြောင်းသယ်ဆောင် ဖျက်ပစ်တတ်ပါ သနည်း။
- ထိုစာရွက်စာတမ်း၊ အချက်အလက်များကို အခြားတစ်ယောက်ယောက် ရသွားလျှင် မည်သို့ဖြစ်နိုင် သနည်း။

လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို ရှာဖွေနိုင်ရန်အတွက် ဖြေဆိုရမည့် မေးခွန်းအပြည့်အစုံကို FrontLine ၏ "Digital Security and Privacy for Human Rights Defenders" PDF Guide (www.frontlinedefenders.org/files/en/esecman.en_.pdf) အပိုင်း ၁၊ အခန်း ၂ တွင် ရရှိနိုင်ပါသည်။ အန္တရာယ်အဆင့် သုံးသပ်ချက်နှင့် ပြဿနာရှိနိုင်သော အခြေအနေများအတွက် ပြင်ဆင် ရမည့် အစီအစဉ်ကို ဖန်တီးရန် အပိုင်း ၁၊ အခန်း ၃ တွင် ကြည့်ပါ။

tcsuftvufsm;ukdkqmif;cif;ESHowif&if;rpfsm;ESHvkHGuOD;cif;

စာနယ်ဇင်းသမားများသည် သတင်းအချက်အလက်များကို စုဆောင်းရန်နှင့် သတင်းရင်းမြစ်များနှင့် ဆက်သွယ်ရန်အတွက် အီလက်ထရောနစ်ပစ္စည်းများ အသုံးပြုမှု ပိုမိုများပြားမြင့်မားလာသဖြင့် ဒစ်ဂျစ်တယ် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ ပိုမိုမြင့်တက်လာရသည်။ အင်တာနက်မှတစ်ဆင့် အချက်အလက်များ ရှာဖွေခြင်း၊ အီးမေးလ်ဖြင့် ဆက်သွယ်ခြင်း၊ စာတိုပို့စနစ်များ၊ Skypeမှတစ်ဆင့် ပြောဆိုဆက်သွယ်ခြင်းများ သို့မဟုတ် လူမှုကွန်ရက်များမှတစ်ဆင့် ဆက်သွယ်ခြင်းများဖြစ်သည်။ စာနယ်ဇင်းသမား၏ သတင်းကို အနှောင့်အယှက်ပြုလိုသူများအနေဖြင့် ထိုဆက်သွယ်ရေး လမ်းကြောင်းများကို အလွယ်တကူ စောင့်ကြည့်နေနိုင်သည်။ သတင်းထောက်တစ်ယောက်အနေဖြင့် အကောင်းဆုံးသော ခံစစ်မှာ ရင်ဆိုင်နေရသည့် အန္တရာယ်များနှင့် အားနည်းချက်များကို သိရှိထားရန်နှင့် ထိုအန္တရာယ်ကျရောက်နိုင်မှု အလားအလာကို လျှော့ချရန်အတွက် ကိုယ့်အမှုအကျင့်များကို ပြုပြင်ရန်ဖြစ်သည်။ ထိုဖြစ်စဉ်ကို ဆောင်ရွက်ရန်အတွက် အသုံးဝင်သော လမ်းညွှန်ချက်အချို့ကို ဖော်ပြပေးထားပါသည်။ ဖြစ်နိုင်လျှင် စာနယ်ဇင်းသမားများအတွက် ဖွင့်လှစ်သော ဒစ်ဂျစ်တယ်လုံခြုံရေးသင်တန်းများကို တက်ရောက်သင့်ပါသည်။

သတင်းအတွက် အချက်အလက်ရှာဖွေမှုနှင့် သတင်းရင်းမြစ်များနှင့် ဆက်သွယ်မှုပြုရာတွင် ကိုယ်ရေးအချက်အလက်နှင့် လုံခြုံမှုများကို ထိန်းသိမ်းထားနိုင်ရန်အတွက်...

- Tor Browser Bundle ကဲ့သို့သော ခြေရာခံမရနိုင်သည့် ကွန်ရက်စနစ်ကို အသုံးပြု၍ အင်တာနက်ကို မိမိထံမှ အချက်အလက် မဖော်ပြဘဲ အသုံးပြုပါ။

(၁) www.torproject.org/download/download-easy.html.en ကိုသွားပါ။ ဒေါင်းလုဒ်မဆွဲမီ အသုံးပြုနည်းများနှင့် အားနည်းချက်များကို အသေအချာဖတ်ပါ။

(၂) မိမိအသုံးပြုသည့် ကွန်ပျူတာစနစ်နှင့် ကိုက်ညီသော Tor Browser Bundle ကို ဒေါင်းလုဒ်ဆွဲယူပါ။

(၃) ချုံ့ထားသည့် ဖိုင်များကို ဖြေပြီးနောက် "Run" ကိုနှိပ်ပါ။ ချက်ချင်းမပွင့်ပါက ဖြေထားသည့် Folder ထဲမှ "Start Tor Browser.exe" ကိုနှိပ်ပါ။

(၄) နည်းလမ်းများနှင့် အသေးစိတ်လမ်းညွှန်ချက်များကို Security-in-a-Box (www.security.ngoinabox.org/en/chapter_8_3) တွင် ဖတ်ရှုနိုင်ပါသည်။

tm;aumif;aomPassword rsm;

- စာလုံးအနည်းဆုံး ၁၀ လုံးပါဝင်သည်။
- ပုံစံတစ်မျိုးစီမှ စာလုံးတစ်လုံးစီ ပါဝင်သည်။
- စာလုံးအကြီး။
- စာလုံးအသေး။
- ကိန်းဂဏန်းများ။
- အထူးအက္ခရာများ (ဥပမာ- !, @, #)။
- Username နှင့် တူ၊ မတူ သို့မဟုတ် Username ပါ စာလုံးတစ်စိတ်တစ်ပိုင်း ပြန်ပါ၊ မပါ။
- ကိုယ်ရေးကိုယ်တာ အချက်အလက်များ၊ အမျိုးများနှင့် ပတ်သက်သည့်အချက်အလက်များ၊ အိမ်မွေးတိရစ္ဆာန်နှင့် ပတ်သက်သည့် အချက်အလက်များ ထည့်သွင်းခြင်းမပြုရ။
- အလွယ်တကူသုံးလေ့ရှိသည့် စာလုံး၊ ဂဏန်းအစီအစဉ်ကို အသုံးမပြုပါနှင့်။ (ဥပမာ -123 သို့မဟုတ် ABC)။
- အဘိဓာန်တွင် ရှာတွေ့နိုင်သည့် စာလုံးများ များစွာပါဝင်ခြင်း မရှိပါစေနှင့်။

ထပ်ဆောင်း အကြံပြုချက်။ ။ ရှိရင်းစွဲ Password ကို ပိုအားကောင်းအောင် ပြုလုပ်ရန် အထူးသဖြင့် ပရိုဂရမ်များဖြင့် ခန့်မှန်းခြင်း မပြုနိုင်စေရန် ပိုရှည်အောင် ပြုလုပ်လိုက်ပါ။

တစ်ခါအသုံးပြုပြီးတိုင်း ရှာဖွေမှုပြုလုပ်သည့် မှတ်တမ်းနှင့် Cookiesများ (မည်သည့်ကွန်ပျူတာမှ အသုံးပြုသည်ကို သိရှိနိုင်ရန် ဝက်ဘ်ဆိုဒ်များက အသုံးပြုထားသည့် ချိတ်ဆက်မှုမှတ်ဉာဏ်များ) ကို ဖျက်ပစ်ပါ။ အသုံးပြုသည့် Browser ကိုလိုက်၍ Options သို့မဟုတ် Tools ဟူသော Menu များ အောက်ရှိ History သို့မဟုတ် Privacy Settings များတွင် ပြောင်းလဲနိုင်ပါသည်။ CCleaner (www.piriform.com) ကဲ့သို့သော အခမဲ့ရရှိနိုင်သည့် ဆော့ဖ်ဝဲလ်များဖြင့်လည်း ရှာဖွေမှုမှတ်တမ်း၊ Cookies များနှင့် အသုံးပြုမှုလမ်းကြောင်းများကို ရှင်းနိုင်ပါသည်။

- Secure Socket Layer Connection ဟုခေါ်သော (အတိုကောက် SSL ဟုခေါ်ပြီး HTTPS ဟု Url တွင် "s" တစ်လုံးထည့်သုံး၍ရသည့် အီးမေးလ်နှင့် စာတိုပို့ဝန်ဆောင်မှုများကိုသာ အသုံးပြုခြင်းဖြင့် လုံခြုံရေးကို မြှင့်တင်ပါ။ Gmail ကဲ့သို့သော ဝန်ဆောင်မှုမျိုးဖြစ်သည်။ (သို့သော် RiseUp က ပိုကောင်းပါသေးသည်။)
- အခမဲ့ အီးမေးလ်ဝန်ဆောင်မှုများ (Yahoo!၊ Hotmail စသည်ဖြင့်) တို့သည် အီးမေးလ်အဝင် အထွက်ကို လုံခြုံစွာ ထိန်းသိမ်းပေးထားကြပါသည်။ သို့တိုင် ဝင်ရောထွက်ရာလမ်းကြောင်းတွင် ကြားဖြတ်ယူခံရနိုင်သည်ဟု ပွင့်ပွင့်လင်းလင်းပင် အသုံးပြုသူတိုင်းထံ စာပို့အကြောင်းကြားထားကြပါသည်။ (http://mail.google.com ဟု "s" မပါသည့် Url ကို အသုံးမပြုဘဲ) https://mail.google.com ကို အသုံးပြုလျှင် စာအဝင်အထွက်လမ်းကြောင်းများအတွက် ဆက်သွယ်ရေးလမ်းကြောင်းများကိုပင် လုံခြုံအောင် Gmail က အာမခံပေးထားပါသည်။ သို့သော် Google သည် အသုံးပြုသူများ၏ စာများတွင် ပါဝင်သည့် အကြောင်းအရာများကို မှတ်တမ်းတင်ထားပြီး အင်တာနက်လွတ်လပ်ခွင့်ကို ကန့်သတ်သည့် အစိုးရများ၏ တောင်းဆိုမှုများကိုလည်း လိုက်လျောပေးသည့် သာဓကများ ရှိခဲ့သည်။ ထို့ကြောင့် လုံခြုံမှု အပြည့်အဝရရန်အတွက် သူ့ကို လုံးဝပုံမအပ်ထားသည်မှာ အကောင်းဆုံးဖြစ်သည်။
- RiseUp (https://riseup.net/en) သည် အခမဲ့ အီးမေးလ်ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး တက်ကြွလှုပ်ရှားသူများအတွက် အထူးပြု တည်ဆောက်ထားခြင်းဖြစ်သည်။ အသုံးပြုသူများ၏ လုံခြုံရေးကို ပြင်းပြင်းထန်ထန် ကာကွယ်ပေးထားပြီး အမေရိကန်အာဏာပိုင်များက သူတို့၏ မှတ်တမ်းများရယူရန် ထိုးဖောက်ကြိုးစားမှုများကို အောင်အောင်မြင်မြင် အကာအကွယ်ပြုနိုင်ခဲ့သည်။ Account အသစ်တစ်ခု ဖွင့်ခွင့်ရရန်အတွက် ရှိရင်းစွဲ သုံးစွဲသူများထံမှ ဖိတ်ခေါ်သည့် ကုဒ်နှစ်ခု ရရှိရန် လိုအပ်သည်။ သို့မဟုတ် Rise Up မှ အတည်ပြုရန် ရက်သတ္တပတ်အနည်းငယ် စောင့်ဆိုင်းရသည်။
- အီးမေးလ်ဝန်ဆောင်မှုတစ်ခုဖြစ်သော Mozilla Thunderbird (www.mozilla.org/en-US/thunderbird/) သည်လည်း အဆင့်မြင့်လုံခြုံရေး နည်းလမ်းများဖြစ်သည့် PGP Encryption စသည့် ဝန်ဆောင်မှုများပါဝင်သည်။ အခမဲ့ရရှိသည့် Enigmail add-on နှင့် အခမဲ့ Application တစ်ခုဖြစ်သော GnuPG တို့ကို အသုံးပြုထားသည့် ဝန်ဆောင်မှုဖြစ်သည်။
- ထိုဝန်ဆောင်မှုအားလုံးအတွက် အသုံးပြုနည်းနှင့် တစ်ဆင့်ပြီး တစ်ဆင့် လမ်းညွှန်ချက်များကို သိရှိနိုင်ရန် Security-in-a-Box (www.security.ngoinabox.org/en/chapter_7_1) ကို သွားရောက်ကြည့်ရှုပါ။
- SaferMobile နှင့် Security-in-a-Box တို့မှ လမ်းညွှန်ချက်များကို အသုံးပြု၍ လုံခြုံအောင်ထိန်းသိမ်းပါ။ အခြေခံလိုက်နာရမည့် လမ်းညွှန်ချက်များတွင် အောက်ပါအချက်များ ပါဝင်သည်။
- ဖုန်းကို ကိုယ်နှင့်အမြဲဆောင်ထားပါ။ အခြားသူများ ခန့်မှန်းကြည့်ရန်မလွယ်ကူသော လျှို့ဝှက်ကုဒ် နံပါတ်တစ်ခုထားပါ။ အခြားသူများနှင့် တူညီသော လျှို့ဝှက်ကုဒ်ကို မသုံးပါနှင့်။
- ကိုယ့်အချက်အလက်များကို လျှို့ဝှက်ထားနိုင်မည့်အရေးကို စိုးရိမ်နေရပါက ဖုန်းနှင့် SIM ကတ်များကို မကြာခဏ ပြောင်းလဲအသုံးပြုပါ။ (မပြောင်းလဲမီ ဖုန်းအတွင်းမှ အချက်အလက်များအားလုံးကို ဖျက်ထားပြီးဖြစ်ပါစေ) SIM ကတ်သက်သက်ပြောင်းလဲခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် လျှို့ဝှက်ထားရန် မလုံ

လောက်သေးပါ။

- ကိုယ့်ရွှေ့လျားမှုများကို စောင့်ကြည့်နေနိုင်သည်ဟု ယူဆပါက ဖုန်းဆက်နိုင်ရန် လုံခြုံသည့်နေရာကို မရောက်မချင်း ဖုန်းကို ပိတ်ကာ ဘက်ထရီဖြုတ်လျက်သား ယူသွားပြီးမှ ပြန်လည်တပ်ဆင်ကာ ပြောဆိုပါ။ ပြောဆိုပြီးနောက်တွင်လည်း ဖုန်းကို ပိတ်ကာ ဘက်ထရီကိုဖြုတ်ပါ။ ခေါ်ဆိုမှုတိုင်းအတွက် ထိုသို့ပြုလုပ်ပါက ဖုန်း၏ ရွှေ့လျားမှုလမ်းကြောင်းကို မည်သို့မှ နောက်ယောင်ခံနိုင်မည် မဟုတ်ပေ။

tcsuftvufsm;ukd wkdif&Gufqnfcif;

အင်တာနက် အသုံးပြုစဉ်၊ သတင်းရင်းမြစ်နှင့် ဆက်သွယ်ပြောဆိုစဉ်ကာလများတွင် သတိထား၍ ခြေရာခံမရနိုင်အောင် ပြုလုပ်လျှင်တောင်မှ သတင်းအချက်အလက်များကို ခေါင်းထဲမှာတင်မဟုတ်ဘဲ အခြားတစ်နေရာရာတွင် သိမ်းဆည်းထားရမည်ဖြစ်သည်။ စာရွက်ပေါ်သက်သက် ရိုးရိုးစင်းစင်းသိမ်းထားခြင်းသည် အလွယ်တကူ ရှာဖွေတွေ့သွားနိုင်သည့် အနေအထားတွင် ရှိသည်။

tcsuftvufsm;ukd wnfEkdifbr|vkdkdHodufqnfxm;Ekdifwuf

- ကွန်ပျူတာနှင့် မိုဘိုင်းလ်ဖုန်းများကို ကိုယ်တစ်ယောက်တည်းကသာ သိနိုင်မည့် အားကောင်းသော Password များဖြင့် ကာကွယ်ထားပါ။ အားကောင်းသော ဝှက်စာများကို ဖန်တီးနိုင်ရန်အတွက် လမ်းညွှန်ချက်များကို (အောက်ပါ) စာခွင်တွင်ရှုပါ။
- Password များကို မည်သူနှင့်မျှ ဝေမျှမသုံးပါနှင့်။ KeePass (www.keepass.info/) ကဲ့သို့သော Password များကို လုံလုံခြုံခြုံ သိမ်းဆည်းရေးဝန်ဆောင်မှုမျိုး အသုံးပြုခြင်းမှအပ မည်သည့်အခါမှ Password များကို ချရေးခြင်း မပြုပါနှင့်။ ပစ္စည်းကိရိယာတစ်မျိုးစီအတွက် မတူညီသော Password များအသုံးပြုပါ။ ထို့အတူ ကိုယ်ကိုင်တွယ်နေရသည့် အီးမေးလ်၊ ဖေ့စ်ဘွတ်ခ်နှင့် တွစ်တာစသည့် အင်တာနက် Account များအတွက် မတူညီသည့် Password များကို အသုံးပြုပါ။
- အန္တရာယ်ရှိသည့် စာရွက်စာတမ်းများကို ဖွင့်လျက်သား ထား၍ ကွန်ပျူတာကို မပိတ်ဘဲ တစ်မိနစ်လေးတောင်မှ ပစ်မထားခဲ့ရ။ ထိုသို့ပြုလုပ်မည့်အစား ကွန်ပျူတာမှ Logout ထွက်ပြီး Password နှိပ်မှ ပြန်ဝင်၍ ရအောင်လုပ်ထားပါ။
- အန္တရာယ်ရှိသည့် စာရွက်စာတမ်းများ သိမ်းဆည်းထားသည့် ပစ္စည်းကိရိယာတစ်ခုခုကို ကော်ဖီဆိုင်၊ တက္ကစီစသည့် တစ်နေရာရာတွင် ကျန်ရစ်ခဲ့ခြင်းမရှိအောင် ဆောင်ရွက်ပါ။ ဖုန်းကို အိတ်ကပ်ထဲတွင် သော်လည်းကောင်း၊ ဇစ်မပါသည့် ပိတ်မထားသည့် အိတ်များအတွင်းတွင်လည်းကောင်း သယ်ဆောင်ခြင်း မပြုပါနှင့်။ သတိပြုမိခြင်းမရှိဘဲ အလွယ်တကူ အခိုးခံရနိုင်သည်။ ထို့အပြင် ဖုန်းကို ဖွင့်ရန်အတွက် Password ခံထားပြီး အချိန်ခဏ အတွင်း "Lock" ကျသွားအောင် ဆောင်ရွက်ပါ။ ဖုန်းတွင် လေးလုံးထက်ပိုသည့် Password အရှည်ပေးလို့ရပါက ထိုအရှည်ပေးနိုင်သည့် နည်းလမ်းကို အသုံးပြုပါ။
- Hard Drive သို့မဟုတ် USB Drive တွင် သိမ်းဆည်းထားသည့် အန္တရာယ်ရှိသည့် အချက်အလက်များကို ချုံ့ပြီး (Encrypt လုပ်ပြီး) သိမ်းဆည်းပါ။ Security-in-a-Box တွင် True Crypt ၏ အလုပ်လုပ်ပုံကို ရှင်းပြထားပါသည်။ ဖိုင်များကို Password နှင့်မှ ပြန်ဖွင့်၍ရအောင် အီလက်ထရွန်းနစ်နည်းအရ လုံခြုံသောအနေအထားတွင် ထိန်းသိမ်းပေးထားနိုင်ခြင်းဖြစ်သည်။ (www.security-ngoinabox.org/en/chapter_4_1) (Password ကို မမေ့ပါစေနှင့်။ Password ကို မေ့လျှင် အချက်အလက် ဆုံးရှုံးရလိမ့်မည်ဖြစ်သည်။) အသုံးပြုရန်အတွက်...

(၁) www.truecrypt.org/downloads သို့ သွားပါ။

(၂) သင်၏ ကွန်ပျူတာစနစ်နှင့်ကိုက်ညီသော ဗားရှင်းကို ဒေါင်းလုဒ်ဆွဲပါ။

(၃) ဖိုင်ကို ကွန်ပျူတာတွင် သိမ်းထားပြီး ထိုသိမ်းထားသည့် ဖိုင်ကို ပြန်ရှာကာ နှစ်ချက်နှိပ်ပါ။
(၄) ဆက်မသွားမီ ထည့်သွင်းရန် လမ်းညွှန်မှုများကို www.security.ngoinabox.org/en/truecrypt_main တွင် သွားရောက်ဖတ်ရှုပါ။
(၅) စတင်အသုံးပြုနိုင်ရန်အတွက် အသုံးပြုနည်းလမ်းညွှန်ချက်များကို www.security.ngoinabox.org/en/truecrypt_standardvolumes တွင် သွားရောက်ဖတ်ရှုပါ။

- ဖိုင်များကို စိတ်ချရအောင်ဖျက်ပါ။ Delete ခလုတ်နှိပ်ရုံ၊ Recycle Bin ကို ရှင်းလင်းရုံဖြင့် ဖိုင်များကို နောင်တစ်ချိန် ပြန်ဖော်ခြင်းမှ မကာကွယ်နိုင်ပါ။ ဖိုင်များကို ကွန်ပျူတာတွင်ဖြစ်စေ၊ ကင်မရာတွင်ဖြစ်စေ၊ ဖုန်းတွင်ဖြစ်စေ နောင်လုံးဝ ပြန်ဖော်၍ မရနိုင်လောက်အောင် အောက်ပါလမ်းညွှန်ချက်များကို လိုက်နာပါ။

(၁) Security-in-a-Box တွင် အခမဲ့ရရှိနိုင်သည့် open-source ဆော့ဖ်ဝဲလ်တစ်ခုဖြစ်သော Eraser ကို ဒေါင်းလုဒ်ရယူ၊ ဖွင့်ပြီး Run လိုက်ပါ။ (www.security.ngoinabox.org/en/eraser_main) (**မှတ်ချက်။** ။ ဗားရှင်းအသစ်အသစ်များ ရနိုင်သည်။ သို့သော် .Net framework ရှိရန်လိုသည်။ အင်တာနက်မကောင်းသူများအဖို့ .Net framework ကို ဒေါင်းလုဒ်ရယူရန် အလွန်အချိန်ကြာမြင့်သည်။

မိမိနှင့် မိမိအချက်အလက်များကို အပြည့်အဝ လုံခြုံအောင် အကာအကွယ်ပေးနိုင်သည့် သတိပြုရန် အချက်များသော်လည်းကောင်း၊ နည်းလမ်းများသော်လည်းကောင်း မရှိပါ။ သို့သော် အောက်ပါ အခြေခံနည်းလမ်းအချို့ကို လိုက်နာခြင်းဖြင့် မိမိနှင့် မိမိ၏ သတင်းရင်းမြစ်များကို ပိုမိုလုံခြုံစေပါလိမ့်မည်။

(၂) www.security.ngoinabox.org/en/eraser_main တွင် ထည့်သွင်းနည်းလမ်းညွှန်များနှင့် www.security.ngoinabox.org/en/using_eraser တွင် တစ်ဆင့်ချင်း အသုံးပြုနည်းလမ်းညွှန်များကို အသေအချာဖတ်ပါ။

owift cuft vufsm;ukt rnfazmfbJkwfazmf&;om;jcif

လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို သတင်းရေးသားရာတွင် ကိုယ်ကိုယ်တိုင်ရော၊ ကိုယ့်သတင်းရင်းမြစ်ကပါ အမည်မဖော်လိုသည့် အခြေအနေရှိနိုင်သည်။ ဤနေရာတွင် သတင်းရင်းမြစ်ကို အမည်မဖော်ခြင်းသည် အသေးစိတ်ကို ဖော်ပြခြင်းမပြုရန် ထိန်းသိမ်းထားနိုင်ခြင်းနှင့် အခြားသတင်းရင်းမြစ်များ ရှိလျှင် ထိုသူတို့ကို အသုံးပြု၍ အတည်ပြုရန် တခြားနည်းလမ်းရှာဖွေကြိုးစားခြင်းတို့ ပြုလုပ်နိုင်သည့် အခြေခံစာနယ်ဇင်းပညာ အရည်အချင်းအပေါ်တွင် မူတည်နေသည်။ ရေးသားသူကို အမည်မဖော်ခြင်းကိုလည်း အမည်မသိ ဘလော့ဂ်ရေးသားခြင်းဖြင့် ပြုလုပ်နိုင်သည်။ Global Voices က ထိုသို့ပြုလုပ်နိုင်မည့် လမ်းညွှန်ချက်ကို www.advocacy.globalvoicesonline.org/projects/guide/ တွင် တစ်ဆင့်ပြီးတစ်ဆင့် ရှင်းပြထားသည်။

အခြေခံအချက်များတွင် အောက်ပါအချက်များပါဝင်သည်။

(၁) Tor Browser Bundle (www.torproject.org/download/download-easy.html.en) ကို ဒေါင်းလုဒ်ဆွဲ ထည့်သွင်းပါ။ အင်တာနက် IP address ကို မပေးဘဲ အင်တာနက်အသုံးပြုနိုင်မည်ဖြစ်သည်။ မျှဝေအသုံးပြုရသည့် ကွန်ပျူတာတွင် ပြုလုပ်ရလျှင် Tor Browser Bundle ကို USB stick အတွင်း ထည့်သွင်းအသုံးပြုနိုင်သည်။
(၂) ကိုယ်ရေးအချက်အလက်များ မပါဝင်ဘဲ စောင့်ကြည့်ရန် ခက်ခဲသည့် အီးမေးလ်အသစ်တစ်ခုဖွင့်ပါ။ အခြားအကောင့်များနှင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ချိတ်ဆက်မထားပါနှင့်။
(၃) Tor ကိုဖွင့်ပါ။ (Tor အလုပ်စလုပ်ပြီးနောက်) Aurora Browser ပွင့်လာလိမ့်မည်။ WordPress Account အသစ်တစ်ခုကို အီးမေးလ်အကောင့်အသစ်ဖြင့် ဖွင့်ပါ။ (ww.en.wordpress.com/

signup/)

(၄) စာများကို အင်တာနက်မဖွင့်ဘဲ ရေးပါ။ ပုံနှိပ်ရန် အဆင်သင့်ဖြစ်သည့်အခါ...။

(၅) WordPress ဘလော့ဂ်အသစ်ကိုဖွင့်ပါ။ ဘလော့ဂ်၏ ကာလဖော်ပြချက်ကို ပြင်ပါ။ စာကိုတင်ပါ။

(၆) အကြမ်းရေးထားသည့်စာများ၊ ရှာဖွေမှုမှတ်တမ်းများ၊ ကွတ်ကီးများနှင့် Password များကို ဖျက်ပါ။

(၇) အသစ်တင်တိုင်း ၄ မှ ၆ အထိ ပြန်လည်ပြုလုပ်ပါ။

aemufqHkawG

ဒစ်ဂျစ်တယ် လုံခြုံရေးကို ထိန်းသိမ်းခြင်းသည် တစ်ခါတည်း အပြီးလုပ်ပြီး တစ်သက်လုံး ပြန်လှည့်မကြည့်ဘဲ နေလို့ရသည့် ကိစ္စတစ်ခုမဟုတ်ပေ။ ဆက်တိုက်လုပ်နေရသည့် ကိစ္စတစ်ခုဖြစ်သည်။ ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များ၊ အားနည်းချက်များနှင့် ဖြေရှင်းရန် ကြိုတင်ပြင်ဆင်မှုများကို ဆက်တိုက်သိရှိဆောင်ရွက်နေရန်လိုသည်။ ကြီးလေးခက်ခဲသည်ဟု ထင်ရနိုင်သည်။ သို့သော် ကိုယ့်လုံခြုံရေးကိုယ် ကာကွယ်ရန်အတွက် ထိုနည်းလမ်းများကို ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများ ရပါလိမ့်မည်။ ကိုယ့်သတင်းရင်းမြစ်များအတွက်လည်း ထိုမျှ အားစိုက်ထုတ်ပေးဖို့ ကောင်းပါသည်။

rSwfpk;

"mwfykd;

မှတ်ချက်ဖော်ပြထားသည်မှအပ အခြားဓာတ်ပုံများအားလုံးသည် Internews ၏ ဓာတ်ပုံမှတ်တမ်းများထဲမှ ရယူထားခြင်းသာ ဖြစ်သည်။

အဖုံး - ယူကရိန်း ရုပ်သံစာနယ်ဇင်းပညာ သင်တန်း

စာ ၅၉ - ကာဂျစ်ကစ္စတန် သင်တန်းနည်းပြသင်တန်းမှ Internews သင်တန်းဆရာများ

စာ ၆၀ - ကင်ညာ

စာ ၆၁ - နီပေါ (ဓာတ်ပုံ - မူကွန်ဒါ ဘိုဂါတီ)

စာ ၆၄ - ယူကရိန်း၊ ခရိုင်းမီးယား၊ လူငယ်စာနယ်ဇင်းပညာသင်တန်းကျောင်း
စာ ၆၆ - (အပေါ်) ကင်ညာနိုင်ငံ ဒါဒါအက်ဘ် ဒုက္ခသည်စခန်း၊ (အောက်) ကင်မရာပါသည့် ဖုန်းတစ်လုံး ကိုင်ဆောင်ထားသော တက်ကြွလှုပ်ရှားသူတစ်ဦး
စာ ၆၈ - အနောက်ဘက်ကမ်းခြေ နေးဘလက်စ်ရှိ Tariq al Mahaba Radio စတူဒီယို ရုပ်သံထုတ်လွှင့်မှု သင်တန်း
စာ ၇၂ - အာဖဂန်နစ္စတန်၊ ဟီရက်
စာ ၇၆ - အာဖဂန်နစ္စတန်တွင် ဝတ်ရုံအတွင်းမှ ရိုက်ယူထားသော ဓာတ်ပုံတစ်ပုံ
စာ ၇၇ - အိန္ဒိယ HIV အစီအစဉ်အတွက် သတင်း
စာ ၈၀ - အဲလီဇာဘက် ဝန်ဂါရီ၊ ကိုရို FM ၊ ကင်ညာ
စာ ၈၂ - ကင်ညာနိုင်ငံ ရပ်ရွာပိုင် ရေဒီယိုဌာနတစ်ခုမှ စာနယ်ဇင်းသမားများ
စာ ၈၄ - ယူကရိန်း လိမ္မော်ရောင်တော်လှန်ရေးတွင် သင်တန်းသားများ ရိုက်ကူးနေစဉ်
စာ ၈၇ - အင်ဒိုနီးရှားတွင် ဆွဲချရှေ့နေကို အင်တာဗျူးနေသည့် Radio Smart FM မှ သင်တန်းသားတစ်ဦး
စာ ၉၀ - တောင်ဆူဒန်၊ တူရာလဲ့
စာ ၉၂ - အနောက်မြောက် ပါကစ္စတန်ဒေသတွင် ဒုက္ခသည်များအား ကာကွယ်ရေးအရာရှိတစ်ဦးအား တွေ့ဆုံမေးမြန်းစဉ်
စာ ၉၃ - ပါကစ္စတန် ရပ်ရွာ ကျန်းမာရေးလုပ်သား
စာ ၉၆ - ပါကစ္စတန်
စာ ၉၈ - ကင်ညာရေဒီယို (ဓာတ်ပုံ - ကိတ်ဟော့တ်)
စာ ၉၉ - မြောက်ယုဂန္ဓာ လမ်မိုဂီ ဒုက္ခသည်စခန်းရှိ LRA နှိပ်စက်မှုကို ခံစားခဲ့ရသူတစ်ဦး (ဓာတ်ပုံ - The Advocacy Project, Flickr အတွက် ဘရိုင်ယန် လုပတန်)
စာ ၁၀၀ - အာဖဂန် လူငယ်ပွဲတော်
စာ ၁၀၃ - ရဝမ်ဒါ ကီဂါလီတွင် ကမ္ဘာ့ဘဏ်ရုံးများတွင် တွေ့ဆုံမေးမြန်းခြင်း (ဓာတ်ပုံ - noodlepie,Flickr)
စာ ၁၀၆ - ဆူဒန်၊ ကာမွတ်
စာ ၁၀၇ - ယူကရိန် ရှက်ချက်ကို တက္ကသိုလ်မှ ကျောင်းသားများ Telekritika တွင် မေးခွန်းများတင်သည်။
စာ ၁၀၈ - အာဖဂန်နစ္စတန်
စာ ၁၁၀ - Internews ၏ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနီးယားတွင် ပြုလုပ်သော Social Innvoation Camp တက်ရောက်သူများ

❒

Photo : Kyaw Kyaw Min

Internews
Local voices. Global change.

t ykf(3)

vufwGokenfvrfñetuf

rwSpkm;

"mwfykd;

မှတ်ချက်ဖော်ပြထားသည်မှအပ အခြားဓာတ်ပုံများအားလုံးသည် Internews၏ ဓာတ်ပုံမှတ်တမ်းများထဲမှ ရယူထားခြင်းသာ ဖြစ်သည်။

အဖုံး - Minbar Hurriya ရေဒီယို၊ ဟေဗြဲ၊ အနောက်ဘက်ကမ်းခြေ
စာ ၁၁၅- လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ သင်တန်း၊ အာမေးနီးယား
စာ ၁၁၆- လစ်ဗျား
စာ ၁၂၁- ကင်ညာ (ဓာတ်ပုံ - ကိတ်ဟော့တ်)
စာ ၁၂၃- အီသီယိုးပီးယား
စာ ၁၂၆- အာဖဂန်နစ္စတန်
စာ ၁၂၉- အနောက်ဘက်ကမ်းခြေ နေဘလုစ်လမ်းပေါ်မှ သတင်းပေးပို့နေခြင်း
စာ ၁၃၁- ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့ ကိုရိုဂိုရှိ ပျံကျရပ်ကွက် Koch FM မှ ကက်သရင်း ဝမ်ဂျီကူ (ဓာတ်ပုံ - ကိတ်ဟော့တ်)
စာ ၁၃၃- ပါကစ္စတန်နိုင်ငံတွင် ၂၀၀၅ ငလျင်ပြီးနောက် အိုးအိမ်ဆုံးရှုံးခဲ့ရသူကို တွေ့ဆုံမေးမြန်းစဉ်
စာ ၁၃၄- ကင်ညာနိုင်ငံ ဒါအက်ဘ် ဒုက္ခသည်စခန်း

tykd;3 vrf;ñ;ef

အပိုင်း ၃ တွင် လက်တွေ့သင်ခန်းစာများနှင့် သုံးသပ်ချက်များ ပါဝင်သည်

၁။ သတင်းကို လေ့လာအကဲဖြတ်ခြင်း
၂။ တစ်ဆင့်ချင်း သတင်းရေးသားခြင်း
၃။ သုံးသပ်ချက်။ ။ ကောင်းမွန်သော လူ့အခွင့်အရေး သတင်းသည်မှာ သတင်းရေးသားမှုပညာကောင်းမွန်မှုမှ ထွက်ပေါ်လာသည့် ရလဒ်တစ်ခုသာ ဖြစ်သည်။

❒

Photo : NPE-YGN-CSR Workshop 2014

Internews
Local voices. Global change.

t ykd,f3? t cef,1

owif,fukdvkn t uj,Jwf,Cif,f

ကလေးသူငယ် ထိမ်းမြားလက်ထပ်မှုပြဿနာကို ရှုထောင့်နှစ်ခုမှ ရေးသားထားသည့် သတင်းဆောင်းပါးအစစ်နှစ်ပုဒ်ကို ဖော်ပြပေးထားသည်။ အလုပ်ပေး လေ့ကျင့်ခန်းလုပ်ရမည့် စာမျက်နှာကို အသုံးပြု၍ သတင်းနှစ်ပုဒ်ကို မည်သို့ သုံးသပ်မည်၊ မည်သို့ နှိုင်းယှဉ်မည်ကို လေ့လာပါ။

အိမ်ထောင်ဖက်အများယူသည့်ဂိုဏ်းခေါင်းဆောင် ဝါရင်းဂျက်စ် တက္ကဆက်တွင် ပြစ်ဒဏ်ချမှတ်ခံရ

သတင်း - ဩဂုတ် ၄၊ ၂၀၁၁

BBC News - နှောင်းသူတော်စင်တို့၏ ခရစ်တော်နာခံမှု အသင်းတော် ခေါင်းဆောင်အနေဖြင့် သူ့အား တစ်သက်တစ်ကျွန်းထောင်ဒဏ်ချမှတ်သော တရားရုံး၏ စီရင်ချက်ကို ဖတ်ပြသည့်အချိန်တွင် မည်သည့်တုံ့ပြန်မှုမှ ပြုလုပ်ခဲ့ခြင်းမရှိပေ။

ဆယ်ကျော်သက်မိန်းကလေးနှစ်ဦးကို "ဘာသာရေးဝေလေ့အရ ထိမ်းမြားမှု" ပြုရန် တွန်းအားပေးခဲ့ပြီး ထိုအထဲမှ အသက် ၁၅ နှစ်အရွယ် မိန်းကလေးတစ်ဦးအား သူနှင့်ရသော ကိုယ်ဝန်ကိုလွယ်ကာ မီးဖွားစေခဲ့သည့်အတွက် သူ့တွင်အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ်အတွင်း လူသူအရောက်အပေါက်နည်းသော အနောက်တက္ကဆက်ရှိ နွားခြံတစ်ခုကို ဝင်ရောက်စီးနင်းပြီးနောက် သူ့ကို ဖမ်းဆီးတရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

မှုခင်းဆရာဝန်က အသက် ၁၅ နှစ်အရွယ် မိန်းကလေး မွေးဖွားထားသည့် ကလေးငယ်နှင့် အသက် ၅၅ နှစ်အရွယ် ဂျက်စ်တို့၏ DNA များမှာ လုံးဝတစ်ထပ်တည်းနီးပါးတူညီသည်ဟု ထွက်ဆိုခဲ့သည်။

ဆွဲချရှေ့နေများကလည်း ဂျက်စ်က မိန်းကလေးများကို သူ့အား လိင်ပိုင်းဆိုင်ရာ ဖျော်ဖြေမှုပေးရန် အတွက် ခိုင်းစေနေသည့် အသံမှတ်တမ်းကို ဖွင့်ပြခဲ့သည်။

ဂျက်စ်က သူသည် ဘာသာရေးဖိနှိပ်မှု၏ သားကောင်သာဖြစ်ကြောင်း ထွက်ဆိုပြီး သူ့ကိုယ်သူ ခုခံခဲ့သည်။

တက္ကဆက်ပြည်နယ် ဆန်အန်ဂျလိုမြို့မှ ဂျူရီလူကြီးများသည် သုံးနာရီကျော်ကြာ စီရင်ချက်ကို ဖတ်ပြပြီးသည့်နောက် ချက်ချင်းပင် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

နွားခြံကို ရဲများ ဝင်စီးချိန်တွင် တောဘက်နယ်ဘက် အဝတ်အစားများ ဝတ်ဆင်ထားသည့် အမျိုးသမီးများနှင့် ထင်ထင်ရှားရှား ကိုယ်ဝန်လွယ်ထားရသော အသက်မပြည့်သေးသည့် မိန်းကလေးများကို တွေ့ခဲ့ရသည်။

ထိုအုပ်စုမှ လူပေါင်းများစွာကို အာဏာပိုင်များက စွဲချက်တင် တရားစွဲခဲ့ခြင်း ဖြစ်သည်။

အဖွဲ့ဝင် တစ်သောင်းခန့်ရှိသည့် ထိုဂိုဏ်းသည် အရီဇိုးနားပြည်နယ် ကော်လိုရာဒိုစီးတီးတစ်ဝိုက် မြို့များနှင့် ဥတ္တပြည်နယ် ဟေးဒေးလ်တို့တွင် လွှမ်းမိုးမှုရှိသော အုပ်စုတစ်ခုဖြစ်သည်။ လွန်ခဲ့သည့် ရာစုနှစ်တစ်ခုအကျော်ခန့်က ထင်ရှားခဲ့ဖူးသည့် မော်မွန်အသင်းတော်မှ ခွဲထွက်လာသည့် အုပ်စုတစ်ခုဖြစ်သည်။

[သတင်းကို www.bbc.co.uk/news/world-us-canada-14413855 တွင် ဖတ်ရှုပါ။]

မိန်းကလေးသန်းပေါင်းများစွာအတွက် ကျိန်စာဖြစ်နေတဲ့ ကလေးသူငယ် ထိမ်းမြားလက်ထပ်မှု

သတင်းဆောင်းပါး - ဩဂုတ် ၄၊ ၂၀၁၁

နယူးယောက်ခ် (TrustLaw) - ကမ္ဘာတစ်လွှား မိန်းကလေးသန်းပေါင်းများစွာရဲ့ စင်ကြယ်မှုလေးတွေကို ခိုးယူပြီး ဆင်းရဲမွဲတေမှု၊ ပစ်ပယ်ခံရမှုနှင့် ညှဉ်ဖျင်းသော ကျန်းမာရေးစောင့်ရှောက်မှုတို့ကို အစားပေးခဲ့သည့် ကလေးသူငယ် ထိမ်းမြားလက်ထပ်မှုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကြီးမားဆုံးသော အတားအဆီးများထဲမှ တစ်ခုဖြစ်သည်ဟု အခွင့်အရေးအုပ်စုများက ဆိုသည်။

သုံးစက္ကန့်တိုင်းတွင် ၁၈ နှစ်အောက် မိန်းကလေးတစ်ယောက် အိမ်ထောင်ချပေးခြင်းခံနေရသည်။ တစ်နှစ်တွင် ၁၀ သန်းနှုန်းဖြစ်သည်။ သူတို့အလိုမတူဘဲ လက်ထပ်ရခြင်းက ပိုများသည်။ တစ်ခါတစ်ရံ အသက်အများကြီးပိုကြီးသော လူကြီးများကို ယူကြရသည်ဟု Plan UK ဟုခေါ်သည့် ကလေးသူငယ်များအတွက် အလှူအတန်းများပြုလုပ်သည့် အဖွဲ့အစည်းများက ဆိုသည်။ ထိုကလေးသူငယ် လက်ထပ်ထိမ်းမြားမှုများမှာ အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် တောင်အာရှဒေသများတွင် အများဆုံးဖြစ်ပွားသည်။

"ဒါက ကျွန်မတို့ခေတ်ရဲ့ အကြီးမားဆုံး ဖွံ့ဖြိုးတိုးတက်မှု ပြဿနာတွေထဲက တစ်ခုပါ။ သူတို့အလိုမတူဘဲ အိမ်ထောင်ချထားခံရတဲ့ မိန်းကလေးသန်းပေါင်းများစွာရဲ့ အသံတွေကို မြှင့်တင်ပေးနိုင်ဖို့ ကျွန်မတို့ စိတ်ဆုံးဖြတ်ထားပါတယ်" ဟု Plan UK ၏ အကြီးအကဲ မာရီ စတော်တန်က 'အိမ်ထောင်ဖျက်ခြင်း' ဟူအမည်ရသည့် ကလေးသူငယ်ထိမ်းမြားမှုဆိုင်ရာ အစီရင်ခံစာအသစ်ကို မိတ်ဆက်ရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထိတ်လန့်စရာကောင်းသည့် ကိုယ်ဝန်ဆောင်စဉ် သေဆုံးထိခိုက်မှုများမှသည် 'မိုးခေါင်ရေရှား သတို့သမီးများ'ကို တိတ်တဆိတ်ရောင်းချမှုအထိ ကလေးသူငယ်ထိမ်းမြားမှုများ၏ ပြဿနာများကို Thomson Reuters Foundation အောက်မှ ဥပဒေရေးရာသတင်းများကို ဖော်ပြသည့် ဝန်ဆောင်မှု TrustLaw (childmarriage.trust.org) ၏ သတင်းမှတ်တမ်းရုပ်သံတွင် ဖော်ပြထားသည်။

"ကလေးတစ်ယောက်အနေနဲ့ ကိုယ်ဝန်လွယ်ရပြီဆိုရင်တော့ ဘဝပျက်ပြီပဲ။ ပညာရေးလည်း ပျက်ပြီပဲ" ဟု အိန္ဒိယ ရာဂျစ္စတန်ပြည်နယ်မှ ဘဒ္ဒကာကာဟီရရှာမှ အသက် ၁၆ နှစ်အရွယ်တွင် အိမ်ထောင်ပြုခဲ့ရသူ ကန္ဓာဒေဝီက ဆိုသည်။

"ဘဝမှာ ဘာမှကျေနပ်စရာမရှိတော့တာ" ဟု သူက TrustLaw ကို ပြောသည်။

ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်တွင် အသက် ၁၈ နှစ်မတိုင်ခင် အိမ်ထောင်ချထားပေးခြင်းကို လူ့အခွင့်အရေး ချိုးဖောက်မှုအဖြစ် ဖော်ပြထားသည်။

သို့သော် နိုင်ငံတကာ အမျိုးသမီးများဆိုင်ရာ သုတေသန ဗဟိုဌာန (ICRW) ၏ အဆိုအရ ကမ္ဘာတစ်လွှား ကလေးသူငယ် အိမ်ထောင်ရှင် သန်း ၅၀ ထက် မနည်း ရှိနေပြီး နောက်ဆယ်နှစ်အတွင်း သန်း ၁၀၀ အထိ တိုးလာနိုင်သည်ဟု ခန့်မှန်းထားသည်ဟု ဆိုသည်။

qifhaouf&mufl

ကလေးသူငယ်အခွင့်အရေး တက်ကြွလှုပ်ရှားသူများက ၂၀၁၅ တွင် ပြည့်မီရမည်ဖြစ်သည့် ကုလသမဂ္ဂ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ရှစ်ခုထဲမှ ခြောက်ခုမှာ ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုကြောင့် တိုက်ရိုက်ထိခိုက်နေရသည်ဟု ဆိုသည်။ ထိုခြောက်ခုမှာ ပြင်းထန်သည့် ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို တိုက်ဖျက်ရေး၊ လူတိုင်း မူလတန်းပညာတတ်မြောက်ရေး၊ လိင်ပိုင်းဆိုင်ရာ မျှတမှုရှိစေရေးနှင့် အမျိုးသမီးများအား မြှင့်တင်ပေးခြင်း၊ ဖွားသေနှုန်းလျှော့ချခြင်း၊ မိခင်ကျန်းမာရေးမြှင့်တင်ခြင်း၊ HIV/AIDS၊ ၄က်ဖျားနှင့် အခြားရောဂါများအား တိုက်ဖျက်ရေးတို့ ဖြစ်သည်။

ဆင့်ကဲသက်ရောက်မှုမှာ ဆိုးရွားလှသည်ဟု ကျွမ်းကျင်သူများက ဆိုသည်။

ငယ်ငယ်ရွယ်ရွယ် အိမ်ထောင်ချပေးခြင်းခံရသည့် မိန်းကလေးများမှာ ပညာဆက်သင်ခွင့်ရခဲသည်။ လွတ်လပ်ခွင့် မျှော်လင့်ချက်မဲ့သည်။ ကိုယ်ပိုင်သက်မွေးဝမ်းကျောင်းပိုင်ခွင့် သို့မဟုတ် မိသားစုကို စီးပွားရေးအရ အထောက်အပံ့ပေးနိုင်ခွင့် မဲ့သည်။

ထိုအလေ့အထကြောင့် မိန်းကလေးများသည် မိသားစုအတွက် အသုံးမကျသည့် ဝန်ထုပ်ဝန်ပိုးများသာ ဖြစ်သည်၊ မြန်နိုင်သမျှ မြန်မြန် စွန့်ပစ်နိုင်ရမည်ဟူသည့် အယူအဆကိုလည်း အားပေးအားမြှောက်ပြုနေသည်။

အလယ်တန်းကျောင်းပြီးခဲ့သည့် မိန်းကလေးများသည် သူတို့ထက် ပညာရေးနိမ့်ကျသူများ သို့မဟုတ် ပညာမတတ်သူများနှင့် ယှဉ်လျှင် ငယ်ငယ်ရွယ်ရွယ် အိမ်ထောင်ချထားပေးခြင်းခံရသည့် အလားအလာမှာ ခြောက်ဆလျှော့နည်းသည်ဟု ဝါရှင်တန် အခြေစိုက် Think Tank တစ်ခုဖြစ်သော ICRW က ဆိုသည်။

သို့သော် ကျောင်းနှင့် ဝေးလံခြင်း၊ ကျောင်းစရိတ် မတတ်နိုင်ခြင်းတို့က အဆင်းရဲဆုံး မိန်းကလေးများကို ပညာသင်ကြားခွင့်မပြုနိုင်အောင် တားဆီးထားသည်။ သူတို့၏ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျနိုင်ခြေမှာ သူတို့ထက် ပိုအဆင်ပြေသော အိမ်များမှ မိန်းကလေးများထက် နှစ်ဆပိုများသည်။

နိုင်ဂျာ၊ ချဒ်နှင့် မာလီတို့တွင် မိန်းကလေးများအားလုံး၏ ၇၀ ရာခိုင်နှုန်းအထက်သည် ၁၈ နှစ်မပြည့်မီ အိမ်ထောင်ချထားပေးခြင်း ခံရပြီးဖြစ်သည်ဟု ပြီးခဲ့သည့်နှစ် လူဦးရေနှင့် ကျန်းမာရေး အချက်အလက်များကို သုံးသပ်ထားသည့် ICRW သုံးသပ်ချက်အရ သိရသည်။

အချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်၊ ဂီန၊ ဗဟိုအာဖရိက သမ္မတနိုင်ငံ၊ မိုဇမ်ဘစ်၊ ဘာကီနာဖာ ဆိုနှင့် နီပေါတို့တွင် ကလေးသူငယ် ထိမ်းမြားလက်ထပ်မှုနှုန်းမှာ ၅၀ ရာခိုင်နှုန်းကျော်သည်။

အီသီယိုးပီးယား၊ မာလာဝီ၊ မာဒါဂက်စကာ၊ ဆီရီယာလီယွန်၊ ကင်မရွန်း၊ အီရီထရီယာ၊ ယုဂန္ဒာ၊ အိန္ဒိယ၊ နိုင်ကာရာဂွာရာ၊ ဇမ်ဘီယာနှင့် တန်ဇန်နီးယားတို့တွင် ၄၀ ရာခိုင်နှုန်းအထက် ရှိသည်။

ကလေးသူငယ် ထိမ်းမြားမှုများ ဖြစ်ပွားရသည့် အကြောင်းရင်းများမှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီကြ။ ရိုးစင်းမှုလည်းရှိသည်မှာလည်း ရှားလှသည်။

"လူတွေက လွယ်လွယ်လေး တွက်လေ့ရှိတတ်တာမျိုးဗျ။ တစ်နည်းနည်းနဲ့ပေါ့။ မိသားစုဝင်တွေနဲ့ မိန်းကလေးတွေနဲ့ အိမ်ထောင်ချထားပေးမှုနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်ချတဲ့သူတွေပေါ့" ဟု ICRW ၏ လူမှုလူဦးရေ စုဖွဲ့မှုအခြေအနေများကို လေ့လာသူ ဂျက်ဖရီအက်မီယာဒက်စ်က TrustLaw ကို ပြောသည်။

"ကျွန်တော်တို့တွေ့တာက အတော်များများမှာ ဒီဆုံးဖြတ်ချက်တွေ ချတဲ့သူတွေက ဒါဟာ သူတို့သားသမီးအတွက် အကောင်းဆုံးလမ်းပဲလို့ ထင်နေကြတာ။ မိဘတွေက ကိုယ့်သားသမီးကို ချစ်တယ်။ အကောင်းဆုံးဖြစ်စေချင်ကြတယ်။ ဒါပေမဲ့ အကောင်းဆုံးဆိုတာကျတော့လည်း ဘာရယ်လို့ သိတာ မဟုတ်ဘူးပါ"

အီသီယိုးပီးယားတွင် ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုကို တိုက်ဖျက်ရန် ရည်ရွယ်သည့် အစီအစဉ်တစ်ခုတွက် အကူအညီပေးရေးအေဂျင်စီတစ်ခုဖြစ်သော CARE နှင့် လက်တွဲလုပ်ဆောင်ခဲ့ဖူးသူ အက်မီယာဒက်စ်က ထိုနိုင်ငံရှိ မိသားစုချင်းအကြား မဟာဗျူဟာ ဆက်ဆံရေးအားကောင်းစေရန်အတွက် မမွေးခင်ကပင် စေ့စပ်ပေးခံထားရသည့် ကလေးငယ်များကို သူက ဥပမာပေးသည်။

အခြားဖြစ်စဉ်များတွင် မိန်းကလေးများ၏ အပျိုစင်ဖြစ်မှု၊ သူတို့၏ သတို့သမီးအဖြစ် ငွေကြေး တန်ဖိုးရှိမှုကို မလျော့ကျစေရန်အတွက် စောစောဆီးဆီး အိမ်ထောင်ချထားပေးခြင်း ခံရသည်။ သို့မှသာ မိသားစုဂုဏ်သိက္ခာကို ကာကွယ်နိုင်မည်ဖြစ်သည်။

ထို့အပြင် ကြွေးမြီများနှင့် ဆုနာမီနှင့် မိုးခေါင်ရေရှားမှုစသည့် သဘာဝဘေးအန္တရာယ်များကြောင့် မိသားစုစားဝတ်နေရေးအတွက် သတို့သမီးအဖြစ် ရောင်းချခြင်းခံရသည်လည်း ရှိသည်။

"ကျွန်တော်တို့တွေ့တာက အတော်များများမှာ ဒီဆုံးဖြတ်ချက်တွေ ချတဲ့သူတွေက ဒါဟာ သူတို့သားသမီးအတွက် အကောင်းဆုံးလမ်းပဲလို့ ထင်နေကြတာ။ မိဘတွေက ကိုယ့်သားသမီးကို ချစ်တယ်။ အကောင်းဆုံးဖြစ်စေချင်ကြတယ်။ ဒါပေမဲ့ အကောင်းဆုံးဆိုတာကျတော့လည်း ဘာရယ်လို့ သိတာ မဟုတ်ဘူးပါ"

wpfwdkwf&Sdef;rma&; ta&;ay:uif;

အသက် ၁၅ နှစ်အောက် မိန်းကလေးများ၏ ခန္ဓာကိုယ်များ ဖွံ့ဖြိုးနေဆဲဖြစ်ပြီး သူတို့၏ တင်ပဆုံရိုးများမှာ ကျဉ်းမြောင်းနေဆဲဖြစ်သောကြောင့် ကိုယ်ဝန်ဆောင်ရာနှင့် ကလေးမွေးဖွားရာတွင် သေဆုံးနိုင်ခြေမှာ အသက် ၂၀ အထက် အမျိုးသမီးများထက် အလားအလာ ငါးဆပိုများသည်ဟု အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ ခန့်မှန်းချက်အရ သိရသည်။

ထိုသေဆုံးမှုအများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပွားခြင်းဖြစ်သည်။ ထိုနိုင်ငံများတွင် ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားပြီးနောက် စောင့်ရှောက်မှု မရှိခြင်း၊ ခွဲစိတ်ခန်းကဲ့သို့သော အဆင့်မြင့်နည်းလမ်းများ အသုံးပြုနိုင်မှု မရှိခြင်းတို့ကြောင့် ချမ်းသာသည့်နိုင်ငံများတွင် ကိုယ်ဝန်ဆောင်ခြင်းနှင့် ကလေးမွေးဖွားခြင်းတို့ထက် အန္တရာယ် အလွန်မြင့်မားသည်။ ဥပမာအားဖြင့် အာဖရိကတွင် အမျိုးသမီးနှင့် မိန်းကလေးများ၏ ၆၀ ရာခိုင်နှုန်းသည် ကျွမ်းကျင်ဆေးပညာရှင်မရှိဘဲ မီးဖွားကြရသည်ဟု ကုလသမဂ္ဂ ကမ္ဘာ့လူဦးရေ ရန်ပုံငွေအဖွဲ့အရ သိရသည်။

ယူနီဆက်၏ အဆိုအရ ကမ္ဘာတစ်လွှား အသက် ၁၅ နှစ်မှ ၁၉ နှစ်အတွင်း မိန်းကလေးငယ် ခုနစ်သောင်းသည် ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ် သေဆုံးနေရကြောင်း သိရသည်။ ကုလသမဂ္ဂ ကမ္ဘာ့လူဦးရေ ရန်ပုံငွေအဖွဲ့ကမူ ထိုအသက်အုပ်စုအတွင်းတွင် ကိုယ်ဝန်ဆောင်ခြင်းသည် အဓိကအသက်ဆုံးရှုံးစေသည့် အကြောင်းရင်းဟုဆိုသည်။ ကလေးမွေးဖွားရခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် အန္တရာယ်မကင်းသော ကလေးဖျက်ချမှုများက အဓိက အချက်များဟု ဆိုသည်။

အရွယ်မရောက်သေးသည့် မိခင်များမှ မွေးဖွားသော ကလေးများကိုယ်တိုင်လည်း အန္တရာယ်များနှင့် ရင်ဆိုင်ရသည်။ အသက် ၁၈ နှစ်အောက်မိခင်များမှ မွေးဖွားသည့် ကလေးများသည် ကိုယ်အလေးချိန်မပြည့်မီခြင်းနှင့် အသေမွေးခြင်းတို့ ဖြစ်တတ်သည်ဟု Plan UK က ဆိုသည်။

စောစောစီးစီး အိမ်ထောင်ကျသည့် မိန်းကလေးများသည် လိင်ဆက်ဆံမှုအရ ကူးစက်သော ရောဂါများနှင့် HIV/AIDS ကို ခံစားရသည့် အလားအလာပိုများသည်။ သူတို့၏ အိမ်ထောင်ဖက်များကို

အန္တရာယ်ကင်းသော နည်းလမ်းများ အသုံးပြုရန် ညှိနှိုင်းနိုင်သည့် အနေအထားတွင် မရှိကြသောကြောင့် ဖြစ်သည်။

"ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုဟာ တိုးတိုးတိတ်တိတ် ဖြစ်နေတဲ့ ကျန်းမာရေး အရေးပေါ် ပြဿနာပါ။ မိခင်သေဆုံးထိခိုက်မှုရဲ့ အဓိက အကြောင်းရင်းအဖြစ်နဲ့ မြင်ရပါတယ်" ဟု ICRW ၏ အက်မီယာဒက်စ်က ဆိုသည်။

vltrsm; tm½kHkdifr&Sdaqmifc&Gufcif;

အနောက်ကမ္ဘာတွင် ကလေးသူငယ် ထိမ်းမြားလက်ထပ်မှုအကြောင်း အနည်းအကျဉ်းသာ သိရှိကြပြီး လောက်လောက်လားလား ဆွေးနွေးကြခြင်းမရှိသေးပေ။ သို့တိုင် နိုင်ငံတကာ အထောက်အပံ့နှင့် လူသားချင်းဆိုင်ရာ ထောက်ပံ့မှုများပေးနေသည့် အဖွဲ့အစည်းများ၊ အစိုးရများ၏ စိတ်ဝင်စားမှုကို ပိုမို ရရှိလာပြီဖြစ်သည်။

ကလေးသူငယ် လက်ထပ်ထိမ်းမြားမှု ရှားပါးသည့် အမေရိကန်တွင် ကမ္ဘာလုံးဆိုင်ရာ ကလေးသူငယ် လက်ထပ်ထိမ်းမြားမှု တိုက်ဖျက်ရေး ဥပဒေတစ်ရပ်ကို ထပ်မံတင်သွင်းခဲ့ပြီး ၂၀၁၀ တွင် အထက်လွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုခဲ့သော်လည်း အောက်လွှတ်တော်က ပယ်ချယ်ခဲ့သည်။

နိုင်ငံတကာ ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုအား တိုက်ဖျက်ပြီး မိန်းကလေးများကို အကာအကွယ်ပေးခြင်းဆိုင်ရာ အက်ဥပဒေတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးသူငယ် ထိမ်းမြားလက်ထပ်မှုကို နှစ်ပေါင်းများစွာကြာ တိုက်ဖျက်ရန်အတွက် မဟာဗျူဟာတစ်ရပ် ပါဝင်နိုင်သည်။

သို့သော် နိုင်ငံခြားရေးဝန်ကြီးဌာနက ၄င်း၏ နှစ်စဉ် လူ့အခွင့်အရေး အစီရင်ခံစာတွင် ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုနှင့် ပတ်သက်ပြီး ထည့်သွင်းအစီရင်ခံစာတင်သွင်းရန် လိုအပ်နေပြီး လက်ရှိ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအတွင်း ထိုသို့ ကလေးသူငယ်လက်ထပ်ထိမ်းမြားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ထည့်သွင်းရန် လိုအပ်နေသေးသည်။

မင်နီဆိုးတာပြည်နယ်မှ ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ် ဘက်တီမက်ကူလမ်၏ အဆိုအရ အောက်လွှတ်တော်တွင် ဆောင်းဦးပေါက်အတွင်း ထိုဥပဒေကြမ်းကို ပြန်လည်တင်သွင်းမည်ဟု သိရသည်။ သူသည် ထိုဥပဒေကြမ်းကို အဓိက ထောက်ခံပံ့ပိုးထားသူဖြစ်သည်။

ကလေးဖျက်ချမှုကို ကူညီပေးနေသည့် အဖွဲ့အစည်းများကို ထောက်ခံသလိုဖြစ်နေလိမ့်မည်ဟု ရီပက်ပလစ်ကန်ပါတီဘက်မှ စိုးရိမ်မှုကြောင့် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း အောက်လွှတ်တော်တွင် ရှုံးနိမ့်ထားသည့် ဥပဒေကြမ်းတစ်ခုဖြစ်သည်။ "အမှန်တရားထက် ဒီထက်ဝေးတာကို မရှိဘူး" ဟု မက်ကူလန်က TrustLaw သို့ ပြောကြားခဲ့သည်။

"ဒါက ကလေးဖျက်ချမှုနဲ့ ဘာမှမဆိုင်တဲ့ကိစ္စပဲ" ဟု သူကဆိုသည်။ "၁၂ နှစ်အရွယ်မိန်းကလေးကို ကျွန်အဖြစ် ရောင်းချခံရတာ ဒါမှမဟုတ် မိသားစုရဲ့ အကြွေးပြဿနာပြေလည်စေဖို့ ရောင်းချခံရတာ တွေကနေ ကယ်တင်ဖို့ပါ" ဟု သူက ဆိုသည်။

အကူအညီပေးနေတဲ့ ဌေတွေပိုပြီး အကျိုးရှိလာမယ့်အပြင် "ကလေးတွေကိုလည်း ကောင်းတယ်။ ကလေးရဲ့ ရပ်ရွာအတွက်လည်း ကောင်းတယ်။ နိုင်ငံတကာ အသိုင်းအဝိုင်းအတွက်လည်း ကောင်းတယ်" ဟု သူကဆိုသည်။

၂၀၀၇ ခုနှစ်တွင် တောင်အာဖရိက သမ္မတဟောင်း နယ်ဆင်မင်ဒဲလားက စတင်တည်ထောင်သည့် ကမ္ဘာ့ခေါင်းဆောင်များပါဝင်သော သြဇာတိက္ကမကြီးသည့် အုပ်စုတစ်ခုဖြစ်သည့် ကမ္ဘာ့ရပ်မိရပ်ဖများအဖွဲ့ကလည်း ဌန်လအတွင်း အီသီယိုးပီးယားတွင် နှစ်ရက်တာ အစည်းအဝေးတစ်ခုကို အဖွဲ့ အစည်း ဒါဇင်ပေါင်းများစွာ ပါဝင်မှုဖြင့် ပြုလုပ်ခဲ့ပြီး 'မိန်းကလေး သတို့သမီးမဟုတ်၊ ကလေးသူငယ်ထိမ်းမြားမှုကို တိုက်ဖျက်မည့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု' ဟူသည့် လှုပ်ရှားမှုတစ်ခု ပြုလုပ်ခဲ့သည်။

(ကလေးသူငယ်ထိမ်းမြားမှုအကြောင်း ရုပ်ပုံများ၊ဇယားများ၊ ရုပ်သံများ၊ သတင်းများ၊ ဘလော့ဂ်များဖြင့် သိရှိနိုင်ရန် www.trust.org/trustlaw/womens-rights/childmarriage/ တွင်လေ့လာပါ။)

(စာရေးသူအမည် - လီစာအန်ဒါဆင်၊
ရင်းမြစ် - TrustLaw? Thomson Reuters Foundation's hub of news and information on anti-corruption and women's rights.)

ဆောင်းပါးကို www.reuters.com/article/2011/08/04/us-childmarriage-idUSTRE7734QI20110804 တွင် ဖတ်ရှုနိုင်ပါသည်။

အချက်အလက်။ ။ ကလေးသူငယ် ထိမ်းမြားလက်ထပ်မှုသည် မိန်းကလေးများ၏ ကျန်းမာရေးနှင့် အခွင့်အရေးကို ထိခိုက်စေသည်။

လန်ဒန် (TrustLaw) - နေ့စဉ် အသက် ၁၈ နှစ်အောက် မိန်းကလေး နှစ်သောင်းခွဲကျော် အိမ်ထောင်ချထားပေးခြင်း ခံရသည်ဟု ကလေးသူငယ်အခွင့်အရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ ခန့်မှန်းချက်များအရ သိရှိရသည်။ ငယ်ငယ်ရွယ်ရွယ်ဖြင့် အိမ်ထောင်ချထားပေးခြင်းခံရသည့် မိန်းကလေးများ၏ အနာဂတ်သည် ဆင်းရဲမွဲတေမှု၊ တလွဲအသုံးချမှုနှင့် ကျန်းမာရေးဆိုးရွားမှုသည် ရောပြွမ်း၍နေသည်။

အောက်ပါအချက်အလက်များသည် ကမ္ဘာတစ်လွှား ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုဆိုင်ရာ အဓိက အချက်အလက်များ ဖြစ်သည်။

- သုံးစက္ကန့်တိုင်း သုံးစက္ကန့်တိုင်းတွင် ကမ္ဘာ့တစ်နေရာရာမှ အသက် ၁၈ နှစ်အောက် မိန်းကလေးတစ်ယောက် အိမ်ထောင်ချပေးခြင်းခံနေရသည်။ များသောအားဖြင့် အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် တောင်အာရှများတွင် ဖြစ်ပွားနေသည်။
- ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိန်းကလေး သုံးပုံတစ်ပုံနှင့် ယောကျ်ားလေးအချို့ကို သက်ရောက်နေသည်ဟု ယူနီဆက်က ဆိုသည်။ ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုသည် 'မိန်းကလေးများအား လိင်ပိုင်းဆိုင်ရာ တလွဲသုံးမှုနှင့် ဖျက်လိုဖျက်ဆီးပြုမှုပြုခြင်း၏ အဆိုးဆုံးပုံစံ ဖြစ်နိုင်သည်' ဟု ယူနီဆက်က ဆိုသည်။
- ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်တွင် လက်ထပ်ထိမ်းမြားမှုအတွက် အငယ်ဆုံးအသက်မှာ ၁၈ နှစ် ဖြစ်သင့်သည်ဟု ဆိုသည်။
- ကလေးသူငယ်အခွင့်အရေး တက်ကြွလှုပ်ရှားသူများက ငယ်ရွယ်သည့် အသက်အရွယ်များတွင် လက်ထပ်ထိမ်းမြားပေးခြင်းတွင် 'လွတ်လပ်ပြီး ပြည့်ဝသော သဘောတူညီချက်' မပေးနိုင်သဖြင့် အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည်ဟုဆိုသည်။ ထိုအချက်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၆ တွင် ဖော်ပြထားသည့် အခွင့်အရေးတစ်ခုဖြစ်သည်။
- တောင်အာရှ၊ ဆာဟာရကန္တာရခွဲ အာဖရိက၊ လက်တင်အမေရိကနှင့် ကာရေဗျဒေသတို့တွင် ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုသည် အများဆုံးဖြစ်သည်။
- ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများတွင် ထိုသို့ပြုလုပ်ခြင်းသည် တရားမဝင်ပါ။ သို့သော် ထိုသို့ တရားမဝင်ဖြစ်စေသည့် ဥပဒေကိုလည်း လက်တွေ့အသက်ဝင်စေခြင်း သို့မဟုတ် ဓလေ့ထုံးတမ်းဥပဒေများ၊ ဘာသာရေးဥပဒေများနှင့်အတူ ပူးတွဲအကောင်အထည်ဖော်ခြင်း မရှိပါ။
- အသက် ၁၅ နှစ်အောက် မိန်းကလေးများသည် အသက် ၂၀ ကျော် မိန်းကလေးများထက် ကိုယ်ဝန်ဆောင်ချိန်နှင့် မီးဖွားချိန်သေဆုံးမှုမှာ ငါးဆပိုများသည်။ အသက် ၁၅ နှစ်မှ ၁၉ နှစ်အတွင်းဖြစ်ပါက နှစ်ဆပိုများသည်။ အသက် ၁၈ နှစ်အောက် မိန်းကလေးများတွင် မီးယပ်ရောဂါဖြစ်ပွားနိုင်ပြီး ဆိုးဆိုးရွားရွား ကျန်းမာရေးအခြေအနေကို ရင်ဆိုင်ရနိုင်သည်။ ကလေးမွေးဖွားစဉ် ထိုသို့ဖြစ်နိုင်ပြီး မအင်္ဂါ၊ ဆီးအိတ် (သို့မဟုတ်) အစာဟောင်းအိမ်ဝတွင် အပေါက်တစ်ခုဖြစ်ပွားရာမှ ဖြစ်နိုင်သည်။
- ငယ်ငယ်ရွယ်ရွယ် အိမ်ထောင်ကျသည့် မိန်းကလေးများသည့် သူတို့၏ အသက်ကြီးသော အမျိုးသား

များထံမှ HIV ကူးစက်နိုင်သည်။ ချီကာဂိုတက္ကသိုလ်မှ သုတေသနသမားများက ကင်ညာနှင့် ဧမ်ဘီယာတွင် ပြုလုပ်သည့် လေ့လာချက်တစ်ခုအရ ၁၅ နှစ်နှင့် ၁၉ နှစ်ကြား မိန်းကလေးများသည် အိမ်ထောင်ရှိပြီး လင်ပိုင်းဆိုင်ရာ ဆက်ဆံမှုရှိပါက HIV ဖြစ်နိုင်ခြေ ၇၅ ရာခိုင်နှုန်းတွင်ရှိသည်ဟု သိရသည်။

- ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျသည့် မိန်းကလေးများသည် သူတို့ယောကျ်ားများက ရိုက်နှက်ခြင်း၊ အမှုပြုကျင့်ခြင်းတို့ကို ခံရနိုင်ခြေရှိပြီး ယောကျ်ားဘက်မှ တော်စပ်သူများ၏ အသားယူမှုကို ခံရလေ့ရှိတတ်သည်။
- ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျသည့် မိန်းကလေးများမှ မွေးဖွားလာသည့် ကလေး ၆၀ ရာခိုင်နှုန်းခန့်သည် အသက် ၁၉ နှစ်အထက် မိခင်များမှ မွေးဖွားလာသည့်ကလေးများထက် အသက်တစ်နှစ်အတွင်း သေဆုံးမှု မြင့်မားသည်။
- အသက်ငယ်ငယ်နှင့် အိမ်ထောင်ကျသူ မိန်းကလေးများမှာ ပညာဆက်လက်သင်ကြားခွင့်ရဖို့ အလားအလာနည်းသည်။ ကလေးမွေးရန်၊ ပျိုးထောင်ရန်၊ ယောကျ်ားဘက်မှ တော်စပ်သူများအတွက် အိမ်အလုပ်လုပ်ပေးရန်သာ သူတို့ကို ရည်ရွယ်ထားကြသည်။
- ဆင်းရဲသော မိသားစုများမှ မိန်းကလေးများသည် ပိုအဆင်ပြေသော မိသားစုများမှ မိန်းကလေးများထက် အသက် ၁၈ နှစ်မပြည့်မီ အိမ်ထောင်ကျနိုင်ခြေ နှစ်ဆ မြင့်မားသည်။
- ပဋိပက္ခဖြစ်ပွားစဉ် သို့မဟုတ် သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ကာလများတွင် ကလေးသူငယ် ထိမ်းမြားလက်ထပ်မှုနှုန်း မြင့်မားသည်။
- အချို့မိသားစုများသည် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန်၊ မြေယာပိုင်ဆိုင်မှုများ ရရှိရန်၊ ပြဿနာများ ပြေလည်စေရန် သို့မဟုတ် ကြွေးဆပ်နိုင်ရန်အတွက် ကလေးများကို ထိမ်းမြားလက်ထပ်ပေးတတ်သည်။

(ရင်းမြစ်။ ။ The Elders, International Center for Research on Women, International Planned Parenthood Federation, Plan UK, UNICEF)

owif;aqmif;ykd;rsm;ukd tu,fwD,kdyf

ဝါရင်းဂျာနယ်စာအား ချမှတ်သည့် စီရင်ချက်ကို လူ့အခွင့်အရေးသတင်းအဖြစ် ရေးသားမည်ဟု TrustLaw အနေဖြင့် ဆုံးဖြတ်ရလွယ်ကူစေသည့်အချက်မှာ စွဲချက်တင်ခံရသူကိုယ်တိုင်သည် သူ့ကိုယ်သူ ကာကွယ်ရန်အတွက် လူ့အခွင့်အရေး၊ သူ၏ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ပိုင်ခွင့် အခွင့်အရေးကို အသုံးပြုသွားသောကြောင့် ဖြစ်သည်။

ဂျာနယ်စ၏ အမှုကို သတင်းတွင် ဖော်ပြထားသည့်အတွက် ကလေးသူငယ် လက်ထပ်ထိမ်းမြားမှုကို ကျယ်ကျယ်ပြန့်ပြန့် လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုအဖြစ် ဖော်ပြထားသည့် သတင်းဆောင်းပါးကို ဖော်ပြရန် အချိန်ကောင်းဖြစ်သွားသည်။

ပါဝင်သည့် လူ့အခွင့်အရေး ပြဿနာများကို ဖော်ပြပါ။

သင့်အမြင်တွင် TrustLaw သည် အခွင့်အရေးများကို ဖော်ပြပြီး ပြဿနာများနှင့် အခြေအနေ အခင်းအကျင်းများနှင့် ချိတ်ဆက်ပေးနိုင်သည်ဟု သင့်အနေဖြင့် ယူဆပါသလား။

TrustLaw အနေဖြင့် တခြားနည်းဖြင့် ရေးသားနိုင်သည် သို့မဟုတ် ပိုကောင်းအောင် ရေးသား နိုင်သည်ဟု ထင်ပါသလား။

အကယ်၍ သင့်သတင်းစာသည် သတင်းဆောင်းပါးတစ်ပုဒ်ကို ဖော်ပြလိုသည်။ ထိုသတင်းသည် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခု (ဖောင်ဒေးရှင်းတစ်ခု) မှ လာခြင်းဖြစ်သည်ဟုဆိုလျှင် ထိုသတင်းကို မည်သို့သုံးသပ်မည်နည်း။

သင့်ပတ်ဝန်းကျင်တွင် မိန်းကလေးငယ်များ လက်ထပ်ထိမ်းမြားခြင်းကို သတင်းရေးသားပါက ဖြစ် နိုင်ခြေရှိသည့် အငြင်းပွားမှုများနှင့် အန္တရာယ်များမှာ အဘယ်နည်း။ မလိုလားအပ်သည့် ဘေးထွက်ဆိုးကျိုး များ သို့မဟုတ် ထိခိုက်စော်ကားမှုများဖြစ်စေသည့် တုံ့ပြန်မှုများကိုရှောင်ရှားရန် မည်သို့ ပြုလုပ်မည်နည်း။

❒

Photo : Kyi Pyar Linn

Internews
Local voices. Global change.

t ykd;f3? t cef;2

wpfqifcsif;owif;a&;om;jcif;

လူအခွင့်အရေး သတင်းတစ်ပုဒ် သို့မဟုတ် သတင်းဆောင်းပါတစ်ပုဒ်ကို တစ်ဆင့်ချင်းရေးသား နိုင်ရန်နှင့် ပုံနှိပ်ဖော်ပြ ထုတ်လွှင့်နိုင်စေရန်အတွက် လမ်းညွှန်ချက်များကို အောက်တွင် ဖော်ပြထားပါသည်။

အဆင့် ၁ ။ ။ သတင်းဖြစ်လောက်သော အဖြစ်အပျက်ကို ရှာဖွေခြင်း။

လူအခွင့်အရေးသည် လူ့အဆင့်အတန်းမျိုးစုံ၊ နယ်ပယ်မျိုးစုံကို သက်ရောက်မှုရှိပါသည်။ အချိန်တိုင်း ကိုယ့်ဘေးပတ်ဝန်းကျင်တွင် သတင်းများ ရှိနေသည်။ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းဟူသည့် အဆင့်တွင်မူ အစိုးရများ လုပ်သည့်အရာများ၊ မလုပ်သည့်အရာများ ရှိနေသည်။ အစိုးရများ၏ စွမ်းဆောင်ရည်အရည်အသွေးသည် လူအခွင့်အရေးအခြေအနေကို ပုံဖော်နေသည်။ အစိုးရများ၏ ဆောင်ရွက်ချက်များသည် လူတစ်ဦးချင်းနှင့် လူအုပ်စုများ၏ လူအခွင့်အရေးကို သက်ရောက်မှုရှိသည်။ အစိုးရသည် ကောင်းမွန်စွာ အုပ်ချုပ်ပါ၏လား။ လူအခွင့်အရေးများကို အကာအကွယ်ပေးပါ၏လား။ တရားဥပဒေစိုးမိုးရေးကို လေးစားပါသလား။ စီးပွားရေးလုပ်ငန်းများသည် ICESCR အခွင့်အရေးများကို အကာအကွယ်ပေးထားပါသလား။ လူတိုင်း မဲပေးပိုင်ခွင့်ကို အာမခံထားသည့် ရွေးကောက်ပွဲများကို အဆင်ပြေပြေ ကျင်းပပေးနေသလား။ အကျဉ်းသားများကို မျှမျှတတ ဆက်ဆံသလား။ တရားရုံးများသည် လွတ်လပ်တရားမျှတပါသလား။

အလုပ်သမားများကို ဆက်ဆံခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိစေခြင်းတို့တွင် ကုမ္ဗဏီကြီးများသည် လူအခွင့်အရေးကို ထိခိုက်စေပါသလား။

စာနယ်ဇင်းသမားများသည် ဒေသတွင်းနှင့် နေ့စဉ်ဘဝ ပြဿနာများနှင့်သော်လည်းကောင်း၊ အများပြည်သူ စိတ်ဝင်စားမှုများဖြင့်သော်လည်းကောင်း သက်ဆိုင်မှုရှိသည်။ ရပ်ရွာအတွင်း ခွဲခြားဆက်ဆံ

မှ ရှိပါသလား။ ရာဇဝတ်မှုကျူးလွန်သူများသည် လူ့အခွင့်အရေးကို ချိုးဖောက်ပါသလား။ ကလေးသူငယ်များကို မည်သို့ ဆက်ဆံပါသနည်း။ ကျောင်းများသည် လုံလောက်ပြီး လူတိုင်းအတွက် ဖြစ်ပါသလား။ ဆင်းရဲမွဲတေမှုအဆင့်မှာ မည်မျှရှိသနည်း။ လူတိုင်း ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ပါသလား။ မည်သူတွေကို ဖယ်ထုတ်ထားသည်။ ဒေသခံ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများက အလုပ်သမားများကို မျှတစွာ ဆက်ဆံပါသလား။ မမျှမတဆက်ဆံခံရသည်ဟု ယူဆနေသည့် လူများ ရှိပါသလား။

သာမန်အဖြစ်အပျက်များကို ပိုပြီးသတင်းတန်ဖိုးရှိအောင်၊ ပိုစိတ်ဝင်စားအောင် ပြုလုပ်ရန်အတွက် လူ့အခွင့်အရေးရှုထောင့်များကို သတင်းများအတွင်း ထည့်သွင်းဖော်ပြခြင်း။

လူ့အခွင့်အရေးအကြောင်း သိရှိခြင်းက သတင်းထောက်ကောင်းတစ်ယောက် ဖြစ်လာနိုင်စေသည့် အလားအလာရှိပါသည်။

လူ့အခွင့်အရေးနှင့် ဆက်စပ်နေသော သတင်းစိတ်ကူးတစ်ခုကို ပုံဖော်ကြည့်ပါ။ ထိုသတင်းနှင့် ပတ်သက်ပြီး မှတ်စုများ ချရေးကြည့်ပါ။

အဆင့် ၂ ။ ။ သတင်းစိတ်ကူးကို သတင်းတန်ဖိုးဖြင့် အကဲဖြတ်ကြည်ပါ။ ဖြစ်နိုင်ခြေရှိသည့် အကျိုးဆက် - လူများ၏ ဘဝကို သတင်းက မည်သို့သက်ရောက်မှု ရှိနိုင်မည်နည်း ဟူသည့်အချက်ကို မှတ်စုရေးပါ။

အများပြည်သူ စိတ်ဝင်စားမှု - ပြဿနာ သို့မဟုတ် အဖြစ်အပျက်နှင့် ပတ်သက်ပြီး အများပြည်သူ အနေဖြင့် ပိုမိုသိရှိပိုင်ခွင့် ရှိပါသလား။ သိရော သိလိုပါသလား။ သတင်းရေးသားခြင်းဖြင့် ထိခိုက်မှုများကို လျှော့ချနိုင်မည်လား။ လူ့အသက်များကို ကယ်တင်နိုင်မည်လား။ လူများ ဆုံးဖြတ်ချက်များ ချရာတွင် အထောက်အကူပေးနိုင်မည်လား။

အချိန်ကိုက်ဖြစ်မှု - သတင်းတွင် လူအများ ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် လိုအပ်သည့် သတင်းအချက်များ ပါဝင်ပါသလား။

နီးစပ်မှု - သတင်းသည် သတင်းဖတ်သူနှင့် နီးစပ်ပါသလား။ မနီးစပ်ပါက စာဖတ်မည့်သူများနှင့် ပိုပြီးနီးစပ်အောင် ချိတ်ဆက်မှုများ ပြုလုပ်ပါ။ သတင်းသည် အခြားသူများ လေ့လာနေသည့် ဒေသတွင်း လမ်းကြောင်းတစ်ခုနှင့် ကိုက်ညီမှုရှိပါသလား။

လတ်တလောဖြစ်မှု - ပူပူနွေးနွေး အကြောင်းအရာလား။ ဘာက ပူပူနွေးနွေး ဖြစ်နေတာလဲ။

ထူးခြားမှု - မမျှော်လင့်ထားသော၊ ပုံမှန်မဟုတ်သော၊ အံ့သြစရာကောင်းသော အကြောင်းအရာ ဖြစ်သလား။

အထက်ပါ မေးခွန်းများထဲမှ အတော်များများကို အငြင်းမပါဘဲ ဖြေဆိုနိုင်ပါက သတင်းတွင် သတင်းတန်ဖိုးရှိသည်ဟု ဆိုနိုင်ပါသည်။

အဆင့် ၃ ။ ။ ကိုယ့်အသိအမြင်ကို စမ်းသပ်ရှာဖွေပါ။

ဤအဆင့်သည် အရေးကြီးသည့်အဆင့်ဖြစ်သည်။ စာနယ်ဇင်းသမားကောင်းနှင့် ညံ့ဖျင်းသော စာနယ်ဇင်းသမားအကြား ခြားနားစေသော အဆင့်ဖြစ်သည်။ ကျင့်ဝတ်ဆိုင်ရာ ပြဿနာများကို စတင်သုံးသပ်ဆုံးဖြတ်ရသော အဆင့်ဖြစ်သည်။

သတင်းစိတ်ကူးသည် စိတ်ကူးကောင်းအဖြစ် နောက်ဆုံးသတ် မဆုံးဖြတ်ခင် ကိုယ့်အသိအမြင်ကို အရင်ဆုံး စမ်းသပ်ရှာဖွေပါ။

- သတင်းသည် အများပြည်သူ တကယ်စိတ်ဝင်စားသည့် သတင်းဖြစ်ပါသလား။ ထပ်မံစုံစမ်းစစ်ဆေးမှုက အများပြည်သူအတွက် အကောင်းရလဒ်များ ရရှိစေသလား။ စိတ်ဝင်စားမှုနှင့် စိတ်အာသာကိုသာ ပြေစေသည့် သတင်းဖြစ်သလား။
- သတင်းထဲတွင် ပါဝင်သည့်သူများမှာ မည်သူတို့ဖြစ်သနည်း။ ထိုသူများကို ထိခိုက်စေနိုင်သလား။
- ကိုယ့်စိတ်ဝင်စားမှုကို သတင်းအယ်ဒီတာက မည်မျှအထိ ဆွဲဆောင်နိုင်ပါသနည်း။ သတင်းအယ်ဒီတာကို ဆွဲဆောင်နိုင်ရုံထက်ပိုပြီး မည်သည့်ကောင်းကျိုးများကို သတင်းက ဖော်ဆောင်ပေးနိုင်ပါသနည်း။
- အများပြည်သူ၊ ရပ်ရွာ၊ စာဖတ်သူ၊ ကြည့်ရှုနားဆင်သူများသည် သတင်းကို မည်သို့ တုံ့ပြန်နိုင်သနည်း။
- သတင်းနှင့် ပတ်သက်ပြီး မည်သို့ ခံစားရသနည်း။ လူများ၊ အဖြစ်အပျက်များနှင့် ပတ်သက်သည့် သင့်ကိုယ်ပိုင်အတွေးအမြင်များမှာ အဘယ်နည်း။ အကောင်းလား၊ အဆိုးလား။ ထိုအချက်က အရေးပါသလား။ သင့်သုံးသပ်ဆုံးဖြတ်နိုင်စွမ်းကို သက်ရောက်နိုင်သလား။
- နောက်ဆုံးမေးခွန်း - 'တကယ်လုပ်လို့' ဖြစ်နိုင်သလား။ လက်တွေ့ကျသလား၊ ဖြစ်နိုင်သလား။ အချိန်၊ ငွေကြေး၊ လုပ်နိုင်ကိုင်နိုင်စွမ်း၊ ပြောဆိုသည့် ဘာသာစကားများ၊ အခြားပို့ဆောင်ရေးဆက်သွယ်ရေး အခြေအနေများကို တွေးကြည့်ပါ။

အဆင့် ၄ ။ ။အစွဲထုတ်ခြင်း။

ထိုသို့ပြည့်စုံအောင် စဉ်းစားပြီးပါက သတင်းသည် သတင်းတန်ဖိုးရှိသည်ဟု ယူဆပြီး ဖြစ်သည့် အားလျော်စွာ သတင်းအယ်ဒီတာထံ သတင်းကို တင်ပြရန် ပြင်ဆင်ရမည်ဖြစ်သည်။ 'အစွဲထုတ်ခြင်း' ဆိုသည်မှာ ကိုယ်ရေးမည့် သတင်းကို သတင်းတန်ဖိုးရှိသည်ဟု ပြောဆိုငြင်းခုံနိုင်ခြင်းဖြစ်သည်။ ထိုကိစ္စကို အောင်အောင်မြင်မြင် ပြုလုပ်နိုင်ရန်အတွက် သတင်းရေးမည့် အကြောင်းအရာတွင် သတင်းတန်ဖိုးရှိသည်ဟူသည့်အကြောင်း ခိုင်ခိုင်မာမာ တင်ပြပြောဆိုနိုင်ရန် လိုအပ်ပါသည်။ ထိုအဆိုကို ပိုမိုအားကောင်းစေရန် ကြိုးစားရမည်ဖြစ်သည်။ အခြားသတင်းများနှင့် နေရာရမှုနှင့် ထုတ်လွှင့်ချိန်တို့တွင် အပြိုင်အဆိုင် ပြုနေရမည် ဖြစ်သောကြောင့်ဖြစ်သည်။

သတင်းအဖွဲ့အစည်းအများစုတွင် ဆုံးဖြတ်ချက်များကို အယ်ဒီတာဆွေးနွေးပွဲများတွင် ချမှတ်ခြင်းဖြစ်သည်။ ထိုအစည်းအဝေးများတွင် အဓိကပါဝင်သည့်သူများမှာ သတင်းအယ်ဒီတာများနှင့် သတင်းထောက်များဖြစ်သည်။ နေ့စဉ်သတင်းမှတ်တမ်းကို ပြုစုပြီး သတင်းများ၊ ရှုထောင့်များကို ရွေးချယ်ပြီး လုပ်ငန်းများ ခွဲဝေရသည်။

သတင်းဖော်ပြမည့် အစီအစဉ်ကိုလည်း ချပြီး အများပြည်သူထံ တင်ဆက်မည့် သတင်းများနှင့် အချက်အလက်များကို ဆုံးဖြတ်သည်။

အစည်းအဝေး တက်ရောက်သူများသည် နောက်ဆက်တွဲ သတင်းလိုက်မည်၊ မလိုက်မည်၊ လူ့အခွင့်အရေးသတင်းကို ပုံနှိပ်ဖော်ပြခြင်း ပြုမည်၊ မပြုမည်၊ သတင်းတွင် လူ့အခွင့်အရေးရှုထောင့် ဖော်ပြမည်၊ မဖော်ပြမည်ကို ဆုံးဖြတ်ကြသည်။

ထိုအစည်းအဝေးများကို တက်ရောက်ရသည်ဆိုလျှင် ကိုယ့်စိတ်ကူးကို 'အစွဲထုတ်'ရန် အကောင်းဆုံးနေရာမှာ ထိုအစည်းအဝေးများဖြစ်သည်။ သတင်းအယ်ဒီတာ သို့မဟုတ် အယ်ဒီတာထံတွင်

လည်း သတင်းကို အစ္စီထုတ်နိုင်သည်။ ထိုသူများအနေဖြင့် သတင်းကို ချက်ချင်း သဘောတူသည်၊ သဘောမတူသည် ဆုံးဖြတ်ပေးနိုင်သလို အယ်ဒီတာအစည်းအဝေးများသို့လည်း တင်ပြပေးနိုင်သည်။

အဆင့် ၂ အောက်မှ မေးခွန်းများကို ဖြေဆိုသည့် အဖြေများကို အခြေခံပြီး ကိုယ့်အဆိုကို ဤနေရာတွင် တည်ဆောက်ပါ။

သတင်းရေးမည့် အကြောင်းအရာတွင် သတင်းတန်ဖိုးရှိသည်ဟု ယူဆရသည့် အကြောင်းပြချက်များမှာ...

အဆင့် ၅ ။ ။ ကိုယ်ဘာသိသလဲ စစ်ဆေးပါ။

ကောင်းပါပြီ။ ရှေ့ဆက်လုပ်နိုင်ပါပြီ။ သတင်းအယ်ဒီတာကလည်း သတင်းကို ကြိုက်ပါပြီ။ ဖော်ပြမည့် သတင်းစာရင်းတွင်လည်း ထည့်သွင်းလိုက်ပါပြီ။ သတင်းကို ပိုအားကောင်းအောင် သတင်းအယ်ဒီတာနှင့် လုပ်ဖော်ကိုင်ဖက်များကလည်း အကြံများ ပေးပါပြီ။ သင့်စိတ်ကူးကို အားဖြည့်ပေးကြပါပြီ။ ထိုအချက်များကို မှတ်သားထားပါ။

ယခုအခါ သတင်းရေးမည့် အကြောင်းအရာကို သုံးသပ်ရပါတော့မည်။ ကိုယ်သိသမျှကို ချရေးပါ။ အချက်အလက်က ဘာလဲ။ အာဘော်အမြင်က ဘာလဲ ခွဲခြားပါ။ ကိုယ်ယုံကြည်သည့် အချက်အလက်က ဘာလဲ။ စစ်ဆေးအတည်ပြုဖို့ လိုနေသည့် အချက်အလက်က ဘာလဲ ခွဲခြားပါ။ သတင်းအဖြစ်အပျက်တွင် ယူဆချက်များ ပါနေသလား။ သိပြီးသလောက် ကိုယ် စိတ်ချယုံကြည်ရသည့် အချက်အလက်များကို ချရေးပါ။

မသေချာသည့် အချက်အလက်များ၊ ဘာကြောင့် မသေချာရသလဲဟူသည့်အချက်များကို ချရေးပါ။

ကိုယ့်စိတ်ကူးတွင် ပါဝင်နေသည့် ယူဆချက်များမှာ အဘယ်နည်း။ အချက်အလက်မဖြစ်ဘဲ ယူဆချက်ဖြစ်နေရသည့် အကြောင်းရင်းများ။ အချက်အလက်ဖြစ်အောင် ပြုလုပ်နိုင်မလား။ ဘယ်လို လုပ်မလဲ။

အာဘော်အမြင်တွေက ဘာတွေလဲ။ ဘယ်သူ့အာဘော်လဲ။ သတင်းအတွက် အရေးကြီးသလဲ။

အချက်အလက်များကို အခြေအနေနှင့် အံကိုက်အောင် မည်သို့ အသုံးပြုမည်နည်း။ အဖြစ်အပျက် ပတ်ပတ်လည်မှ အရာများအားလုံးကို မြင်ကွင်းကျယ် နားလည်နိုင်အောင် မည်သူတို့နှင့် ထိတွေ့ပြောဆိုရမည်နည်း။

အဆင့် ၆ ။ ။ နောက်ခံအချက်အလက်များကို လေ့လာခြင်း။

ပိုကျယ်ပြန့်သည့် အကြောင်းရာများကို ရှာဖွေပါ။ လူအများ စိတ်ဝင်စားသည့် အကြောင်းအရာများကို ရှာဖွေပါ။ လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး သတင်းရေးသားရာတွင် ထိုအချက်သည် အရေးကြီးသည်။ လူ့အခွင့်အရေး သတင်းရေးသားသည့် စာနယ်ဇင်းသမားများကို ဝေဖန်ကြသည့် အဓိက ဝေဖန်မှုများထဲမှ တစ်ခုမှ အခြေအနေနှင့် ကင်းကွာခြင်းနှင့် တိကျမှန်ကန်သည့် လူ့အခွင့်အရေး သတင်းအချက်အလက်များ မရရှိနိုင်ခြင်းဖြစ်သည်။ မည်သည့် အခွင့်အရေးများ ပါဝင်သနည်း။ ကာကွယ်ပေးထားသည့် စာချုပ်များ သီးခြားရှိပါသလား။ နိုင်ငံသည် ထိုစာချုပ်ကို လက်မှတ်ထိုးထားသည့် နိုင်ငံလား။ ထိုအခွင့်အရေးများကို နိုင်ငံ၏ ဥပဒေများတွင် ဖော်ပြထားသလား။ လူ့အခွင့်အရေး ချိုးဖောက်မှုအကြောင်း ရေးလျှင် ကျယ်

ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည့် အကြောင်းအရာလား။ ဘယ်လိုလူမျိုးများ ပါဝင်သနည်း။ မေးခွန်းတွေ အများကြီး ရှိနေသည်။

အချိန်အများကြီး ရချင်မှ ရလိမ့်မည်။ သို့သော် အသုံးဝင်မည့် အကြောင်းအရာများကို လေ့လာနိုင် ဖတ်ရှုနိုင်ပါသေးသည်။ ယခုအချိန်သည် ပထမဆုံး တွေ့ဆုံမေးမြန်းမှုအတွက် ပြင်ဆင်ရမည့် အချိန် ဖြစ်နေပေပြီ။

လေ့လာရန်အတွက် မည်သည့်အရင်းအမြစ်များကို အသုံးပြုမည်နည်း။

နောက်ခံအချက်အလက် လေ့လာမှုအတွက် အရေးကြီးသည့်အချက်အလက်များကို မှတ်ထားပါ။

အဆင့် ၇ ။ ။ အင်တာဗျူးနိုင်မည့်သူများနှင့် သတင်းပေးနိုင်မည့်သူများစာရင်းကို ချရေးပါ။

အဆင့် ၈ ။ ။ အင်တာဗျူးနိုင်မည့်သူများနှင့် သတင်းပေးနိုင်မည့်သူများစာရင်းကို သုံးသပ်ပါ။

အားနည်းချက် အားသာချက်တွေက ဘာတွေလဲ။

အင်တာဗျူးဖြေကြားမည့်သူ **အားသာချက်များ** **အားနည်းချက်များ**

အဆင့် ၉ ။ ။ မည်သူ့ကို အရင်ဆုံးမေးမြန်းရမည်ကို ဆုံးဖြတ်ပါ။

ဤအဆင့်သည် သတင်း၏ ရှေ့အလားအလာကို ဆုံးဖြတ်ပေးနိုင်သောကြောင့် အရေးကြီးသည်။ သတင်းအချက်အလက် အများဆုံးပေးနိုင်မည့်သူကို အရင်ဆုံးမေးမြန်းရန် ကြိုးစားခြင်းသည် အကြောင်းဆုံးဖြတ်သူ။ ပထမဆုံးမေးမြန်းသူက ပုံနှိပ်ဖော်ပြရန်အတွက် သတင်းအချက်အလက်များ ပေးနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ သို့သော် ယုံကြည်လောက်သော နောက်ခံအချက်အလက်ပေးနိုင်သူ တစ်ယောက်ယောက် သို့မဟုတ် အလွတ်သဘောဖြေကြားသူ သို့မဟုတ် နောက်ခံအခြေအနေကို ပြောပြပေးနိုင်ပြီး သတင်းရင်းမြစ်များကို ပြောပြပေးနိုင်သူများကို သတင်းလိုက်သည့် ဗျူဟာအရ မေးမြန်းရခြင်းလည်း ရှိနိုင်သည်။

ပထမဆုံး မေးမြန်းသူထံမှ ရရှိသောအချက်အလက်များသည် နောက်ထပ်မေးမြန်းမှုများ ပြုလုပ်ရာတွင် ဖြစ်စေ၊ သတင်းရင်းမြစ်အသစ်များ ရှာဖွေရာတွင်ဖြစ်စေ လမ်းညွှန်မှုပေးနိုင်သည်။

ဘယ်သူ့ကို အရင်မေးမလဲ။

သူက ဘာလို့ အသင့်တော်ဆုံးဖြစ်ရသလဲ။

အဆင့် ၁၀ ။ ။ ပထမဆုံး အင်တာဗျူးကို စီစဉ်ဆောင်ရွက်ပါ။

ဤအင်တာဗျူးနှင့် နောက်လာမည့် အင်တာဗျူးများအတွက် စဉ်းစားသင့်သည့်အချက်မှာ ဖြေဆိုသူထံမှ မည်သည့် သတင်းအချက်အလက်ကို ရရှိလိုသည်ဟူသည့်အချက်ဖြစ်သည်။ ဖြေဆိုသူ၏ နောက်ခံအချက်အလက်ကို လေ့လာထားရမည်။

မဖြေနိုင်မည့် မေးခွန်းမျိုးကို မမေးဘဲ ရှောင်ရှားနိုင်ရန် လိုအပ်သည်။ ထိုသို့ပြုလုပ်ရခြင်းအတွက် အကြောင်းပြချက်နှစ်မျိုးရှိသည်။

ပထမအချက်က ဖြေဆိုသူအနေဖြင့် ဒေါသထွက်ခြင်း သို့မဟုတ် ကြောက်ပြီး မဖြေတော့ခြင်းတို့ ဖြစ်နိုင်သည်။

ဒုတိယအချက်က သူတို့ကိုယ်တိုင်မသိသော အာဘော်အမြင်များနှင့် သတင်းအချက်အလက်များ ပေးခြင်းတို့ ပြုလုပ်လာနိုင်သည်။

ဖြေဆိုသူမသိနိုင်သည့် ကိစ္စရပ်များကို မေးမြန်းပါက သတင်းအချက်အလက် (ရရှိလျှင်တောင်မှ) အတည်ပြုရန် ခက်ခဲလိမ့်မည်။

မည်သူနှင့် ဆက်လက်တွေ့ဆုံသင့်သည်ဟူသည့်အချက်ကို အမြဲတစေ မေးမြန်းပါ။

သင့်တော်သည့် ဖွင့်မေးသည့် မေးခွန်းများကို စာရင်းချပြင်ဆင်ပါ။ အကောင်းဆုံးချဉ်းကပ်မှုကို စဉ်းစားပါ။ တွေ့ဆုံမေးမြန်းပါ။ လမ်းညွှန်ချက်အနေဖြင့် အပိုင်း ၂၊ စာမျက်နှာ ၈၂ ကို ကိုးကားပါ။

အဆင့် ၁၁ ။ ။ အင်တာဗျူး သုံးခု၊ လေးခု ပြုလုပ်ပါ။

လမ်းညွှန်ချက်အနေဖြင့် အပိုင်း ၂၊ စာမျက်နှာ ၈၂ ကို ကိုးကားပါ။

အဆင့် ၁၂ ။ ။ သတင်းအချက်အလက်ကို သုံးသပ်ပါ၊ အဓိကအချက်ကို ရှာပါ။

ဖြစ်နိုင်ခြေကို စစ်ဆေးရန် အချိန်ကျပြီ။ ပထမဆုံး ပြုလုပ်သည့် အင်တာဗျူးအနည်းငယ်မှ ရရှိသော သတင်းအချက်အလက်များကို အခြေခံပြီးနောက် သတင်းဖြစ်နိုင်၊ မဖြစ်နိုင်၊ တကယ်တမ်း သတင်းတန်ဖိုး ရှိ၊ မရှိ သုံးသပ်ပါ။ အဓိကအကျဆုံး ပြဿနာများမှာ အဘယ်နည်း။ ထိုပြဿနာများကို ဦးတည်ပြီး သတင်းရေး၍ ရ၊ မရ။ သတင်းတန်ဖိုးကောင်းများနှင့် စာနယ်ဇင်းကျင့်ဝတ်ကောင်း၊ စံနှုန်း ကောင်းများကို အခြေခံ၍ စဉ်းစားကြည့်ပါက ပုံနှိပ်ဖော်ပြသင့်သည့် သတင်း ဖြစ်၊ မဖြစ်။ အများသူငါ အကျိုးစီးပွားအတွက် ဖြစ်၊ မဖြစ်။ တစ်ယောက်ယောက် ထိခိုက်နိုင်ခြင်း ရှိ၊ မရှိ။ အများသူငါအတွက် အကျိုးစီးပွားသည် ထိခိုက်မှုထက် အရေးကြီး၊ မကြီး။

အဆင့် ၁၃ ။ ။ သတင်း တည်ဆောက် ရေးသားပါ။

စာဖတ်သူများကို စိတ်ထဲတွင်ထားပြီး သတင်းကို အဓိကအကျဆုံး ပြဿနာများကို အခြေခံပြီး တည်ဆောက်ရေးသားခြင်းသည် အကောင်းဆုံးဖြစ်သည်။ ရေးနေစဉ်တစ်လျှောက်လုံး အချက်အလက်များ မှန်ကန်မှုကို အထပ်ထပ် စစ်ဆေးနေမိပါစေ။

- သတင်းအတွက် မရှိမဖြစ်လိုအပ်သည့် အချက်အလက်က ဘာလဲ။
- ဘယ်အချက်အလက်ကို အတည်ပြုရမလဲ။
- ဘယ်အချက်ကို အတည်မပြုရဘူးလဲ။
- မရှိမဖြစ်လိုသလား။ အတည်မပြုနိုင်သည့် အချက်အလက်များကို ထုတ်ပစ်လို့ရသလား။
- မရလျှင် ဘယ်လိုထည့်ရေးမလဲ။ တစ်ယောက်ယောက်ကို ထိခိုက်နိုင်လား။ စာဖတ်သူများကို ဘယ်လို လွှမ်းမိုးနိုင်မလဲ။ မသေချာကြောင်း အများပြည်သူကို ဘယ်လိုအသိပေးမလဲ။
- နောက်ခံအခြေအနေကို ထည့်ရေးသလား။ သက်ဆိုင်ရာ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လုံလောက်သော အချက်အလက်များ ဖော်ပြပေးသလား။
- ပြစ်မှုကျူးလွန်ခံရသူကို ထိခိုက်စေပြီး သတင်းကို ဆွပေးသည့်ဘက်ကို ပိုရောက်စေသည့် မလိုအပ်သော အသေးစိတ်များ ထည့်ရေးထားသလား။

အဆင့် ၁၄ ။ ။ နောက်ဆုံးစစ်ဆေးခြင်း။

အကြမ်းရေးပြီးပါက အရည်အသွေးနှင့် အချက်အလက်ကို ထပ်စစ်ပါ။ 'မှန်ကန်မှု စစ်ဆေးချက်' ဟုခေါ်သည့် Society of Professional Journalists မှ ပြုစုသည့် စာရင်းကို အခြေခံထားသည့် အလွန်ကောင်းမွန်သည့် စစ်ဆေးချက်စာရင်းကို ဖော်ပြပေးထားပါသည်။

ukqpkwdkifhcsufukdyf

ကိုယ့်စိတ်ခံစားချက်ကို စ စစ်ပါ။ လူ့အခွင့်အရေးသတင်းများသည် စိတ်ခံစားမှုကို အခြေခံသည့် တုံ့ပြန်မှုများကို ဖြစ်စေတတ်သည်။ ထို့ကြောင့် ကိုယ့်ခံစားချက်နှင့် အသိအမြင်ကို စစ်ဆေးပါ။ ကိုယ့်ကိုယ် ကိုယ်မေးပါ။

- သတင်းနှင့် ပတ်သက်ပြီး အလွန် စိတ်အားထက်သန်နေသလား။
- စိတ်ထိခိုက်စေရသည့် အနှောင့်အယှက်ဖြစ်စေရသည့် အချက်အလက် ပါသလား။
- သံသယတွေ ရှိသလား။

- မသေမချာဟု ခံစားရသည့် သတင်းအစိတ်အပိုင်းက ဘယ်အပိုင်းလဲ။
- ကိုယ့်ကိုယ်ကိုယ် ယုံကြည်သလား။ တဆိတ် အယုံကြည်လွန်နေသလား။

owif&a&;om;&mwGJ&ofy&onfwpf,muf,mufukdultnDwifyg

ထိုမေးခွန်းများကို ဖြေဆိုရာတွင် အဖြေကလည်း အဆင်ပြေနေပြီး သံသယနှင့် စိုးရိမ်မှုလည်း ရှိနေဆဲ ဖြစ်ပါက သတင်းကို အနှောင်အဖွဲ့ ပိုကင်းကင်းဖတ်နိုင်မည့် လုပ်ဖော်ကိုင်ဖက်တစ်ယောက်ယောက်၊ အကြီးတစ်ယောက်ယောက်ကို မေးပါ။ ကိုယ့်စိုးရိမ်မှုကို ဆွေးနွေးပါ။

Esif;cuf&ykdpf

သတင်းရေးပြီး ကိုယ့်ရှေ့တွင် မှတ်စုများအားလုံးလည်း ရှိနေပြီဆိုပါက အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။ တစ်ယောက်တည်း ဖြေကြည့်နိုင်သလို လုပ်ဖော်ကိုင်ဖက်သို့မဟုတ် အကြီးတစ်ယောက်ယောက်နှင့်လည်း ဖြေကြည့်နိုင်သည်။

(၁) သတင်းတွင် ပါဝင်သည့် အချက်အလက်များကို ယုံကြည်မှု မြင့်မားပါသလား။ သတင်းရင်းမြစ်များကို ယုံကြည်ပါသလား။
- မဟုတ်လျှင် သတင်းကို ဒီထက်တိကျအောင် တင်ပြနိုင်ပါသလား။
- သတင်းရင်းမြစ်များကို မသက်ဆိုပါက ပိုယုံကြည်အားကိုးရသည့် ရင်းမြစ်များဖြင့် အစားထိုးနိုင်ပါသလား။

(၂) အချက်အလက်များ အားလုံးတွင် ရင်းမြစ်များဖြစ်သည့် စာရွက်စာတမ်းများနှင့် လူပုဂ္ဂိုလ်များကို ကိုးကားချက် ဖော်ပြထားပါသလား။
- မဟုတ်လျှင် ကိုးကားနိုင်မည့် တစ်ယောက်ယောက်၊ တစ်နေရာရာကို ရှာဖွေနိုင်မလား။
- ကိုးကားချက်မပြနိုင်သည့် အချက်အလက်များကို ထုတ်ပစ်လိုက်လျှင် သတင်းသည် မည်မျှ အားပျော့သွားနိုင်မည်နည်း။

(၃) အရေးအကြီးဆုံး အချက်အလက်များကို နှစ်ဆင့် စစ်ဆေးခဲ့ပြီးပြီလား။
- မဟုတ်လျှင် နောက်တစ်ခါ ထပ်စစ်ပါ။

(၄) အကယ်၍ ထုတ်ဖော်ရန် မေးမြန်းသည့်အခါ သတင်းရင်းမြစ်အားလုံး၏ မှန်မှန်ကန်ကန် စာလုံးပေါင်းထားသော နာမည်နှင့် ဖုန်းနံပါတ်အမှန်များ ပေးနိုင်မလား။

(၅) သတင်းတွင် ဖော်ပြထားသည့် အချက်အလက် ဖော်ပြချက်များသည် အမှန်တရားကို ကိုယ်စားပြုသည်ဟု ယုံကြည်ပါသလား။
- မယုံကြည်ပါက အမှန်တရားနှင့် ပိုနီးစပ်အောင်၊ ပိုတိကျအောင် ရေးသားနိုင်မလား။

(၆) အချက်အလက်များကို ဘယ်လိုခုခံမလဲ။ အချက်အလက်များကို စစ်ဆေးပြီး သတင်း၏ မှန်ကန်မှုကို အတည်ပြုရန် တတ်နိုင်သမျှ နည်းလမ်းများ အသုံးပြုခဲ့သည်ဟူသည့် အချက်ကို အခြားသူများ သိရှိအောင် မည်သို့ ပြုလုပ်မည်နည်း။

(၇) သတင်းတွင် ကိုးကားချက်များကို မျှမျှတတနှင့် အံဝင်ခွင်ကျ အသုံးချခဲ့သလား။

(၈) အမည်မဖော်လိုသူ သတင်းရင်းမြစ်ကို ကိုးကားသလား။ မဖြစ်မနေ လိုအပ်သလား။ ဖော်ထုတ်ရန် လိုအပ်လာသည့်အခါ ထိုအသုံးပြုမှုကို အများရှေ့မှောက် ကာကွယ်ပြောဆိုရန် လိုလားမှု ရှိ၊ မရှိ။ ပြုလုပ်နိုင်မှု ရှိ၊ မရှိ။

(၉) အမည်မဖော်လိုသည့် သတင်းရင်းမြစ်ကပေးသော စာရွက်စာတမ်းများ သို့မဟုတ် ဓာတ်ပုံများကို အသုံးပြုသလား။ ဘာကြောင့် အသုံးပြုသနည်း။ ထိုစာရွက်စာတမ်း ဓာတ်ပုံများသည့် စစ်မှန်သည်၊

မှန်ကန်သည်ဟု မည်သို့ အတည်ပြုနိုင်သနည်း။ ထိုအသုံးပြုမှုကို အများရှေ့မှောက် ကာကွယ်ပြောဆိုရန် လိုလားမှု ရှိ၊ မရှိ။ ပြုလုပ်နိုင်မှု ရှိ၊ မရှိ။

(၁၀) လူများ၊ လူနည်းစုအုပ်စုများ၊ လူမျိုးများ၊ ယဉ်ကျေးမှုများ၊ နိုင်ငံများ၊ လူ့အဖွဲ့အစည်းများ၊ အုပ်စုများ၊ ဥပမာ- စီးပွားရေးသမား၊ အမျိုးသမီး၊ လုပ်သား၊ စစ်သား စသည်တို့ကို တရားသေ သတ်မှတ်ချက်များ အသုံးပြုဖော်ပြခဲ့သလား။ လူများကို ထိခိုက်စော်ကားမှုသဖွယ် ဖြစ်နိုင်သည့် အချက် ရှိသလား။ ထိုသတ်မှတ်ချက်များကို ရှောင်ရှားရန် မည်သို့ ဖော်ပြမည်နည်း။

(၁၁) ထိပါးစော်ကားမှုဖြစ်စေသည့် အသုံးအနှုန်း သို့မဟုတ် ရုပ်ပုံများကို သုံးစွဲနေမိသလား။ ထိုသို့ အသုံးပြုရခြင်းအတွက် ကောင်းမွန်သည့် အကြောင်းပြချက် ရှိသလား။ ထိုအသုံးအနှုန်း သို့မဟုတ် ရုပ်ပုံများ ဖယ်လိုက်လျှင် သတင်း၏ မှန်ကန်မှု လျော့ကျနိုင်သလား။

(၁၂) သတင်းခေါင်းစဉ်သည် သတင်းတွင်ပါသည့် အချက်အလက်အခြေအနေကို ထင်ဟပ်နိုင်မှု ရှိသလား။

(၁၃) သတင်းသည် မျှတသလား။ မတူညီသော ရှုထောင့်များကို မျှမျှတတ ဖော်ပြသလား။

(၁၄) လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ဖော်ပြထားသော အချက်အလက်များသည် တိကျမှန်ကန်ပြီး အခြေအနေနှင့် ကိုက်ညီပါသလား။ မှန်ကန်သော အခွင့်အရေးများနှင့် စာချုပ်များကို ကိုးကားသလား။

(Society of Professional Journalist ၏
"Accuracy Checklist" ကို အခြေခံသည်။)
(www.concernedjournalists.org/accuracy-checklist-society-professional-journalists နှင့် အခြားရင်းမြစ်များ)

နောက်ဆုံးအနေဖြင့် သတင်းကို ပြန်ဖတ်ပါ၊ ပြန်ပြင်ရေးပါ။

ကိုယ့်ကိုယ်ကိုယ် မေးမြန်းထားသည့် မေးခွန်းများကို အခြေခံပြီး အကြမ်းကို ဂရုတစိုက် ပြန်ဖတ်ပါ။ သတင်းကို ထပ်ပြင်ခြင်း၊ အသေးစိတ်ထပ်ဖြည့်ခြင်းများ ပြုလုပ်လိုကောင်း ပြုလုပ်လာနိုင်သည်။ သတင်းထောက်များသည် နောက်တစ်ဆင့် မကူးမီ သတင်းကို ထပ်ရေးလေ့ရှိကြသည်။

အဆင့် ၁၅ ။ ။ သတင်းတင်ပါ။

သတင်းအယ်ဒီတာနှင့် လုပ်ဖော်ကိုင်ဖက်များကို အသိပေးထားရမည့် ကိစ္စတစ်ခုခုရှိလျှင် ပုံနှိပ်ဖော်ပြခြင်း မပြုမီ၊ မထုတ်လွှင့်မီ ကြိုပြောထားပါ။

လူ့အခွင့်အရေးသတင်းများသည် အစဉ်သဖြင့် အငြင်းပွားဖွယ် ဖြစ်လေ့ရှိသည်။ ဖြစ်နိုင်ခြေရှိသည် အကျိုးဆက်များကို လူတိုင်းသိထားသင့်သည်။

သတင်းအယ်ဒီတာနှင့် အယ်ဒီတာသည် သတင်းနှင့် ပတ်သက်သော ဝေဖန်မှုများနှင့် မေးခွန်းများကို ရင်ဆိုင်ရမည့် ရှေ့တန်းမှ ပုဂ္ဂိုလ်များဖြစ်သည်။

အဆင့် ၁၆ ။ ။ ထိုသတင်းကို အခြေခံပြီး ထပ်ရေးလို့ရသော သတင်းများကို စဉ်းစားပါ။

အထူးသဖြင့် လူ့အခွင့်အရေးရှုထောင့်မှ ကြည့်ပါ။ မကြာမကြာ ပြန်လျှောက်လို့ရသည့် လမ်းကြောင်းတစ်ခု၏ အစ သို့မဟုတ် တစ်စိတ်တစ်ပိုင်းလား စဉ်းစားပါ။

❒

Photo : Aye Thiri Win

Internews
Local voices. Global change.

t ykd,f3? t cef,f3

ok,dyf&suf / aumif,ref&Sd vlYcGifha&;owif,[bnfhS owif,fa&;om;rsynm ur,fusifhrsKd;&Gufy:vmonfh &v'fwpfckckm jzpfbnf

လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများကို သတင်းရေးသားရာတွင်၊ အခြားသတင်းရေးသားရာတွင် အသုံးပြုသည့် အခြေခံမူဝါဒများကိုပင် အသုံးပြုရခြင်းဖြစ်သည်။

t urf,sif,c0,fuyfl

ကောင်းမွန်သော လူ့အခွင့်အရေး သတင်းဟူသည်မှာ သတင်းရေးသားမှုပညာ ကျွမ်းကျင်မှုမှ ထွက်ပေါ်လာသည့် ရလဒ်တစ်ခုသာဖြစ်သည်။

ယေဘုယျအားဖြင့် ကိုယ့်စာနယ်ဇင်းပညာဝမ်းစာ အကောင်းဆုံးအနေအထားတွင် ရှိနေရန်သာ ပဓာနဖြစ်သည်။

bufvkdyf,EdkifhrwwfwGif;ay;

လူ့အခွင့်အရေးသတင်းရေးသားမှုများသည် မျှမျှတတဖြစ်ရန် လိုသည်။ မျှတသည်ဟူသည်မှာ သတင်းတွင် ပါဝင်သည့်ဘက်များကို တတ်နိုင်သမျှများအောင် ထည့်သွင်းဖော်ပြခြင်းဖြစ်ပြီး အနည်းဆုံး ထိုသို့ ဖော်ပြနိုင်ရန်အတွက် ကြိုးစားခြင်းဖြစ်သည်။ မည်သူက ကျူးလွန်သည်ဖြစ်စေ ရက်စက်ကြမ်းကြုတ်မှုများရှိလာပါက တူညီသည့် ပိုင်းဖြတ်မှုများကို အသုံးပြုတင်ပြခြင်းကို ဆိုလိုသည်။

မီဒီယာအချို့က 'Watchdog' ဟူသည်မှာ အစိုးရကို စောင့်ကြည့်ခြင်းသာဖြစ်ပြီး အစိုးရများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖော်ထုတ်ခြင်းဖြစ်သည်ဟု အနက်ပြန်ကြသည်။ အကျိုးဆက်အားဖြင့် စာနယ်ဇင်းသမားများသည် အစိုးရကို ဆန့်ကျင်သောအဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်ရာတွင် ပျော့ပျောပျောင်းပျောင်းဖြစ်သွားတတ်သည်။ သူပုန်များ၊ ဆန္ဒပြသူများ၊ ပြောက်ကျားအုပ်စုများနှင့် စစ်သွေးကြွများ စသည်တို့သည်လည်း လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်နိုင်သည်။ လွတ်မြောက်ရေး တိုက်ပွဲဝင်သည့် သူပုန်များသည် အရပ်သားများကို တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အမှုပြုကျင့်ခြင်း၊ ရွာသိမ်းခြင်းနှင့် လူသတ်ခြင်းတို့ကို ပြုလုပ်တတ်ကြသည်။

pmempwdkifu az;az;rra&;rsdK;ovm;

စာနာသနားသည်ဟူသည်မှာ ဖြစ်ရိုးဖြစ်စဉ် လူသားဆန်သည့် တုံ့ပြန်မှုဖြစ်သည်။ ထိခိုက်ခံစားရသည့် လူသားများအတွက် ကျွန်တော်တို့အားလုံး ခံစားပေးတတ်ကြသည်။ ထိခိုက်ခံစားရသူများကို ကူညီရန် စိတ်စောပြီး ကိုယ့်အနှောင်အဖွဲ့ကင်းမှုကို အလျှော့ပေးလိုက်ရသည့် အခြေအနေဖြစ်စဉ်ကို သတိထားဆုံးဖြတ်ပါ။ ကူညီပေးမည့်သူ အခြားတစ်ယောက်ယောက် ရှာပေးလိုက်ပါ။

အသေးစိတ်များကို သတိထားဂရုစိုက်ပါ။ (မေးဖို့အခွင့်အရေးမှာ တစ်ခါသာ ရတတ်လေ့ရှိသည်။)

ar;p&m&Sdr\ rcifrcsefukdPcPar;y/ vlwkdukdkyfkyfajymckdy/

မှတ်သားရာတွင် အဆင်ပြေပြေ၊ နည်းလမ်းတကျနှင့် အသေးစိတ်ပြုလုပ်ပါ။ ရုပ်သံမှတ်တမ်းနှင့် ဓာတ်ပုံများ ရိုက်ယူထားခြင်းသည် ကောင်းမွန်ပါသည်။ သို့သော် အမြဲတစေ ကိုယ့်မှာ ကင်မရာ ပါလာနိုင်ချင်မှ ပါလာမည်ဖြစ်သည်။ ထို့ကြောင့် ဂရုတစိုက် မှတ်စုရေးသားပါ။ မြင်သမျှ ရေးပါ။ ပြောသမျှ ရေးချထားပါ။ တတ်နိုင်သမျှ ပြောစကား အတိအကျမလွဲအောင် ဂရုစိုက်ပါ။ လိုအပ်လျှင် မြေပုံနှင့် ရုပ်ပုံသေးသေးလေးများဆွဲပါ။ အကြမ်းဖက်မှုဖြစ်နေသည့် အခြေအနေများတွင် ရုပ်ပိုင်းဆိုင်ရာ အထောက်အထားများကို မပျက်စီးအောင် ဂရုစိုက်ပါ။

ကိုယ် ဘယ်ကိုသွားမည်၊ ဘယ်အချိန် ပြန်လာနိုင်မည်ကို လုပ်ဖော်ကိုင်ဖက်များကို ပြောပြထားပါ။ ဖြစ်နိုင်လျှင် အုပ်စုဖွဲ့လုပ်ဆောင်ပါ။

vlYcGifhrsm;a&;csufrsdzmufrukdkdrdkifhpkwfrlt jzpfr½Hkrif;EdkifiHh

လူ့အခွင့်အရေးချိုးဖောက်မှုဟူသည်မှာ တိုင်းရင်းသား သို့မဟုတ် နိုင်ငံရေးအုပ်စုတစ်ခုက နောက်အုပ်စုတစ်ခုကို ပြစ်တင်ဝေဖန်နေသည့် ကိစ္စတစ်ခုမဟုတ်။ လူသားနှင့် သက်ဆိုင်သည့် ကိစ္စသာဖြစ်သည်။ လူမျိုးစုများအကြား တင်းမာမှုများ ရှိလာနိုင်သည့် အလားအလာကို ဂရုပြုစဉ်းစားပါ။ ဆက်စပ်နေသည့် လူမျိုးစုပြဿနာများကို မြင်အောင်ကြည့်ပါ။

မှတ်သားထားရန်။ ။ အဖြစ်အပျက်တစ်ခုကို "လူ့အခွင့်အရေး" စုံစမ်းစစ်ဆေးမှုလို့ ခေါ်ဆိုရုံဖြင့်ပင် ဘက်လိုက်သည်ဟု လူအများအမြင်တွင် ဖြစ်နိုင်သည်။

အတိုက်အခံအုပ်စုများသည် လူ့အခွင့်အရေး သဘောတူညီချက်များကို နိုင်ငံရေးလက်နက်အဖြစ် အသုံးပြုကြသည်။ ဝါဒဖြန့်ချိရေးကို သတိထားပါ။

လူ့အခွင့်အရေးချိုးဖောက်သူများသည် နိုင်ငံတကာစာချုပ်များနှင့် လူ့အခွင့်အရေး စောင့်ကြည့်မှုများကို နှစ်ခြိုက်ကြလိမ့်မည်မဟုတ်ပေ။ ထိုသို့ဆိုလျှင် ကိုယ့်ကို ရန်ရှာလာနိုင်သည်။

လူ့အခွင့်အရေးစံနှုန်းများနှင့် စာချုပ်များသည် နိုင်ငံဥပဒေများနှင့် ကိုက်ညီမှုမရှိ ဖြစ်နေတတ်သည်။ ထိုအချက်ကို သတိပြုပြီး ကိုက်ညီမှုမရှိသည့် အချက်များကို ဖော်ပြပါ။

လူ့အခွင့်အရေး စံနှုန်းများနှင့် စာချုပ်များသည် ဘာသာရေး အထိမ်းအမှတ်များ၊ ယဉ်ကျေးမှုများနှင့် ရိုးရာဓလေ့များကို သွေဖီနေတတ်သည်။ ထိုအချက်ကိုလည်း သတိပြုပါ။ အခြားသူများ၏ ယုံကြည်မှုများကို တိတိကျကျ ပုံဖော်ပြပေးနိုင်ပါစေ။

txdl&Sdbhftajctaersm;wGJtxl;owdxdm;yg

ကိုယ်ဘယ်ကိုသွားမည်၊ ဘယ်အချိန်ပြန်လာနိုင်မည်ကို လုပ်ဖော်ကိုင်ဖက်များကို ပြောပြထားပါ။ ဖြစ်နိုင်လျှင်သင် အုပ်စုဖွဲ့လုပ်ဆောင်ပါ။

rSwfpkwm;EdkifiHtoHkHrsm;ukodwxdm;ukodkwf,lyg

ကိုယ်မှတ်ထားသည့် မှတ်စုများကို တလွဲသုံးမည့်သူများထံ မရောက်ပါစေနှင့်။

ကိုယ်ချရေးထား၊ အသံဖမ်းထားသည့်အရာများကို ဂရုစိုက်ပါ။ အမည်မဖော်ဘဲ ပြောကြားခြင်းနှင့် လျှို့ဝှက်ခြင်းဟူသည့် အခြေအနေများသည် သေရေးရှင်ရေးကိစ္စများလည်း ဖြစ်နေနိုင်သည်။ တစ်ယောက်ယောက်က "ငါ့နာမည်မသုံးပါနဲ့" လို့ ပြောလာလျှင် ထိုသူပေါ် ကျရောက်နိုင်သည့် အန္တရာယ်အဆင့်ကို သုံးသပ်ပါ။ ထို အဆင့်မြင့်လျှင် နာမည်ပင် မရေးပါနှင့်။

xdkifOrsm;EdkifiHnuJrifrsm;ukodwGJpkH;jrefcif;
tifwmAsL;rsm;twGif;&Sdonfhzdm;rsm;ukodkm;vnfyg

လူ့အခွင့်အရေးချိုးဖောက်မှုကို ခံခဲ့ရသူများတွင် စိတ်ဒဏ်ရာရနေနိုင်သည်။ အင်တာဗျူးပြုလုပ်နေစဉ်တွင် ဖြစ်နိုင်လျှင် ယူချိန်ပေးပါ။ ရေ သို့မဟုတ် ကိုယ့်ဘက်က တိုက်နိုင်လျှင် လက်ဖက်ရည် တိုက်ပါ။

လူ့အခွင့်အရေးချိုးဖောက်မှု ပြုလုပ်သူများသည်လည်း စိတ်ဒဏ်ရာရနေနိုင်သည် ခံရမည်ဖြစ်သည်။ သူတို့ ဘာလိုသလဲဆိုတာကို ဂရုစိုက်ပါ။

စာနယ်ဇင်းသမားတစ်ယောက်အနေဖြင့်လည်း သတင်းလိုက်ရခြင်းဖြင့် စိတ်ဒဏ်ရာရနိုင်သည်။ နှစ်သိမ့်ဆွေးနွေးပညာပေးမှု ရယူပါ။ လိုအပ်သည်ဟု ယူဆပါက နောက်ပိုင်းတွင်လည်း အကူအညီ၊ အထောက်အပံ့ကို ရယူပါ။

vlwpfa,muf[DkbJ,Dm;pD,wGif;jrefyg

လူအများကြီး ဘေးပတ်ပတ်လည်တွင် ရှိနေလျှင် အာရုံစူးစိုက်နိုင်ရန် ခက်ခဲလိမ့်မည်ဖြစ်သည်။ ရုပ်သံသတင်းထောက်တစ်ယောက်အနေဖြင့်မူ နောက်ခံ ဆူညံသံများပြားနေလျှင် အင်တာဗျူးများကို မှတ် တမ်းတင်နိုင်ရန်နှင့် အသံအရည်အသွေးကောင်းနိုင်ရန် လွယ်ကူလိမ့်မည်မဟုတ်ပေ။ လူ့အခွင့်အရေးချိုးဖောက်မှုများသည် စိတ်လှုပ်ရှားသည့် တုံ့ပြန်မှုများ ဖြစ်စေနိုင်သည်။ လူအုပ်စု၏ ဖိအားကြောင့် အဖြစ်အပျက်ကို ပြောင်းလဲလိုက်ရခြင်း သို့မဟုတ် မေးမြန်းခံရသူက ပိုပိုသာသာ ဖော်ပြခြင်းတို့ ဖြစ်နိုင်သည်။

လူ့အခွင့်အရေးချိုးဖောက်မှုများသည် နိုင်ငံရေးနှင့် ဆက်နွယ်နေသည်။ ရဲစုံထောက်များနှင့် အချို့သော သူများသည် လူအုပ်စုအတွင်း ထိုအဖြစ်အပျက်ကို မဖော်ပြစေလိုကြသည့် အခြေအနေလည်း ရှိနေနိုင်သည်။ မေးမြန်းခံရသူအတွက်လည်း အန္တရာယ်ရှိနိုင်သည်။ သို့သော် အချို့သော အခြေအနေများတွင် သီးခြားတွေ့ဆုံမေးမြန်းရန် မဖြစ်နိုင်သည်လည်း ရှိနိုင်သည်။

ykdkwmom*½pkdkifyg?owdxdyGJ

လူအများအကြား အင်တာဗျူးရခြင်းဖြစ်ပါက ထိုသတင်းကို ထုတ်ဖော်ပြောဆိုစေလိုခြင်း

မရှိသူများ ရှိနိုင်သည်ကို သတိထားပါ။ ဥပမာအားဖြင့် ကျူးလွန်သူဘက်မှ သူငယ်ချင်း သို့မဟုတ် ဆွေမျိုးများ၊ ဆန့်ကျင်ဘက်နိုင်ငံရေးပါတီများမှ လူများနှင့် စုံထောက်များ ဖြစ်သည်။

တစ်ဖက်ဖက်ကို ပြင်းပြင်းထန်ထန် ထိခိုက်စေနိုင်သော အခြေအနေတွင် မေးမြန်းမှု မပြုလုပ်ပါနှင့်။

pum;jyef

သတင်းထောက်တစ်ယောက် ရှိနေရန် လိုကောင်းလိုနိုင်သည်။ မေးမြန်းခံရသူသည် အမည်မဖော်လိုခြင်း သို့မဟုတ် သတင်းကို အလွတ်သဘော ပြောဆိုခြင်းဖြစ်ပါက ပြဿနာရှိနိုင်သည်။ ကျော်လွှားနိုင်ရန် နည်းမျိုးစုံရှိပါသည်။

စကားပြန်ရှိနေသည့်အချိန်တွင် အန္တရာယ်ရှိသည့် သို့မဟုတ် ကိုယ်ရေးကိုယ်တာဖြစ်သည့် အချက်အလက်များ မမေးမြန်းပါနှင့်။ ဖြစ်နိုင်လျှင် မေးမြန်းခံရသူ၏ နာမည်ကိုပင် မမေးပါနှင့်။

အခြေအနေကို နားလည်ပြီး ဖြေဆိုသူကို အလေးထားမှုရှိသည့် တစ်ယောက်ယောက်ကိုရှာပါ။ ဖြေဆိုသူ၏ အန္တရာယ်ကင်းရှင်းရေးနှင့် ကိုယ်ရေးကိုယ်တာလုံခြုံရေးတို့ကို ဂရုစိုက်ပေးမည့် သူငယ်ချင်းတစ်ယောက် သို့မဟုတ် ဆွေမျိုးတစ်ယောက်ဖြစ်နိုင်သည်။

လျှို့ဝှက်အပ်သော အချက်အလက်များ ပေါက်ကြားခြင်း၏ အန္တရာယ်များနှင့် အမည်မဖော်လိုမှုနှင့် အလွတ်သဘောပြောဆိုသည့် အချက်အလက်များကို တန်ဖိုးထားရန် စကားပြန်ကို အင်တာဗျူးမစခင်ကတည်းက ရှင်းပြထားပါ။

စကားပြန်ကို ကြိုဌားပြီး စကားပြန်က နှုတ်လုံပါမည်ဟု ဝန်ခံသော သဘောတူညီချက်ကို ပြင်ဆင်ထားပါ။

စကားပြန်သည် မေးမြန်းခံရသူကို အန္တရာယ်ဖြစ်စေလိုသူ မဖြစ်ပါစေနှင့်။

pwlfPf&m&olrsm;twGuftaxmuftyHk

အချို့သော ကျူးလွန်ခံရသူများ (အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှု ကျူးလွန်ခံရသူများ)သည် လွတ်လွတ်လပ်လပ် ပြောဆိုနိုင်ရန်အတွက် သူတို့ကိုယ်သူတို့ အားတင်းနိုင်ရန် အကူအညီလိုအပ်တတ်သည်။

အမမှုပြုကျင့်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှု ခံခဲ့ရသည့် စိတ်ဒဏ်ရာရ ကျူးလွန်ခံရသူသည် သူတို့၏ အတွေ့အကြုံများကို သူစိမ်းတစ်ယောက်အား ပြောပြမည်မဟုတ်ပေ။ သူငယ်ချင်းတစ်ယောက် သို့မဟုတ် နှစ်သိမ့်အကြံပေးသူတစ်ယောက်ယောက်ကို အဖော်အဖြစ် လိုအပ်နိုင်သည်။

ဖြစ်နိုင်လျှင် ကလေးသူငယ်များကို တစ်ယောက်တည်းရှိနေချိန် မေးမြန်းမှုမပြုပါနှင့်။ ယုံကြည်စိတ်ချရသော ဆွေမျိုး၊ စောင့်ရှောက်သူ၊ အုပ်ထိန်းသူ၊ ကျန်းမာရေးစောင့်ရှောက်သူ၊ ဆရာ သို့မဟုတ် သူငယ်ချင်းတစ်ယောက်ယောက်ရှိနေပါစေ။

ukqfukqfukqfpme,ZifformtjzpfE&SdvifvifazmufyG

ကိုယ်အလုပ်လုပ်သည့် သတင်းစာ၊ ရုပ်သံဌာနအမည်ကို ဖော်ပြပါ။ သတင်းကို ဖတ်ရှု၊ ကြည့်ရှု၊ နားဆင်မည့် ဖြစ်နိုင်ခြေရှိသော ပရိသတ်အမျိုးအစားကို ရှင်းပြပါ။ ဘာကြောင့် ဒီသတင်းကို လိုက်နေရသနည်းဟူသည့် အချက်ကို ရှင်းပြပါ။ ဖြေကြားမည့်သူကို နောက်ခံအခြေအနေကို ရှင်းပြပါ။

သတင်းထောက်တစ်ယောက်သာဖြစ်ပြီး ပြန်လည်ထူထောင်ရေး သို့မဟုတ် အထောက်အပံ့တစ်ခုခု ပေးနိုင်သည့် လူအခွင့်အရေး အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခုကို ကိုယ်စားမပြုကြောင်း ရှင်းပြပါ။ မဖြည့်ဆည်းနိုင်သည့် ကတိကဝတ်များပေးခြင်းနှင့် ကျူးလွန်ခံခဲ့ရသူကို မျှော်လင့်ချက် အမှားများပေးခြင်း မပြုလုပ်မိအောင် သတိထားပါ။ သတင်းမှ ထွက်ပေါ်လာနိုင်သည့် ရလဒ်

မည်သို့မည်ပုံဖြစ်မည်ကို အာမမခံနိုင်ကြောင်း ဖြေဆိုမည့်သူကို ပြောပြပါ။

အင်တာဗျူးဖြေကြားခြင်းအတွက် ငွေကြေးပစ္စည်းတစ်စုံတစ်ရာ ပေးခြင်း သို့မဟုတ် အလျော်ပေးခြင်း မပြုလုပ်ပါနှင့်။ သတင်း၏ ဂုဏ်သိက္ခာကို လျော့ကျစေပြီး ကျူးလွန်ခံခဲ့ရသူက သူ၏ အဖြစ်အပျက်ကို အများပြည်သူ သိရှိအောင် ထုတ်ဖော်ပြောဆိုရန်၊ မပြောဆိုရန် ကိုယ်တိုင်တွေးတောဆုံးဖြတ်နိုင်စွမ်းကို ထိခိုက်စေသည်။

'Dwifukwkdif;e&onftaumif;&if;EdkifiHpGefEkdifc&Sonftem,fsm;ukd&Sdyg

ဒီသတင်းကို လိုက်နေရသည့် အကြောင်းရင်းမှာ တလွဲသုံးမှု သို့မဟုတ် ချိုးဖောက်မှုများကို ဖော်ထုတ်ရန်နှင့် အခြားသူများကို ဖြစ်ပျက်ခဲ့သော အရာများ (သို့မဟုတ် ဖြစ်ပျက်နေဆဲကိစ္စများ) အား တင်ပြရန် အရေးကြီး၍ ဖြစ်ကြောင်း ရှင်းပြပါ။

ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်ကို ရှင်းပြပါ။ သတင်းပုံနှိပ်၊ ထုတ်လွှင့်ပြီးပါက ဖြေဆိုသူအပေါ် ကျရောက်လာနိုင်သော ကလဲ့စားချေမှု တန်ပြန်တုံ့ပြန်မှုများ ရှိနိုင်သည်။ ထိုအချက်ကို ဖြေဆိုသူကို ရှင်းပြပါ။ သတိပေးပါ။

ဖြေဆိုသူသည် ဖြေဆိုလိုခြင်း မရှိတော့လျှင်သော်လည်းကောင်း၊ ပုံနှိပ်ဖော်ပြစေလိုခြင်း မရှိတော့လျှင်သော်လည်းကောင်း သူ့ရွေးချယ်မှုကို လေးစားပါ။

အမည်မဖော်ဘဲ နေပိုင်ခွင့်ရှိသည်ဟူသည့် ရွေးချယ်ခွင့်ပေးပါ။ ဖြေဆိုသူကို သူ၏အမည်အား သုံးစွဲခွင့် ပြုနိုင်၊ မပြုနိုင် မေးပါ။ သူ့ရွေးချယ်မှုကို လေးစားလိုက်နာပါ။

pepfwus&ydkap

အခြေခံ အသေးစိတ်အချက်လေးများကအစ အတည်ပြုပါ။ ဥပမာအားဖြင့် ဖြေဆိုသူ၏ အမည်နှင့် အသက်အရွယ်များဖြစ်သည်။ ထိုသူကို တစ်ကြိမ်သာ တွေ့ရမည်ဟု ယူဆထားပါ။ ကိုယ့်မှာ အခွင့်အရေး တစ်ကြိမ်သာ ရှိပါမည်။

စစ်ပွဲ သို့မဟုတ် ပဋိပက္ခဖြစ်နေချိန်တွင် အထူးသတိထားပါ။ လူများသည် ပဋိပက္ခဖြစ်ပွားသည့် အခြေအနေတွင် မကြာခဏ ရွှေ့ပြောင်းနေရ၊ ရွှေ့ပြောင်းခံနေရသောကြောင့်ဖြစ်သည်။

နေရာဖော်ပြချက်များကို ရှင်းရှင်းလင်းလင်းဖြစ်အောင်မေးပါ။ လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ပါဝင်သည့်သူများအားလုံး၏ အမည်များ၊ ရာထူးများနှင့် စစ်ဘက်နှင့် ရဲဘက်မှ ပုဂ္ဂိုလ်များ၏ အဆင့်များကို မေးပါ။

ဖြေဆိုသူကို ကျူးလွန်သူများ ဝတ်ဆင်သည့် ယူနီဖောင်းများ သို့မဟုတ် အခြားအမှတ်အသားများ ကိုမေးပါ။

သူတို့အသုံးပြုသည့် လက်နက်များ၊ မြင်တွေ့ခဲ့ရသည့် လက်နက်များကို ဖော်ပြခိုင်းပါ။

သက်သေများ၊ ကျူးလွန်ခံရသူများနှင့် ကျူးလွန်သူများသည် လိမ်ညာပြောဆိုရန် ငွေပေးစည်းရုံးခံရခြင်းဖြစ်နိုင်သည်။ သို့မဟုတ် အမှန်တရားကို ထုတ်ဖော်ပြောဆိုပါက သူတို့နှင့် သူတို့၏ မိသားစုများကို အပြစ်ပေးဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခံထားရသည်လည်းဖြစ်နိုင်သည်။

အဖြစ်အပျက်ကို ထပ်ခါထပ်ခါ ပြန်ပြောခိုင်းပါ။ အဖြစ်အပျက်များ အချိန်ကိုက်ဖြစ်မှုနှင့် ရှေ့နောက်ညီမှုကို သတိထားကြည့်ပါ။

bmawGUpmcHJvlb,folu ajymwmvlb,fwkfu ajymwmvJ

ဖြေဆိုသူကို သူတို့အဖြစ်အပျက်အား အစမှ အဆုံးအထိ ဇာတ်လမ်းတစ်ခုသဖွယ် ပြောဆိုနိုင်ပါ

စေ။ ဖြေဆိုသူအတွက်ရော၊ ကိုယ့်အတွက် နောက်ပိုင်း သတင်းပြန်လည်စီစဉ်ရေးသားရန်အတွက်ပါ ပိုမို လွယ်ကူပါသည်။

အဖြစ်အပျက် သို့မဟုတ် အဖြစ်အပျက်များကို အဖြစ်အပျက် စတင်ချိန်မှ စပြောခိုင်းပါ။

အဖြစ်အပျက်များကို ရှင်းရှင်းလင်းလင်းသိရှိနိုင်အောင် နှစ်ခါထပ်ပြောခိုင်းပါ။

နှပ်ကြောင်းပေးမေးခွန်း မေးမြန်းခြင်းနှင့် ကိုယ်ပြောစေလိုသည့် စကားများ ဖြေဆိုသူထံ ထိုးထည့်ပေးခြင်းတို့ကို ရှောင်ပါ။

အဖြေပါပြီးသား မေးခွန်းများနှင့် အခြားသတင်းအချက်အလက်များကို အတည်ပြုသည့် မေးခွန်းများကို ရှောင်ပါ။

စာနယ်ဇင်းပညာ၏ 'ဘ' ခြောက်လုံးအပြင် လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ သတင်းများ ရေးသား နေသည့် စာနယ်ဇင်းသမားများအတွက် အလွန်အသုံးဝင်သော ဖွင့်မေးသည့် မေးခွန်းနှစ်မျိုးရှိသည်။

(၁) ဘယ်လိုသိတာလဲ။

(၂) ပြီးတော့ ဘာဆက်ဖြစ်လဲ။

အထူးသဖြင့် စွပ်စွဲချက်များသည် ပြင်းထန်ပါက မတူညီသော သတင်းရင်းမြစ်များနှင့် တွေ့ဆုံမေးမြန်းပါ။ သတင်းရင်းမြစ်တစ်ခုတည်းအပေါ်တွင် မမှီခိုပါနှင့်။ အဖြစ်အပျက်ကို ကြုံတွေ့ခဲ့ရသူ နောက်တစ်ယောက်ရှိပါသလား။

ရိုက်နှိုက်ခံရခြင်း သို့မဟုတ် သေနတ်ဖြင့် အပစ်ခံရခြင်းကြောင့် သေဆုံးရခြင်းဖြစ်ပါက ရင်ခွဲရုံ သို့ သွားပြီး မှုခင်းဆေးမှတ်တမ်းရအောင် ကြိုးစားပါ။ အခြား အများပြည်သူရနိုင်သည့် မှတ်တမ်းများလည်း ရှိနိုင်ပါသေးသည်။

အသေအချာ ပိုင်းခြားစဉ်းစားပါ။ ကျူးလွန်ခံရသူများရော ကျူးလွန်သူများတွင်ပါ ကိုယ့်ကို ထုတ်ဖော်ပြောဆိုခြင်း၏ နောက်ကွယ်တွင် သူတို့ကိုယ်ပိုင် အစီအစဉ်များနှင့် အကျိုးစီးပွားများ ရှိနိုင်သည်။

owif&ifrpf\ajzqkdbnftaumif&ifukd0fpm;y

သက်သေများ၊ ကျူးလွန်ခံရသူများနှင့် ကျူးလွန်သူများသည် လိမ်ညာပြောဆိုရန် ငွေပေးစည်းရုံးခံရခြင်း ဖြစ်နိုင်သည်။ သို့မဟုတ် အမှန်တရားကို ထုတ်ဖော်ပြောဆိုပါက သူတို့နှင့် သူတို့၏မိသားစုများကို အပြစ်ပေးဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခံထားရသည်လည်းဖြစ်နိုင်သည်။ နိုင်ငံရေးရည်ရွယ်ချက်များလည်း ရှိနိုင်သည်။

သက်သေများနှင့် ကျူးလွန်ခံရသူများသည် ကျူးလွန်သူ အပြစ်ပေးခံရစေရန် သို့မဟုတ် သူတို့ ကိုယ်ပိုင် အပြစ်မဲ့မှုကို သက်သေထူနိုင်ရန်အတွက် ပိုပိုသာသာ ပြောဆိုရန် ကြိုးစားကောင်း ကြိုးစားနိုင်သည်။

pyfBCkd(u&L;vGEltjzpfpyfBCkm;&o)ukdr;jref;cif;

မှတ်ချက်။ ။ ကျူးလွန်ခံရသူ သို့မဟုတ် မျက်မြင်သက်သေများကို အင်တာဗျူးရာတွင် အသုံးပြုရသည့် နည်းလမ်းများကို အသုံးပြုရခြင်းသာဖြစ်သည်။

- ဖြေဆိုသူ၏ နောက်ခံအချက်အလက်များ၊ ကျူးလွန်သည်ဟု စွပ်စွဲထားသည့် မှုခင်း(များ)နှင့် ဖြစ်ပွားခဲ့သည့် အခြေအနေများကို လေ့လာထားခြင်းဖြင့် အင်တာဗျူးအတွက် စနစ်တကျ ပြင်ဆင်ပါ။
- ကျူးလွန်သည်ဟု စွပ်စွဲခံရသူကို တစ်ယောက်တည်းသီးသန့် လုံခြုံရာတစ်ခုခုတွင် မေးမြန်းနိုင်ရန် ကြိုးစားပါ။ ကိုယ့်ကိုယ်ကိုယ် လုံခြုံသည်ဟု ခံစားရစေရန်အတွက် လိုအပ်သော အကာအကွယ်များယူပါ။
- စာနယ်ဇင်းသမားဖြစ်ကြောင်းနှင့် တွေ့ဆုံမေးမြန်းရသည့် ရည်ရွယ်ချက်ကို ဖော်ပြပါ။
- အင်တာဗျူးအတွက် တစ်ခုခုရမည်ဟု ကတိမပေးပါနှင့်။ (ဥပမာ-ငွေကြေးပစ္စည်းတစ်စုံတစ်ရာ၊ လျှော့

လျှော့ပေါ့ပေါ့ သတင်းရေးသားတင်ပြမှု၊ နားလည်ပေးမှု စသဖြင့်)

- ယဉ်ကျေးပါ။ သို့သော် ပွင့်ပွင့်လင်းလင်းပြောပါ။ မေးခွန်းမေးမြန်းရာတွင် ကိုယ်သာဦးဆောင်သူဖြစ်ကြောင်း သတိရပါ။
- အမည်မဖော်ဘဲ နေခွင့်ပေးပါ။ ကျူးလွန်ခံရသူများကဲ့သို့ပင် ကျူးလွန်သူများသည်လည်း အမှန်ကို ထုတ်ဖော်ပြောဆိုပါက လက်တုံ့ပြန်ခံရနိုင်သည့် အန္တရာယ်တွင်ရှိသည်။

❒

Photo : Min Ye Sit Naing

Internews
Local voices. Global change.

tykdif(4)

aemufqufwdkif;

tykdif;4 vrf;ñef

(က-၁) အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း

(က-၂) အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်

(က-၃) စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်

(က-၄) ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော သို့မဟုတ် နှိမ်ချသောပြုမှု (သို့မဟုတ်) အပြစ်ပေးမှုဆိုင်ရာ သဘောတူစာချုပ်

(က-၅) မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်

(က-၆) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်

(က-၇) လူမျိုးရေးခွဲခြားဖိနှိပ်ဆက်ဆံမှု ပုံစံအားလုံးဖျက်သိမ်းခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်

(က-၈) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ဖျက်သိမ်းရေး သဘောတူစာချုပ်

(က-၉) ရွှေ့ပြောင်းလုပ်ကိုင်သူများနှင့် ယင်းတို့၏ မိသားစုဝင်အားလုံး၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်

(က-၁၀) အားလုံးအတွက် အတင်းအကျပ် ဆန္ဒမပါဘဲ ပျောက်ဆုံးမှုမှ ကာကွယ်သော နိုင်ငံတကာ သဘောတူစာချုပ်

(ခ-၁) အသုံးတည့်မည့် ကျမ်းကိုးများ - စာအုပ်များ၊ စာရွက်စာတမ်းများ၊ လက်စွဲများနှင့် အစီရင်ခံစာများ

(ခ-၂) အသုံးတည့်မည့် အင်တာနက်စာမျက်နှာများနှင့် အွန်လိုင်းရင်းမြစ်များ

(ဂ) သင်တို့နိုင်ငံမှ လက်မှတ်ရေးထိုးပြီးပြီလား

(ဃ) လူ့အခွင့်အရေးနေ့များ

(c) ကျမ်းကိုးများနှင့် ရည်ညွှန်းချက်များ

tykdif4?aemufqufw(u-1)

ukwor*¾w4Ycif;ha&;aumpmwrf;

tjynfhpkH

tzGifhum;csD

လူခပ်သိမ်းကုန်တို့၏ မျိုးရိုးဂုဏ်သိက္ခာနှင့်တကွ လူတိုင်း အညီအမျှ ခံစားခွင့်ရှိသည့် အခွင့်အရေး များကို အသိအမှတ်ပြုခြင်းသည် လူခပ်သိမ်းတို့၏ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့၏အခြေခံ အုတ်မြစ်ဖြစ်သောကြောင့်လည်းကောင်း၊ လူ့အခွင့်အရေးများကို အရေးမထား မထီမဲ့မြင်ပြုခြင်းသည် လူခပ်သိမ်းတို့၏ အကျင့်သိက္ခာကို ချိုးဖောက်ဖျက်ဆီးတတ်သည့် ရက်စက်ကြမ်းကြုတ်သော အပြုအမူ များကို ဖြစ်ပေါ်စေခဲ့သောကြောင့်လည်းကောင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ သက်ဝင်ယုံကြည်ခွင့်၊ တောင့်တခြင်း၊ ကြောင့်ကြခြင်းတို့မှ ကင်းလွတ်စွာ အသက်မွေးနိုင်မှုတို့ကို ခံစားရ ယူနိုင်စေမည့် လောကတစ်ခု ပေါ်ပေါက်လာရန် အရေးကို လူခပ်သိမ်းတို့က မိမိတို့၏ အထက်သန်ဆုံး သော လိုလားချက်ဆန္ဒကြီးအဖြစ်ဖြင့် ကြွေးကြော်ကြေညာပြီး ဖြစ်သောကြောင့်လည်းကောင်း၊ လူခပ်သိမ်း တို့သည် တရားမဲ့အုပ်ချုပ်မှု၊ ဖိနှိပ်မှုတို့ကို နောက်ဆုံး မလွဲသာမရှောင်သာတော့သဖြင့် လက်နက်စွဲကိုင် တော်လှန်ခြင်း၊ ပုန်ကန်ခြင်းများမပြုစေရန်၊ လူ့အခွင့်အရေးများကို ဥပဒေဖြင့် ထိန်းသိမ်းကာကွယ်ပေးရ မည် ဖြစ်သောကြောင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း ခင်မင်ရင်းနှီးစွာ ဆက်ဆံရေးကို ပိုမိုတိုးတက်စေရန် ကြံဆောင်ရမည်ဖြစ်သောကြောင့်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသည် မူလအခွင့်အရေး များကိုလည်းကောင်း၊ လူ၏ဂုဏ်သိက္ခာကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီးတို့၏ တူညီသောအခွင့် အရေးများကိုလည်းကောင်း၊ လေးစားယုံကြည်သက်ဝင်ပါသည်ဟု ကုလသမဂ္ဂတွင် ထပ်လောင်း အတည် ပြုပြီးသည့်အပြင် လူမှုကြီးပွားတိုးတက်ရေးနှင့်တကွ ပိုမိုလွတ်လပ်သော လူ့ဘဝအဆင့်အတန်းတို့ကို မြှင့် တင်ရန် သန္ဓေဌာန်ချပြီး ဖြစ်သောကြောင့်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့သည် ကုလ

သမဂ္ဂနိုင်ငံများ ပူးပေါင်း၍ လူ့အခွင့်အရေးများကိုလည်းကောင်း၊ အခြေခံလွတ်လပ်ခွင့်များကိုလည်း ကောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင်ရှိသော လေးစားကျင့်သုံးစောင့်စည်းကြခြင်းကို အားပေးထောက်ခံမည်ဟု ကတိပြုပြီး ဖြစ်သောကြောင့်လည်းကောင်း၊ ထိုသို့ အခြေအနေမျိုးတို့တွင် ထိုအခွင့်အရေးများ၊ လွတ်လပ်ခွင့်များကို အားလုံးနားလည်သဘောပေါက်ရန် အရေးကြီးဆုံးဖြစ်သောကြောင့်လည်းကောင်း၊ ထို့ကြောင့် အထွေထွေညီလာခံသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို လူတိုင်း၊ အဖွဲ့အစည်းတိုင်းက နှလုံးသွင်း၍ ကမ္ဘာတစ်ဝန်းတွင် အဆိုပါအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ရိုသေလေးစားကြရန် ဆုံးမသွန်သင်ခြင်းဖြင့် အားထုတ်ကြရမည်ဟုလည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် ထိုနိုင်ငံတို့၏ ပြည်သူများအား အဆိုပါအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ကျင့်သုံးစောင့်စည်းကြစေရန် ပြည်တွင်းပြည်ပဆိုင်ရာ တိုးတက်သော ဆောင်ရွက်ချက်များဖြင့် အားထုတ်ကြရမည်ဟုလည်းကောင်း ရည်ရွယ်ပြီးလျှင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းကို နိုင်ငံခပ်သိမ်း၊ လူခပ်သိမ်းတို့ တစ်ပြေးညီစွာ ဆောင်ရွက်ကြနိုင်စေရေးအတွက် ယခု ကြေညာစာတမ်းကို ထုတ်ပြန်လိုက်သည်။

အပိုဒ် ၁

လူသားတိုင်းသည် လွတ်လပ်၍ တန်းတူညီသော ဂုဏ်သိက္ခာနှင့် အခွင့်အရေးများဖြင့် မွေးဖွားလာသူဖြစ်သည်။ ထိုလူသားတို့သည် ဆင်ခြင်တုံတရားနှင့် ကျင့်ဝတ်ကို တာဝန်သိတတ်သောစိတ်တို့ ရှိကြ၍ တစ်ဦးနှင့် တစ်ဦး ညီရင်းအစ်ကို၊ မောင်ရင်းနှမစိတ်ဖြင့် ဆက်ဆံသင့်သည်။

အပိုဒ် ၂

လူသားတိုင်း ဤလူ့အခွင့်အရေးကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးများအားလုံး၏ လွတ်လပ်ခွင့်များအားလုံးကို ပိုင်ဆိုင်ခံစားခွင့် ရှိသည်။ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးအယူအဆ သို့မဟုတ် အခြားယူဆချက်၊ နိုင်ငံရေး သို့မဟုတ် လူမှုရေးဇာစ်မြစ်၊ ပစ္စည်းဥစ္စာ၊ မျိုးရိုးဇာတိ၊ အခြားအဆင့်အတန်းအားဖြင့် ခွဲခြားခြင်းမရှိစေရ။ ထို့ပြင် လူသားတစ်ဦး မှီတင်းနေထိုင်ရာ နိုင်ငံ သို့မဟုတ် နယ်မြေဒေသသည် လွတ်လပ်သော တိုင်းပြည်သည် အချုပ်အခြာအာဏာပိုင်သော လွတ်လပ်သောနိုင်ငံ သို့မဟုတ် ဒေသဖြစ်စေ၊ အစောင့်အရှောက်ခံနယ်မြေ သို့မဟုတ် ဒေသဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးမရှိသောနိုင်ငံ သို့မဟုတ် ဒေသဖြစ်စေ သို့မဟုတ် အချုပ်အခြာအာဏာနှင့် ပတ်သက်၍ အခြားသော ဘောင်တွင်း ကန့်သတ်ချက်များ ရှိနေသော နိုင်ငံ သို့မဟုတ်) ဒေသဖြစ်စေ၊ ယခု လူ့အခွင့်အရေးများနှင့် ပတ်သက်၍ ခွဲခြားမှု လုံးဝမရှိစေရ။

အပိုဒ် ၃

လူတိုင်းတွင် အသက်ရှင်ရပ်တည်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံခွင့်ရှိသည်။

အပိုဒ် ၄

မည်သူကမျှ ကျွန်ပြုခြင်း၊ အစေအပါးအဖြစ် နိုင်ထက်စီးနင်းစေခိုင်းခြင်း မရှိစေရ။ လူသားတို့ကို ကျေးကျွန်သဖွယ်စေခိုင်းခြင်း၊ ရောင်းဝယ်ခြင်းနှင့် ထိုသဘောသက်ရောက်စေသော ပုံစံမှန်သမျှ ပိတ်ပင်တားမြစ်ရမည်။

အပိုဒ် ၅

မည်သူကမျှ နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ် လူမဆန်စွာ ဂုဏ်ငယ်စေသော

ဆက်ဆံခြင်းဖြင့် မဆက်ဆံရ။ သို့မဟုတ် အပြစ်ပေးခြင်း မပြုရ။

အပိုဒ် ၆

လူတိုင်းနေရာမရွေး ဥပဒေရှေ့မှောက်တွင် လူသားအဖြစ် အသိအမှတ်ပြုခြင်းခံပိုင်ခွင့်ရှိသည်။

အပိုဒ် ၇

လူတိုင်း တရားဥပဒေရှေ့မှောက်တွင် တစ်ပြေးညီ တူညီကြပြီး တရားဥပဒေ၏ ကာကွယ်မှုကို ခွဲခြားမှုမရှိ တူညီမှုအပြည့် စောင့်ရှောက်ခံပိုင်ခွင့်ရှိသည်။ ဤကြေညာစာတမ်းပါအချက်များကို ဖီဆန်ဆန့်ကျင်သည့် မည်သည့်ခွဲခြားမှုမျိုး သို့မဟုတ် ထိုသို့ ခွဲခြားမှုများ ကိန်းအောင်းစေအောင် လှုံ့ဆော်မှုမျိုးမှ ကင်းလွတ်စေရန် အကာအကွယ်ကို တူညီစွာ ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် ၈

လူတိုင်း မိမိတို့အား အခြေခံဥပဒေ သို့မဟုတ် ဥပဒေအရ အပ်နှင်းထားသော အခြေခံအခွင့်အရေးများကို ချိုးဖောက်ခံရသည့်အခါ နိုင်ငံတော် တရားစီရင်ရေးရုံးများတွင် ထိရောက်သော အရေးယူကုစားမှုများ ခံယူပိုင်ခွင့်ရှိသည်။

အပိုဒ် ၉

မည်သူကမျှ တရားလက်လွတ် အကြောင်းမဲ့ဖမ်းဆီးခြင်း၊ ထိန်းသိမ်းချုပ်နှောင်ထားခြင်း သို့မဟုတ် တိုင်းပြည်မှ နှင်ထုတ်ခြင်းမပြုလုပ်ရ။

အပိုဒ် ၁၀

လူတစ်ယောက်၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများနှင့် ပတ်သက်၍လည်းကောင်း၊ စွဲချက်တင်လာသော ပြစ်မှုများနှင့်ပတ်သက်၍ လည်းကောင်း အဆုံးအဖြတ်ခံယူရာတွင် လူတိုင်းသည် လွတ်လပ်၍ ဘက်မလိုက်သော တရားစီရင်မှု၊ ရုံးတော်တွင် လူအများ တက်ရောက်ကြားနာနိုင်သော စစ်ဆေးမှုမျိုးကို တူညီစွာ ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် ၁၁

(က) တရားဥပဒေချိုးဖောက်သည့်အမှုဖြင့် တရားစွဲဆိုခြင်းခံရသူတိုင်းသည် မိမိကိုယ်မိမိ ကာကွယ်နိုင်ရန် လိုအပ်သော ဆောင်ရွက်စရာများကို ဆောင်ရွက်နိုင်ခွင့် အပြည့်အဝရှိပြီး လူအများရှေ့တွင် ဥပဒေအတိုင်း စစ်ဆေး၍ အပြစ်ကျူးလွန်သည်ဟု ထင်ရှားပြီး စီရင်ချက် အတိအကျမချမချင်း ထိုလူတွင် အပြစ်မရှိဟု ခံယူပိုင်ခွင့်ရှိသည်။

(ခ) တစ်စုံတစ်ယောက်၏ လုပ်ဆောင်ခဲ့သော အပြုအမူနှင့် စပ်လျဉ်း၍ ထိုအပြုအမူ ပြုလုပ်ခဲ့စဉ်အချိန်အခါက ထုတ်ပြန်ထားသော နိုင်ငံတော် သို့မဟုတ် နိုင်ငံတကာဆိုင်ရာ ဥပဒေအရ ငြိစွန်းသော ပြစ်မှုတစ်ခုအဖြစ် ခိုင်ခိုင်လုံလုံ မတင်ပြနိုင်ခဲ့လျှင် ထိုသူအား အဆိုပါ အပြုအမူအတွက် အပြစ်ရှိသည်ဟု မယူဆနိုင်။ ထို့အတူ ကျူးလွန်သော ပြစ်မှုအတွက် ပြစ်မှုကျူးလွန်စဉ်အခါက ထိုက်သင့်စေနိုင်သော အပြစ်ဒဏ်ထက် ပိုမိုကြီးလေးသော အပြစ်ဒဏ်ပေးခြင်းမရှိစေရ။

အပိုဒ် ၁၂

မည်သူ၏ ကိုယ်ရေးကိုယ်တာကိစ္စများ၊ မိသားစုနှင့် သက်ဆိုင်သောကိစ္စများ၊ နေအိမ်နှင့် စာပေး

စာယူကိစ္စများတို့ကိုမှ ဥပဒေအရ မဟုတ်သော ဝင်ရောက်စွက်ဖက်မှု မခံစေရ။ ထို့အပြင် ထိုသူ၏ ဂုဏ်သိက္ခာကို ပုတ်ခတ်ပိုင်ခွင့်မရှိ။ လူတိုင်းတွင် ထိုသို့ စွက်ဖက်ခြင်းမှသော်လည်းကောင်း၊ ပုတ်ခတ်ခံရခြင်းကိုသော်လည်းကောင်း ဥပဒေအရ ကာကွယ်ပိုင်ခွင့်ရှိသည်။

အပိုဒ် ၁၃

(က) လူတိုင်း မိမိတိုင်းပြည်နယ်နိမိတ် အပိုင်းအခြားအတွင်း လွတ်လပ်စွာ သွားလာရွှေ့ပြောင်း နေထိုင်ခွင့်ရှိသည်။

(ခ) လူတိုင်း မိမိတိုင်းပြည်အပါအဝင် အခြားမည်သည့် တိုင်းပြည်ကို မဆို ထွက်ခွာခွင့်နှင့် မိမိတိုင်းပြည်သို့ ပြန်လာခွင့်ရှိသည်။

အပိုဒ် ၁၄

(က) လူတိုင်း မတရား အပြစ်ပေးနှိပ်စက်မှုမှ လွတ်မြောက်ရန် အခြားတိုင်းပြည်များတွင် ခိုလှုံခွင့် တောင်းခံပိုင်ခွင့်ရှိသည်။

(ခ) နိုင်ငံရေးနှင့် မသက်ဆိုင်သော ပြစ်မှုမျိုး သို့မဟုတ် ကုလသမဂ္ဂ၏ ရည်မှန်းချက် မူဝါဒများကို ဖီဆန်ဆန့်ကျင်သော ပြစ်မှုမျိုးကို အမှန်တကယ် ကျူးလွန်သောကြောင့် အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသော အရေးယူမှုမျိုး ဖြစ်ပါက ဤအပိုဒ်ပါ အခွင့်အရေးနှင့် အကျုံးဝင်မှုမရှိပေ။

အပိုဒ် ၁၅

(က) လူတိုင်း နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားဖြစ်ပိုင်ခွင့်ရှိသည်။

(ခ) မည်သူကမှ ၄င်း၏ နိုင်ငံသားဖြစ်မှုမှ ကြောင်းကျိုးမဲ့ ပစ်ပယ်ခွင့်မရှိစေရ။ ထိုသူ၏ နိုင်ငံသားအဖြစ် ပြောင်းလဲပိုင်ခွင့်ကိုလည်း ငြင်းပယ်ခြင်းမရှိစေရ။

အပိုဒ် ၁၆

(က) အရွယ်ရောက်ပြီးသော အမျိုးသားနှင့် အမျိုးသမီးတိုင်းသည် လူမျိုး၊ တိုင်းရင်းသား သို့မဟုတ် ဘာသာရေးအကြောင်းပြု၍ ချုပ်ချယ်ကန့်သတ်ခြင်းမရှိစေရဘဲ လက်ထပ်ခွင့်နှင့် မိသားစုထူထောင်ပိုင်ခွင့်ရှိသည်။ လက်ထပ်ထိမ်းမြားချိန်၊ ပေါင်းသင်းချိန်နှင့် အိမ်ထောင်ပြိုကွဲသည့် အချိန်များတွင် လက်ထပ်ထိမ်မြားခြင်းနှင့် ပတ်သက်၍ ထိုအမျိုးသားနှင့် အမျိုးသမီးတို့တွင် တူညီသော အခွင့်အရေးများရှိသည်။

(ခ) ရည်ရွယ်ထားသော သတို့သားနှင့် သတို့သမီးတို့၏ လွတ်လပ်သော သဘောဆန္ဒကို အပြည့်အဝရယူမှသာ လက်ထပ်ထိမ်းမြားခြင်း ပြုရမည်။

(ဂ) မိသားစုဘဝသည် လူ့အဖွဲ့အစည်း၏ သဘာဝကျသော၊ အခြေခံကျသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ မိသားစုဘဝများကို ကာကွယ်ပေးရန် လူ့အဖွဲ့အစည်းနှင့် အစိုးရတို့က တာဝန်ရှိသည်။

အပိုဒ် ၁၇

(က) လူတိုင်းသည် ဓနပစ္စည်းများကို မိမိတစ်ဦးချင်းဖြစ်စေ၊ အခြားသူများနှင့် ဖက်စပ်၍ဖြစ်စေ ပိုင်ဆိုင်ခွင့်ရှိသည်။

(ခ) မည်သူတစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်ပစ္စည်းကိုမှ ဥပဒေကြောင်းကျိုးမဲ့ သိမ်းပိုက်ခြင်း မရှိစေရ။

အပိုဒ် ၁၈

လူတိုင်း လွတ်လပ်စွာ တွေးခေါ်ခွင့်၊ လွတ်လပ်စွာ ခံယူရပ်တည်ပိုင်ခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည်။ ဤလုပ်ပိုင်ခွင့်အရ မိမိကိုးကွယ်သော ဘာသာကို သို့မဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာ ပြောင်းလဲပိုင်ခွင့်ရှိသည်။ ထို့ပြင် မိမိတစ်ဦးတည်းသော်လည်းကောင်း၊ အခြားသူများနှင့် စုပေါင်း၍သော်လည်းကောင်း အများရှေ့တွင်ဖြစ်စေ၊ သို့မဟုတ် မိမိသီးသန့်တွင်ဖြစ်စေ၊ မိမိကိုးကွယ်ယုံကြည်မှု သို့မဟုတ် ဘာသာကို လွတ်လပ်စွာ သင်ပြနိုင်ခွင့်၊ ကျင့်သုံးခွင့်၊ ဝတ်ပြုကိုးကွယ်ခွင့်နှင့် ဆောက်တည်ခွင့်ရှိသည်။

အပိုဒ် ၁၉

လူတိုင်း လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟတင်ပြပိုင်ခွင့်ရှိသည်။ ထိုအခွင့်အရေးများအရ မိမိတင်ပြချက်များကို အနှောင့်အယှက်အဟန့်အတားမရှိ ခံယူကျင့်သုံးပိုင်ခွင့်ရှိသည်။ နယ်မြေပိုင်းခြားမှုမရှိဘဲ သတင်းစာနယ်ဇင်းများမှတစ်ဆင့် သတင်းများ၊ အယူအဆများကို ရှာဖွေဆည်းပူးခွင့်၊ လက်ခံပိုင်ခွင့်နှင့် ဖြန့်ဖြူးပိုင်ခွင့်တို့ရှိသည်။

အပိုဒ် ၂၀

လူတိုင်း ငြိမ်းချမ်းစွာ လူစုလူဝေး စုဝေးပိုင်ခွင့်နှင့် အသင်းအဖွဲ့များ ထူထောင်ဖွဲ့စည်းပိုင်ခွင့်ရှိသည်။ မည်သူကမျှ ၄င်း၏ဆန္ဒ သဘောထားမပါဘဲ အဖွဲ့အစည်းတခုသို့ဝင်ရန် အတင်းအကျပ်မပြုရ။

အပိုဒ် ၂၁

(က) လူတိုင်း မိမိတိုင်းပြည်၏ အုပ်ချုပ်ရေးလုပ်ငန်းများတွင် တိုက်ရိုက်သော်လည်းကောင်း၊ လွတ် လပ်စွာ ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များမှတစ်ဆင့်သော်လည်းကောင်း ပါဝင်ဆောင်ရွက်ပိုင်ခွင့် ရှိသည်။

(ခ) လူတိုင်း မိမိတိုင်းပြည်အတွင်းရှိ ပြည်သူ့ဝန်ထမ်းအဖွဲ့ လုပ်ငန်းများတွင် ဝင်ရောက်နိုင်ရန် တူညီသော အခွင့်အလမ်းများရှိသည်။

(ဂ) အစိုးရ၏ အာဏာသည် ပြည်သူလူထု၏ ဆန္ဒအပေါ်တွင် အခြေခံရမည်။ ပြည်သူ့ဆန္ဒများကို အချိန်ပိုင်းခြားလျက် ကျင်းပပေးသည့် စစ်မှန်သော ရွေးကောက်ပွဲများဖြင့် ဖော်ထုတ်စေရမည်။ ရွေးကောက်ပွဲများတွင် လူတိုင်း အညီအမျှ မဲပေးနိုင်ခွင့်ရှိရမည့်အပြင် ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ ကျင်းပရမည်။

အပိုဒ် ၂၂

လူသားတိုင်းသည် လူအဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ယောက် ဖြစ်သည့်အားလျော်စွာ လူမှုရေးလုံခြုံခွင့် ခံစားပိုင်ခွင့်ရှိရမည်။ ထို့ပြင် မိမိ၏ ကိုယ်ပိုင်အရည်အသွေးနှင့် ကိုယ်ပိုင်ဂုဏ်သိက္ခာတို့ကို လွတ်လပ်စွာ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် မလွဲမသွေ လိုအပ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို သဘောပေါက်ခံယူနိုင်ရန် အခွင့်အရေးများ ရှိရမည်။ ထိုသို့ သဘောပေါက်ခံယူနိုင်ရန် မိမိနိုင်ငံ၏ ဖွဲ့စည်းပုံ၊ နိုင်ငံရှိ အရင်းအမြစ် အင်အားများနှင့် လိုက်လျောညီထွေဖြစ်သည့် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်မှုများဖြင့် တစ်မျိုး၊ နိုင်ငံတကာ၏ ပူပေါင်းဆောင်ရွက်မှုဖြင့် တစ်ဖုံ ဆောင်ရွက်ရမည်။

အပိုဒ် ၂၃

(က) လူတိုင်း အလုပ်လုပ်ခွင့်၊ မိမိအလုပ်ကို မိမိလွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်နှင့် တရားမျှတ၍ သင့်

လျော်သော လုပ်ငန်းခွင်ကို ရွေးချယ်ခွင့်နှင့် အလုပ်လက်မဲ့ဖြစ်ရခြင်းမှ ကာကွယ်မှုရရှိခွင့်များ ခံစားပိုင်ခွင့်ရှိသည်။

(ခ) လူတိုင်းခွဲခြားမှုမရှိဘဲ တူညီသောအလုပ်အတွက် တူညီသော အခကြေးငွေကို ရရှိခံစားပိုင်ခွင့်ရှိသည်။

(ဂ) အလုပ်လုပ်သည့် လအတွင်း မိမိနှင့် မိမိ၏ မိသားစုအတွက် လူဂုဏ်သိက္ခာနှင့် ညီညွတ်အောင် နေထိုင်စားသောက်နိုင်ရန် စိတ်ချလောက်သည့်အပြင် တရားမျှတ၍ သင့်တင့်လျောက်ပတ်သော လစာ ခံစားပိုင်ခွင့်ရှိသည်။ လိုအပ်ပါက အခြားနည်းလမ်းများမှ လူမှုရေးအထောက်အပံ့များကိုလည်း ထပ်မံ ရပိုင်ခွင့်ရှိသည်။

(ဃ) လူတိုင်း မိမိအကျိုးစီးပွားကို ကာကွယ်ရန် အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းပိုင်ခွင့်နှင့် ဝင်ရောက် ပိုင်ခွင့်ရှိသည်။

အပိုဒ် ၂၄

လူတိုင်း သင့်တင့်လျောက်ပတ်သော အလုပ်ချိန်အပြင် အခါအားလျော်စွာ သတ်မှတ်ထားသော လစာနှင့် ခွင့်ယူခွင့်အပါအဝင် အပန်းဖြေအနားယူခွင့် ရှိသည်။

အပိုဒ် ၂၅

(က) လူတိုင်းသည် မိမိနှင့် မိမိ၏မိသားစု ကျန်းမာရေးနှင့်တကွ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းစွာနေထိုင် နိုင်ရေးအတွက် လိုအပ်သော အစားအစာ၊ အဝတ်အစား၊ အိုးအိမ်၊ ဆေးဝါးပစ္စည်းနှင့် အခြားလိုအပ် သောလူမှုရေး အထောက်အပံ့များပါဝင်သော သင့်တင့်လျောက်ပတ်သည့် လူမှုအဆင့်အတန်းကို ရယူ ခံစားခွင့်ရှိသည်။ ထို့ပြင် အလုပ်လက်မဲ့ဖြစ်သည့်အခါတွင်လည်းကောင်း၊ မကျန်းမမာ ဖြစ်သည့်အခါ တွင်လည်းကောင်း၊ ကိုယ်အင်္ဂါ မစွမ်းမသန် ဖြစ်သောအခါတွင်လည်းကောင်း၊ မိမိခင်ပွန်း သို့မဟုတ် ဇနီး သေဆုံးသွားသောအခါတွင်လည်းကောင်း၊ အသက်အရွယ် အိုမင်းလာသောအခါတွင် လည်းကောင်း၊ မိမိပယောဂကြောင့်မဟုတ်သော အလုပ်အကိုင်မဲ့ခြင်းကို ရင်ဆိုင်ရသောအခါတွင်လည်းကောင်း နေ ထိုင်စားသောက်ရေးအတွက် လုံခြုံစိတ်ချရမှု အခွင့်အရေး ခံစားပိုင်ခွင့်ရှိသည်။

(ခ) သားသည်မိခင်များနှင့် ကလေးငယ်များကို အထူးစောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းတို့ကို ပေးရမည်။ တရားဝင်လက်ထပ် ထိမ်းမြားပြီး မွေးလာသော ကလေးဖြစ်စေ၊ တရားမဝင် မွေးလာသော ကလေးပင်ဖြစ်စေ တူညီသော လူမှုကာကွယ်စောင့်ရှောက်ရေးကို ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် ၂၆

(က) လူတိုင်း ပညာသင်ကြားပိုင်ခွင့်ရှိသည်။ အနည်းဆုံး မူလတန်းပညာနှင့် အခြေခံအဆင့် ပညာရေး သည် အခမဲ့ဖြစ်စေရမည်။ မူလတန်းပညာသည် မသင်မနေရဖြစ်ရမည်။ စက်မှုလက်မှုပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများကို ယေဘုယျအားဖြင့် လူအများ သင်ကြားပိုင်ခွင့် ရရမည်။ အထက်တန်းပညာနှင့် အဆင့်မြင့်ပညာများကို အရည်အချင်းအပေါ် မူတည်၍ သင်ကြားနိုင်ရန် တူညီ သော အခွင့်အလမ်း ရရှိစေရမည်။

(ခ) ပညာရေးကို လူသားတို့၏ ကိုယ်ပိုင်အရည်အသွေးများ တိုးတက်ဖြစ်ပေါ် ပြည့်ဝလာစေရန်နှင့် လူ့ အခွင့်အရေး အခြေခံလွတ်လပ်ခွင့်များကို လေးစားမှု။

အပိုဒ် ၂၇

(က) လူတိုင်းသည် လူမှုအဖွဲ့အစည်း၏ ယဉ်ကျေးမှုဘဝတွင် လွတ်လပ်စွာ ပါဝင်ပိုင်ခွင့်၊ အနုပညာ သုခုမပညာရပ်များကို လွတ်လပ်စွာ လိုက်စားမွေ့လျော်နိုင်ခွင့်၊ သိပ္ပံပညာထွန်းကားရေး လုပ်ငန်း

များတွင် လွတ်လပ်စွာ ဝင်ရောက်လုပ်ကိုင်ခွင့်နှင့် ထိုပညာ၏ အကျိုးအမြတ်တို့ကို လွတ်လပ်စွာ သုံးစွဲပိုင်ခွင့်ရှိသည်။

(ခ) လူတိုင်းသည် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ကြံစည်ဖန်တီးမှုမှ ဖြစ်ထွန်းလာသော သိပ္ပံပညာဆိုင်ရာ တီထွင်မှုများ၊ စာပေဆိုင်ရာ သို့မဟုတ် အနုပညာဆိုင်ရာ ဖန်တီးမှုများတို့၏ ဂုဏ်နှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အကျိုးအမြတ်များကို ခံစားရယူနိုင်ရန်အတွက် ကာကွယ်မှုများ ရရှိပိုင်ခွင့်ရှိသည်။

အပိုဒ် ၂၈

လူတိုင်း ဤစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အပြည့်အဝ အလေးထား အသိအမှတ်ပြုသော လူမှုဆက်ဆံရေး အခြေအနေနှင့် နိုင်ငံတကာဆက်ဆံရေး အခြေအနေတို့၏ အကျိုးကျေးဇူးကို ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် ၂၉

(က) လူသားတိုင်းသည် မိမိကိုယ်ပိုင် အရည်အသွေးကို တိုးတက်ဖြစ်ပေါ် ပြည့်ဝလာအောင် လွတ်လွတ်လပ်လပ် ဆောင်ရွက်မှုပေးနိုင်သော လူ့ဘောင်အား ပြန်လည်ပေးဆပ်ရန် တာဝန်ဝတ္တရားရှိသည်။

(ခ) လူတစ်ဦးတစ်ယောက်သည် မိမိ၏ အခွင့်အရေးနှင့် လွတ်လပ်မှုကို ရယူရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ထိုက်ထိုက်တန်တန် အသိအမှတ်ပြုလေးစားရမည်။ ဒီမိုကရေစီစနစ် ထွန်းကားသော လူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စည်းကမ်းသေဝပ်မှုရှိရေးနှင့် ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းရေးတို့အတွက် တရားမျှတစွာ ကျင့်ဆောင်ရန်အတွက် ရည်ရွယ်၍ ပြဋ္ဌာန်းထားသော ကန့်သတ်ချက်မျိုးကို လူတိုင်း လိုက်နာရမည်။

(ဂ) ဤအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကမ္ဘာ့ကုလသမဂ္ဂ၏ ရည်မှန်းချက်နှင့် အခြေခံမူများအား ဆန့်ကျင်သော ကိစ္စရပ်များတွင် ရယူကျင့်သုံးပိုင်ခွင့် မရှိစေရ။

အပိုဒ် ၃၀

ဤစာတမ်းပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ဖျက်လိုဖျက်ဆီးဖြစ်စေမည့် လုပ်ငန်းရပ်များအား မည်သည့် နိုင်ငံ၊ မည်သည့် အဖွဲ့အစည်း၊ မည်သည့် လူပုဂ္ဂိုလ်ကမှ ကိုယ်တိုင်လုပ်ဆောင်ခွင့်၊ ပါဝင်လုပ်ဆောင်ခွင့် မရှိကြောင်း ဤကြေညာစာတမ်းက အတိအလင်းကြေညာသည်။

(www.un.org/en/documents/udhr/)

❒

tykdif;4?aemufqufw(u-2)

t&yfbufESifhkdifa&;tcGifha&;rsm;qkdif&m

tjynjfynfqkdif&m oabmwpfcsKyf

Ekdifbl;ESifhkdifa&;tcGifha&;rsm;qkdif&m EkdifwlumoabmwhcDuf(ICCPR)

နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (ICCPR) သည် အဖွဲ့ဝင်နိုင်ငံများကို လူတစ်ဦးစီ၏ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဖြစ်သော ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ သက်ရှင်ရပ်တည်ပိုင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ ရွေးကောက်တင်မြှောက်ခွင့်၊ တင်မြှောက်ခံပိုင်ခွင့်နှင့် မျှတသော တရားစီရင်မှုရရှိခွင့်တို့ကို လေးစားစေသည့် သဘောတူညီချက်ဖြစ်သည်။

သဘောတူညီချက် (စာချုပ်) တစ်ခုအနေဖြင့် နိုင်ငံတကာ ဥပဒေတစ်ခုအနေဖြင့် အသုံးပြုနိုင်သည်။

အပိုင်းခြောက်ပိုင်းနှင့် အပိုဒ် ၅၃ ပိုဒ်ပါဝင်သည်။ အပိုင်း ၁ မှ ၃ အထိ အပိုဒ် ၁ မှ အပိုဒ် ၂၇ အထိသည် လူတစ်ဦးစီ၏ အခွင့်အရေးများနှင့် နိုင်ငံများ၏ ဝတ္တရားများကို ဖော်ပြထားသည်။ ၄င်းတို့ကို တစ်ခုချင်း အကျဉ်းချုံး ဖော်ပြထားသည်။ အပိုင်း ၄ မှ အပိုင်း ၆ အထိ အပိုဒ် ၂၈ မှ ၅၃ အထိသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စများဖြစ်ပြီး နိုင်ငံများ၏ တိုးတက်မှုများနှင့် စွမ်းဆောင်ရည်များ၊ ICCPR နှင့် အခြား ကုလသမဂ္ဂစာချုပ်များအကြား ဆက်နွယ်မှုကို လေ့လာစောင့်ကြည့်ရန်အတွက် လူ့အခွင့်အရေး ကော်မတီ ဖွဲ့စည်းမှုနှင့် ပတ်သက်သည့် ကိစ္စရပ်များ ဖြစ်သည်။

နောက်ကြောင်းပြန် သက်ရောက်သည့် ဥပဒေ - တစ်ခုခုဖြစ်ပေါ်လာပြီးနောက်တွင်မှ ရေးဆွဲပြီး ထိုသို့ မရေးဆွဲမီကတည်းက ပြုလုပ်ခဲ့သော လုပ်ရပ်ကို ပြစ်မှုအဖြစ် သတ်မှတ်နိုင်သော ဥပဒေဖြစ်သည်။ တစ်နည်းဆိုရသော် နိုင်ငံများသည် ဥပဒေမပေါ်ခင်က ပြုလုပ်ခဲ့သော လုပ်ရပ်များအတွက် တရားစွဲဆိုခြင်း မပြုရ။

မည်သည့်နည်းနှင့်မျှ ခွဲခြားဆက်ဆံမှုမပြုဘဲ - ICCPR တွင် ထိုသို့ရေးသားခြင်းသည် ခွဲခြား ဆက်ဆံမှုမရှိ (သို့မဟုတ်) မည်သို့မျှ ခွဲခြားဆက်ဆံမှုမပြုဟု အဓိပ္ပာယ်ရသည်။ ခွဲခြားဆက်ဆံမှုများတွင် 'လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားအတွေးအမြင်၊ နိုင်ငံ သို့မဟုတ် လူမှုရေးဇာတိ၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှု သို့မဟုတ် အခြားအခြေအနေ' များကို မူတည်၍ ခွဲခြား မှုများ ပါဝင်သည်။

အပိုဒ် ၁

အပိုဒ် ၁

လူသားအားလုံးတွင် (မိမိကိုယ်ကိုယ် ပြဋ္ဌာန်းနိုင်ရန်) မိမိကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ သူတို့၏ နိုင်ငံရေးရပ်တည်ချက်ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိပြီး ကိုယ်ပိုင်စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ခွင့်ရှိသည်။

သူတို့၏ သဘာဝသယံဇာတနှင့် ပိုင်ဆိုင်မှုများကို လွတ်လပ်စွာ စွန့်လွှတ်ပိုင်ခွင့်ရှိသည်။ လူ အများသည် သူတို့ကိုယ်ပိုင် ရပ်တည်ပိုင်ခွင့်နည်းလမ်းများ မရှိမှု မဖြစ်စေရ။

ကိုလိုနီနယ်မြေများ (ကိုယ်ပိုင်အုပ်ချုပ်ခွင့် မပေးထားသော၊ ယုံကြည်လွှဲအပ်ထားသော နယ်မြေ များ) ရှိသော နိုင်ငံများအနေဖြင့် မိမိကိုယ်ကိုယ်ပြဋ္ဌာန်းခွင့် (ကိုယ်ပိုင်အုပ်ချုပ်ခွင့် သို့မဟုတ် လွတ်လပ် ရေး) ကို ရရှိခွင့်ကို မြှင့်တင်ပေးရမည်။

အပိုဒ် ၂

အပိုဒ် ၂

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံသားများအားလုံးသည် ခွဲခြားဆက်ဆံခံရမှုမရှိဘဲ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို ရရှိပိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးရမည်။

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံသားများအတွက် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများကို ရရှိစေရန်အတွက် နိုင်ငံ၏ ဥပဒေများကို ပြင်ဆင်မှု ပြုလုပ်ပေးရမည်။

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ထိုအခွင့်အရေးများ ချိုးဖောက်ခံရသူများအတွက် ဥပဒေရေးရာ ကုစားမှုများ ပြုလုပ်ပေးရမည်။

အပိုဒ် ၃

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အမျိုးသားများနှင့် အမျိုးသမီးများ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့် အရေးများ အပြည့်အဝ တန်းတူညီမျှ ရရှိစေရန် ဆောင်ရွက်ပေးရမည်။

အပိုဒ် ၄ နှင့် ၅

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် 'နိုင်ငံတည်မြဲရေးကို ခြိမ်းခြောက်သည့်' အများပြည်သူအတွက် အရေးပေါ်အခြေအနေ ရောက်သည့်အချိန်များတွင်သာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို ကန့် သတ်နိုင်သည်။ သို့သော် ထိုအခွင့်အရေးများကို ကန့်သတ်ခြင်းဟူသည်မှာ မည်သည့်အနေအထားဖြင့်

ခွဲခြားမှုမျိုးမှ ပါဝင်ခြင်း မရှိစေရ။

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အသက်ရှင်ရပ်တည်ပိုင်ခွင့်၊ ညှဉ်းပန်းနှိပ်စက်မှု၊ ကျွန်ပြုမှုနှင့် နောက်ကြောင်းပြန် သက်ရောက်သော ဥပဒေများမှ ကင်းလွတ်ခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ထင်မြင်ယူဆခွင့် သို့မဟုတ် ကိုးကွယ်ခွင့်များကို အရေးပေါ်ကာလများတွင်ပင်လျှင် ကန့်သတ်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း မပြုရ။

[illegible]

အပိုဒ် ၆ မှ အပိုဒ် ၂၇ အထိတွင် အခွင့်အရေးများနှင့် ထိုအခွင့်အရေးများကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာ လုပ်ငန်းဖော်ဆောင်မှုများကို စာရင်းပြု ဖော်ပြထားသည်။

အပိုဒ် ၆

လူသားတိုင်းတွင် မွေးရာပါ အသက်ရှင်ရပ်တည်ပိုင်ခွင့်ရှိသည်။ ထိုအခွင့်အရေးကို ဥပဒေဖြင့် ကာကွယ်ပေးထားရမည်။ မည်သူမျှ အကြောင်းတစ်စုံတစ်ရာမရှိဘဲ သူ၏ အသက်ရှင်ရပ်တည်ခွင့်ကို ထိခိုက်ခြင်းမရှိစေရ။ သေဒဏ်ကို ဖျက်သိမ်းခြင်း မပြုရသေးသောနိုင်ငံများတွင် အပြင်းထန်ဆုံး ရာဇဝတ်မှုများအတွက်သာ သေဒဏ်ကို အသုံးပြုရမည်။ သေဒဏ်ချမှတ်ခံရသူ မည်သူမဆို သေဒဏ်မှ ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့် တောင်းခံနိုင်သည့် အခွင့်အရေးရှိသည်။ အသက် ၁၈ နှစ်အောက် လူငယ်များကို သေဒဏ်ချမှတ်ခြင်းမပြုရ။ ကိုယ်ဝန်ဆောင်အမျိုးသမီးကို သေဒဏ်စီရင်ခြင်း မပြုရ။

အပိုဒ် ၇

"ညှဉ်းပန်းမှု သို့မဟုတ် ရက်စက်သော၊ လူမဆန်သော သို့မဟုတ် လူသားအဖြစ်မှ လျော့ကျစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုများ"မှ ကင်းလွတ်ခွင့်။ ထို့အပြင် အလိုမတူဘဲ ဆေးပညာ သို့မဟုတ် သိပ္ပံပညာ စမ်းသပ်မှုများမှ ကင်းလွတ်ခွင့်ရှိရမည်။

အပိုဒ် ၈

အလုပ်ကြမ်းကို ရာဇဝတ်မှုအတွက် ပြစ်ဒဏ်တစ်ခုအဖြစ် သတ်မှတ်ထားသည့် နိုင်ငံများမှအပ ကျွန်ပြုမှု၊ အတင်းအဓမ္မ အလုပ်ပေးမှု သို့မဟုတ် ခိုင်းစေမှုများမှ လွတ်လပ်ပိုင်ခွင့်။

အပိုဒ် ၉

အကြောင်းတစ်စုံတစ်ရာမရှိဘဲ ဖမ်းဆီးမှု သို့မဟုတ် ချုပ်နှောင်မှုမှ လွတ်လပ်ပိုင်ခွင့်။ ဖမ်းဆီးခံရသူသည် မည်သည့်အတွက်ကြောင့် ဖမ်းဆီးခံရသည်ဟူသည့် အချက်အလက် အပြည့်အစုံ ရရှိရမည်။ ချက်ချင်း စွဲချက်တင်ရမည်။ ရုံးတင်ရမည်။ တရားမဲ့ ဖမ်းဆီးမှု သို့မဟုတ် ချုပ်နှောင်မှုခံရသူများအတွက် လျော်ကြေးရရှိခွင့်ရှိရမည်။

အပိုဒ် ၁၀

အကျဉ်းသားများအနေဖြင့် လူသားဆန်စွာ ဆက်ဆံခံရပိုင်ခွင့်။ ပြစ်ဒဏ်ချမှတ်ခံရပြီး အကျဉ်းသားများနှင့် စစ်ဆေးဆဲ အကျဉ်းသားများ၊ သက်ကြီးအကျဉ်းသားများနှင့် သက်ငယ်အကျဉ်းသားများ ခွဲခြားနေပိုင်ခွင့်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အကျဉ်းသားများအားလုံး ပြန်လည်ထူထောင်ရန် နည်းလမ်းများကို ပံ့ပိုးပေးရမည်။

အပိုဒ် ၁၀

စာချုပ်ပါ ကတိကဝတ် ပျက်ကွက်မှုအတွက် မည်သူမှ အကျဉ်းချခံထားရခြင်း မရှိစေရ။

အပိုဒ် ၁၂

လူတိုင်းတွင် လွတ်လပ်စွာ ရွှေ့ပြောင်းနေထိုင်ခွင့်ရှိသည်။ နေထိုင်ရန် နေရာရွေးချယ်ခွင့်၊ နိုင်ငံစွန့်ခွာခွင့်၊ နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ရှိသည်။ နိုင်ငံလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ကျန်းမာရေး သို့မဟုတ် ကျင့်ဝတ် သို့မဟုတ် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ထိခိုက်နိုင်သည့်အတွက် လိုအပ်သည့် အချိန်များမှအပ ထိုအခွင့်အရေးများကို ကန့်သတ်ထားခြင်းမရှိစေရ။

အပိုဒ် ၁၃

နိုင်ငံတွင်း ဥပဒေနှင့်အညီ နေထိုင်နေသော နိုင်ငံသားမဟုတ်သူများ(နိုင်ငံခြားသားများ)ကို ဥပဒေနည်းလမ်းများဖြင့် ပြည်နှင်ဒဏ်ပေးခြင်းမပြုလုပ်ရ။ သူတို့တွင် ပြည်နှင်ဒဏ်ပေးခြင်းကို စောဒကတက်ပိုင်ခွင့်ရှိသည်။

အပိုဒ် ၁၄

တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမှုမှုရှိခွင့်၊ မျှတသော အများပြည်သူရှေ့မှောက် တရားစီရင်မှုကို ရရှိပိုင်ခွင့်ရှိသည်။ သတင်းထောက်များနှင့် အများပြည်သူရှေ့မှောက် ကြားနားခြင်းသည် ကျင့်ဝတ်၊ တရားဥပဒေစိုးမိုးရေး သို့မဟုတ် နိုင်ငံလုံခြုံရေးကို ထိခိုက်စေသည့်အခါများတွင်သော်လည်းကောင်း၊ ကိုယ်ရေးကိုယ်တာဘဝ(ကိုယ်ရေးကိုယ်တာ) လုံခြုံမှုကို အကာအကွယ်ပေးရန်သော်လည်းကောင်း၊ အများပြည်သူရှေ့မှောက် ကြားနာမှုသည် တရားမျှတမှုကို ထိခိုက်စေလျှင်သော်လည်းကောင်း အများပြည်သူရှေ့မှောက် ကြားနာမှုကို ကန့်သတ်နိုင်သည်ဟု ဤအပိုဒ်တွင် ကန့်သတ်ထားသည်။ တရားဥပဒေအရ အပြစ်ရှိသည်ဟု ချမှတ်ခြင်းမခံရသေးသရွေ့ အပြစ်မဲ့သည်ဟု မှတ်ယူပိုင်ခွင့်ရှိသည်။ စွဲချက်တင်ခံရသူသည် အနိမ့်ဆုံး အောက်ပါအခြေအနေများကို ရရှိပိုင်ခွင့်ရှိသည်။

- သူနားလည်သော ဘာသာစကားဖြင့် သူ့အပေါ်တင်ထားသည့် စွဲချက်ကို ကြားသိနိုင်ခွင့်
- ကာကွယ်မှုပြုရန်နှင့် ရှေ့နေရွေးချယ်ရန်အတွက် လုံလောက်သော အချိန်နှင့် အခြေအနေ
- လျင်လျင်မြန်မြန် ကြားနာခံရပိုင်ခွင့်
- ဥပဒေရေးရာ အထောက်အပံ့နှင့် ဥပဒေရေးရာ အကူအညီ
- သက်သေများကို စစ်ဆေးပိုင်ခွင့်
- တရားရုံးတွင် အသုံးပြုသည့် ဘာသာစကားကို နားမလည်ပါက ဘာသာပြန်ဆိုပေးခြင်း
- မှန်ကန်ကြောင်း စစ်ဆေးခံရန် သို့မဟုတ် ဝန်ခံရန်အတွက် အင်အားသုံး ဖိအားပေးခြင်းမပြုခြင်း
- အယူခံပိုင်ခွင့်
- မှားယွင်းစီရင်မှု ခံရပါက လျော်ကြေးရရှိပိုင်ခွင့်
- ပထမအကြိမ်တွင် ပြစ်ဒဏ်ကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ တူညီသော ပြစ်မှုအတွက် ဒုတိယအကြိမ် တရားစွဲဆိုခြင်း သို့မဟုတ် အပြစ်ပေးခြင်း မပြုရ။

အပိုဒ် ၁၅

ဥပဒေပြဋ္ဌာန်းခြင်းမပြုမီက ကျူးလွန်ခဲ့သော ပြစ်မှုအတွက် အပြစ်ရှိသည်ဟု ယူဆ မခံရခွင့် သို့မဟုတ် တိုးမြှင့်အပြစ်ပေး မခံရခွင့်။

အပိုဒ် ၁၆

မည်သည့်နေရာတွင်မဆို လူတိုင်းသည် ဥပဒေရှေ့မှောက်တွင် လူသားတစ်ဦးအဖြစ် ယူဆခံရပိုင်ခွင့်ရှိရမည်။

အပိုဒ် ၁၇

ကိုယ်ရေးကိုယ်တာ၊ မိသားစု၊ အိုးအိမ် သို့မဟုတ် စာပေးစာယူ၊ ဂုဏ်သိက္ခာ၊ အမည်သတင်းတို့နှင့် ပတ်သက်ပြီး လုံခြုံခွင့်ရှိရမည်။ ထိုလုံခြုံရေး ချိုးဖောက်ခံရပါက ဥပဒေအရ အကာအကွယ်ပေးရမည်။

အပိုဒ် ၁၈

အများပြည်သူ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ကျန်းမာရေး သို့မဟုတ် ကျင့်ဝတ် သို့မဟုတ် အခြားသူများ၏ အခွင့်အရေးများကို ကာကွယ်ရန် ဥပဒေများပြဋ္ဌာန်းထားရသည့် အခြေအနေများတွင်မှအပ လွတ်လပ်စွာ တွေးတောခွင့်၊ ယူဆခွင့်၊ ကိုးကွယ်ခွင့် ရှိရမည်။

မိဘများတွင် မိမိကလေးငယ်များအား ဘာသာရေးနှင့် ကိုယ်ကျင့်တရား ပညာပေးမှုများကို ရွေးချယ်ပိုင်ခွင့်။

အပိုဒ် ၁၉

လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိခွင့်။ ထိုအခွင့်အရေးများသည် အောက်ပါတို့ကို ထိခိုက်စေသည့်အခါများတွင်သာ ကန့်သတ်မှုများ ပြုလုပ်ရမည်။

- အခြားသူများ၏ အခွင့်အရေးများနှင့် အမည်သတင်း
- နိုင်ငံလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ ကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်တရား

အပိုဒ် ၂၀

စစ်ပွဲအတွက် လှုံ့ဆော်စည်းရုံးမှုများအားလုံးကို ကန့်သတ်ရမည်။ အမျိုးသားရေး၊ လူမျိုးရေး၊ ဘာသာရေး အမုန်းပွားမှုများကို လှုံ့ဆော်လျက် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများကို ဖြစ်ပွားစေခြင်းတို့ကို ဥပဒေဖြင့် တားမြစ်ပိတ်ပင်ရမည်။

အပိုဒ် ၂၁

ငြိမ်းချမ်းစွာ စုဝေးပိုင်ခွင့်။

အပိုဒ် ၂၂

အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းခွင့်၊ ပါဝင်ခွင့် အပါအဝင် လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်။

အပိုဒ် ၂၃

မိသားစုများသည် လူ့အဖွဲ့အစည်းတွင် သဘာဝကျသော၊ အခြေခံကျသော အုပ်စုအဖွဲ့ဖြစ်သည်၊ လူ့အဖွဲ့စည်းနှင့် နိုင်ငံ၏ ကာကွယ်ပေးမှုကို ရရှိခွင့်ရှိသည်ဟု ယူဆရမည်။

လက်ထပ်ထိမ်းမြားခွင့်နှင့် မိသားစုထူထောင်ခွင့်။ ဖိအားပေး လက်ထပ်ထိမ်းမြားစေမှုမှ လွတ်ကင်းခွင့်၊ အိမ်ထောင်တွင် ယောကျ်ား၊ မိန်းမ တန်းတူညီမျှ သတ်မှတ်ခံရပိုင်ခွင့်။ အိမ်ထောင်တစ်ခု ဖျက်သိမ်းရာ (ပျက်ရာ)တွင် ယောကျ်ား၊ မိန်းမ တန်းတူအခွင့်အရေးရှိခွင့်။

အပိုဒ် ၂၄

ကလေးသူငယ်များ၏ အကာအကွယ် ရရှိပိုင်ခွင့်။

ကလေးသူငယ်တိုင်းသည် မှတ်ပုံတင်ခံရခွင့်၊ အမည်ရရှိခွင့်နှင့် နိုင်ငံသားခံယူနိုင်ခွင့်ရှိသည်။

အပိုဒ် ၂၅

နိုင်ငံရေးတွင် လွတ်လပ်စွာ ပါဝင်ခွင့်၊ နိုင်ငံရေးပါတီ ဝင်ရောက်ခွင့်၊ မဲပေးခွင့်၊ ရွေးကောက်ပွဲ ဝင်ခွင့်။

အပိုဒ် ၂၆

ခွဲခြားဆက်ဆံခြင်းမခံရဘဲ ဥပဒေရှေ့မှောက် တန်းတူဖြစ်ခွင့်၊ ဥပဒေအရ တန်းတူအကာအကွယ်ပေး ခံရပိုင်ခွင့်။

အပိုဒ် ၂၇

တိုင်းရင်းသား၊ ဘာသာတရား၊ ဘာသာစကားအရ လူနည်းစုဖြစ်သူများအနေဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှုကို ကျင့်သုံးခွင့်၊ ကိုယ်ပိုင်ဘာသာတရားကို ကိုးကွယ်ခွင့်၊ ကိုယ်ပိုင်ဘာသာစကားကို အသုံးပြုခွင့်။

အပိုဒ် ၂၈

အပိုဒ် ၂၈ မှ ၄၅ အထိသည် လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းပုံနှင့် လုပ်ငန်းများ၊ အစီရင်ခံပုံနှင့် စောင့်ကြည့်လေ့လာမှုတို့ ပါဝင်သည်။

အပိုဒ် ၄၆

အပိုဒ် ၄၆ မှ ၄၇ အထိသည် သဘောတူစာချုပ်နှင့် ကုလသမဂ္ဂ ဆက်နွယ်မှုကို ဖော်ပြသည်။

အပိုဒ် ၄၈

အပိုဒ် ၄၈ မှ ၅၃ အထိသည် အတည်ပြုမှု၊ စတင်သက်ရောက်မှုနှင့် ပြင်ဆင်မှုတို့ အကြောင်းဖြစ်သည်။

yxrtudeemufquf wGabmwhDuf

နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် ပထမအကြိမ် နောက်ဆက်တွဲ သဘောတူညီချက်တွင် ICCPR အတွက် တစ်ဦးချင်းမှ တိုင်ကြားနိုင်သည့် ယန္တရားကို ဖော်ပြထားသည့် နိုင်ငံတကာသဘောတူစာချုပ်တစ်ခုဖြစ်သည်။

နောက်ဆက်တွဲတွင် တစ်ဦးချင်းအနေဖြင့် ၄င်းတို့၏ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ ချိုး ဖောက်ခံရပါက တိုင်ကြားမှုများပြုလုပ်နိုင်မည့် နည်းလမ်းများ ပါဝင်သည်။ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီသည် အခွင့်အရေး ချိုးဖောက်မှုများအတွက် လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများ၏ တိုင်ကြားမှုများကို လက်ခံပိုင်ခွင့်ရှိသည်။
- ပြည်တွင်း (နိုင်ငံအဆင့်) နည်းလမ်းများအားလုံးကို ကြိုးစားပြီးမှသာ တိုင်ကြားနိုင်သည်။
- အမည်မဖော်ဘဲ တိုင်ကြားခွင့်မရှိ။

- တိုင်ကြားခံရသူများကို ကော်မတီက အသိပေးမည်ဖြစ်ပြီး၊ ထိုအသိပေးချက်ရပြီး ခြောက်လအတွင်း တုံ့ပြန်မှုပြုရမည်။
- တိုင်ကြားမှုနှင့် တုံ့ပြန်မှု နှစ်မျိုးစလုံးကို သုံးသပ်ပြီးနောက် ကော်မတီသည် သုံးသပ်ဆုံးဖြတ်ချက်များကို နှစ်ဖက်စလုံးထံ ပေးပို့ရမည်။

'kwd,tudkaemufqufwGJabmwhDuf

ICCPR ဒုတိယအကြိမ် နောက်ဆက်တွဲသဘောတူညီချက်ကို ၁၉၈၉ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ၁၉၉၁ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့သည်။ လက်မှတ်ထိုးဖက်နိုင်ငံများ (စာချုပ်ကို လက်မှတ်ထိုး၊ သဘောတူထားသည့် နိုင်ငံများ) အနေဖြင့် ၄င်းတို့၏ နယ်နိမိတ်အတွင်း သေဒဏ်ကို ပယ်ဖျက်ရန် သဘောတူညီချက်ဖြစ်သည်။ စစ်ပွဲများအတွင်း ကျူးလွန်သည့် ကြီးမားသော ပြစ်မှုများအတွက် သေဒဏ် စီရင်ရန် ခြွင်းချက်ပေးထားသည်။

သဘောတူညီချက်အပြည့်အစုံကို www2.ohchr.org/english/law/ccpr.htm တွင် ဖတ်ရှုနိုင်ပါသည်။

❒

tykdif;4?aemufqufw(u-3)

pD;yGm;a&;? vrl a&;EdkifiHh,Ofus;rsufqkdif;wm tcGifha&;rsm; tjynfjynfqkdif;wm oabmwpfcsufyf

pD;yGm;a&;? vrl a&;? ,Ofus;rsufqkdif;wm tcGifha&;rsm;qkdif;wm EdkifiHwuf oabmwhcsufuf

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်သည် စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူတစ်ဦးချင်းစီ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ ရရှိစေရေး ဆောင်ရွက်စေသော စာချုပ်တစ်ခုဖြစ်သည်။ ထိုအခွင့်အရေးများတွင် အလုပ်အကိုင်ရပိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်၊ ပညာသင်ကြားပိုင်ခွင့်၊ လုံလောက်သော လူနေမှုအဆင့်အတန်း ရပိုင်ခွင့်တို့ ပါဝင်သည်။

ထိုသဘောတူညီချက်ကို ကုလသမဂ္ဂ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေး ကော်မတီက စောင့်ကြည့်ကိုင်တွယ်သည်။ အပိုင်းငါးပိုင်း ပါဝင်ပြီး အပိုဒ် ၃၁ ပိုဒ် ပါဝင်သည်။

tusOf,csufyf

tykdif;1

အပိုဒ် ၁

အောက်ပါအခွင့်အရေးများကို အသိအမှတ်ပြုသည်။

- မိမိကိုယ်ကိုယ် ပြဋ္ဌာန်းပိုင်ခွင့်နှင့် မိမိ၏ နိုင်ငံရေးရပ်တည်ချက်ကို လွတ်လပ်စွာ ရွေးချယ်ခွင့်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ပိုင်ခွင့်
- သဘာဝသယံဇာတနှင့် ကြွယ်ဝမှုများကို လွတ်လပ်စွာ ရောင်းချစွန့်ပယ်ပိုင်ခွင့်

- အသက်ရှင်ရပ်တည်မှုအတွက် နည်းလမ်းများ ရှိနေခွင့်
- ကိုလိုနီနိုင်ငံများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် (လွတ်လပ်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး) တို့ကို မြှင့်တင်ရန် စာချုပ်အဖွဲ့ဝင်နိုင်ငံများကို သဘောတူစေသည်။

tykdf 2

အပိုဒ် ၂

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်။

- ICESCR တွင် ပါဝင်သည့် အခွင့်အရေးများကို ဥပဒေများ ပြဋ္ဌာန်းခြင်းအပါအဝင် နည်းမျိုးစုံဖြင့် အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရေးအတွက် တိုးတက်အောင်မြင်မှုရစေရန် ဆောင်ရွက်ရမည်။
- 'လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ဘာသာတရား၊ နိုင်ငံရေး သို့မဟုတ် အခြားအတွေး အမြင်၊ နိုင်ငံ သို့မဟုတ် လူမှုရေး ဇာတိ၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှု သို့မဟုတ် အခြားရပ်တည်မှုအခြေအနေ' တို့ကို အခြေခံ၍ ခွဲခြားဆက်ဆံမှုမရှိဘဲ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူမှုရေးအခွင့်အရေးများကို အကောင်အထည်ဖော်နိုင်စေရမည်။

ICESCR တွင် အသိအမှတ်ပြုထားသည့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို နိုင်ငံသား မဟုတ်သူများအား မည်မျှအတိုင်းအတာအထိ ထားရှိမည်ဟူသည့်အချက်ကို ဖွံ့ဖြိုးဆဲနိုင်ငံများက ဆုံးဖြတ်ခွင့်ကို အသိအမှတ်ပြုသည်။

အပိုဒ် ၃

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမရှိဘဲ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ ပေးအပ်ရမည်။

အပိုဒ် ၄ မှ ၆

အခွင့်အရေးများကို ဥပဒေအရ သဘောတူညီချက်နှင့် ကိုက်ညီမှုရှိသည့် နည်းလမ်းများဖြင့် ကန့်သတ်နိုင်ပြီး အများကောင်းကျိုးအတွက်သာ ထိုသို့ပြုလုပ်နိုင်သည်။

tykdf 3

အပိုဒ် ၆ မှ ၁၅ အထိသည် သဘောတူညီချက်တွင် ပါဝင်သည့် အခွင့်အရေးများကို ဖော်ပြပြီး ထိုအခွင့်အရေးများ ဖြည့်ဆည်းပေးနိုင်ရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများ ဆောင်ရွက်နိုင်မည့်၊ လုပ်ငန်းစဉ် ချမှတ်ဆောင်ရွက်နိုင်မည့် နေရာများကို ဖော်ပြထားသည်။

အပိုဒ် ၆

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အလုပ်အကိုင်ရရှိခွင့်ကို အသိအမှတ်ပြုသည်။ ထိုအခွင့်အရေးကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် သင်တန်းများပေးခြင်း၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ခြင်းနှင့် အကျိုးရှိသော အလုပ်အကိုင်ခန့်အပ်မှုများ ဖြစ်စေရန် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

အပိုဒ် ၇

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် လူတိုင်းတွင် ကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေများ ရရှိခွင့်ရှိ ကြောင်း အသိအမှတ်ပြုသည်။ အထူးသဖြင့်...

- သင့်တင့်သော လုပ်ခလစာ၊ (အထူးသဖြင့် အမျိုးသမီးများနှင့် ပတ်သက်လျှင်) ခွဲခြားမှုမရှိဘဲ တူညီသော အလုပ်အတွက် တူညီသော လစာရရှိမှု
- အလုပ်သမားများနှင့် ၄င်း၏ မိသားစုများအတွက် ထိုက်သင့်သော နေထိုင်မှု
- အန္တရာယ်ကင်းပြီး ကျန်းမာရေးအတွက် ဆီလျော်သော လုပ်ငန်းခွင်အခြေအနေ
- ရာထူးတိုးတက်ရန်အတွက် တန်းတူအခွင့်အရေး
- အနားယူမှု၊ အားလပ်မှု၊ သင့်တင့်သော အလုပ်ချိန်၊ လစာဖြင့် အနားယူခွင့်၊ အများပြည်သူ ရုံးပိတ်ရက်များတွင် လစာပေးခြင်း

အပိုဒ် ၈

အောက်ပါအခွင့်အရေးများ ပါဝင်သည်။

- အလုပ်သမား သမဂ္ဂများကို ဖွဲ့စည်းနိုင်ခွင့်၊ ပါဝင်နိုင်ခွင့်
- အလုပ်သမားသမဂ္ဂများမှ နိုင်ငံအဆင့် အဖွဲ့ချုပ်များနှင့် ကွန်ဖက်ဒရေးရှင်းများ ဖွဲ့စည်းခွင့်နှင့် နိုင်ငံတကာ အလုပ်သမားသမဂ္ဂ အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်၊ ပါဝင်ခွင့်
- အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခွင့်
- နိုင်ငံ၏ ဥပဒေများနှင့်အညီ သပိတ်မှောက်ခွင့်

အပိုဒ် ၉

လူတိုင်းအတွက် လူမှုအာမခံချက်အပါအဝင် လူမှုလုံခြုံရေးအတွက် လူတိုင်းတွင် အခွင့်အရေးရှိသည်ဟု အသိအမှတ်ပြုသည်။

အပိုဒ် ၁၀

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အောက်ပါ အခွင့်အရေးများ၊ အချက်များကို အသိအမှတ်ပြုသည်။

- မိသားစုများကို ကာကွယ်ခွင့်နှင့် ထိမ်းမြားလက်ထပ်ရာတွင် နှစ်ဦးသဘောတူပိုင်ခွင့်။
- မီးမဖွားမီနှင့် မီးဖွားပြီးနောက် သင့်တင့်သည့် ကာလအပိုင်းအခြားတစ်ခုအထိ မိခင်များသည် အထူးအကာအကွယ်များရရှိရန် လိုအပ်ပြီး၊ လစာဖြင့် ခွင့်ယူခွင့်ရခြင်း (သို့မဟုတ်) ခိုင်မာသော လူမှုလုံခြုံရေး အကျိုးစီးပွားများ လုံလုံလောက်လောက် ရရှိပြီး ခွင့်ယူခွင့်ရခြင်းတို့ လိုအပ်သည်။
- ကလေးသူငယ်များ အကာအကွယ် ရပိုင်ခွင့်နှင့် ကလေးသူငယ်များကို စီးပွားရေးနှင့် လူမှုရေးအရ တလွဲ အသုံးချမှုများမှ တားဆီးရန် အထူး အရေးယူဆောင်ရွက်ချက်များ လိုအပ်မှု။
- အလုပ်လုပ်ကိုင်ရန် အသက်ကန့်သတ်ချက် ချမှတ်ရန် လိုအပ်မှု၊ (ကလေးသူငယ် လုပ်အားသုံး ခိုင်းစေမှုကို တရားမဝင်ပြဋ္ဌာန်းပြီး) ကလေးသူငယ်များကို ခန့်အပ်ခိုင်းစေသူများကို အရေးယူရန် လိုအပ်မှု။

အပိုဒ် ၁၁

အောက်ပါအချက်များကို အသိအမှတ်ပြုသည်။

- လုံလောက်သော လူနေမှုအဆင့်အတန်း၊ လုံလောက်သော စားဝတ်နေရေးကို လူတိုင်း ရရှိနိုင်ခွင့်။
- လူတိုင်း ငတ်မွတ်ခြင်းမှ ကင်းဝေးပိုင်ခွင့်။
- ထိုအခွင့်အရေးများကို အောင်မြင်ရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကုန်ထုတ်နည်းလမ်းများ၊ ထိန်းသိမ်းရေးနည်းလမ်းများနှင့် အစားအစာ ဖြန့်ချိရေးနည်းလမ်းများကို မြှင့်တင်ရန် လိုအပ်ပြီး စားနပ်ရိက္ခာကို လိုအပ်ချက်အလိုက် အချိုးညီစွာ ဖြန့်ဝေပေးရန် အရေးကြီးလာသည်။

အပိုဒ် ၁၂

ရုပ်ပိုင်း စိတ်ပိုင်းကျန်းမာရေး လူတိုင်းရရှိနိုင်ခွင့်ကို အသိအမှတ်ပြုသည်။

ထိုအချက်အောင်မြင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် အောက်ပါတို့ပါဝင်သည်။

- ကလေးအသေမွေးဖွားခြင်းနှင့် ဖွားသေနှုန်းကို လျှော့ချရန်နှင့် ကလေးသူငယ် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးမှုများ ပြုလုပ်ရမည်။
- ပတ်ဝန်းကျင်နှင့် စက်ရုံလုပ်ငန်း သန့်ရှင်းရေးကို ဘက်ပေါင်းစုံမှ မြှင့်တင်ရမည်။
- ကူးစက်ရောဂါ၊ ကူးစက်ပြန့်ပွားရောဂါ၊ လုပ်ငန်းခွင်ဆိုင်ရာနှင့် အခြားရောဂါများကို ကာကွယ်ခြင်း၊ ကုသခြင်းနှင့် ထိန်းချုပ်ခြင်းတို့ ပြုလုပ်ရမည်။
- ဆေးကုသမှုကို လူတိုင်းရယူနိုင်သည့် အခွင့်အရေးကို ဖန်တီးပေးထားရမည်။

အပိုဒ် ၁၃

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် လူတိုင်း ပညာသင်ကြားပိုင်ခွင့်နှင့် ထိုပညာသင်ကြားပိုင်ခွင့်ကို ဖြည့်ဆည်းရန် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသိအမှတ်ပြုသည်။

မူလတန်းပညာရေးသည် မဖြစ်မနေဖြစ်ပြီး အခမဲ့ဖြစ်သည်။

အလယ်တန်းပညာရေး နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးသည် လူတိုင်းအတွက် အလွယ်တကူရရှိနိုင်ရမည်။ အထူးသဖြင့် အခမဲ့ပညာရေးစနစ်ကို တိုးမြှင့်အကောင်အထည်ဖော်မှုနှင့်အတူ ဆောင်ရွက်ရမည်။

အဆင့်မြင့်ပညာရေးကို လူတိုင်း တန်းတူရရှိနိုင်ရမည်။ အရည်အချင်း အခြေပြု ရရှိနိုင်ရမည်။ အထူးသဖြင့် အခမဲ့ပညာရေးစနစ်ကို တိုးမြှင့်အကောင်အထည်ဖော်မှုနှင့်အတူ ဆောင်ရွက်ရမည်။

အခြေခံကျသည့် ပညာရေးကို အားပေးရမည် သို့မဟုတ် အားကောင်းစေရမည်။ အထူးသဖြင့် မူလတန်းပညာရေး မရခဲ့သော သို့မဟုတ် မပြီးဆုံးခဲ့သောသူများအတွက် ဖြစ်ရမည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အဆင့်အမျိုးမျိုးပါဝင်သည့် ကျောင်းစနစ်တစ်ခုကို အကောင်အထည်ဖော်ပြီး ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးထားရမည်။

စာသင်ကျောင်းများသည် အနိမ့်ဆုံး ပညာရေးအဆင့်များကို ပြည့်မီနေသေးသရွေ့ မိဘများနှင့် အုပ်ထိန်းသူများသည် အစိုးရကျောင်းများသာမက အခြားကျောင်းများကို ရွေးချယ်ခွင့်၊ သူတို့၏ ဘာသာတရား၊ ကိုယ်ကျင့်တရား ယုံကြည်မှုများနှင့် ကိုက်ညီသော ကျောင်းများကို ရွေးချယ်ခွင့်ရှိသည်။

အပိုဒ် ၁၄

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အခမဲ့ဖြစ်သော၊ မဖြစ်မနေဖြစ်သော မူလတန်းပညာရေးကို အကော်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းအစီအစဉ်တစ်ရပ် အကောင်အထည်ဖော်ရမည်ဟု သဘောတူသည်။

အပိုဒ် ၁၅

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် လူတိုင်း၏ အောက်ပါအခွင့်အရေးများကို အသိအမှတ်ပြုသည်။

- ယဉ်ကျေးမှုဘဝတွင် ပါဝင်ခွင့်
- သိပ္ပံပညာ၏ တိုးတက်မှု ကောင်းကျိုးများကို ခံစားခွင့်
- သူတို့ဖန်တီးထားသည့် သိပ္ပံ၊ စာပေ သို့မဟုတ် အနုပညာဆိုင်ရာ လုပ်ဆောင်ချက်များမှ အကျိုးခံစားခွင့်

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် သိပ္ပံနည်းကျ သုတေသနနှင့် ဆန်းသစ်ဖန်တီးမှုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လိုအပ်သော လွတ်လပ်မှုကို လေးစားမည်။ သိပ္ပံနှင့် ယဉ်ကျေးမှုနယ်ပယ်တွင် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှုကို အားပေးမည်၊ တိုးတက်စေမည်။

tykf 4

အပိုဒ် ၁၆ မှ ၂၅ အထိသည် သဘောတူညီချက်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ကို အစီရင်ခံရန်နှင့် စောင့်ကြည့်လေ့လာရန် ကိစ္စများကို ဖော်ပြထားသည်။ စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းမှာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေး ကော်မတီဖြစ်သည်။

tykf 5

အပိုဒ် ၂၆ မှ ၃၁ အထိတွင် နည်းစနစ်ပိုင်းဆိုင်ရာများ၊ အတည်ပြုခြင်း၊ အသက်ဝင်ခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို ဖော်ပြထားသည်။

သဘောတူညီချက် အပြည့်အစုံကို www2.ohchr.org/english/law/cescr.htm တွင် ကြည့်ရှုနိုင်သည်။

❒

tykd4?aemufqufw(u-4)

n8Syef,EGufESHtjcm;aom&ufufykH;jzpfonfvrqefaom
okd[kwfESHaomjyrrlokd[kwftjypfay;rlqkd&m oabmwpmcsyf

n8Syef,EGufESHtjcm;&ufufaom? vrqefaom okd[kwfvkYjzpfS vsmbsapaom qufqHokd[kwf tjypfay;rlrsm;yaysmufa&;oabmwhDuf

ညဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်သော၊ လူမဆန်သော သို့မဟုတ် လူ့အဖြစ်မှ လျော့ကျစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုများပယျောက်ရေး သဘောတူညီချက်သည် ၁၉၈၇၊ ဇွန်လ တွင် စတင်အသက်ဝင်သည်။ နောက်ဆက်တွဲ သဘောတူညီချက်တစ်ခုရှိသည်။ ကမ္ဘာတစ်လွှား ညဉ်းပန်းနှိပ်စက်မှုနှင့် ရက်စက်မှုများကို ထိရောက်စွာ တုံ့ပြန်တွန်းလှန်နိုင်ရန် ရည်ရွယ်သည့် သဘောတူညီချက်တစ်ခုဖြစ်သည်။ အပိုင်းသုံးပိုင်း ပါဝင်ပြီး အပိုဒ် ၃၃ ခု ပါဝင်သည်။

tusOfcsyf

အပိုဒ် ၁

ညဉ်းပန်းနှိပ်စက်မှုကို ဤသို့အဓိပ္ပာယ်သတ်မှတ်သည်။

]vlwpfa,mufxHSokd[kwftjcm;wpfa,mufxHSowif;tcsuftvufokd[kwfOefcHwpfck&&Sdeftwufzpfap? olokd[kwftjcm;wpfa,mufusL;vefonfvkd&yftwuftjypfay;onf taejzifzpfap? olokd[kwftjcm;wpfa,mufukdcdkufajcmufcif;okd[kwfwkdufwef;cif;zpfap? ykdHwpfrsdK;jzifhcjcm;qufqHjyjcif;zif;zpfap? wri&nf&,fcsu&&SdvlwpfA,mufukd½kykdufqkd&m? pwykdufqkd&m tjyif;txefxdkuflokd[kwfemusif;zpfapaom rnfonfvkd&yfukdqkdynfoY

t&m&Sypf0Dujyvkyfcifjyvkyfap&efqay;jcif;oabmwl:uay;jcifokH[kwfoDkBe;jcifjzpfyu
¤ifukhS;yef;EG;bufltjzpfrSwf,lonf0ya't& tjypfay;jcifrSwpfqifrzpfay:vmaom okH[kwf
tusdqufjzpfaomxdkufloH[kwfemusifukdomxnfbifpOfpm;jcifrjy}

(ESpfyef;EG;bufltjzpfrSwf,lonf0ya't& tjypfay;jcifrSwpfqifrzpfay:vmaom okH[kwf-1)

အပိုဒ် ၂

အဖွဲ့ဝင်နိုင်ငံများသည် သူတို့နယ်နိမိတ်အတွင်း ညှဉ်းပန်းနှိပ်စက်မှုကို ဥပဒေပသတ်မှတ်ရန် (တား မြစ်ရန်) သဘောတူသည်။ စစ်ပွဲ၊ ပြည်တွင်း တည်ငြိမ်ရေးကို ခြိမ်းခြောက်မှု သို့မဟုတ် အခြားမည်သည့် အများပြည်သူဆိုင်ရာ အရေးပေါ်မှုကိုမဆို ညှဉ်းပန်းနှိပ်စက်မှုပြုနိုင်သည့် အကြောင်းပြချက်အဖြစ် မှတ်ယူ ခြင်းမပြုရ။

အကြီးတန်းအရာရှိ သို့မဟုတ် အများပြည်သူဆိုင်ရာ အာဏာပိုင်တစ်ယောက်ယောက်ထံမှ အမိန့် ကို ညှဉ်းပန်းနှိပ်စက်မှု ပြုနိုင်သည့် အကြောင်းပြချက်အဖြစ် မှတ်ယူခြင်းမပြုရ။

အပိုဒ် ၃

အဖွဲ့ဝင်နိုင်ငံများသည် လူတစ်ယောက်သည် တစ်ဖက်နိုင်ငံတွင် နှိပ်စက်ခံရနိုင်သည်ဟု ယူဆရပါ က ထိုလူကို အဆိုပါနိုင်ငံသို့ ပြန်လွှတ်ခြင်း သို့မဟုတ် နယ်နှင်ခြင်းမပြုရ။

အပိုဒ် ၄

အဖွဲ့ဝင်နိုင်ငံများသည် ညှဉ်းပန်းနှိပ်စက်မှုကို ရာဇဝတ်မှုအဖြစ် မှတ်ယူပြီး ရာဇဝတ်မှုဖြစ်ကြောင်း ဥပဒေဖြင့် ပြဋ္ဌာန်းရန် သဘောတူသည်။ ထိုညှဉ်းပန်းနှိပ်စက်မှုကို သိနေခြင်းသည်ပင်လျှင် ရာဇဝတ်မှုမြောက် သည်။ အဖွဲ့ဝင်နိုင်ငံများသည် ညှဉ်းပန်းနှိပ်စက်မှုပြုကြောင်း အပြစ်ရှိသည်ဟု တွေ့ရှိသူကို ကြီးလေးသော အပြစ်ပေးမည်ဟု သဘောတူသည်။

အပိုဒ် ၅

အဖွဲ့ဝင်နိုင်ငံများသည် အောက်ပါအခြေအနေများတွင် ပါဝင်သည့် ညှဉ်းပန်းနှိပ်စက်မှုများကို အပြစ်ပေးရန်အတွက် တာဝန်ယူမည်ဖြစ်သည်။

- စီရင်စုနယ်မြေ (ကိုလိုနီနယ်မြေ) သို့မဟုတ် နိုင်ငံတွင် မှတ်ပုံတင်ထားသော သင်္ဘောပေါ်တွင် သို့ မဟုတ် လေယာဉ်ပေါ်တွင် ဖြစ်ပွားသော ပြစ်မှုများဖြစ်လျှင်
- ညှဉ်းပန်းနှိပ်စက်သူမှာ နိုင်ငံသားဖြစ်လျှင်
- ညှဉ်းပန်းနှိပ်စက်ခံရသူများ နိုင်ငံသားဖြစ်လျှင်

အပိုဒ် ၆ နှင့် ၇

ညှဉ်းပန်းနှိပ်စက်မှု ပြုလုပ်သည်ဟု ယူဆရသူကို ဖမ်းဆီးရမည်။ လိုအပ်လျှင် မျှတစွာ တရား ခွင်တင် စီရင်လျက် နယ်နှင်ဒဏ်ပေးရမည်။

အပိုဒ် ၈

ညှဉ်းပန်းနှိပ်စက်မှုသည် ပြည်နှင်ဒဏ်ပေးနိုင်သော ပြစ်မှုဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများသည် ညှဉ်းပန်းနှိပ်စက်သူများကို ပြည်နှင်ဒဏ်ပေးရန် သဘောတူသည်။ ပြည်နှင်ဒဏ်ပေးရန်အတွက် ဤသဘော တူညီချက်ကို ဥပဒေရေးရာ ကိုးကားစရာအဖြစ် မှတ်ယူနိုင်သည်။

အပိုဒ် ၉

အဖွဲ့ဝင်နိုင်ငံများသည် ညှဉ်းပန်းနှိပ်စက်မှုကို စုံစမ်းစစ်ဆေးရန်နှင့် ညှဉ်းပန်းနှိပ်စက်သူများကို တရားဥပဒေရှေ့မှောက် ပို့ဆောင်ရန်အတွက် အပြန်အလှန်ကူညီရန် သဘောတူသည်။

အပိုဒ် ၁၀

အဖွဲ့ဝင်နိုင်ငံများသည် အရပ်ဘက်နှင့် စစ်ဘက် ရဲဝန်ထမ်းများ၊ ဆေးဘက်ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများနှင့် အကျဉ်းသားများကို ဖမ်းဆီးစစ်ဆေးရာတွင် ပါဝင်သည့် အခြားသူများကို ဤသဘောတူညီချက်နှင့် ညှဉ်းပန်းနှိပ်စက်မှုကို ပိတ်ပင်ထားခြင်းအကြောင်း ပညာပေး၊ သတင်းပေးရန် သဘောတူသည်။

အပိုဒ် ၁၁

အဖွဲ့ဝင်နိုင်ငံများသည် ညှဉ်းပန်းနှိပ်စက်မှုကို တားဆီးနိုင်ရန်အတွက် ဖမ်းဆီးထိန်းသိမ်းမှုနှင့် စစ်ဆေးမှုနည်း လမ်းများ၊ ညွှန်ကြားချက်များ၊ နည်းနာများနှင့် ကျင့်ထုံးများကို ပုံမှန် စနစ်တကျ ပြန်လည်သုံးသပ်မည်။

အပိုဒ် ၁၂

အဖွဲ့ဝင်နိုင်ငံများသည် ညှဉ်းပန်းနှိပ်စက်မှုပြုလုပ်သည်ဟူသည့် စွပ်စွဲချက်များကို ချက်ချင်းစစ်ဆေးမည်။

အပိုဒ် ၁၃

ညှဉ်းပန်းနှိပ်စက်ခံရသည်ဟု စွပ်စွဲသူများတွင် တိုင်ကြားခွင့်ရှိပြီး သူတို့၏ တိုင်ကြားမှုများကို ဘက်မလိုက်ဘဲ စစ်ဆေးပေးရမည်။ အဖွဲ့ဝင်နိုင်ငံများသည် ထိုတိုင်ကြားမှုများကို ကိုင်တွယ်ရာတွင် မျက်မြင်သက်သေများကို ကာကွယ်ပေးရမည်။

အပိုဒ် ၁၄

ညှဉ်းပန်းနှိပ်စက်မှု ခံရသူများတွင် နစ်နာကြေး၊ လျော်ကြေးရပိုင်ခွင့်ရှိသည်။ အသက်ဆုံးရှုံးသည် အထိ ညှဉ်းပန်းနှိပ်စက်ခံရပါက သူ၏ မှီခိုသူများသည် လျော်ကြေးရပိုင်ခွင့်ရှိသည်။

အပိုဒ် ၁၅

အဖွဲ့ဝင်နိုင်ငံများသည် ညှဉ်းပန်းနှိပ်စက်ခံရစဉ် ပြောဆိုထားမှုများကို တရားရုံးတွင် သက်သေခံအဖြစ် အသုံးပြုခွင့်မရှိကြောင်း သဘောတူသည်။

အပိုဒ် ၁၆

အဖွဲ့ဝင်နိုင်ငံများသည် စာချုပ်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသကဲ့သို့ ညှဉ်းပန်းနှိပ်စက်မှု မမြောက်သော်လည်း အခြားရက်စက်သော၊ လူမဆန်သော သို့မဟုတ် လူသားအဖြစ်မှ လျော့ကျစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုများကို ပြည်သူ့ဝန်ထမ်းအရာရှိများက ကျူးလွန်ခြင်း သို့မဟုတ် ပြုလုပ်ရန် သဘောတူညီချက်ပေးခြင်းဖြစ်ပါက ၄င်းတို့ကို တားဆီးကာကွယ်ရန် သဘောတူသည်။

tykdf 2

အပိုဒ် ၁၇ နှင့် ၁၈

ညှဉ်းပန်းနှိပ်စက်မှုပယောက်ရေးကော်မတီကို ဖွဲ့စည်းပြီး အဖွဲ့ဝင်ရွေးချယ်ပုံနှင့် ဖွဲ့စည်းပုံကို ဖော်ပြသည်။

အပိုဒ် ၁၉

အဖွဲ့ဝင်နိုင်ငံများသည် ညှဉ်းပန်းနှိပ်စက်မှုကို တားဆီးရန် ကိုင်တွယ်ရန် ဆောင်ရွက်ခဲ့သည့် အကြောင်းအရာများကို လေးနှစ်တစ်ကြိမ် အစီရင်ခံစာတင်ရန် သဘောတူသည်။

အပိုဒ် ၂၀

ညှဉ်းပန်းနှိပ်စက်မှုကို စနစ်တကျ ကျင့်သုံးနေသည်ဟူသည့် ခိုင်လုံသော သတင်းအချက်အလက်များကို ကော်မတီက ရရှိရပါက အဖွဲ့ဝင်နိုင်ငံသည် ကော်မတီ၏ စစ်ဆေးမှုတွင် ပူးပေါင်းဆောင်ရွက်ရမည်။

အပိုဒ် ၂၁ မှ ၃၃ ထိ

နောက်ပိုင်းအပိုဒ်များမှာ ကော်မတီ၏ လုပ်ငန်းလည်ပတ်ပုံနှင့် သဘောတူညီချက်ကို အတည်ပြုပုံတို့ကို ဖော်ပြထားသည်။

aemufqufwGefabmwhGuf

နောက်ဆက်တွဲသဘောတူညီချက်တစ်ရပ် ရှိသည်။ ၂၀၀၂ ခုနှစ်တွင် အတည်ပြုပြီး ၂၀၀၆ ခုနှစ်၊ ဇွန်လ တွင် စတင်အသက်ဝင်သည်။ နောက်ဆက်တွဲ သဘောတူညီချက်ကို လက်မှတ်ရေးထိုးသော အဖွဲ့ဝင်နိုင်ငံများသည် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်သော၊ လူမဆန်သော သို့မဟုတ် လူသားအဖြစ်မှ လျော့ကျစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုကို တားဆီးရန်အလို့ငှာ ဖမ်းဆီးထိန်းသိမ်းထားသူများ (လွတ်လပ်ခွင့်ကို မဲ့စေအောင် ပြုထားခံရသူများ) ကို ထားရှိရာနေရာများသို့ လွတ်လပ်သော နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများက ပုံမှန်သွားရောက်ခွင့်ပြုရန် သဘောတူသည်။ ထိုသို့သွားရောက်မှုများကို ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်သော၊ လူမဆန်သော သို့မဟုတ် လူ့အဖြစ်မှ လျော့ကျစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုတားဆီးရေးဆပ်ကော်မတီက ကြီးကြပ်မည်ဖြစ်သည်။

သဘောတူညီချက်အပြည့်အစုံကို www2.ohchr.org/english/law/cat.htm တွင် ဖတ်ရှုနိုင်ပါသည်။

❒

tykdif4?aemufqufw(u-5)

roefpGJolt cGJha&;rsm;qkdif;em oabmwpmcsKyf

roefpGJolt cGJha&;rsm;qkdif;em oabmwpmcsKyf

မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်သည် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန် ရည်ရွယ်သည်။ ၄င်းသည် ဥပဒေအရ အကျုံးဝင်ပြီး စာချုပ်အဖွဲ့ဝင်နိုင်ငံများကို မသန်စွမ်းသူများအား လူ့အခွင့်အရေးနှင့် မျှတမှုကို ဥပဒေနှင့်အညီ အပြည့်အဝပေးစေသည့် စာချုပ်ဖြစ်သည်။

သဘောတူစာချုပ်ကို ၂၀၀၆ ခုနှစ်တွင် အတည်ပြုပြီးနောက် ၂၀၀၈ ခုနှစ်တွင် စတင်အသက်ဝင်လာခဲ့သည်။ အကောင်အထည်ဖော်မှုကို မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ ကော်မတီက စောင့်ကြည့်သည်။ ၄င်းတွင် အဖွင့်စကားချီး၊ အပိုဒ် ၅၀ နှင့် ရွေးချယ်လက်မှတ်ထိုးနိုင်သော နောက်ဆက်တွဲ သဘောတူညီချက်တို့ ပါဝင်သည်။

t"dusonftokHEtfrsm;

ဆင့်ကဲခွဲခြားဆက်ဆံမှု – တစ်မျိုးထက်ပိုသော အကြောင်းရင်းများကြောင့် ခွဲခြားဆက်ဆံခံရခြင်းကို ဆိုလိုသည်။ ဥပမာအားဖြင့် မသန်စွမ်းအမျိုးသမီးတစ်ယောက် ခွဲခြားဆက်ဆံခံရသည့်အခါ သူသည် အမျိုးသမီး ဖြစ်သောကြောင့်၊ မသန်စွမ်းသူဖြစ်သောကြောင် ခွဲခြားဆက်ဆံခံရခြင်းဖြစ်သည်။ အပိုဒ် ၆ ကိုကြည့်ပါ။

t u.0fc.yf

အဖွင့်စကားချီးတွင် ဤသဘောတူစာချုပ်နှင့် အခြား ကုလသမဂ္ဂ သဘောတူညီချက်များ၊ စာချုပ်များ ဆက်နွယ်မှုကို ဖော်ပြထားသည်။ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်နှင့် UDHR တို့တွင် "လူသား မိသားစုဝင်များအားလုံး" ၏ အခွင့်အရေးများကို သဘောတူထားကြောင်းလည်း ထပ်လောင်းအသိပေးသည်။

မသန်စွမ်းသူ အခွင့်အရေးများ သဘောတူစာချုပ်တွင် မသန်စွမ်းသူများအား ခွဲခြားဆက်ဆံမှုမပြုဘဲ အခွင့်အရေး အပြည့်အဝပေးရန်အတွက် လိုအပ်မှုကို ထပ်ဆင့်အတည်ပြုထားသည်။

စာချုပ်တွင် မသန်စွမ်းမှုဟူသည်မှာ မသန်စွမ်းသူများနှင့် ဆက်ဆံရေးနှင့် လူအဖွဲ့အစည်းတွင် အပြည့်အဝ ပါဝင်နိုင်ခွင့်တွင် သူတို့အား ပိတ်ပင်ထားသည့် အတွေးအမြင်များနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးများမှတစ်ဆင့် ပေါ်ထွက်လာသော အယူအဆတစ်ရပ်ဖြစ်သည်ဟု လက်ခံသည်။ တစ်နည်း အားဖြင့် မသန်စွမ်းသူများသည် သန်စွမ်းသူများနှင့် နေရာတိုင်းတွင် တူညီမှုရှိသည်၊ သို့သော် လူမှုရေး သက်ရောက်မှုများက မညီမျှမှုကို ဖန်တီးနေသည်ဟူသည့်အချက်ဖြစ်သည်။

အပိုဒ် ၁

သဘောတူစာချုပ်၏ ရည်ရွယ်ချက်မှာ မသန်စွမ်းသူများအားလုံး၏ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့် အားလုံးကို အပြည့်အဝ သာတူညီမျှ ခံစားခွင့်ကို မြှင့်တင်ရန်၊ ကာကွယ်ရန်၊ ဖော်ဆောင်ရန်နှင့် သူတို့၏ မွေးရာပါ လူသားဂုဏ်သိက္ခာကို လေးစားလာကြစေရန်ဖြစ်ကြောင်း ရှင်းပြသည်။

အပိုဒ် ၂

- ဆက်သွယ်ခြင်းဆိုသည်မှာ ဘာသာစကားနှင့် ဆက်သွယ်ခြင်း၊ စာပေနှင့် ဆက်သွယ်ခြင်း၊ မျက်မမြင် လက်စမ်းစာနှင့် ဆက်သွယ်ခြင်း၊ ထိတွေ့မှုဖြင့် ဆက်သွယ်ခြင်း၊ စာလုံးကြီးများဖြင့် ရေးသားဆက်သွယ်ခြင်း၊ လူထုဆက်သွယ်ရေး နည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်ခြင်း၊ စာရေးသား ဆက်သွယ်ခြင်း၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ အလွယ်တကူ ရယူအသုံးပြုနိုင်ခြင်း အပါအဝင် ဆက်သွယ်ရေးနည်းများနှင့် ပုံစံများအားလုံး အကျုံးဝင်သည်။
- ဘာသာစကားဆိုသည်မှာ နှုတ်ထွက်ပြောဆိုခြင်း၊ လက်ဟန်ပြ ဘာသာစကားအသုံးပြုခြင်းနှင့် အခြားသော နှုတ်ထွက်ဘာသာစကား မဟုတ်သည့် ဘာသာစကားပုံစံများ အားလုံး အကျုံးဝင်သည်။
- မသန်စွမ်းမှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်း ဆိုသည်မှာ မသန်စွမ်းသူအနေဖြင့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အပြည့်အဝ မခံစားနိုင်စေရန်အတွက် မသန်စွမ်းမှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်း၊ ဝိုင်းပယ်ခြင်း သို့မဟုတ် ကန့်သတ်တားမြစ်ခြင်းကို ဆိုလိုသည်။
- သင့်လျော်သော ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမှုဆိုသည်မှာ မသန်စွမ်းသူများအတွက် အများပြည်သူ သွားလာဝင်ရောက်နိုင်စေရန် အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများကို ပြုပြင်မှုနှင့် ညှိနှိုင်းမှုများ ပြုလုပ်ပေးထားခြင်းကို ဆိုလိုသည်။
- အများသုံးပုံစံ ဆိုသည်မှာ ဆီလျော်အောင် ပြုပြင်ရန် မလိုအပ်ဘဲ သို့မဟုတ် အထူးပုံစံပြုရန် မလိုအပ်ဘဲ လူတိုင်းတတ်နိုင်သမျှ အကျယ်ပြန့်ဆုံး အသုံးပြုနိုင်ရန် ပုံစံပြုထားသော ကုန်ပစ္စည်းများ၊ ပတ်ဝန်းကျင် အနေအထားများ၊ အစီအစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုလိုသည်။

အပိုဒ် ၃

သဘောတူစာချုပ်အတွက် အခြေခံမူ ရှစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မွေးရာပါ လူ့ဂုဏ်သိက္ခာ၊ တစ်ဦးတစ်ယောက်၏ ရွေးချယ်မှုများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့် အပါအဝင် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်တို့ကို အလေးဂရုပြုရေး

(ခ) ခွဲခြားဆက်ဆံမှု မပြုရေး
(ဂ) လူ့အဖွဲ့အစည်းတွင် အပြည့်အဝ ထိရောက်စွာ ပါဝင်ဆောင်ရွက်ရေးနှင့် လူ့အဖွဲ့အစည်းနှင့် တစ်သားတည်းပေါင်းစည်းရေး
(ဃ) မသန်စွမ်းသူများ၏ ကွဲပြားခြားနားမှုကို လေးစားရန်နှင့် ၄င်းတို့အား လူ့သဘာဝနှင့် လူသားတို့၏ အသွင်ကွဲပြားမှု အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်ခံရေး
(င) အခွင့်အရေး တန်းတူညီမျှမှု ရရှိရေး
(စ) အလွယ်တကူ ရယူသုံးစွဲနိုင်ရေး
(ဆ) အမျိုးသားနှင့် အမျိုးသမီး တန်းတူညီမျှ ရှိစေရေးနှင့်
(ဇ) မသန်စွမ်းသူ ကလေးသူငယ်များ၏ တဖြည်းဖြည်း ပြောင်းလဲလာသော စွမ်းဆောင်ရည်များကို လေးစားမှုရှိရန်နှင့် ၄င်းတို့၏ ကိုယ်ပိုင်ဂုဏ်အင်္ဂါရပ်များကို ထိန်းသိမ်းနိုင်ရန် အခွင့်အရေးရှိမှုတို့ကို လေးစားရန်တို့ဖြစ်သည်။

အပိုဒ် ၄ မှ ၃၂ အထိတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ၊ စာချုပ်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ထိုတာဝန်ဝတ္တရားများကို ဖြည့်ဆည်းနိုင်ရန်အတွက် လိုအပ်သော ဥပဒေနှင့် အုပ်ချုပ်ရေး ပတ်ဝန်းကျင် ဖန်တီးရန်အတွက် လိုအပ်ချက်များကို သတ်မှတ်ဖော်ပြထားသည်။ အပိုဒ်အတော်များများတွင် အခြားနိုင်ငံတကာ သဘောတူစာချုပ်များပါ အကြောင်းအရာများကို ထပ်ဆင့်ဖော်ပြထားခြင်းဖြစ်သည်။ ထိုအထဲတွင် လူမှုရေး၊ နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူညီချက်၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သဘောတူညီချက်နှင့် ညှဉ်းပန်းနှိပ်စက်မှုပယောက်ရေး သဘောတူညီချက်တို့ ပါဝင်သည်။ မသန်စွမ်းသူများ၏ တန်းတူအခွင့်အရေးများကို မီးမောင်းထိုးပြနိုင်ရန်အတွက် ထိုအပိုဒ်များကို ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ဖော်ပြခြင်းဖြစ်သည်။ ထို့ကြောင့် အချက်များကိုသာ အောက်တွင် စာရင်းပြု ဖော်ပြတော့မည်ဖြစ်သည်။

အပိုဒ် ၄

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများကို ခွဲခြားဆက်ဆံမှုပြုသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ဓလေ့ထုံးတမ်းများနှင့် ကျင့်ထုံးများအား ဖျက်သိမ်းရန် သဘောတူသည်။

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် လူပုဂ္ဂိုလ်တစ်ယောက်၊ အဖွဲ့အစည်းတစ်ခု သို့မဟုတ် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတစ်ခုခုက မသန်စွမ်းသူတစ်ဦးဦးအား ခွဲခြားဆက်ဆံမှုပြုခြင်းကို တိုက်ဖျက်ရန် ဆောင်ရွက်သွားမည်ဟု သဘောတူသည်။

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ သွားရေးလာရေး အထောက်အပံ့ကိရိယာများ အပါအဝင် အများသုံးပုံစံဖြင့် ထုတ်လုပ်ထားသည့် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ပစ္စည်းကိရိယာများနှင့် အဆောက်အအုံနေရာထိုင်ခင်းတို့ကို သုတေသနပြု ထုတ်လုပ်သွားရေးကို မြှင့်တင်ဆောင်ရွက်ရန် သဘောတူသည်။

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် စာချုပ်ကို လူသိများစေရေး ဆောင်ရွက်ရန်နှင့် မသန်စွမ်းသူများနှင့် ထိစပ်ဆောင်ရွက်နေသူများအနေဖြင့် စာချုပ်ပါ အကြောင်းအရာများကို သိရှိစေရန်အတွက် ဆောင်ရွက်ရန် သဘောတူသည်။

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ဥပဒေများနှင့် မူဝါဒများ ရေးဆွဲရာတွင် မသန်စွမ်းသူများနှင့် တိုင်ပင်ဆွေးနွေးရန် သဘောတူသည်။

အပိုဒ် ၅

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းမှုကို အကြောင်းပြု ခွဲခြားဆက်ဆံမှုအားလုံးကို တားမြစ်

ရန်နှင့် ခွဲခြားဆက်ဆံမှုကို ဥပဒေအရတားမြစ်ရန် သဘောတူသည်။

တန်းတူညီမျှဖြစ်မှုကို မြှင့်တင်ရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် သင့်လျော်သော ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမှုများ ပြုလုပ်ရန် သဘောတူသည်။ တန်းတူညီမျှမှုကို မြှင့်တင်ရန် ဆောင်ရွက်သည့် အထူးလုပ်ဆောင်ချက်များကို ခွဲခြားဆက်ဆံမှုအဖြစ် မှတ်ယူခြင်းမပြုရ။

အပိုဒ် ၆

မသန်စွမ်းသူ အမျိုးသမီးများနှင့် မိန်းကလေးများသည် 'ထပ်ဆင့်ခွဲခြားဆက်ဆံမှု' ခံရကြောင်း အသိအမှတ်ပြုပြီး သူတို့၏ ပြည့်ဝသော၊ တန်းတူသော အခွင့်အရေးများ ရရှိစေရေး ဆောင်ရွက်ရန် သဘောတူသည်။

အပိုဒ် ၇

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူ ကလေးသူငယ်များသည် အခြားကလေးသူငယ်များနည်းတူ အခွင့်အရေးများ ရရှိခွင့်ရှိကြောင်း သဘောတူသည်။

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူကလေးသူငယ်များတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိကြောင်း၊ သူတို့၏ အမြင်များသည် အခြားကလေးသူငယ်များနည်းတူ သူတို့၏ အသက်အရွယ်၊ ရင့်ကျက်မှုအလိုက် လက်ခံရမည်ဖြစ်ကြောင်း သဘောတူသည်။

အပိုဒ် ၈

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အောက်ပါအချက်များကို အကောင်အထည်ဖော်ရန်အတွက် အလျင်အမြန် ဆောင်ရွက်ရန် သဘောတူသည်။

- မသန်စွမ်းမှုနှင့် ပတ်သက်သည့် သိမြင်နားလည်မှုကို မြှင့်တင်ရန်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ဂုဏ်သိက္ခာကို မြှင့်တင်ရန်။
- မသန်စွမ်းသူနှင့် ပတ်သက်နေသော အထူးသဖြင့် လိင်၊ အသက်အရွယ်နှင့် ဘဝတရားသေသတ်မှတ်မှုများ၊ အစိတ်အပိုင်းအားလုံးတွင် မကောင်းမြင်မှုများနှင့် ထိခိုက်စေသော အမှုအကျင့်၊ အပြုအမူများကို တိုက်ဖျက်ရန်။
- မသန်စွမ်းသူများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းနှင့် အကျိုးပြုမှုများနှင့်ပတ်သက်သည့် အသိအမြင်များကို မြှင့်တင်ရန်။

လုပ်ဆောင်ချက်များတွင် အောက်ပါအချက်များ ပါဝင်သည်။

- ထိရောက်သော လူထုအသိအမြင် မြှင့်တင်မှုလုပ်ငန်းများ
- အသက်ငယ်ရွယ်စဉ်ကပင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို သိရှိနိုင်စေရန် ပညာပေးခြင်း
- မသန်စွမ်းသူများကို တလေးတစားဖြင့် ခွဲခြားမှုမရှိဘဲ ဖော်ပြရန် မီဒီယာများကို တိုက်တွန်းခြင်း

အပိုဒ် ၉

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ရုပ်ဝတ္ထု ပတ်ဝန်းကျင်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သတင်းအချက်အလက်၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ၊ အရေးပေါ် ဝန်ဆောင်မှုများနှင့် အများပြည်သူဆိုင်ရာ အဆောက်အအုံများ၊ လမ်းများ၊ ကားများ၊ ရထားများ၊ ကျောင်းများ၊ အိမ်ရာများ၊ ဆေးရုံများနှင့် ဆေးခန်းများ၊ အလုပ်များနှင့် မိုးလုံလေလုံ သို့မဟုတ် လေဟာပြင်နေရာဌာနများကို တန်းတူသွားရောက်နိုင်ခွင့်အတွက် ဆောင်ရွက်ရန် သဘောတူသည်။

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများပေးသည့် ပုဂ္ဂလိကလုပ်ငန်း

များသည်လည်း မသန်စွမ်းသူများကို တန်းတူဝင်ရောက်နိုင်ခွင့် ဖန်တီးစေရေး ပြုလုပ်ရန် သဘောတူသည်။

အပိုဒ် ၁၀

မသန်စွမ်းသူများသည် သက်ရှင်ရပ်တည်နိုင်ခွင့်ရှိသည်။

အပိုဒ် ၁၁

အရေးပေါ်အခြေအနေများ၊ ပဋ္ဌိပက္ခဖြစ်နေသည့် အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နေသည့် အချိန်များတွင် အကာအကွယ်များနှင့် လုံခြုံရေးများကို မသန်စွမ်းသူများ တန်းတူရရှိရမည်။

အပိုဒ် ၁၂

မသန်စွမ်းသူများသည် ဥပဒေရှေ့မှောက်တွင် တန်းတူအခွင့်အရေး ရှိရမည်။ ဥပဒေအထောက်အပံ့ ရရှိခွင့်ရှိရမည်။ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် တန်းတူရှိရမည်။ ကိုယ်ပိုင်ငွေကြေး ကိုင်တွယ်စီမံခွင့်၊ ဘဏ်ချေးငွေ၊ ပေါင်နှံမှုနှင့် အခြားငွေချေးမှုပုံစံတစ်မျိုးမျိုးကို ရယူခွင့် တန်းတူရှိရမည်။

အပိုဒ် ၁၃

မသန်စွမ်းသူသည် တရားမျှတမှု တန်းတူရပိုင်ခွင့်ရှိသည်။

အပိုဒ် ၁၅ နှင့် ၁၆

ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် ရက်စက်သော၊ လူမဆန်သော၊ လူသားအဖြစ်မှ လျော့ကျစေသော အပြစ်ပေးမှုများမှ လွတ်ကင်းမှု။ မသန်စွမ်းသူ အမျိုးသမီးများနှင့် ကလေးသူငယ်များကို ဖျက်လိုဖျက်ဆီး ပြုမှုနှင့် အလွဲသုံးမှုမှလည်း လွတ်ကင်းမှု။

အပိုဒ် ၁၇

မသန်စွမ်းသူ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာကို ကာကွယ်ပေးခြင်း။

အပိုဒ် ၁၈

လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာနိုင်မှု။ မည်သည့်နေရာတွင် နေမည်၊ မည်သည့်နိုင်ငံသားအဖြစ် ခံယူမည်ကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်။ နိုင်ငံတစ်နိုင်ငံကို စွန့်ခွာနိုင်ခွင့်။ မိမိနိုင်ငံကို ဝင်ရောက်နိုင်ခွင့်။

အပိုဒ် ၁၉

လွတ်လပ်စွာ ရပ်တည်နေထိုင်ခွင့်နှင့် လူအဖွဲ့အစည်းအတွင်း ထည့်သွင်းခံရပိုင်ခွင့်။ အခြားသူများနှင့် တန်းတူ ရွေးချယ်နိုင်ခွင့်။ အထောက်အပံ့ အစောင့်အရှောက် ရရှိနိုင်ခွင့်။

အပိုဒ် ၂၀

တစ်ကိုယ်ရေ လွတ်လပ်စွာ သွားလာနိုင်မှု။ လွတ်လပ်စွာ သွားလာနိုင်မှုကို ဖြည့်ဆည်း ပံ့ပိုးပေးရမည့် နိုင်ငံ၏ ဝတ္တရားရှိမှု။

အပိုဒ် ၂၁

လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ထင်မြင်ယူဆခွင့်။ မသန်စွမ်းသူများအတွက် စီစဉ်ထားသည့်

ပုံစံ၊ နည်းပညာများဖြင့် အချက်အလက်များ ရရှိနိုင်မှု။ သင်္ကေတသာဘာစကား၊ လက်စမ်းစာနှင့် အခြား နည်းလမ်းများဖြစ်သည်။

အပိုဒ် ၂၂

မသန်စွမ်းသူများနှင့် ၄င်းတို့၏ မိသားစုများ၏ ကိုယ်ရေးကိုယ်တာ၊ ဆက်သွယ်ရေးနှင့် ကျန်းမာ ရေးနှင့် စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များ လုံခြုံရေးကို လေးစားမှု။

အပိုဒ် ၂၃

အခြားသူများနှင့် တန်းတူ ဆက်ဆံရေးထူထောင်မှု၊ ကလေးရယူမှုနှင့် မွေးစားမှုများ ရရှိရေး။

အပိုဒ် ၂၄

ပညာသင်ကြားပိုင်ခွင့်နှင့် သာမန်ပညာရေးစနစ်မှ ဖယ်ထုတ်မခံရရေး။ အထူးပြုသင်ကြားရေး ပစ္စည်းများနှင့် နည်းလမ်းများကို ရရှိပိုင်ခွင့်။

အပိုဒ် ၂၅

အမြင့်မားဆုံး ကျန်းမာရေး အခြေအနေ ရရှိပိုင်ခွင့်။

အပိုဒ် ၂၆

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများအနေဖြင့် အမြင့်မားဆုံး လွတ်လပ်ခွင့် ရရှိနေရန်နှင့် ပြည့်စုံသော အထောက်အပံ့နှင့် ပြန်လည်ထူထောင်မှုများ ရရှိနေရန်အတွက် ဆောင်ရွက်ပါမည်ဟု သဘော တူသည်။

အပိုဒ် ၂၇

အခြားသူများနှင့် တန်းတူ ငွေကြေးရယူသည့် အလုပ်လုပ်ပိုင်ခွင့်။

အပိုဒ် ၂၈

ပြည့်ဝသော လူနေမှုအဆင့်အတန်းနှင့် လူမှုလုံခြုံမှု ရရှိခွင့်။

အပိုဒ် ၂၉

နိုင်ငံရေးနှင့် အများပြည်သူရေးရာ လုပ်ငန်းများတွင် ပါဝင်နိုင်ခွင့်။

အပိုဒ် ၃၀

ယဉ်ကျေးမှုဘဝ၊ အပန်းဖြေမှု၊ အနားယူမှုနှင့် အားကစားတွင် ပါဝင်နိုင်ခွင့်။ မသန်စွမ်းသူ များအနေဖြင့် ထိုအခွင့်အရေးကို သိရှိနိုင်စေရန် စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ရုပ်သံ၊ ရုပ်ရှင်၊ ပြဇာတ်ရုံနှင့် အခြားယဉ်ကျေးမှုဆိုင်ရာ လုပ်ဆောင်ချက်များပါဝင်သည့် ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများကို လွယ်ကူသော ပုံစံဖြင့် ရရှိစေရန် ဆောင်ရွက်မည်၊ ယဉ်ကျေးမှုဆိုင်ရာ တင်ဆက်မှုများ သို့မဟုတ် ဝန်ဆောင်မှုများ ပြု လုပ်သော နေရာများ (ပြဇာတ်ရုံများ၊ ပြခန်းများ၊ ရုပ်ရှင်ရုံများ၊ စာကြည့်တိုက်များ၊ ခရီးသွားလုပ်ငန်းများ၊ အထိမ်းအမှတ်များ၊ နေရာများ)ကို မသန်စွမ်းသူများ ဝင်ရောက်သွားလာခွင့်ရှိစေရန် ဆောင်ရွက်မည်ဟု သဘောတူသည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများအနေဖြင့် ဖန်တီးမှုပါသော၊ အနုပညာ

မြောက်သော၊ လေ့လာဖန်တီးနိုင်သော အရည်အသွေးများကို မြှင့်တင်နိုင်ရန် ကူညီပံ့ပိုးမည်ဟု သဘောတူ သည်။

အပိုဒ် ၃၁

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် စာရင်းအင်းနှင့် သုတေသန အချက်အလက်များ အပါအဝင် သင့်လျော်ရာ အချက်အလက်များကို စုဆောင်းရန်၊ သဘောတူညီချက်ကို အကောင်အထည်ဖော်မှုအား အထောက်အပံ့ဖြစ်စေမည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရာတွင် ထည့်သွင်းအသုံးပြုရန် သဘော တူသည်။

အပိုဒ် ၃၂

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် သဘောတူစာချုပ်ကို အကောင်အထည်ဖော်သည့် တစ်နိုင်ငံချင်း လုပ်ဆောင်ချက်များတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း သဘောတူသည်။

အပိုဒ် ၃၃ မှ ၃၉ အထိသည် အစီရင်ခံရေးနှင့် စောင့်ကြည့်ရေးကို ဖော်ပြထားခြင်းဖြစ်သည်။

အပိုဒ် ၃၄

စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံရေးအတွက် မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာကော်မတီ ဖွဲ့စည်းမှု စည်းကမ်းများကို ဖော်ပြထားသည်။

အပိုဒ် ၃၅

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကော်မတီကို လေးနှစ်တစ်ကြိမ် အစီရင်ခံရန် သဘောတူသည်။

အပိုဒ် ၄၀ မှ ၅၀ အထိတွင် အတည်ပြုရန်၊ ပြင်ဆင်ရန်နှင့် အခြားနည်းစနစ်ပိုင်းဆိုင်ရာ ကိစ္စ ရပ်များအတွက် လုပ်ငန်းစဉ်များ ပါဝင်သည်။

roefpOftbltcGifha&;rsm;qkdkufoabmwpfcsyfaemufqufwGifabmwhcJuf

စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူတစ်ဦးစီ၏ တိုင်ကြားမှုကို မသန်စွမ်းသူ အခွင့်အရေးများ ဆိုင်ရာ ကော်မတီက လက်ခံကြားနာခွင့်ရှိကြောင်း လက်ခံရန် သဘောတူညီချက်ဖြစ်သည်။ နောက်ဆက်တွဲ သဘောတူညီချက်မှ ၂၀၀၈ တွင် စတင်အသက်ဝင်သည်။

သဘောတူညီချက် အပြည့်အစုံနှင့် အခြားဆက်စပ်သတင်းအချက်အလက်များကို www.un.org/disabilities/ တွင် ကြည့်ပါ။

❒

tykdif4?aemufqufw(u-6)

uav;ol , ftcGifha&;rsm;qkdif&m oabmwpfcsdyf

uav;ol , ftcGifha&;qkdif&m oabmwhcsufrsufrsufrsuf

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်(CRC) ကို ၁၉၈၉ ခုနှစ်တွင် အတည်ပြု ခဲ့ပြီး ၁၉၉၀ ခုနှစ်၊ စက်တင်ဘာလတွင် စတင်အသက်ဝင်လာခြင်းဖြစ်သည်။ ကုလသမဂ္ဂ အထွေထွေ ညီလာခံ တက်ရောက်သည့် အဖွဲ့ဝင်အားလုံးအနက်မှ အမေရိကန်နှင့် ဆိုမာလီမှ လွဲလျှင် နိုင်ငံအားလုံး လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်ဖြစ်သည်။

CRC ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့် အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေး များဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များအပေါ် အခြေခံ၍ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ အခြားစာချုပ် များတွင် ဖော်ပြထားသော ကလေးသူငယ်အခွင့်အရေးများကို အတူတကွ စုစည်းလိုက်ပြီး လူများနှင့် နိုင်ငံများအားလုံးအနေဖြင့် ကလေးသူငယ်များကို မည်သို့ ရှုမြင်ရမည်ဟူသည့်လမ်းကြောင်း ချပေးသည်။

CRC တွင် ပါဝင်သည့် မူများသည် ကလေးများရော၊ လူကြီးများနှင့်ပါ သက်ဆိုင်သည်။ ကလေးသူငယ်ဟူသည်ကို အကြီးဆုံးအသက် ၁၈ နှစ်အရွယ် လူငယ်များအထိ သတ်မှတ်သည်။ သဘော တူညီချက်တွင် လူနည်းစု တိုင်းရင်းသားများမှ ကလေးသူငယ်များကို အထူးအလေးထားဖော်ပြသည်။ သဘောတူညီချက်တွင် မိသားစုသည် ကလေးသူငယ်များအား စောင့်ရှောက်ရန်၊ တာဝန်ယူရန်အတွက် အဓိကအကျဆုံးဖြစ်သည်ဟု အသိအမှတ်ပြုသည်။ နိုင်ငံများနှင့် ကလေးသူငယ်စောင့်ရှောက်သူများသည် ကလေးများ၏ အကျိုးစီးပွားအမြင့်မားဆုံးဖြစ်စေရန် ဆောင်ရွက်ပေးရမည်ဟုဆိုသည်။ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီကို ဖွဲ့စည်းသည်။ အဖွဲ့ဝင်နိုင်ငံများသည် ၂ နှစ်တစ်ကြိမ် ကော်မတီကို အစီရင်ခံစာ တင်ရသည်။

CRC ကို မြှင့်တင်ရန်နှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို အသိအမှတ်ပြုစေရေးအတွက်၊ ကလေးသူငယ်များ ထွန်းပေါက်လာစေရေးအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု တာဝန်ယူထားရသည့် ကုလသမဂ္ဂအေဂျင်စီမှာ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဖြစ်သည်။

သဘောတူညီချက်တွင် အပိုင်းငါးပိုင်း ပါဝင်ပြီး အပိုဒ် ၅၄ ပိုဒ်ပါဝင်သည်။ နောက်ဆက်တွဲ သဘောတူညီချက် နှစ်ခုပါဝင်သည်။

သဘောတူညီချက် အပိုင်း ၁ တွင် ကလေးသူငယ်အခွင့်အရေးများနှင့် ထိုအခွင့်အရေးများကို ဖြည့်ဆည်းပေးရမည့် နိုင်ငံများ၏ ဝတ္တရားများကို ဖော်ပြထားသည်။ အပိုင်း ၂၊ ၃ နှင့် ၄ တို့တွင် နည်းစနစ်ပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ကလေးသူငယ်အခွင့်အရေး ကော်မတီဖွဲ့စည်းမှုနှင့် အတည်ပြုမှု လုပ်ငန်းစဉ်များကို ဖော်ပြထားသည်။ ထိုအပိုင်းများကို ဖော်ပြထားခြင်းမရှိပေ။

tu0fcyf

tykf 1

အပိုဒ် ၁

အသက် ၁၈ နှစ်အောက် မည်သည့် လူသားကိုမဆို ကလေးသူငယ်ဟု သတ်မှတ်သည်။

အပိုဒ် ၂

အခွင့်အရေးများကို ခွဲခြားမှုမရှိဘဲ ကလေးများအားလုံးကို ပေးရမည်။ ကလေး သို့မဟုတ် မိဘ သို့မဟုတ် ဥပဒေအရ အုပ်ထိန်းသူ၏ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ဘာသာတရား၊ နိုင်ငံရေး သို့မဟုတ် အခြားအတွေးအမြင်များ၊ နိုင်ငံ၊ တိုင်းရင်းသား သို့မဟုတ် လူမှုဇာတိ၊ ပိုင်ဆိုင်မှု၊ မသန်စွမ်းမှု၊ မွေးဖွားမှု သို့မဟုတ် အခြားအခြေအနေများကို လိုက်၍ ခွဲခြားဆက်ဆံမှုမရှိဘဲ ပေးရမည်။ အဖွဲ့ဝင်နိုင်ငံများသည် ကလေးသူငယ်များကို ခွဲခြားဆက်ဆံမှုပုံစံမျိုးစုံ သို့မဟုတ် ခွဲခြားဆက်ဆံမှုကို အခြေခံသည့် ပြစ်ဒဏ်ပေးမှုများမှ အကာအကွယ်ပေးထားရန် ကြိုးစားဆောင်ရွက်မည်။

အပိုဒ် ၃

ကလေးများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကလေးသူငယ်များ၏ ကောင်းကျိုးကိုသာ အဓိကထား ဦးစားပေးရမည်။ ထိုသို့ပြုလုပ်ရမည့်သူများထဲတွင် အများပြည်သူဆိုင်ရာ သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများ၊ တရားရုံးများ၊ အုပ်ချုပ်ရေးအာဏာပိုင်များ သို့မဟုတ် ဥပဒေပြုရေး အဖွဲ့အစည်းများ ပါဝင်သည်။

အဖွဲ့ဝင်နိုင်ငံများသည် ကလေးသူငယ်များ အပြည့်အဝ အကာအကွယ်ပေး စောင့်ရှောက်မှုရရှိစေရေး အတွက် ဥပဒေများ၊ စနစ်ယန္တရားများကို ဖန်တီးနိုင်ရန် ဆောင်ရွက်ရမည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဖွဲ့အစည်းများနှင့် အခြား ကလေးသူငယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများတွင် ကောင်းမွန်သော ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအဆင့်အတန်းများ ပြည့်မီစေရေးနှင့် ဝန်ထမ်းအင်အား အလုံအလောက်ခန့်ထားကာ ကောင်းမွန်စွာ စီမံအုပ်ချုပ်ရေးတို့ ရှိနေစေရန် ဆောင်ရွက်ရမည်။

အပိုဒ် ၄

အဖွဲ့ဝင်နိုင်ငံများသည် ဤစာချုပ်ပါအခွင့်အရေးများကို ဖော်ဆောင်ရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် အခြားအဆင့်များအားလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူသည်။

အပိုဒ် ၅

အဖွဲ့ဝင်နိုင်ငံများသည် (ကလေးသူငယ် ကြီးထွားဖွံ့ဖြိုးလာသည်နှင့်အမျှ) မိဘများ၊ မိသားစုဝင်များ သို့မဟုတ် ရပ်မိရပ်ဖများ သို့မဟုတ် ဥပဒေကြောင်းအရ အုပ်ထိန်းသူများ၏ "ကလေးငယ်၏ ပေါ်ထွက်လာသော လုပ်ကိုင်နိုင်စွမ်းနှင့် ကိုက်ညီသည့်ပုံစံဖြင့်" ကလေးကို လမ်းညွှန်ချက်ပေးရန် တာဝန်ရှိမှု၊ အခွင့်အရေးရှိမှုနှင့် တာဝန်ယူမှုကို လေးစားအသိအမှတ်ပြုသည်။

အပိုဒ် ၆

ကလေးတိုင်းတွင် အသက်ရှင်ရပ်တည်ခွင့်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများသည် ကလေးသူငယ်များ၏ သက်ရှည်ကျန်းမာဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်မည်။

အပိုဒ် ၇

ကလေးတိုင်းတွင် မှတ်ပုံတင်အသိအမှတ်ပြု ခံရပိုင်ခွင့်ရှိသည်။ အမည်ရပိုင်ခွင့်၊ နိုင်ငံသားခံယူပိုင်ခွင့်၊ မိဘကို သိရှိပိုင်ခွင့်နှင့် မိဘများ၏ စောင့်ရှောက်မှု ခံယူပိုင်ခွင့်ရှိသည်။

အပိုဒ် ၈

ကလေးတိုင်း၏ အသိအမှတ်ပြုခံရမှုပုံစံ (Identity) နှင့် မိသားစုဆက်ဆံရေးများကို ဥပဒေအရ အသိအမှတ်ပြုရမည်။ ကလေးတစ်ယောက်သည် သူ၏ အသိအမှတ်ပြုခံရမှု ပုံစံတစ်မျိုးမျိုးကို ဥပဒေမဲ့ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းခံရပါက အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကလေးသူငယ်၏ အသိအမှတ်ပြုခံရမှုပုံစံကို ပြန်လည်ထူထောင်နိုင်ရန် ကူညီပေးရမည်။

အပိုဒ် ၉

မိဘများထံမှ ခွဲထားခြင်းသည် ကလေးသူငယ်အတွက် အကောင်းဆုံးဖြစ်မည်ဟု တရားရေးစစ်ဆေးမှု (တရားရုံးများ၏ တရားစီရင်ရေး) ဆိုင်ရာ အာဏာပိုင်များက ယုံကြည်သည့်အခါများမှအပ (ဥပမာအားဖြင့် မိဘများက ကလေးကို တလွဲအသုံးချခြင်း သို့မဟုတ် လျစ်လျူရှုခြင်းပြုသည့် အခြေအနေများ) ကလေးသူငယ်များကို သူတို့၏ အလိုနှင့် ဆန့်ကျင်လျက် မိဘများနှင့် ခွဲထားခြင်းမပြုရစေရန် အဖွဲ့ဝင်နိုင်ငံများက ဆောင်ရွက်မည်။

ကလေးသူငယ်၏အကျိုးကို ထိခိုက်နိုင်သည့်အခြေအနေများမှအပ မိဘများနှင့် ခွဲထားခြင်းခံရသော ကလေးများကို မိဘနှင့် ပုံမှန်ဆက်သွယ်ခွင့်ပေးရမည်။ နိုင်ငံ၏ အရေးယူမှုကြောင့် သို့မဟုတ် စစ်ဆေးနေစဉ် မိဘသည် ဖမ်းဆီးခံရ၊ ထောင်ချခံရ၊ ပြည်ပြေးရ၊ နယ်နှင်ခံရ၊ သေဆုံးခဲ့ရပါက ကလေး သို့မဟုတ် အခြားမိသားစုဝင်တစ်ဦးကို ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများနှင့် မိဘများရှိနေသော နေရာများ အကြောင်း ပြောပြရမည်။

အပိုဒ် ၁၀

ကလေးသည် မိသားစုနှင့် ပြန်လည်ပေါင်းစည်းနိုင်ရန်အတွက် နိုင်ငံမှ ထွက်ခွာရန် လိုအပ်လာပါက အဖွဲ့ဝင်နိုင်ငံသည် တောင်းဆိုမှုကို လူသားဆန်စွာနှင့် အပြုသဘောဆောင်စွာ ကိုင်တွယ်ဖြေရှင်းရမည်။ မတူညီသော နိုင်ငံများတွင် မိဘများနေထိုင်သော ကလေးငယ်များအတွက် ပုံမှန်အဆက်အသွယ်ရှိနေခွင့် လိုအပ်သည်။

အပိုဒ် ၁၁

အဖွဲ့ဝင်နိုင်ငံများသည် ကလေးသူငယ်များကို တရားမဝင် (ဥပဒေမဲ့) နိုင်ငံရပ်ခြားသို့ ပို့ဆောင်မှုအား တားဆီးရမည်။

အပိုဒ် ၁၂

ကလေးသူငယ်များတွင် သူတို့၏ ကိုယ်ပိုင်အမြင်များရှိခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်ရှိပြီး တရားရုံးတွင် ကြားနာခံရပိုင်ခွင့်ရှိသည်။

အပိုဒ် ၁၃

ကလေးသူငယ်များတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရရှိပိုင်ခွင့်၊ မီဒီယာများကို ဖတ်ရှု၊ နားဆင်၊ ကြည့်ရှုနိုင်ခွင့်ရှိသည်။

အပိုဒ် ၁၄

အဖွဲ့ဝင်နိုင်ငံများသည် ကလေးသူငယ်များ၏ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ သိမြင်ခွင့်နှင့် ယုံကြည်ကိုးကွယ်ခွင့်ရှိကြောင်း အသိအမှတ်ပြုသည်။

အဖွဲ့ဝင်နိုင်ငံများသည် ကလေးသူငယ်များ၏ တွေးခေါ်ခွင့်၊ သိမြင်ခွင့်နှင့် ယုံကြည်ကိုးကွယ်ခွင့်နှင့် ပတ်သက်ပြီး မိဘများ သို့မဟုတ် ဥပဒေအရ အုပ်ထိန်းခွင့်ရှိသူများက လမ်းညွှန်နိုင်သည့် အခွင့်အရေးနှင့် တာဝန်ကို အသိအမှတ်ပြုရန် သဘောတူသည်။

အပိုဒ် ၁၅

ကလေးသူငယ်များတွင် လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်ရှိသည်။

အပိုဒ် ၁၆

ကလေးသူငယ်များတွင် ကိုယ်ရေးကိုယ်တာ လုံခြုံခွင့်ရှိသည်။ သူတို့၏ ဂုဏ်သိက္ခာနှင့် အမည်သတင်းကို တိုက်ခိုက်မှုများမှ အကာအကွယ်ပေးရမည်။

အပိုဒ် ၁၇

ကလေးသူငယ်များတွင် လူထုဆက်သွယ်ရေးမီဒီယာများနှင့် သူတို့၏ ဘာသာစကားဖြင့် ရေးသားထားသော စာအုပ်များ စသည့် ကွဲပြားသော မီဒီယာပုံစံအမျိုးမျိုးမှတစ်ဆင့် ဖတ်ရှုနားဆင် ကြည့်ရှုနိုင်ခွင့်ရှိသည်။

အပိုဒ် ၁၈

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးသူငယ်ကို ပြုစုပျိုးထောင်ရာတွင် မိဘနှစ်ပါးစလုံး၌ အခွင့်အရေးနှင့် တာဝန်ရှိကြောင်း အသိအမှတ်ပြုသည်။ ကလေးသူငယ်များကို ပြုစုပျိုးထောင်ရန်အတွက် မိဘများ (သို့မဟုတ် ဥပဒေအရ အုပ်ထိန်းသူများ) ကို အထောက်အပံ့ပေးရန် သဘောတူသည်။ အလုပ်လုပ်နေသော မိဘများ၏ ကလေးသူငယ်များသည် ကလေးထိန်းဝန်ဆောင်မှုများ ရရှိရန် အခွင့်အရေးရှိသည်။

အပိုဒ် ၁၉

အဖွဲ့ဝင်နိုင်ငံများသည် မိဘ(များ) သို့မဟုတ် အုပ်ချုပ်သူ(များ) သို့မဟုတ် အခြားတစ်ဦးဦး၏

စောင့်ရှောက်မှုအောက်တွင် ရှိနေစဉ် လိင်ပိုင်းဆိုင်ရာ တလွဲသုံးမှုအပါအဝင် ကလေးသူငယ်များကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ထိခိုက်စေမှု၊ တလွဲသုံးမှု၊ ဂရုမစိုက်မှု သို့မဟုတ် ဂရုမစိုက်သည့် ဆက်ဆံမှု၊ တလွဲဆက်ဆံမှု သို့မဟုတ် အလွဲသုံးစားပြုမှု ပုံစံမျိုးစုံမှ ကာကွယ်ပေးရမည်။

အပိုဒ် ၂၀

မိဘဆုံးရှုံးခဲ့ရသည့် ကလေးသူငယ်များသည် အခြားစောင့်ရှောက်မှုအပါအဝင် နိုင်ငံ၏ အထူးစောင့်ရှောက်မှုနှင့် အကူအညီရရှိပိုင်ခွင့် ရှိသည်။ အခြားနည်းများကို စဉ်းစားရာတွင် နိုင်ငံသည် ကလေးသူငယ်၏ ဆက်လက်ဖွံ့ဖြိုးမှု၊ ကလေးသူငယ်၏ တိုင်းရင်းသားဖြစ်မှု၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ဘာသာစကား နောက်ခံအခြေအနေတို့ကို ထည့်သွင်းစဉ်းစားရမည်။

အပိုဒ် ၂၁

ကလေးမွေးစားမှု လုပ်ငန်းစဉ်သည် ကလေးသူငယ်၏ ကောင်းကျိုးအတွက် ရည်စူးရမည်။

အပိုဒ် ၂၂

ဒုက္ခသည် ကလေးငယ်များသည် လူသားချင်း စာနာထောက်ထားမှု အကူအညီရရှိသင့်သည်။

အပိုဒ် ၂၃

စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူ ကလေးသူငယ်များသည် ဂုဏ်သိက္ခာ၊ ကိုယ့်ကိုယ်ကိုယ် မှီခိုနိုင်မှုနှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ခွင့် အပါအဝင် ပြည့်ဝသော၊ အရည်အသွေးပြည့်မီသော ဘဝကို ရရှိပိုင်ဆိုင်ခွင့် ရှိသည်။ အဖွဲ့ဝင်နိုင်ငံများသည် ဖြစ်နိုင်လျှင် အပိုထပ်ဆောင်းကုန်ကျသုံးစွဲမှုမပြုဘဲ မသန်စွမ်းသူ ကလေးသူငယ်များကို ထောက်ပံ့မှုပေးရမည်။

အပိုဒ် ၂၄

ကလေးသူငယ်များတွင် ဆေးကုသခံခွင့်နှင့် ပြန်လည်ထူထောင်ရေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်ရှိသည်။

အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံများသည် အောက်ပါလုပ်ဆောင်ချက်များကို ပြုလုပ်ရန် သဘောတူသည်။

- ဖွားသေနှုန်းနှင့် ကလေးသူငယ်သေဆုံးမှုနှုန်း လျှော့ချရန်။
- ကလေးတိုင်းအားလုံး ဆေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ အထူးသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရန်။
- နည်းပညာ၊ အာဟာရ၊ သောက်ရေသန့်နှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု လျှော့ချရေးတို့အပါအဝင် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများမှတစ်ဆင့် ရောဂါနှင့် အာဟာရမပြည့်ဝမှုများကို တိုက်ဖျက်ရန်။
- မိခင်များအတွက် မီးနေစဉ်နှင့် မီးဖွားပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်။
- မိခင်နို့တိုက်ကျွေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းခြင်းတို့၏ အကျိုးကျေးဇူးများနှင့် မတော်တဆထိခိုက်မှုများကို တားဆီးခြင်းတို့အပါအဝင် ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ပညာပေးခြင်း၊ သတင်းအချက်အလက်ပေးခြင်းတို့ကို ပြုလုပ်ရန်။
- ရောဂါကာကွယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ မိဘများအတွက် လမ်းညွှန်ချက်များပေးခြင်းနှင့် မိသားစု စီမံကိန်းရေးဆွဲမှုဆိုင်ရာ ပညာပေးမှုနှင့် ဝန်ဆောင်မှုများပေးခြင်းတို့ကို ပြုလုပ်ပေးရန်။

အပိုဒ် ၂၅

ကာကွယ်စောင့်ရှောက်မှု ရရှိနေသော ကလေးသူငယ်များသည် ကုသမှုနှင့် စောင့်ရှောက်မှုများကို ပုံမှန်ပြန်လည်သုံးသပ်မှု ခံယူခွင့်၊ ရပိုင်ခွင့်ရှိသည်။

အပိုဒ် ၂၆

ကလေးသူငယ်များသည် လူမှုရေး အာမခံချက်အပါအဝင် လူမှုလုံခြုံရေးကို ခံစားခွင့်ရှိသည်။

အပိုဒ် ၂၇

ကလေးသူငယ်များတွင် လုံလောက်ပြည့်ဝသော လူနေမှုအဆင့်အတန်းကို ရရှိပိုင်ခွင့်ရှိသည်။ ကလေးသူငယ်အတွက် တာဝန်ရှိသော မိဘများနှင့် အခြားသူများသည် ကလေးသူငယ် လူနေမှုအဆင့်အတန်း ပြည့်ဝရေးအတွက် အထူးတာဝန်ရှိသည်။ လိုအပ်ပါက အဖွဲ့ဝင်နိုင်ငံများက ကူညီထောက်ပံ့ပေးရမည်။

အပိုဒ် ၂၈

ကလေးသူငယ်များတွင် ပညာသင်ကြားနိုင်ခွင့်ရှိသည်။ ထိုအခွင့်အရေးထဲတွင် အောက်ပါအချက်များ ပါဝင်သည်။

- အခမဲ့ မူလတန်းပညာရေး (အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မတက်မနေရ ပြဋ္ဌာန်းသင့်သည်)
- အလယ်တန်းပညာရေး ပုံစံမျိုးစုံ၊ အထွေထွေနှင့် အသက်မွေးဝမ်းကျောင်းပညာရေး
- ကလေးသူငယ်၏ အရည်အချင်းပေါ်မူတည်သည့် အဆင့်မြင့်ပညာရေး
- ပညာရေးနှင့် သက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အချက်အလက်များနှင့် လမ်းညွှန်ချက်များ

အဖွဲ့ဝင်နိုင်ငံများသည် ပုံမှန်ကျောင်းတက်ရောက်မှုကို အားပေးရန်နှင့် ကျောင်းထွက်နှုန်းလျှော့ချရန် ဆောင်ရွက်မည်ဟု သဘောတူသည်။

အပိုဒ် ၂၉

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပညာရေး၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်ဟု သဘောတူသည်။

- ကလေးသူငယ်၏ ကိုယ်ရည်ကိုယ်သွေး၊ အရည်အသွေးနှင့် စိတ်ပိုင်း၊ ရုပ်ပိုင်း စွမ်းဆောင်ရည်ကို အပြည့်အဝ ဖွံ့ဖြိုးစေရန်။
- လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်ခွင့်များနှင့် ကုလသမဂ္ဂ ပဋ္ဌိညာဉ်စာချုပ်ပါ မူများကို လေးစားစေရန်။
- ကလေးသူငယ်၏ မိဘများ၊ ယဉ်ကျေးမှုအမှတ်သရုပ်၊ ဘာသာစကား၊ တန်ဖိုးများနှင့် နိုင်ငံ၏ အမျိုးသားရေးတန်ဖိုးများနှင့် သူ့ကိုယ်ပိုင်ယဉ်ကျေးမှုများကို လေးစားရန်။
- နားလည်မှု၊ ငြိမ်းချမ်းရေး၊ သည်းခံမှု၊ ကျား၊ မ ညီမျှမှု၊ လူသားများ၊ တိုင်းရင်းသား၊ လူမျိုး၊ ဘာသာရေးအုပ်စုများနှင့် တိုင်းရင်းမျိုးနွယ်စုအုပ်စုများအကြား ချစ်ကြည်ရင်းနှီးမှုဟူသော စိတ်ဝိညာဉ်ဖြင့် လွတ်လပ်ပွင့်လင်းသော လူ့အဖွဲ့အစည်းတစ်ခုတွင် တာဝန်သိသော ဘဝကို ဦးဆောင်နေထိုင်သွားစေနိုင်ရေး ပြင်ဆင်ပေးရန်။
- သဘာဝပတ်ဝန်းကျင်ကို အလေးထားရန်။

အပိုဒ် ၃၀

လူမျိုး၊ ဘာသာ၊ ဘာသာစကား လူနည်းစုအုပ်စုများမှ ကလေးသူငယ်များ၏ ယဉ်ကျေးမှု၊ ဘာသာတရားနှင့် ဘာသာစကား အခွင့်အရေးများ ရရှိစေရန်။

အပိုဒ် ၃၁

ကလေးသူငယ်များတွင် နားနေအပန်းဖြေခွင့်၊ ဆော့ကစားခွင့်နှင့် ယဉ်ကျေးမှုအနုပညာအား လေ့လာဖန်တီးခွင့်ရှိသည်။

အပိုဒ် ၃၂

ကလေးသူငယ်များကို စီးပွားရေးအရ တလွဲအသုံးပြုခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ စိတ်ဝိညာဉ်၊ ကိုယ်ကျင့်တရားနှင့် လူမှုရေးတိုးတက်မှုကို ထိခိုက်စေသော ပညာရေးကို ဖျက်လိုဖျက်ဆီးပြုသည့် သို့မဟုတ် နှောင့်ယှက်မှုပြုသည့် အလုပ်များမှ အကာအကွယ်ပေးရမည်။

အဖွဲ့ဝင်နိုင်ငံများသည် အောက်ပါအချက်များကို သဘောတူသည်။

- ကလေးသူငယ်များ အလုပ်လုပ်နိုင်သည့် အငယ်ဆုံးအသက်အရွယ်ကို ကန့်သတ်မည်။
- ကလေးသူငယ်များကို အလုပ်ခန့်ထားမှုအတွက် အလုပ်ချိန်နှင့် အခြေအနေများကို ကန့်သတ်မည်။
- ကလေးသူငယ် အလုပ်ခိုင်းစေမှုနှင့် ပတ်သက်ပြီး ဥပဒေချိုးဖောက်သူများကို အရေးယူမည်။

အပိုဒ် ၃၃

အဖွဲ့ဝင်နိုင်ငံများသည် ကလေးသူငယ်များကို မူးယစ်ဆေးဝါး အလွဲသုံးမှုမှ အကာအကွယ်ပေးရန်နှင့် မူးယစ်ဆေးထုတ်လုပ်ရန်နှင့် သယ်ဆောင်ရန်အတွက် ကလေးငယ်များကို အသုံးပြုမှုမှ ကာကွယ်ပေးရန် သဘောတူသည်။

အပိုဒ် ၃၄

အဖွဲ့ဝင်နိုင်ငံများသည် ပြည့်တန်ဆာပြုခြင်းနှင့် လိင်ဖျော်ဖြေရေးပစ္စည်းများ ဖန်တီးထုတ်လုပ်ရာတွင် ကလေးများကို အသုံးပြုမှု အပါအဝင် လိင်ပိုင်းဆိုင်ရာ အသုံးချမှုနှင့် တလွဲသုံးမှု ပုံစံမျိုးစုံမှ ကလေးသူငယ်များကို ကာကွယ်ပေးရန် သဘောတူသည်။

အပိုဒ် ၃၅

အဖွဲ့ဝင်နိုင်ငံများသည် ကလေးသူငယ်များကို ပြန်ပေးဆွဲခြင်း၊ ရောင်းချခြင်းနှင့် ကုန်ကူးခြင်းများမှ တားဆီးရန် နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် စာချုပ်များ၊ သဘောတူညီချက်များ ရေးထိုးသွားရန် သဘောတူသည်။

အပိုဒ် ၃၆

အဖွဲ့ဝင်နိုင်ငံများသည် ကလေးသူငယ်များကို ထိခိုက်စေသော မည်သည့် အလွဲသုံးမှုပုံစံမှမဆို ကလေးသူငယ်များကို ထိခိုက်စေခြင်းမရှိရေန် ဆောင်ရွက်သွားရန် သဘောတူသည်။

အပိုဒ် ၃၇

မည်သည့်ကလေးငယ်ကိုမဆို ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် အခြားရက်စက်သော၊ လူသားမဆန်သော၊ လူသားအဖြစ်မှ လျော့ကျစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုမှ မပြုလုပ်ရ။ ကလေးသူငယ်များကို သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခြင်းမပြုရ။

တရားရုံးတင် တရားစွဲဆိုမှုမရှိဘဲ ကလေးသူငယ်များကို ဖမ်းဆီး၊ ထောင်ချခြင်းမပြုရ။

ပြစ်ဒဏ်ချမှတ်ခံရသည့် ကလေးသူငယ်များတွင် လူသားဆန်စွာနှင့် လေးစားမှုရှိစွာ ဆက်ဆံခံရရန် အခွင့်အရေးရှိသည်။

ကလေးသူငယ်များကို လူကြီးများနှင့် ခွဲခြားဖမ်းဆီးထားရမည်။ မိသားစုဝင်များနှင့် ဆက်သွယ်ခွင့်ရှိရမည်။

ကလေးသူငယ်များသည် ဥပဒေအရ ချေပပိုင်ခွင့်ရှိသည်။

အပိုဒ် ၃၈

ပဋ္ဌိပက္ခ သို့မဟုတ် စစ်ဖြစ်ပွားနေစဉ်ကာလတွင် ကလေးသူငယ်များကို နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေဖြင့် ကာကွယ်ပေးထားရမည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အသက် ၁၅ အောက် မည်သည့်ကလေးငယ်မှ ပဋ္ဌိပက္ခဖြစ်ပွားသည့် တစ်ဖက်ဖက်တွင် တိုက်ရိုက်ပါဝင်ခြင်းမရှိစေရေး ဆောင်ရွက်ရန် သဘောတူသည်။ အဖွဲ့ဝင်နိုင်များသည် ၁၅ နှစ်အောက် ကလေးများကို စစ်တပ်အတွင်းသို့ ဝင်ရောက်ခွင့်မပြုရန် သဘောတူသည်။

အဖွဲ့ဝင်နိုင်ငံများသည် လက်နက်ကိုင်ပဋ္ဌိပက္ခ သက်ရောက်မှုရှိသည့် ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရန် သဘောတူသည်။

အပိုဒ် ၃၉

အဖွဲ့ဝင်နိုင်ငံများသည် လျစ်လျူရှုမှု၊ တလွဲသုံးမှု၊ ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် အခြား ရက်စက်သော ဆက်ဆံမှုတို့ကို ခံစားခဲ့ရသော ကလေးငယ်များ၏ ပြန်လည်ထူထောင်ရေးနှင့် လူ့အဖွဲ့အစည်းနှင့် ပြန်လည်ထိစပ်ပေါင်းစည်းနိုင်ရေးကို ပံ့ပိုးပေးရန် သဘောတူသည်။

အပိုဒ် ၄၀

အဖွဲ့ဝင်နိုင်ငံများသည် ဥပဒေချိုးဖောက်ခဲ့သော ကလေးသူငယ်များအနေဖြင့် ကလေးသူငယ်၏ ဂုဏ်သိက္ခာဟူသော အသိစိတ်ကို မြှင့်တင်ပေးသော၊ အခြားသူများ၏ လူ့အခွင့်အရေးများကို ပိုမိုလေးစားစေသောပုံစံဖြင့် အထူးပြု ဆက်ဆံခံရပိုင်ခွင့်ရှိသည်။

- အဖွဲ့ဝင်နိုင်ငံများသည် ကလေးများကို နောက်ကြောင်းပြန်ဥပဒေဖြင့် စွဲချက်တင်ခြင်းမပြုရန် သဘောတူသည်။
- အပြစ်ရှိသည်ဟု စီရင်ချက်ချမှတ်ခြင်း မခံရသေးခင်အထိ အပြစ်မဲ့သည်ဟု ယူဆပိုင်ခွင့်ရှိသည်။
- စွဲချက်များကို ချက်ချင်းအသိပေးရမည်။
- အရည်အချင်းပြည့်မီသော၊ လွတ်လပ်သော၊ ဘက်မလိုက်သော အာဏာပိုင်၊ တရားရေးအဖွဲ့အစည်း၏ မျှတသော တရားခွင်ကြားနာမှုဖြင့် အမှုကို နှောင့်နှေးမှုမရှိဘဲ ရုံးတင်စစ်ဆေးရမည်။
- သက်သေခံ ပေးရန် သို့မဟုတ် ဝန်ခံစေရန်အတွက် ဖိအားပေးခြင်းမပြုရ။
- အပြစ်ရှိကြောင်း စီရင်ချက် ချမှတ်ခံရပါက အယူခံခွင့်ပေးရမည်။
- တရားရုံးတွင် အသုံးပြုသည့် ဘာသာစကားသည် ကလေးသူငယ်၏ မိခင်ဘာသာစကားမဟုတ်ပါက ဘာသာပြန်တစ်ယောက်ထားပေးရမည်။

အငယ်ဆုံး အသက်သတ်မှတ်ချက်အောက်တွင်ရှိသော ကလေးသူငယ်များတွင် ဥပဒေချိုးဖောက်နိုင်စွမ်းမရှိဟု မှတ်ယူရမည်။

အဖွဲ့ဝင်နိုင်ငံများသည် ထောင်ဒဏ်မချမှတ်မီ စောင့်ရှောက်မှု၊ လမ်းညွှန်မှု၊ ထိန်းကျောင်းမှု အမိန့်များ၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ စောင့်ကြည့်ကာလထားခြင်း၊ အုပ်ထိန်းမှုအောက်ထားခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း အစီအစဉ်များစသည့် အခြားနည်းလမ်းများကို စဉ်းစားရန် သဘောတူသည်။

aemufqufwGJabmwhDuEpdwfk

၂၀၀၀ ပြည့်နှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် နောက်ဆက်တွဲ သဘောတူညီချက် နှစ်ခုကို အတည်ပြုခဲ့သည်။ ထိုနောက်ဆက်တွဲသဘောတူညီချက်များသည် လက်နက်ကိုင် ပဋိပက္ခများတွင် ကလေးသူငယ်များ ပါဝင်မှုနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးခံရမှုများမှ တိုးမြှင့်ကာကွယ်ပေးသည်။

လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးသူငယ်များ ပါဝင်မှုဆိုင်ရာ နောက်ဆက်တွဲသဘောတူညီချက်တွင် မဖြစ်မနေ စစ်ထဲဝင်ရန် ဆင့်ခေါ်မှုအတွက် အငယ်ဆုံး အသက်သတ်မှတ်ချက်ကို ၁၈ နှစ် အဖြစ် သတ်မှတ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၁၈ နှစ်အောက် ကလေးငယ်များကို ပဋိပက္ခ တစ်ဖက်ဖက်တွင် ပါဝင်စေခြင်း မရှိစေရန် ကာကွယ်ပေးထားသည်။

ကလေးသူငယ်များကို ရောင်းချခြင်း၊ ကလေးသူငယ် ပြည့်တန်ဆာပြုခြင်းနှင့် ကလေးသူငယ် လိင်ဖျော်ဖြေရေးပစ္စည်းများဆိုင်ရာ နောက်ဆက်တွဲသဘောတူညီချက်တွင် ကလေးသူငယ်များ၏ အခွင့်အရေးချိုးဖောက်မှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ရန် အထူးရည်ရွယ်ပြီး ထိုအရာများကို တိုက်ဖျက်ရာတွင် လူထုအသိအမြင် မြှင့်တင်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတို့ အရေးကြီးကြောင်း အထူးအသားပေးဖော်ပြသည်။

အသေးစိတ် သိရှိလိုပါက www.unicef.org/crc/ တွင်ကြည့်ပါ။

❒

tykdf4?aemufqufw(u-7)

vlrsKd;&;cjcGm;zEdkufqHkykHk;vkdufodkjcif;qkdif&m EkdifwLum oabmwpfmcsKyf

vlrsKd;&;cjcGm;rlykHpdkufwkdif;usif&;EkdifwLum oabmwhcsufD

လူမျိုးရေးခွဲခြားမှု ပုံစံမျိုးစုံကို တိုက်ဖျက်ရေး နိုင်ငံတကာ သဘောတူညီချက် (ICERD) ကို ၁၉၆၅ ခုနှစ်တွင် အတည်ပြုခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် စတင်အသက်ဝင်လာသည်။ အဖွဲ့ဝင်နိုင်ငံများကို လူမျိုးရေးခွဲခြားမှု တိုက်ဖျက်ရေး၊ အမုန်းပွားစေသော ပြောဆိုရေးသားမှုများကို ဥပဒေပသတ်မှတ်စေရေးနှင့် လူမျိုးရေးခွဲခြားမှု အဖွဲ့အစည်းများတွင် ပါဝင်သူခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ရေး ဆောင်ရွက်စေသော စာချုပ်ဖြစ်သည်။

စကားချီးတွင် လူသားအာလုံး၏ ဂုဏ်သိက္ခာနှင့် သာတူညီမျှဖြစ်မှု၊ လူတိုင်း တန်းတူအခွင့်အရေး ရှိပိုင်ခွင့်၊ ခွဲခြားဆက်ဆံမှု သို့မဟုတ် ခွဲခြားဆက်ဆံမှုပြုရန် လှုံ့ဆော်မှုများမှ ဥပဒေဖြင့် အကာအကွယ် ရရှိပိုင်ခွင့်တို့ကို အလေးပေးဖော်ပြသည်။ အောက်ပါယုံကြည်မှုကို အခြေခံသည်။

"..... လူမျိုးရေးမတူညီမှုကို အခြေခံသည့် တစ်ဦးက တစ်ဦးထက် သာလွန်ကောင်းမြတ်သည် ဟူသော မည်သည့်အယူဝါဒမဆို သိပ္ပံနည်းအရ မှားယွင်းသည်။ ကိုယ်ကျင့်တရားအရ ရှုတ်ချရမည့် အရာဖြစ်သည်။ လူမှုရေးအရ မမျှတ၊ အန္တရာယ်ရှိသည်။ ထို့ကြောင့် လက်တွေ့နယ်ပယ်တွင် မည်သည့် နေရာတွင်မဆို လူမျိုးရေးခွဲခြားမှုပြုရန်အတွက် မည်သည့်အကြောင်းပြချက်မှမရှိ"

(စကားချီး။ ။ လူမျိုးရေးခွဲခြားမှု ပုံစံမျိုးစုံကို တိုက်ဖျက်ရေး
နိုင်ငံတကာ သဘောတူညီချက်)

tu,0fc,ykf

tykf 1

အပိုဒ် ၁

လူတိုင်းအတွက် သာတူညီမျှ အခွင့်အရေးရှိမှုနှင့် အခြေခံအခွင့်အရေးများ ရရှိနိုင်မှုကို ထိခိုက်စေသော 'လူမျိုး၊ အသားအရောင်၊ မျိုးရိုး၊ နိုင်ငံ သို့မဟုတ် တိုင်းရင်းသားဇာတိတို့ကို အခြေခံ၍ မည်သည့်ခြားနားမှု၊ ဖယ်ရှားမှု၊ ကန့်သတ်မှု သို့မဟုတ် အလေးပေးမှု'ကိုမဆို လူမျိုးရေးခွဲခြားမှုအဖြစ် သတ်မှတ်သည်။

အုပ်စုတစ်ခုကို မြှင့်တင်ရန်အတွက် အပြုသဘောဆောင်သော အထူးလုပ်ဆောင်ချက်များ လိုအပ်ကောင်း လိုအပ်နိုင်သည်။ ထိုအချက်ကို ခွဲခြားမှုအဖြစ် သတ်မှတ်ခြင်းမပြုရ။ မတူညီသော လူမျိုးအုပ်စုများ၏ သီးခြား အခွင့်အရေးများကို ဦးတည်စေပြီး ရေရှည်တည်တံ့စေသောကြောင့်ဖြစ်သည်။

အပိုဒ် ၂

အဖွဲ့ဝင်နိုင်ငံများသည် လူမျိုးရေးခွဲခြားမှုများကို ရှုတ်ချရန်နှင့် နှောင့်နှေးမှုမရှိဘဲ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအားလုံးတွင် လူမျိုးရေးခွဲခြားမှု သို့မဟုတ် လူမျိုးရေးခွဲခြားမှုကို သက်ဆိုးရှည်စေသည့် မူဝါဒများကို တိုက်ဖျက်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ရန် သဘောတူသည်။ အဖွဲ့ဝင်နိုင်ငံများသည် အခြားသူများ သို့မဟုတ် အဖွဲ့အစည်းများ၏ လူမျိုးရေးခွဲခြားမှုများကို ထောက်ပံ့ပေးခြင်း သို့မဟုတ် ခုခံပေးခြင်း ပြုလုပ်မည်မဟုတ်ဘဲ လူမျိုးရေးပေါင်းစည်းမှုကို အားပေးမည်ဟု သဘောတူသည်။

အပိုဒ် ၃

အဖွဲ့ဝင်နိုင်ငံများသည် အထူးသဖြင့် လူမျိုးရေးအရ သီးခြားခွဲခြားခြင်းနှင့် လူဖြူ၊ လူမည်း ခွဲခြားခြင်းကို ရှုတ်ချမည်၊ တိုက်ဖျက်ရန် ဆောင်ရွက်မည်။

(**မှတ်ချက်။** ။ နိုင်ငံတကာ ရာဇဝတ်ခုံရုံးဆိုင်ရာ ရောမစတက်ကျူးဥပဒေတွင် လူဖြူ၊ လူမည်းခွဲခြားခြင်းကို လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။)

အပိုဒ် ၄

အဖွဲ့ဝင်နိုင်ငံများသည် လူမျိုးရေး သို့မဟုတ် တိုင်းရင်းသားရေး ကြီးမြတ်မှုဟူသော အတွေးအခေါ်အပေါ် အခြေခံထားသည့် သို့မဟုတ် လူမျိုးရေးမုန်းတီးမှုနှင့် ခွဲခြားဆက်ဆံမှုကို ပုံစံတစ်မျိုးမျိုးဖြင့် မှန်ကန်သည်ဟု အကြောင်းပြချက်ပေးရန် ကြိုးစားသော၊ မြှင့်တင်သော မည်သည့် အစီအစဉ်၊ အဖွဲ့အစည်းကိုမဆို ရှုတ်ချမည်။

အဖွဲ့ဝင်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ အထူးသဖြင့် အပိုဒ် ၅ ပါ မူဝါဒများနှင့်အညီ ခွဲခြားမှုကို မြှင့်တင်ခြင်းနှင့် ခွဲခြားမှုလုပ်ရပ်များကို ချက်ချင်းတိုက်ဖျက်နိုင်ရန် ဆောင်ရွက်မည်။ ထိုသို့ပြုလုပ်ရာတွင် လူမျိုးရေး ကြီးမြတ်မှု၊ လူမျိုးရေး မုန်းတီးမှုတို့ကို ပျံ့နှံ့စေခြင်းနှင့် လူမျိုးရေး ခွဲခြားမှုပြုရန် စေ့ဆော်မှုပြုခြင်းတို့ကို ဥပဒေအရ အရေးယူနိုင်စေရန် ဆောင်ရွက်ခြင်း၊ လူမျိုးရေး လှုံ့ဆော်မှုပြုသော အဖွဲ့အစည်းများကို မတရားသင်းကြေညာခြင်း၊ ထိုအဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများကို တားဆီးခြင်းနှင့် ထိုအဖွဲ့များတွင် ပါဝင်သူများကို အရေးယူခြင်းတို့ပါဝင်သည်။

အပိုဒ် ၅

အဖွဲ့ဝင်နိုင်ငံများသည် ဥပဒေရှေ့မှောက် လူတိုင်း တန်းတူ ဆက်ဆံခံရနိုင်ခွင့်ရှိသည်ဟူသည့်

သာတူညီမျှ အခွင့်အရေး၊ အကြမ်းဖက်မှုနှင့် ထိခိုက်မှုမှ အကာအကွယ်ရပိုင်ခွင့်၊ နိုင်ငံရေးနှင့် ရွေးကောက်ပွဲများတွင် ပါဝင်ခွင့်၊ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာ နေထိုင်ခွင့်၊ မွေးဖွားရာနိုင်ငံကို စွန့်ခွာခွင့်၊ ပြန်လာခွင့်၊ နိုင်ငံသားခံယူခွင့်၊ လက်ထပ်ထိမ်းမြားမှုနှင့် အခြားနည်းဖြင့် အိမ်ထောင်ဖက်ကို ရွေးချယ်ခွင့်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်နှင့် တွေးမြင်ယူဆခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ညီမျှသော လုပ်ခလစာ၊ အိုးအိမ်နှင့် လူမှုလုံခြုံရေးအပါအဝင် အခြားနိုင်ငံသား၊ စီးပွားရေး၊ ယဉ်ကျေးမှုအခွင့်အရေးများကို ပေးအပ်ရန် သဘောတူသည်။

အပိုဒ် ၆

ခွဲခြားဆက်ဆံခံခဲ့ရသူများသည် လျော်ကြေးတောင်းဆိုခွင့်ရှိသည်။

အပိုဒ် ၇

အဖွဲ့ဝင်နိုင်ငံများသည် လူမျိုးရေးနှင့် ခွဲခြားမှုများကို တိုက်ဖျက်ရန် ပညာရေး၊ ယဉ်ကျေးမှုနှင့် သတင်းအချက်အချက်များနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို ပြုလုပ်မည်။

tykdif 2

အပိုဒ် ၈ မှ ၁၆။ လူမျိုးရေးခွဲခြားမှု တိုက်ဖျက်ရေးကော်မတီ ဖွဲ့စည်းပုံနှင့် လုပ်ငန်းလည်ပတ်ပုံကို သတ်မှတ်ဖော်ပြသည်။

tykdif 3

အပိုဒ် ၁၇ မှ ၂၅။ လက်မှတ်ရေးထိုးမှု၊ အဖွဲ့ဝင်အဖြစ် ဝင်ရောက်မှု၊ ပြင်ဆင်မှုနှင့် ပတ်သက်သည့် နည်းစနစ်ဆိုင်ရာ အကြောင်းအရာများ ဖြစ်သည်။

စာချုပ်အပြည့်အစုံကို www2.ohchr.org/english/law/cerd.htm တွင် ဖတ်ရှုနိုင်ပါသည်။

❒

tydkif 4? aemufqufw (u-8)

trsK;orD;rsm; tm; enf;rsK;pHkjzifh cGJjcm;qufqHrIrsm; zsufodrf;a&; oabmwlpmcsKyf

trsK;orD;rsm; enf;rsK;pHkjzifh cGJjcm;rIysufjym;a&;qdkif&m aumfrwDwnfaxmifjcif;

အမျိုးသမီးများ နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း(CEDAW) ကို ၁၉၇၉ ခုနှစ်တွင် ကုလသမဂ္ဂက အတည်ပြုခဲ့သည်။ နိုင်ငံတကာ ‘အမျိုးသမီးများ၏ အခွင့်အရေးဥပဒေတစ်ရပ်’ အဖြစ် မကြာခဏ ဖော်ပြခံရမည်ဖြစ်သည်။ ထိုကွန်ဗင်းရှင်းသည် နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူမှုရေးဘဝတွင် အမျိုးသမီးများ သာတူညီမျှဖြစ်စေသည်။

အမျိုးသမီးများ နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကော်မတီသည် CEDAW ကို ကြီးမှူးအကောင်အထည်ဖော်သည်။ ၂၀၀၀ ခုနှစ်၊ ဒီဇင်ဘာလတွင် လူတစ်ယောက်ချင်းစီထံမှ တိုင်ကြားမှုများကို လေ့လာနိုင်ရန် ကော်မတီကို လုပ်ပိုင်ခွင့်ပေးသည့် နောက်ဆက်တွဲသဘောတူညီချက် စတင်အသက်ဝင်လာသည်။ အမျိုးသမီးများ၏ လူ့အခွင့်အရေးကို ပြင်းပြင်းထန်ထန်နှင့် စနစ်တကျ ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးမှုများလည်း ပြုလုပ်နိုင်ပြီး ယေဘုယျ အကြံပြုချက်များ၊ တိုက်တွန်းမှုများ ပေးနိုင်သည်။

tuspfcsKyf

အပိုဒ် ၁

ခွဲခြားဆက်ဆံမှုကို အဓိပ္ပာယ်သတ်မှတ်ဖော်ပြသည်။ စာမျက်နှာ ···· တွင် ရှုပါ။

အပိုဒ် ၂

စာချုပ်ဝင်နိုင်ငံများသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုများကို ရှုတ်ချပြီး အမျိုးသမီးများအား ခွဲခြားမှု ပပျောက်ရေးမူဝါဒတစ်ရပ်ကို ကြန့်ကြာခြင်းမရှိစေဘဲ သင့်မြတ်သည့် နည်းလမ်းများဖြင့်

အားထုတ်လုပ်ဆောင်ရန် သဘောတူကြလျက် ဤရည်ရွယ်ချက်အလို့ငှာ...

- အမျိုးသားများနှင့် အမျိုးသမီးတန်းတူညီမျှမှုရှိရေး၊ အခြေခံမူကို ဥပဒေစနစ်တွင် ထည့်သွင်းရေးဆွဲရန်၊ ခွဲခြားဆက်ဆံမှုဖြစ်စေသော ဥပဒေများကို ဖျက်သိမ်းရန်နှင့် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုကို တားမြစ်သော ဥပဒေများ ပြဋ္ဌာန်းရန်။
- အမျိုးသမီးများအား အကာအကွယ်ပေးနိုင်ရန် ပြည်တွင်းခုံရုံးများနှင့် အခြားပြည်သူ့အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ရန်။
- ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းက အမျိုးသမီးများအား ခွဲခြားမှုပယျောက်စေရန်။

အပိုဒ် ၃

စာချုပ်ဝင်နိုင်ငံများသည် ဥပဒေပြုရေးအပါအဝင် သင့်လျော်သည့် နည်းလမ်းများဖြင့် နယ်ပယ်အားလုံးတွင် အထူးသဖြင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် အမျိုးသမီးများ အပြည့်အဝ တိုးတက်ဖွံ့ဖြိုးရေးနှင့် အကျိုးရရှိစေရေးအတွက် အာမခံရန်နှင့် အမျိုးသားများနှင့် တန်းတူရှိခြင်းအပေါ် အခြေခံလျက် ယင်းတို့ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို ကျင့်သုံးခံစားနိုင်စေရေး အာမခံချက်ရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ရမည်။

အပိုဒ် ၄

အမျိုးသားနှင့် အမျိုးသမီးအကြား အမှန်တကယ်တန်းတူညီမျှရန် ကြိုတင်ရည်ရွယ်၍ ဆောင်ရွက်သည့် စာချုပ်ဝင်နိုင်ငံများ၏ ယာယီအားဖြင့် ပြဋ္ဌာန်း၍ အထူးအရေးယူဆောင်ရွက်ချက်များကို အမျိုးသမီးများအား ခွဲခြားသည်ဟု မှတ်ယူခြင်းမပြုရ။ ဤအရေးယူဆောင်ရွက်မှုများသည် အခွင့်အရေး တန်းတူညီမျှရေးနှင့် တန်းတူဆက်ဆံရေး ရည်ရွယ်ချက်များ အောင်မြင်ပြီးမြောက်သည့်အခါ ဆက်လက်မတည်ရှိစေရ။

အပိုဒ် ၅

စာချုပ်ဝင်နိုင်ငံများသည် လိင်အပေါ်အစွဲပြု၍ သိမ်ငယ်အားငယ်ခြင်း သို့မဟုတ် ကြီးစိုးလို ခြင်း သို့မဟုတ် ယောကျ်ား၊ မိန်းမ တစ်သမတ်တည်းပုံစံ အခန်းကဏ္ဍ အတွေးအခေါ်အပေါ် အခြေပြုသည့် ယုံကြည်မှုများ၊ ဓလေ့ထုံးတမ်းများနှင့် အခြားအမှုအကျင့်များ ပယျောက်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသား၊ အမျိုးသမီးဆက်ဆံမှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုပုံသဏ္ဌာန်များကို ပြောင်းလဲရန် သဘောတူသည်။ အပိုဒ် ၅ တွင် မိသားစုပညာပေးခြင်းတွင် လူမှုရေးလုပ်ငန်းအဖြစ် မိခင်၏ လျော်ကန်သော နားလည်မှုရှိခြင်းနှင့် မိမိတို့၏ ရင်သွေး ကလေးသူငယ်များအား ပြုစုပျိုးထောင်တိုးတက်ရေးတွင် အမျိုးသား၊ အမျိုးသမီးများ တူမျှစွာ တာဝန်ရှိကြောင်းကို အသိအမှတ်ပြုခြင်းတို့ ပါဝင်သည်။

အပိုဒ် ၆

စာချုပ်ဝင်နိုင်ငံများသည် ဥပဒေပြုရေးအပါအဝင် သင့်လျော်သည့် နည်းလမ်းများဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ရောင်းဝယ်ခြင်းနှင့် အမျိုးသမီးများအား ပြည်တန်ဆာလုပ်ငန်းဖြင့် ခေါင်းပုံဖြတ်ခြင်းတို့ကို နှိပ်ကွပ်ရေးအတွက် ဆောင်ရွက်ရမည်။

အပိုဒ် ၇

စာချုပ်ဝင်နိုင်ငံများသည် နိုင်ငံအတွင်းတွင် နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်တွင် အမျိုးသမီးများအား ခွဲခြားမှု ပယျောက်စေရန်အတွက် အောက်ပါ တန်းတူအခွင့်အရေးများ ရရှိစေရန် သဘောတူသည်။

- ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိရေးနှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိရေး။
- အစိုးရမူဝါဒများ ချမှတ်ခြင်းတွင် ပါဝင်ရေး၊ အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်ရေးနှင့် အစိုးရဌာနအဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်ရေး။
- အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံအတွင်း ပြည်သူလူထုနှင့် နိုင်ငံရေးနှင့် ပတ်သက်သည့် အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ရေး။

အပိုဒ် ၈

စာချုပ်ဝင်နိုင်ငံများသည် အမျိုးသမီးများအနေဖြင့် နိုင်ငံတကာအဆင့်တွင် ယင်းတို့၏အစိုးရများကို ကိုယ်စားပြုသည့် အခွင့်အရေးများပေးရန် သဘောတူသည်။

အပိုဒ် ၉

စာချုပ်ဝင်နိုင်ငံများသည် အမျိုးသားများနည်းတူ အမျိုးသမီးများအား ယင်းတို့၏လူမျိုးအဆင့် အတန်းရရှိရေးနှင့် ထိမ်းမြားလက်ထပ်ပြီးနောက် ပြောင်းလဲရန် သို့မဟုတ် ဆက်လက်ထားရှိရန် တန်းတူအခွင့်အရေးများကို ပေးအပ်ခွင့်ပြုရမည်။ စာချုပ်ဝင်နိုင်ငံများသည် အမျိုးသမီးများအား အမျိုးသားများကဲ့သို့ ယင်းတို့၏ ရင်သွေး၏ လူမျိုးဖြစ်မှုနှင့် စပ်လျဉ်း၍ တန်းတူအခွင့်အရေးပေးရမည်။

အပိုဒ် ၁၀

စာချုပ်ဝင်နိုင်ငံများသည် မိန်းကလေးများနှင့် အမျိုးသမီးများ ကျောင်းအဆင့်အမျိုးမျိုး၊ ကျောင်းပြီးနောက် ကောလိပ်များနှင့် တက္ကသိုလ်များနှင့် အကြီးတန်း ပညာရေးအဆင့်များတွင် ကာယပညာနှင့် အားကစားအပါအဝင် ပညာသင်ကြားခွင့် တန်းတူရရှိရေးကို သဘောတူသည်။ နိုင်ငံများအနေဖြင့်...

- ကျောင်းထွက်သည့် မိန်းကလေးနှင့် အမျိုးသမီး အရေအတွက်ကို လျှော့ချရန်။
- မိသားစု စီမံကိန်းချရေးဆိုင်ရာ ပညာပေးမှုများ ပြုလုပ်ရန်။
- အမျိုးသမီးများကို တစ်သမတ်တည်း ပုံစံသတ်မှတ်ပြီး အောက်ကျနောက်ကျဖြစ်စေသော သင်ကြားနည်းများနှင့် ပညာရေးဆိုင်ရာ အကြောင်းအရာများ (ဥပမာ-ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများ) ကို ပြင်ဆင်ရန်။

အပိုဒ် ၁၁

စာချုပ်ဝင်နိုင်ငံများသည် အမျိုးသမီးများ လုပ်ငန်းခွင်နှင့် အလုပ်အကိုင်ရရှိမှုဆိုင်ရာ ခွဲခြားဆက်ဆံမှုများကို တိုက်ဖျက်ရန် သဘောတူသည်။ အငြိမ်းစာယူခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း သို့မဟုတ် ဖျားနာခြင်းစသည့် အခြေအနေများတွင် လူမှုလုံခြုံရေး တန်းတူအခွင့်အရေးပေးရန်နှင့် လစာမဲ့ခွင့်ယူခွင့် တန်းတူအခွင့်အရေးပေးရန် လိုအပ်သည်။ ထိမ်းမြားလက်ထပ်မှု သို့မဟုတ် မီးဖွားမှုများကြောင့် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုမပြုလုပ်ရန်လည်း တိုက်တွန်းသည်။

အပိုဒ် ၁၂

စာချုပ်ဝင်နိုင်ငံများသည် ကျန်းမာရေးစောင့်ရှောက်မှုတွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုမပြုရန်၊ ကိုယ်ဝန်ဆောင်နေစဉ်၊ မီးဖွားစဉ်နှင့် မီးဖွားပြီးနောက် ကာလများတွင် အမျိုးသမီးများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် ကိုယ်ဝန်ဆောင်စဉ်နှင့် နို့တိုက်ကာလများတွင် လိုအပ်သော လုံလောက်သော အစာအာဟာရများ အခမဲ့ပေးရန် သဘောတူသည်။

အပိုဒ် ၁၃

စာချုပ်ဝင်နိုင်ငံများသည် စီးပွားရေး၊ လူမှုရေးဘဝ အစိတ်အပိုင်းအားလုံးတွင် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုအား တိုက်ဖျက်သည့် လုပ်ငန်းများ ဆောင်ရွက်ရန်၊ မိသားစု အကျိုးစီးပွားခံစားခွင့်များ၊ ဘဏ်ချေးငွေရရှိမှုများနှင့် ပေါင်နှံမှုများနှင့် ကိုယ်လက်အပန်းဖြေမှု၊ အားကစားနှင့် အခြား ယဉ်ကျေးမှု လုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူ ပါဝင်ဆောင်ရွက်နိုင်စေရန် သဘောတူသည်။

အပိုဒ် ၁၄

စာချုပ်ဝင်နိုင်ငံများသည် ကျေးလက်ဒေသနေ အမျိုးသမီးများ ရင်ဆိုင်ရသော ပြဿနာများကို အထူးအရေးယူဆောင်ရွက်ရန်နှင့် မိသားစုများ စီးပွားရေးအရ ရပ်တည်နိုင်ရေးအတွက် ကျေးလက်ဒေသနေ အမျိုးသမီး၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရန် သဘောတူသည်။ CEDAW ၏ အစိတ်အပိုင်းအားလုံးမှ ရရှိသော အကျိုးကျေးဇူးများကို ကျေးလက်ဒေသနေ အမျိုးသမီးများ ရရှိနိုင်စေရေး အထူးပြု ဆောင်ရွက်ရန် သဘောတူသည်။

အပိုဒ် ၁၅

စာချုပ်ဝင်နိုင်ငံများသည် အမျိုးသမီးများအား အမျိုးသားများနှင့် တန်းတူဥပဒေရေးရာနှင့် လူမှုရေးရာ အဆင့်အတန်းပေးရန် (ဥပမာအားဖြင့် စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးရာတွင်) သဘောတူသည်။

အပိုဒ် ၁၆

စာချုပ်ဝင်နိုင်ငံများသည် လက်ထပ်ထိမ်းမြားမှုနှင့် မိသားစုဆက်ဆံရေးများတွင် အထူးသဖြင့် အောက်ပါကဏ္ဍများတွင် ခွဲခြားဆက်ဆံမှုမရှိစေရန် သဘောတူသည်။

- လင်ယောကျ်ားအား ကိုယ်တိုင်ရွေးချယ်ပိုင်ခွင့်
- လက်ထပ်ထိမ်းမြားမှုတွင် သဘောတူညီခွင့် (မိမိဆန္ဒအလျောက် သဘောတူခွင့်)
- အိမ်ထောင်အတွင်း တန်းတူအခွင့်အရေး
- အိမ်ထောင်သည် လက်ရှိဖြစ်စေ၊ လက်ရှိမဟုတ်သည့် အနေအထားတွင်ဖြစ်စေ (ဥပမာအားဖြင့် အိမ်ထောင်ကွဲခြင်းတွင်) မိဘအနေဖြင့် ယောကျ်ားများနှင့် တန်းတူအခွင့်အရေးနှင့် တာဝန်ခံမှုများ ရရှိပိုင်ခွင့်
- ကလေးယူရန်၊ ကလေးအရေအတွက် သတ်မှတ်ရန်နှင့် သားဆက်ခြားရန်အတွက် ဆုံးဖြတ်ပိုင်ခွင့်
- မိသားစု စီမံကိန်းချမှု အချက်အလက်များနှင့် ပဋိသန္ဓေတားဆေးများ ရရှိပိုင်ခွင့်
- အုပ်ထိန်းခွင့်၊ စောင့်ရှောက်ခွင့်၊ အပ်နှံခွင့်နှင့် မွေးစားခွင့် ရရှိစေရန်
- မိသားစုအမည် ရွေးချယ်ခွင့်ရရန်
- ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်၊ စီမံခွင့်နှင့် စွန့်ပယ်ခွင့် ရရှိရန်

အပိုဒ် ၁၆ သည် ကလေးသူငယ်ထိမ်းမြားမှုကိုလည်း တရားမဝင်ဟု ဖော်ပြသည်။ စာချုပ်ဝင်နိုင်ငံများအား ထိမ်းမြားလက်ထပ်နိုင်သည့် အငယ်ဆုံး အသက်ကို သတ်မှတ်ရန်နှင့် ထိမ်းမြားလက်ထပ်မှုကို တရားဝင်မှတ်ပုံတင်စေရေး ဆောင်ရွက်ရေးအတွက် သဘောတူစေသည်။

စာချုပ်အပြည့်အစုံနှင့် အခြားအချက်အလက်များကို အောက်ပါဝက်ဘ်ဆိုဒ်လိပ်စာတွင် ကြည့်ရှုနိုင်သည်။ www.un.org/womenwatch/daw/cedaw/

❒

tykdif4?aemufqufw(u-9)

a&ajymif;vkyfukdolrsm;EdkifwkdYrdm;pkdifcsufrsm;ukd umuG,fay;jcif;qkdif&m EkdifwLum oabmwlnDcsufyf

a&ajymif;vkyfolrsm;tm;vkyfEdkifwkdYrdm;pkdifcsufrsm;tm; umuG,fapmaf&Sif;a&;qkdif&m EkdifwLum oabm whnDuf

ရွှေပြောင်းလုပ်သားများအားလုံးနှင့် ၄င်းတို့၏ မိသားစုဝင်များအား ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်သည် ရွှေပြောင်းလုပ်သားများကို ကာကွယ်ပေးရန် ရည်ရွယ်သည့် စာချုပ်ဖြစ်သည်။ ၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလတွင် အတည်ပြုပြီး ၂၀၀၃ ခုနှစ်၊ ဇူလိုင်လတွင် စတင်အသက်ဝင်သည်။

သဘောတူညီချက်သည် ရွှေပြောင်းလုပ်သားများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရွှေပြောင်းအခြေချသူများ၏ လူအခွင့်အရေးကို အကာအကွယ်ပေး မြှင့်တင်ရန် ရည်ရွယ်သည်။ ရွှေပြောင်းအခြေချနေထိုင်သူများအတွက် အခွင့်အရေးသစ်များ ပြဋ္ဌာန်းခြင်းမရှိသော်လည်း ရွှေပြောင်းအခြေချနေထိုင်သူများသည် သူတို့အလုပ်လုပ်ကိုင်ရာ နိုင်ငံများ၏ အလုပ်သမားဥပဒေများနှင့်အညီ နိုင်ငံသားများနှင့် တန်းတူ ဆက်ဆံခံရစေရန်အတွက် ရည်ရွယ်သည်။ တရားဝင်နှင့် တရားမဝင် ရွှေပြောင်းလုပ်သားများကို ခွဲခြားဖော်ပြပြီး တရားဝင်ရွှေပြောင်းလုပ်သားများကို အခွင့်အရေးပိုပေးရန်နှင့် တရားမဝင် ရွှေပြောင်းလုပ်သားများ၏ မွေးရာပါ အခွင့်အရေးများ အကာအကွယ်ပေးရန် ရည်ရွယ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရွှေပြောင်းလုပ်သားများကို ကာကွယ်ပေးရန်နှင့် လူကုန်ကူးမှုနှင့် တရားမဝင် ရွှေပြောင်းအခြေချမှုကို အားပေးကူညီသူများကို ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်ရန် အားပေးသည်။ သဘောတူညီချက်ကို အကောင်အထည်ဖော်မှုအား ရွှေပြောင်းလုပ်သားကော်မတီက စောင့်ကြည့်လေ့လာသည်။

tykdf 1

vnfcHESt"ydl;/ZGjlufsm;

အပိုဒ် ၁

စာချုပ်သည် ရွှေပြောင်းလုပ်သားများအားလုံးနှင့် ၄င်းတို့၏ မိသားစုဝင်များကို ခွဲခြားမှုမရှိဘဲ သက်ရောက်သည်။

ရွှေပြောင်းအခြေချမှုဖြစ်စဉ်အားလုံးဖြစ်သည့် ပြင်ဆင်ခြင်း၊ ထွက်ခွာခြင်း၊ တစ်ဆင့်ခံ ကူးပြောင်းသွားလာခြင်း၊ နိုင်ငံခြားတိုင်းပြည်များတွင် ရွှေပြောင်းလုပ်သားအဖြစ် လုပ်ကိုင်သည့် ကာလနှင့် ဇာတိနိုင်ငံသို့ ပြန်ခြင်းတို့ ပါဝင်သည်။

အပိုဒ် ၂

ရွှေပြောင်းလုပ်သားဟူသည်မှာ ''သူ နိုင်ငံသားအဖြစ် ခံယူထားသော နိုင်ငံမဟုတ်သည့် နိုင်ငံတစ်နိုင်ငံတွင် ငွေရရန်အတွက် အခစားလုပ်ငန်းတစ်ခုတွင် လုပ်ဆောင်မည့်သူ၊ လုပ်ဆောင်နေသူ၊ လုပ်ဆောင်ခဲ့သူ'ဟု သတ်မှတ်သည်။ ရွှေပြောင်းလုပ်သားများကို အောက်ပါအတိုင်း အမျိုးအစား ခွဲခြားထားသည်။

နယ်စပ်လုပ်သား - နေ့စဉ်ဖြစ်စေ၊ တစ်ပတ်တစ်ခါဖြစ်စေ အိမ်နီးချင်းနိုင်ငံတွင်ရှိသည့် မိမိအိမ်သို့ ပြန်သည့် ရွှေပြောင်းလုပ်သား။

ရာသီလိုက်လုပ်သား - ရာသီအလိုက် အခြေအနေများအရ တစ်နှစ်တာ၏ အစိတ်အပိုင်းတစ်ရပ်တွင်သာ အလုပ်လုပ်သော ရွှေပြောင်းလုပ်သား။

သင်္ဘောသား - ငါးဖမ်းသမားများ အပါအဝင် မိမိနိုင်ငံမဟုတ်သည့် အခြားနိုင်ငံတစ်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် သင်္ဘောတစ်စီးစီးပေါ်တွင် အလုပ်ခန့်အပ်ခံရသော ရွှေပြောင်းလုပ်သား။

ကမ်းတင်သင်္ဘောတပ်ဆင်လုပ်သား - မိမိနိုင်ငံမဟုတ်သည့် အခြားတစ်နိုင်ငံ၏ အာဏာသက်ရောက်သော ဒေသတစ်ခုတွင် ကမ်းတင်သင်္ဘောတပ်ဆင်မှုအတွက် အလုပ်ခန့်အပ်ခံရသော ရွှေပြောင်းလုပ်သား။

ခရီးထွက်ရသည့်လုပ်သား - အလုပ်အကိုင် သဘာဝအရ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နိုင်ငံများအကြား ရွှေပြောင်းသွားလာနေရသော ရွှေပြောင်းလုပ်သား။

စီမံကိန်းလုပ်သား - နိုင်ငံခြားတိုင်းပြည်တစ်ခုရှိ စီမံကိန်းတစ်ခုတွင် တာဝန်ပေးခြင်းခံရသော ရွှေပြောင်းလုပ်သား။

ကိုယ်ပိုင်လုပ်သား - ကိုယ်ပိုင်အလုပ်လုပ်သည့် ရွှေပြောင်းလုပ်သား။

အပိုဒ် ၃

သဘောတူညီချက်တွင် အောက်ပါအချက်အလက်များ မပါဝင်ပါ။

- နိုင်ငံတကာအဖွဲ့အစည်းများ၊ အေဂျင်စီများနှင့် နိုင်ငံခြားသားများက ခန့်အပ်ပြီး တာဝန်ဖြင့် ပြည်ပသို့ စေလွှတ်ခြင်း ခံရသူများ။
- နိုင်ငံက အလုပ်ခန့်အပ်ပြီး အခြားနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များနှင့် အခြားပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတွင် ခန့်အပ်စေလွှတ်ခံရသူများ။
- ရင်းနှီးမြှုပ်နှံသူများက အခြားနိုင်ငံများတွင် အလုပ်လုပ်ကိုင်စေရန် ခန့်အပ်လိုက်သူများ။ ဒုက္ခသည်များနှင့် နိုင်ငံမဲ့များ။ ကျောင်းသားများနှင့် သင်တန်းသားများ။
- အလုပ်အကိုင်ခန့်အပ်ခံရသည့် နိုင်ငံတွင် နေထိုင်အလုပ်လုပ်ကိုင်ခွင့်မရှိဘဲ ကမ်းတင်သင်္ဘောတပ်ဆင်

ရေးလုပ်ကိုင်နေသည့် သဘော်သားများနှင့် အလုပ်သမားများ။

အပိုဒ် ၄

မိသားစုဝင်များတွင် လင်ယောကျ်ား၊ မိန်းမ၊ တရားဥပဒေအရ လက်ထပ်ထိမ်းမြားပြီးဖြစ်သည်ဟု အသိအမှတ်ပြုထားသော မိတ်ဖက်များ၊ မှီခိုနေရသည့် ကလေးငယ်များနှင့် မိသားစုဝင်အဖြစ် အသိအမှတ်ပြုထားသည့် အခြား မှီခိုသူများ ပါဝင်သည်ဟု သတ်မှတ်ထားသည်။

အပိုဒ် ၅

နိုင်ငံတစ်နိုင်ငံသို့ ဝင်ရောက်၊ နေထိုင်၊ လုပ်ကိုင်ခွင့်ပြုရန် စာရွက်စာတမ်းများဖြင့် (ဥပဒေအရ) အသိအမှတ်ပြုထားသော ရွှေ့ပြောင်းလုပ်သားများနှင့် တရားမဝင်သော စာရွက်စာတမ်းမရှိ ရွှေ့ပြောင်းလုပ်သားများ အကြား ခြားနားချက်ကို ဖော်ပြထားသည်။

အပိုဒ် ၆

ရွှေ့ပြောင်းလုပ်သားကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုထားသည့် ဧာတိနိုင်ငံ၊ အလုပ်လုပ်ကိုင်ရာ နိုင်ငံ၊ အလုပ်အကိုင်အရ သွားလာရန် လိုအပ်သော ကြားခံနိုင်ငံတို့ကို ခွဲခြားသတ်မှတ်သည်။

tykdif 2
tcGifha&;rsm;qkdkufcJhaqufqHk;&Gif;

အပိုဒ် ၇

ရွှေ့ပြောင်းလုပ်သားများသည် အခြားသူများအားလုံးနှင့် တန်းတူ အခွင့်အရေးရှိသည်။

tykdif 3
a&Tymif;vkyfom;rsm;tm;vkyfEdkifwkdifrdom;pkdifsm;\ vlYcifha&;

အပိုဒ် ၈ မှ ၁၇

ဤအပိုဒ်များတွင် ရွှေ့ပြောင်းလုပ်သားများနှင့် သူတို့၏ မိသားစုဝင်များသည် အခြားသူများနှင့် တန်းတူအခွင့်အရေးရှိသည်။ ထိုအခွင့်အရေးများတွင် နိုင်ငံများအကြား ခရီးသွားခွင့်၊ အိမ်ပြန်ခွင့်၊ သက်ရှင်ရပ်တည်ခွင့်၊ ညှဉ်းပန်းနှိပ်စက်မှု၊ ကျွန်ပြုမှုနှင့် အင်အားသုံး ခိုင်းစေမှုမှ လွတ်ကင်းပိုင်ခွင့်၊ လွတ်လပ်စွာ တွေးခေါ်၊ သိမြင်၊ ကိုးကွယ်ပိုင်ခွင့်၊ လွတ်လပ်စွာ တွေးခေါ်ယူဆခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ဥပဒေပ ဖမ်းဆီးမှုများမှ ကင်းလွတ်ခွင့်၊ ကိုယ်ရေးကိုယ်တာလုံခြုံမှု၊ ပစ္စည်းဥစ္စာ မသိမ်းဆည်းခံရခွင့်၊ လုံခြုံရေးရရှိပိုင်ခွင့်၊ ဥပဒေအရ သင့်တင့်သော လုပ်ငန်းစဉ်ဖြင့် စီမံခံရပိုင်ခွင့်၊ ဥပဒေရှေ့မှောက်တွင် တန်းတူဖြစ်ခွင့်တို့ ပါဝင်သည်။

အပိုဒ် ၂၀

နေထိုင်မှုနှင့် အလုပ်လုပ်ခွင့်သည် သူတို့ချုပ်ဆိုထားသော စာချုပ်များနှင့် သက်ဆိုင်နေပြီး ထိုစာချုပ်များကို ချိုးဖောက်ထားသည့် အခြေအနေများမှအပ ရွှေ့ပြောင်းလုပ်သားများ၏ နေထိုင်ခွင့်၊ အလုပ်လုပ်ခွင့်တို့ကို ရုပ်သိမ်းခြင်း မပြုရ။

အပိုဒ် ၂၁

ဥပဒေအရ အာဏာပိုင်တစ်ဦးဦးက ဆောင်ရွက်ရခြင်းမှအပ ရွှေ့ပြောင်းလုပ်သားတစ်ယောက်၏ ကိုယ်ရေးအချက်အလက်ဆိုင်ရာ စာရွက်စာတမ်းများကို ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းဆည်းခြင်း မပြုရ။ ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းဆည်းခြင်းပြုပါကလည်း ရွှေ့ပြောင်းလုပ်သားကို လက်ခံစာထုတ်ပေးရမည်။ ရွှေ့ပြောင်းလုပ်သား၏ ပတ်စ်پို့ကို ဖျက်ဆီးခြင်းမပြုရ။

အပိုဒ် ၂၂

ရွှေ့ပြောင်းလုပ်သားများကို အုပ်စုလိုက် ပြည်နှင်ဒဏ်ပေးခြင်းမပြုရ။ ပြည်နှင်ဒဏ်ပေးသည့် အမှုများကို တစ်ခုစီ စစ်ဆေးပြီး ဆုံးဖြတ်ရမည်။ ပြည်နှင်ဒဏ်ပေးခြင်းကို ဥပဒေအရသာ ဆောင်ရွက်ရမည်၊ ရွှေ့ပြောင်းလုပ်သားများကို အယူခံခွင့်ပေးရမည်။ ပြည်နှင်ဒဏ်ပေးခံရသည့် ရွှေ့ပြောင်းလုပ်သားကို ပြည်နှင်ဒဏ်မပေးခင်နှင့် ပေးပြီးနောက် လစာနှင့် အခြားခံစားခွင့်ဆိုင်ရာ ကိစ္စများကို ဖြေရှင်းနိုင်ရန်အတွက် သင့်တင့်သော အချိန်နှင့် အခွင့်အရေးပေးရမည်။

အပိုဒ် ၂၃

ရွှေ့ပြောင်းလုပ်သားသည် ဇာတိနိုင်ငံ၏ သံတမန်အာဏာပိုင်များထံ အယူခံပိုင်ခွင့်ရှိသည်။

အပိုဒ် ၂၄

ရွှေ့ပြောင်းလုပ်သားများသည် ဥပဒေရှေ့မှောက်တွင် အသိအမှတ်ပြုခံရပိုင်ခွင့်ရှိသည်။

အပိုဒ် ၂၅

ရွှေ့ပြောင်းလုပ်သားများသည် လုပ်ခလစာ၊ လုပ်ငန်းခွင် အခြေအနေ၊ အချိန်ပို၊ အားလပ်ချိန်များတွင် အလုပ်လုပ်ကိုင်ရာ နိုင်ငံများမှ နိုင်ငံသားများနှင့် တန်းတူအခွင့်အရေးများ ခံစားခွင့်ရှိသည်။

အပိုဒ် ၂၆

အရွှေ့ပြောင်းလုပ်သားများသည် အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်နှင့် ပါဝင်ခွင့်ရှိသည်။

အပိုဒ် ၂၇

ရွှေ့ပြောင်းလုပ်သားများသည် လူမှုဖူလုံရေးနှင့် ပေးသွင်းထားသည့် ငွေကြေးပမာဏအပေါ် ပြန်လည်ခံစားခွင့်တို့ကို နိုင်ငံများအကြား သဘောတူညီမှုကိုလိုက်၍ နိုင်ငံသားများနှင့် တန်းတူအခွင့်အရေး ရရှိနိုင်ရမည်။

အပိုဒ် ၂၈

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်လျှင် နိုင်ငံသားများနှင့် တန်းတူရပိုင်ခွင့်ရှိသည်။

အပိုဒ် ၂၉ နှင့် ၃၀

ရွှေ့ပြောင်းလုပ်သားများ၏ ကလေးငယ်များသည် နိုင်ငံသားကလေးငယ်များနှင့် တန်းတူ အမည်ခံယူပိုင်ခွင့်၊ မွေးစာရင်း မှတ်ပုံတင်ပိုင်ခွင့်၊ နိုင်ငံသားခံယူပိုင်ခွင့်၊ တန်းတူပညာသင်ကြားပိုင်ခွင့်ရှိသည်။

အပိုဒ် ၃၁

အဖွဲ့ဝင်နိုင်ငံများသည် ရွှေ့ပြောင်းလုပ်သားများ၏ ကိုယ်ရေးကိုယ်တာ အမှတ်သရုပ်ကို ကာကွယ်မည်၊ လေးစားမည်ဟု သဘောတူသည်။

အပိုဒ် ၃၂

ရွှေ့ပြောင်းလုပ်သားများသည် လုပ်ခများ၊ ပိုင်ဆိုင်မှုများကို အလုပ်လုပ်ကိုင်ရာ နိုင်ငံတွင် နေထိုင်ခွင့် ကုန်ဆုံးချိန်တွင် ရွှေ့ပြောင်းပေးပို့ခွင့်ရှိသည်။

အပိုဒ် ၃၃

ရွှေ့ပြောင်းလုပ်သားများသည် သဘောတူညီချက်နှင့် အလုပ်လုပ်ကိုင်ရာ နိုင်ငံ၏ ဥပဒေများနှင့် အညီ ပေးအပ်ထားသော အခွင့်အရေးများအကြောင်း သိခွင့်ရှိသည်။

အပိုဒ် ၃၄

ရွှေ့ပြောင်းလုပ်သားများသည် အလုပ်လုပ်ကိုင်ရာနိုင်ငံ၏ ဥပဒေများကို လိုက်နာရမည်။

အပိုဒ် ၃၅

ဖော်ပြထားသည့် အခွင့်အရေးများသည် စာရွက်စာတမ်းမရှိသော၊ တရားမဝင်သော ရွှေ့ပြောင်းလုပ်သားများကို ရည်ရွယ်ခြင်းမရှိပါ။

tykdif 4

pm&Gufpmwrf;zifwv&m;0ifaexkdifaomaeaZmif;vkyfom;rsm;\ tjcm;tcGifha&;rsm;

အပိုဒ် ၃၆ မှ ၃၈

ရွှေ့ပြောင်းလုပ်သားများသည် နိုင်ငံမှ မထွက်ခွာမီ သူတို့အလုပ်သွားရောက်လုပ်ကိုင်မည့် နိုင်ငံနှင့် အလုပ်သို့ သွားရောက်ရာတွင် သိရှိလိုက်နာရမည့် အချက်များကို သိရှိပိုင်ခွင့်ရှိသည်။ ရွှေ့ပြောင်းလုပ်သားသည် အလုပ်လုပ်ကိုင်ရာနိုင်ငံမှ ယာယီအားဖြင့် ထွက်ခွာမည်ဆိုပါက ထိုသို့ထွက်ခွာမှုကို တရားဝင်အတည်ပြုပြီး ကူညီပေးရမည်။

အပိုဒ် ၃၉

ရွှေ့ပြောင်းလုပ်သားသည် အလုပ်လုပ်ကိုင်ရာ နိုင်ငံအတွင်း လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာခွင့်နှင့် နေထိုင်ရာနေရာ ရွေးချယ်ခွင့်ရှိသည်။

အပိုဒ် ၄၀

ရွှေ့ပြောင်းလုပ်သားများသည် မိမိ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် အခြားအကျိုးစီးပွားများကို မြှင့်တင်ရန်၊ ကာကွယ်ရန်အတွက် အလုပ်လုပ်ကိုင်ရာ နိုင်ငံတွင် အသင်းအပင်းများနှင့် အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ရှိသည်။

အပိုဒ် ၄၁

ရွှေ့ပြောင်းလုပ်သားများသည် ၄င်းတို့၏ ဇာတိနိုင်ငံတွင် မဲပေးခွင့်အပါအဝင် နိုင်ငံရေးအခွင့်အရေးများ ဆုံးရှုံးစေခြင်းမရှိရ။

အပိုဒ် ၄၂

အလုပ်ရှင်နိုင်ငံက ပေးအပ်သည်ဆိုပါက ရွှေ့ပြောင်းလုပ်သားများတွင် နိုင်ငံရေး အခွင့်အရေးများ ရှိသည်။ နိုင်ငံသည် ရွှေ့ပြောင်းလုပ်သားများ၏ ဒေသတွင်း အုပ်ချုပ်ရေးတွင် ပါဝင်နိုင်ရေးကို ကူညီပေး ရမည်ဖြစ်ပြီး ရွှေ့ပြောင်းလုပ်သားများနှင့် ၄င်းတို့၏ မိသားစုဝင်များ၏ အထူးလိုအပ်ချက်များ၊ မျှော်မှန်းချက်များ၊ တာဝန်များကို ထည့်သွင်းစဉ်းစားရန် အဖွဲ့အစည်းများကို ဖွဲ့စည်းရမည်။

အပိုဒ် ၄၃ မှ ၄၅

ရွှေ့ပြောင်းလုပ်သားများနှင့် ၄င်းတို့၏ မိသားစုဝင်များသည် ပညာရေး၊ အိုးအိမ်၊ ကျန်းမာရေး၊ သမဝါယမများတွင် ပါဝင်မှုနှင့် ယဉ်ကျေးမှုဘဝတို့နှင့် ပတ်သက်လျှင် တန်းတူအခွင့်အရေးရှိရမည်။ မိသားစုများကို လူမှုအဖွဲ့အစည်း၏ အခြေခံကျသော အစုအဖွဲ့အဖြစ် အသိအမှတ်ပြု အကာအကွယ်ပေး ထားသည်။ မိသားစုများသည် တကွဲတပြားစီဖြစ်နေပါက နိုင်ငံများသည် ထိုမိသားစုများ ပြန်လည် ပေါင်းစည်းရေးအတွက် သင့်တင့်သော လုပ်ဆောင်ချက်များ ဆောင်ရွက်ရမည်။ အလုပ်လုပ်ကိုင်နေ သည့် နိုင်ငံများသည် ဒေသခံကျောင်းစနစ်တွင် ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများ ပေါင်းစည်းပါ ဝင်နိုင်စေရန် ကူညီပေးရမည်။ အထူးသဖြင့် ၄င်းတို့ကို ဒေသသုံးဘာသာစကားဖြင့် သင်ကြားပေးရသည့် စာသင်ကျောင်းများ တက်ရောက်နိုင်စေရန် ကူညီပေးရမည်။ အလားတူပင် ရွှေ့ပြောင်းလုပ်သားများ၏ ကလေးသူငယ်များကို မိခင်ဘာသာစကားများဖြင့်လည်း သင်ကြားပေးရမည်။

အပိုဒ် ၄၆ နှင့် ၄၇

အလုပ်အတွက် တစ်ဦးစာ အိမ်ထောင်စုတစ်ခုစာ ပစ္စည်းပစ္စယများ လိုအပ်နိုင်သည့် အခြေအနေ အရ ပို့ကုန်သွင်းကုန်ခွန် လျှော့ပေးသင့်သည်။ ရွှေ့ပြောင်းလုပ်သားများသည် မိသားစုများကို ထောက်ပံ့ရန် အတွက် အိမ်သို့ ငွေပြန်ပို့ပိုင်ခွင့်ရှိသည်။

အပိုဒ် ၄၈

အခွန်ကိစ္စနှင့်ပတ်သက်လျှင် ရွှေ့ပြောင်းလုပ်သားများနှင့် နိုင်ငံသားများကို တန်းတူဆက်ဆံသင့် သည်။ အဖွဲ့ဝင်နိုင်ငံများသည် အခွန်နှစ်ထပ်ပေးဆောင်ရန် မလိုအပ်စေရန် ဆောင်ရွက်ပေးသင့်သည် (ဇာတိနိုင်ငံနှင့် အလုပ်လုပ်ကိုင်သည့် နိုင်ငံ နှစ်နိုင်ငံစလုံးတွင် ပေးဆောင်ရခြင်း)

အပိုဒ် ၄၉

အလုပ်ရှင်နိုင်ငံသည် အနည်းဆုံး အလုပ်လုပ်ကိုင်ရာ ကာလအတွင်း နေထိုင်ခွင့်ပေးရမည်။ ရွှေ့ပြောင်းလုပ်သား၏ အလုပ်နှင့် နေထိုင်ခွင့်ပါမစ်များကို ပါမစ်မကုန်ခင် အလုပ်အကိုင် ဆုံးရှုံးသွားပါက လည်း ပယ်ဖျက်ခြင်း မပြုရ။ အခြားအလုပ်အကိုင်ရှာဖွေရန် အခွင့်အရေး ပေးသင့်သည်။

အပိုဒ် ၅၀

အကယ်၍ ရွှေ့ပြောင်းလုပ်သားသည် သေဆုံးသွားပါက သို့မဟုတ် ကွာရှင်းသွားပါက အလုပ်ရှင် နိုင်ငံသည် ထိုနိုင်ငံအတွင်း မိသားစုဝင်များ ဆက်လက်နေထိုင်ခွင့်ကို စဉ်းစားဆုံးဖြတ်ပေးရမည်။ ဆက် လက်နေထိုင်ခွင့် မပြုတော့သော မိသားစုဝင်များကို နိုင်ငံအတွင်း ကိစ္စများ ဖြေရှင်းရန် သင့်တင့်သော အချိန်ပေးရမည်။

အပိုဒ် ၅၁

အလုပ်အကိုင်ကာလမကုန်ဆုံးမီ အလုပ်အကိုင်ဆုံးရှုံးသွားပြီး သူတို့၏ အလုပ်အကိုင်ကို လွတ်လပ်စွာ ရွေးချယ်ခွင့်မရှိသော ရွှေ့ပြောင်းလုပ်သားများသည် နေထိုင်ခွင့်သည် သက်ဆိုင်ရာအလုပ်နှင့် ဆက်နွယ်မှုမရှိလျှင် နေထိုင်ခွင့်ကို မဆုံးရှုံးစေရ။

အပိုဒ် ၅၂

ရွှေ့ပြောင်းလုပ်သားများသည် အောက်ပါကန့်သတ်ချက်များကို လိုက်နာလျက် အလုပ်ရှင်နိုင်ငံတွင် အလုပ်အကိုင်ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိသည်။ အလုပ်ရှင်နိုင်ငံသည်...

- အလုပ်အကိုင်အမျိုးအစား ကန့်သတ်နိုင်သည်။
- နိုင်ငံတွင် အရည်အချင်း အသိအမှတ်ပြုမှု၊ အသိအမှတ်မပြုမှုဆိုင်ရာ ဥပဒေများအရ အလုပ်အကိုင်လွတ်လပ်စွာ ရွေးချယ်မှုကို ကန့်သတ်နိုင်သည်။ ရွှေ့ပြောင်းလုပ်သား၏ ပါမစ်မှာ အချိန်အကန့်အသတ်နှင့်သာ ဖြစ်ပါက အလုပ်ရှင်နိုင်ငံသည်...
- နှစ်နှစ်ထက် မပိုသော ကာလဖြစ်သည့် နိုင်ငံဥပဒေများအရ သတ်မှတ်ထားသော ကာလအတွင်း နိုင်ငံနယ်နိမိတ်အတွင်း အလုပ်အတွက် ဆက်လက်နေထိုင်နိုင်သည်ဟူသော အခြေအနေဖြင့် လွတ်လပ်စွာ အလုပ်လုပ်ပိုင်ခွင့်ပေးနိုင်သည်။
- နိုင်ငံသားများကို ဦးစားပေးရန် မူဝါဒရှိပါက ရွှေ့ပြောင်းလုပ်သားများ၏ လုပ်ကိုင်နိုင်မှုကို ကန့်သတ်နိုင်သည်။ နိုင်ငံတွင် ဥပဒေနှင့်အညီ ငါးနှစ်ကြာ နေထိုင်လုပ်ကိုင်ခဲ့ဖူးသူကို ထိုသို့ကန့်သတ်ခြင်းမပြုနိုင်။

အပိုဒ် ၅၃

အကန့်အသတ်မရှိ နေထိုင်ခွင့် ရရှိနေသည့် ရွှေ့ပြောင်းလုပ်သားသည် အလုပ်အကိုင် လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိသည်။ နိုင်ငံများသည် ရွှေ့ပြောင်းလုပ်သားနှင့် တန်းတူနေထိုင်ခွင့် မရှိသေးသော မိသားစုဝင်များ၏ လျှောက်ထားမှုများကို ဦးစားပေးဆုံးဖြတ်ပေးရမည်။

အပိုဒ် ၅၄ နှင့် ၅၅

ရွှေ့ပြောင်းလုပ်သားများသည် အောက်ပါကိစ္စများတွင် နိုင်ငံသားများနှင့် တန်းတူအခွင့်အရေး ရှိသည်။

- ထုတ်ပယ်ခံရခြင်းမှ အကာအကွယ်ရပိုင်ခွင့်
- အလုပ်လက်မဲ့များအတွက် ခံစားခွင့်များ
- အလုပ်လက်မှုနှုန်း လျှော့ချရန်ပြုလုပ်သည့် အများပြည်သူ အလုပ်အကိုင်ရှာဖွေရေး အစီအစဉ်များကို ရရှိခွင့်
- အခြားအလုပ်ရှာခွင့်နှင့်
- အလုပ်ခွင်အတွင်း တန်းတူဆက်ဆံခံရခွင့်

စာချုပ်ချိုးဖောက်မှုများခံရသည့် ရွှေ့ပြောင်းလုပ်သားသည် အလုပ်ရှင်နိုင်ငံတွင် အာဏာပိုင်များနှင့် ထိုအမှုကို ဖြေရှင်းခွင့်ရှိသည်။

အပိုဒ် ၅၆

နိုင်ငံ၏ ဥပဒေများတွင် သတ်မှတ်ထားသည့် အကြောင်းပြချက်များအရမှအပ ရွှေ့ပြောင်းလုပ်သားများကို အလုပ်ရှင်နိုင်ငံမှ နှင်ထုတ်ခွင့်မရှိ။

အလုပ်ရှင်နိုင်ငံသည် နေထိုင်ခွင့်နှင့် အလုပ်ပါမစ်များတွင် ဖော်ပြထားသည့် အခွင့်အရေးများကို

ရုတ် သိမ်းရန်အတွက် ပြည်နှင်ဒဏ်ပေးခြင်းကို အသုံးမပြုရပေ။

ပြည်နှင်ဒဏ်ပေးခြင်းကို စဉ်းစားရာတွင် အလုပ်ရှင်နိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာ သုံးသပ်စဉ်းစားမှုများနှင့် နိုင်ငံအတွင်း နေထိုင်ပြီးသားဖြစ်သူ၏ နေထိုင်ခွဲ့သည့် ကာလကြာရှည်မှုများကိုသာ ထည့်သွင်းစဉ်းစားရမည်။

tykdif 5

a&Tjymif;vkyfom;rsm;EdkifHcdkif;om;pkdkifsm;ukd,ortxd,pm;cJhaom&mwGif;tokyfEkdifiHomowfrSwfcufrsm;

အပိုဒ် ၅၇ မှ ၆၃ ထိ

အပိုဒ် ၂ တွင် ပြဋ္ဌာန်းထားသည့် အမျိုးအစားများ (နယ်စပ်လုပ်သားများ၊ သင်္ဘောသားများ၊ စီမံကိန်းလုပ်သားများ စသည်တို့၏ တန်းတူအခွင့်အရေးများကို ဖော်ပြထားသည်။ ထိုအလုပ်သမားများသည် နိုင်ငံသားများနှင့် အခြားရွှေ့ပြောင်းလုပ်သားများနှင့် တန်းတူအခွင့်အရေးများရရှိရမည်။ ၄င်းတို့၏ ထူးခြားသော အခြေအနေများကို ထည့်သွင်းစဉ်းစားလျက် ကန့်သတ်ချက်အချို့ ထားရှိရမည်။

တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုကို တိုက်ဖျက်ရန် လိုအပ်မှုနှင့် လိမ်ညာလျက် ရွှေ့ပြောင်းလုပ်ကိုင်ရန် တွန်းအားပေးသော အေဂျင်စီများကို ဥပဒေအရ အရေးယူခြင်းရန် ကိစ္စများကိုလည်း ဖော်ပြထားသည်။

tykdif 6

Edkifwum a&Tjymif;vkyfom;rsm;EdkifHcdkif;om;pkdkifsm;EdkifHywfouf,nfhumif,lEdkifiHom;r[kwfaom?vbm;qefaom?

w&m;0ifltajctaersm;ukd,lEdkifwif,lif;

အပိုဒ် ၆၄ မှ ၇၁ အထိသည် လုပ်အားလိုအပ်ချက်နှင့် လုပ်အားအရင်းအမြစ်များနှင့် ဆက်နွယ်လျက်ဖြစ်စေ၊ ရွှေ့ပြောင်းလုပ်သားနှင့် မိသားစုဝင်များ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် အခြားလိုအပ်ချက်များနှင့် ရွှေ့ပြောင်းလုပ်သားများကို လူသားဆန်ဆန် ဆက်ဆံမှုပြုနိုင်စေရန်အတွက် ဝန်ဆောင်မှုများပေးရမည့် နိုင်ငံ၏ တာဝန်များနှင့် ဆက်နွယ်လျက်ဖြစ်စေ ရွှေ့ပြောင်းလုပ်သားများကို လူသားဆန်စွာ ဆက်ဆံမှုနှင့် ပတ်သက်၍ ဖော်ပြထားသည်။

tykdif 7

ရွှေ့ပြောင်းလုပ်သားဆိုင်ရာကော်မတီ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ပုံကို သတ်မှတ်ဖော်ပြသည်။

အပိုင်း ၈ မှ ၉ အထိသည် နည်းစနစ်ဆိုင်ရာကိစ္စရပ်များဖြစ်ပြီး အတည်ပြုခြင်း၊ အဖွဲ့ဝင်ခြင်းနှင့် ပြင်ဆင်ခြင်းဆိုင်ရာ ကိစ္စရပ်များ ပါဝင်သည်။

သဘောတူညီချက်အပြည့်အစုံကို www2.ohchr.org/english/law/cmw.htm တွင် ဖတ်ရှုနိုင်ပါသည်။

❒

tykdif4?aemufqufw(u-10)

vltrsm;tm; t"r®fqif;a&;zsmuf&sufl umuG,f&;qkd&m Ekdifwl um oabmwhcsDuf

vltrsm;tm; t"r®fqif;a&;zsmuf&sufl umuG,f&;qkd&m Ekdifwl um oabmwhcsDuf (ICPED)

လူအများအား အဓမ္မ ဖမ်းဆီးဖျောက်ဖျက်မှု ကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (ICPED) သည် အဓမ္မ ဖမ်းဆီးဖျောက်ဖျက်မှုများကို ကာကွယ်ရန် ရည်ရွယ်သည်။ သဘောတူညီချက်၏ အလိုအရ အဓမ္မဖမ်းဆီးဖျောက်ဖျက်မှုဟူသည်မှာ "နိုင်ငံ၏ ထောက်လှမ်းရေးများ သို့မဟုတ် အခွင့်အာဏာ၊ အထောက်အပံ့ သို့မဟုတ် သိရှိမှုဖြင့် ဆောင်ရွက်သော လူပုဂ္ဂိုလ်များ၊ လူစုများက ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု၊ ပြန်ပေးဆွဲမှု သို့မဟုတ် လွတ်လပ်မှု ပျောက်ဆုံးစေသည့် အခြားပုံစံတစ်မျိုးမျိုးပြုလုပ် ခြင်း၊ ထိုသို့ပြုလုပ်ခြင်း၊ ထိုသို့ လွတ်လပ်မှု ပျောက်ဆုံးစေခြင်းကို အသိအမှတ်ပြုရန် ငြင်းပယ်မှု၊ ပျောက်ဆုံးသွား သောသူ၏ ကံကြမ္မာ သို့မဟုတ် ထိန်းသိမ်းထားသည့် နေရာများကို ဖုံးကွယ်ထားခြင်းဖြင့် ဥပဒေ၏ အကာအကွယ်မရရှိစေခြင်း" ဖြစ်သည်။

(ICPED, Article 2)

စကားချီးတွင် အဓမ္မ ဖမ်းဆီးဖျောက်ဖျက်မှုသည် တချို့သော အခြေအနေများတွင် နိုင်ငံတကာ ဥပဒေအရ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုအဖြစ် မှတ်ယူပြီး တရားစွဲဆိုနိုင်သည့် အလွန်ပြင်းထန်သည့် ရာဇဝတ်မှုဖြစ်သည်။

သဘောတူညီချက်ကို ကုလသမဂ္ဂ အထွေထွေညီလာခံက ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်တွင် အတည်ပြုပြီး ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် စတင်ပြီး လက်မှတ်ရေးထိုးခွင့်ပြုခဲ့သည်။ ယခု

လက်စွဲစာအုပ်ပြုစုသည့်အချိန်တွင် နိုင်ငံပေါင်း ၈၈ နိုင်ငံက လက်မှတ်ရေးထိုးထားပြီး ၂၉ နိုင်ငံက အတည်ပြုထားသည်။

အပိုင်း ၃ ပိုင်းပါဝင်ပြီး အပိုဒ် ၄၅ ပိုဒ်ရှိသည်။

tu;0ftcsyf

အပိုဒ် ၁

အဓမ္မဖမ်းဆီးဖျောက်ဖျက်မှုကို ပိတ်ပင်သည်။ "စစ်ပွဲဖြစ်စေ၊ စစ်ပွဲဖြစ်ရန် ခြိမ်းခြောက်မှုဖြစ်စေ၊ ပြည်တွင်းနိုင်ငံရေး မတည်ငြိမ်မှုဖြစ်စေ၊ အများပြည်သူ အရေးပေါ်အခြေအနေဖြစ်စေ အဓမ္မဖမ်းဆီးဖျောက်ဖျက်မှုပြုနိုင်သည့် မည်သည့်ခြွင်းချက်မှမရှိစေရ" ဟု ဖော်ပြထားသည်။

အပိုဒ် ၂

(အထက်တွင် ကိုးကားဖော်ပြခဲ့ပြီးသည့်အတိုင်း) အဓမ္မဖမ်းဆီးဖျောက်ဖျက်မှုကို အဓိပ္ပာယ်ဖွင့်ဆိုသည်။

အပိုဒ် ၃ နှင့် ၄

အဖွဲ့ဝင်နိုင်ငံများက အဓမ္မဖမ်းဆီးဖျောက်ဖျက်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်စေသည်။ အဓမ္မဖမ်းဆီးဖျောက်ဖျက်မှုကို စစ်ဆေးစေသည်။ တရားခွင်တင်စေသည်။

အပိုဒ် ၅

ကျယ်ပြန့်စနစ်ကျသော အဓမ္မဖမ်းဆီးဖျောက်ဖျက်မှုသည် နိုင်ငံတကာဥပဒေများအရ ရာဇဝတ်မှုဖြစ်သည်ဟု ဖော်ပြသည်။

အပိုဒ် ၆

အဓမ္မဖမ်းဆီးဖျောက်ဖျက်မှုပြုရာတွင် ပါဝင်သူများ၊ အဓမ္မဖမ်းဆီးဖျောက်ဖျက်မှု ကျူးလွန်သူ၊ အမိန့်ပေးသူ၊ ပါဝင်သူ တစ်ဦးချင်း သို့မဟုတ် အုပ်စု၊ အဓမ္မဖမ်းဆီးဖျောက်ဖျက်မှုကို သိရှိသူများ သို့မဟုတ် သိလျက်နှင့် မသိကျိုးကျွန်ပြုသူများနှင့် အဓမ္မဖမ်းဆီးဖျောက်ဖျက်မှုကို ကာကွယ်ရန် ပျက်ကွက်သူများကို ဥပဒေနှင့်အညီ အရေးယူစေသည်။

စာချုပ်သည် အမိန့်အရ ဆောင်ရွက်သည်ဖြစ်စေ၊ အမိန့်မပါဘဲ ဆောင်ရွက်သည်ဖြစ်စေ အရပ်ဘက်၊ စစ်ဘက်နှင့် အခြားအာဏာပိုင်များကို သက်ရောက်သည်။

အပိုဒ် ၇ မှ ၁၅

နိုင်ငံများကို အောက်ပါအချက်များ ဆောင်ရွက်စေသည်။

- ရာဇဝတ်မှု၏ ကြီးလေးမှုနှင့် ကိုက်ညီသော ရာဇဝတ် တရားစီရင်မှုနှင့် အပြစ်ပေးမှုများ ရှိစေရမည်။
- နိုင်ငံသားမဟုတ်၊ နေထိုင်သူမဟုတ်လျှင်တောင်မှ အဓမ္မ ဖမ်းဆီးဖျောက်ဖျက်မှု ကျူးလွန်သည်ဟု စွပ်စွဲခံရသူသည် နိုင်ငံနယ်နိမိတ်အတွင်းရှိနေပါက တရားစီရင်ရေး ဆောင်ရွက်ရမည်။
- ကျူးလွန်သည်ဟု စွပ်စွဲခံရသူများကို ဖမ်းဆီးမှု၊ စစ်ဆေးမှုနှင့် တရားစွဲဆိုမှု လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ရမည်။
- အဓမ္မ ဖမ်းဆီးဖျောက်ဖျက်မှုကို တားဆီးရန်၊ ကျူးလွန်သူများကို တရားစွဲဆို ပြည်နှင်ဒဏ်ပေးရန်၊ အဓမ္မဖမ်းဆီးဖျောက်ဖျက်ခံရသူများကို ကူညီထောက်ပံ့ရန် သို့မဟုတ် ၄င်းတို့၏ ရုပ်အလောင်းများကို

ရှာဖွေ၍ ပြန်လည်သယ်ယူရန် နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်။

အပိုဒ် ၁၆

တစ်စုံတစ်ယောက်သည် အဓမ္မဖမ်းဆီးဖျောက်ဖျက်မှုပြုလုပ်ခံရနိုင်သည့် အန္တရာယ်ရှိသည်ဟု ယုံကြည်လောက်စရာ အကြောင်းပြချက် ထင်ထင်ရှားရှားရှိပါက ထိုသူကို အခြားနိုင်ငံသို့ နယ်နှင်ဒဏ်ပေးခြင်း၊ ပြန်ပို့ခြင်း၊ အပ်နှံခြင်း၊ နှင်ထုတ်ခြင်း မပြုရ။

အပိုဒ် ၁၇ မှ ၂၃

လျှို့ဝှက်ဖမ်းဆီးမှုများကို ဥပဒေနှင့် မလျော်ညီကြောင်း သတ်မှတ်သည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဖမ်းဆီးထိန်းသိမ်းထားသူများကို လူသားဆန်ဆန် ဆက်ဆံရန်၊ ဖမ်းဆီးသူအား ထားရှိသည့် အခြေအနေကို ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြောဆိုရန်နှင့် မိသားစုဝင်များ၊ ဥပဒေအကျိုးဆောင်များနှင့် အခြားအာဏာပိုင်များနှင့် ဆက်သွယ်တွေ့ဆုံခွင့်ပေးပါ။

အကျဉ်းသားများနှင့် ဖမ်းဆီးထိန်းသိမ်းထားသူများ၏ နောက်ဆုံးစာရင်း သို့မဟုတ် မှတ်တမ်းများကို ပြုစုထိန်းသိမ်းထားရန်၊ ဥပဒေအရ လိုအပ်သည့်အတိုင်း ဥပဒေနှင့်အညီ အမှုတွင် သက်ဆိုင်မှုရှိနေသည့် လူပုဂ္ဂိုလ်များကို ရရှိစေရမည်။ အကျဉ်းသားများ၊ ထိန်းသိမ်းခံထားရသူများနှင့် ပတ်သက်သည့် အချက်အလက်များတွင် အောက်ပါတို့ ပါဝင်သည်။

- လူပုဂ္ဂိုလ်၏ ကိုယ်ရေးအချက်အလက်
- ဖမ်းဆီးထိန်းသိမ်းသည့် နေ့စွဲ၊ အချိန်၊ နေရာ၊ ဖမ်းဆီးမှုပြုသည့် အာဏာပိုင်၏ ကိုယ်ရေးအချက်အလက်
- ဖမ်းဆီးမှုပြုရန် အမိန့်ပေးသည့် အာဏာပိုင်နှင့် ဖမ်းဆီးရသည့် အကြောင်းရင်း
- ဖမ်းဆီးမှုကို ကြီးကြပ်ရသည့် အာဏာပိုင်
- ဖမ်းဆီးခံရသူ၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်သည့် အကြောင်းအရာများ
- လွှတ်ပေးသည့် နေ့စွဲ၊ အချိန် သို့မဟုတ် ပြောင်းရွှေ့ထိန်းသိမ်းသည့်နေရာ၊ ပြောင်းရွှေ့မှုကို တာဝန်ယူရသည့် အာဏာပိုင်အဖွဲ့ဝင်နိုင်ငံများသည် ပျောက်ဆုံးနေသူကို ရှာဖွေရန်အတွက် ထိုသတင်းအချက်အလက်များကို အသုံးပြုနိုင်သည်။

ဖမ်းဆီးထားသူများကို လူသိရှင်ကြား အတည်ပြုနိုင်သည့်ပုံစံဖြင့် လွှတ်ပေးရမည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ချုပ်နှောင်မှု သို့မဟုတ် လူတစ်ယောက်ယောက်၏ လွတ်လပ်ခွင့်ကို ပိတ်ပင်သော ကိစ္စတစ်ရပ်ရပ်တွင် ပါဝင်ပတ်သက်နိုင်သူများဖြစ်သည့် အရပ်ဘက်နှင့် စစ်ဘက် ဥပဒေစိုးမိုးရေး ဝန်ထမ်းများ၊ ဆေးဘက်ပညာရှင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် အခြားသူများကို ICPED အား နားလည်စေရန် ဆောင်ရွက်မည်ဟု အာမခံသည်။

အပိုဒ် ၂၄

'ကျူးလွန်ခံရသူ' ဟူသည်မှာ 'ပျောက်ဆုံးသူ သို့မဟုတ် အဓမ္မဖမ်းဆီးဖျောက်ဖျက်မှု၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ထိခိုက်မှုကို ခံစားရသည့်သူ' အဖြစ် သတ်မှတ်သည်။ ကျူးလွန်ခံရသူများသည် အဓမ္မဖမ်းဆီးဖျောက်ဖျက်မှု၊ စစ်ဆေးမှု၏ အခြေအနေနှင့် ရလဒ်များနှင့် ပတ်သက်သည့် အမှန်တရားကို သိရှိခွင့်ရှိသည်။ ပျောက်ဆုံးသူ၏ ကံကြမ္မာနှင့် လျော်ကြေးရပိုင်ခွင့်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေစနစ်သည် အဓမ္မဖမ်းဆီးဖျောက်ဖျက်ခံရသူအနေဖြင့် လျော်ကြေးရရှိရန်နှင့် ပြန်လည်ထူထောင်နိုင်ရန် အာမခံရမည်။

အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံသားများအနေဖြင့် အဓမ္မဖမ်းဆီးဖျောက်ဖျက်ခံရသူများ၏ ကံကြမ္မာနှင့် ပတ်သက်ပြီးဆောင်ရွက်နေသော၊ ထိုသို့ဖမ်းဆီးဖျောက်ဖျက်ခံရသူများကို ကူညီပေးသော အဖွဲ့အစည်း

များနှင့် အသင်းအပင်းများ ဖွဲ့စည်းခွင့်နှင့် ၄င်းတို့တွင် ပါဝင်ခွင့် ရှိစေရန် အာမခံရမည်။

အပိုဒ် ၂၅

ကလေးသူငယ်များကို အဓမ္မဖယ်ရှားမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ရမည်။ မိဘများ သို့မဟုတ် တရားဝင် အုပ်ထိန်းသူများကို အဓမ္မဖမ်းဆီးဖျောက်ဖျက်ခံရသော သို့မဟုတ် မိခင်ကို ဖမ်းဆီးဖျောက်ဖျက်မှုနှင့် စပ်လျဉ်းပြီး ထိန်းသိမ်းထားစဉ် မွေးဖွားသော ကလေးငယ်များကို အကာအကွယ်ပေးရမည်။

ကလေးငယ်များ၏ ကိုယ်ရေးဝိသေသအချက်အလက်ကို ရှာဖွေပြီး မူလမိသားစုထံ ပြန်လည်ပို့ဆောင်ပေးရမည်။

tykdf 2

အပိုဒ် ၂၆ မှ ၃၆ ထိ

အဓမ္မဖမ်းဆီးဖျောက်ဖျက်မှုဆိုင်ရာကော်မတီကို ဖွဲ့စည်းခြင်း၊ အဖွဲ့ဝင်များနှင့် ကိုးကားအသုံးအနှုန်းအညွှန်းတို့ကို ဖော်ပြသည်။ အဖွဲ့ဝင်နိုင်ငံများသည် ICPEDနှင့် ကိုက်ညီစေရန်အတွက် ဆောင်ရွက်တိုးတက်မှုများကို CED သို့ နှစ်နှစ်တစ်ကြိမ် အစီရင်ခံရသည်။

ဖမ်းဆီးဖျောက်ဖျက်ခံရသူကို ရှာဖွေနိုင်ရန်အတွက် ဆွေမျိုးတစ်ဦးဦးက CED ထံ တောင်းဆိုမှုပြုနိုင်သည်။ CED သည် ထိုအခါ နိုင်ငံထံမှ တုံ့ပြန်မှုကို တောင်းခံမည်ဖြစ်သည်။ ICPED ကို ချိုးဖောက်သည်ဟူသည့် ဆက်တိုက်သတင်းထွက်ပေါ်လာနေပါက CED သည် လေ့လာသူတစ်ယောက်ကို ခန့်အပ်စေလွှတ်ပြီး တွေ့ရှိချက်များကို အစီရင်ခံစေမည်ဖြစ်သည်။

tykdf 3

အပိုဒ် ၃၇ မှ ၄၅ သည် လက်မှတ်ရေးထိုးခြင်းနှင့် အတည်ပြုခြင်း လုပ်ငန်းစဉ်များဖြစ်သည်။

အပြည့်အစုံကို www2.ohchr.org/english/law/disappearance-convention.htm တွင် ဖတ်ရှုနိုင်သည်။

❒

tykdif4?aemufqufw(c-1)

tokH&Sdaom pm&Gufpmwrf;rsm;? pm tykf;rsm;? pmwrf;rsm;? vrf;ñefcsufrsm;EdkifiHh

tpDrHcJhpmrsm;

ခေါင်းစဉ်	လွှမ်းခြုံမှု	စာရေးသူ/ရင်းမြစ်	ပုံနှိပ်ရက်စွဲ	စာနယ်ဇင်းသမားများအတွက် အသုံးဝင်သည့် အချက်များ	ဝက်ဘ်ဆိုဒ်
Working with the United Nations Human Rights Programme: A Handbook for Civil Society	Global	Office of the United Nations Commissioner for Human Rights	2008	လူ့အခွင့်အရေး မဟာမင်းကြီးရုံးနှင့် မိတ်ဆက်ပေးထားသည်။ ပညာသင်ဆုများ၊ သင်တန်းများ၊ စာရွက်စာတမ်းများ၊ အရင်းအမြစ်များ၊ ရန်ပုံငွေများ၊ ထောက်ပံ့ကြေးများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ၄င်းတို့ကို အသုံးပြုနိုင်သည့် နည်းလမ်းများကို ဖော်ပြထားသည်။	www.ohchr.org/EN/AboutUs/CivilSociety/Documents/Handbook_en.pdf

ခေါင်းစဉ်	လွှမ်းခြုံမှု	စာရေးသူ/ရင်းမြစ်	ပုံနှိပ်ရက်စွဲ	စာနယ်ဇင်းသမားများအတွက် အသုံးဝင်သည့် အချက်များ	ဝက်ဘ်ဆိုဒ်
The Atlas of Human Rights: Mapping Violations of Freedom Worldwide	Global	Andrew Fagan; published by Earthscan (Brighton, UK)	2010	တစ်နိုင်ငံချင်းအလိုက် အကြောင်းအရာများနှင့် ကမ္ဘာ့အချက်အလက်များ၊ နိုင်ငံပေါင်းစုံရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို သိနိုင်သည်။ လူ့အခွင့်အရေး တိုးတက်မှုနှင့် ချိုးဖောက်မှုဆိုင်ရာ အဓိက စာချုပ်များကို အတည်ပြု လက်မှတ်ရေးထိုးထားသည့် နိုင်ငံများကို မြေပုံဖြင့် ပြထားသည်။ ၄င်းတို့တွင် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအခွင့်အရေးများ၊ တရားရေးချိုးဖောက်မှုများ၊ ဥပဒေဖြင့် ကန့်သတ်မှုများ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စိစစ်ရေး၊ ပဋ္ဌိပက္ခနှင့် ရွှေ့ပြောင်း အခြေချနေထိုင်မှု၊ ခွဲခြားဆက်ဆံမှု၊ အမျိုးသမီး အခွင့်အရေးနှင့် ကလေးသူငယ်အခွင့်အရေးတို့ ပါဝင်သည်။	www.earthscan.co.uk/?tabid=102267
Handbook for Bloggers and Cyber-Dissidents	Global	Reporters Without Borders	2008	ဘလော့ဂ်တစ်ခုဖွင့်လှစ်ခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်။ မီဒီယာ လွတ်လပ်ခွင့်နှင့် ပတ်သက်ပြီး ဘလော့ဂ် ရေးသားခြင်း၏တန်ဖိုးနှင့် သက်ရောက်မှုများ၊ ဘာသာစကားရေးဟန်၊ သုံးနိုင်သည့် နည်းပညာများ၊ နည်းပညာအသစ်များကို အသုံးပြု၍ ဘလော့ဂ် စတင်ရေးသားရန် ကြိုးစားနေသော အွန်လိုင်းနှင့် အခြားစာနယ်ဇင်းသမားများအတွက် အသုံးဝင်သည်။	www.rsf.org/IMG/pdf/handbook_bloggers_cyberdissidents-GB.pdf

ခေါင်းစဉ်	လွှမ်းခြုံမှု	စာရေးသူ/ရင်းမြစ်	ပုံနှိပ်ရက်စွဲ	စာနယ်ဇင်းသမားများအတွက် အသုံးဝင်သည့် အချက်များ	ဝက်ဘ်ဆိုဒ်
Journalism, Media and the Challenge of Human Rights Reporting	Global	The International Council on Human Rights Policy	2002	မီဒီယာ၏ အခန်းကဏ္ဍ၊ နိုင်ငံရေးနှင့် အဖွဲ့အစည်း တစ်ခုနှင့် တစ်ခုအကြား ဆက်ဆံရေး၊ လူ့အခွင့် အရေး အဖွဲ့အစည်းများ နှင့် မီဒီယာ ဆက်ဆံရေး ကဏ္ဍ။	www.ichrp.org/files/reports/14/106_report_en.pdf
Covering Conflict Safely: Guide for Reporting in Hazardous Situations	Global	Committee to Protect Journalists	2003	အန္တရာယ်ကင်းရှင်းရေး ဝတ်စုံများ၊ ကျန်းမာရေး၊ ဥပဒေရေး ပြဿနာများ၊ အာမခံ စသည်တို့နှင့် ပတ်သက်သော အကြောင်းအရာများ၊ ပဋိပက္ခဧရိယ သင်တန်း ဆိုင်ရာ ကိုးကားနိုင်သည့် စာရွက်စာတမ်းစာရင်း။	www.cpj.org/reports/2003/02/journalist-safety-guide.php
To Tell You the Truth	Global	Aidan White, published by the International Journalists Federation (Brussels)	2008	Ethnical Journalism Initiative မှ ထုတ်ဝေသည့် စာအုပ်တစ်အုပ် ဖြစ်သည်။ ထိုအဖွဲ့သည် စာနယ်ဇင်းပညာ၏ မူများနှင့် တန်ဖိုးများ၊ သက်ဝင်ရှင်သန်ရေး အတွက် စာနယ်ဇင်း သမားများမှ လုံ့ဆော် ဆောင်ရွက်သည့် အဖွဲ့ဖြစ်သည်။	www.ethicaljournalisminitiative.org/pdfs/EJI_book_en.pdf
Covering Trauma: A Training Guide	Global	Jina Moore, published by Search for Common Ground /Radio for Peace building Africa	2011	စိတ်ဒဏ်ရာ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များနှင့် စိတ်ဒဏ်ရာ ခံစားရသည့် သူများကို အင်တာဗျူးရန်အတွက် လမ်းညွှန်ချက်များ၊ သတင်းတည်ဆောက်ရန် လမ်းညွှန်ချက်များ။	www.radiopeaceafrica.org/assets/texts/pdf/2011-Covering_Trauma_Color_EN.pdf
Reporting Justice: A Handbook on Covering War Crimes Courts	Global	Institute for War & Peace Reporting	2006	မီဒီယာများတွင် ကျား၊ မ မျှတစွာ ပါဝင်စေရန် မည်သို့ တွန်းအားပေး တိုက်တွန်းရမည် ဟူသည့် လမ်းညွှန် စာအုပ်၊ မီဒီယာက လိင်ကွဲပြားမှု ပြဿနာ များကို မည်သို့ တိုက် ဖျက်နိုင်သည် ဟူသည့် အချက်အလက်များ။	www.iwpr.net/sites/default/files/reporting_justice_en.pdf

ခေါင်းစဉ်	လွှမ်းခြုံမှု	စာရေးသူ/ရင်းမြစ်	ပုံနှိပ်ရက်စွဲ	စာနယ်ဇင်းသမားများအတွက် အသုံးဝင်သည့် အချက်များ	ဝက်ဘ်ဆိုဒ်
Mission Possible: A Gender and Media Advocacy Toolkit	Global	WACC	Undated	တက်ကြွလှုပ်ရှားသူများ အတွက် မီဒီယာများတွင် ကျား၊ မနှင့် ပတ်သက်၍ ပိုမို ကောင်းမွန်စွာ ဖော်ပြနိုင်ရေးအတွက် မည်သို့ အားပေး ထောက်ခံနိုင်ကြောင်း လမ်းညွှန်စာအုပ်။ မီဒီယာများအနေဖြင့် ကျား၊ မ ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မည်သို့ ကိုင်တွယ်နိုင်ကြောင်း အသုံးဝင်မည့် သတင်း အချက်အလက်များနှင့် ဝေဖန်ချက်များ။	www.whomakesthenews.org/images/stories/website/Advocacy_toolkit/missionpossibleeng.pdf
Central Asian Pocketbook on Freedom of Expression	Central Asia	Article 19, London	2006	နိုင်ငံတကာ လူ့အခွင့် အရေး ဥပဒေအောက်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပြဿနာများကို ရှင်းပြထားသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်သော မည်သည့် စာနယ်ဇင်းသမားအတွက် မဆို အသုံးဝင်သည်။	www.article19.org/data/files/pdfs/tools/central-asian-pocketbook.pdf
Women Journalists: Partners in Trade Union Leadership	Middle East and Arab World	International Federation of Journalists	2008	အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကရှိ မီဒီယာများတွင် အမျိုးသမီးများ ပါဝင်မှု။ လူ့အခွင့်အရေး ရှုထောင့်မှ ချဉ်းကပ်ပြီး CEDAW နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခွင့်အရေးများကို အသားပေးဖော်ပြသည့် နိုင်ငံအလိုက် အစီရင်ခံစာများ။	www.ifj.org/assets/docs/194/172/9016bc2-idf2aac.pdf

ခေါင်းစဉ်	လွှမ်းခြုံမှု	စာရေးသူ/ရင်းမြစ်	ပုံနှိပ်ရက်စွဲ	စာနယ်ဇင်းသမားများအတွက် အသုံးဝင်သည့် အချက်များ	ဝက်ဘ်ဆိုဒ်
Gender Sensitive Reporting	Pakistan	Internews	2009	ရှုပ်ထွေးသည့် ပတ်ဝန်းကျင်တွင် အထိအရှ မခံသည့် ကျား၊ မ ပြဿနာများကို ကိုင်တွယ်ရန်အတွက် စာနယ်ဇင်းသမားများနှင့် စာနယ်ဇင်းသင်တန်း ဆရာများအတွက် လမ်းညွှန်ချက်။	www.internews.org/research-publications/gender-sensitive-reporting
Reporting Human Rights in the Philippines: A Field Guide for Journalists and Media Workers	Phillppines	The Philippine Human Rights Reporting Project	2009	နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့် ဖိလစ်ပိုင်တွင် လက်တွေ့အသုံးချမှု အခြေအနေ။	www.reliefweb.int/sites/reliefweb.int/files/resources/C762CA7241F367DE-4925760A001B095C-Full_Report.pdf
Reporting for Change: A Hand book for Local Journalists in Crisis Areas	Global	Institute for War & Peace Reporting	2011	စာနယ်ဇင်းသမားများ အတွက် အသုံးဝင်သော လမ်းညွှန်ချက်များနှင့် လေ့ကျင့်ခန်းများ ပါဝင်သည့် လမ်းညွှန်ချက်။	www.iwpr.net/sites/default/files/iwpr_training_manual_english.pdf
Gender, Conflict & Journalism	South Asia	By Fiona Lloyd and Ross Howard, Commissioned and published by UNESCO	2005	ကျား၊ မ ဆက်ဆံရေးကို ပဋ္ဌိပက္ခများက ထိခိုက်စေနိုင်သည့် နည်းလမ်းများအား ရှင်းပြထားသည်။ ကျား၊ မ သဘာဝကို သိမြင်နားလည်စွာဖြင့် သတင်းရေးသားခြင်းနှင့် ငြိမ်းချမ်းရေးသတင်းရေးသားခြင်းအတွက် အကောင်းဆုံးနည်းလမ်းများ၊ စာနယ်ဇင်းပညာကောင်းနှင့် စာနယ်ဇင်းသမားကောင်း၏ ကျား၊ မ အကြမ်းဖက်မှုများနှင့် ပဋ္ဌိပက္ခ ပုံစံမျိုးစုံ ကိုင်တွယ်နိုင်မှုကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။	unesdoc.unesco.org/images/0014/001439/143925E.pdf

ခေါင်းစဉ်	လွမ်းခြုံမှု	စာရေးသူ/ရင်းမြစ်	ပုံနှိပ်ရက်စွဲ	စာနယ်ဇင်းသမားများအတွက် အသုံးဝင်သည့် အချက်များ	ဝက်ဘ်ဆိုဒ်
The Human Rights Based Approach to Journalism	Vietnam	UNESCO (United Nations Educational, Scientific and Cultural Organizationç Bangkok). Edited by Gabrielle Beman and Daniel Calderbank.	2008	လူအခွင့်အရေး၊ လူအခွင့်အရေး စံနှုန်းများ၊ သဘောတူညီချက်များနှင့် လူအခွင့်အရေးသတင်းရေးသားခြင်း၊ အင်တာဗျူးခြင်းဆိုင်ရာ စာနယ်ဇင်းသမားများအတွက် လမ်းညွှန်ချက်များ၊ ဗီယက်နမ်တွင် အလုပ်လုပ်နေသည့် စာနယ်ဇင်းသမားများအတွက် သင်ရိုးညွှန်းတမ်း ခေါင်းစဉ်များ ပါဝင်သည်။	unesdoc.unesco.org/images/0017/001791/179185e.pdf

❒

tykd/4?aemufqufw(c-2)

tokd/nfmftifwmeufpmrsufESmESHtCVkd&if;jrpfsm;

အဖွဲ့အစည်း	အကျဉ်းချုပ်	ဝက်ဘ်ဆိုဒ်	လုပ်ဆောင်မှုများ	အသုံးဝင်သည့် အချက်များ
Amnesty International	ကမ္ဘာတစ်လွှားလူအခွင့်အရေးချိုးဖောက်မှုများကို တိုက်ဖျက်နေသည့် နိုင်ငံတကာအဖွဲ့အစည်း	www.amnesty.org	လူအခွင့်အရေး ချိုးဖောက်မှုများကို အဆုံးသတ်ရန် လှုံ့ဆော်မှုများ လုပ်သည်။ ချိုးဖောက်မှုများကို ထုတ်ပြန်အသိပေးသည်။	ကမ္ဘာတစ်လွှား လူအခွင့်အရေး ချိုးဖောက်မှုများ ဆိုင်ရာ ယုံကြည်ရသည့် အစီရင်ခံစာ၊ အချက်အလက်များ။
The Committee to Protect Journalists	စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် စာနယ်ဇင်းသမားများ၏ အခွင့်အရေးအတွက် ဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်း။	www.cpj.org	စာနယ်ဇင်းသမားများနှင့် မီဒီယာများကို ထိခိုက်မှုများအား ဖော်ထုတ်သည်။ ဆန္ဒပြပွဲများ စီစဉ်သည်။ အပြောင်းအလဲ ဖြစ်စေရန် အစိုးရ အရာရှိများကို တိုက်တွန်းသည်။ မီဒီယာလွတ်လပ်ခွင့် တစ်နှစ်တာ အစီရင်ခံစာတွင် မီဒီယာအပေါ် တိုက်ခိုက်မှုများကို ဖော်ထုတ်သည်။	မီဒီယာ လွတ်လပ်ခွင့်၊ စာနယ်ဇင်းသမားများ၊ လုံခြုံရေးဆိုင်ရာ အချက်အလက်များနှင့် နောက်ခံ အကြောင်းအရာများ။
Fairness and Accuracy in Reporting	မီဒီယာ သုတေသန ဆောင်ရွက်နေပြီး ဘက်လိုက်မှုနှင့် ဆင်ဆာဖြတ်တောက်မှုများကို ဖော်ထုတ်သည့် အမေရိကန် အဖွဲ့အစည်း။	www.fair.org	ဘက်လိုက်မှုနှင့် ဆင်ဆာဖြတ်မှုများကို ဖော်ထုတ်သည်။ မီဒီယာကွဲပြားမှုနှင့် မျှတမှုကို တိုက်တွန်းသည်။	အကြောင်းအရာ နိုင်ငံများအလိုက် အမေရိကန် မီဒီယာများ၏ ဘက်လိုက်မှုကို ဖော်ထုတ်သည်။
Essex Internet Encyclo-paedia of Human Rights	အီဆက်တက္ကသိုလ် လူ အခွင့်အရေးဌာန၏ စီမံကိန်း။	www.essex.ac.uk/human_rights_centre/publications/EIEHR.aspx	လူအခွင့်အရေး သမိုင်းကြောင်းနှင့် ချိုးဖောက်မှုများ၊ အွန်လိုင်း အချက်အလက်ဘဏ်။	နောက်ခံ အကြောင်းအရာများကို သုတေသနပြုရန်နှင့် နားလည်နိုင်ရန်အတွက် အလျင်အမြန် ကိုးကားနိုင်သည်။
Human Rights Education Associates (HREA)	လူအခွင့်အရေးလေ့လာမှုများ၊ တက်ကြွလှုပ်ရှားသူများနှင့် ပညာရှင်များအား သင်တန်းပေးခြင်း၊ သင်တန်းစာရွက်စာတမ်းများ ရေးဆွဲခြင်း၊ အွန်လိုင်းနည်းပညာများ အသုံးပြုပြီး အသိုက်အဝန်းတည်ထောင်မှုတို့ကို ပံ့ပိုးပေးသည့် နိုင်ငံတကာ အဖွဲ့အစည်း။	www.hrea.org Resources for Journalists: www.hrea.org/index.php?base_id=103&language_id=1&category-id=10&category_type=3&group	လူအခွင့်အရေး ကာကွယ်သူများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသူများကို အဝေးသင် လူအခွင့်အရေး အထူးပြုသင်တန်းများ ပေးသည်။	လူအခွင့်အရေးပြဿနာများနှင့် ချိုးဖောက်မှုသတင်းများ၊ အခမဲ့ ပညာပေးပစ္စည်းများ၊ အချက်အလက်များနှင့် အခြားစာရွက်စာတမ်းများသို့ များ ပေးသည့် အွန်လိုင်းအချက်အလက်ဘဏ်။
Human Rights Watch	အသေးစိတ် သုတေသနပြု သုံးသပ်မှုများဖြင့် လူအခွင့်အရေး ချိုးဖောက်မှုများကို ဖော်ထုတ်သည့် အဖွဲ့အစည်း။	www.hrw.org	အသေးစိတ် သုတေသနပြု သုံးသပ်ချက်များဖြင့် လူအခွင့်အရေး ချိုးဖောက်မှုများကို ဖော်ပြပြီး အစီရင်ခံစာထုတ်ပြန်။	ကမ္ဘာတစ်လွှား လူအခွင့်အရေး ပြဿနာများကို အသေးစိတ် သုတေသနပြု သုံးသပ်ထားသည်။

အဖွဲ့အစည်း	အကျဉ်းချုပ်	ဝက်ဘ်ဆိုဒ်	လုပ်ဆောင်မှုများ	အသုံးဝင်သည့် အချက်များ
Institute of War and Peace Reporting	စစ်ပွဲ၊ သုတေသန၊ အကျပ်အတည်းနှင့် အပြောင်းအလဲ အခြေအနေများတွင် အလုပ်လုပ်ကိုင်နေသည့် စာနယ်ဇင်းသမားများကို ထောက်ပံ့ သင်တန်းပေးသည့် အဖွဲ့အစည်း။	www.iwpr.net/	လူအများ လိုအပ်သော အချက် အလက်များ ရရှိစေရန်အတွက် မီဒီယာများ၏ အရည်အသွေးကို မြှင့်တင်။	ပဋိပက္ခအတွင်းမှ မီဒီယာများအတွက် သင်တန်းများနှင့် လမ်းညွှန်ချက်များ၊ ရှေ့တန်း အတွေ့အကြုံများကို အခြေခံ ထားသည့် သင်ရိုးများ။
International Council on Human Rights Policy	နိုင်ငံတကာ လူအခွင့် အရေး မူဝါဒဆိုင်ရာ အသုံးချ သုတေသန၊ သုံးသပ်မှုနှင့် ရှေ့ဆက် ဆန်းသစ်မှုဆိုင်ရာ ဆွေးနွေးခန်း၊ လူအခွင့်အရေး ကို ကာကွယ်မြှင့်တင်မှု များအား ထိခိုက်စေသော ပြဿနာများကို ကောင်စီ က ဖော်ထုတ်ပြီး ကျော်လွှားနိုင်မည့် နည်းလမ်းများကို ဆွေးနွေးစေသည်။	www.ichrp.org	လူမှုလွတ်လပ်ခွင့်၊ သိပ္ပံ၊ ရာဇဝတ်မှု၊ မီဒီယာ၊ ပဋိပက္ခ၊ လိင်၊ ယဉ်ကျေးမှုနှင့် အခြား ကိစ္စရပ်များကို သုတေသနပြု ထုတ်ပြန်။	နောက်ခံ အချက်အလက် သုတေသနပြုရန်နှင့် လူအခွင့်အရေးမူဝါဒ၊ ဥပဒေပြဿနာများကို အတွင်းကျကျ နားလည်စေမည့် စာရွက်စာတမ်းများ။
International Federation of Journalists (IFJ)	ကမ္ဘာ့အကြီးဆုံး စာနယ်ဇင်းသမား အဖွဲ့အစည်း နိုင်ငံပေါင်း ၁၀၀ ကျော် အဖွဲ့ဝင် ခြောက်သိန်းကျော်။	www.ifj.org	စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် လူမှုတရားမျှတမှုတို့ကို အားကောင်းသော၊ လွတ်လပ် သော၊ အမှီအခိုကင်းသော၊ ကိုယ်စားပြုသော စာနယ်ဇင်း သမဂ္ဂများမှတစ်ဆင့် မြှင့် တင်ရန်။	မီဒီယာနှင့် လူအခွင့်အရေး ဆိုင်ရာ အစီရင်ခံစာများ၊ အာဖရိက၊ အာရှပစိဖိတ်၊ ဥရောပ၊ လက်တင် အမေရိက၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အမေရိက စာနယ်ဇင်းသမားများထံမှ အစီရင်ခံစာများ။
Ethical Journalism Initiative	IFJ ၏ လှုပ်ရှားမှု။	ethicaljournalism initiative.org/en	"ကမ္ဘာတစ်လွှား မီဒီယာ တန်ဖိုးဟောင်းများ ဖော်ထုတ် ရေး" အွန်လိုင်းလှုပ်ရှားမှု။	စာနယ်ဇင်းသမားများအတွက် အွန်လိုင်း အရင်းအမြစ်များကို လမ်းညွှန်ပေးသည်။
JHR (Journalists for Human Rights)	ကနေဒါ၏ အကြီးမားဆုံး မီဒီယာဖွဲ့ဖြိုးရေး အဖွဲ့အစည်းဖြစ်ပြီး ကမ္ဘာတစ်လွှား လူအခွင့် အရေး ပျံ့နှံ့စေရန်နှင့် အင်အားနည်းသူများကို အခွင့်အရေးတောင်းဆို စေရန် ကူညီအားပေး သည်။	www.jhr.ca/en/ index.php	ကမ္ဘာတစ်လွှား လူအခွင့် အရေး သတင်းများရေးရန် မီဒီယာများကို တိုက်တွန်း သည်။ မီဒီယာများ၊ ပညာရေး အဖွဲ့များ၊ ကျောင်းသားများနှင့် ပူးပေါင်းပြီး လူအသိုက်အဝန်း အတွင်း လူအခွင့်အရေးကို ပိုမို သိမြင်ကြစေရန် ဆောင် ရွက်သည်။	အလုပ်ရုံဆွေးနွေးပွဲများ၊ အလုပ်ခွင်သင်တန်းများ၊ စိတ်ကူးစိတ်သန်းများနှင့် စာရွက်စာတမ်းများ၊ မီဒီယာငယ်များအတွက် ထောက်ပံ့ငွေများ၊ သင်တန်း ထောက်ပံ့ကြေးများနှင့် လူအခွင့်အရေးသတင်းဆုများ။

အဖွဲ့အစည်း	အကျဉ်းချုပ်	ဝက်ဘ်ဆိုဒ်	လုပ်ဆောင်မှုများ	အသုံးဝင်သည့် အချက်များ
Radio for Peace building - Africa	အထူးသဖြင့် အသံလွှင့် ဌာနများတွင် အလုပ်လုပ်သော အသံလွှင့်သူများ၏ အရည်အသွေးမြှင့်တင်စေရေးအတွက် Search for Common Ground ၏ စီမံကိန်း။	www.radiopeaceafrica.org/index.cfm?lang=en	မူဝါဒချမှတ်သူများနှင့် လူ့အဖွဲ့အစည်းအကြား ပေါင်းကူးပေးနိုင်ရန် အသံလွှင့်သူများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများကို သင်တန်းများ၊ စာရွက်စာတမ်းများ၊ အထောက်အပံ့များပေးသည်။ သတင်းအချက်အလက်၏ အားကို အသုံးပြု၍ ပဋိပက္ခဒေသများတွင် အပြုသဘော ပြောင်းလဲမှုများ ဖြစ်စေသည်။	အသံလွှင့်သူများအတွက် အသုံးဝင်သည့် စာရွက်စာတမ်းများ၊ စိတ်ဒဏ်ရာရသူများကို ထုတ်လွှင့်ခြင်း၊ ပရိသတ်ကို သုံးသပ်ခြင်း၊ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ကောလာဟလများကို ကိုင်တွယ်ခြင်း စသည်ဖြင့်။
Reporters Sans Frontieres (Reporters Without Borders)	မီဒီယာများ၊ စာနယ်ဇင်းသမားများနှင့် မီဒီယာလုပ်သားများကို ပံ့ပိုးပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်း။	www.rsf.org	စာနယ်ဇင်း အလုပ်လုပ်ကိုင်ရင်း ထောင်ချ တရားစွဲဆိုခံရသူများဘက်မှ ခုခံသည်။ စာနယ်ဇင်းသမားများကို ဖိနှိပ်မှု၊ နှိပ်စက်မှုများကို ဖော်ထုတ်သည်။ စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် ဆောင်ရွက်သည်။ (ရှေ့နေဖိုး၊ ဆေးဖိုးနှင့် ပစ္စည်းဖိုး) မတတ်နိုင်သည့် စာနယ်ဇင်းသမားများနှင့် မီဒီယာများကို ငွေကြေးထောက်ပံ့သည်။ အထူးသဖြင့် စစ်ပွဲအတွင်း သတင်းပို့ရသည့် စာနယ်ဇင်းသမားများ လုံခြုံရေးအတွက် ဆောင်ရွက်သည်။ မီဒီယာလွတ်လပ်ခွင့်နှင့် လမ်းညွှန်ချက်များ အများအပြားရှိသည့် အရင်းအမြစ်တစ်ခုလည်းဖြစ်သည်။	လမ်းညွှန်ချက်များ၊ နိုင်ငံအလိုက် မီဒီယာလွတ်လပ်ခွင့် အညွှန်းကိန်း၊ အင်တာနက်လွတ်လပ်ခွင့် အညွှန်းကိန်း၊ ကမ္ဘာ့မီဒီယာ လွတ်လပ်ခွင့် အခြေအနေနှင့် မီဒီယာများ၊ စာနယ်ဇင်းသမားများကို တရားစွဲဆိုမှု၊ အစဉ်အလာ မီဒီယာ (ရေဒီယို၊ သတင်းစာ၊ ရုပ်ရှင်၊ ဗီဒီယို) များကို သာမက မီဒီယာသစ် (အွန်လိုင်းမီဒီယာ၊ ဒစ်ဂျစ်တယ် မီဒီယာများ) ကို ခြုံငုံမိသည်။
Security In A Box	Tactical Technology Collective နှင့် Front Line ၏ ပူးတွဲဆောင်ရွက်မှု။ လူ့အခွင့်အရေးတောင်းဆိုသူ၊ ကာကွယ်သူများ၏ ဒစ်ဂျစ်တယ်လုံခြုံရေး အတွက် ဖြစ်သည်။	www.security.ngoinabox.org/em	လူ့အခွင့်အရေး တောင်းဆိုသူ၊ ကာကွယ်သူများ၏ ဒစ်ဂျစ်တယ်လုံခြုံရေးဆိုင်ရာ အသုံးချရန် ကိရိယာများ။	ဒစ်ဂျစ်တယ် လုံခြုံရေး လမ်းညွှန်ချက်စာအုပ်ငယ်၊ အကြောင်းအရာအလိုက် အချက်အလက်များ၊ အခမဲ့ရနိုင်သည့် ဆော့ဖ်ဝဲလ်များ၊ ကွန်ပျူတာလုံခြုံ ရေး၊ အချက်အလက်ကာ ကွယ်ရေးနှင့် အွန်လိုင်း ဆက်သွယ်ရေး လုံခြုံရေး အတွက် နည်းလမ်းများ။

အဖွဲ့အစည်း	အကျဉ်းချုပ်	ဝက်ဘ်ဆိုဒ်	လုပ်ဆောင်မှုများ	အသုံးဝင်သည့် အချက်များ
Social Institutions and Gender Index (SIGI)	လူ့အဖွဲ့အစည်းများ၊ အခြေပြုလိင်ခွဲခြားမှုကို တိုင်းတာသည့် ပြည့်စုံသော အညွှန်းကိန်း။ OECD ဖွံ့ဖြိုးရေးဌာန၏ စီမံကိန်း တစ်ခု။	www. genderindex. org	OECD မဟုတ်သည့် နိုင်ငံ ၁၀၂ နိုင်ငံတွင် မိသားစု၏ အလေ့အကျင့်၊ ချောဂုဏ်၊ လှဂုဏ် သမီးထက် သား ကို ပိုလိုချင်မှု၊ လူမှု လွတ်လပ်ခွင့်များနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် အချက်ငါးချက်ဖြင့် ကျား၊ မ တန်းတူညီမျှမှုကို တိုင်းတာသည်။	နိုင်ငံပေါင်း ၁၀၂ နိုင်ငံမှ ကျား၊ မခွဲခြားဆက်ဆံမှု၊ ဥပဒေပြဿနာများနှင့် စာရင်းအင်း အချက်အလက်များ၊ အများပြည်သူ အသုံးပြုနိုင်သည့် အချက်အလက်ဌာန၊ ညွှန်းကိန်း၊ ကျား၊ မ ခွဲခြားမှု ညွှန်းကိန်းများ၊ ကိုယ်တိုင် ပြုလုပ်နိုင်သည့် လုပ်ဆောင်ချက်များ။
UN News	ကုလသမဂ္ဂ တရားဝင် ဝက်ဘ်ဆိုဒ်။	www.un.org/ news/	ကုလသမဂ္ဂ နောက်ဆုံးသတင်းများ။	နိုင်ငံတကာ ပြဿနာများ၊ ကုလသမဂ္ဂမှ ပါဝင်ဆောင်ရွက်မှုများ၊ အခမ်းအနားများ၊ ဆွေးနွေးပွဲများ၊ ထုတ်ပြန်ချက်များနှင့် ပတ်သက်သည့် အချက်အလက်များ။
United Nations Office of the High Commissioner for Human Rights (OHCHR)	OHCHR သည် ကုလသမဂ္ဂ၏ အဓိက လူ့အခွင့်အရေးရုံးဖြစ်သည်။ OHCHR ကို မဟာမင်းကြီး က ဦးဆောင်ပြီး လူ့အခွင့် အရေးလုပ်ရှားမှုများကို ဦးဆောင်သည်။ ကုလ အတွင်းရေးမှူးချုပ်ရုံး အောက်တွင် ရှိပြီး ဂျနီဗာ တွင် ဌာနချုပ်ရုံးရှိသည်။	www.ohchr.org Factsheets: www.ohchcorg/ En/publication resources/ Pages/ Factsheets. aspx	လူ့အခွင့်အရေးကို ထိန်းသိမ်းရန် လူတစ်ဦးချင်းစီကို ပညာပေး၊ တွန်းအားပေးပြီး အစိုးရများကို ပံ့ပိုးပေးသည်။ နိုင်ငံတကာ လူ့အခွင့်အရေး ဆိုင်ရာ အချက်အလက်များ၊ လူသားတစ်ဦးစီ၏ အဓိက အခွင့်အရေးများနှင့် ကုလသမဂ္ဂ သဘောတူ စာချုပ်များ၊ အဖွဲ့များ။	ကုလသမဂ္ဂ အခွင့်အရေး အစီအစဉ်များ၊ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် နိုင်ငံတကာ ဥပဒေများဆိုင်ရာ အချက် အလက်များ၊ အဓိက လူ့အခွင့်အရေးများနှင့် ပတ်သက်ပြီး အင်္ဂလိပ်၊ ပြင်သစ်၊ အာရေဗျ၊ စပိန်၊ ရုရှားနှင့် အခြား ဘာသာစကားဖြင့် ရရှိနိုင်သော အချက်အလက်များ၊ ကမ္ဘာတစ်လွှား လူ့အခွင့်အရေး ဆိုင်ရာ သတင်းများ။
University of Minnesota Human Rights Library	အွန်လိုင်း လူ့အခွင့်အရေး စာကြည့်တိုက် စာရွက်စာတမ်း ၆၅၀၀၀ ကျော် ရှိသည်။	www.umn.edu/ humanrts	လူ့အခွင့်အရေး ဆိုင်ရာ စာရွက်စာတမ်းများကို ဘာသာစကား ကိုးမျိုးဖြင့် အများဆုံး စုဆောင်းထားနိုင်သည့် အစုအဝေးဖြစ်သည်။	လူ့အခွင့်အရေး စာချုပ်များ၊ သဘောတူညီချက်များ၊ စာရွက်စာတမ်းများနှင့် အခြား စာရွက်စာတမ်း မျိုးစုံကို တစ်နေရာတည်းတွင် စုစည်းထားသည်။

❒

tykdkif4?aemufqufw(*)

oifwkdif;Sufwdkif&;xkwfyGJUwnf;

ukefUkdifUlb,fpmcsdyfawGufwdkif;xkwfpmrsufESifhoifhjyD;ovJ

အရေးကြီးသည့် လူ့အခွင့်အရေးစာချုပ်ငါးခုကို ၂၀၀၉ ခုနှစ်အထိ လက်မှတ်ထိုးထားခြင်းမရှိသည့် နိုင်ငံများစာရင်းကို ဖော်ပြထားသည်။

၁၉၆၆ ခုနှစ် နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်

အာဖရိက	ဂီနီဘစ်ရှူး ဆော်တိုမီနှင့် ပရင့်ဆိုပ်ကိုမိုရော့စ်
အရှေ့အာရှနှင့် ပစိဖိတ်	ဘရူနိုင်း တရုတ် ကွတ်ခ်ကျွန်းစု ကိရိဘာတီ လာအို မလေးရှား မာရှယ်ကျွန်းစု မြန်မာ မိုက်ခရိုနေးရှား နော်ရူး ရှားပေါ ပလော စင်ကာပူ ဆော်လမွန်ကျွန်းစုများ စိန့်ကစ်နှင့် နေဗစ် စိန့်လူစီယာ အမေရိကန်
အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက	ဖီဂျီ တွန်ဂါ ကျူဘာလူ
ဥရောပနှင့် ဗဟိုအာရှ	ဟော်လီဆီး
အမေရိကနှင့် ကာရေဗျ	ကျူးဘား စိန့်ကစ်နှင့် နီဗစ် အန်တီဂူအာနှင့် ဘာဘူတာ စိန့်လူစီယာ
အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက	ကာတာ ဆော်ဒီအာရေဗျ ယူအေအီး အိုမန်
တောင်အာရှ	ဘူတန် ပါကစ္စတန်
အရှေ့အာရှနှင့် ပစိဖိတ်	နော်ရူး နီရူး

၁၉ဖေ ခုနှစ် နိုင်ငံတကာ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်

အာဖရိက	ဘော့ဆွာနာ ကိုမိုရော့စ် မိုဇမ်ဘစ် ဆော်တိုမီနှင့် ပရင့်ဆိုပ်ကိုမိုရော့စ် တောင်အာဖရိက
အရှေ့အာရှနှင့် ပစိဖိတ်	ဘရူနိုင်း တရုတ် ကွတ်ခ်ကျွန်းစု ဖီဂျီ ကီရီဘာတီ မလေးရှား မာရှယ်လ်ကျွန်းစု မြန်မာ(ဗမာ) မိုက်ခရိုနေးရှား နော်ရ နီရူး ပလော ဆာမိုအာ စင်ကာပူ တွန်ဂါ ကျူဗာလူ ဗာနာတူ
ဥရောပနှင့် ဗဟိုအာရှ	အန်ဒိုရာ ဟော်လီဆီး
အမေရိကနှင့် ကာရေဗျ	ဘီလစ် ကျူးဘား ဟေတီ ....
အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက	အိုမန် ကာတာ ဆော်ဒီအာရေဗျ ယူအေအီး
တောင်အာရှ	ဘူတန်

၁၉၇၉ ခုနှစ် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ဖိနှိပ်မှုအား တိုက်ဖျက်ရေး သဘောတူညီချက်

အာဖရိက	ဆိုမာလီယာ ဆူဒန်
အရှေ့အာရှနှင့် ပစိဖိတ်	နော်ရွေး နီရူး ပလော တွန်ဂါ
ဥရောပနှင့် ဗဟိုအာရှ	ဟိုလီဆီး
အမေရိကနှင့် ကာရေဗျ	အမေရိကန်
အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက	အီရန်

၁၉၈၄ ခုနှစ် နိုပ်စက်ညှဉ်းပန်းခြင်းနှင့် အခြား ရက်စက်လူမဆန်သော သို့မဟုတ် နှိမ့်ချသော ပြုမူဆက်ဆံခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းကို ဆန့်ကျင့်သည့် ကုလသမဂ္ဂသဘောတူစာချုပ်

အာဖရိက	အန်ဂိုလာ ဗဟိုအာဖရိကသမ္မတနိုင်ငံ ကိုမိုရို အီရီထရီးယား ဂမ်ဘီယာ ဂူနီယာ-ဘီဆာအူ တိုမီနှင့် ပရင်စီပီ ဆူဒန် တန်ဇန်နီးယား ဇင်ဘာဘွေ
အရှေ့အာရှနှင့် ပစိဖိတ်	ဘရူနိုင်း ကွတ်ခ်ကျွန်းစု ဖီဂျီ ကီရီဘာတီ လာအို မလေးရှား မာရှယ်လ်ကျွန်းစု မြန်မာ(ဗမာ) မိုက်ခရိုနီးရှား နော်ရွေး နီရူး မြောက်ကိုရီးယား ပါပူဝါနယူးဂီနီ ဆာမိုအာ စင်ကာပူ

အရှေ့အာရှနှင့် ပစိဖိတ်	ဆော်လမွန်ကျွန်းစုများ တွန်ဂါ တူဗာလူး ဗာနာတူ ဗီယက်နမ်
အမေရိကနှင့် ကာရေဗျ	ဘဟားမားစ် ဘားဘဒိုစ် ဒိုမီနီကာ ဒိုမီနီကန်သမ္မတနိုင်ငံ ဂရီနာဒါ ဟေတီ ဂျမေကာ စိန့်ကစ်နှင့် နီဗစ် စိန့်လူကာ ဆူရီနာမီး ထရီနီဒတ်နှင့် တိုဘာဂို
အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက	အီရန် အီရတ်
တောင်အာရှ	ဘူတန် ပါကစ္စတန် အိန္ဒိယ

၁၉၈၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်

အာဖရိက	ဆိုမာလီးယား
အမေရိကနှင့် ကာရေဗျ	အမေရိကန်

(Source: The Atlas of Human Rights:
Mapping Violations of Freedomaround the Globe
by Andrew Fagan, Earthscan, Brighton (UK) 2010.)

ရောမစတက်ကျူးပဒေ (၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ) နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး၏ တရားစီရင်ခြင်းဆိုင်ရာ ရောမစတက်ကျူးပဒေကို လိုက်နာရန် လက်မှတ်ရေးထိုးထားသည့် နိုင်ငံပေါင်း ၁၂၀ စာရင်း

အာဖရိက	ဘီနင် ဘော့ဆွာနာ ဘာကီနာဖာဆို ဘူရမ်ဒီ ကိတ်ပ်ဗာဒီ ဗဟိုအာဖရိကသမ္မတနိုင်ငံ ချက်ဒ် ကိုမိုရိုစ် ကွန်ဂို ကွန်ဂိုဒီမိုကရက်တစ် ဒဂျီဘော်တီ ဂါဘွန် ဂမ्ဘီယား ဂါနာ ဂျင်နီးယား ကင်ညာ လီဆိုသို လိုက်ဘေးရီးယား မာဒါဂတ်စ်ကာ မာလာဝီ မာလီ မာရီတီးယတ်စ် နမီဘီးယား နိုင်ဂျာ နိုင်ဂျီးရီးယား ဆီနီဂေါ ဆေရှယ်လ်လိစ် ဆီအီရာလီအောန် တောင်အာဖရိက တူနီရှား ယူဂန်ဒါ တန်ဇန်နီးယားပြည်ထောင်စုသမ္မတနိုင်ငံ ဇမ्ဘီးယား
အာရှ/ပစိဖိတ်	အာဖဂန်နစ္စတန် ဘင်္ဂလားဒေ့ရှ် ကမ္ဘောဒီးယား ကွတ်ခ်ကျွန်းစု ဆိုက်ပရပ်စ် ဖီဂျီ ဂျပန် ဂျော်ဒန်

အာရှ/ပစိဖိတ်	မော်လ်ဒိုက်စ် မာရှယ်လ်ကျွန်းစု မွန်ဂိုလီးယား နော်ရွေး ဖိလစ်ပိုင် ကိုရီးယားသမ္မတနိုင်ငံ ဆာမိုအာ တာဂျစ်ကစ္စတန် တီမောလက်စ်တင် ဗာနျူအာတူး
အရှေ့ဥရောပ	အယ်လ်ဘေးနီးယား ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား ဘူဂေးရီးယား ခရိုအေးရှား ချက်ဒ်သမ္မတနိုင်ငံ အတ်စ်တိုနီးယား ဂျော်ဂျီယာ ဟန်ဂေရီ လတ်ဗီးယား လီသူအေးနီးယား မတ်ဆီဒိုနီးယား မိုဒိုဗာ မွန်တီနီဂရိုး ပိုလန် ရိုမေးနီးယား ဆာဗီးယား ဆလိုဗက်ကီးယား ဆလိုဗေးနီးယား
အနောက်ဥရောပ အခြားနိုင်ငံများ	အန်ဒိုရာ ဩစတြေးလျ ဩစတြီးယား ဘယ်လ်ဂျီယမ် ကနေဒါ ဒိန်းမတ် ဖင်လန် ပြင်သစ် ဂျာမနီ ဂရိ အိုက်စ်လန် အိုင်ယာလန် အီတလီ လီချ်တန်စတိန်း လူဇင်ဘတ်ဂ်

အနောက်ဥရောပ အခြားနိုင်ငံများ	မော်တာ နယ်သာလန် နယူးဇီလန် နော်ဝေ ပေါ်တူဂီ ဆန်မာရီနို စပိန် ဆွီဒင် ဆွစ်ဇာလန် ဗြိတိန်
လက်တင်အမေရိကနှင့် ကာရေဗျ	.... စိန့်ဗင်းစင့်နှင့် ဂရီနာဒိုင်းစ် ဆူရီနိမ်း ထရီနီဒတ်နှင့် တိုဘာဂို ဥရုဂွေး ဗင်နီဇွဲလား

(Source: ICC website,www.icc-cpi.int/)

❒

t ykd4?aemufqufv(C)

vlYcGifha&;aeY

ကုလသမဂ္ဂမှ အသိအမှတ်ပြုသတ်မှတ်ထားသည့် နိုင်ငံတကာ လူအခွင့်အရေးနေ့များ၏ စာရင်းကို ဖော်ပြထားပါသည်။

ထိုနေ့စွဲများကို သင်သတင်းရေးသားမည့် ပြက္ခဒိန်တွင် ထည့်သွင်းထားပါ။ သတင်းများ၊ သတင်းဆောင်းပါးများနှင့် သတင်းမှတ်တမ်းများ ကြိုတင်ပြင်ဆင်နိုင်ရန် ကူညီပေးနိုင်ပါလိမ့်မည်။ တစ်ခါ တစ်ရံလူအခွင့်အရေးသတင်းများသည် ချက်ချင်း သတင်းတန်ဖိုး မရှိတတ်သေးသည့် အနေအထားတွင် ရှိတတ်သည်။ ထိုသို့ဖြစ်ပါက လူအခွင့်အရေးနေ့ကို "သတင်းကွင်းဆက်" တစ်ခုအနေဖြင့် အသုံးပြု၍ရနိုင်သည်။ အထိမ်းအမှတ်ကျင်းပသည့် ထိုနေ့နှင့်ဆက်စပ်သည့် သတင်းဆောင်းပါးများ၊ သတင်းမှတ်တမ်းများကို ဖော်ပြနိုင်သည်။

နိုင်ငံအတော်များများတွင် လူအခွင့်အရေးဆိုင်ရာ ပြဿနာများနှင့်ပတ်သက်ပြီး လူအများ ပိုမို သိရှိနားလည်ကြစေရန် နိုင်ငံအဆင့် လူအခွင့်အရေးနေ့ သတ်မှတ်ချက်များရှိသည်။ တစ်ခါတစ်ရံ ထိုနေ့များသည် နိုင်ငံ၏ သမိုင်းဝင်အဖြစ်အပျက်များနှင့် ဆက်စပ်မှုရှိနေတတ်သည်။ တစ်ခါတစ်ရံတွင်မူ ကုလသမဂ္ဂမှ သတ်မှတ်ထားသည့် နေ့တစ်နေ့နှင့် တိုက်ဆိုင်မှုရှိစေရန် ရွေးချယ်ထားသော နေ့ဖြစ်သည်။ ထိုနိုင်ငံအဆင့်နေ့များကိုလည်း မှတ်သားထားရန် လိုသည်။ ထိုနေ့မတိုင်မီ ထိုနေ့များနှင့် ပတ်သက်သည့်သတင်းများ ရေးသားနိုင်သည်။

စာရင်းပါနေ့များသည် များပြားပြီး နေ့အားလုံးကို ထည့်သွင်းစဉ်းစားနိုင်ချင်မှ စဉ်းစားနိုင်မည် ဖြစ်သည်။ စာရင်းကိုကြည့်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်ပတ်ဝန်းကျင်နှင့် ကိုက်ညီမှုအရှိဆုံးဖြစ်မည့် နေ့များ ကိုရွေးချယ်ပါ။

ဇန်နဝါရီ

ဇန်နဝါရီ ၂၇ ။ ။ နိုင်ငံတကာ လူမျိုးတုံး သတ်ဖြတ်မှုခံခဲ့ရသူများအား အောက်မေ့ဖွယ်ရာအထိမ်းအမှတ်နေ့။ အဒေါ့ဖ်ဟစ်တလာ၏ နာဇီအစိုးရသည် ဥရောပဂျူးများကို လူမျိုးတုံးသတ်ဖြတ်မှုဖြင့် အမြစ်ဖြုတ်ရန် ကြိုးစားခဲ့သည့် ဒုတိယကမ္ဘာစစ်အတွင်း လူမျိုးတုံးသတ်ဖြတ်ခံခဲ့ရသူများကို အောက်မေ့သတိရရန် ရည်ရွယ်သည်။

ဖေဖော်ဝါရီ

ဖေဖော်ဝါရီ ၂၀ ။ ။ ကမ္ဘာ့လူမှုတရားမျှတမှုနေ့။ နိုင်ငံတစ်ခုနှင့်တစ်ခု သို့မဟုတ် နိုင်ငံများအကြားလူမှုတရားမျှတမှု၊ စည်းလုံးညီညွတ်မှု၊ သဟဇာတဖြစ်မှု၊ သာတူညီမျှဖြစ်မှုတို့ကို လူ့အဖွဲ့အစည်းများအားလုံး၏ အခြေခံတန်ဖိုးများအဖြစ် မြှင့်တင်ရန် ရည်ရွယ်သည့်နေ့ဖြစ်သည်။ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ အလုပ်အကိုင်အပြည့်အဝရရှိမှုနှင့် ဂုဏ်သိက္ခာပြည့်ဝသော သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရရှိမှုကို မြှင့်တင်ရေး၊ ကျား၊ မ သာတူညီမျှဖြစ်ရေး၊ လူမှုဖူလုံရေးနှင့် တရားမျှတမှုကို ရရှိနိုင်ရေးတို့ကို အဓိကထားကျင်းပသည့် နေ့တစ်နေ့ဖြစ်သည်။ ICCPR နှင့် ICESCR တို့ကို လူအများသိစေရန်အတွက် ဖော်ပြရန်နေ့ကောင်းတစ်နေ့ ဖြစ်သည်။

ဖေဖော်ဝါရီ ၂၁ ။ ။ နိုင်ငံတကာ မိခင်ဘာသာစကားနေ့။ ဘာသာစကားနှင့် ယဉ်ကျေးမှု ကွဲပြားခြားနားမှုနှင့် ဘာသာစကား အများပေါင်းစည်းတည်ရှိမှုကို မြှင့်တင်ရန် ရည်ရွယ်သည့်နေ့ဖြစ်သည်။

မတ်

မတ် ၈ ။ ။ နိုင်ငံတကာအမျိုးသမီးများနေ့။ အမျိုးသမီးများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုရန်၊ သာတူညီမျှ မဖြစ်မှုနှင့် ခွဲခြားဆက်ဆံမှုများကို ဖော်ထုတ်ရန်၊ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုများကို တွန်းလှန်ရန်အတွက် အမျိုးသား၊ အမျိုးသမီး ပေါင်းစည်းမှုရှိစေရန် ရည်ရွယ်သည့် နေ့တစ်နေ့ဖြစ်သည်။

မတ် ၂၁ ။ ။ နိုင်ငံတကာ လူမျိုးရေးခွဲခြားမှု တိုက်ဖျက်ရေးနေ့။ ၁၉၆၀ပြည့်နှစ်၊ မတ်လ ၂၁ရက်နေ့တွင် တောင်အာဖရိကနိုင်ငံ၊ ရှပ်ဗယ်လီမြို့တွင်ဖြစ်ပွားသော ငြိမ်းချမ်းစွာဆန္ဒပြပွဲတစ်ခုတွင် ရဲက သေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် လူ ၆၉ ဦး သေဆုံးခဲ့သည်။ ထိုဆန္ဒပြပွဲမှာ လူမည်းများအနေဖြင့် ခရီးသွားသည့်အခါ စာရွက်စာတမ်းသယ်ဆောင်သွားရန် လိုအပ်စေသော အသားအရောင်လိုက်သည့် "ဖြတ်သန်းသွားလာခွင့် ဥပဒေများ"ကို ဆန့်ကျင်ဆန္ဒပြသည့်ပွဲဖြစ်သည်။ ထိုသို့ ခရီးသွားလာတိုင်း စာရွက်စာတမ်းများ သယ်ဆောင် သွားရသဖြင့် လူမည်းများ၏ ရွှေ့ပြောင်းသွားလာမှုနှင့် အလုပ်အကိုင်အခွင့်အရေးများမှာ ပြင်းပြင်းထန်ထန်ကန့်သတ်ခြင်း ခံရသည်။ အသားအရောင်ခွဲခြားမှုသည် ၁၉၉၄ ခုနှစ်တွင် အဆုံးသတ်ခဲ့သည်။ ထိုနေ့သည် လူမျိုးရေးခွဲခြားမှုပုံစံမျိုးစုံအား တိုက်ဖျက်ရန် ရည်စူးသည့် နေ့တစ်နေ့ဖြစ်သည်။

မတ် ၂၂ ။ ။ ကမ္ဘာ့ရေနေ့။ သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြင့် လူ့အသက်များစွာကို ကယ်တင်နိုင်သည်ကို အသိပညာပေးရန်၊ ရေအရင်းအမြစ်ထိန်းသိမ်းမှု အရေးပါပုံ၊ ရေထုညစ်ညမ်းမှုနှင့် ရေပြတ်လပ်မှု ပြဿနာများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သိရှိနားလည်မှုမြှင့်တင်ရန် ရည်ရွယ်သည့် နေ့တစ်နေ့ဖြစ်သည်။

မတ် ၂၅ ။ ။ နိုင်ငံတကာ ကျွန်ပြုမှုနှင့် အတ္တလန္တိတ်ဖြတ်ကျော် ကျွန်ကုန်ကူးမှုများ ပြုလုပ်ခြင်းခံခဲ့ရသူများအား အောက်မေ့သတိရခြင်းနေ့။ အတ္တလန္တိတ်ဖြတ်ကျော် ကျွန်ကုန်သွယ်မှုသည် ကျွန်ပြုမှုသမိုင်းတွင် အခြား ထပ်တူ မဖြစ်ဖူးသည့် အဖြစ်အပျက်တစ်ခုဖြစ်သည်။ ကာလအားဖြင့် နှစ်ပေါင်း ၄၀၀ ကြာမြင့်ခဲ့ပြီး ပမာဏအားဖြင့် ပို့ဆောင်ရာတွင် သေဆုံးသည့်သူများကို ဖယ်လိုက်လျှင်ပင် လူ ၁၇ သန်းနီးပါးကို ကျွန်ပြုခဲ့ခြင်းဖြစ်ပြီး ထိုကာလအတွင်းရှိ ဥပဒေများအရ တရားဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဗျိုဒ်

ဗျိုဒ် ၂ ။ ။ ကမ္ဘာ့အော်တစ်ဇင်နေ့။ အော်တစ်ဇင်ရောဂါဟူသည်မှာ လူတစ်ယောက်၏ အခြားလူများနှင့် ပြောဆိုဆက်ဆံနိုင်စွမ်းကို ထိခိုက်စေသည့် အာရုံကြောဆိုင်ရာ ရောဂါတစ်မျိုးဖြစ်သည်။ ကမ္ဘာ့အစိတ်အပိုင်းအားလုံးတွင် အော်တစ်ဇင်ရောဂါ ဖြစ်ပွားမှုနှုန်းမှာ မြင့်မားလျက်ရှိသည်။ ကလေးသူငယ်များ၊ မိသားစုများ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် လူအဖွဲ့အစည်းများအတွက် အခက်အခဲများ ဖြစ်ပေါ်စေလျက်ရှိသည်။ အော်တစ်ဇင်ရောဂါနှင့်ပတ်သက်သည့် အသိအမြင်၊ ဗဟုသုတများ မြှင့်တင်ရန် ထိုရောဂါခံစားနေရသည့် ကလေးများနှင့် လူကြီးများအတွက် ပြည့်ဝပြီး အဓိပ္ပာယ်ရှိသည့် ဘဝများ တည်ဆောက်နိုင်စေရန် ရည်ရွယ်သည့် နေ့တစ်နေ့ဖြစ်သည်။

ဗျိုဒ် ၄ ။ ။ နိုင်ငံတကာ မိုင်းတိုက်ဖျက်ရေး အသိအမြင်မြှင့်တင်ရေးနှင့် မိုင်းတိုက်ဖျက်ရေးလုပ်ငန်းများကို ကူညီထောက်ပံ့ရေးနေ့။ မြေမြှုပ်မိုင်းအသုံးပြုမှုကို ဆန့်ကျင်ရန်၊ မြေမြှုပ်မိုင်းဒဏ်ခံရသူများ၏ ဒုက္ခကို သိမြင်လာကြစေရန်၊ မြေမြှုပ်မိုင်းနှင့်ပတ်သက်သည့် အသိပညာများကို မြှင့်တင်ရန်နှင့် မိုင်းရှင်းလင်းရေးလုပ်ဆောင်မှုကို တိုက်တွန်းရန် ရည်ရွယ်သည့် နေ့တစ်နေ့ဖြစ်သည်။

ဗျိုဒ် ၇ ။ ။ နိုင်ငံတကာရဝမ်ဒါလူမျိုးတုံးသတ်ဖြတ်မှုနေ့။ ရဝမ်ဒါနိုင်ငံတွင် ၁၉၉၄ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် လူမျိုးတုံးသတ်ဖြတ်မှု၏ ထိတ်လန့်ဖွယ်ရာများကို အဖွဲ့ဝင်နိုင်ငံများက အောက်မေ့သတိရနေကြရန် ရည်ရွယ်သည်။ ထိုလူမျိုးတုံးသတ်ဖြတ်မှုတွင် ရက်ပေါင်း ၁၀၀ အတွင်း လူရှစ်သိန်းကျော် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းခံခဲ့ရသည်။

ဗျိုဒ် ၂၃ ။ ။ ကမ္ဘာ့စာအုပ်နှင့် မူပိုင်ခွင့်နေ့။ စာအုပ်များနှင့် စာရေးဆရာများကို ကမ္ဘာတစ်လွှားမှ အရိုအသေပြုကြရသည့် နေ့တစ်နေ့ဖြစ်သည်။ လူတိုင်းလူတိုင်း၊ အထူးသဖြင့် လူငယ်များအား စာအုပ်ဖတ်ခြင်းအရသာကို သိမြင်ခံစားနိုင်ကြစေရန် တိုက်တွန်းနှိုးဆော်သည့် နေ့တစ်နေ့လည်း ဖြစ်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်နှင့် လူတိုင်း ပညာသင်ကြားပိုင်ခွင့်တို့ကို မြှင့်တင်သည့်နေ့တစ်နေ့လည်း ဖြစ်သည်။

မေ

မေ ၃ ။ ။ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့။ စာနယ်ဇင်းလွတ်လပ်ခွင့်၏ အခြေခံမူများကို မြှင့်တင် ရန်၊ စာနယ်ဇင်းလွတ်လပ်ခွင့် အခြေအနေကို အကဲဖြတ်သုံးသပ်ရန်၊ စာနယ်ဇင်းများ၏ အနှောင်အဖွဲ့ကင်းစွာ ရပ်တည်နိုင်ခွင့်ကို ထိခိုက်သည့် တိုက်ခိုက်မှုများမှ ကာကွယ်ရန်၊ တာဝန်ထမ်းဆောင်နေစဉ် အသက်ဆုံးရှုံးခဲ့ရသော စာနယ်ဇင်းသမားများအား အောက်မေ့သတိရရန် အခွင့်အခါတစ်ရပ်ဖြစ်သည်။

မေ ၁၅ ။ ။ နိုင်ငံတကာမိသားစုများနေ့။ မိသားစုများအတွက် အထိမ်းအမှတ် ကျင်းပရန်၊ လူ့အဖွဲ့အစည်းအတွင်း မိသားစုများ အားကောင်းလာစေရန်နှင့် လူမှုအစုအဖွဲ့လေးတစ်ခုအဖြစ် ပိုမိုအားကောင်းလာစေရန် ရည်ရွယ်သည်။

မေ ၁၇ ။ ။ ကမ္ဘာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် အသိုက်အဝန်းနေ့။ ၁၈၆၅ ခုနှစ်တွင် နိုင်ငံတကာ ကြေးနန်းသမဂ္ဂ တည်ထောင်ခြင်းနှင့် နိုင်ငံတကာ ကြေးနန်းသဘောတူစာချုပ်ကို ချုပ်ဆိုခြင်း အထိမ်းအမှတ်အဖြစ် သတ်မှတ်ထားသော နေ့တစ်နေ့ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေးတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို နည်းလမ်းမျိုးစုံဖြင့် တီထွင်ဆန်းသစ်အသုံးချခြင်းနှင့် ကမ္ဘာ့အစိတ်အပိုင်းအတော်များများတွင် ဆက်သွယ်ရေး အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှု ကွာဟနေခြင်းများနှင့် ပတ်သက်၍ အသိအမြင်မြှင့်တင်ရန် ရည်ရွယ်သည်။

မေ ၂၁ ။ ။ ကမ္ဘာ့တွေ့ဆုံဆွေးနွေးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှု ကွဲပြားခြင်းဆိုင်ရာနေ့။ ယဉ်ကျေးမှုများ ကွဲပြားခြင်း၏ တန်ဖိုးကို နက်နက်ရှိုင်းရှိုင်းနားလည်စေရန်နှင့် ပိုမိုအဆင်ပြေစွာ အတူတကွ နေထိုင်နိုင်ရေးတွက် သင်ယူနိုင်ရန် အခွင့်အခါကောင်းတစ်ခုဖြစ်သည်။ အခြေခံလူ့အခွင့်အရေး

တစ်ရပ်ဖြစ်သည့် ယဉ်ကျေးမှုအခွင့်အရေးများနှင့် ပတ်သက်သည့် အသိအမြင်များ မြှင့်တင်နိုင်ရန် ရည်ရွယ်သည်။

မေ ၂၂ ။ ။ နိုင်ငံတကာ ဇီဝမျိုးကွဲနေ့။ ဇီဝမျိုးကွဲများနှင့် ၄င်းတို့နှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်မြဲရေးနှင့် ရာသီဥတုပြောင်းလဲခြင်းတို့နှင့် အဆက်အစပ်ကို လူအများ ပိုမိုနားလည်လာကြစေရန်။ ဇီဝမျိုးကွဲဟူသည်မှာ သက်ဆိုင်ရာဂေဟစနစ်အတွင်း ဥပမာ-သစ်တော သို့မဟုတ် သန္တာကျောက်တန်းအတွင်း မတူညီသည့် သက်ရှိမျိုးကွဲများ၏ အရေအတွက်နှင့် အသွင်သဏ္ဌာန်ကွဲပြားမှုဖြစ်သည်။ ဇီဝမျိုးကွဲ များပြားကွာခြားလေလေ ဂေဟစနစ်သည် ပိုမိုအားကောင်းလေဖြစ်သည်။

မေ ၂၉ ။ ။ နိုင်ငံတကာ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များနေ့။ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များသည် ပဋိပက္ခကြောင့် ထိခိုက်ပျက်စီးရသည့် နိုင်ငံများတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရန် ကူညီပေးသည်။ ဤနေ့သည် ကမ္ဘာတစ်ဝန်းရှိ သူတို့၏ လုပ်ဆောင်မှုများကို ဂုဏ်ပြုသောနေ့ ဖြစ်သည်။ ပဋိပက္ခကို လူများ ပိုမိုနားလည်လာစေရန်နှင့် ငြိမ်းချမ်းရေးကို မြှင့်တင်ရန် ရည်ရွယ်သည်။

ဇွန်

ဇွန် ၄ ။ ။ အကြမ်းဖက်မှုများကို ရင်ဆိုင်ရသည့် အပြစ်ကင်းစင်သူ ကလေးသူငယ်များဆိုင်ရာ နိုင်ငံတကာနေ့။ စိတ်ပိုင်း၊ ရုပ်ပိုင်းနှင့် စိတ်ခံစားမှုပိုင်း တလွဲသုံးခံရသော ကမ္ဘာတစ်လွှားမှ ကလေးသူငယ်များ ခံစားရသည့် ဝေဒနာများကို အသိအမှတ်ပြုရန် ရည်ရွယ်သည်။ ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် ပိုမိုခိုင်မာစွာ သန္နိဋ္ဌာန်ချရသည့် နေ့လည်းဖြစ်သည်။ လွန်ခဲ့သည့် နှစ်နှစ်ဆယ်အတွင်း ပဋိပက္ခများအတွင်း ကလေးသူငယ် နှစ်သန်းကျော် သေဆုံးခဲ့ကြပြီး ကလေးသူငယ် ဒုက္ခသည် ဆယ်သန်းဝန်းကျင်မှာ UNHCR မှ ကယ်တင်စောင့်ရှောက်ထားခဲ့ရ၊ စောင့်ရှောက်ထားနေရဆဲဖြစ်သည်။ ကလေးသူငယ် သိန်းပေါင်းများစွာမှာ မိသားစုတွင်း အကြမ်းဖက်မှုနှင့် တလွဲသုံးမှုများကြောင့် နှစ်စဉ်သေဆုံးနေရသည်။

ဇွန် ၅ ။ ။ ကမ္ဘာ့ပတ်ဝန်းကျင်နေ့။ သဘာဝပတ်ဝန်းကျင်အတွက် ကောင်းမွန်သော လုပ်ဆောင်မှုများ ပြုလုပ်ရန် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာ နေ့တစ်နေ့ဖြစ်သည်။

ဇွန် ၁၇ ။ ။ ကမ္ဘာ့ကန္တာရ ဖြစ်မှုနှင့် မိုးခေါင်မှု တိုက်ဖျက်ရေးနေ့။ ကန္တာရနယ်ပယ်ကျယ်ဝန်းလာမှု (ကန္တာရဖြစ်မှု)နှင့် မိုးခေါင်မှုဆိုင်ရာ သိမြင်နားလည်မှုကို မြှင့်တင်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေး လုပ်ငန်းကို ပြုလုပ်ရန် အားပေးအားမြှောက်ပြုရန် ရည်ရွယ်သည့် နေ့တစ်နေ့ဖြစ်သည်။

ဇွန် ၂၀ ။ ။ ကမ္ဘာ့ဒုက္ခသည်နေ့။ ကမ္ဘာပေါ်ရှိ ဒုက္ခသည် ၁၅ သန်း၏ ဒုက္ခကို လူအများ သိရှိနိုင်ရန် ရည်ရွယ်သည့် နေ့တစ်နေ့ဖြစ်သည်။ ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံများရှိ လူဦးရေ လေးပုံသုံးပုံအထက်မှာ ဒုက္ခသည်များဖြစ်ပြီး ပဋိပက္ခ သို့မဟုတ် ဖိနှိပ်မှုများကြောင့် အိုးအိမ်စွန့်ခွာခဲ့ကြရသည်။

ဇွန် ၂၃ ။ ။ ကုလသမဂ္ဂ ပြည်သူ့ဝန်ထမ်းနေ့။ လူ့အသိုက်အဝန်းအတွက် တာဝန်ထမ်းဆောင်ရသော ပြည်သူ့ဝန်ထမ်းလုပ်ငန်း၏ တန်ဖိုးထားမှုနှင့် အမြတေအနှစ်သာရကို အထိမ်းအမှတ်ပြု မြှင့်တင်ရန် ရည်ရွယ်သည့် နေ့တစ်နေ့ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့ဝန်ထမ်းအခန်းကဏ္ဍမှ ပါဝင်နိုင်မှုကို ဖော်ကျူးပေးရန်၊ ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းများကို အသိအမှတ်ပြုရန်နှင့် လူငယ်များကို ပြည်သူ့ဝန်ထမ်းကဏ္ဍတွင် လုပ်ကိုင်လာစေရေး အားပေးရန် ရည်ရွယ်သည်။

ဇွန် ၂၆ ။ ။ နိုင်ငံတကာ မူးယစ်ဆေးဝါး တလွဲအသုံးပြုမှုနှင့် တရားမဝင် ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးနေ့။ မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုနှင့် အလွဲသုံးမှုမရှိသည့် ကမ္ဘာကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်သည့် နေ့တစ်နေ့ဖြစ်သည်။

ဇွန် ၂۶ ။ ။ ကုလသမဂ္ဂ နိုင်ငံတကာ ညှဉ်းပန်းနှိပ်စက်မှု ပြုလုပ်ခံခဲ့ရသူများကို ထောက်ပံ့ရေးနေ့။

ညှဉ်းပန်းနှိပ်စက်မှုကို ဖျက်သိမ်းရန်၊ ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ သဘောတူညီချက် လက်မှတ်ထိုးရန် နိုင်ငံများကို တွန်းအားပေးရန်။ ဖိနှိပ်သည့် အစိုးရများ လက်တွင် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည့် လူထောင်ပေါင်းများစွာ၏ ဒုက္ခများကို အသိအမှတ်ပြုရန် ရည်ရွယ်သည်။

ဇူလိုင်

ဇူလိုင်လ၏ ပထမ စနေနေ့ ။ ။ သမဝါယမနေ့။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ထပ်ဆင့်အတည်ပြုရန် ရည်ရွယ်သည့် နေ့တစ်နေ့ဖြစ်သည်။ သမဝါယမဟူသည်မှာ ကုန်ပစ္စည်းများကို အတူတကွ ထုတ်လုပ်သော၊ စီးပွားရေးလုပ်ငန်းတစ်ခုကို အတူတကွ လည်ပတ်သော အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

ဇူလိုင် ၁၁ ။ ။ ကမ္ဘာ့လူဦးရေနေ့။ ကမ္ဘာ့လူဦးရေ မြန်မြန်ဆန်ဆန် တိုးပွားလာမှုနှင့် ပတ်သက်သည့် သိမြင်နားလည်မှုကို မြှင့်တင်ရန်နှင့် ထိုသို့ တိုးပွားလာမှုမှ ပေါ်ထွက်လာသော ပြဿနာများကို ဖြေရှင်းရန် လိုအပ်သည်ဟူသည့် အချက်ကို သိမြင်လက်ခံလာကြစေရန် ရည်ရွယ်သည်။

သြဂုတ်

သြဂုတ် ၉ ။ ။ နိုင်ငံတကာ ကမ္ဘာ့တိုင်းရင်းလူမျိုးများနေ့။ သာတူညီမျှမှုနှင့် ခွဲခြားမှုမရှိခြင်းကို အခြေခံသည့် တိုင်းရင်းလူမျိုးများ၏ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို လေးစားရန်၊ ထင်ရှားသည့် အမှတ်လက္ခဏာများ၊ ယဉ်ကျေးမှုများနှင့် လူမှုအဖွဲ့အစည်းများ၏ တန်ဖိုးနှင့် ကွဲပြားခြားနားမှုကို အသိအမှတ်ပြုရန် ရည်ရွယ်သည်။ နှိပ်စက်မှုနှင့် ဖိနှိပ်မှုများကို ခံခဲ့ရ၊ ခံနေရဆဲဖြစ်သည့် တိုင်းရင်းလူမျိုးများစွာ၏ ဒုက္ခကို ပိုမိုသိမြင်နားလည်ကြစေရန် ရည်ရွယ်သည်။

သြဂုတ် ၁၂ ။ ။ နိုင်ငံတကာလူငယ်များနေ့။ လူငယ်များ၏ အလားအလာကို အသိအမှတ်ပြုရန်၊ သူတို့၏ အောင်မြင်မှုများကို အသိအမှတ်ပြုရန်နှင့် လူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရေး လူငယ်များကို အားပေးနိုင်မည့် နည်းလမ်းများ ရှာဖွေရန် ရည်ရွယ်သည်။

စက်တင်ဘာ

စက်တင်ဘာ ၈ ။ ။ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့။ စာတတ်မြောက်ရေးနှင့် တွက်ချက်တတ်ရေးကို မြှင့်တင်ရန် ရည်ရွယ်သည်။ ယနေ့ လူကြီး ငါးယောက်တွင် တစ်ယောက်သည် စာတတ်မြောက်ခြင်းမရှိကြ။ ထိုစာမတတ်ကြသူများထဲမှ သုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်သည်။ ကလေးသူငယ် ၆၇.၄ သန်း မှာ ကျောင်းတက်ရောက်နိုင်ခြင်းမရှိကြ။ စာတတ်မြောက်ရေးသည် လူ့အခွင့်အရေးဖြစ်သည်။ တစ်ကိုယ်ရေတိုးတက်မှုအတွက် လက်နက်ကိရိယာဖြစ်သည်။ လူမှုနှင့် လူသားဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းလမ်းဖြစ်သည်။

စက်တက်ဘာ ၁၅ ။ ။ နိုင်ငံတကာ ဒီမိုကရေစီနေ့။ ကမ္ဘာတွင် ဒီမိုကရေစီ စနစ်ကျင့်သုံးမှုအခြေအနေကို ပြန်လည်သုံးသပ်ရန် အခွင့်ကောင်းတစ်ရပ်ဖြစ်သည်။ လွတ်လပ်မှုကို တန်ဖိုးထားခြင်း၊ လူ့အခွင့်အရေးကို လေးစားခြင်းနှင့် လူတိုင်းမဲပေးခွင့်ကို အာမခံသော သတ်မှတ်ချိန်များအလိုက် စစ်မှန်သော ရွေးကောက်ပွဲများကို ကျင်းပခြင်းသည် ဒီမိုကရေစီ၏ အစိတ်အပိုင်းများဖြစ်သည်။ ထိုတန်ဖိုးထားမှုများကို ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြထားပြီး နိုင်ငံတကာ လူမှုရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ သဘောတူညီချက်တွင် ထပ်ဆင့် မြှင့်တင်ဖော်ပြထားသည်။

စက်တင်ဘာ ၁၆ ။ ။ နိုင်ငံတကာ အိုဇုန်းလွှာ ထိန်းသိမ်းစောင့်ရှောက်ရေးနေ့။ နိုင်ငံများကို အိုဇုန်းလွှာ ထိန်းသိမ်းရေးဆိုင်ရာ သဘောတူညီချက်များအား လိုက်နာရေး တိုက်တွန်းရန် ရည်ရွယ်သည်။ ၁၉၈၇၊ စက်တင်ဘာလ ၁၆ ရက်တွင် အိုဇုန်းလွှာ ပျက်စီးစေသော ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် သဘောတူညီ

ချက်ကို ရေးထိုးခဲ့သည်။ အိုဇုန်းလွှာဟူသည်မှာ ကမ္ဘာ့လေထုတွင် အိုဇုန်းပါဝင်မှုမြင့်မားသည့် အလွှာ ဖြစ်သည်။ ထိုအလွှာသည် ကမ္ဘာပေါ်ရှိ သက်ရှိများကို အန္တရာယ်ဖြစ်စေသော နေရောင်၏ ကြိမ်နှုန်းမြင့် ခရမ်းလွန်ရောင်ခြည် အများစုကို စုပ်ယူပေးသည်။ အိုဇုန်းလွှာပျက်စီးမှုကြောင့် ကမ္ဘာတစ်လွှား အရေပြား ကင်ဆာဖြစ်မှုကို မြင့်တက်စေသည်။

စက်တင်ဘာ ၂၁ ။ ။ နိုင်ငံတကာငြိမ်းချမ်းရေးနေ့။ စစ်ပွဲများ အဆုံးသတ်ရန်၊ အပစ်အခတ်ရပ်စဲရေးနှင့် အကြမ်းမဖက်မှုအတွက် တွန်းအားပေးရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဆောင်ရွက်နေသူများကို အသိအမှတ်ပြုရန် ရည်ရွယ်သည့် နေ့တစ်နေ့ဖြစ်သည်။

အောက်တိုဘာ

အောက်တိုဘာ ၁ ။ ။ နိုင်ငံတကာ သက်ကြီးရွယ်အိုများနေ့။ သက်ကြီးရွယ်အိုများ၏ စွမ်းဆောင်နိုင်မှုများအတွက် အထိမ်းအမှတ်ကျင်းပရန်၊ သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် သက်ရှည်ကျန်းမာနေထိုင်ခွင့်ကို ဖော်ဆောင်ပေးရန် ရည်ရွယ်သည်။

အောက်တိုဘာ ၂ ။ ။ နိုင်ငံတကာအကြမ်းမဖက်နေ့။ အကြမ်းမဖက်သည့် လုပ်ဆောင်ချက်များ၏ ထိရောက်မှုနှင့် ပတ်သက်သည့် သိမြင်နားလည်မှုကို မြှင့်တင်ရန် ရည်ရွယ်သည်။ အောက်တိုဘာ ၂ ရက်သည် အိန္ဒိယလွတ်လပ်ရေးကြိုးပမ်းမှု ခေါင်းဆောင်နှင့် အကြမ်းမဖက်ရေး အတွေးအခေါ်နှင့် မဟာဗျူဟာကို ဖော်ထုတ်ခဲ့သူ မဟတ္တမဂန္ဓီ၏ မွေးနေ့ဖြစ်သည်။

အောက်တိုဘာလ၏ ပထမ တနလင်္ဂနေ့ ။ ။ ကမ္ဘာ့အခြေချနေနိုင်မှုနေ့။ အမိုးအကာအောက် နေထိုင်ခွင့် လူ့အခွင့်အရေးနှင့် မြို့တော်များ၊ မြို့များ၊ ရွာများနှင့် ပတ်ဝန်းကျင်အသိုက်အဝန်းများ၏ အရည်အသွေးနှင့် ပတ်သက်ပြီး လူတိုင်းတွင် တာဝန်ရှိသည်ဟူသောအချက်ကို သိရှိလက်ခံလာကြစေရန် ရည်ရွယ်သည်။

အောက်တိုဘာ ဒုတိယ ဗုဒ္ဓဟူးနေ့ ။ ။ နိုင်ငံတကာ သဘာဝဘေးအန္တရာယ် လျှော့ချရေးနေ့။ ဆောလျင်စွာ အချက်ပေးသည့် စနစ်၊ အဆောက်အအုံစနစ်များနှင့် ထိရောက်သော ကယ်ဆယ်ရေးလုပ်ဆောင်မှုများဖြင့် သဘာဝဘေးအန္တရာယ်၏ ဆိုးကျိုးကို လျှော့ချနိုင်စေမည့် နည်းလမ်းများ ရှာကြစေရန် ရည်ရွယ်သည်

အောက်တိုဘာ ၁၅ ။ ။ နိုင်ငံတကာကျေးလက်အမျိုးသမီးများနေ့။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသနေ အမျိုးသမီးများ၏ ထည့်ဝင်နိုင်မှုကို အသိအမှတ်ပြုရန်နှင့် ကျေးလက်အမျိုးသမီးများ၏ ဘဝကို မြှင့်တင်နိုင်စေမည့် နည်းလမ်းများကို ရှာဖွေရန် ရည်ရွယ်သည်။

အောက်တိုဘာ ၁၆ ။ ။ ကမ္ဘာ့စားနပ်ရိက္ခာနေ့။ ငတ်မွတ်ခေါင်းပါးမှုနှင့် ၄င်းတို့ဖြစ်ပေါ်ရသည့် အကြောင်းရင်းများနှင့် ပတ်သက်ပြီး အသိအမြင်မြှင့်တင်ရန် ရည်ရွယ်သည်။ ငတ်မွတ်ခေါင်းပါးမှုကို ကျော်လွှားနိုင်မည့် နည်းလမ်းများ ရှာဖွေနိုင်ရန် ရည်ရွယ်သည်။

အောက်တိုဘာ ၁၇ ။ ။ နိုင်ငံတကာ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးနေ့။ ကမ္ဘာ့ဆင်းရဲမွဲတေမှုကို မည်သို့ အဆုံးသတ်ရမည်နည်းဟူသည့် အချက်ကို ဦးစားပေးရှာဖွေရမည့် နေ့တစ်နေ့ဖြစ်သည်။

အောက်တိုဘာ ၂၄ ။ ။ ကုလသမဂ္ဂနေ့။ ကုလသမဂ္ဂ၏ ရည်မှန်းချက်များနှင့် အောင်မြင်မှုများအတွက် အထိမ်းအမှတ်ပြုသည့် နေ့တစ်နေ့ဖြစ်သည်။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ကုလသမဂ္ဂ အဖွဲ့ဝင်အများစုက ကုလသမဂ္ဂ ပဋ္ဌာန်းကို လက်မှတ်ရေးထိုးအတည်ပြုပြီး ကုလသမဂ္ဂကို မွေးဖွားပေးခဲ့သည်။

အောက်တိုဘာ ၂၄ ။ ။ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေး သတင်းအချက်အလက်နေ့။ သတင်းအချက်အလက်ကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိရိယာတစ်ခုအဖြစ် အသုံးချမှုမြှင့်တင်ရန်နှင့် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများကို ထိထိရောက်ရောက် အသုံးချမှုမြှင့်တင်ရန် ရည်ရွယ်သည်။

အောက်တိုဘာ ၂၄-၃၀ ။ ။ လက်နက်ဖျက်သိမ်းရေး အထိမ်းအမှတ် ရက်သတ္တပတ်။ ကုလသမဂ္ဂတည်ထောင်သည့် နှစ်ပတ်လည်နေ့တွင် စတင်သည့် ရက်သတ္တပတ်ကို လက်နက်ဖျက်သိမ်းရေး အထိမ်းအမှတ်ရက်

သတ္တပတ်အနေဖြင့် သတ်မှတ်သည်။ လက်နက်အပြိုင်တပ်ဆင်မှု၏ အန္တရာယ်ကို ဖော်ထုတ်ရန်နှင့် လက်နက်ဖျက်သိမ်းရေးလုပ်ငန်းအပေါ် အများပြည်သူ နားလည်မှုမြှင့်တင်ရန် ရည်ရွယ်သည်။

နိုဝင်ဘာ

နိုဝင်ဘာ ၆ ။ ။ နိုင်ငံတကာ စစ်ပွဲနှင့် လက်နက်ကိုင် ပဋိပက္ခများတွင် ပတ်ဝန်းကျင် ပျက်စီးမှု အားတားမြစ်ရေးနေ့။ စစ်ပွဲနှင့် လက်နက်ကိုင်ပဋိပက္ခများ၏ သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများဖြစ်သည့် ရေကန်များကို ရည်ရွယ်ချက်ရှိရှိ ညစ်ညမ်းစေခြင်း၊ လယ်မြေများ၊ သီးနှံများနှင့် သစ်တောများကို ဖျက်ဆီးခြင်း၊ မြေများကို အဆိပ်သင့်စေခြင်းနှင့် သတ္တဝါများသေဆုံးစေခြင်းတို့ကို ဖော်ထုတ်ရန် ရည်ရွယ်သည်။ သစ်၊ စိန်၊ ရွှေ၊ ဆီ၊ လယ်မြေယာမြေနှင့် ရေထုစသည့် သဘာဝသယံဇာတများကို ပျက်စီးစေသည့် ပဋိပက္ခများကို ဖော်ထုတ်ရန် ရည်ရွယ်သည်။

နိုဝင်ဘာ ၁၄ ။ ။ ကမ္ဘာ့ဆီးချိုရောဂါ တိုက်ဖျက်ရေးနေ့။ ဆီးချိုရောဂါ ဖြစ်ပွားရသည့် အကြောင်းရင်း၊ ထိခိုက်မှုများနှင့် ကုသမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ခြင်းနှင့် ဆီးချိုရောဂါ ကာကွယ်ရေး ဆောင်ရွက်နိုင်မှုတို့နှင့် ပတ်သက်ပြီး ကမ္ဘာလုံးဆိုင်ရာ သိမြင်နားလည်မှု မြှင့်တင်ရေးနေ့ တစ်နေ့ဖြစ်သည်။

နိုဝင်ဘာ ၁၆ ။ ။ နိုင်ငံတကာ သဘောထားကြီးမှုနေ့။ လူသားကောင်းကျိုး၊ လွတ်လပ်ခွင့်နှင့် တိုးတက်မှုတို့ကို မြှင့်တင်ရန်၊ မတူညီသည့် ယဉ်ကျေးမှုများ၊ လူမှုအဆင့်အတန်းများနှင့် လူအများကြား သဘောထားကြီးမှု၊ လေးစားမှု၊ ပြောဆိုဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်။

နိုဝင်ဘာ တတိယ တနင်္ဂနွေ ။ ။ ကမ္ဘာ့ယာဉ်တိုက်မှုတွင် ထိခိုက်သေဆုံးသူများနှင့် ၄င်းတို့၏ မိသားစုများ အတွက် အောက်မေ့သတိရခြင်းနေ့။ ယာဉ်လမ်းကြောင်း အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှုများကြောင့် ဖြစ်သည့် ထိခိုက်ဒဏ်ရာရမှုများကို အဆုံးသတ်နိုင်ရေး ရည်ရွယ်သည့် နေ့တစ်နေ့ ဖြစ်သည်။

နိုဝင်ဘာ ၂၀ ။ ။ အာဖရိက စက်မှုဖွံ့ဖြိုးရေးနေ့။ အာဖရိကတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် ရေရှည်တည်တံ့မှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းမှု ပြဿနာများကို ပိုမိုထင်ရှားစွာ သိမြင်လာကြစေရန် ရည်ရွယ်သည်။

နိုဝင်ဘာ ၂၀ ။ ။ ကလေးများအားလုံးနေ့။ နေရာဒေသအားလုံးမှ ကလေးသူငယ်များ၏ ကောင်းကျိုးကို ဆောင်ရွက်မှု မြှင့်တင်ရန် ရည်ရွယ်သည်။ နိုဝင်ဘာလ ၂၀ ရက်သည် ၁၉၅၉ တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကြေညာစာတမ်းနှင့် ၁၉၈၉ တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်တို့ကို ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုသည့် အထိမ်းအမှတ်နေ့လည်းဖြစ်သည်။

နိုဝင်ဘာ ၂၁ ။ ။ ကမ္ဘာ့ရုပ်မြင်သံကြားနေ့။ သတင်းများနှင့် သတင်းဆောင်းပါးများ၏ ဆထက်ထမ်းပိုးအကျိုးပြုနိုင်မှုကို အသိအမှတ်ပြုသည့် အားလျော်စွာ ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုနိုင်မှုကို မြှင့်တင်ရန် ရည်ရွယ်သည်။ ပထမဆုံး ကမ္ဘာ့ရုပ်မြင်သံကြားဖိုရမ် စတင်သည့် နေ့ကို အထိမ်းအမှတ်ပြုသည့်နေ့လည်းဖြစ်သည်။ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နှင့် ၂၂ ရက်တွင် ပြုလုပ်ခဲ့သည့် ထိုဖိုရမ်တွင် ထိပ်တန်းမီဒီယာခေါင်းဆောင်များသည် ရုပ်မြင်သံကြား၏ အရေးကြီးပုံကို ဆွေးနွေးခဲ့ကြပြီး ရုပ်မြင်သံကြားဝန်ဆောင်မှုများကို မြှင့်တင်တိုးချဲ့ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေခဲ့ကြသည်။

နိုဝင်ဘာ ၂၅ ။ ။ နိုင်ငံတကာ အမျိုးသမီးများအား အကြမ်းဖက်မှု တိုက်ဖျက်ရေးနေ့။ အမျိုးသမီးများအား အကြမ်းဖက်မှုကို ဆန့်ကျင်သည့် လှုပ်ရှားမှုများ ဆောင်ရွက်ရန်ဖြစ်သည်။ နိုဝင်ဘာ ၂၅ ရက် သည် ကမ္ဘာတစ်လွှားမှ တက်ကြွလှုပ်ရှားသူများနှင့် လူမှုအဖွဲ့အစည်းများက အမျိုးသမီးများကို အကြမ်းဖက်မှု အဆုံးသတ်ရေး ကမ္ဘာတစ်ဝန်းလှုပ်ရှားမှုဖြစ်သည့် ၁၆ ရက်ကြာ လိင်အခြေပြု အကြမ်းဖက်မှုများကို တိုက်ဖျက်ရေးလှုပ်ရှားမှု စတင်ခြင်းကို အထိမ်းအမှတ်ပြုသည့် ရက်လည်းဖြစ်သည်။

နိုဝင်ဘာ ၂၉ ။ ။ နိုင်ငံတကာ ပါလက်စတိုင်းပြည်သူများနှင့် စည်းလုံးရေးနေ့။ အစ္စရေးက ပါလက်စတိုင်းကို ကျူးကျော်ထားမှုအား အဆုံးသတ်ရန်၊ ဒုက္ခသည်ပြဿနာနှင့် အစ္စရေးနှင့် ပါလက်စတိုင်းအကြား နိုင်ငံရေး

သဘောတူညီမှု ရရှိစေရန် ရည်ရွယ်သည်။

ဒီဇင်ဘာ

ဒီဇင်ဘာ ၁ ။ ။ ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့။ HIV/AIDS ဝေဒနာခံစားနေရသည့် လူများအတွက် လူ့အခွင့်အရေး ရရှိသင့်ကြောင်း လူအများ ပိုမိုသိမြင်နားလည်စေရန် ရည်ရွယ်သည်။ ဝိုင်းပယ်မှုကို ပယ်ရှားရန်အတွက် ကုသမှုနှင့် ထိတွေ့မှုကို မြှင့်တင်ရန် ရည်ရွယ်သည်။

ဒီဇင်ဘာ ၂ ။ ။ နိုင်ငံတကာ ကျွန်ပြုမှု ဖျက်သိမ်းရေးနေ့။ ဒီဇင်ဘာလ ၂ ရက်သည် ကုလသမဂ္ဂ အထွေထွေညီလာခံကက လူသားများကို ကုန်ကူးမှုနှင့် အခြားသူများကို ပြည့်တန်ဆာပြုမှု နှိပ်ကွပ်ရေး သဘောတူညီချက်ကို အတည်ပြုသည့်နေ့ဖြစ်သည်။ ကျွန်ပြုမှုဖျက်သိမ်းမှုအား အထိမ်းအမှတ်ပြုရန်နှင့် ယနေ့ခေတ် ကျွန်ပြုမှုပုံစံများဖြစ်သည့် လိင်ကျွန်ပြုမှု၊ ကလေးသူငယ် အလုပ်ခိုင်းစေမှုနှင့် လူကုန်ကူးမှုများ ကို လူများ ပိုမို စိတ်ဝင်စားလာကြစေရန် ရည်ရွယ်သည်။

ဒီဇင်ဘာ ၃ ။ ။ နိုင်ငံတကာ မသန်စွမ်းသူများနေ့။ မသန်စွမ်းသူများ၏ အခွင့်အရေးများကို မြှင့်တင်ရန်၊ မသန်စွမ်းမှုကို ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုနိုင်စေရန်နှင့် ဝိုင်းပယ်မှုနှင့် တလွဲအသုံးချမှုများကို တိုက်ဖျက်ရန် ရည်ရွယ်သည်။

ဒီဇင်ဘာ ၉ ။ ။ နိုင်ငံတကာ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးနေ့။ အကျင့်ပျက်ခြစားမှုနှင့် ၄င်း၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ထိခိုက်စေသည့် နည်းလမ်းများကို သိမြင်နားလည်မှု ပိုမိုမြှင့်တင်ရန် ရည်ရွယ်သည်။

ဒီဇင်ဘာ ၁၀ ။ ။ လူ့အခွင့်အရေးနေ့။ လူသားများအတွက် လူ့အခွင့်အရေးကို အထိမ်းအမှတ်ပြုသည့် အနေဖြင့် လူ့အခွင့်အရေး ကြေညာစာတမ်းကို အတည်ပြုသည့်နေ့ကို လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ် လိုက်ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၈ ။ ။ နိုင်ငံတကာ ရွှေ့ပြောင်းအခြေချနေထိုင်သူများနေ့။ ဂလိုဘယ်လ်လိုက်ဇေးရှင်းကြောင့် နိုင်ငံတကာရွှေ့ပြောင်းအခြေချနေထိုင်မှုနှုန်း လျင်လျင်မြန်မြန် မြင့်တက်လာသည်။ လူသန်းပေါင်းများစွာသည် အလုပ်အကိုင်အတွက် မွေးဖွားရာ ဧာတိနိုင်ငံများမှ ရွှေ့ပြောင်းနေထိုင်နေကြရသည်။ ရွှေ့ပြောင်းအခြေချနေ ထိုင်သူများစွာသည် နိုင်ငံသစ်များတွင် တလွဲအသုံးချခံရခြင်းနှင့် ဝိုင်းပယ်ခံရခြင်းတို့ကို ကြုံရတတ်သည်။

ဒီဇင်ဘာ ၂၀ ။ ။ နိုင်ငံတကာ လူသားပေါင်းစည်းရေးနေ့။ လူသားများအားလုံး၏ စည်းလုံးညီညွတ်မှုကို ဖော်ပြရမည့်နေ့ ဖြစ်သည်။ အစိုးရများကို နိုင်ငံတကာစာချုပ်များအပေါ် ထားရှိသည့် ၄င်းတို့၏ ကတိ ကဝတ်များအား လိုက်နာရန် တိုက်တွန်းသောနေ့ဖြစ်သည်။ စည်းလုံးညီညွတ်မှု၏ အရေးပါပုံနှင့် ပတ်သက်သည့် သိမြင်နားလည်မှုကို မြှင့်တင်ရန်နှင့် ထောင်စုနှစ်ရည်မှန်းချက်များ၊ အထူးသဖြင့် ဆင်းရဲမွဲတေမှုလျှော့ချရေး အောင်မြင်ရန် လူအများ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေဆွေးနွေးကြစေရန် ရည်ရွယ်သည်။

(ရင်းမြစ်။ ။ Wikipedia၊ ကုလသမဂ္ဂနှင့် ဆက်စပ်အဖွဲ့အစည်းများ၏ ဝက်ဘ်ဆိုဒ်များ)

❒

tykdf4?aemufqufw(i)

usrfujdsm;EÅSkhnfñeffcsufsm;

pmtykfsm;EÅSpmwrf

- Anonymous Sources, IAJ Journal, Volume 1, May 2006 (Institute for the Advancement of Journalism, Johannesburg).
- Berman, G. And Calderbank, D. (eds): The Human Rights-Based Approach to Journalism — Training Manual, Vietnam (UNESCO, Bangkok, 2008)
- Brand, Robert: Between privilege and subpoena: the protection of journalists' confidential sources. Ecquid Novi African Media Studies 2006 27 (2): 111 – 134.)
- Buckley, S. Duer, K., Mendelç T., O Siochruç S: Broadcasting Voice and Accountability. A Public Interest Approach to Policy, Law and Regulation (World Bank, Washington, 2011).
- Clifford, B (Ed): The International Struggle for New Human Rights (University of Pennsyvania Press, Philadelphia, 2009).
- Dutton, W., Dopatka, A., Hills, M., Law, G., Nash, V: Freedom of Connection Freedom of Expression: The Changing Legal and Regulatory Ecoloogy Shaping the Internet (UNESCO Publishing, 2011).
- European Centre for Conflict Prevention & IMPACS: The Power of the Media: A Handbook for Peacebuilders. (European Centre for Conflict Preventionç Amsterdam, 2003)
- Faganç A: The Atlas of Human Rights (Earthscan, Brighton, 2010).
- Gutman, R., Rieff, D and Dworkin, A: Crimes of War (W.W. Norton, London, 2007).
- Hardman, J: Humanitarian Reporting in Pakistan (Internews, Arcata, 2010)
- Institute for War and Peace Reporting: Reporting for Change (IWPR, London, 2004)
- Institute of War & Peace Reporting: Reporting Justice, A Handbook on Covering War Crimes Courts (IWPR, London, 2006).

- International Council on Human Rights Policy (2002): Journalism, Media and the Challenge of Human Rights Reporting.
- Martin Griffiths and Terry O'Callaghan: International Relations – The Key Concepts (Routledge, London, 2003).
- McIntyre, P.: Human Rights Reporting: A handbook for journalists in South-eastern Europe (International Federation of Journalists, Brussels, 2003)
- Moore, J: Covering Trauma, A Training Guide (Search for Common Ground & Radio for Peacebuilding, Washington)
- Richard Jolly, Louis Emmerij and Thomas G. Weiss (eds): UN Ideas That Changed The World (UN Intellectual History Project Series, Indiana University Press, Bloomington, 2009)
- Robertson, Geoffrey, QC (2010) Human Rights Fact Finding: Some Legal and Ethical Dilemmas, International Bar Association, Human Rights Institute Thematic Papers No. 1.
- Sullivan, S. and Anderson, J: Reporting Justice (Institute for War and Peace Reporting, IWPR - Africa, Johannesburg, 2006)
- The Treaty Handbook, prepared by the Treaty Section of the Office of Legal Affairs, United Nations (2006) (www.treaties.un.org/doc/source/publications/THB/English.pdf)

0ufbfqkf;

- Human Rights Watch – www.hrw.org
- Institute for War and Peace Reporting – www.iwpr.net
- International Center for Journalists – www.icfj.org
- International Federation of Journalists – www.ifj.org
- Internews – www.internews.org
- Office of the United Nations High Commissioner for Human
- Rights - www.ohchr.org
- UN Women – www.unwomen.org
- UNESCO – www.unesco.org
- Unicef – www.unicef.org
- United Nations – www.un.org
- Wikipedia – www.wikipedia.org
- World Health Organization – www.who.int

rSfk;

❒